# တပ်မတော်သမိုင်း

## စတုတ္ထတွဲ

## ၁၉၄၈ – ၁၉၆၂

စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး

# တပ်မတော်သမိုင်း

## စတုတ္ထတွဲ

## ၁၉၄၈ – ၁၉၆၂

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး —ဒို့အရေး

တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး—ဒို့အရေး

အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး —ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


| | |
|---|---|
| **နိဒါန်း** | စာမျက်နှာ |
| **အခန်း(၁)** | |
| **ပြည်တွင်းဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်းနှင့်** | |
| **တပ်မတော်အတွင်းသို့နိုင်ငံရေးဂယက်ရိုက်ခတ်ခြင်း** | ၁ |
| – နိုင်ငံရေးအဖွဲ့အစည်းအင်အားစုများအခြေအနေ | ၁ |
| – ဗမာပြည်ကွန်မြူနစ်ပါတီတောခိုခြင်း | ၄ |
| – လက်ဝဲညီညွတ်ရေး | ၈ |
| – ဆိုရှယ်လစ်ပါတီ | ၁၂ |
| – ပြည်သူ့ရဲဘော်တောခိုခြင်း | ၁၃ |
| – တပ်မတော်အတွင်းနိုင်ငံရေးဂယက်ရိုက်ခတ်မှုများ | ၁၇ |
| – ကေအင်ဒီအိုတို့၏ဆူပူသောင်းကျန်းမှုများနှင့် | |
| ကရင်သေနတ်ကိုင်တပ်ရင်းများတောခိုခြင်း | ၂၃ |
| (က) နယ်ချဲ့ပယောဂကြောင့်လူမျိုးရေးအာဃာတများပေါ်ပေါက်ရခြင်း | ၂၃ |
| (ခ) ကရင်ပြည်နယ်ရရှိရေး | ၂၆ |
| (ဂ) ကေအင်ဒီအိုဖွဲ့စည်းခြင်း | |
| (ဃ) လက်နက်ကိုင်ဆူပူမှုစတင်ခြင်း | |
| (င) ကရင်စစ်ရဲများကပုန်ကန်ခြင်း | |
| – အင်းစိန်တိုက်ပွဲစတင်ခြင်း | ၃၄ |
| – ပအိုဝ်း၊ မွန်၊ မူဂျာဟစ်ဆူပူသောင်းကျန်းမှုများ | ၃၆ |
| (က) ပအိုဝ်းသောင်းကျန်းမှု | ၃၆ |
| (ခ) မွန်သောင်းကျန်းမှု | ၃၇ |
| (ဂ) မူဂျာဟစ်သောင်းကျန်းမှု | ၃၈ |
| – ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့်တပ်မတော်၏စစ်ဆင်ရေးများ | ၄၀ |
| (က) ပြည်တွင်းဆူပူသောင်းကျန်းမှုများ | ၄၀ |
| (ခ) ကေအင်ဒီအိုအရေးနှင့်ဗမာ့တပ်မတော်ခံစစ် | ၄၄ |
| (ဂ) အင်းစိန်စစ်မျက်နှာ | ၄၅ |
| (ဃ) ပဲခူးဘုရားကြီးစစ်မျက်နှာ | ၅၁ |

(င) သာယာဝတီစစ်မျက်နှာ ၅၂
(စ) ဒုတိယအကြိမ်ကေအင်ဒီအိုထိုးစစ် ၅၄
(ဆ) အထက်မြန်မာနိုင်ငံအခြေအနေ ၅၆
(ဇ) သာစည်ခံစစ် ၅၉

**အခန်း(၂)**
**တရုတ်ဖြူကျူးကျော်မှုနှင့်ပြည်ပရန်ကိုတွန်းလှန်ကာကွယ်ခြင်း** ၆၄
- ကူမင်တန်တရုတ်ဖြူတပ်များမြန်မာပိုင်နက်နယ်မြေသို့ ကျူးကျော်ဝင်ရောက်ခြင်း ၆၄
- တရုတ်ဖြူတပ်များစုရုံးလှုပ်ရှားခြင်း ၆၅
- ကေအမ်တီတရုတ်ဖြူကျူးကျော်မှုကိုကုလသမဂ္ဂသို့တိုင်ကြားခြင်း ၇၁
- လေးနိုင်ငံဘန်ကောက်အစည်းအဝေး ၇၂
- တရုတ်ဖြူကျူးကျော်မှုတွင်တပ်မတော်မှဆင်နွှဲခဲ့သည့်စစ်ဆင်ရေးများ ၇၈

**အခန်း(၃)**
**လွတ်လပ်ရေးရရှိပြီးနောက်တပ်မတော်စစ်ရုံးနှင့်**
**တပ်ရင်း၊ တပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းခြင်း** ၈၁
- တပ်မတော်စစ်ရုံးမဖွဲ့စည်းမီကာလ ၈၁
- မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် စစ်ရုံးဖွဲ့စည်းခြင်း ၈၃
- တပ်ရင်းများတိုးချဲ့ဖွဲ့စည်းခြင်း ၈၉
- ၁၉၄၈ ခုနှစ်အတွင်းတပ်မတော်တိုးချဲ့ဖွဲ့စည်းခြင်း ၉၅
- ပြည်တွင်းသောင်းကျန်းမှုကာလအတွင်းတပ်မတော်အင်အားတိုးချဲ့ခြင်း ၉၈
- တပ်မတော်ဆက်လက်တိုးချဲ့ဖွဲ့စည်းခြင်း(၁၉၅၀–၁၉၅၂) ၁၀၀

**အခန်း(၄)**
**စစ်ရုံးပုံစံပြန်လည်ဖွဲ့စည်းခြင်းနှင့် တပ်မတော်အတွင်းပြုပြင်ပြောင်းလဲမှုများ** ၁၀၇

**အခန်း(၅)**
**တပ်မတော်တပ်ရင်း၊တပ်ဖွဲ့များထပ်မံတိုးချဲ့ဖွဲ့စည်းခြင်း နှင့် စစ်ဆင်ရေးများ ( ၁၉၅၀ – ၁၉၆၂ )** ၁၂၄

**အခန်း(၆)**
**တပ်မှူးများညီလာခံ** ၁၃၂

**အခန်း(၇)**
**နိုင်ငံတကာတပ်မတော်များနှင့် ဆက်ဆံရေး** ၁၅၀
- ဗြိတိသျှစစ်မစ်ရှင်အဖွဲ့နှင့်ဆက်ဆံရေး ၁၅၀
- ပြည်ပနိုင်ငံများသို့လေ့လာရေးအဖွဲ့များစေလွှတ်ခြင်း ၁၅၄

**အခန်း(၈)**
**ဗမာ့တပ်မတော်ခေတ်မီတိုးတက်ရေးလုပ်ဆောင်မှုများ** ၁၆၀
- တပ်မှူးများညီလာခံ ၁၆၀
- စိတ်ဓါတ်စစ်ဆင်ရေး ၁၆၄
- ဗမာ့တပ်မတော်လေ့ကျင့်ရေး ၁၆၈
- တပ်မတော်မော်ကွန်းတိုက်မှူးရုံး ၁၇၂
- ကာကွယ်ရေးပစ္စည်းစက်ရုံများတည်ထောင်ခြင်း ၁၇၄
- ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး ၁၇၆
- ဗဟိုစစ်ပစ္စည်းစစ်ဆေးစမ်းသပ်ရေးဓါတ်ခွဲရုံ ၁၇၇
- ကာကွယ်ရေးပစ္စည်းစက်ရုံများ ၁၇၉

**အခန်း(၉)**
**တပ်မတော်(ရေ)တိုးချဲ့ဖွဲ့စည်းခြင်း** ၁၈၃
- ရေတပ်ဆိုင်ရာအခေါ်အဝေါ်များပြောင်းလဲသတ်မှတ်ခြင်း ၁၈၆
- ပြည်တွင်းသောင်းကျန်းမှုကာလ၊ တပ်မတော်(ရေ)၏ဆောင်ရွက်ချက်များ ၁၈၈
- ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ ၁၉၀

**အခန်း(၁၃)**

**တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကိုထိန်းသိမ်းစောင့်ရှောက်ခြင်း** ၂၆၀

- ပြည်ထောင်စုပါတီ(ပထစ)အတွင်းအုပ်စုပဋိပက္ခပေါ်ပေါက်ခြင်း ၂၆၀
- ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းခြင်း ၂၆၁
- ဖက်ဒရယ်မူနှင့် ပြည်နယ်ခွဲထွက်ခွင့်တောင်းဆိုခြင်း ၂၆၃

**အခန်း(၁၄)**

**မြန်မာနိုင်ငံ၏စစ်ကြိုခေတ်မှ ၁၉၆၂ခုနှစ်အထိဖြစ်ပေါ်ခဲ့သောစီးပွားရေးအခြေအနေ နှင့် နိုင်ငံတော်ကစီးပွားရေးဦးဆောင်လုပ်ကိုင်ရန်လိုအပ်ချက်အခြေအနေများ** ၂၆၆

- ကိုလိုနီခေတ်စီးပွားရေးပုံစံ ၂၆၇
- ဒုတိယကမ္ဘာစစ်အတွင်းကာလစီးပွားရေး ၂၇၃
- လွတ်လပ်ရေးခေတ်စီးပွားရေးပုံစံ ၂၇၅
- တပ်မတော်နှင့်အချုပ်အခြာအာဏာထိန်းသိမ်းစောင့်ရှောက်ရေးတာဝန် ၂၈၂

**နောက်ဆက်တွဲများ** ၂၈၅

**ကိုးကားသောစာအုပ်စာတမ်းများ** ၂၉၉

## နိဒါန်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပေသည်။သို့သော်လွတ်လပ်ရေး၏ လက်တွေ့အနှစ်သာရမှာ အေးချမ်းမှု၊ သာယာမှု၊ တရားမျှတမှု၊ **လုံခြုံမှု၊ ဖူလုံအဆင်ပြေမှု စသည့် အကျိုးခံစားခွင့်များ မဟုတ်ဘဲ အာဏာလုရေး၊ ဆူပူသောင်းကျန်း**ရေး၊ ထင်ရာစိုင်းရေး၊ လူမျိုးရေး အစရှိသည့်လုပ်ငန်းရပ်များကို လွတ်လပ်စွာလုပ်ကိုင်နိုင်ကြပြီဟူသော အနှစ်သာရဖြစ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသက်ရှိထင်ရှားရှိစဉ်အချိန်က တရားမျှတသည့် အုပ်ချုပ်ရေးစနစ်၊တရားမျှတသည့် စီးပွားရေးစနစ်ထူထောင်ရေးအတွက် ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် ရည်သန်ထားခဲ့သည်မှာလည်း ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သက်ဝင်လှုပ်ရှားလာသည်နှင့်အမျှ ပျောက်ကွယ်သွားခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီစနစ်ကို အသက်သွင်းခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဆိုရှယ်လစ်ဆိုသည့် စကားတစ်လုံးမျှ မပါသည့် အခြေအနေဖြစ်ပေါ်လာခဲ့ရသည်။ ဤလွတ်လပ်ရေးကို အတုအယောင် လွတ်လပ်ရေးဟု သဘောထားသည့် လက်ဝဲအစွန်းသမားများကလည်း လက်နက်ကိုင်လမ်းစဉ်ကို စတင်လိုက်ခြင်း နှင့်အတူ ပြည်မနိုင်ငံရေးအင်အားစုများအကြား နိုင်ငံရေးပဋိပက္ခကို ပြည်တွင်းစစ်အသွင်ဖြင့် ဖြေရှင်းသည့် အဆင့်သို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့်လည်း မြေပြန့်ဒေသများတွင် အစဉ်အဆက် အေးအတူ ပူအမျှ အတူတကွနေထိုင်ခဲ့ကြသည့် အချို့သော တိုင်းရင်းသားလူမျိုးများသည် ဗမာလူမျိုးချင်း ပဋိပက္ခကို အခွင့်ကောင်းယူကာ လူမျိုးရေးအပေါ် အခြေခံသည့် ပြည်နယ်များ ထူထောင်ခွဲထွက်ရန် ရောင်စုံသောင်းကျန်းသူအသွင်နှင့် ထကြွလာခဲ့ကြသည်။ ပါလီမန်ဒီမိုကရေစီဘောင် အတွင်း ပဒေသရာဇ် စနစ်အတွက် နေရာမရှိသည့်တိုင်အောင်လည်း၊ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရရှိခဲ့သည့် ခွဲထွက်ခွင့်အပေါ်မူတည်ပြီး အချို့သော တိုင်းရင်းသားများအနေဖြင့် ပဒေသရာဇ်အာဏာ တည်မြဲရေးကို တစ်ချိန်တည်း ကြိုးပမ်းလာမှုများ ပေါ်ပေါက် ခဲ့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ပြီဆိုသည်နှင့်ပင် နိုင်ငံတော်ပြိုကွဲမည့် အခြေအနေနှင့် စတင်ရင်ဆိုင်ခဲ့ရသည်။ ထိုအတောအတွင်း အိမ်နီးချင်းနိုင်ငံ အတွင်းတွင် တော်လှန်ရေးအင်အားစုများ စစ်ရေးအောင်မြင်မှုရရှိလာခဲ့ရာမှ ပြည်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲခြင်းကို ပိုမိုတိုးတက်ဖြစ်ပေါ်စေမည်။ ပြည်ပလက်နက်ကိုင်အင်အားစုများ ကျူးကျော်ဝင်ရောက်မှုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်း ဖြစ်ပေါ် လာခဲ့သည်။ အဆိုပါအင်အားစုများကို ခွဲထွက်ရေးအုပ်စုများက မဟာမိတ်များအဖြစ် ရှုမြင် ပေါင်းသင်းဆက်ဆံလာခြင်းကြောင့်လည်း ဒေသန္တရဝါဒရေးတိုက်ပွဲ မုန်တိုင်းအတွင်း မြန်မာနိုင်ငံ မှာပါဝင်သွားရမည့် အခြေအနေမျိုးနှင့် ရင်ဆိုင်လာခဲ့ရပြန်သည်။ အမှန်အားဖြင့် မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက

မြေဇာပင်ဖြစ်ခဲ့ရပြီး အကြီးအကျယ် ဆုံးရှုံးနစ်နာခဲ့ရသည်။ လွတ်လပ်ရေးရရှိသည်နှင့်နိုင်ငံ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ကြရမည် ဆိုသည့် မျှော်လင့်ချက်များမှာလည်း လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် နိုင်ငံရေး၊ လူမျိုး ရေး၊ ဝါဒရေးအနိဋ္ဌာရုံများ အကြားတွင် ပျောက်ကွယ်ခဲ့ရပြီး ကိုယ့်တိုင်းသူပြည်သားအချင်းချင်း ပြန်လည်သတ်ဖြတ်ရသည့် အခြေအနေမျိုး နှင့် ကြုံကြိုက်ခဲ့ရသည်။ ထို့ပြင် ကိုယ့်တိုင်းသူပြည်သား အချင်းချင်းသာမက လွတ်လပ်ရေး ကြိုးပမ်းမှု တိုက်ပွဲပေါ့စ်လျောက်တွင် အတူတကွကိုယ်ကျိုးစွန့်၍ ကြိုးပမ်းလာခဲ့ကြသည့် လုပ်ဖော် ကိုင်ဘက်များ အချင်းချင်းပင် အပြန်အလှန်သတ်ဖြတ် အာဃာတ ကြသည့်အခြေအနေမျိုးနှင့် ကြုံကြိုက်ခဲ့ရသည်။ ဤမုန်တိုင်းဂယက်များအကြားမှ ပြည်သူ့အကျိုး စီးပွားအတွက် ရပ်တည် လုပ်ဆောင်နိုင်သည့် အဖွဲ့အစည်းဟူ၍လည်း ဗမာ့တပ်မတော် တစ်ခုတည်းသာလျှင် ကျန်ရှိတော့ သည်။

ဤမုန်တိုင်း ဂယက်များအကြားတွင် ဗမာ့တပ်မတော်သည်လည်း ထိခိုက်နစ်နာခဲ့ ရသည်။ ကန်ဒီစာချုပ်အရ ဖွဲ့စည်းခဲ့သည့် ဗမာ့တပ်မတော်အတွင်းတွင် နိုင်ငံရေး၊ ဝါဒရေးအရ အရောင်အသွေးအမျိုးမျိုး ရှိနေကြသည်သာမက ပြည်ထောင်စုအတွင်းမှ ခွဲထွက်လိုသည့်ဘက်သို့ ဦးတည်သော တိုင်းရင်းသားအင်အားစုများလည်း အမြောက်အမြား ပါဝင်လျက်ရှိပေသည်။ သို့သော် မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်သည့်မျိုးချစ်ဗမာ့တပ်မတော် အင်အားစုများက နိုင်ငံတော်နှင့် ပြည်သူများဘက်မှ မားမားမတ်မတ် ရပ်တည်နိုင်ခြင်းဖြင့် နိုင်ငံတော်မပြိုကွဲအောင် ထိန်းသိမ်း ကာကွယ်ရပ်တည်ခဲ့ရသည်။

၁၉၄၉ခုနှစ်၊ ၁၉၅၈ခုနှစ်၊ ၁၉၆၂ခုနှစ်များတွင် တိုင်းပြည် ပြိုကွဲမည့် အခြေအနေ များ ဆက်တိုက်ပေါ်ပေါက်ခဲ့ရသည်။နိုင်ငံသစ်ထူထောင် တည်ဆောက်ရာတွင် အခြေခံအဆောက် အအုံ၏ အားနည်းချက်ကြောင့် ထိုကဲ့သို့ဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူသင့်သည်။

၁၉၄၉ခုနှစ် အရေးအခင်းများ ပေါ်ပေါက်ခဲ့စဉ်က ပါတီစုံအစိုးရသည် လည်းကောင်း၊ ပါလီမန်လွှတ်တော်သည်လည်းကောင်း၊ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ ပေ။ ထို့ကြောင့် ပြည်တွင်းစစ်အဆင့်အထိ ပေါက်ကွဲဖြစ်ပေါ်ခဲ့ရသည်။ တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍တိုင်းပြည်ကိုချောက်ကမ်းပါးထဲကျလုဆဲဆဲ အခြေအနေမှ ဆွဲတင်ကယ်ထုတ် ခဲ့ရသည်။ ၁၉၅၀ပြည့်လွန်နှစ်များမှာလည်း စင်စစ်အားဖြင့် မုန်တိုင်းထန်ဆဲ ကာလများသာဖြစ်ခဲ့ သည်။ အချုပ်အခြာအာဏာတည်တံ့ရေး၊ ပြည်ပကျူးကျော်မှုအန္တရာယ် ကာကွယ်ရေးအတွက် တပ်မတော်သည်သာ ပင်မမဏ္ဍိုင်ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများသည် ထိုခေတ်ထိုကာလအတွင်း အမျိုးသားရေးကို မျက်ကွယ်ပြု ခဲ့ကြပေသည်။

ထိုခေတ်ထိုကာလသည် နိုင်ငံတော်အားပြန်လည်ထူထောင် တည်ဆောက်ရေးအတွက် အရေးကြီးဆုံးကာလပင်ဖြစ်သည်။ တိုင်းရင်းသားများ၏စီးပွားရေးစွမ်းပကား မြှင်တင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးစွမ်းအင်ထူထောင်ရေး၊ ပြည်ပအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများ အထူးလိုအပ်နေသည့် အချိန်အခါပင် ဖြစ်ခဲ့သည်။ သို့သော်နိုင်ငံရေးပါတီများသည် ဤလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြောမျှသာ ရှိခဲ့ပြီး လက်တွေ့မပါခဲ့ပေ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂနစွဲ၊ ဝါဒစွဲ၊ မာန်မာန အစွဲများကိုသာ ရေ့တန်းတင်ခဲ့မှုကြောင့် ဖဆပလအဖွဲ့ကြီးပင် အစိတ်စိတ်အမြွာမြွာ ပြိုကွဲခဲ့ရသည်။ ဖဆပလ ပြိုကွဲမှုကြောင့် တောတွင်းမှ တယူသန် အကြမ်းဖက်ဝါဒီများ၊ လူမျိုးရေးဝါဒီများ၊ ပဒေသရာဇ်အာဏာဇောကြည်မြဲအင်အားစုများ ချက်ချင်းအခွင့်ကောင်းယူ ထိုးနက်လာခဲ့ကြသည်။ ၁၉၅၈ခုနှစ် ဖဆပလ အကွဲအပြဲသည် တိုင်းပြည်ပြိုကွဲရေးသို့ဦးတည်ခဲ့သည်။ မြေပြန့်ဒေသများသည်ပင်လျှင်ပြိုကွဲမည့်အခြေအနေဖြစ်ခဲ့သည်။ အဖွဲ့အစည်းပေါင်းစုံ အသီးသီးအတွင်း၊ ကျေးရွာများအတွင်း၊ ရုံးဌာနအသီးသီးအတွင်း ကွဲကြပြဲကြသည်။ သကၠန်းဝတ်အချင်းချင်းပင် အပြန်အလှန် သတ်ကြဖြတ်ကြတော့မည့်အခြေအနေအထိဖြစ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက်(၁၀)နှစ်ကာလ တိုင်းရင်းသားများ၏ အဆင့်အတန်းမည်သို့ရှိခဲ့ပါသနည်း။ လယ်သမားဆိုလျှင်လည်း ကျောမွဲလယ်သမား၊ အလုပ်လက်မဲ့လယ်သမား၊ အလုပ်သမားဆိုလျှင်လည်း လက်လုပ်လက်စားအဆင့်၊ အရင်းမဲ့အလုပ်သမား၊ အရောင်းအဝယ်လောကတွင်လည်း ခေါင်းရွက်ဗျတ်ထိုးအဆင့်သာ ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်လင့်တောင့်တချက်ဖြစ်သော ဆိုရှယ်လစ်စနစ်ကိုလည်းအာဏာရထားသောသူများကမေ့ထားကြသည်။ တိုင်းပြည်၏ စီးပွားရေးမှာလည်း နိုင်ငံခြားသားများလက်ထဲတွင်ပင် ရှိနေသည်။ နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံဟူ၍လည်း လက်ချိုးရေတွက်၍ရသည်။ ထို့အပြင် စည်းလုံးညီညွတ်ရေးမှာလည်း အစိတ်စိတ်အမြွာမြွာကွဲနေသည်။

အာဏာရပါတီအတွင်းအုပ်စုတိုက်ပွဲများကြောင့် ပါလီမန်အတွင်း အထက်စီးရနိုင်ရေးအတွက် အစိုးရအာဏာကို အလွဲသုံးစားပြုလာခဲ့ကြသည်။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပင် စက္ကူစုတ်သဖွယ် သဘောထားပြီး ချိုးဖေါက်မှုများပြုလာသည်။ မဲဆွယ်၊ မဲဝယ်ရေးတွင်အမျိုးသားအရေးကို စွန့်လွှတ်ခဲ့ရုံမျှမက ဘာသာရေးကိုပင် နိုင်ငံရေးတွင် အသုံးချလာကြသည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသောမှုကို တိုင်းရင်းသားလူနည်းစု အားလုံးငေိုလိုကပင် စုစည်းတောင်းဆိုလာသည့် အခြေအနေဖြစ်လာတော့သည်။ "ရလျှင်ရ မရလျှင်ချ" ဆိုသည့်ကြုံးဝါးသံမျိုးများ ထွက်ပေါ်လာသည်။ အပြင်ကို အားပြုခွဲထွက်ရန်စိုင်းပြင်းလာကြသည်။

၁၉၆၂ ခုနှစ်ကာလ၊ အရှေ့တောင်အာရှဒေသတွင် စစ်မီးပြန့်နှံ့ အရှိန်တက်လာချိန်၊ အိမ်နီးချင်းနိုင်ငံကြီးတွင် နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားပြီး လမ်းစဉ်နှစ်ရပ်အကြား ဝါဒရေးတိုက်ပွဲပြင်းထန်လာချိန်၊ ပြည်တွင်း၌လည်း တရားမျှတမှုရှိသော စီးပွားရေးစနစ်ထူထောင်ပြီး နိုင်ငံတော်၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုဖြင့် အမျိုးသားစီးပွားရေးကို မဖြစ်မနေထူထောင်ရန်လိုအပ်လာချိန်၊ တရားမျှတသော အုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်ရေးကို ပြန်လည်ထူထောင်ရန် လိုအပ်လာချိန်တွင် တပ်မတော်သည် ရှေ့ဆောင်အမျိုးသားရေးအင်အားစုကြီးအဖြစ် သမိုင်းပေးတာဝန်ကို ရယူခဲ့ရပေသည်။ ဤခေတ်ဤကာလတွင် တပ်မတော်၏သမိုင်းသည် မွန်မြတ်လှသည့် လုပ်ငန်းစဉ်များဖြင့် တိုင်းပြည်၏အကျိုးကိုထမ်းရွက်သယ်ပိုးခဲ့သည့် သမိုင်းမှတ်တမ်းပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးခေတ်နောက်ပိုင်းတွင် မြန်မာနိုင်ငံလွတ်လပ်စွာ ရပ်တည်ရှင်သန်နိုင်ရေး ရုန်းကန်မှု ၁၄နှစ်တာကာလ အထက်ဖေါ်ပြပါ အဖြစ်အပျက်များကို ဤစာအုပ်က အကျဉ်းချုပ်အားဖြင့် မှတ်တမ်းတင်နိုင်ရန် ကြိုးပမ်းဖေါ်ဆောင်ထားပါသည်။

**ဗိုလ်မှူးကြီး ရဲထွန်း**
**စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန။**

၁၉၉၆ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၆ ရက်။

# အခန်း(၁)

# ပြည်တွင်းဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်းနှင့် တပ်မတော်အတွင်းသို့ နိုင်ငံရေး ဂယက်ရိုက်ခတ်ခြင်း

## နိုင်ငံရေးအဖွဲ့အစည်းအင်အားစုများအခြေအနေ

လွတ်လပ်ရေးရရှိချိန် မြန်မာ့နိုင်ငံရေးဇာတ်ခုံစင်မြင့်ထက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီအင်အားစုကို အလယ်၌ထား၍ တန်းစီကြည့်ပါက ဆိုရှယ်လစ်ပါတီ၏ လက်ဝဲ လက်ယာတို့တွင် အရောင်အသွေး အနုအရင့်အလိုက် လက်ဝဲ လက်ယာဝါဒီများကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသောဆိုရှယ်လစ်များသည် ဆိုရှယ်လစ်အမြင်ခံယူချက်ဦးတည်ချက်များ ရှိသော်လည်း အမျိုးသားရေးကို အဓိကထားဦးစားပေးခဲ့သူများဖြစ်ကြသည်။ ဗြိတိသျှနယ်ချဲ့အား လက်နက်ကိုင်တော်လှန်ရေး၊ ဂျပန်ဖက်ဆစ် တော်လှန်ရေးများတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ကြပြီး ဂျပန်တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားပြီး ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာချိန်တွင်လည်း တော်လှန်ရေးတပ်ဦး သဘောတူညီချက်ကို ဆက်လက်စွဲကိုင်လျက် ဗြိတိသျှတို့အား ဆက်လက်တော်လှန်ရန် အသင့်ရှိနေကြသူများဖြစ်ပေသည်။

ဆိုရှယ်လစ်ပါတီ၏ လက်ဝဲဘက်တွင်မူ နောင်ဆိုရှယ်လစ်ပါတီမှ ခွဲထွက်၍ ဆိုရှယ်နီများဖြစ်လာကြသည့် သခင်လွင်၊ သခင်လှကျော်၊ သခင်ချစ်မောင် တို့ကဲ့သို့သော မာ့က္ခဝါဒီ ဆို ရှယ်လစ်များရှိကြသည်။ ထိုသူတို့၏လက်ဝဲဘက်တွင် မာ့က္ခဝါဒကို ပြီးပြည့်စုံသော လမ်းညွှန်သဘောတရားအဖြစ်ခံယူထားကြသည့် ကိုသိန်းဖေ၊ သခင်သန်းထွန်းတို့၏ သိန်းသန်းကွန်မြူနစ်ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီ ရှိသည်။ ယင်းပါတီတွင်ပင် လက်ဝဲညီညွတ်ရေးလမ်းစဉ်ရှိသည့်ကိုသိန်းဖေသည် ဂိုဏ်းဂဏစိတ် ပြင်းထန်သူ သခင်သန်းထွန်း၊ ဂိုရှယ် စသူတို့နှင့် သဘောထားကွဲလွဲလျက်ရှိပြီး နောက်ပိုင်းတွင် ကိုသိန်းဖေသည် ပါတီမှ ပဲ့ထွက်လာသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်ဝဲဘက်တွင်ကား လက်ဝဲအစွန်းရောက် အလံနီပါတီခေါ် ကွန်မြူနစ်ပါတီဗမာပြည်ကို သခင်စိုးကြီးက အစွန်းရောက်လမ်းစဉ်များဖြင့် ဦးဆောင်လျက်ရှိရာ လွတ်လပ်ရေးရရှိချိန်တွင် တောတွင်း သို့ရောက်ရှိနေပြီဖြစ်ပေသည်။

ဆိုရှယ်လစ်ပါတီ၏ လက်ယာဘက်တွင်မူ လက်ဝဲလမ်းကြောင်းမှ တဖြည်းဖြည်းကင်း ကွာလျက် လက်ယာလမ်းကြောင်း နှင့် တစ်စတစ်စ ပိုမိုနီးစပ်လာသူ သခင်နု၊ ဗိုလ်လက်ျာတို့နှင့် မြေရှင်ဝနရှင်ကိုယ်စားလှယ်မြန်မာ့အလင်းဦးတင်၊ ဟသ်ာတဦးမြတို့ ရှိနေပေသည်။ ထို့ထက်ပို၍ လက်ယာကြသူများကား ဘကြီးဘဖေ၊ ဒေါက်တာဘမော်၊ ဦးစောနှင့် ဦးတင်ထွဋ်စသူတို့ဖြစ်ကြသည်။ တန်းစီအင်အားစုများ၏ လက်ယာအစွန်းတွင်ကား ရှမ်းပဒေသရာဇ်အချို့

စောဘဦးကြီး၊ စောစံကေးစသည့် ကရင်လူမျိုးရေးဝါဒီများ၊ ဒူးဝါးဇော်လွန်းစသည့် ကချင်လူမျိုးရေးဝါဒီများ စသည်ဖြင့် လူမျိုးရေးအစွန်းရောက်ဝါဒီများရှိနေကြပေသည်။[၁]

လွတ်လပ်ရေးရရှိချိန် နိုင်ငံတော်သမ္မတစဝ်ရွှေသိုက်နှင့်ဝန်ကြီးချုပ်သခင်နုတို့ဦးဆောင်ဖွဲ့စည်းခဲ့သည့် အောက်ပါ အစိုးရအဖွဲ့တွင်လည်း နောင်အမျိုးသားစည်းလုံးမှုပျက်ပြားစေရာ အကြောင်းလက္ခဏာများပါဝင်နေ ခဲ့ပေသည်–

| | | |
|---|---|---|
| (၁) | သခင်နု | – ဝန်ကြီးချုပ် |
| (၂) | ဗိုလ်လက်ျာ | – ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေး ဌာနဝန်ကြီး |
| (၃) | ဦးတင်ထွဋ် | – နိုင်ငံခြားရေးဌာနဝန် ကြီး |
| (၄) | ဦးတင်(မြန်မာ့အလင်း) | – ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီး |
| (၅) | ဦးကျော်ငြိမ်း | – ပြည်ထဲရေးဌာနဝန်ကြီး |
| (၆) | ဦးဗဂျမ်း | – တရားရေးဌာနဝန်ကြီး |
| (၇) | ဦးကိုကိုကြီး | – ကုန်သွယ်ရောင်းဝယ်ရေး၊ပြည်သူ့ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီး |
| (၈) | သခင်တင် | – လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဌာနဝန်ကြီး |
| (၉) | ဦးမြ(ဟင်္သာတ) | – အမျိုးသားစီမံကိန်း၊စက်မှုလက်မှုနှင့်သတ္တုတွင်းဌာနဝန်ကြီး |
| (၁၀) | ဗိုလ်ဖိုးကွန်း | –ပညာရေး၊ပြည်သူ့ဆက်ဆံရေးနှင့်ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး |
| (၁၁) | မန်းဝင်းမောင် | – ပြည်သူ့လုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်အလုပ်သမားဌာနဝန်ကြီး |
| (၁၂) | ဦးညိုထွန်း | – ပြန်ကြားရေးဌာနဝန်ကြီး |
| (၁၃) | ဗိုလ်စိန်မှန် | – ဌာနလက်ကိုင်မရှိ |
| (၁၄) | ဦးထွန်းမြင့် | – ရှမ်းပြည်နယ်ဆိုင်ရာဝန်ကြီး |
| (၁၅) | ဆမားဒူးဝါးဆင်ဝါးနောင် | – ကချင်ပြည်နယ်ဆိုင်ရာဝန်ကြီး |
| (၁၆) | စောဝဏ္ဏ | – ကရင်နီပြည်နယ်ဆိုင်ရာဝန်ကြီး |
| (၁၇) | စောစံဘိုးသင် | – ကရင်ရေးရာဝန်ကြီး |

---

[၁] စည်သူအောင်နှင့်မောင်မှတ်– **ရွှေပြည်တော်မျှော်မဝေးပြီမို့** မျက် ၅၀

(၁၈) ဦးဝမ်းသူမောင် - ချင်းရေးရာဝန်ကြီး[၁]

ယင်းအစိုးရအဖွဲ့တွင် သခင်နု၊ ဗိုလ်လက်ျာ၊ ဦးတင်ထွဋ်၊ ဦးတင်၊ **ဦးမြ** စသူတို့မှာ ပါတီနောက်ခံမရှိသော တစ်သီးပုဂ္ဂလများ ဖြစ်ကြပြီး ဦးကျော်ငြိမ်း၊ ဦးကိုကိုကြီး၊ သခင်တင် တို့မှာ ဆိုရှယ်လစ်ပါတီမှဖြစ်သည်။ ဗိုလ်ဖိုးကွန်းနှင့် ဗိုလ်စိန်မှန်တို့မှာ ပြည်သူ့ရဲဘော်များ ဖြစ်ကြ၍ ဗိုလ်စိန်မှန်သည် ဆိုရှယ်လစ်များနှင့် ဆက်နွယ်လျက်ရှိသည်။ ဆိုရှယ်လစ်ပါတီဝင် ဝန်ကြီးများ အနက် ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးမှာ ကွန်မြူနစ်ပါတီမှ ပဲ့ထွက်လာသော **မာ့က္စ**ဝါဒီတစ်ဦး ဖြစ်၍ ဦးကျော်ငြိမ်း၊ သခင်တင်တို့မှာ ဆိုရှယ်ဒီမိုကရက်များဖြစ်ကြသည်။ ဝန်ကြီးအဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိခဲ့သော ထိုစဉ်က ဖဆပလအဖွဲ့ချုပ်နှင့် ဆိုရှယ်လစ်ပါတီများတွင် အထွေထွေ အတွင်းရေးမှူး ဖြစ်သည့် ဦးဗဆွေကားမာ့က္စဝါဒီဟု ကြွေးကြော်လေ့ရှိသော်လည်း ပုဂ္ဂိုလ်ရေးအရ ဦးကျော်ငြိမ်းတို့ နှင့်ပိုမိုနီးစပ်သူဖြစ်နေသည်။ တစ်သီးပုဂ္ဂလများတွင်လည်း စစ်ကြိုခေတ် အမျိုးသားရေးလှုပ်ရှားမှု ကာလကနဂါးနီစာအုပ်အသင်း၊ သခင်စိုး၊ ကိုသိန်းဖေစသူတို့မှတစ်ဆင့် ဆိုရှယ်လစ်ဝါဒနှင့် နီးနွယ် ပတ်သက်ခဲ့သော သခင်နုသည် လွတ်လပ်ရေးရပြီး ဆူပူသောင်းကျန်းမှု ကာလ၌လက်ဝဲညီညွတ်ရေး ကြိုးပမ်းမှုမအောင်မြင်ချိန်မှစ၍ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ် ဝါဒနှင့် ကင်းကွာရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားလေသည်။ ဗိုလ်လက်ျာသည်လည်း စစ်ကြိုခေတ်က ကွန်မြူနစ် ကလာပ်စည်းတွင်ပါဝင်ခဲ့သူဖြစ်သော်လည်း နောက်ပိုင်းတွင်မူ အရင်းရှင်လုပ်ငန်းရှင်တစ်ဦးပင် ဖြစ်လာခဲ့သည်။ ဦးတင်ထွဋ်ကား မြန်မာနိုင်ငံဗြိတိသျှအစိုးရ အဖွဲ့တွင် ပင်ရိုညာဉ်ခံဝန်ထမ်း ဗျူရိုကရက်အဖြစ် အမှုထမ်းခဲ့သူဖြစ်ပြီး ဦးတင်နှင့်ဦးမြတို့မှာ တိုင်းရင်းသား မြေရှင်အရင်းရှင်များ ဖြစ် ကြလေသည်။

ဖဆပလအဖွဲ့ချုပ်၏ ရည်မှန်းချက်ပန်းတိုင်မှာ ဆိုရှယ်လစ်နိုင်ငံတော် ထူထောင် ရေးဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း ဆိုရှယ်လစ်သဘောတရားများ ပါဝင်လျက် ရှိပေသည်။ ၁၉၄၇ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ကတိုင်းပြုပြည်ပြုလွှတ်တော်တွင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဒဥပဒေမူကြမ်း ရေးဆွဲစဉ်ကာလကပင် သခင်နုက မြန်မာနိုင်ငံတော်၏ အခြေခံ အုတ်မြစ်မှာလက်ဝဲနိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်လေသည်။[၂]သို့ဖြစ်၍ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဧရာဝတီကုမ္ပဏီ ပြည်သူပိုင်ပြုလုပ်ရေး အက်ဥပဒေကို လွှတ်တော်မှ ပြဋ္ဌာန်းအတည်ပြုပြီး ဇွန်လ ၁ ရက်နေ့တွင် ဧရာဝတီ ဖလော်တီလာကုမ္ပဏီ[၃]၊ ဘုံဘေ

---

[၁] BR 3978 **တိုင်းပြုပြည်ပြုလွှတ်တော်စတုတ္ထညီလာခံ စာတွဲ ၄ ၊ အစည်းဝေး၁။(၁-၃-၄၈)** မျက် ၉

[၂] Maung Maung - **Burma and General Ne Win** P. 3

[၃] Irrawaddy Flotilla Company

ဘားမားကော်ပိုရေးရှင်း၊ စတီး ၊ ဖူးကား၊ မက္ကရီကာ သစ်စက်များကို ပြည်သူပိုင်သိမ်းသည်။ အောက်တိုဘာလ ၁၁ ရက်ရန့်တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ပြဌာန်းသည်။[၁] မြန်မာနိုင်ငံပြန်လည်ထူထောင်ရေး ၂နှစ်စီမံကိန်းကိုလည်း ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁ရက်နေ့ကပင် ကြေညာခဲ့ပြီး ဖြစ်လေသည် [၂]။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံခြားသားပိုင် စက်မှုလုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းယူရာတွင်လျော်ကြေးမပေးရေး၊ဗြိတိသျှအစိုးရအား ပေးဆပ်ရန်အကြွေးများကို ပေးဆပ်ခြင်းမပြုရေး၊ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့စေလွှတ်သည်ကို လက်မခံရေး၊ စသည်ဖြင့် တောင်းဆိုလျက် ဖဆပလ အစိုးရအဖွဲ့နှင့် သဘောထားကွဲလွဲလျက်ရှိနေသော်လည်း[၃]. ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခြင်းခံရချိန်မှစ၍ ဖဆပလ နှင့် ကွန်မြူနစ်လက်ဝဲညီညွတ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး သခင်သန်းထွန်းသည် လွတ်လပ်ရေးနေ့အခမ်းအနား သို့တက်ရောက်ခဲ့သည်။ သခင်နုကလည်း ပါလီမန်မှ ဖဆပလအမတ် ၁၀ ဦးကို နုတ်ထွက်စေပြီး လစ်လပ်သွားမည့် နေရာများတွင် သခင်သန်းထွန်းအပါအဝင် ကွန်မြူနစ်များ အရွေးချယ်ခံရစေရန် လုပ်ဆောင်မည်ဟုပင် ကြံ့ရွယ်လျက်ရှိသည်။[၄]

## ဗမာပြည်ကွန်မြူနစ်ပါတီတောခိုခြင်း

သို့ရာတွင် ၁၉၄၇ခုနှစ်၊ စက်တင်ဘာလအတွင်းကပင် ပိုလန်နိုင်ငံ၌ ကျင်းပခဲ့သော ကွန်မြူနစ်တို့၏ ကိုမင်ဖောင်[၅] အစည်းအဝေးတွင် ဆိုဗီယက်ကွန်မြူနစ် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဇဒါးနော့[၆] က အရင်းရှင်စနစ်ကို ဦးဆောင်လျက်ရှိသော အမေရိကန်ပြည်ထောင်စုနှင့် ဆိုရှယ်လစ်စနစ်ကိုဦးဆောင်နေသူ ဆိုဗီယက်ရုရှားတို့သည် မလွဲမသွေ တတိယကမ္ဘာစစ် ဖြစ်ပွားရတော့မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာရှတိုက်ရှိ လွတ်လပ်ပြီးစနိုင်ငံများ၊ လွတ်လပ်ရေးရရှိတော့မည့် နိုင်ငံများတွင် ကွန်မြူနစ်များက ဦးဆောင်၍ လက်နက်စွဲကိုင်ကာ အာဏာသိမ်းယူရမည် ဖြစ်ကြောင်းဟူသည့်လမ်းစဉ်ကိုချမှတ်ပေးသည်။ ထိုလမ်းစဉ်ကို အိန္ဒိယနိုင်ငံသို့ ၁၉၄၇ခုနှစ်၊

---

၁ (က) Hugh Tinker - The Union of Burma p.95
(ခ) ဝိဇ္ဇာသခင်ချစ်မောင် – **လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** မျက် ၁၇၄–၁၇၅
၂ ဝိဇ္ဇာသခင်ချစ်မောင် – **လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** မျက် ၁၇၄
၃ ဦးပုကလေး– **သခင်နုအရေးတော်ပုံ** မျက် ၃၂၊၃၃–၄၆
၄ U Nu- **U Nu-Saturday's Son** pp.138-139
၅ Cominform
၆ Andriei Zadanov

နိုဝင်ဘာလတွင် သံအမတ် နိုဗိကော့[၁] က သယ်ဆောင်လာပြီး ထိုစဉ်က အိန္ဒိယကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဂျိုရှီ ပြုတ်ကျကာ ယင်းလမ်းစဉ်လက်ခံသူ ရာနာဒီဗေး[၂] တက်ရောက်လာသည်။[၃] ဤတွင် အိန္ဒိယနိုင်ငံသို့ရောက်ရှိနေသော ရဲဘော်ဘတင်ခေါ်ဂိုရှယ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမှာ အတုအယောင် လွတ်လပ်ရေးသာဖြစ်ကြောင်း၊ နု–အက်တလီ စာချုပ်သည် အမျိုးသားနိမ့်ကျရေးနှင့်ထာဝရကျွန်သက်ရှည်ရေး စာချုပ်ဖြစ်ကြောင်း၊ သခင်နု–ဗိုလ်လက်ျာ–တင်ထွဋ်–ကျော်ငြိမ်း အစိုးရသည် မြန်မာလူမျိုးနှင့် တော်လှန်ရေးကို သစ္စာဖောက်ကာ နယ်ချဲ့သမားနှင့် အပေးအယူလုပ်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လုံးဝလွတ်လပ်ရေးရရန် အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးဆင်နွဲရမည်ဖြစ်ကြောင်း များပါဝင်သည့် ဆောင်းပါးကို ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့ ထုတ် လူထုခေတ်[၄] စာစောင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်းမပြုဘဲ ရေးသားခဲ့သည်။[၅] ၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင်မှ ပါတီဗဟိုကော်မတီကထိုလမ်းစဉ်ကိုအတည်ပြုသည်။[၆] ဤသို့အတည်မပြုမီမှာပင် သခင်သန်းထွန်းသည် အိန္ဒိယနိုင်ငံကလကတ္တားမြို့၌ ကျင်းပသော အိန္ဒိယကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်[၇] သို့ တက်ရောက်ပြီး ဖေဖော်ဝါရီလ ၂ရက်နေ့တွင် မိန့်ခွန်းပြောကြားရာ နယ်ချဲ့သမားနှင့် ဖြန်ဖြေစေ့စပ်၍အတူပူးပေါင်းရေးဝါဒကို ရှေ့ဦးစွာဆောင်ရွက်ခဲ့သူမှာ ဓနရှင်ပေါက်စ ကိုယ်စားလှယ် အောင်ဆန်းဖြစ်ကြောင်း၊ ယခုလည်း ဓနရှင်နှင့်မြေရှင်ကိုယ်စားလှယ် သခင်နုသည် နု–အက်တလီ စာချုပ်ချုပ်ဆိုခဲ့ရာ နယ်ချဲ့သမားနှင့် လုံးဝပူးပေါင်းကာ လက်ပါးစေများ ဖြစ်သွားကြောင်း၊ ကွန်မြူနစ်များကို တစ်ချက်ချလျှင် မိမိတို့က နှစ်ချက်ပြန်ချရန် အသင့်ရှိကြောင်းများ ပြောဆိုခဲ့သည်။[၈]

---

[၁] Novikov

[၂] Ranadive

[၃] (က) John F. Cady- **The United States and Burma** pp.197-198
(ခ) U Nu- **U Nu-Saturday's Son** p. 139
(ဂ) သိန်းဖေမြင့်–**ကျော်ငြိမ်း** မျက် ၅–၆

[၄] Peoples' Age

[၅] (က) သိန်းဖေမြင့်–**ကျော်ငြိမ်း** မျက် ၉၂–၉၃
(ခ) DR 279 **Peoples' Age စာစောင်မှကောက်နုတ်ချက်များ**
(ဂ) သိန်းဖေမြင့်–**တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ** မျက် ၃၅၁

[၆] Hugh Tinker-**The Union of Burma** p.34

[၇] **သခင်ချစ်မောင်၏လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်စာမျက်နှာ၁၇၃တွင်မူ “ဗြိတိသျှအင်ပိုင်ယာကွန်မြူနစ်ပါတီများ၏ကွန်ဖရင့်” ဟုဖော်ပြထားသည်။**

[၈] (က) DR 279 **Peoples' Age စာစောင်မှကောက်နုတ်ချက်များ**

လူထုခေတ်စာစောင်ပါ ဆောင်းပါးကို ဖဆပလအစိုးရအဖွဲ့မှလည်း ဖတ်ရှုပြီးဖြစ်ရာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးမူဖြင့် ကွန်မြူနစ်ပါတီနှင့်ဆွေးနွေးရန် ကိုသိန်းဖေ၊ သခင်ဘသိန်းတင် တို့မှ တစ်ဆင့်စကား ကမ်းလှမ်းခဲ့သော်လည်း ကွန်မြူနစ်ပါတီက တွေ့ဆုံဆွေးနွေးရန် လိုလားခြင်းမရှိဘဲ အလုပ်သမားသပိတ်များ ဖေါ်ထုတ်ရေးကိုသာ အားထုတ်လျက်ရှိခဲ့သည်။ ၁၉၄၈ ခုနှစ်၊ မတ်လအတွင်းတွင် မြန်မာနိုင်ငံရှိ ဗြိတိသျှကုမ္ပဏီကြီးများကလည်း စစ်အတွင်းက ပျက်စီးဆုံးရှုံးခဲ့ရခြင်းများအတွက်ဖဆပလအစိုးရထံမှလျော်ကြေးတောင်းလျက်ရှိသည်။ ဖဆပလအစိုးရက နိုင်ငံခြားသားများသည် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအရောင်းအဝယ်မလုပ်ရဟု ဥပဒေပြဋ္ဌာန်းခြင်းကိုလည်းကောင်း၊ နိုင်ငံခြားနှင့်ကူးသန်းရောင်းဝယ်ရေးတွင် အစိုးရပါဝင်လာခြင်းကိုလည်းကောင်း ဗြိတိသျှတို့က ကန့်ကွက်ကြသည်။[၁] လန်ဒန်မှအထည်အလိပ်များ ရောင်းချရာတွင်လည်း မြန်မာနိုင်ငံအား ၁၀ရာခိုင်နှုန်းသာ ရောင်းချမည်ဆိုပြီး သီဟိုဠ်၊ အိန္ဒိယနှင့် ပါကစ္စတန်သို့ ပိုမိုရောင်းချ၍ မြန်မာနိုင်ငံမှ ကုလားကုန်သည်များက ပါကစ္စတန်နိုင်ငံ အဝယ်ဖြင့်ဝယ်ယူကြရသည်။[၂] လန်ဒန်တိုင်း သတင်းစာကလည်း မြန်မာနိုင်ငံအစိုးရသည် စစ်သွေးကြွကွန်မြူနစ်များနှင့် စေ့စပ်ရန် မဖြစ်နိုင်ကြောင်း၊ ဗြိတိန်နိုင်ငံမှ အကူအညီတောင်းခံသင့်ကြောင်း၊ ဗြိတိန်နိုင်ငံနှင့် ချစ်ကြည်ရေး ပျက်ပြားခြင်းမှာလည်း ဗြိတိသျှစီးပွားရေးလုပ်ငန်းများတွင် မဖွယ်ရာသော ဝါဒများအတိုင်း လုပ်ဆောင်ခြင်းကြောင့်ဖြစ်ကြောင်းများရေးသားသည်။[၃] မြန်မာပြည်လုံးဆိုင်ရာ မြေပိုင်ရှင်များအသင်းကလည်း ရန်ကုန်မြို့တွင် ၁၉၄၈ခုနှစ်၊ မတ်လအတွင်း အသင်း၏ ပြည်လုံးကျွတ်ညီလာခံ ကျင်းပပြီး ဖဆပလအစိုးရ၏ မြေယာပြုပြင်ရေးလုပ်ငန်းများကို ဆန့်ကျင်ကန့်ကွက်ကြသည်။[၄]

ပြည်သူ့ရဲဘော်အဖွဲ့ကကွန်မြူနစ်နှင့်ဖဆပလအစိုးရအကြားစေ့စပ်ရန်အားထုတ်သော်လည်း ကွန်မြူနစ်များက မျက်ကန်းမျိုးချစ်များဟု ပုတ်ခတ်သည်။[၅] ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီကပင် ပြည်သူ့ရဲဘော်များသည် ဆိုရှယ်လစ်ပါတီနှင့် မသင့်မမြတ်ရှိခဲ့ရာ အစည်းအဝေးတစ်ခုတွင် ဦးကျော်ငြိမ်းက ပြည်သူ့ရဲဘော်အဖွဲ့ဖျက်သိမ်းရေးတင်ပြခဲ့၍ ပိုမိုအဆင်မပြေဖြစ်လာသည်။[၆] ၁၉၄၈ခုနှစ်၊မတ်လအတွင်း အိုးဝေ၊ဟစ်တိုင်၊ စီးပွားရေးနှင့်ကွန်မြူနစ်နေ့စဉ်သတင်းစာ

---

(၁) သိန်းဖေမြင့်–**တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ** မျက် ၃၅၆

[၁] သိန်းဖေမြင့်–**ကျော်ငြိမ်း** မျက် ၉၉

[၂] DR 2875 **တိုးတက်ရေးသတင်းစာ(၉–၇–၄၈)**

[၃] DR 2875 **တိုးတက်ရေးသတင်းစာ(၁၄–၇–၄၈)**

[၄] သိန်းဖေမြင့်–**ကျော်ငြိမ်း** မျက် ၉၈

[၅] Richard Butwell-U Nu of Burma p.97

များ၌ ဗတလစ ဥက္ကဌ သခင်တင်က မကျင်စိန်ဆိုသူအား မုဒိမ်းကျင့်ကြောင်းသတင်းပါလာသည်။ ထိုသတင်းမှာ ပြည်သူ့ရဲဘော်ဗိုလ်ချင်းဆိုသူက လုပ်ကြံဖန်တီးခဲ့ခြင်းဖြစ်သည်။[၂] မတ်လ ၁၂ရက်နေ့တွင် ဗန္ဓုလပန်းခြံ၌မြေရှင်များ၏ညီလာခံကိုတန်ပြန်ဆန္ဒပြဆန့်ကျင်သော လူထုအစည်းအဝေးကို ဆိုရှယ်လစ်များကဦးဆောင်ကျင်းပခဲ့ရာ အစည်းအဝေးအပြီးတွင် သခင်တင်သတင်းရေးသားခဲ့သော အိုးဝေ၊ ဟစ်တိုင် နှင့် စီးပွားရေးသတင်းစာတိုက်များသို့ သွားရောက် ဖျက်ဆီးခဲ့ကြသည်။[၃] ဤသို့ဖြင့် အစိုးရအဖွဲ့နှင့် သတင်းစာတိုက်များ၏ ပဋိပက္ခဖြစ်ပွားခဲ့ရာ သတင်းစာတိုက်များက ၃ရက်ပိတ်၍ ဆန္ဒပြသည်။ ဖဆပလအစိုးရကလည်း သတင်းစာတိုက်များသို့ စက္ကူရောင်းချခြင်းမပြုရဟုအမိန့်ထုတ်ပြန်ခြင်း၊သတင်းစာဆရာအသင်းကို အစိုးရအဆောက်အဦမှ နှင်ထုတ်ခြင်းများပြုလုပ်သည်။ မတ်လကုန်တွင်မှ သတင်းစာတိုက်များ နှင့် အစိုးရပဋိပက္ခပြေငြိမ်းသည်။[၄]

ဤသို့သောအခြေအနေများတွင် ပြည်သူ့လွှတ်တော်မှအမတ်အချို့ကကွန်မြူနစ်ပါတီနှင့် စေ့စပ်ဆွေးနွေးရန် တိုက်တွန်းကြ၍ ဖဆပလ အစိုးရသည် ဗိုလ်လကျာ်၊ ဗိုလ်ဖိုးကွန်းနှင့် ဆမားဒူးဝါးဆင်ဝါးနောင် စသူတို့ပါဝင်သော ကော်မတီတစ်ခုကို မတ်လ ၂၄ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ ဗိုလ်လကျာ်က သခင်သန်းထွန်းနှင့် တွေ့ဆုံရန် ချိန်းဆိုသော်လည်း ကွန်မြူနစ်တို့က အတွေ့မခံချေ။[၅] ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိတို့ဩဇာခံမြန်မာနိုင်ငံတောင်သူလယ်သမားများ သမဂ္ဂကွန်ဖရင့်ကို ပျဉ်းမနား၌ မတ်လ ၁၇ရက်နေ့တွင်ကျင်းပရာ ယူဂိုဆလပ်ကွန်မြူနစ်ပါတီကိုယ်စားလှယ်များတက်ရောက်ကြသည်။ အစည်းအဝေးတက်သူစုစုပေါင်း ၇သောင်းခွဲခန့်ရှိသည်။[၆] ကွန်မြူနစ်ပါတီသည် ၁၉၄၈ခုနှစ်၊မတ်လ ၂၇ရက်နေ့တွင်လည်း ရန်ကုန်မြို့ ဗန္ဓုလပန်းခြံတွင် ပါတီဩဇာခံအလုပ်သမားသမဂ္ဂမှ ကြီးမှူး၍ လူထုအစည်းအဝေးကျင်းပရာ လူ ၃ထောင်ခန့်တက်ရောက်သည်။[၇] သခင်သန်းထွန်းသည် ယင်းအစည်းအဝေးတွင် "အေးအေးနေချင်တဲ့သခင်နုကိုအအေးဆုံးနေရာဖြစ်တဲ့ သင်္ချိုင်းကိုပို့ရမယ်" ဟူ၍လည်းကောင်း၊ "ဗါးဂရာချောက်ကြီးမှာ

---

[၁] သိန်းဖေမြင့်–**ကျော်ငြိမ်း** — မျက် ၉၉

[၂] သိန်းဖေမြင့်–**ကျော်ငြိမ်း** — မျက် ၁၀၀

[၃] (က) သိန်းဖေမြင့်–**ကျော်ငြိမ်း** — မျက် ၁၀၁
(ခ) ဝိဇ္ဇရသခင်ချစ်မောင်– **လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** — မျက် ၁၇၃

[၄] "ဗမာ့သမိုင်းစဉ်" **ရှမဝ**( ၁၉၅၂ခု ဇန်နဝါရီလ) — မျက် ၁၅

[၅] (က) သိန်းဖေမြင့်–**ကျော်ငြိမ်း** — မျက် ၁၀၄–၁၀၅
(ခ) သိန်းဖေမြင့်– **တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ** — မျက် ၃၆၉

[၆] (က)ဝိဇ္ဇရသခင်ချစ်မောင်– **လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** — မျက် ၁၇၃
(ခ) John F. Cady-A History of Modern Burma — p.583

[၇] John F. Cady-A History of Modern Burma — p.583

ဆိုရှယ်လစ် အရိုးတောင်လိုပုံစေရမယ်" ဟူ၍လည်းကောင်း ရန်လိုသောစကားများကို ပြောကြားခဲ့သည်။ သို့ဖြစ်၍ လက်ဝဲညီညွတ်ရေးကို ကွန်မြူနစ်တို့လက်မခံကြောင်း ထင်ရှားလာပြီးဖြစ်၍ ဖဆပလအစိုးရကကွန်မြူနစ်များအား ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ပြီး မတ်လ ၂၈ရက်နေ့ နံနက်တွင် ကွန်မြူနစ်ပါတီဌာနချုပ်ကိုဝိုင်းသည်။[၁] သို့ရာတွင် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းမှ ဗိုလ်သက်ထွန်းက ကြိုတင်သတင်းပေး၍ သခင်သန်းထွန်း အပါအဝင်ခေါင်းဆောင်များ ကြိုတင်တိမ်းရှောင်သွားသောကြောင့် ဖမ်းဆီးမိခြင်းမရှိပေ။[၂] ဤသို့ဖြင့် ကွန်မြူနစ်များတောခို၍ ပြည်တွင်းဆူပူသောင်းကျန်းမှုစတင်ခဲ့လေသည်။

## လက်ဝဲညီညွတ်ရေး

သို့ရာတွင် ဖဆပလအစိုးရသည် ကွန်မြူနစ်များနှင့် တိုက်ခိုက်ဖြစ်ပွားလျက်ရှိသည့်ပြည်တွင်းစစ်ကိုရပ်စဲရန် လက်ဝဲညီညွတ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိ၍ ကွန်မြူနစ်ပါတီအား မတရားအသင်းကြေညာခြင်းမပြုခဲ့ချေ။[၃] ၁၉၄၈ခုနှစ်၊ဧပြီလ ၁၂ ရက်နေ့တွင် သခင်နုနေအိမ်၌ ဗိုလ်လကျာ်၊ ဗိုလ်စိန်မှန်၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဦးအုန်းနှင့် ဦးသိန်းဖေတို့တွေ့ဆုံကာ အခြေအနေအရပ်ရပ်ကို ဆွေးနွေးသုံးသပ်၍ လက်ဝဲညီညွတ်ရေးလုပ်ဆောင်ရန် ဆုံးဖြတ်သည်။[၄] ဧပြီလနှင့်မေလများတွင် အစည်းအဝေးများဆက်လက်ကျင်းပပြီး ဆိုဗီယက်ရုရှားအပါအဝင် အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများနှင့်နိုင်ငံရေး၊စီးပွားရေး ဆက်သွယ်မှုများပြုလုပ်ရန်၊ အရင်းရှင်လုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းရန်၊ ဗမာ့တပ်မတော်ကို ပြည်သူ့ဒီမိုကရေစီတပ်မတော်အဖြစ် ဖွဲ့စည်းရန်၊ မြေရှင်စနစ်ဖျက်သိမ်းရန်စသော အချက် ၁၄ချက်ပါဝင်သည့် လက်ဝဲညီညွတ်ရေး "နု" မူကို ၂၅-၅-၄၈ ရက်နေ့တွင် ထုတ်ပြန်သည်။ အဆိုပါမူမှာ မူလက ၁၅ချက် ပါဝင်သော်လည်း မာ့က္ခဝါဒလေ့လာရေးအဖွဲ့ ဖွဲ့စည်းရန်ဟူသောအချက်ကို ဖြုတ်ပယ်၍ ၁၄ချက်သာပါဝင်ခြင်းဖြစ်ပေသည်။[၅] ဤသို့လက်ဝဲလုပ်ငန်းစဉ်များ ကြေညာပြီးနောက်ပိုင်း ဇွန်လ တွင် ပြည်သူပိုင်သိမ်းသည့်လုပ်ဆောင်မှုများ ပြုလုပ်လာခြင်းဖြစ်ပေသည်။

---

[၁] ဝိဇ္ဇာရသခင်ချစ်မောင်-**လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** မျက် ၁၇၄

[၂] သိန်းဖေမြင့်- **ကျော်ငြိမ်း** မျက် ၁၀၆

[၃] ၁၉၅၃ခုနှစ်တွင်မှကွန်မြူနစ်ပါတီကို မတရားအသင်းကြေညာသည်။

[၄] သိန်းဖေမြင့်- **ကျော်ငြိမ်း** မျက် ၁၀၆

[၅] (က) သိန်းဖေမြင့်- **တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ** မျက် ၄၀၇-၄၁၅

(ခ) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့- **၁၉၅၈-၁၉၆၂မြန်မာ့နိုင်ငံရေးပထမတွဲ** မျက် ၈၀

၁၉၄၈ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့တွင် သခင်နုသည် အောင်ဆန်းအားကစားကွင်း၌ လူထုအစည်းအဝေးကျင်းပပြီး "နု" မူ ၁၄ချက်ကို အမျိုးသားလုပ်ငန်းစဉ်အဖြစ်ကြေညာလျက် ထိုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်တို့၏ လက်ဝဲညီညွတ်ရေး လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။ မျိုးချစ်ဗမာ့တပ်မတော် ဖျက်သိမ်း၍ အသစ်ပြန်လည်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့် မရရှိခဲ့သောတပ်မတော်သားဟောင်းများကို အခြေခံ၍ ဖဆပလအဖွဲ့ချုပ်ကြီး၏ အရန်စစ်လက်ရုံးအဖြစ်ဖွဲ့စည်းရပ်တည်လာခဲ့သော ပြည်သူ့ရဲဘော်အဖွဲ့ကြီးတွင်လည်း ကွန်မြူနစ်နှင့် ဆိုရှယ်လစ်အကွဲဂယက်ရိုက်ခတ်ခြင်း ခံခဲ့ရ၍ ကွန်မြူနစ်ဝါဒနှင့် ပါတီအပေါ် သံယောဇဉ် မကင်းသူများ ရှိခဲ့သည်။ ဤသို့ဖြင့် ပြည်သူ့ရဲဘော် အင်အားစုအချို့က ကွန်မြူနစ်ပါတီပါဝင်သည့် လက်ဝဲညီညွတ်ရေးညီလာခံကြီး ကျင်းပပြီးမှ အားလုံးသဘောတူလုပ်ငန်းစဉ်များ ချမှတ်ရမည်ဆိုသော ပြည်သူ့ရဲဘော်မူတင်ပြလာသဖြင့် "နု" မူလက်ခံသော ဗိုလ်မှူးအောင်၊ ဗိုလ်စိန်မှန်တို့ ခေါင်းဆောင်သော ရဲဘော်ဝါနှင့် ပြည်သူ့ရဲဘော်မူ စွဲကိုင်သော ဗိုလ်ဖိုးကွန်း၊ ဗိုလ်လရောင်တို့ခေါင်းဆောင်သော ရဲဘော်ဖြူဟူ၍ ကွဲကြသည်။ သခင်နု၏ကြေညာချက်ကြောင့် ကမ္ဘာ့အရင်းရှင်သတင်းစာအချို့က မြန်မာနိုင်ငံ ကွန်မြူနစ်ဖြစ်သွားပြီဟုရေးသားကြသည်။ လန်ဒန်တိုင်းသတင်းစာက စစ်သွေးကြွ ကွန်မြူနစ်များနှင့် ပေါင်းစပ်၍မဖြစ်နိုင်ဟုရေးသည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဘီဗင်ကလည်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လာသောအခြေအနေများကြောင့်မြန်မာနိုင်ငံအပေါ် ဗြိတိသျှ၏သဘောထား လမ်းစဉ်ပြောင်းလဲရမည်ဟု ဗြိတိသျှပါလီမန်တွင်ပြောကြားသည်။ ဘုရင်ခံဟောင်း ဆာဒေါမန်စမစ် ဦးဆောင်သည့် မြန်မာနိုင်ငံတောင်ပေါ်သားများ လွတ်မြောက်ရေးကော်မတီက လည်း အရေးကြီးပြီဖြစ်၍ လွတ်မြောက်ရေးတိုက်ပွဲအတွက် အသင့်ရှိနေရန် ကြေညာသည်။ ထိုအချိန်တွင် ကရင်များကလည်း "ကရင့်–တစ်ကျပ်၊ ဗမာ–တစ်ကျပ်" ဟုကြွေးကြော်လျက်ရှိကြသည်။[၁]

ထိုအတွင်း ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျာ်၊ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၊ ရဲချုပ် ဦးထွန်းလှအောင်၊ ပြည်ထဲရေးဌာနအတွင်းဝန် ဦးကာစီတို့ပါဝင်သော နိုင်ငံတော်လုံခြုံရေးကောင်စီက ဝန်ကြီးချုပ် သခင်နုအား ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့ မပါဝင်သော အိမ်စောင့်အစိုးရဖွဲ့ပေးရန် တောင်းဆိုသည်။ မိတ္ထီလာတွင် တပ်မှူးများညီလာခံနှင့် ပုလိပ်အရာရှိကြီးများ ညီလာခံကျင်းပရာ လုံခြုံရေးကောင်စီတောင်းဆိုချက်အတိုင်း ပြောဆိုပြင်ဆင်ကြကြောင်း သတင်းထွက်ပေါ်လာသည်။ နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွဋ်ကလည်း လုံခြုံရေးကောင်စီနှင့် သဘောထား တူညီကြောင်း သိရသည်။ ဤတွင် လက်ဝဲအင်အားစုများက ဗိုလ်နေဝင်း၊ ဥက္ကဋ္ဌ၊ ကိုသိန်းဖေ အတွင်းရေးမှူးအဖြစ်ပါဝင်သော လက်ဝဲညီညွတ်ရေးကောင်စီကို ၁၉၄၈ခုနှစ်၊ ဇူလိုင်လ

---

[၁] သိန်းဖေမြင့်–**ကျော်ငြိမ်း** မျက် ၁၁၀–၁၁၃

၁၆ရက်နေ့တွင် ဖွဲ့စည်းရာ တပ်မတော်၊ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်ပါတီနှင့် ထောင်တွင်းမှ ကွန်မြူနစ်ကိုယ်စားလှယ်များပါဝင်ကြသည်။[၁]

လက်ဝဲညီညွတ်ရေးကောင်စီဝင်တွင်ပါဝင်ကြသူများမှာ–

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်နေဝင်း | ဥက္ကဋ္ဌ | တပ်မတော် |
| ၂။ | ဗိုလ်ဗစိန် | – | ။ |
| ၃။ | ဗိုလ်ရဲထွဋ် | – | ။ |
| ၄။ | ဗိုလ်စောထွန်းစိန် | – | ။ |
| ၅။ | ဗိုလ်ဇေယျ | – | ။ |
| ၆။ | ဗိုလ်မှူးအောင် | – | ပြည်သူ့ရဲဘော် |
| ၇။ | ဗိုလ်စိန်မှန် | – | ။ |
| ၈။ | ဗိုလ်မင်းခေါင် | – | ။ |
| ၉။ | ဗိုလ်လရောင် | – | ။ |
| ၁၀။ | ဗိုလ်ညွန့်မောင် | – | ။ |
| ၁၁။ | ဗိုလ်အောင်ညွန့် | – | ။ |
| ၁၂။ | ဗိုလ်ဘုန်းအောင် | – | ။ |
| ၁၃။ | ဦးလှမောင် | – | ဆိုရှယ်လစ်ပါတီ |
| ၁၄။ | ဦးဗဆွေ | – | ။ |
| ၁၅။ | ဦးကျော်ငြိမ်း | – | ။ |
| ၁၆။ | သခင်တင် | – | ။ |
| ၁၇။ | ဗိုလ်အောင်ကြီး | – | ။ |
| ၁၈။ | ဗိုလ်သိန်းတန် | – | ကွန်မြူနစ် |
| ၁၉။ | ဗိုလ်အောင်မင်း | – | ။ |
| ၂၀။ | ဗိုလ်ရန်အောင် | – | ။ |
| ၂၁။ | ကိုသိန်းဖေ | | အတွင်းရေးမှူး ပါတီပြင်ပရောက်ကွန်မြူနစ် |

တို့ဖြစ်ကြသည်။[၂] ကွန်မြူနစ်များကို ဖမ်းဆီးစဉ်ကပါဝင်ခဲ့သော ဒီမိုကရက်တစ်လူငယ်အဖွဲ့ ခေါင်းဆောင်ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း၊ ဗိုလ်ရန်အောင်တို့ကို ဇူလိုင်လ ၁၈ရက်နေ့က အင်းစိန်

---

[၁] (က) သိန်းဖေမြင့်–ကျော်ငြိမ်း — မျက် ၁၁၄–၁၁၅

(ခ) သိန်းဖေမြင့်–တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ — မျက် ၄၁၉

[၂] စည်သူအောင်နှင့်မောင်မှတ်–ရွှေပြည်တော်မျှော်မဝေးပြီမို — မျက် ၇၀–၇၁

ထောင်မှလွှတ်ပေးပြီး[၁] လက်ဝဲညီညွတ်ရေးကောင်စီတွင်ထည့်သွင်းသည်။ ဗိုလ်သိန်းတန်၊ ဗိုလ်အောင်မင်း တို့သည် သခင်သန်းထွန်းနှင့် သွားရောက်တွေ့ဆုံကြောင်း သတင်းများထွက်ပေါ်လာ၍ ယင်းတို့က မဟုတ်မမှန်ကြောင်း ဖြေရှင်းသည်။[၂] အလံနီကွန်မြူနစ်ခေါင်းဆောင် သခင်စိုးကိုလည်း ၁၉၄၈ခုနှစ်၊ မတ်လ ၁၁ရက်နေ့က ဖမ်းဆီးရမိခဲ့၍[၃] အင်းစိန်ထောင်တွင်ထားရှိခဲ့ရာ ဦးဗဆွေ၊ ဗိုလ်အောင်မင်းနှင့် ကိုသိန်းဖေတို့က သွားရောက်တွေ့ဆုံဆွေးနွေးကြောင်းသတင်းဖြစ်ပေါ်၍[၄] ထို သတင်း မမှန်ကန်ကြောင်း ဦးဗဆွေက ရှင်းလင်းသည်။[၅]

ဤအတွင်းအစိုးရ အဖွဲ့အတွင်း၌လည်း အခြေအနေ မငြိမ်မသက်ရှိလာသည်။ ဝန်ကြီးချုပ်သခင်နုက ဇူလိုင်လ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ်မှနုတ်ထွက်ရန်စီစဉ်လျက်ရှိပြီး[၆] ဗိုလ်လကျာကလည်း နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပေးရန် စာတင်သည်။[၇] နိုင်ငံခြားရေးဝန်ကြီးဦးတင်ထွဋ်ကလည်း ၉-၇-၄၈ နေ့စွဲပါစာဖြင့် ဇူလိုင်လ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ်နုတ်ထွက်မည်ဖြစ်၍ "လွန်ခဲ့သည့် ၃၊၄လအတွင်း ပေါ်ပေါက်လာသည့် နိုင်ငံရေးအဖြစ်အပျက်များနှင့် ပတ်သက်၍ ... စိတ်တွင်မပျော်မွေ့ စရာ အကြောင်းများ ပေါ်ပေါက်လာ" သဖြင့်ဇူလိုင်လ ၂၀ရက်နေ့မှစ၍ နုတ်ထွက်ခွင့်တောင်းရာ သခင်နုက ၁၀-၇-၄၈ နေ့စွဲပါစာဖြင့် သမ္မတကြီးထံ ထောက်ခံတင်ပြပေးမည်ဖြစ်ကြောင်း ပြန်ကြားသည်။[၈] ဦးတင်ထွဋ်သည် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဝန်ကြီးအဖြစ်မှနုတ်ထွက်ခြင်းကို သမ္မတကြီးကလက်ခံ ပါလျှင် ဗမာ့တပ်မတော်၌ အမှုထမ်းလိုကြောင်း လျှောက်ထားခဲ့၍[၉] ဇူလိုင်လ ၂၃ရက်နေ့တွင် ဒုတိယ ဗိုလ်မှူးကြီးရာထူးရရှိကြောင်း သတင်းဖော်ပြသည်။[၁၀] အထက်ဖော်ပြပါ အချက်အလက်များကို ဆက်စပ် ကြည့်ပါက မြန်မာနိုင်ငံခေါင်းဆောင်ပိုင်းတွင် လက်ဝဲဝါဒီများနှင့် လက်ဝဲဆန့်ကျင်ရေးဝါဒီ များ၏ ပဋိပက္ခရှိနေကြောင်း ခန့်မှန်းသိရှိနိုင်သည်။ လက်ဝဲဆန့်ကျင်ရေး ဗျူရိုကရက်ကြီးများ အုပ်စုဝင် ဦးတင်ထွဋ်သည် ကွန်မြူနစ်သောင်းကျန်းမှုကာလတွင်သောင်းကျန်းမှုနှိမ်နင်းလို၍ ဗမာ့

---

[၁] DR 2875 **တိုးတက်ရေး**(၂၃-၇-၄၈)

[၂] DR 2875 **တိုးတက်ရေး**(၂၉-၇-၄၈)

[၃] **ဗမာ့သမိုင်းစဉ်** မျက် ၁၅

[၄] DR 2875 **တိုးတက်ရေး** (၂၇-၇-၄၈)

[၅] DR 2875 **တိုးတက်ရေး** (၄-၈-၄၈)

[၆] John F.Cady - A History of Modern Burma p.588

[၇] DR 2875 **တိုးတက်ရေး** (၂၄-၇-၄၈)

[၈] DR 2875 **တိုးတက်ရေး** (၁၂-၇-၄၈)

[၉] DR 2875 **တိုးတက်ရေး** (၁၄-၇-၄၈)

[၁၀] DR 2875 **တိုးတက်ရေး** (၂၃-၇-၄၈)

တပ်မတော်သို့ဝင်ရောက်ခဲ့ခြင်းမှာ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ရပ်၏ပြယုဂ်တစ်ခုပင် ဖြစ်ပေသည်။ ကွန်မြူနစ် ဆန့်ကျင်ရေးသာမကဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်စသည့် လက်ဝဲအင်အားစုအားလုံး ဆန့်ကျင်ရေးအတွက် လုံခြုံရေးကောင်စီ၏ အားထုတ်မှုတွင် စစ်ကြိုခေတ်ကွန်မြူနစ်ကလာပ်စည်းတွင် ပါဝင်ခဲ့သူ ဗိုလ်လက်ျာပါဝင်သွားခြင်းမှာလည်း ထူးခြားသောအလှည့်အပြောင်းဖြစ်ရပ်တစ်ခုဟုဆိုနိုင်ပေသည်။

## ဆိုရှယ်လစ်ပါတီ

ဤသို့အခြေအနေတွင် လက်ဝဲအင်အားစုများဘက်မှလည်း မိမိတပ်မိမိလုံအောင် ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့ချေ။ ပြည်သူ့ရဲဘော်အဖွဲ့သည် ရဲဘော်ဖြူ၊ ရဲဘော်ဝါကွဲခဲ့ခြင်း၊ ဆိုရှယ်လစ်ပါတီသည် ဖက်ဆစ်ဆန့်ဆန် သတင်းစာတိုက်များကို အကြမ်းဖက်ဝင်ရောက်ဖျက်ဆီးခြင်း စသည်တို့ ဖြစ်ပွားခဲ့သည့်အပြင် ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ၊ ကူးသန်းရောင်းဝယ်ရေးပြည်သူ့ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဦးကိုကိုကြီးသည် ဇူလိုင်လ ၅ရက်နေ့တွင်ဝန်ကြီးရာထူးမှ နုတ်ထွက်သည်။[၁] ဇူလိုင်လ ၈ရက်နေ့တွင် ဂျူဗလီခန်းမ၌ ဆိုရှယ်လစ်ပါတီဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေး ကျင်းပရာ ဝန်ကြီးဟောင်း၊ ဥက္ကဋ္ဌဟောင်း ဦးကိုကိုကြီး၊ အိန္ဒိယမှဆေးကုသပြီးပြန်လာသော ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ စိုက်ပျိုးရေးဝန်ကြီး သခင်တင်၊ ပါတီအထွေထွေအတွင်းရေးမှူး ဦးဗဆွေတို့ တက်ရောက်၍ ဆိုရှယ်လစ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်၊ နာမည်ပျက်လျက်ရှိသော ဆိုရှယ်လစ်ပါတီကို အမည်ပြောင်းသင့် မပြောင်းသင့်၊ ဦးကိုကိုကြီးအား အရေးယူရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။[၂] တဖန် ဇူလိုင်လ ၁၃ရက်နေ့တွင်လည်း ဆိုရှယ်လစ်ပါတီကွဲတော့မည်၊ ပါတီဥက္ကဋ္ဌကြီး ဦးကိုကိုကြီး နုတ်ထွက်သည်ဆိုသော သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ဦးကိုကိုကြီး အား ပါတီဥက္ကဋ္ဌအဖြစ်မှ သာမန်အဖွဲ့ဝင်အဆင့်သို့ လျှော့ချပြီး ပါတီမှ စုံစမ်းစစ်ဆေးကာ ထိုစုံစမ်း စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ပါတီပိုမို သန့်ရှင်းစနစ်ကျနလာစေရန် သန့်ရှင်းရေးအဖွဲ့၊ ပြန်လည်တည်ဆောက်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဖေါ်ပြသည့် ဦးဗဆွေ၏ပြန်တမ်းသတင်းပါလာသည်။[၃] ၁၉၄၇ခုနှစ်၊ စက်တင်ဘာလခန့်က ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်အရ ကုန်သည်ပေါင်း ၁၃၀ကို ဒဏ်ငွေ ၁၈သိန်း ပေးဆောင်ရမည်ဟု သတ်မှတ်ခဲ့ရာ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဦးကိုကိုကြီးက ၁၇သိန်းခန့် လျှော့ပေါ့၍ ၆သောင်းခန့်သာ ဒဏ်တပ်ခဲ့သည်။ ထိုအမှုကို

---

၁ John F.Cady - A History of Modern Burma p.588

၂ DR 2875 တိုးတက်ရေး (၉-၇-၄၈)

၃ DR 2875 တိုးတက်ရေး (၁၃-၇-၄၈)

ပီလေးလုံးမှ စုံစမ်းစစ်ဆေး၍ ဇူလိုင်လ ၁ရက်နေ့တွင်ဦးကိုကိုကြီးအားအစိုးရ အဖွဲ့မှ နုတ်ထွက်ခိုင်းခဲ့ခြင်းဖြစ်သည်။[၁] ဤသို့ဖြင့် ဦးကိုကိုကြီး သည် "သိန်း ၄၀ဦးကိုကိုကြီး" ဟုအမည်တွင်လျက်နိုင်ငံရေးလောကမှ ထွက်ခွာသွားရ၍ ငွေကြေး ပြဿနာဟုဆိုရမည်ဖြစ်သော်လည်း စင်စစ်နိုင်ငံရေးအခြေခံများလည်းရှိနေပေသည်။ ဦးကိုကိုကြီး သည် ဗမာပြည်ကွန်မြူနစ်ပါတီအန္တယ် မာ့က္ခ၀ါဒီတစ်ဦးဖြစ်၍ ဆိုရှယ်လစ်ပါတီအတွင်း၌ ကွန်မြူး(န်)[၂] ခေါ် ဘုံရိပ်သာ ဖွင့်လျက် ပါတီကေဒါများကိုသင်တန်းပေးသည်။ သို့ဖြင့် ပါတီအတွင်း ၌ ထို ကွန်မြူး(န်)အုပ်စုနှင့် ဦးကျော်ငြိမ်း၊ ဦးဗဆွေအစရှိသော တကယ့ သမဂ္ဂဝင်ဖြစ်ခဲ့ဘူးသူများ၏ ယူနီယံ အုပ်စုဟူ၍ နှစ်စုကွဲလာပြီး ကွန်မြူး(န်) အုပ်စုက ပါတီတွင်း တိုးတိုး အပုပ်ချမှုများ ပြုလုပ် လာသည်။[၃] ထိုအချက်ကို ၁၉၅၀ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ ၁၆ရက်နေ့ သခင်နု၏ ရှင်းပြချက်တွင် အောက်ပါ အတိုင်းတွေ့မြင်နိုင်ပါသည်–

> " ဝန်ကြီးဟောင်း ဦးကိုကိုကြီးရဲ့အမှုဟာ... အင်မတန်အကြံကြီးတဲ့လူတစ်ယောက်ရဲ့ အမှုဖြစ်ပါတယ်... ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံရေးမှာ သူနှင့်ဆန့်ကျင်ဘက်... သူ့သြဇာမညောင်းတဲ့... လူတွေကိုအကုန်ဖယ်ရှားပြီးတော့နိုင်ငံရေးနယ်နိမိတ်တစ်ခုလုံးကို ခွစီးမည်ဆိုတဲ့ ကြီးကျယ်တဲ့အကြံဖြစ်ပါတယ်၊ သည်အကြံကြီး အထမြောက်အောင်မြင်ဘို့အတွက်... ဦးကိုကိုကြီးမှာ နှစ်ခုလိုနေပါတယ်၊ တစ်ခုကတော့ အင်မတန်မြောက်မြားတဲ့ငွေဖြစ်ပါတယ်၊ တစ်ခုကတော့ သူ့ကို ယုံယုံကြည်ကြည်နှင့် ထောက်ခံမည့် လူတစ်စုဖြစ်ပါတယ်"[၄]

## ပြည်သူ့ရဲဘော်တောခိုခြင်း

ဤသို့ဖြင့် မြန်မာ့နိုင်ငံရေးတွင် လက်ဝဲဝါဒီများသည် လက်ဝဲဆန့်ကျင်ရေးပုဂ္ဂိုလ်များ၊ အင်အားစုများနှင့် ထိပ်တိုက်ရင်ဆိုင်နေရချိန်တွင် မိမိတို့လက်ဝဲ အစုအဝေးအတွင်း၌လည်းညီညွတ်မှုကင်းမဲ့လျက် လုပ်ငန်းများလုပ်ဆောင်ရာ၌လည်း သန့်ရှင်းမှုတည်းဟူသော ကိုယ်ခံအားကင်းမဲ့နေကြောင်းတွေ့မြင်ရပေသည်။သခင်နုနှင့်ဝန်ကြီးအဖွဲ့သည်ဇူလိုင်လ ၁၅ရက်နေ့ နေ့လည် ၂နာရီတွင် သမ္မတကြီးထံ နုတ်ထွက်စာတင်သွင်းပြီး ည ၇နာရီကျော်၌ ပြန်လည်၍ ကျမ်းသစ္စာကျိန်

---

[၁] ပြည်သူ့လွှတ်တော်ဒုသမအစည်းအဝေး ၁၀/၁၁ မျက် ၄၂၉–၄၃၀
[၂] Commune
[၃] မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့ – ၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး၊ပထမတွဲ
[၄] ပြည်သူ့လွှတ်တော်ဒုသမအစည်းအဝေး ၁၀/၁၁ မျက် ၄၃၇

ဆိုသည်။[၁] ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၁၄ရက်နေ့တွင်လည်း အစိုးရကို တစ်ဖန်ပြန်လည်ဖွဲ့စည်း ပြန်သည်။[၂] အစိုးရအဖွဲ့ဝင် ရဲဘော်ဖြူများကလည်း ဇူလိုင်လ ၁၀ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်မှ နုတ်ထွက်ပြီး ၁၆ရက်နေ့တွင် အစိုးရအဖွဲ့မှ နုတ်ထွက်သည်။[၃] ဇူလိုင်လ ၂၉ရက်နေ့တွင်မူ နံနက် ၅နာရီ ၌ အစိုးရက ရဲဘော်ဖြူများကို ဝင်ရောက်ဖမ်းဆီးရာ ဗိုလ်ဖိုးကွန်း အဖမ်းမခံရဘဲ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်လရောင်နှင့် ခေါင်းဆောင်အချို့တိမ်းရှောင်ကြ၍ အချို့တောခိုသည်။ ဩဂုတ်လ ၃ရက် နေ့တွင် ဥက္ကဋ္ဌ ဗိုလ်ဖိုးကွန်း၊ ဒုဥက္ကဋ္ဌဗိုလ်လရောင်တို့ လက်မှတ်ဖြင့် တောခိုသည့်လမ်းစဉ်ကို လိုက် မည်မဟုတ်ကြောင်း ကြေညာချက်ပေါ်ထွက်လာသည်။[၄] သို့ရာတွင် ရဲဘော်ဖြူများ၏ တောခိုမှု သည် တစ်စတစ်စ တိုးတက်ဖြစ်ပေါ်လာပြီး ခရိုင်အများအပြားတွင် မြို့ရွာကာကွယ်ရေး သေနတ် များလုယူသည်။ ပဲခူးခရိုင် ထန်းတောကြီးရဲဌာနမှာ ရဲဘော်ဖြူများလက်တွင်း ကျရောက်ခဲ့သည်။[၅]

လက်ဝဲညီညွတ်ရေးလုပ်ဆောင်နေစဉ်မှာပင် အခြေအနေသည် တိုးတက်ကောင်း မွန်လာခြင်းမရှိဘဲ တိုးတက်ပြိုကွဲလျက်ရှိသဖြင့် လက်ဝဲအင်အားစုအချို့သည် လက်နက်ဖြင့် အာဏာသိမ်း၍ အာဏာဖြင့် ညီညွတ်ရေးလုပ်ဆောင်ရန် ကြံစည်လာကြသည်။ သို့ဖြင့် မိမိတို့ဩဇာ သက်ရောက်သော တပ်များဖြင့် အာဏာသိမ်းယူရန်ကြံစည်ကြရာ ကိုသိန်းဖေ၊ ကိုသိန်းတန်၊ ဗိုလ်အောင်မင်း၊ ဗိုလ်ဇေယျနှင့် ဗိုလ်ရဲထွဋ်တို့ ပါဝင်ကြသည်။[၆] သို့ရာတွင် ထိုသတင်းပေါက်ကြား၍ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ ၈ရက်နေ့တွင် သရက်မြို့ရှိ ဗမာ့သေနတ်ကိုင်တပ်ရင်း (၁)နှင့် မင်္ဂလာဒုံရှိ တပ်ရင်း(၃)မှ တစ်ချို့တစ်ဝက် တောခိုကြသည်။[၇] ၁၉၄၇ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲစဉ်ကာလကပင်မကျေနပ်ကြောင်းပြောဆိုကာလွတ်လပ်သောကရင်ပြည်နယ် ထူထောင်ရေးကို တောင်းဆိုခဲ့သော ကရင်အမျိုးသားများသည် ဖဆပလအစိုးရ ဆူပူသောင်းကျန်းမှု များနှင့် ရင်ဆိုင်လာရချိန်တွင် တိုးတက်လှုပ်ရှားလာကြသည်။ တွံတေးတွင် ကေအင်ဒီအိုများကို ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်းက လက်နက် ၈၀ကိုင်ဆောင်ခွင့်ပြုထားရာ ထိုခွင့်ပြုမိန့်ကို အသုံးချ၍ ကေအင်ဒီအိုများက အင်းစိန်မြို့သို့ လက်နက်ကိုင် ၈၀စီ အလီလီပို့လွှတ်စုဆောင်းကာ အင်းစိန်မြို့ ကို အခိုင်အမာခံတပ်မြို့အဖြစ်ပြင်ဆင်လျက် ခဝဲခြံ၊ တောင်သူကုန်း စသော ကရင်ရပ်ကွက်များ၌

---

၁ DR 3034 **ဗမာ့ခေတ်** (၁၆-၇-၄၈)

၂ DR 3031 **ဗမာ့ခေတ်** (၁၅-၁၀-၄၈)

၃ **ဝိဇ္ဇာရသခင်ချစ်မောင်-လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်** မျက် ၁၇၄-၁၇၅

၄ DR 2875 **တိုးတက်ရေး** (၃၀-၇-၄၈)နှင့်(၃-၈-၄၈)

၅ DR 1793 **သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ** မျက် ၁၄

၆ **သိန်းဖေမြင့်-ကျော်ငြိမ်း** မျက် ၁၁၈-၁၁၉

၇ DR 1793 **သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ** မျက် ၂၆

မြေကတုတ်များ၊ ခံတပ်ကျင်းများဆောက်လုပ်လျက်ရှိကြသည်။[၁] ဩဂုတ်လအတွင်းတွင် ကရင်များက သထုံနှင့် မော်လမြိုင်ကိုသိမ်းယူပြီး ပုသိမ်မြို့တွင်လည်း ကရင် ၇၀၀ခန့်က ကိုးသိမ်းရဲဌာနကို သိမ်းယူ၍ ဗမာ့တပ်မတော်အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ ရဲဘော် ၇၆ဦးက စစ်ပညာသင် စစ်ဝန်ထမ်း ၂၀၀ခန့်ဖြင့် ပြန်လည်တိုက်ခိုက်သိမ်းယူရသည်။[၂] ဝန်ကြီးချုပ် သခင်နုက လုံခြုံရေးတပ်ဖွဲ့များကို တိုးချဲ့အားဖြည့်ရန် ညွှန်ကြား၍ ဆိုရှယ်လစ်နှင့် ရဲဘော်ဝါများက စစ်ဝန်ထမ်းတပ်ဖွဲ့များဖွဲ့စည်းကာ ပြည်ထဲရေးဝန်ကြီး၏ လက်အောက်တွင် ထားရှိရသည်။[၃] သခင်နုသည် တစ်ဖက်မှလည်း ဒေသန္တရသီးခြားလွတ်လပ်စွာအုပ်ချုပ်ရေးကော်မရှင်[၄] ကို စက်တင်ဘာလ ၉ရက်နေ့တွင် တရားဝန်ကြီးချုပ်ဦးဘဦး ဦးဆောင်လျက် အဖွဲ့ဝင် ၂၈ဦးဖြင့် ဖွဲ့စည်းပေးပြီး[၅] လုပ်ငန်းများလုပ်ဆောင်စေသည်။ ထိုအဖွဲ့၏တာဝန်မှာတိုင်းရင်းသားလူမျိုးစုများ၏ တရားမျှတသော ရည်မှန်းချက်များ ပြီးပြည့်စုံရေးအတွက် နည်းလမ်းများ ရှာဖွေရန်ပင်ဖြစ်သည်။[၆] သို့ရာတွင် အခြေအနေကောင်းမွန်လာခြင်းမရှိဘဲ ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် တောင်ငူရှိ အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းသည် အတိအလင်း ပုန်ကန်၍ တောင်ငူကိုသိမ်းသည်။ ဖေဖော်ဝါရီလ ၁ရက်နေ့တွင် အင်းစိန်တိုက်ပွဲ စတင်ဖြစ်ပွားသည်။[၇]

ဤသို့ကရင်သောင်းကျန်းမှုအရေးအခင်း ဖြစ်ပွားလာချိန်ဖေဖော်ဝါရီလအတွင်း၌ အစိုးရလက်တွင်ငွေပြတ်လတ်၍ အစိုးရအမှုထမ်းအားလုံး၏လစာကို၁၅ရာခိုင်နှုန်း မှ ၃၀ရာခိုင်နှုန်းအထိ ဖြတ်တောက်လျှော့ပေါ့ခဲ့သဖြင့် အမှုထမ်းများသပိတ်ပေါ်ပေါက်လာသည်။[၈] ဤသို့အစိုးရ၏ဘဏ္ဍာရေးအခြေအနေ ဆိုးဝါးရခြင်းမှာလည်း ပြည်တွင်းဆူပူမှုများကိုအကြောင်းပြု၍ အခွန်ငွေ

---

၁ (က) ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း — မျက် ၁၆
(ခ) သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာနောက်ဆက်တွဲ ၆

၂ (က) Hugh Tinker - The Union of Burma — p.37
(ခ) ပြည်သူ့လွှတ်တော် ဒုဿမအစည်းအဝေး ၁၀/၈ — မျက် ၁၉၁

၃ (က) Hugh Tinker- The Union of Burma — pp.38-39
(ခ) John F. Cady- A History of Modern Burma — p.590

၄ ထိုခေတ်ကသတင်းစာများတွင် "သီးခြားနယ်တောင်းဆိုရေးကော်မရှင်" ဟုသုံးစွဲသည်

၅ Hugh Tinker - The Union of Burma — p.37

၆ John F. Cady- A History of Modern Burma — p.591

၇ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်-တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန် — မျက် ၁၂၉

၈ (က) John F. Cady- A History of Modern Burma — p.594
(ခ) U Nu- U Nu-Saturday's Son — p.175

ကောက်ခံမှု ပြတ်လပ်သွားခြင်း၊ ကူးသန်းဆက်သွယ်မှုပြတ်တောက်၍ နိုင်ငံခြားသို့ ဆန်စပါးနှင့် ကျွန်းသစ်ရောင်းချမှု မပြုနိုင်ခြင်းများကြောင့်ပင်ဖြစ်ပေသည်။[၁] ဤသပိတ်အတွင်းသို့ ကွန်မြူနစ်အနွယ် တက္ကသိုလ်ကျောင်းသားများနှင့် မီးရထားအလုပ်သမားသမဂ္ဂတို့ ပါဝင်လာသည့်အပြင် ကရင်တိုက်ရေးအတွက် ဖဆပလအစိုးရနှင့် ပူးပေါင်းခဲ့သော ရဲဘော်ဖြူများကလည်း ဗန္ဓုလပန်းခြံ၌ လက်နက်များကိုင်စွဲကာ ဆန္ဒပြလျက် သခင်နုအစိုးရ ဖြုတ်ချရေးတောင်းဆိုလှုံ့ဆော်သည်။[၂]

ဝန်ကြီးချုပ်သခင်နုသည် မုံရွာစစ်ကိုင်းစသော အထက်မြန်မာနိုင်ငံ မြို့ရွာများသို့ လှည့်လည်စစ်ဆေးနေဆဲ ၁၉၄၉ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် ဆိုရှယ်လစ်ပါတီနှင့် ရဲဘော်ဝါ ဝန်ကြီးများ အစိုးရအဖွဲ့မှ နုတ်ထွက်သည်။ ဆူပူသောင်းကျန်းမှုအရှိန်အဟုန် မြင့်မားနေချိန်တွင် ပြည်သူတို့၏ ဝေဖန်မှုကို ခံယူနေရ၍ ကွန်မြူနစ်များပါဝင်သော အစိုးရအဖွဲ့ကို သခင်နုက ဦးဆောင်ဖွဲ့စည်းနိုင်ရေးအတွက် လမ်းခင်းပေးသည့်အနေဖြင့် ဤသို့နုတ်ထွက်ကြခြင်းဖြစ်လေသည်။ ဝန်ကြီးချုပ် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာချိန်တွင် သခင်သန်းထွန်းအား စကားကမ်းလှမ်းပြီးပင်ဖြစ်နေသည်။ သို့ရာတွင် ကွန်မြူနစ်တို့၏ ရေနံချောင်းညီလာခံက အဆိုပါကမ်းလှမ်းချက်ကို ပယ်ချခဲ့လေသည်။သခင်နုကလည်း ဒုတိယဗိုလ်ချုပ်ကြီးနေဝင်း၊ ဒေါက်တာဦးအေးမောင်၊ ဦးတင် စသူတို့ပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့လေသည်။

လက်ဝဲအုပ်စုအတွင်း ဖြစ်ပွားခဲ့သော အကွဲအပြဲပြဿနာသည် ဤမျှနှင့် ရပ်ဆိုင်းသွားခြင်းမရှိဘဲ ၁၉၅၀ပြည့်နှစ် ကုန်ပိုင်းတွင် ပေါ်ပေါက်လာပြန်သည်။ ဆိုရှယ်လစ်ပါတီတွင်း၌ ဆက်လက်တည်ရှိနေသော မာ့က္စဝါဒီများသည် ကမ္ဘာ့အင်အားကြီးအုပ်စုနှစ်ခု၏ ပဋိပက္ခမှ ဂယက်ရိုက်ခတ်ခြင်းကြောင့် ဆိုရှယ်လစ်ပါတီကို ဦးစီးထားသူ ဆိုရှယ်ဒီမိုကရက်များနှင့် ဆက်လက်ပူးပေါင်းလှုပ်ရှားရန် မဖြစ်နိုင်တော့သော အခြေသို့ရောက်လာသည်။ မာ့က္စဝါဒီ တစ်ဦးဖြစ်သည့် ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်ဥက္ကဋ္ဌ သခင်လွင်သည် အဖွဲ့ချုပ်၏ ကြားနေရေးဝါဒနှင့် ဆန့်ကျင်လျက် လက်ဝဲယိမ်း ကမ္ဘာ့အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်[၃] နှင့်ဆက်သွယ်ဝင်ရောက်ရန်အဆိုနှင့်ဆုံးဖြတ်ချက်ကို ၁၉၅၀ပြည့်နှစ်မေဒေးနေ့ လူထုအစည်းအဝေးတွင် တင်သွင်းချမှတ်ခဲ့သည်။ ဤသို့တင်သွင်းချမှတ်ရာတွင် ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူခဲ့ခြင်းလည်းမရှိချေ။ ထို့ပြင် အခြား မာ့က္စဝါဒီ တစ်ဦးဖြစ်သူ အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဖဆပလအမတ် သခင်လှကျွေ

---

၁ Hugh Tinker - **The Union of Burma** p.39

၂ (က) Hugh Tinker- **The Union of Burma** p.41

(ခ) U Nu- **U Nu-Saturday's Son** pp.181-182

၃ W. F. T (World Federation of Trade Unions)

ကလည်း ၁၉၅၀ပြည့်နှစ်၊ စက်တင်ဘာလ ၅ရက်နေ့ ပါလီမန်လွှတ်တော်တွင် သခင်နုတင်သွင်းသော ကိုရီးယားအဆိုနှင့်ပတ်သက်၍ အဆိုကိုထောက်ခံသော်လည်း မြောက်ကိုရီးယားအား အပြစ်တင်ပြောဆိုခြင်းကိုမူ ဝေဖန်ကန့်ကွက်ခဲ့လေသည်။ သို့ဖြစ်၍ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သည် သခင်လွင်နှင့် သခင်လှကျော်တို့ကို အရေးယူခဲ့ရာမှ အောက်တိုဘာလ ၁၆ ရက်နေ့တွင် သခင်လွင်၊ သခင်လှကျော်နှင့် အပေါင်းပါတို့ အလုပ်သမားအစည်းအရုံးမှ နုတ်ထွက်ပြီး ဒီဇင်ဘာလ ၇ရက်နေ့တွင် ဆိုရှယ်လစ်ပါတီမှနုတ်ထွက်ကြသည်။ နောက်တစ်နေ့တွင်ဆိုရှယ်နီပါတီဟုအများက ခေါ်ကြသော ဗမာပြည်အလုပ်သမားပါတီကို ထူထောင်ခဲ့လေသည်။[၁]

## တပ်မတော်အတွင်းနိုင်ငံရေးဂယက်ရိုက်ခတ်မှုများ

လွတ်လပ်ရေးရပြီးချိန်ကာကွယ်ရေးဝန်ကြီးမှာဗိုလ်လက်ျာဖြစ်၍ ဗမာ့တပ်မတော်စစ်သေနာပတိမှာ ကရင်အမျိုးသား ဗိုလ်ချုပ်စမစ်ဒွန်းဖြစ်သည်။ တပ်မတော်အတွင်း အရေးပါသောနေရာများတွင် ကရင်အမျိုးသားများရှိနေကြသည်။ ဒုတိယစစ်သေနာပတိမှာ ဗိုလ်မှူးချုပ်စောကြာဒိုးဖြစ်၍[၂] စစ်ထောက်ချုပ် ဗိုလ်မှူးကြီးစောဒွန်နီ၊ မိတ္ထီလာရှိ အမှတ်(၁) တပ်မဟာမှူး ဗိုလ်မှူးချုပ်စောချစ်ခင်၊ လေ့ကျင့်ရေးတပ်[၃] တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစောလယ်ဒါ၊ အချက်ပြဆက်သွယ်ရေးတပ်မှူး ဒုတိယဗိုလ်မှူးကြီးစောအောင်ဒင်၊ အမြောက်တပ် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစောအောင်စိန် စသည်ဖြင့်ရှိနေကြသည်။ ဤသို့ဖြစ်နေသည်မှာ ယင်းတို့သည် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့၏ ဘားမားရိုင်ဖယ်တပ်များတွင် အမှုထမ်းခဲ့ကြ၍ စစ်သက်ရှိပြီးသူများဖြစ်သည့်ပြင် ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာကလည်း ဗမာအရာရှိများသည် နိုင်ငံရေးဆန်လွန်း၍ ဆူဆူပူပူ လုပ်တတ်သည်ဟု ယူဆလျက် ကရင်အမျိုးသားများမှာ ခိုင်းသည့် အတိုင်းလုပ်တတ်သူများဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။[၄] တစ်ဖန် တပ်မတော်အတွင်း၌ ကွန်မြူနစ်အနွယ်ဝင်များလည်းရှိနေခဲ့ရာဒုတိယဗိုလ်မှူးကြီးဇေယျသည် စစ်ဦးစီးအရာရှိ ပထမတန်းအဖြစ် စစ်ရုံးတွင်ရှိနေပြီး ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှတ်(၃)ဗမာ့သေနတ်ကိုင် တပ်ရင်းမှူးဖြစ်နေသည်။ ဗိုလ်ရဲထွဋ်တပ်ရင်းမှူးဖြစ်လာခြင်းမှာလည်း အခြားဗမာ့သေနတ်ကိုင် တပ်ရင်းများမှ လက်မခံလိုကြ၍ တပ်ရင်း(၃)တွင် တပ်ခွဲမှူးဗိုလ်မှူးအဖြစ်ရှိနေရာမှ ဗိုလ်မှူးချစ်မြိုင်က တပ်ရင်းမှူး

---

[၁] စည်သူအောင်နှင့်မောင်မှတ်–**ရွှေပြည်တော်မျှော်မဝေးပြီမို့** မျက် ၈၀

[၂] **ဗိုလ်မှူးချုပ်မောင်မောင်(အငြိမ်းစာ)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း(၂)** မျက် ၆

[၃] BATD(Burma Army Training Depot)

[၄] **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက် ၁၆၊၂၇

နေရာမှဖယ်ပေး၍ တပ်ရင်း(၃)တပ်ရင်းမှူးဖြစ်လာခြင်းဖြစ်ပေသည်။[၁] ထိုသူတို့အပြင် အမှတ်(၁) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် ဒုတိယတပ်ရင်းမှူးဗိုလ်စိန်တင်၊ဗိုလ်သက်ထွန်း၊ အမှတ်(၃)ဗမာ့ သေနတ်ကိုင်တပ်ရင်းတွင် ဗိုလ်မင်းဒင်၊ ဗိုလ်သိန်း၊ ဗိုလ်လှမော်၊ အမှတ်(၆)ဗမာ့သေနတ်ကိုင် တပ်ရင်းတွင်ဗိုလ်ရဲမောင်၊ ဗိုလ်အောင်မြင့်၊ဗိုလ်အေးဖေ၊ တပ်ကြပ်ကြီးအုန်းမောင်စသည် ဖြင့်လည်း ရှိနေကြပေသည်။ သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှ စစ်ရဲတပ်[၂] ဖြစ်လာသောတပ်ရင်းများတွင် လည်း ရဲဘော်ဖြူရဲဘော်ဝါများပါဝင်လျက်ရှိသည်။[၃]

ဗမာပြည်ကွန်မြူနစ်ပါတီ တောခို၍ ဆူပူသောင်းကျန်းချိန်တွင် ဖဆပလအစိုးရ သည်တပ်ဖွဲ့များစေလွှတ်၍တိုက်ခိုက်နှိမ်နင်းရာ၌တပ်ဖွဲ့များအတွင်းတွင် ကွန်မြူနစ်အနွယ်ဝင်များ ရှိနေခြင်းကြောင့်အခက်အခဲများရှိခဲ့သည်။ ကဝမြို့အနီးရှိ ကုန်းတန်းကြီးရွာတွင် အင်အားကြီးမား သောကွန်မြူနစ်တပ်ဖွဲ့တစ်ဖွဲ့ရောက်ရှိနေပြီး ကဝမြို့၏လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း သတင်းရရှိ၍တပ်ရင်း (၆) မှ တပ်ခွဲတစ်ခွဲစေလွှတ်နှိမ်နင်းရန်လိုအပ်လာသောအခါ လေ့ကျင့်ပြီးစီးခဲ့ သည့်တပ်ခွဲ(၁)ကိုစေလွှတ်ရမည်ဖြစ်သည်။သို့ရာတွင်တပ်ခွဲ (၁) ၏ တပ်ခွဲမှူးမှာ ကွန်မြူနစ်အနွယ် ဗိုလ်ကြီးရဲမောင် ဖြစ်နေ၍ တပ်ခွဲ (၂) တပ်ခွဲမှူး ဗိုလ်မှူးတင်မောင်က တပ်ခွဲ (၁)ကို ဦးဆောင်၍သွား ရောက်တိုက်ခိုက်ရသည်။[၄] သို့ဖြစ်၍ အမှတ် (၁) ကရင်သေနတ်ကိုင်တပ်ရင်းနှင့် အမှတ် (၁)ကချင် သေနတ်ကိုင်တပ်ရင်း ကဲ့သို့သော လူမျိုးစုတပ်ဖွဲ့များကို အဓိကအားထား၍ နှိမ်နင်းရသည်ဖြစ်ရာ[၅] အောက်မြန်မာနိုင်ငံတွင် ယင်းတပ်များက ကျေးရွာများကိုတိုက်ခိုက်သိမ်းယူရာ၌သောင်းကျန်းသူ ရွာသားမခွဲမခြားပစ်ခတ်တိုက်ခိုက်ခြင်း၊ မြေလှန်စနစ်ဖြင့်ရွာမီးရှို့တိုက်ခိုက်ခြင်း စသည်တို့ ရှိနေ၍ ဗမာ့သေနတ်ကိုင်တပ်ရင်းများက မကြေမနပ်ရှိကြသည်။ သို့ဖြင့်ဝေဖန်ပြောဆိုမှုများရှိလာ၍ ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာက အစည်းအဝေးခေါ်ယူရာ ဗိုလ်နေဝင်းအပါအဝင် ဗမာအရာရှိ များက ဝေဖန်ပြောဆိုကြသည်။ ဤတွင်ဗိုလ်လက်ျာက မခံမရပ်နိုင်ဖြစ်လာပြီး ယင်းအရာရှိများ လက်ဝဲညီညွတ်ရေးလုပ်နိုင်ကလုပ်ဆောင်ကြရန်စိန်ခေါ်ခဲ့သဖြင့် ဝန်ကြီးချုပ်ထံတင်ပြခွင့်တောင်းခဲ့ ပြီး တပ်မတော်လက်ဝဲညီညွတ်ရေး ဇဦးကော်မတီပေါ်ပေါက်လာသည်။ ယင်းကော်မတီတွင် ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်တင်ဦး၊ ဗိုလ်တင်မောင်၊ ဗိုလ်ချစ်မြိုင်၊ ဗိုလ်ထွန်းစိန် စသူတို့ပါဝင်၍ကုက္ကိုင်းရှိပြည်သူ့ရဲဘော်ဗိုလ်ထွန်းလင်းအိမ်၌စည်းဝေးဆွေးနွေးကြရာအစည်းအဝေး

---

၁ **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက် ၁၇-၂၁

၂ UMP(Union Military Police)

၃ **ဗိုလ်မှူးချုပ်မောင်မောင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း(၂)** မျက် ၆

၄ ဗိုလ်မှူးကြီး(ဟောင်း) တင်မောင် - **တိုင်းပြည်ကနနပုန်တိုင်းကထန်ထန်** မျက် ၈၈၊ ၉၄

၅ Hugh Tinker - **The Union of Burma** p.38

က ကာကွယ်ရေးဝန်ကြီးရာထူးမှ ဗိုလ်လက်ျာနုတ်ထွက်ပေးရေး တောင်းဆိုရန် ဆုံးဖြတ်သည်[၁]။ လက်ဝဲ ညီညွတ်ရေးကောင်စီမှ အဖွဲ့ဝင်ဗိုလ်သိန်းတန်နှင့် ဗိုလ်ရန်အောင်တို့ကိုလည်း တပ်တော် စစ်ဝတ်စုံ ဝတ်ဆင်စေပြီး တပ်ရင်း၃မှ ဗိုလ်မြသောင်းက ကားတစ်စီးဖြင့် ပျဉ်းမနားရှိ အမှတ်(၄) ဗမာ့သေနတ် ကိုင်တပ်ရင်းသို့ ပို့ဆောင်ပေးရသည်။ တပ်ရင်း(၄)မှတစ်ဖန်တောတွင်းသို့ပို့ဆောင် ပေးခဲ့ရာ ဗိုလ်သိန်းတန်၊ ဗိုလ်ရန်အောင်တို့နှင့်အတူ ဗိုလ်မြသောင်းပါ ပြန်မလာတော့ဘဲ ကားတစ်စီးနှင့် ကားမောင်းရဲဘော်သာ ပြန်ရောက်လာသည်။[၂] သို့ရာတွင် တောတွင်းမှ သခင်သန်းထွန်းတို့က ညီညွတ်ရေးကမ်းလှမ်းချက်ကို လက်မခံသည့်အပြင် ညီညွတ်ရေးကောင်စီ တွင်ပါဝင်ပြီး ညီညွတ်ရေးကမ်းလှမ်းချက်ယူဆောင်လာသည့် ဗိုလ်ရန်အောင်အား ရှာဆော်ကြီး အဆင့်သို့ ရာထူးချထား ခဲ့လေသည်။[၃]

တပ်မတော်လက်ဝဲညီညွတ်ရေး ဇဉီးကော်မတီ၏ ဆုံးဖြတ်ချက်အရ ၁၉၄၈ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းခန့်တွင် ပြည်ထဲရေးဝန်ကြီး ဉီးကျော်ငြိမ်းမှ တစ်ဆင့် ဝန်ကြီးချုပ်သခင်နုထံ ဗိုလ်နေဝင်း သို့မဟုတ် ဗိုလ်ဇေယျအား ကာကွယ်ရေးဝန်ကြီးခန့်ထားပေးရန် တောင်းဆိုလျက် ကိုသိန်းဖေ၊ဗိုလ်နေဝင်းနှင့်ဗိုလ်ဇေယျတို့သည် သခင်နုနှင့်လာရောက်တွေ့ဆုံသည်။ ကိုသိန်းဖေက ၃ရက်အကြာတွင် အကြောင်းပြန်ကြားရန်တောင်းဆိုခဲ့သဖြင့် သခင်နုက မိမိအားခြိမ်းခြောက် အကြပ်ကိုင်သည်ဟု ယူဆကာငြင်းပယ်ခဲ့သည်။ တဖန် ဗိုလ်ဇေယျသည် ဗိုလ်လက်ျာမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် တစ်ဦးတည်းလာရောက်တွေ့ဆုံကာ မိမိအား ကာကွယ်ရေးဝန်ကြီးခန့်ထားပေးရန် တောင်းဆိုပြန်သည်။ ဝန်ကြီးချုပ်ကငြင်းပယ်၍ ထိုအကြောင်းကို ဉီးကျော်ငြိမ်းအား ဖွင့်ဟပြောဆို သည်။ဉီးကျော်ငြိမ်းကတစ်ဖန် ဗိုလ်နေဝင်းအား ထိုအကြောင်းပြောပြသည်။[၄] သို့ဖြင့် ဇဉီးကော်မတီ အစည်းအဝေးတွင် ဗိုလ်နေဝင်းက ဤသို့ပြုလုပ်ခြင်းမှာ သစ္စာမရှိကြောင်း စွပ်စွဲပြောဆို၍ ဗိုလ်ဇေယျက အစပိုင်းတွင် ကော်မတီမှ အကြံပြုခဲ့၍ ဤသို့တောင်းဆိုရခြင်းဖြစ်ကြောင်း ဆင်ခြေ ပေးခဲ့သော်လည်း နောက်ပိုင်းတွင် မိမိသဘောဖြင့် မိမိပြောဆိုခြင်းဖြစ်ကြောင်း ဝန်ခံရသည်။[၅]

ဤသို့ဖြင့်တပ်မတော်လက်ဝဲညီညွတ်ရေး ဇဉီးကော်မတီပျက်ခဲ့ပြီးလက်ဝဲညီညွတ် ရေးကောင်စီ၏ ညီညွတ်ရေးလုပ်ငန်းများမှာလည်း မအောင်မြင်စေ့၍ ကိုသိန်းဖေ၊ ဗိုလ်လရောင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်စသူတို့က တပ်မတော်မှ အာဏာသိမ်းပြူ၍ ထိုအာဏာကိုစွဲကိုင်ကာ ညီညွတ်

---

[၁] ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း — မျက် ၂၅-၃၇

[၂] ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း — မျက် ၃၉၊ ၄၈

[၃] ဗိုလ်တာရာ– "သူရဲကောင်းဗိုလ်ရန်အောင်"၊မြဝတီ(၁၉၅၃ခုနှစ်၊ နိုဝင်ဘာလ)

[၄] U Nu- U Nu-Saturday's Son — p.152-157

[၅] ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း — မျက်၄၄-၄၈

ရေးလုပ်ဆောင်ရန်စည်းရုံးလှုပ်ရှားသည်။တပ်ရင်း(၃)နှင့်တပ်ရင်း(၆)တို့တွင် ကိုသိန်းဖေ ကိုယ်တိုင် ဝင်ရောက်စည်းရုံးသည်။[၁] ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၉ရက်နေ့ညတွင် တပ်ရင်း(၃)အရာရှိရိပ်သာ၌ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးချစ်မြိုင်တို့သည် အရာရှိအရာခံ အကြပ်တပ်သားများ စုညီအစည်းအဝေးခေါ်ယူပြီး ဗိုလ်ရဲထွဋ်က တပ်မတော်မှ အာဏာသိမ်းယူရေး စည်းရုံးပြောကြား၍ ဗိုလ်ချစ်မြိုင်ကထိုလမ်းစဉ်ကို လက်မခံနိုင်ကြောင်း တုံ့ပြန်ပြောဆိုသည်။ ဤသို့အစည်းအဝေးလုပ်နေစဉ်ပင်တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အောင်သင်းက တယ်လီဖုန်း ဖြင့်ခေါ်ယူ၍ ဗိုလ်ချစ်မြိုင်သွားရောက်တွေ့ဆုံသည်။ ဗိုလ်မှူးချုပ်အောင်သင်းက တပ်ရင်း(၃)မှ ကွန်မြူနစ်ဗိုလ်သိန်းက အချက်ပြဆက်သွယ်ရေးတပ်သို့လာရောက်စည်းရုံးခြင်း၊ ထောက်ပံ့ပို့ ဆောင်ရေးတပ်မှ မော်တော်ကားများစီစဉ်ခြင်း စသောအချက်များကို ထောက်ပြပြီး တပ်ရင်း(၃)မှ ရန်ကုန်သိမ်းရန် ကြံရွယ်နေကြောင်း စွပ်စွဲပြောဆိုသည်။ ဤသို့သတင်းပေါက်ကြားလျက်ရှိခြင်းကို ဗိုလ်ချစ်မြိုင်က ဗိုလ်ရဲထွဋ်အား ပြန်လည်ပြောကြားခဲ့၍ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်နှင့် အပေါင်းပါများ တောခိုခဲ့ခြင်းဖြစ်ပေသည်။[၂] ဤသို့တောခိုခြင်းကို ဗိုလ်မှူးချစ်မြိုင်က ဗိုလ်ချုပ်နေဝင်းမှတစ်ဆင့် ဝန်ကြီးချုပ်သခင်နုထံ သတင်းပို့သည်။[၃]

ဤသို့ဖြင့် မင်္ဂလာဒုံရှိတပ်ရင်း(၃)နှင့် အမှတ်(၂)ဂျီအီးတပ်ခွဲမှ အရာရှိအကြပ် တပ်သားအချို့၊ ပဲခူးရှိတပ်ရင်း(၆)မှ အရာရှိတစ်ဦးနှစ်ဦးနှင့်ရဲဘော်အချို့စသည်ဖြင့် စုစုပေါင်း အင်အား ၃၅၀သည် စစ်ကား၃၂စီးဖြင့်တောခိုသွားကြသည်။[၄] တစ်ချိန်တည်းမှာပင် သရက်မြို့၌ ဒုတိယတပ်ရင်းမှူး ဗိုလ်စိန်တင် ဦးစီးလျက်ရှိသောအမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်းကလည်း သရက်မြို့ကိုသိမ်းပိုက်ပြီးပြည်သို့ချီတက်လာသည်။ တပ်ရင်း(၁)မှ ပဲခူးခရိုင်ဝေါမြို့သို့ စေလွှတ် တပ်စွဲထားသည့်တပ်သား ၂၁ ယောက်သည်လည်းကောင်း၊ အဖြားဘူတာရှိတပ်သား ၃၁ ယောက် သည်လည်ကောင်း ဇွန်လအတွင်းကပင် တောခိုခဲ့ပြီးဖြစ်သည်။[၅] တပ်ရင်း(၃)သည် တပ်ရင်း(၁) နှင့်ပေါင်းရန် ပြည်လမ်းမကြီး အတိုင်းမြောက်ဘက်သို့ချီတက်ရာ တပ်မတော်(လေ)မှ လေယာဉ် များက ဝါးနက်ချောင်းအနီးတွင် ပစ်ခတ်တိုက်ခိုက်၍ တပ်ပြိုသည်။[၆] ကရင်သူပုန်တို့ဆူပူ လှုပ်ရှား

---

၁ (က) ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း
(ခ) သိန်းဖေမြင့်– **ကျော်ငြိမ်း** မျက် ၁၁၈–၁၁၉

၂ **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက်၅၃–၅၉

၃ **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက် ၆၁၂

၄ (က) ဗိုလ်မှူးကြီး(ဟောင်း) တင်မောင် – **တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန်** မျက် ၁၁၅
(ခ) **သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ၊ နောက်ဆက်တွဲ ၆**

၅ **သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ၊ နောက်ဆက်တွဲ ၆**

၆ **သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ၊ နောက်ဆက်တွဲ ၆**

လာစအချိန်၊ တပ်ရင်း(၆)သည် လေယာဉ်ကွင်းစခန်းမှပဲခူးမြို့တွင်းသို့ ပြောင်းရွှေ့ပြီးကာလ၌ ဗိုလ်ဇေယျက ကေအင်ဒီအို အရေး တွေ့ဆုံဆွေးနွေးလိုကြောင်း တပ်ရင်း(၆)သို့ စာပေးပို့သဖြင့် တပ်ရင်း(၆) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး နှင့် ဗိုလ်မှူးတင်မောင်တို့က လက်ခံတွေ့ဆုံ၍ ဗိုလ်ချုပ်နေဝင်းထံ တိတ်တဆိတ်ပို့လွှတ်ပေးရသည်။ သို့ရာတွင် ဗိုလ်ဇေယျတို့က ကရင်အရေးနှင့် အကြပ်ကိုင်၍ တောင်းဆိုချက်များ ပြုလုပ်လာခဲ့သဖြင့် ဆွေးနွေးပွဲအောင်မြင်ခြင်းမရှိခဲ့ချေ။[၁]

သမိုင်းကြောင်းအရ ကရင်အမျိုးသားများနှင့် ဗမာအမျိုးသားများ အကြားတွင် ပဋိပက္ခများ၊ အာဃာတများ၊ အပြန်အလှန်မယုံကြည်မှုများ ရှိခဲ့သည်ကို အခြေခံ၍ လည်းကောင်း၊ ကရင်အမျိုးသားအချို့က ဗြိတိသျှတို့အပေါ် အားကိုးယုံကြည်မှုရှိခြင်းကိုအခြေခံ၍လည်းကောင်း၊ သီးခြား လွတ်လပ်သော ကရင်ပြည်နယ်ထူထောင်ရေးကို အစဉ်တစိုက် တောင်းဆိုလာခဲ့သော ကရင်အမျိုးသားအချို့သည် ကေအင်ဒီအို ဖွဲ့စည်း၍ လက်နက်ကိုင်လှုပ်ရှားလာခဲ့သည်။ ကန်ဒီ စာချုပ်အရ ဗမာ့တပ်မတော်ဖွဲ့စည်းခဲ့ရာတွင်လည်း လူမျိုးစုအလိုက်တပ်ရင်းများ[၂] ဖွဲ့စည်းရေးကို သဘောတူညီခဲ့ကြ၍အခြားလူမျိုးစုတပ်ရင်းများနှင့်အတူ ကရင်လူမျိုးစုတပ်ရင်းများလည်း အောက်ပါအတိုင်း ရှိနေခဲ့သည်–

(၁) ဒုတိယဗိုလ်မှူးကြီး စောမင်းမောင်အုပ်ချုပ်သည့် အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းသည် တောင်ငူတွင်ရှိသည်။

(၂) ဒုတိယဗိုလ်မှူးကြီးစောမြမောင်အုပ်ချုပ်သည့် အမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်းသည် ပြည်မြို့တွင်ရှိသည်။

(၃) ဒုတိယဗိုလ်မှူးကြီးစောဒီထူး အုပ်ချုပ်သည့် အမှတ်(၃)ကရင်သေနတ်ကိုင်တပ်ရင်းသည်မင်္ဂလာဒုံ(?)လေးတွင် ရှိ၍၊ ပခုက္ကူနှင့် လှိုင်ကော်မြို့များတွင် တပ်ခွဲများရှိသည်။

ထိုတပ်ရင်းများအပြင် ညောင်လေးပင်၌ရှိသော အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်းကိုအုပ်ချုပ်လျက်ရှိသူမှာ ဒုတိယဗိုလ်မှူးကြီးစောမှုဒီ ဖြစ်၍ တပ်သားထက်ဝက်ကျော်မှာ ကရင်အမျိုးသားများဖြစ်ပြီး ကျန်သူများမှာ အခြားတိုင်းရင်းသား များဖြစ်ကြသည်။ ရန်ကုန်မြို့တွင်ရှိနေသောဂေါ်ရခါးတပ်ရင်း ဖြစ်သည့် အမှတ်(၄)ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီး ကယ်လ်ဗင်အိုဖြစ်၍ကရင်အရာရှိများအနားပေးချိန်တွင် ဒုတိယဗိုလ်မှူးကြီးတန်ယုဆိုင်ကအုပ်ချုပ်သည်။[၃] ၁၉၄၉ ခုနှစ်ဇန်နဝါရီလ ၂၇ရက်နေ့တွင် အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းက

---

[၁] ဗိုလ်မှူးကြီး(ဟောင်း) တင်မောင် – **တိုင်းပြည်ကနနမှန်တိုင်းကထန်ထန်** မျက် ၁၃၂–၁၃၈

[၂] Class Battalions

[၃] ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၇–၁၀

တောင်ငူမြို့ကိုသိမ်း ပိုက်သည်။[၁] သို့ဖြစ်၍ဇန်နဝါရီလ ၃၁ရက်နေ့တွင် စစ်ရုံးရှိကရင်တပ်များမှ လက်နက်သိမ်းရန်ညွှန်ကြား၍[၂] ၁၉၄၉ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကရင်အမျိုးသား အရာရှိစစ်သည်အားလုံးကို တပ်မတော်မှအနားပေးခဲ့ပြီးဗိုလ်ချုပ်နေဝင်းသည် ဗမာ့တပ်မတော် စစ်ဦးစီးချုပ်တာဝန်ထမ်းဆောင်သည်။ အမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်းသည် ဖေဖော်ဝါရီလ ၄ရက်နေ့တွင် ပြည်မြို့ကိုသိမ်းယူ၍ ၅ရက်နေ့တွင်ရန်ကုန်သို့ဦးတည်လျက် ဆင်းလာသည်။ မန္တလေးမြို့တွင်ရှိသည့် ဒုတိယ ဗိုလ်မှူးကြီး စောဒီထူး၏ အမှတ်(၃)ကရင်သေနတ်ကိုင်တပ်ရင်း မှာမူပခုက္ကူနှင့်လှိုင်ကော်ရှိတပ်ခွဲများမှအပကျန်တပ်များအားလုံးလက်နက်သိမ်းယူခြင်းခံရသည်။[၃] ဒုတိယဗိုလ်မှူးကြီးစောဒီထူးသည် လက်နက်သိမ်းယူရန်ပခုက္ကူရှိ ဗိုလ်ကြီးစောစံထွန်း၏တပ်ခွဲကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် သွားရောက်ခေါ်ယူခဲ့ရာ မြင်းခြံသို့အရောက်တွင် မိတ္ထီလာမှ ကေအင်ဒီအို ၄၀၀ခန့်မြင်းခြံသို့ ရောက်ရှိလာပြီး ဗိုလ်ကြီးစောစံထွန်းတပ်ခွဲသည် ကေအင်ဒီအိုများ နှင့်ပေါင်း၍ မြင်းခြံကိုသိမ်းသည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောဒီထူးကိုမူ ဗိုလ်မှူးကြီး အဆင့် ပေးပြီး မိတ္ထီလာစစ်မျက်နှာတပ်မှူးကြီးတာဝန်ယူရန်ပြောသော်လည်း လက်မခံ၍ချုပ်နှောင်ထား သည်။[၄] လှိုင်ကော်မြို့တွင်လည်းတပ်ခွဲနှစ်ခွဲကို ဒုတိယဗိုလ်မှူးကြီး လျှင်ချင်ဇန် ဦးစီးသည့် အမှတ် (၃)ချင်းသေနတ်ကိုင်တပ်ရင်းက အထက်အမိန့်အရ လက်နက်သိမ်းရာ ကရင်တပ်ခွဲများက အသိမ်း မခံဘဲတောခိုသည်။[၅] ပျဉ်းမနားရှိ ကချင်သေနတ်ကိုင်တပ်ဖွဲ့ကိုလည်း ဗိုလ်ကြီးနော်ဆိုင်းက ဦးဆောင်၍ ကေအင်ဒီအိုတို့နှင့်ပူးပေါင်း သည်။[၆]

ဤသို့ဖြင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် နိုင်ငံရေးအဖွဲ့အစည်းအရ လည်းကောင်း၊ ဝါဒရေးအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း အမျိုးသားစည်းလုံး ညီညွတ်မှု ပျက်ပြား၍ ပြည်တွင်းသောင်ကျန်းမှု စစ်မီးသည် တညီးညီး အရှိန်အဟုန်ပြင်းစွာ တောက်လောင်ခဲ့သည်တွင် တောမီးလောင်၊ တောင်ကြောင်လက်ခမောင်းခတ်သည့် အစဉ်အလာ အတိုင်း စစ်အတွင်းကပျံ့နှံ့ခဲ့သည့် လက်နက်များကိုင်ဆွဲကာ လုယက်တိုက်ခိုက်မှုများသည် ထူပြောစွာ ပေါ်ပေါက်လာပြီး တရားဥပဒေစိုးမိုးရေးသည်လည်း ထိပါးပျက်ပြားလာလေသည်။

---

၁ (က) ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၈
(ခ) ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်– **တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက် ၁၂၉

၂ ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၁၃

၃ ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၈–၉

၄ ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက်၂၃–၂၇

၅ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်– **တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက်၁၂၇–၁၂၉

၆ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်– **တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက်၁၃၃–၁၃၄

စစ်ခေါ ကြည့်တိုက်



## ကေအင်ဒီအိုတို့၏ ဆူပူသောင်းကျန်းမှုများနှင့် ကရင်သေနတ်ကိုင်တပ်ရင်းများ တောခိုခြင်း နယ်ချဲ့ပယောဂကြောင့် လူမျိုးရေးအာဃာတများပေါ်ပေါက်ရခြင်း

မြန်မာနိုင်ငံကို အင်္ဂလိပ်ကစစ်ပွဲသုံးကြိမ်ဖြစ်ပွားအောင်ဖန်တီးပြီးနောက်မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၅ခုနှစ်တွင် သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့တို့၏ ပရိယာယ်တစ်ခုဖြစ်သော "သွေးခွဲအုပ်ချုပ်ရေးစနစ်"[၁] ဖြင့် အုပ်ချုပ်သောကြောင့် မြန်မာနိုင်ငံတွင်းရှိ လူမျိုးစုများအတွင်း သံသယများ၊ အာဃာတများ၊ မုန်းတီးမှုများပေါ်ပေါက်ခဲ့ရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကရင်တိုင်းရင်းသားများနှင့် မြန်မာတိုင်းရင်းသားတို့အကြားတွင် လူမျိုးရေးသံသယများ၊ အာဃာတ များ၊ မုန်းတီးမှုများဖြစ်အောင် နယ်ချဲ့အင်္ဂလိပ်ကဖန်တီးခဲ့သောကြောင့် ယင်းအကြောင်း တရားများ ၏အကျိုးဆက်အဖြစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ရာ၌ ကေအင်ဒီအို[၂] ခေါ် ကရင်လက်နက်ကိုင်အဖွဲ့အစည်းနှင့် ကရင်သေနတ်ကိုင် တပ်ရင်းများတောခိုကာ ဆူပူသောင်းကျန်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပေ သည်။

နယ်ချဲ့အင်္ဂလိပ်က မြန်မာတစ်နိုင်ငံလုံးကို စတင်သိမ်းပိုက်အုပ်ချုပ်ချိန်ကပင် ကရင်နှင့် မြန်မာကိုသွေးကွဲစေရန် သွေးခွဲခဲ့သည်။ ဤကဲ့သို့ပြုလုပ်ခဲ့သည့်လုပ်ရပ်များတွင်လည်း အမေရိကန်နှင့် အင်္ဂလိပ်ခရစ်ယာန်သာသနာပြုများကလည်း တစ်ခန်းတစ်ကဏ္ဍမှပါဝင်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် ၁၈၈၅ခုနှစ်တွင် ထီးကျိုးစည်ပေါက်သူ့ကျွန်ဘဝရောက်ခဲ့ရသော်လည်း မြန်မာ့ထီးကနက်ကိုပြန်လည်စိုက်ထူရန် မျိုးချစ်မြန်မာနှင့် တိုင်းရင်းသားများက နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ဆင်နွှဲခဲ့သည့် နယ်ချဲ့တော်လှန်ရေးများကို နှိမ်နင်းရန် အင်္ဂလိပ်က ကရင်လူမျိုးများအားလက်နက်တပ်ဆင်ပေးပြီး အသုံးပြုခဲ့ကြသည်။ ယင်းသို့ ကရင်လက်နက်ကိုင် အဖွဲ့အစည်းများကို စုစည်းပြီး မျိုးချစ်မြန်မာတော်လှန်ရေးတပ်သားများကို နှိမ်နင်းတိုက်ခိုက်စေ ရာတွင် အင်္ဂလိပ်နှင့် အမေရိကန်ခရစ်ယာန်သာသနာပြုများလည်းပါဝင်ခဲ့ပေသည်။[၃]

၁၈၈၇ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် စစ်တပ်အတွင်းသို့ မြန်မာလူမျိုးများအား ပါဝင်ခွင့်ကို ရပ်ဆိုင်းလိုက်ပြီး ကရင်လူမျိုးများနှင့် နောင်အခါတွင် ကချင်၊ ချင်းစသည့်တောင်တန်းသားများကိုသာ စုဆောင်းပါဝင်စေခဲ့သည်။ ၁၈၈၇ခုနှစ်တွင် အထက်မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့်နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလှုပ်ရှားမှုများကို နှိမ်နင်းရန် ကရင်လက်နက်ကိုင်တပ်ဖွဲ့ တစ်ခု

---

၁ Divide and Rule Policy.

၂ KNDO(Karen National Defence Organization)

၃ John F.Cady -**The United States and Burma.** p.89

ကိုအသုံးပြုခဲ့သည်။[၁] ထို့ကြောင့် ကရင်နှင့်မြန်မာလူမျိုးများအကြား အမြင်မကြည်လင်မှုများ၊ အာဃာတများ၊ အမုန်းတရားများသည် အကျိုးဆက်များအဖြစ်ပေါ်ပေါက်ခဲ့ရသည်။ အလားတူပင် အောက်မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့် နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးများတွင်လည်း မျိုးချစ်မြန်မာအင်အားစုများကို နှိမ်နင်းတိုက်ခိုက်ရန် ကရင်လူမျိုးများကို နယ်ချဲ့အင်္ဂလိပ်ကအသုံးချခဲ့ကြသည်။ တောင်ငူတွင် ဖြစ်ပွားသည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ကရင်လူမျိုးများကို ခရစ်ယာန်သာသနာပြုများက ဦးဆောင်မှုပေးကာ တော်လှန်ရေးအင်အားစုများကို တွန်းလှန်တိုက်ခိုက်စေသည်။ မဟာဝန်ရှင်တော်မင်းကြီးဘားနဒ်[၂] ကလည်းလက်နက်များတပ်ဆင်ပေးခဲ့သည်။[၃]

နယ်ချဲ့အင်္ဂလိပ်၏ သွေးခွဲအုပ်ချုပ်မှုစနစ်နှင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း သွေးကွဲစေရန်ဆောင်ရွက်ခဲ့သည့် လုပ်ရပ်များနှင့် ပတ်သက်၍ဖော်ပြရန်ထင်ရှားသည့် သာဓကတစ်ရပ်မှာ ဒေါနယ်မက္ကင်ဇီစမီတန်[၄] ဆိုသူရေးသားသည့် "ဗြိတိသျှအစိုးရအပေါ်သစ္စာစောင့်သိသည့်မြန်မာနိုင်ငံမှ ကရင်လူမျိုးများ "[၅] စာအုပ်တွင် မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်စိုးမှုကို အခွန့်ရှည်စေရန်ရဲဝန့်စွန့်စားစွာနှင့် သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့သူများမှာ ကရင်လူမျိုးများပင်ဖြစ်ကြောင်း၊ ကရင်လူမျိုးများသာသစ္စာရှိစွာ၊ ရဲဝန့်စွန့်စားစွာဗြိတိသျှအစိုးရ၏ အမှုတော်ကိုထမ်းဆောင်ခြင်းမပြုခဲ့လျှင် မျိုးချစ်မြန်မာတော်လှန်ရေးအင်အားစုများသည် အောက်မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း၊ ထိုနယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးစစ်ပွဲတွင် ကရင်လူမျိုးများသာမြန်မာများဘက်မှပါဝင်ပါက ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်အုပ်ချုပ်ရန်အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း စသဖြင့်ရေးသားဖော်ပြထားသည်ကို ထောက်ရှုခြင်းဖြင့် သိသာနိုင်မည်ဖြစ်ပေသည် ။[၆]

ကရင်များ၏ လူမျိုးရေးသွေးကွဲမှုစိတ်ဓါတ်မှာ ၁၈၈၁ခုနှစ်ကတည်းကပင် အရှိန်ရစပြုပြီးဖြစ်ပေသည်။ကရင်လူမျိုးများသည် ၁၈၈၁ခုနှစ်တွင် "ဒေါကလူ" ခေါ် ကရင်အမျိုးသားအသင်း[၇] ကိုတည်ထောင်ဖွဲ့စည်းခဲ့သည်။ ကရင်အမျိုးသားအသင်းသည် နိုင်ငံရေးအသင်းအဖွဲ့အသွင်ဖြင့် ခရစ်ယာန်ဘာသာဝင်ကရင်များနှင့် ခရစ်ယာန်ဘာသာဝင်မဟုတ်သောကရင်များ၊ အခြားကရင်မျိုးနွယ်စုများပေါင်းစည်းရေးကိုဦးတည်ပြီး ရည်ရွယ်ချက်များအဖြစ် ဗြိတိသျှအာဏာ

---

၁ John F.Cady -**The United States and Burma.** p.89

၂ Commissioner Bernard.

၃ J.F. Cady **A History of Modern Burma.** pp.138-139.

၄ Donald Mackenzie Smeaton.

၅ The Loyal Karens of Burma.

၆ Donald Mackenzie Smeatin **The Loyal Karens of Burma.** p.1.

၇ Karen National Association

ပိုင်များနှင့် နားလည်မှုရရှိရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကရင်လူမျိုးများ၏ လူမှုရေး၊ စီးပွားရေး တိုးတက်မှုများကို ပညာပေးခြင်းဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ရေးနှင့် ကရင်လူမျိုးများအားမြန်မာလူမျိုးတို့၏ လွှမ်းမိုးခြင်းမှ ကာကွယ်စောင့်ရှောက်ရေးစသည်တို့ဖြစ်သည်။ ယင်းကရင်အမျိုးသားအသင်းကိုလည်း ခရစ်ယာန်သာသနာပြုများက ဦးဆောင်လမ်းညွှန်မှုများပြုလုပ်ခဲ့ကြသည်[၁]။ ၁၉၂၈ခုနှစ်တွင် ဝတ်လုံတော်ရစောဖေသာက ကရင်ဗုဒ္ဓဘာသာများဖြင့် "မြန်မာပြည်ကရင်အမျိုးသားအဖွဲ့. " ကို တည်ထောင်သည်။ ယင်းအဖွဲ့.သည် "ဒေါ်ကလူ" အဖွဲ့.ကဲ့သို့ပင် မြန်မာပြည်ဥပဒေပြုအဖွဲ့.တွင် ပါဝင်ဆောင်ရွက်ပြီး အဖွဲ့.ဝင်များမှာ အများအားဖြင့် ဗုဒ္ဓဘာသာများ ဖြစ်ကြသောကြောင့် မြန်မာလူမျိုးများနှင့်ပိုမိုရင်းနှီးချစ်ကြည်မှု ကို လိုလားကြသည်။[၂]

၁၉၃၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ရက်နေ့တွင် ပေါ်ပေါက်ခဲ့သည့် ဆရာစံ ဦးဆောင်သောတောင်သူလယ်သမားအရေးတော်ပုံကြီးတွင်လည်း အရေးတော်ပုံတပ်သားများကို နှိမ်နင်းရန် နယ်ချဲ့.အင်္ဂလိပ်အစိုးရက ကရင်လူမျိုးများကို အသုံးချခဲ့သည်။နယ်ချဲ့.အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့သည့် ၁၈၈၆ခုနှစ်က ပေါ်ပေါက်ခဲ့သော နယ်ချဲ့.တော်လှန်ရေးအင်အားစုများကို နှိမ်နင်းရန် ကရင်လူမျိုးလက်နက်ကိုင်အဖွဲ့.များကို အသုံးချသကဲ့သို့ ၁၉၃၁ခုနှစ်တွင်လည်း နယ်ချဲ့.အင်္ဂလိပ်အစိုးရက ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးကို ဖြိုခွဲရန်ကရင်လူမျိုးလက်နက်ကိုင်အဖွဲ့.များကို အသုံးပြုခဲ့သည်။ ကရင်လူမျိုးလက်နက်ကိုင်အဖွဲ့.များသည် ဆရာစံ၏ ဂဠုန်တပ်ဖွဲ့.များ၏ တိုက်ခိုက်မှုများကို တွန်းလှန်ကြသကဲ့သို့ နယ်ချဲ့.အင်္ဂလိပ်အစိုးရက ဂဠုန်တပ်ဖွဲ့.များကို ထိုးစစ်ဆင်ရာတွင်လည်း ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့ကြသည်[၃]။ ဤအချက်များကား နယ်ချဲ့.ပယောဂကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်းစိတ်ဝမ်းကွဲရသည့် အချက်များပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက် ၁၉၄၂နှစ်ခုတွင်ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ မြန်မာနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်လာသောအခါ နယ်ချဲ့.အင်္ဂလိပ်စစ်တပ်များသည် မြန်မာနိုင်ငံအတွင်းတွင် မြေလှန်စနစ်ကိုကျင့်သုံးခဲ့ကြသည်။နယ်ချဲ့.အင်္ဂလိပ်.စစ်တပ်များသည် ရန်ကုန်မြို့.တွင်အရေးကြီးသည့် အာရှ၊ အီး၊ တီ ဓါတ်အားပေးစက်ရုံကြီး၊ မော်လမြိုင် အင်၊ အီး၊ အက်စ် ဓါတ်အားပေးစက်ရုံကြီး၊ မြန်မာပြည် မီးရထားခေါင်းတွဲစက်ရုံကြီး၊ ရေနံဝတီမီးသင်္ဘောကြီးငယ်များမှအစ ရေနံမြေ ရေနံထုတ်လုပ်ရေးနှင့် ပတ်သက်သောရေနံတွင်း

---

[၁] J.F. Cady **A History of Modern Burma** p.138.

[၂] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ– **ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၁၀

[၃] J.F.Cady **A History of Modern Burma** p.317.

များ၊ သံလျှင်ရေနံချက်စက်ရုံများအားလုံး၊ ပို့ဆောင်ရေးမော်တော်ယာဉ်များအားလုံး၊ သရက်၊ အာလံ(ယခုအောင်လံ) ရှိဘိလပ်မြေစက်၊ ဆီစက်၊ ဝါစက်များ၊ မြင်းခြံမြို့ ဝါနှင့်ချည်မျှင်စက်၊ ဆပ်ပြာစက်များ၊ နမ္မတူနှင့် မော်ချီးဘော်တွင်းများ၊ စစ်ကိုင်းရှိအင်းဝတံတားကြီး စသည်တို့ကို ဖျက်ဆီးပစ်ခဲ့ကြသည်။ထို့ပြင် နယ်ချဲ့အင်္ဂလိပ်စစ်တပ်များသည် ဧရာဝတီမြစ်ညာအရောက်တွင် လှေစီးနှင့်ကုန်တင်သင်္ဘောအားလုံးကို ဖေါက်ခွဲနှစ်မြှုပ်ပစ်ခြင်း၊ ငွေစက္ကူများကို မီးရှို့ပစ်ခြင်း၊ ငွေဒင်္ဂါးများကို ရေထဲသို့ သွန်ချခြင်း၊ မီးရထားတွဲများအားဖျက်ဆီးပစ်ခြင်း စသည်တို့ကိုပြုလုပ်သွားခဲ့ကြသည်။[၁]

ထို့မှုမကနယ်ချဲ့အင်္ဂလိပ်စစ်ပြေးအစိုးရသည် မြန်မာနိုင်ငံတွင်းသို့ ချီတက်ဝင်ရောက်လာသည့် ဂျပန်တပ်များနှင့်ပတ်သက်၍ သတင်းပေးရန် ၊ ဂျပန်တို့ကို ပြောက်ကျားစစ်ဖြင့် ဆင်နွှဲတိုက်ခိုက်ရန် ပဉ္စမ်တပ်သားများအဖြစ် အင်္ဂလိပ်စစ်တပ်မှ ကရင်တပ်သားအချို့ကို လက်နက်ခဲယမ်းမီးကျောက်နှင့် ငွေကြေးအပြည့်အစုံ ပေးအပ်ကာ ကိုယ်ရောင်ဖျောက်နေထိုင်ရန် ညွှန်ကြားခဲ့သည်။ ဗြိတိသျှတပ်မှ မိုလ်မှူးဆီးဂရင်း [၂] ဆိုသူသည် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါတွင် လိုက်ပါသွားခြင်းမပြုဘဲ ကရင်နီနယ်တွင် နောက်ချန်နေရစ်ပြီး ဒေသခံတိုင်းရင်းသားလူမျိုးများကို စည်းရုံးသိမ်းသွင်းကာ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။[၃] ဖာပွန်တွင်ယင်းကရင်လက်နက်ကိုင်ပြောက်ကျားများနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့တိုက်ပွဲဖြစ်ပွားကာ နှစ်ဖက်စလုံးအကျအဆုံးများခဲ့ရသည်။ ထိုအတောအတွင်းမြောင်းမြစီရင်စု၊ ဗမာ့လွတ်လပ်ရေးတပ်မတော်အုပ်ချုပ်ရေးဆိုင်ရာ သခင်အချို့နှင့် အင်္ဂလိပ်တို့ချန်ထားခဲ့သည့် လက်နက်ကိုင် ကရင်တပ်သားအချို့တို့တစ်ဦးအပေါ်တစ်ဦးအထင်အမြင်လွဲမှားမှုကြောင့်လူမျိုးရေး ပဋိပက္ခအသွင် ဆောင်သည့်အဓိကရုဏ်းကြီးပေါ်ပေါက်ခဲ့ရာ ကရင်–မြန်မာနှစ်ဖက်စလုံး အတန်ပင်နစ်နာဆုံးရှုံးခဲ့ကြရသည်။ သို့သော်ထိုပဋိပက္ခမှာ ကရင်–မြန်မာ နှစ်ဖက်ခေါင်းဆောင်များ၏ လျင်မြန်စွာ ဖြေရှင်းပေးမှုကြောင့်ဆက်လက်ပြန့်ပွားမှုမရှိဘဲပြေငြိမ်းခဲ့ရသည်။[၄]

## ကရင်ပြည်နယ်ရရှိရေး

ကရင်လူမျိုးများသည်နယ်ချဲ့၏ပယောဂကြောင့် မြန်မာလူမျိုးများထက် ဗြိတိသျှတို့အား ပိုမိုအားကိုးကြသည်။ မဟာမိတ်တပ်များ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးနောက်

---

၁ တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးအဖွဲ့–**တို့ဗမာအစည်းအရုံးသမိုင်း(ဒုတိယတွဲ)** မျက် ၅၅၈–၅၅၉

၂ Major Seagrim

၃ Ian Morrism-**Grandfather Longlegs** P.200

၄ တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးအဖွဲ့.–**တို့ဗမာအစည်းအရုံးသမိုင်း(ဒုတိယတွဲ)** မျက် ၅၅၉

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူတစ်ရပ်လုံးက လုံးဝလွတ်လပ်ရေးရရှိရန်မျှော်မှန်းချက်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများ စတင်ဆောင်ရွက်ကြရာတွင် ကရင်လူမျိုးများကလည်း သီးခြားပြည်နယ်တည်ထောင်ရေးအတွက် စိုင်းပြင်းလာကြသည်။ "ကရင်ဆိုရှယ်ဆားဗစ်ဆက်ကလပ်"[၁]ခေါ်ကရင်ပေါင်းသင်းဆက်ဆံရေးအသင်းကမြန်မာတစ်နိုင်ငံလုံးရှိ ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်သည့်ဒေသများမှ ကရင်လူမျိုးများကို ရန်ကုန်မြို့တွင်စုစည်းပြီး လူထုအစည်းအဝေးကြီးတစ်ရပ်ကို ၁၉၄၅ခုနှစ်၊ဇွန်လ၃၀ရက်နေ့မှ ဇူလိုင် ၅ ရက်နေ့အထိကျင်းပပြုလုပ်ကာ "ကရင်ဗဟိုအစည်းအရုံး"[၂]ကိုဖွဲ့စည်းသည်။အစည်းအရုံးဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ကရင်လူမျိုးများ နိုင်ငံရေးအားဖြင့် တစ်စည်းတစ်ရုံးတည်းဖြစ်စေရန် ဖြစ်သည်။ အစည်းအဝေးမှ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးခရိုင်မှ ညောင်လေးပင်ခရိုင်ခွဲ ၊ထိုင်းနိုင်ငံနယ်စပ်နှင့် ဆက်စပ်လျက်ရှိသည့် ကရင်လူမျိုးများနေထိုင်ရာ ဒေသများကိုပေါင်းစပ်ပြီး ကရင်ပြည်နယ်အဖြစ် ဖွဲ့စည်း၍ ဗြိတိသျှဘုရင်ခံ၏လက်အောက်တွင် ကရင်လူမျိုးများက အုပ်ချုပ်စေရန်ဆုံးဖြတ်သည်။[၃] ထို့အပြင် အစည်းအဝေးမှ စောဘဦးကြီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်၍ သီးခြားကရင်ပြည်နယ်ရရှိရေးအတွက် ဗြိတိသျှအာဏာပိုင်များထံ တင်ပြတောင်းဆိုရန်လည်း ဆုံးဖြတ်ကြသည်။

၁၉၄၆ခုနှစ်၊ဖေဖေါ်ဝါရီလ၄ရက်နေ့မှ၆ရက်နေ့အထိရန်ကုန်မြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်ညီလာခံကိုကျင်းပပြီး ကရင်ဗဟိုအစည်းအရုံးက သီးခြားကရင်ပြည်နယ်တည်ထောင်ရေးအဆိုကိုတင်သွင်းသည်။ အချို့သောကရင်ကိုယ်စားလှယ်များကယင်းကိစ္စမှာ စောလွန်းသေးသည်ဟုယူဆကာ ကန့်ကွက်ကြသော်လည်းအဆိုမှာအတည်ဖြစ်သွားသည်။၁၉၄၆ခုနှစ်၊ဇူလိုင်လတွင် မစ္စတာ ဆစ်(ဒ်) နီလူနီ[၄]၊စောဘိုးချစ်၊ စောသာဒင်နှင့်စောဘဦးကြီးတို့ပါဝင်သော ကရင်ကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့စေလွှတ်ပြီး ဗြိတိသျှအစိုးရ၏ သဘောထားကို စုံစမ်းစေသည်။ ကရင်ကိုယ်စားလှယ် အဖွဲ့သည်မြန်မာများက ကရင်လူမျိုးများအား မျိုးပြုတ် အောင်လုပ်နေကြသည်၊ ထို့ကြောင့်ဗြိတိသျှပါလီမန်က ကရင်နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာအောင် အထူးအက်ဥပဒေ ပြုလုပ်ပေးပါဟု တောင်းဆိုသောစာတမ်းတစ်ခု[၅]ကို အင်္ဂလန်နိုင်ငံတွင် ရိုက်နှိပ်

---

၁ Karen Social Services Club

၂ Karen Central Organization

၃ (က) ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ –ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု မျက် ၁၃

(ခ) Hugh Tinker - Burma, The Struggle for Independence 1944-1948. Vol I p.494

၄ Mr.Sydney Loo Nee

၅ The Case for the Karens

ဖြန့်ဝေခဲ့သည်။ သို့သော်ယင်းတို့၏ရည်မှန်းချက် အောင်မြင်မှုမရရှိခဲ့ပေ။[၁]

ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ ကရင်ဗဟိုအစည်းအရုံးကြီးက ရန်ကုန်မြို့တွင် ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်မှ ၆ ရက်နေ့အထိ ညီလာခံတစ်ရပ်ကျင်းပပြီး အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ကရင်ကိုယ်စားလှယ် အဖွဲ့ အောင် မြင်မှုမရရှိခဲ့ပုံ ကိုရှင်းလင်းပြောကြားပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ရှုတ်ချသည်။ စောဘဦးကြီးကိုလည်းဘုရင်ခံ၏အမှုဆောင်ကောင်စီမှနုတ်ထွက်စေကာ "ကရင်ဗဟိုအစည်းအရုံး" (ကေစီအို)ကိုလည်း "ကရင်အမျိုးသားသမဂ္ဂ" (အေအင်ယူ)[၂]ဟုပြောင်းလဲမှည့်ခေါ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်ချက်ကို သဘောမတူသော "ကရင်လူငယ်များအစည်းအရုံး" (ကေဝိုင်အို)[၃]သည် ကရင်အမျိုးသားသမဂ္ဂ (ကေအင်ယူ)မှခွဲထွက်ပြီး ၁၉၄၇ ခုနှစ်၊မတ်လတွင် သီးခြားအဖွဲ့အစည်း တည်ထောင်ကြသည်။[၄]

**ကေအင်ဒီအိုဖွဲ့စည်းခြင်း**

ကေအင်ယူအဖွဲ့ချုပ်သည် ၁၉၄၇ ခုနှစ်၊မေလတွင် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့[၅]ကို ဖွဲ့စည်းပြီး ဇူလိုင်လတွင် ကာကွယ်ရေးသင်တန်းများကို စတင်ခဲ့သည်။ ထိုသင်တန်းဖွင့်ပွဲတွင် စောဘဦးကြီးက ကရင်အမျိုးသား တို့သည် အမျိုးသားနိုင်ငံထူထောင်ရန် လိုလားနေကြပြီဖြစ်ကြောင်း၊ ကရင်လူငယ်များအစည်းအရုံး (ကေဝိုင်အို) ဥက္ကဋ္ဌ စောစံဘိုးသင်သည်နိုင်ငံရေးအရောင်အသွေး ပြောင်းသွားပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ အမှန်မှာ ကေဝိုင်အိုအဖွဲ့သည် အခြေခံဥပဒေအရ ထူထောင်ပေးမည့် ကရင်ပြည်နယ်ကိုသာ လိုလားကြသည်။ကေအင်ယူအဖွဲ့နှင့် အပြိုင်စည်းရုံးလှုပ်ရှားမှုများကို ကေဝိုင်အိုအဖွဲ့ကလုပ်ဆောင်ခဲ့သည်။ ကေအင်ယူအဖွဲ့က တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို သပိတ်မှောက်သော်လည်း ကေဝိုင်အိုအဖွဲ့ကထောက်ခံ၍ ပါဝင်အရွေးခံခဲ့သည်။[၆]

---

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ -**ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၁၄

၂ Karen National Union ( KNU )

၃ Karen Youth Organization ( KYO )

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ -**ကေအင်ဒီအိုဆူပူသောင်းကျန်းမှု** မျက် ၁၃-၁၄

၅ Karen National Union Defence Organization( KNUDO ) ၁၉၄၇ခုနှစ် ဩဂုတ်လတွင် **ထိုအဖွဲ့ကို**Karen National Defence Organization (KNDO)ဟုပြောင်းလဲခေါ်ဝေါ်သည်။

၆ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့-**၁၉၅၈ -၁၉၆၂မြန်မာ့နိုင်ငံရေး၊ပထမတွဲ** မျက် ၈၇-၈၈

၁၉၄၇ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၀တွင် **"ကရင်နီပြည်နယ်သံလွင်ခရိုင်၊ ထိုပြင်နိုင်ငံတော်သမ္မတက ခန့်ထားသည့်အထူးကော်မရှင်အဖွဲ့က သတ်မှတ်သောကရင်အမျိုးသားများ နေထိုင်ကြသည့် ကရင်နီပြည်နယ်နှင့် သံလွင်ခရိုင်တို့၏ ဆက်စပ်ဒေသများကို ထိုဒေသသုံးခု၌ နေထိုင်ကြသူများနှင့်တကွ ထိုဒေသမှ အပဖြစ်သောမြန်မာနိုင်ငံ၌နေထိုင်ကြသည့် ကရင်အမျိုးသားများအနက် များရာကအလိုရှိခဲ့သော် ပြည်ထောင်စုနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုအဖြစ်ဖြင့် ဖွဲ့စည်းရမည်။ ထို ပြည်ထောင်စုအဖွဲ့ဝင်ကိုကရင်ပြည်နယ်ဟုခေါ်ရမည့်အပြင် ရှမ်းပြည်နယ်၏ အဆင့်အတန်းမျိုးကို လည်း ရရှိစေရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။ အထက်ပါပုဒ်မခွဲတွင် ဖော်ပြထားသော ဒေသအသီး သီးရှိလူအများ၏ ဆန္ဒအမှန်ကို စုံစမ်းရာ၌ လိုက်နာရန်ဖြစ်သော လမ်းတို့မှာပြည်ထောင်စုနိုင်ငံ၏ တရားဥပဒေက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်" ဟူ၍ပြဋ္ဌာန်းထားသည်။**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၁တွင်လည်း–

> "ပုဒ်မ ၁၈၀အရ "ကရင်ပြည်နယ်" ကို ဖွဲ့စည်းတည်ထောင်ခြင်းမပြုရသေးမီ အတွင်း သံလွင်ခရိုင်နှင့်တကွ နိုင်ငံတော်သမ္မတကခန့်အပ်သော ကော်မရှင် အဖွဲ့ကသတ်မှတ်သည့် အဆိုပါခရိုင်နှင့် ဆက်စပ်လျှက်ရှိသောနယ်မြေများကို လွယ်ကူစွာအုပ်ချုပ်နိုင်မှုအတွက် အစီအစဉ် အချို့ထားလျက် "ကော်သူလေး" ဌာနဟုခေါ်တွင်သည့် အထူးဒေသတစ်ရပ်ရှိစေရမည်"

ဟုပြဋ္ဌာန်းထားလေ သည်။[၁]

ထိုသို့ပြဋ္ဌာန်းထားသည်ကိုလည်း ကေအင်ယူအမှူးပြုသည့် ကရင်ခေါင်းဆောင်များကလက်မခံကြပေ။၁၉၄၇ခုနှစ်၊အောက်တိုဘာလ၃ရက်နေ့မှ၄ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကေအင်ယူမှ ကြီးမှူးပြီး ကရင်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ ညီလာခံတစ်ရပ်ကို ကျင်းပပြုလုပ်သည်။ ယင်းညီလာခံမှပြည်ထောင်စုမြန်မာနိုင်ငံ၊ တိုင်းပြုပြည်ပြုလွှတ်တော်မှ ရေးဆွဲ သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကို ဤကရင်ညီလာခံကြီးမှ လက်မခံနိုင်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ကရင်အမျိုးသားများအတွက်ကျေနပ်လောက်သော သီးသန့် ထားသည့် ကရင်ပြည်နယ်နှင့် ကရင်အစိုးရ ရရှိမှုမပါခြင်းကြောင့် လက်မခံနိုင်ခြင်းဖြစ်ကြောင်း၊ ကရင်အမျိုး သားများအနေဖြင့် တနင်္သာရီတိုင်း (တောင်ငူခရိုင်အပါအဝင်)၊ ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်၊ဟံသာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်ခွဲများပါဝင်သည့် လုံးဝအာဏာပိုင်ဆိုင်သော သီးခြားကရင်ပြည်နယ်ရရှိရန်တောင်းဆိုကြောင်းဆုံးဖြတ်ကြသည်။[၂]

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ **–ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၁၄

[၂] စောမြသိန်း:–**ကရင်ပြည်နယ်ပြဿနာ** မျက် ၁၁

**လက်နက်ကိုင်ဆူပူမှုစတင်ခြင်း**

ကေအင်ယူတို့သည် တစ်ဖက်မှသီးခြားကရင်ပြည်နယ်ရရှိရေးကို တောင်းဆိုနေကြသကဲ့သို့ တစ်ဖက်မှလည်း ကေအင်ဒီအိုလက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းကာ လက်နက်များတပ်ဆင်ပေးပြီး သီးခြားကရင်ပြည်နယ်ရရှိရေးကို အနုနည်းဖြင့် တောင်းဆို၍မရပါက လက်နက်ကိုင်လမ်းစဉ်ကို ကိုင်စွဲကာ ပုန်ကန်ထကြွရန် အစီအမံများ ပြုလုပ်ထားကြသည်။ထို့ပြင်ကေအင်ယူတို့သည် တနင်္သာရီတိုင်းအတွင်းရှိ မွန်တို့အားလည်း သီးခြားကရင်နှင့် မွန်ပြည်နယ် တည်ထောင်ရန်ဟုဖြားယောင်းသွေးဆောင် စည်းရုံးသောကြောင့် မွန်တို့က မော်လမြိုင်နှင့်သထုံခရိုင်များအတွင်း ကေအင်ယူနှင့် ကေအင်ဒီအိုအဖွဲ့များနှင့် အလားတူ "မွန်ညီညွတ်ရေးတပ်ဦး" နှင့် "မွန်အမျိုးသားကာကွယ်ရေးအစည်းအရုံး " တို့ကိုဖွဲ့စည်းကြသည်။[၁]

၁၉၄၇ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကေအင်ယူခေါင်းဆောင်များသည် မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းတို့တွင် အနှံ့အပြား လှည့်လည်သွားရောက်ကာ သီးခြားကရင်ပြည်နယ်ရရှိရေးကိုဟောပြောကြပြီး အကယ်၍ မျှားမကြာမီအတွင်း သီးခြားကရင်ပြည်နယ် မရရှိပါက အဆုံးစွန်အထိ ပြုလုပ်ကြရန် အသင့်ပြင်ထားကြဟု လှုံ့ဆော်ကြသည်။

ကေအင်ယူတို့သည် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ၄ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့လည်း ပါဝင်ခြင်းမရှိကြပေ။၁၉၄၈ခုနှစ် တစ်နှစ်လုံးပင် ကေအင်ယူက သီးခြားကရင်ပြည်နယ် ရရှိရေးကို လှုံ့ဆော်ပြီးလျှင် ကရင်နီပြည်နယ်၊ ကရင်လက်နက်ကိုင်တပ်များနှင့် ကရင်စစ်ရဲတပ်များအတွင်းသို့ သွေးထိုးပေးလေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ကွန်မြူနစ်များ၊ ရဲဘော်ဖြူများ၏ တောခိုဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာတွင် ကေအင်ယူတို့သည် ကျေးရွာများကို ကွန်မြူနစ်ရန်မှကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ကေအင်ဒီအိုတို့အား လက်နက်ကိုင်ဆောင်ခွင့်ပြုရန် တောင်းဆိုရာ တွံတေးတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း လက်မှတ်ဖြင့် လက်နက်ကိုင်ဆောင်ခွင့်ပြုခဲ့သည်။ကေအင်ဒီအိုတို့သည် ယင်းလက်နက်ကိုင်ဆောင်ခွင့်လက်မှတ်ဖြင့် တစ်ကြိမ်လျှင် လက်နက်ကိုင်၈၀ကို တွံတေးတူးမြောင်းမှတစ်ဆင့် မော်တော်ဖြင့် အခေါက်ခေါက်အခါခါ သယ်ယူကာအင်းစိန်တွင်စုရုံးကြသည်။[၂]

ကေအင်ယူတို့၏ သီးခြားကရင်ပြည်နယ်ရရှိရေးအတွက် တောင်းဆိုမှုများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရကလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရန် ၁၉၄၈ခုနှစ်၊ ဧပြီလ၆ရက်နေ့တွင် ပါလီမန်အမတ် စောနော်တင်ဘွား နှင့်အဖွဲ့ဝင်၈ဦးပါဝင်သည့်

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ –**ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၁၅–၁၆

[၂] **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား) အား တွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက် ၁၀၁–၁၀၃

ကော်သူလေးနယ် သတ်မှတ်မှုအဖွဲ့ခေါ် အထူးကော်မရှင်အဖွဲ့ ကိုခန့်အပ်၍လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊အောက်တိုဘာလ၅ရက်နေ့တွင် တရားလွှတ်တော်ချုပ်၏ တရားဝန်ကြီးချုပ် ဒေါက်တာ ဘဦး ခေါင်းဆောင်ပြီးလူမျိုးစုကိုယ်စားလှယ်များပါဝင်သောဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေး ကော်မရှင်ကိုလည်းကောင်း၊ ဖွဲ့စည်းပေးပြီးကရင်ပြည်နယ်အရေးကိုဖြေရှင်းရန်ဆောင်ရွက်သည်။[၁]

ထိုအတောအတွင်းနိုင်ငံတော်အစိုးရက ကေအင်ယူများအားအမြင်မှန်စေရန်နှင့် ယင်းတို့၏ သီးခြားပြည်နယ်လိုလားတောင့်တချက်များကို ဥပဒေစည်းကမ်းအရဆောင်ရွက်ကြရန် အစွမ်းကုန်နှိုးဆော်တိုက်တွန်းသည်။ မြစ်ဝကျွန်းပေါ်ခရိုင်များတွင် လူမျိုးရေးကိစ္စများစိုးရိမ်ဘွယ် ဖြစ်လာ၍ ဝန်ကြီးချုပ်သခင်နုကိုယ်တိုင် ကေအင်ယူခေါင်းဆောင်စောဘဦးကြီး အပါအဝင် ကေအင်ယူခေါင်းဆောင်အချို့နှင့်အတူသွားရောက်၍ချစ်ကြည်ရေးတရားများဟောပြောခဲ့ရသည်။

ကေအင်ယူတို့သည် နိုင်ငံတော်အစိုးရ အနေဖြင့်အလံနီကွန်မြူနစ်၊ အလံဖြူ ကွန်မြူနစ်၊ ရဲဘော်ဖြူ စသည့်ရောင်စုံသောင်းကျန်းသူများနှင့် ရင်ဆိုင်နေရ၍ အကြပ်အတည်း တွေ့နေချိန်တွင် အခွင့်အရေးယူ၍ လှုပ်ရှားကြခြင်းလည်းဖြစ်သည်။ထို့ပြင် လွှတ်လပ်ရေးရရှိချိန် တွင် တပ်မတော်၏ အဓိကကျသောနေရာဌာနကြီးများတွင် ချုပ်ကိုင်ထားသူများမှာ ကရင် အမျိုးသား တပ်မတော်အရာရှိကြီးများဖြစ်ရာ ယင်းတို့၏ အားပေးကူညီထောက်ပံ့မှုကို မျှော်မှန်း၍ လှုပ်ရှား ကြသည်ဟုလည်း ယူဆနိုင်ပေသည်။

ကွန်မြူနစ်များနှင့် ရဲဘော်ဖြူများတောခိုပြီးနောက်တွင် စစ်ဦးစီးချုပ်ဗိုလ်ချုပ် စမစ်ဒွန်း၊တပ်မတော်ဗိုလ်ချုပ်ရာထူးကိုဂုဏ်ထူးဆောင်အဖြစ်ရရှိထားသောရဲချုပ်ဦးထွန်းလှအောင်၊ လေတပ်ဦးစီးချုပ်ဒုတိယဗိုလ်မှူးကြီးစောရှီရှိုး၊ ဗိုလ်မှူးချုပ်စောကြာဒိုး၊ ဂုဏ်ထူးဆောင် ဗိုလ်မှူးချုပ် အဆင့်ရရှိထားသော ဦးတင်ထွဋ်စသူတို့ပါဝင်သည့် နိုင်ငံတော်လုံခြုံရေးကောင်စီသည် နိုင်ငံရေး အခြေအနေမငြိမ်မသက်ဖြစ်နေသည်ကို အခွင့်ကောင်းယူ၍ ဗမာ့သေနတ်ကိုင် တပ်ရင်းများမှ လက်နက်များသိမ်းယူရန်စီမံခဲ့သည်။ ဗမာ့တပ်မတော်မှ ကွန်မြူနစ်ပါတီဝင်ဒုတိယ ဗိုလ်မှူးကြီး ဇေယျနှင့် ဗိုလ်မှူးရဲထွဋ်တို့သည် နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုများကိုအခွင့်ကောင်း ယူလျက် ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးရာထူးများကို ယင်းတို့နှစ်ဦးအားပေးရန်တောင်းဆိုခဲ့သည်။ ထိုမျှသာမက ဒုတိယဗိုလ်မှူးကြီးဇေယျနှင့် ဗိုလ်မှူးရဲထွဋ်တို့သည် ဗမာ့သေနတ်ကိုင်တပ်ရင်း များမှ လက်နက်များသိမ်းယူရန်နိုင်ငံတော်လုံခြုံရေးကောင်စီက စီမံလျက်ရှိသည့်သတင်းကိုရရှိ သည်နှင့် တပ်မတော်အတွင်းရှိ ကွန်မြူနစ်ခေါင်းဆောင်များနှင့် ညှိနှိုင်းပြီးဦးသိန်းဖေမြင့်ကို ခေါင်းဆောင် တင်၍ လက်ဦးမှုရယူအာဏာသိမ်းရန်စီစဉ်ခဲ့သည်။[၂]

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ –**ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၁၈

[၂] မြဝင်း၊ **တပ်မတော်ခေါင်းဆောင်များသမိုင်း အကျဉ်း(၁၉၄၁ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ)** မျက်၁၀–၁၂

ဗိုလ်ချုပ်နေဝင်းသည် ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်နေ့မှစတင်၍ ဒုတိယ **စစ်ဦးစီးချုပ်**နှင့် ဒုတိယစစ်သေနာပတိ(တပ်ပေါင်းစု) အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ဗိုလ်ဇေယျနှင့် ဗိုလ် ရဲထွဋ်တို့သည် လက်ဦးမှုရယူအာဏာသိမ်းရေးအစီအစဉ်ကို ဗိုလ်ချုပ်နေဝင်းထံတင်ပြခဲ့ရာ ဗိုလ်ချုပ်နေဝင်းကသဘောမတူချေ။ ဤသို့ပြုလုပ်လိုက်ပါက လုံခြုံရေးကောင်စီတွင် အာဏာရ ထားသော ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ကရင်ခေါင်းဆောင်များက နိုင်ငံခြားအကူအညီယူပြီး ဗမာတပ် များအားလုံးကို ချေမှုန်းလာပါလျှင် အထိနာမည်ဖြစ်ကြောင်းသုံးသပ်ခဲ့သည်။ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁၈ရက် နေ့တွင် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်နှင့် ဗမာ့သေနတ်ကိုင်တပ်ရင်း (၃)မှ အင်အား ၁၀၀ကျော်ခန့်သည် မင်္ဂလာဒုံမှ ပြည်ဘက်သို့ ထွက်ခွာ၍ တောခိုကြရာ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းသည် ဗမာ့တပ်မတော်မှ တပ်အချို့တောခိုသည်ကို အကြောင်းပြ၍ ဗမာတပ်များ ကိုနှိမ်ခဲ့သည်။ ကရင်သေနတ်ကိုင်တပ်ရင်းများအား လက်နက်ကြီးများနှင့် စက်သေနတ်များကို ဖွဲ့စည်းပုံထက်ကျော် လွန်ပြီးထုတ်ပေးခဲ့သည်။[၁]

## ကရင်စစ်ရဲများကပုန်ကန်ခြင်း

၁၉၄၈ခုနှစ်၊ ဇူလိုင်လ၃ရက်နေ့တွင် သထုံမြို့ရှိ ကရင်စစ်ရဲများကစတင်ပစ်ခတ် ပြီးမြို့အုပ်ချုပ်ရေးကိုသိမ်းယူသည်။ ၁၉၄၈ခုနှစ်၊ ဩဂုတ်လတွင် သထုံမြို့ပေါ်ရှိ ကေအင်ယူ ခေါင်းဆောင်များ၊ ကေအင်ဒီအို တပ်ဖွဲ့များနှင့် ကရင်စစ်ရဲများပူးပေါင်း၍ သထုံခရိုင်တစ်ခုလုံးကို စတင် သိမ်းပိုက်ရန်ကြိုးစားကြရာ ဩဂုတ်လ၂၀ရက်နေ့တွင် သထုံခရိုင်တစ်ခုလုံး ကေအင်ဒီအို များ၏ လက်သို့ ကျရောက်သွားပြီး ကော်သူလေအစိုးရကိုဖွဲ့စည်းထူထောင်ကြသည်။ သထုံခရိုင် တွင် ကေအင်ယူနှင့် ကေအင်ဒီအိုများ ဆူပူသောင်းကျန်းခြင်းနှင့် ပတ်သက်၍ ကေအင်ယူ အဖွဲ့ချုပ်က ၂၅-၇-၄၈ရက်စွဲဖြင့် မေတ္တာရပ်ခံချက်တစ်ရပ်ထုတ်ပြန်ပြီး အစိုးရနှင့် စေ့စပ်ညှိနှိုင်း ရာတွင်လည်း လက်နက်ကိုင်ပဋိပက္ခမဖြစ်စေရေးကို ခိုင်မာစွာအာမခံပေးခဲ့သည်။ အကြမ်းဖက် ဝါဒ၊ လက်နက်ကိုင်ဝါဒကိုလည်း လက်မခံနိုင်ကြောင်း လူသိရှင်ကြားဖော်ထုတ် ကြေညာသည်။ သို့သော်လည်း ယင်းတို့၏ သီးခြားကရင်ပြည်နယ်ထူထောင်ရေးနှင့်ပတ်သက်၍ တောင်းဆိုချက်များ ကိုမူ လျှော့ မပေးကြပေ။[၂]

ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ရဲဘော်ဖြူများ တောခိုသောကြောင့်လည်းကောင်း၊ ကရင်စစ်ရဲများက မြစ်ဝကျွန်းပေါ်တွင် အစိုးရငွေတိုက်နှင့် လက်နက်တိုက်များကို တိုက်ခိုက်

[၁] မြဝင်း- **တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း** မျက် ၁၂-၁၃

[၂] ရဲဘော်သစ်မောင်- **ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း-၂ (၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်မတိုင်မီ ကာလများ)** မျက် ၂၅-၂၈

လုယက်ဖေါက်ထွင်းကြသောကြောင့်လည်းကောင်း၊ အစိုးရသည် ဘီတီအက်ဖ်[၁] တပ်ရင်း၅၂ရင်းကို အမြန်ဖွဲ့စည်းရန်စီစဉ်သည်။ ကေအင်ယူအဖွဲ့က ဘီတီအက်ဖ်တပ်ရင်းများဖွဲ့စည်းခြင်းမှာ ကရင်အမျိုးသားများအား နှိပ်ကွပ်ရန် ဖြစ်သည်ဟုစွပ်စွဲသည်။ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁၄ရက်နေ့တွင် ကရင်စစ်ရဲများက တွံတေးမြို့ကိုသိမ်းပိုက်သည်။ ဩဂုတ်လ၂၀ရက်နေ့တွင် မော်ချီးမိုင်းကို သိမ်းလိုက်ပြန်သည်။ ဩဂုတ်လ၂၁ရက်နေ့တွင်သထုံနှင့်ကျိုက္ကမိ၌ ကရင်စစ်ရဲများကအတိအလင်းပုန်ကန်ကြပြန်သည်။စက်တင်ဘာလ၁ရက်နေ့တွင်ကရင်စစ်ရဲများလက်တွင်းသို့ မော်လမြိုင်မြို့ကျရောက်သွားသည်။ မအူပင်၌လည်းအစိုးရငွေတိုက်ကိုဖောက်ယူကြသည်။ ဤသို့ဖြင့် ကရင်စစ်ရဲများမှ စတင်လိုက်သော ကရင်သောင်းကျန်းမှုမှာ ပိုမိုကျယ်ပြန့်၍လာလေသည်။[၂]

၁၉၄၈ခုနှစ်၊ စက်တင်ဘာလလယ်ခန့်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသော လန်ဒန်မြို့၊ ဒေးလီးမေး(လ်)[၃] သတင်းစာမှ သတင်းထောက် အလက်ဇန္ဒား ကင်းဘဲလ်[၄] ထံမှ ယခင်အမှတ်(၁၃၆)တပ်ဖွဲ့တွင်အမှုထမ်းဆောင်ခဲ့ပြီး ကာလကတ္တားမြို့တွင် ရောက်ရှိနေသော ဗိုလ်မှူးကြီး တူးလောက်[၅] ရေးသားသည့်စာများကို ဖမ်းဆီးရမိသည်။ ယင်းစာများတွင်နိုင်ငံခြားမှ ငွေနှင့်လက်နက်ခဲယမ်းမီးကျောက်အကူအညီများရယူရန် ကေအင်ယူတို့၏ အကြံအစည်များကို ဖော်ပြထားသဖြင့် ကင်းဘဲလ်အား ဖမ်းဆီးအရေးယူပြီး နိုင်ငံပြင်ပသို့နှင်ထုတ်လိုက်ရသည်။[၆]

ကရင်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုအနေနှင့် အတတ်နိုင်ဆုံးလိုက်လျောကာ ပြေပြစ်စွာဆက်ဆံခဲ့သည်။ ကရင်စစ်ရဲများ၏ ပုန်ကန်သောင်းကျန်းမှုများကိုလည်း အတတ်နိုင်ဆုံး မသိကျိုးကျွံ ပြုနေခဲ့သည်။ သို့သော်ကေအင်ယူအဖွဲ့၏ တောင်းဆိုချက်ကိုမူ အစိုးရအနေနှင့် လိုက်လျောနိုင်ခြင်းမရှိခဲ့ချေ။ ကေအင်ယူအဖွဲ့က တောင်းဆိုသော သီးခြားကရင်ပြည်နယ်ဆိုသည်မှာ သံလွင်ခရိုင် (ဖာပွန်၊ဖားအံနယ်များ လက်ရှိကရင်ပြည်နယ်)၊ တနင်္သာရီတိုင်း၊ (သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်များ) မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်ငူခရိုင်နှင့် သံတောင်နယ်သာမက ကရင်နီနယ်( ယခုကယားပြည်နယ်) ပင်ပါဝင်လေရာ အောက်မြန်မာနိုင်ငံ

---

၁ Burma Territorial Force

၂ ရဲဘော်သစ်မောင်– **ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း–၂ (၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်မတိုင်မီကာလများ)** မျက် ၂၈

၃ Daily Mail

၄ Alexander Campbell

၅ Col. Tulloch

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ– **ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု၊အပိုင်း–၂** မျက် ၁၆

တစ်ခုလုံးပင်ဖြစ်နေသောကြောင့် အစိုးရအနေနှင့် မလိုက်လျောနိုင်ခြင်းဖြစ်သည်။[၁]

ကရင်စစ်ရဲတပ်များ၏ ပုန်ကန်ထကြွမှုနှင့် ကေအင်ဒီအိုတို့၏ လှုပ်ရှားမှုများကို တပ်မတော်မှ ကရင်သေနတ်ကိုင်တပ်ရင်းများက သိသိသာသာအကူအညီပေးလာကြသည်။ ၁၉၄၉ခုနှစ်၊နှစ်ဦးပိုင်းတွင် ကရင်လက်နက်ကိုင်တပ်များမှာ အတိအလင်းပုန်ကန်တိုက်ခိုက်လာကြသည်။ ကေအင်ဒီအိုတို့သည် ၁၉၄၉ခုနှစ် ၊ ဇန်နဝါရီလမှာပင်ထန်းတပင်(တောင်ငူခရိုင်) ၊ ဖြူးနှင့် တောင်ငူတို့ကို စတင်တိုက်ခိုက်သည်။ တောင်ငူတွင်ရှိနေသော အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းသည် ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်နေ့တွင် နိုင်ငံတော်အစိုးရကို သစ္စာဖောက်ကာ ကေအင်ဒီအိုများနှင့် ပူးပေါင်းတိုက်ခိုက်ရာ တောင်ငူမြို့သည် ဇန်နဝါရီလ၂၇ရက်နေ့တွင် ကရင်သောင်းကျန်းသူများလက်သို့ကျရောက်ခဲ့ရသည်။ အလားတူပင် ဖြူး၊ အုတ်တွင်း၊ ထန်းတပင် စသည့်မြို့ များမှာလည်း ကေအင်ဒီအိုတို့၏ သိမ်းပိုက်ခြင်းခံရသည်။ ပုသိမ်မြို့ကိုလည်း ဇန်နဝါရီလ ၂၈ရက် နေ့တွင် ကရင်လက်နက်ကိုင်တပ်များက စတင်တိုက်ခိုက်ပြန်သည်။[၂]

## အင်းစိန်တိုက်ပွဲစတင်ခြင်း

ကေအင်ဒီအိုများသည် အင်းစိန်တွင် ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့ကပင် စတင်လှုပ်ရှားလာကြရာ ကရင်တပ်များ၏ အင်အားမှာ တောင့်တင်းလှသည်။ အမှန်မှာ ကရင်များသည် ၁၉၄၈ခုနှစ်၊ အောက်တိုဘာလခန့်ကပင်အင်းစိန်တွင် စုရုံးနေကြပြီဖြစ်သည်။ ရန်ကုန်မြို့ရှိ ကရင်အစုအဖွဲ့ကြီးမားသော အင်းစိန်၊ ခဝဲခြံ၊ ကျိုက္ကလား၊ ကြို့ကုန်းနှင့် စော်ဘွားကြီးကုန်းတို့တွင် ကရင်များသည် ၁၉၄၈ခုနှစ်၊ အောက်တိုဘာလခန့်ကပင် စတင်၍ အစိုးရစစ်တပ်များတိုက်ခိုက်လာလျှင်ကာကွယ်ရန်ဟုဆိုကာ ယင်းတို့နေထိုင်သည့်ရပ်ကွက်များကို တိုး၍မပေါက်နိုင်အောင် အကာအကွယ်များ အခိုင်အမာစတင်ပြုလုပ်ကြသည်။ ရွာစွန်ရွာဖျားများတွင် မြေကတုတ်များကိုလည်းကောင်း၊ အိမ်အောက်တွင် ကျင်းများကိုလည်းကောင်း တူးကြပြီး အချက်အချာကျသောနေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များချထားကြသည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် ဓါတ်ဆီများစုဆောင်း၍ မြေအောက်တွင် သိုဂှက်ထားကြသည်။ မြစ်ဝကျွန်းပေါ်ခရိုင်များ ၊ ကရင်နီနယ်များနှင့် သထုံခရိုင်တို့မှ ကေအင်ဒီအို တပ်ကူများကို ခေါ်ယူကြသည်။ လူသွားလူလာလမ်းမများမှ ဝေးကွာ

---

[၁] ရဲဘော်သစ်မောင်- **ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း-၂ (၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်မတိုင်မီကာလများ)** မျက် ၃၇

[၂] ရဲဘော်သစ်မောင်- **ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း-၂ (၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်မတိုင်မီကာလများ)** မျက် ၃၇

ချောင်ကျနေသော နေရာများတွင် စစ်တန်းလျားများဆောက်လုပ်ပြီး ကေအင်ဒီအိုများအား စစ်သင်တန်းများ အပြင်းအထန် လေ့ကျင့်သင်ကြားပေးကြသည်။ မအူပင်နှင့် သထုံခရိုင်တို့မှ ကေအင်ဒီအိုများသည် ရာနှင့်ချီ၍ တွံတေး ၊ စာဘူးတောင်းတို့မှ တစ်ဆင့် အင်းစိန်တွင် လာရောက်စုရုံးကြသည်။ မြန်မာများကိုကရင်ရပ်ကွက်များအတွင်းသို့ မည်သည့်အကြောင်းနှင့်မျှမဝင်အောင်တား မြစ်ထားကြသည်။[၁]

၁၉၄၉ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် အင်းစိန်တစ်ဝိုက်ရှိအခြေအနေမှာ အပြင်းအထန်ဆိုးဝါးလာသည်။ ကေအင်ဒီအိုတို့သည်ဥပဒေမဲ့၊ တရားမဲ့ပြုကျင့်မှုများကိုပြုလုပ်လာကြသည်။ ထို့ကြောင့်အစိုးရက စစ်ဝန်ထမ်းတပ်များကို အင်းစိန်သို့စေလွှတ်၍ ငွေတိုက်နှင့်အခြားအစိုးရ အဆောက်အဦးများကိုကာကွယ်စောင့်ရှောက်စေသည်။ ဤသို့စစ်ဝန်ထမ်းတပ်များစေလွှတ်ခြင်းကိုလည်း ကေအင်ဒီအိုတို့ကယင်းတို့အားနှိပ်ကွပ်ရန်ဟု မှတ်ယူကာ စစ်ဝန်ထမ်းတပ်များနှင့် ကေအင်ဒီအိုတို့အကြားတွင် မသင့်မမြတ်ဖြစ်လာကြသည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရက၊ အစိုးရထိပ်တန်းအရာရှိကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ကေအင်ဒီအိုခေါင်းဆောင်များပါဝင်သော ရှစ်ဦးကော်မတီကိုဖွဲ့စည်း၍ ကေအင်ဒီအိုတို့နှင့်စေ့စပ်ရန်ကြိုးပမ်းရသည်။ ရှစ်ဦးကော်မတီ၏ အဓိကတာဝန်မှာအင်းစိန်တွင် ကေအင်ဒီအိုများစုရုံးရောက်ရှိနေခြင်းသည် အရေးအခင်းကြီးတစ်ခုဖြစ်ပွားပေါ်ပေါက်လာစေရန် အကြောင်းရှိသဖြင့် ယင်းတို့အားနေရပ်သို့ပြန်ပို့စေရန်ဖြစ်သည်။ သို့သော် ရှစ်ဦးကော်မတီ၏ ကြိုးပမ်းချက်မှာလည်း အရာမထင်ဘဲဇန်နဝါရီလကုန်တွင် လုံးဝပျက်ပြား သွားခဲ့ရသည်။[၂]

၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ၃၀ရက်နေ့တွင် အင်းစိန်တစ်ဝိုက်ရှိသမိုင်း၊ ခဝဲခြံ၊ စော်ဘွားကြီးကုန်းစသော ဆင်ခြေဖုန်းရပ်ကွက်များတွင် တိုက်ပွဲများ စတင်ဖြစ်ပွားသည်။ ဇန်နဝါရီလ ၃၁ရက်နေ့တွင် စစ်ဦးစီးချုပ်ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဒုတိယဗိုလ်မှူးကြီးနှင့် အထက်အရာရှိကြီးများသည် ပြည်ထောင်စုစစ်ရုံး၌ဆူပူသောင်းကျန်းမှုများနှင့်ပတ်သက်၍ အစည်းအဝေးတစ်ရပ်ကျင်းပသည်။ အစည်းအဝေးမှတပ်မတော်သည် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် နိုင်ငံတော်အစိုးရ အပေါ်သစ္စာစောင့်သိရန်၊ လူမျိုးရေး၊ အဓိကရုဏ်းများ မပေါ်ပေါက်အောင်တားဆီးရန်ဆုံးဖြတ်ကြသည်။ ထို့ပြင်ယင်းအစည်းအဝေး၌ “လက်နက်ကိုင်စစ်တပ်များနှင့်တိုင်းပြည်အခြေအနေ”[၃] ဟူ သောစာတမ်းကို ဖြန့်ဝေပြီးဆွေးနွေးကြသည်။[၄]

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ– **ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၂၃–၂၄

[၂] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ– **ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** မျက် ၂၄–၂၅

[၃] ထိုစဉ်ကအခေါ်အဝေါ်အတိုင်းဖော်ပြထားပါသည်။

သို့သော်နိုင်ငံတော်အစိုးရအနေနှင့် တပ်မတော်အတွင်းရှိကရင်အရာရှိကြီးများကိုယုံကြည်မှုမရှိတော့ပေ။ ထို့ကြောင့်ဖေဖေါ်ဝါရီလ၁ရက်နေ့တွင် စစ်ဦးစီးချုပ်ဗိုလ်ချုပ် စမစ်ဒွန်းကိုတပ်မတော်မှနုတ်ထွက်စေပြီး ဗိုလ်ချုပ်နေဝင်းအား ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် စစ်ဦးစီးချုပ်အဖြစ်ခန့်အပ်လိုက်သည်။ တပ်မတော်အတွင်းရှိကရင်အရာရှိနှင့် တပ်သားများကိုလည်း လက်နက်များသိမ်း၍ ခွင့်ရက်ရှည်ပေးကာအနားယူရန်စီစဉ်သည်။

၁၉၄၉ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂ရက်နေ့တွင် အင်းစိန်ကို ကေအင်ဒီအိုများကသိမ်းပိုက်လိုက်သည်။ ဖေဖေါ်ဝါရီလ၅ရက်နေ့တွင် ပြည်မြို့ရှိအမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်းကနိုင်ငံတော်အစိုးရကိုသစ္စာဖေါက်ကာ ပုန်ကန်ပြီး ပြည်မြို့ကိုသိမ်းပိုက်လိုက်သည်။ ထို့နောက်အင်းစိန်ရှိ ကေအင်ဒီအိုများကို အင်အားဖြည့်၍ ရန်ကုန်မြို့ကိုသိမ်းပိုက်ရန် ပြည်၊ ရန်ကုန်ကားလမ်းအတိုင်း စုန်ဆင်းချီတက်လာကြသည်။ ယင်းအချိန်မှစတင်၍ ကေအင်ဒီအိုများနှင့်တပ်မတော်မှ ကရင်သေနတ်ကိုင်တပ်ရင်းများ၏ ပုန်ကန်သောင်းကျန်းမှုများမှာ အတိအလင်းပေါ်ပေါက်ခဲ့လေသည်။

**ပအိုဝ်း၊မွန်၊မူဂျာဟစ်ဆူပူသောင်းကျန်းမှုများ**

**ပအိုဝ်းသောင်းကျန်းမှု**

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် နိုင်ငံရေးနိုးကြားမှုများ ဖြစ်ပေါ်လာချိန်တွင်သထုံတွင်ရှိသော ပအိုဝ်းအမျိုးသားများ ပါဝင်သည့် ပအိုဝ်းညီညွတ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့်ရှမ်း ပဒေသရာဇ်များအား အခွန်တော်မပေးရေးတိုက်ပွဲများကို ဆင်နွှဲခဲ့ကြသည်။ ကျန်ရှမ်းပြည်နိုင်ငံ ရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းခဲ့ကြသည်။ သို့သော် ရှမ်းပဒေသရာဇ်များက ပအိုဝ်းအမျိုးသားတို့၏လှုပ်ရှားမှုများကို ထိရောက်စွာ နှိမ်နင်းခဲ့ကြသဖြင့် ယင်းလှုပ်ရှားမှုများ အောင်မြင်မှုမရရှိခဲ့ချေ။

ကေအင်ဒီအို သောင်းကျန်းမှုအရှိန်အဟုန် မြင့်မားလာချိန်တွင် ကေအင်ဒီအိုခေါင်းဆောင်များသည် ရှမ်းပဒေသရာဇ်များကို မုန်းတီးသော ပအိုဝ်းအမျိုးသားများအား စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြသဖြင့် ပအိုဝ်းအမျိုးသားများသည် ကေအင်ဒီအိုတို့၏ လက်နက်ကိုင်တပ်သားများဖြစ်လာခဲ့ကြသည်။ ထိုအချိန်မှစ၍ ပအိုဝ်းလက်နက်ကိုင်တပ်ဖွဲ့များသည် ရှမ်းပဒေသရာဇ်များ၏ နယ်မြေများသို့ ဝင်ရောက်တိုက်ခိုက်ပြီးစော်ဘွားများပိုင် နယ်မြေများကို သိမ်းယူခဲ့ကြရာစော်ဘွား၊ မြို့စားများသည် မိမိတို့ဟော်နန်းတွင်ပင် မနေဝံ့သည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့

---

ၢ The Armed Forces and the Present.

၂ Dr.859 **၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ၃၁ရက်နေ့တွင် ကျင်းပသောတပ်မှူးများအစည်းအဝေးမှတ်တမ်း**

ကြသည်။ သို့သော်ဗမာ့တပ်မတော်က ကေအင်ဒီအိုများအား ပြန်လည်ထိုးစစ်ဆင်ပြီး ရှမ်းပြည်နယ်မှတိုက်ထုတ်လိုက်ပြီးသည့် နောက်ပိုင်းတွင် တပ်မတော်နှင့် ပအိုဝ်းခေါင်းဆောင်များ နားလည်မှုရရှိလာကာ ပအိုဝ်း လက်နက်ကိုင်တပ်ဗိုလ်ချုပ်ဗိုလ်ချန်စုံ နှင့် နောက်လိုက်များ ၁၉၅၀ ပြည့်နှစ်တွင် တောင်ကြီးမြို့၌ တပ်မတော်ထံ လက်နက်ချခဲ့ကြသည်။

သို့သော်စော်ဘွားများ၏ ပဒေသရာဇ်စနစ်လုံးဝပျောက်ကွယ်သွားခြင်း မရှိသေးသောကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိနေသော ဗိုလ်ချန်စုံကို စော်ဘွား များဦးစီးသည့်ရှမ်းပြည်အစိုးရက ဖမ်းဆီးခဲ့ရာ ကျန်အခြားပအိုဝ်းခေါင်းဆောင်များ ပြန်လည် တောခိုသွားကြသည်။ တပ်မတော်မှ ဗိုလ်ချန်စုံလွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးသော် လည်း ဗိုလ်ချန်စုံမှာ ယင်း၏နောက်လိုက်များရှိရာ တောတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။ ထိုအချိန်တွင် ကေအင်ဒီအိုများသည်ကွန်မြူနစ်များနှင့် ပူးပေါင်းကာ ပအိုဝ်းအမျိုးသားများကို သိမ်းသွင်းခဲ့သေးသည်။

ပအိုဝ်းအမျိုးသားများသည် တပ်မတော်၏ မှန်ကန်သောလမ်းစဉ်နှင့် ဖြောင့်မတ်သောလုပ်ဆောင်မှုများကြောင့် ၁၉၅၈ခုနှစ် မေလ၅ရက်နေ့တွင် သထုံလှဖေနှင့် ဗိုလ်ချန်စုံအပါအဝင် ပအိုဝ်းအမျိုးသား လက်နက်ကိုင်သောင်းကျန်းသူ ၁၂၀၀ကျော်သည် တောင်ကြီးမြို့ တွင် လက်နက်ချပြီး အလင်းဝင်ရောက်လာခဲ့ကြသည်။[၁]

## မွန်သောင်းကျန်းမှု

မော်လမြိုင်ခရိုင်အတွင်းရှိ မုဒုံမြို့နယ်တောင်ပိုင်း၊ ကျိုက္ခမိမြို့နယ်၊ ကြာအင်းမြို့နယ်၊ သထုံခရိုင်တစ်ခုလုံးနှင့်ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ကရိတ်မြို့နယ် ဒေသများသည် မွန်သောင်းကျန်းသူများ၏ အလှုပ်ရှားဆုံးနယ်မြေများဖြစ်သည်။လွတ်လပ်ရေးရရှိကာစ အချိန်တွင် မွန်အမျိုးသားများသည် ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်း၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်အဖွဲ့ပေါင်းချုပ်၊ မွန်အမျိုးသားအဖွဲ့၊ မွန်လူမျိုးရေးရာအဖွဲ့၊ မွန်ဆိုရှယ်အသင်း၊ ပြည်ထောင်စုမွန်အသင်း၊ မွန်လွတ်လပ်ရေးအဖွဲ့၊ ပြည်ထောင်စုမွန်အဖွဲ့ချုပ်စသည့် အသင်းကြီး (၉)သင်းဖွဲ့စည်း၍ နိုင်ငံရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။ မွန်အမျိုးသားတို့၏ အဓိကလိုလားချက်မှာ မွန်ပြည်နယ် တည်ထောင်ရေးပင်ဖြစ်သည်။ ထိုအချိန်က ကရင်အမျိုးသားများကလည်း ကရင်ပြည်နယ်ရရှိရေးကို လုံးပန်းနေချိန်ဖြစ်ရာ နယ်မြေဒေသချင်း ဆက်စပ်နေသော မွန်အမျိုးသားများနှင့် ပြည်နယ်အသီးသီးရရှိရေးကို အထောက်အကူပြုသွားကြရန် သဘောတူထားခဲ့ကြလေသည်။

---

[၁] ပြည်တွင်းသောင်းကျန်းမှုသမိုင်း — မျက်၂၄–၂၇

၁၉၄၈ခုနှစ်၊ ဩဂုတ်လတွင် ကေအင်ဒီအိုများ သထုံခရိုင်တွင် ပုန်ကန်ထကြွသည်နှင့်တစ်ပြိုင်နက် မွန်လက်နက်ကိုင်အဖွဲ့များဖြစ်ကြသော မွန်တိုင်းရင်းသားအစည်းအရုံးနှင့် မွန်လွတ်လပ်ရေးအဖွဲ့တို့ တောခိုခဲ့ကြသည်။ ယင်းအဖွဲ့နှစ်ဖွဲ့အနက် မွန်လွတ်လပ်ရေးအဖွဲ့ဝင်များသည် ကေအင်ဒီအိုများနှင့်ပူးပေါင်း၍ မော်လမြိုင်နှင့်သထုံခရိုင်များကို သိမ်းပိုက်ခဲ့ကြသည်။ တပ်မတော်မှ ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်သောအခါ မွန်လွတ်လပ်ရေးအဖွဲ့သည် ကော့ကရိတ်ဒေသဘက်သို့ ဆုတ်ခွာသွားကြပြီး မြဝတီဒေသရှိ ကရင်သောင်းကျန်းသူများနှင့်ပူးပေါင်းခဲ့ကြသည်။ တပ်မတော်က မြဝတီဒေသဘက်သို့ တိုက်ခိုက်သောအခါ မွန်သောင်းကျန်းသူများသည် ကျိုက်မရော၊ ကြာအင်း၊ တောင်ပေါက် မြို့နယ်များသို့ ဆုတ်ခွာသွားခဲ့ကြသည်။ ၁၉၅၂ခုနှစ်တွင် မွန်သောင်းကျန်းသူအဖွဲ့အစည်းများ ပူးပေါင်းမိကြပြီး မွန်ပြည်သူ့တပ်ပေါင်းစုကို ဖွဲ့စည်းထူထောင်ကာ ယင်းတို့သိမ်းပိုက်ထားသည့်နယ်မြေများအတွင်း ဆက်လက်စည်းရုံးလှုပ်ရှားခဲ့ကြသည်။

မွန်သောင်းကျန်းသူများသည် ပအိုဝ်း၊ ကရင်နီ၊ ကရင်သောင်းကျန်းသူများနှင့် စုပေါင်း၍ ကော်သူလေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြပြီး မွန်သောင်းကျန်းသူတပ်များနှင့် ကော်သူလေးတပ်များရောနှောခဲ့ကြသည်။ အလားတူပင် မွန်သောင်းကျန်းသူများသည် ၁၉၅၂ခုနှစ်ခန့်တွင် တရုတ်ဖြူတပ်များနှင့်လည်းဆက်သွယ်ကာ ပင၊ ကရုပ္ပိဒေသများတွင် တရုတ်ဖြူတပ်ရင်း တစ်ရင်းခန့် လာရောက်တပ်စွဲခဲ့သည်။

၁၉၅၄ ခုနှစ်တွင် မွန်ပြည်သူ့တပ်ပေါင်းစုမှ မွန်ပြည်သူ့တပ်ဦးသို့ ပြန်လည်ဖွဲ့စည်းခဲ့သည်။မွန်ပြည်သူ့တပ်ဦး ဗဟိုဌာနချုပ်နှင့်ဗမာပြည် ကွန်မြူနစ်ပါတီတို့လည်း ဆက်သွယ်ပူးပေါင်းခဲ့ကြသည်။ သို့သော် မွန်ပြည်သူ့တပ်ဦးပါတီအတွင်း ပဋိပက္ခများကြီးမားလာပြီး အုပ်စုများကွဲလာကာ ညီညွတ်ရေးပျက်ပြားခဲ့သောကြောင့် အမြင်မှန်ရလာသော နိုင်အောင်ထွန်း၊နိုင်ငွေသိမ်း၊ နိုင်ချမ်းမွန်နှင့် နိုင်ဆိတ်နိုတို့ ခေါင်းဆောင်သည့် မွန်သောင်းကျန်းသူအင်အား ၁၁၁ယောက်သည် ၁၉၅၈ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် မော်လမြိုင်မြို့၌ တပ်မတော်ထံလက်နက်ချအပ်ပြီး အလင်းဝင်ရောက်ခဲ့ကြသည်။

**မူဂျာဟစ်သောင်းကျန်းမှု**

၁၈၂၄ခုနှစ် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲမှ စတင်၍ ရခိုင်ပြည်နယ်အတွင်းသို့ ပွတ်စလင်ဘာသာဝင် စစ်တကောင်းအမျိုးသား အမြောက်အမြား စတင်ဝင်ရောက်ခဲ့ကြသည်၊ ထို့နောက်အင်္ဂလိပ်ကမြေရိုင်းဝေငှသည့်ဥပဒေများပြဋ္ဌာန်းလိုက်သည့်အခါ စစ်တကောင်းအမျိုးသားများသည် ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ

စသည့် ဒေသများသို့ အတားအဆီးမရှိ မြောက်မြားစွာ ဝင်ရောက်လာပြီး ကျေးရွာများတည်ထောင်ကာ နေထိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင် ရခိုင်အမျိုးသားများ လက်တွင်း၌လည်းကောင်း၊ စစ်တကောင်း အမျိုးသားများ လက်တွင်း၌လည်းကောင်း လက်နက်များပြန့်နှံ့လျက်ရှိပြီး ရခိုင်အမျိုးသားများနှင့် အစ္စလမ်ဘာသာဝင် စစ်တကောင်းအမျိုးသားများ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ရခိုင်အမျိုးသားအရာရှိ အိုင်စီအက်စ် ဦးကျော်ခိုင် လုပ်ကြံခံရပြီး ရခိုင်အမျိုးသား အမြောက်အမြား စစ်တကောင်းဘက်သို့ ဒုက္ခသည်များအဖြစ်ပြောင်းရွှေ့သွားကြသည်။

မဟာမိတ်တပ်များ ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသောအခါ ရခိုင်ဒုက္ခသည်များအား စစ်တပ်အကူအညီဖြင့် ယင်းတို့နေရာဒေသဟောင်းများတွင် နေရာချထားခဲ့သော်လည်း မွတ်စလင် အမျိုးသားများအနေဖြင့် လက်မခံလိုကြတော့ဘဲ အနုနည်း၊ အကြမ်းနည်း အမျိုးမျိုးဖြင့် ခြိမ်းခြောက်၍ မနေနိုင်အောင်ဖန်တီးခဲ့ကြသည်။

ထို့ပြင် ယင်းတို့နေထိုင်လျက်ရှိသော ဘူးသီးတောင်၊ မောင်တော ဒေသများသည် မွတ်စလင်သီးခြားနယ်မြေ ဖြစ်ထိုက်သည်ဟု မွတ်စလင်အမျိုးသားများက ယုံကြည်လာကြပြီး ဂျမီးရာတုအူလီမာအဖွဲ့ကို ဖွဲ့စည်း၍ သီးခြားနယ်တောင်းဆိုလာကြသည်။ ရခိုင်အုပ်ချုပ်ရေးအရာရှိများအား အမျိုးမျိုးအနှောင့်အယှက်ပေးခြင်း၊ ထိုဒေသတွင် အုပ်ချုပ်ခဲ့ဘူးသော နယ်ပိုင်အရာရှိတစ်ဦးအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့်ပြစ်မှုများကိုကျူးလွန်ကြသည်။ မွတ်စလင်အမျိုးသားများသည် ဂျမီးရာတုအူလီမာအဖွဲ့ကို ဖွဲ့စည်းပြီးနောက် မူဂျာဟစ်ဟူသောအမည်ဖြင့် လျှို့ဝှက် လက်နက်ကိုင်အဖွဲ့များဖွဲ့စည်းကာ မောင်တောမြောက်ပိုင်းဒေသ တစ်လျှောက်တွင် စတင်လှုပ်ရှားခဲ့ပြီး မောင်တောတောင်ပိုင်းဒေသသို့ပင် လှုပ်ရှားမှုများ ကူးစက်လာခဲ့သည်။ မူဂျာဟစ်တို့၏ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုစတင်သည်နှင့် မောင်တောမြောက်ပိုင်းဒေသတစ်လျှောက်ရှိ ရခိုင်ရွာများအားလုံးကို မူဂျာဟစ်တို့က တိုက်ခိုက်ဖျက်ဆီးခဲ့သည့်အပြင် ဘူးသီးတောင်၊ ဘော်လီဘဇာစသော မြို့ကလေးများကို ဝိုင်းရံခြင်းခံရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုဒေသများ၌ စစ်အုပ်ချုပ်ရေးကို ကြေညာ၍ အမှတ်(၅) ဗမာ့သေနတ်ကိုင် တပ်ရင်းမှ အပြင်းအထန် နှိမ်နင်းခဲ့ရပေသည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ်ဆန်းတွင် မူဂျာဟစ်တို့သည် မြောက်ဘက်ဒေသတောတောင်များအတွင်းသို့ ထွက်ပြေးတိမ်းရှောင် သွားခဲ့ကြသည်။[၁]

အင်းစိန်တိုက်ပွဲ ဖြစ်ပွားသောအခါ အမှတ်(၅) ဗမာ့သေနတ်ကိုင်တပ်ရင်းကို အင်းစိန်စစ်မျက်နှာသို့ ပြောင်းရွှေ့ခဲ့ပြီး မောင်တောဒေသတွင် စစ်အုပ်ချုပ်ရေးပြန်လည် ရုပ်သိမ်း

---

[၁] ပြည်တွင်းသောင်းကျန်မှုသမိုင်း မျက် ၁၀-၁၁

ကာစစ်ဝန်ထမ်းတပ်သို့လွှဲအပ်ခဲ့သည်။ စစ်ဝန်ထမ်းတပ်က နယ်မြေငြိမ်ဝပ်ပိပြားရေးကိုဆောင်ရွက်နေစဉ်မူဂျာဟစ်တို့ ပြန်လည် ခေါင်းထောင်လာသောကြောင့် အမှတ်(၂)အရေးပေါ်ချင်းတပ်ကို စေလွှတ်၍ အုပ်ချုပ်စေသောအခါမှ မောင်တောတောင်ပိုင်းရှိ မူဂျာဟစ်များ မြောက်ပိုင်းသို့ ထွက်ပြေးသွားခဲ့ကြသည်။

ထို့နောက် တပ်မတော်မှ မူဂျာဟစ်သောင်းကျန်းသူများအား ၁၉၅၁ ခုနှစ်၊မတ်လတွင်တစ်ကြိမ်၊ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလတွင် **မေယု** စစ်ဆင်ရေးဖြင့် တစ်ကြိမ်၊ ၁၉၅၄ခုနှစ်၊ အောက်တိုဘာလတွင် **မုတ်သုန်** စစ်ဆင်ရေးဖြင့်တစ်ကြိမ် သုံးကြိမ်တိုင်တိုင် နှိမ်နင်းတိုက်ခိုက်ခဲ့သဖြင့်မူဂျာဟစ်များသည် အခိုင်အမာစခန်းချနေထိုင်ခြင်း မပြုနိုင်တော့ဘဲ တပ်မတော်နှင့်ဝေးကွာရာ နယ်စပ်ဒေသများသို့ တိမ်းရှောင်သွားကြသည်။[၁]

## ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့် တပ်မတော်၏စစ်ဆင်ရေးများ

### ပြည်တွင်းဆူပူသောင်းကျန်းမှုများ

ပြည်ထောင်စု မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် ၁၉၄၆ခုနှစ်မှ စတင်တောခိုခဲ့သော သခင်စိုးခေါင်းဆောင်သည့် အလံနီကွန်မြူနစ်များသည် နောက်လိုက်အင်အားများပြားခြင်း မရှိလှသော်လည်း ဆန်စပါးလုယက်ခြင်း၊ ကျေးလက်ဒေသတွင် ပါတီရံပုံငွေ အဝမ္မကောက်ခံခြင်း စသည်ဖြင့် အဖျက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံအစိုးရကလည်း အလံနီကွန်မြူနစ်ပါတီအား ၁၉၄၆ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၄၇ ခုနှစ်တွင်တစ်ကြိမ် မတရားအသင်းကြေညာခဲ့သည်။[၂] ရခိုင်တွင်လည်း မဟာမုနိမှမြေပုံအထိ ဘုံပေါက်သာကျော် ဦးဆောင်သော ရခိုင်ပြောက်ကျားများ လှုပ်ရှားလျက်ရှိသည်။ ဘုံပေါက်သာကျော်လက်အောက်၌ ခေါင်းဆောင် ၁၄ဦးရှိ၍ ဘုံပေါက်သာကျော်သည် ရခိုင်တိုင်းလုံးဆိုင်ရာအသင်းဥက္ကဋ္ဌ ပြည်သူ့လွတ်လပ်ရေးအဖွဲ့အတွင်းရေးမှူး ရခိုင်ပြည်ပြောက်ကျား စစ်ကောင်စီဥက္ကဋ္ဌနေရာများတွင် တာဝန်ယူလျက်ရှိပေသည်။ ရမ်းဗြဲကျွန်းတွင်လည်းကိုရွှေအောင်၊ ကိုဘဟန်တို့ ဦးဆောင်သော ပြောက်ကျားများ လှုပ်ရှားနေကြသည်။[၃] ထိုသောင်းကျန်းမှုများကို အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်းနှင့် ရေတပ်ဖွဲ့စသည့် ရခိုင်တပ်ပေါင်းစုဖြင့် ဗိုလ်မှူးကြီး ကျော်ဇောက

---

[၁] **ပြည်တွင်းသောင်းကျန်းမှုသမိုင်း** မျက် ၃၁

[၂] (က) **သောင်းကျန်းမှုစုံစမ်းရေးအစီရင်ခံစာ**

(ခ) F.N.Trager - **Burma from Kingdom to Republic** p.97

[၃] " ပြည်သူ့ဟစ်တိုင်သတင်းထောက် ဦးစံလှထွန်း၏ သတင်းစာရှင်းလင်းပွဲ " **တိုးတက်ရေး၊** (၄-၁-၄၈) မျက် ၇

တပ်ပေါင်းစုမှူး တာဝန်ယူလျက် ၁၉၄၇ ခုနှစ်မှ စတင်တိုက်ခိုက်နှိမ်နင်းနေရသည်။[၁] အစိုးရတပ်ဖွဲ့များသည် လွတ်လပ်ရေးရပြီးချိန်တွင် လေသာတောင်၊ မဒီတောင်၊ ရဝေတောင်၊ ပလက်ဝ စသောဒေသများ၌ သောင်းကျန်းမှုနှိမ်နင်းရန် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြသည်။[၂] ၁၉၄၉ခုနှစ်တွင် ဘုံပေါက်သာကျော်အဖွဲ့ အင်အားမှာ ၂၀၀ခန့်သာကျန်ရှိပြီး ၁၉၅၅ခုနှစ်တွင် လက်နက်ချအလင်းဝင်သည်။[၃] ရမည်းသင်းခရိုင်တွင်လည်း ဗိုလ်တာရာဦးဆောင်သော ကွန်မြူနစ်သူပုန်များသည် လွတ်လပ်ရေးမရမီကပင် တောခိုဆူပူလျက်ရှိသည်။ ဗိုလ်တာရာသည် တပ်မဟာ(၉)အားဦးစီး၍ ယင်း၏လက်အောက်၌ ဗိုလ်ကျော်လှဦးစီးသောတပ်ရင်း(၇၂)၊ ဗိုလ်တင်အုံးဦးစီးသော တပ်ရင်း(၈၅)၊ ဗိုလ်ဝင်းရွှေ ဦးစီးသော တပ်ရင်း(၆၃)၊ ဗိုလ်ရဲထွန်း ဦးစီးသော တပ်ရင်း(၁၀၅)နှင့် တပ်ရင်း(၉၇) တို့ပါဝင်သည်။[၄]

၁၉၄၈ခုနှစ်မတ်လတွင်ဗမာပြည်ကွန်မြူနစ်ပါတီတောခိုပြီးဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်က သိုဝှက်ထားခဲ့သောလက်နက်ပုန်းများစွဲကိုင်ကာကျေးရွာများ၊ ရဲကင်းများကို တိုက်ခိုက်စီးနင်းခြင်း၊တံတားများချိုးခြင်း၊ မီးရထားလမ်းများဖျက်စီးခြင်းတို့ လုပ်ဆောင်လာကြသည်။ ဇူလိုင်လတွင် ရဲဘော်ဖြူများ တောခိုကြပြန်သည်။ ထိုသို့ကွန်မြူနစ်များ ၊ ရဲဘော်ဖြူများ လက်နက်စွဲကိုင်၍ အတိအလင်း ပုန်ကန်မှုသည် တပ်မတော်တွင်းသို့လည်း ဂယက်ရိုက်ခတ်ပြီး၊ ကွန်မြူနစ်အနွယ် အရာရှိ၊ အကြပ်၊ တပ်သား များသည် စုဝေးလှုပ်ရှားလာကြသည်။[၅] ဩဂုတ်လတွင်မူ တပ်မတော်မှ အစိပ်အပိုင်းအချို့တောခို၍ သောင်းကျန်းမှု တိုးတက်ကြီးထွားလာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ယခင် "အမ်းပုလိပ်"[6] ခေါ် သီးသန့်လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့နှင့် သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း ၃ ရင်းကို ပြည်ထောင်စုစစ်ရဲတပ်များအဖြစ်ဖွဲ့စည်း၍ ၊ ပြည်ထောင်စုစစ်ရဲအရံတပ်ရင်း[7]ကို ဗိုလ်မှူးထွန်းတင်ကဦးစီးကာ စစ်သုံးယာဉ်၊ စစ်လက်နက်ပစ္စည်းများထုတ်လုပ်ပေးရသည်။ ထုတ်လုပ်ပေးရပုံမှာလည်း တောကြိုတောင်ကြားဒေသများမှလည်းကောင်း၊ ရန်ကုန်ရှိကြက်တန်း၊ တရုတ်တန်းစသော တိုက်ကြိုတိုက်ကြားမှ

---

[၁] တပ်ကြပ်မောင်ထူး– အောင်ဆန်းသူရိယလှသောင်း — မျက် ၁၄၈

[၂] တပ်ကြပ်မောင်ထူး– အောင်ဆန်းသူရိယလှသောင်း — မျက် ၁၉၁–၂၂၅

[၃] DR.968 **၁၉၅၆ခုနှစ်ဇွန်လအတွင်းမေမြို့ဗိုလ်သင်တန်းခန်းမ၌ ဗိုလ်မှူးချုပ်ကျော်ဇော၏ ဗမာပြည်ဆူပူသောင်း ကျန်းမှုသမိုင်း ဟောပြောချက်။**

[၄] **ဗမာ့ခေတ် (၃–၈–၄၈)**

[၅] (က) **ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်– တိုင်းပြည်ကနနမှန်တိုင်းကထန်ထန်** — မျက် ၁၂၀

(ခ) **တပ်ကြပ်မောင်ထူး– အောင်ဆန်းသူရိယလှသောင်း** — မျက် ၂၅၂–၂၅၄

[6] Armed Police

[7] AUMP ( Auxiliary Union Military Police)

လည်းကောင်း၊ စစ်ယာဉ်အပျက်များ၊ စက်သုံးလက်နက်အပျက်များ ရှာဖွေဝယ်ယူစုဆောင်းကာ ဝိုင်ယာလက်စက်များ၊ ဖြယောက်စီးဘရင်းကယ်ရီယာများ၊သံချပ်ကာကား၊ တင့်ကားများ၊ ကုန်း–ရေ နှစ်ဌာနသွားယာဉ်များ၊ ဆုံလည်အမြောက်ငယ်ပါ စစ်သည်တင် အားမတော်ကားများ၊ ၂၀မမ အော်လီကွန်များ၊ လေတပ်သုံးအမြောက်များ ထုတ်လုပ်ပေးခဲ့သည်။[၁] ရဲဘော်ဖြူနှင့် ကွန်မြူနစ် ပါတီ သောင်းကျန်းချိန်တွင် ပြည်ထောင်စုစစ်ရဲတပ်ရင်း (၁) မှ(၂၂) ရှိရာ တပ်ရင်း (၁၇)နှင့် (၂၁)[၂]တို့ မဖွဲ့စည်းရသေးချေ။ ထို့ပြင် သယ်ယူပို့ဆောင်ရေးတပ်ရင်းနှင့် အချက်ပြဆက်သွယ်ရေး တပ်ရင်း တို့ကို ပယ်လျှင် တိုက်ခိုက်ရေးတပ်ရင် း၁၆တပ်ဖွဲ့စည်းပြီးဖြစ်သည်။[၃]

ထိုအချိန်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အခြေအနေ ဆိုးရွားလျက် ရှိသည်။ မြို့ရွာအချို့ကို တောခိုသူပုန်များက စီးနင်းသိမ်းပိုက်ထားပြီး ရန်ကုန်မြို့၏ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။[၄] ဗမာပြည်ကွန်မြူနစ်ပါတီသည် ပျဉ်းမနားမြို့နယ်အတွင်းတွင် ဗဟို ဌာနချုပ်ထားရှိလျက်ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်၊ တောင်ငူခရိုင် ရွှေကျင်ကျောက်ကြီး ဒေသ၊ ပဲခူးခရိုင် အရှေ့ဘက်နယ်များတွင် အင်အားအတော်အတန်များပြား၍ ဟံသာဝတီ၊ ပုသိမ် ခရိုင်များ၌ အင်အားအနည်းငယ်ရှိကြသည်။[၅] ပြည်သူ့ရဲဘော်၊ ရဲဘော်ဖြူတို့သည်လည်း ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းက ကွန်မြူနစ်နှိမ်နင်းရေးအတွက် အစိုးရထုတ်ပေးသောလက်နက်များဖြင့် တောခို ကြပြီး ပုသိမ်၊ မအူပင်၊ ဟံသာဝတီ၊ ပြည်၊ ပဲခူးခရိုင်များတွင် လှုပ်ရှားလျက်ရှိသည်။[၆] တောခို တပ်ရင်း(၁)ကလည်း ပြည်မြို့အထက်ကို သိမ်းယူထားပြီး ပြည်မြို့တွင်ရှိသော ရဲဘော်ဖြူ ဗိုလ်ကွန်းဇော်နှင့် ကွန်မြူနစ်တို့ ညီညွတ်သင့်မြတ်နေကြသည်။[၇] သို့ရာတွင် နောက်ပိုင်း၌ တပ်ရင်း (၁)မှ ဗိုလ်သက်ထွန်းက ဗိုလ်ကွန်းဇော်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင်မူ ၁၉၄၈ခုနှစ် နှစ်ကုန်ခန့်အချိန်ထိ တောင်ပိုင်းတိုင်းကဲ့သို့ အခြေအနေမဆိုးချေ။ သူပုန်များသည် မြို့များကို တစ်ခါတစ်ရံ လာရောက် နှောင့်ယှက်နိုင်ရုံမျှသာရှိသည်။ ကွန်မြူနစ်နှင့်ရဲဘော်ဖြူတို့သည် မတ္တရာ၊ ဝက်ဝံ၊ မြင်းခြံ၊ ပခုက္ကူ၊

---

[၁] တက္ကသိုလ်စိန်တင် – **ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို** မျက်–၃၃၃–၃၃၇

[၂] **ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို** စာအုပ်စာမျက်နှာ၃၃၄တွင် ၊ဗိုလ်မှူးအေးချို၏ သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း(၃)သည် စစ်ရဲတပ်ရင်း(၂၁)ဖြစ်လာကြောင်း ဖေါ်ပြသည်။

[၃] DR968 **ဗိုလ်မှူးချုပ်ကျော်ဇော၏ ဗမာပြည်ဆူပူသောင်းကျန်းမှုသမိုင်း ဟောပြောချက်**

[၄] ဗိုလ်မှူးသိန်းမောင်– **၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၄

[၅] (က) **ပြည်တွင်းသောင်းကျန်းမှုသမိုင်း** မျက် ၂၆

(ခ) DR 396 **ဒါလားပြည်သူ့လွတ်မြောက်ရေး**

[၆] **သောင်းကျန်းမှုစုံစမ်းရေးအစီရင်ခံစာ**

[၇] တပ်ကြပ်မောင်ထူး – **အောင်ဆန်းသူရိယလှသောင်း** မျက်၂၆၇

ချောက်၊ရေနံချောင်း၊ မင်းဘူး၊မကွေး၊ ရေနံမြေတစ်လျှောက်တွင် ရှိနေကြပြီး ကယားပြည်နယ်တွင် ပဒေါင်းဆူပူမှုရှိသည်။[၁] ၁၉၄၈ ခုနှစ်၊ ဇွန်လတွင် အမှတ်(၃) ချင်းသေနတ်ကိုင်တပ်ရင်းကို စေလွှတ်ရာ ချုံခိုတိုက်ခိုက်ခြင်းခံရ၍ တပ်ဆုတ်ရသည်။ ထို့နောက် ပဲခူးရှိ အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်း မှ တပ်ခွဲ ၂ ခွဲစေလွှတ်သော်လည်း အရာမရောက်၍ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုတပ်ခွဲများ ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည်ဆုတ်ခွါသည်။[၂]

၁၉၄၈ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ပြည်သူ့လွှတ်တော်အမတ် ရဲဘော်ဖြူ ဗိုလ်စိန်ထွန်းက ပြည်ထောင်စုစစ်ရဲတပ်ရင်း(၁၆)နှင့်ပေါင်း၍ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူတို့ကို သိမ်းထားသည်။ ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်၏ အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်းက ပန်းတနော်၊ ညောင်တုန်းတို့ကို ပြန်လည်သိမ်းပိုက်ရသည်။မအူပင်၊ ပုသိမ်တို့တွင်မူ အမှတ်(၄) ဗမာ့သေနတ်ကိုင်တပ်ရင်းက တပ်ဖြန့်ထားသည်။[၃] ၁၉၄၈ခုနှစ် ဩဂုတ်လတတိယပတ်တွင် ပြည်လမ်း တစ်လျှောက်ဆင်းလာသော ရဲဘော်ဖြူ၊ ကွန်မြူနစ်သူပုန်တပ်ပေါင်းစုနှင့် ပြည်ထောင်စုစစ်ရဲတပ်ရင်း(၂၁)တို့ ဘိုးသာအောင်ကုန်းတံတား၌ အပြင်းအထန်တိုက်ပွဲ ဖြစ်ပွားပြီး စစ်ရဲတပ်ရင်းမှူး ဗိုလ်မှူးအေးချို ကျဆုံးသည်။ ထိုသို့ ဗိုလ်မှူးအေးချို ကျဆုံးသောသတင်းသည် ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့တွင်ပျံ့နှံ့ခဲ့၍ ရန်ကုန်နေ ပြည်သူလူထုအချို့ စိုးရိမ်ပူပန်ခဲ့ကြသည်။[၄] စက်တင်ဘာလ ၉ ရက်နေ့ညပိုင်းတွင် ကြည့်မြင်တိုင်ကို သူပုန်ဝင်စီးသည်။ စက်တင်ဘာလ ၁၇ ရက်နေ့ညတွင်မူယူအေအက်ဖ်[၅] ခေါ် ကပြားပေါင်းစုံစုရုံးဖွဲ့စည်းထားသည့် တပ်၏တပ်မှူး ဒုတိယဗိုလ်မှူးကြီး တင်ထွဋ်[၆]သည် လက်ပစ်ဗုံးဖြင့် အပစ်ခံရ၍ နောက်တစ်နေ့တွင် ကွယ်လွန်သည်။[၇]

ထိုအတွင်း သီးခြားကရင်ပြည်နယ်တောင်းသူများကလည်း ပိုမိုလှုပ်ရှားလာသည်။ ၁၉၄၈ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ်ဥက္ကဋ္ဌ ဆမားဒူးဝါးဆင်ဝါးနောင်၏ ပါလီမန်အတွင်းဝန် လဘန်းဂရောင်းထံ ကေအင်ယူအတွင်းရေးမှူး ဆရာသာထို၊ ပါလီမန်အမတ် စောမောင်ဒေါက် တို့ရောက်ရှိလာပြီး နိုဝင်ဘာလ ၂၄ရက်နေ့နံက်တွင် ကရင်သဟာယကလပ်သို့ လာရောက်ရန်ဖိတ်ကြားသည်။ကလပ်တွင် စောစံကီး၊ ကေအင်ဒီအိုဥက္ကဋ္ဌ မန်းဘခ်ဲ၊ ဆရာသာထို၊

---

[၁] ဗိုလ်မှူးသိန်းမောင်– ၁၉၄၉ခုမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း မျက် ၅

[၂] DR.986 **၁၉၅၆ခုနှစ်ဇွန်လအတွင်းမေမြို့ဗိုလ်သင်တန်းခန်းမ၌ ဗိုလ်မှူးချုပ်ကျော်ဇော၏ ဗမာပြည်ဆူပူသောင်း ကျန်းမှုသမိုင်း ဟောပြောချက်။**

[၃] **ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား) အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း** မျက် ၇၆၊၉၁–၁၀၀၊၁၀၄

[၄] တပ်ကြပ်မောင်ထူး– **အောင်ဆန်းသူရိယလှသောင်း** မျက် ၂၆၇–၂၆၈

[၅] Rangoon Battalion UAF (Union Auxiliary Force )

[၆] နိုင်ငံခြားရေးဝန်ကြီးဟောင်း အိုင်စီအက် ဦးတင်ထွဋ်

[၇] တပ်ကြပ်မောင်ထူး– **အောင်ဆန်းသူရိယလှသောင်း** မျက် ၂၇၀

စောဟန်တာသာမွေး စသူတို့က ချေဉ့်ခဲ့တွေ့ဆုံပြီး ကေအင်ဒီအိုများ နိုင်ငံတော်အာဏာသိမ်းယူရာ တွင် ကချင်များက ကူညီရန်စည်းရုံးသည်။ လဘာန်းဂရောင်းက ထိုကိစ္စကို အစီရင်ခံစာရေးပြီး သမားကြီးမှတစ်ဆင့် ဝန်ကြီးချုပ်သခင်နုထံတင်ပြ၍ သခင်နုက ဗိုလ်ချုပ်နေဝင်း[၁] နှင့် ဗိုလ်အောင်ကြီး[၂] တို့ကိုချက်ခြင်းခေါ်ယူပြီး ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်ထက်နောက်မကျဘဲ လိုသမျှတပ်များဖွဲ့ရန် ညွှန်ကြားလျက် သူကိုယ်တိုင်လည်း တောင်တန်းဒေသသို့ လှည့်လည်၍ ရှင်းလင်းပွဲပြုလုပ်သည်။၉-၉-၄၈ ရက်နေ့ကပင် စစ်ဝန်ထမ်း ၅၂တပ်ဖွဲ့ရန် ညွှန်ကြားအမိန့်ချပြီး ဖြစ်ရာ ယခုအချိန်တွင် နောက်ထပ် ၄၉တပ်ဖွဲ့ရန်အမိန့်ချသည်။[၃] ယင်းသို့ထပ်မံဖွဲ့စည်းသော တပ်များကို အင်းစိန်တိုက်ပွဲအပြီးတွင်မှ ဖွဲ့စည်းနိုင်ခဲ့ရာ ၁၉၄၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် စစ်ဝန်ထမ်း တပ်ဖွဲ့တစ်ရာကျော်ရှိခဲ့သည်။[၄]

**ကေအင်ဒီအိုအရေးနှင့်ဗမာ့တပ်မတော်ခံစစ်**

၁၉၄၈ခုနှစ်လည်ခန့်တွင် လက်နက်အင်အား အတော်အတန်ပြည့်စုံလာပြီဖြစ်သောကေအင်ဒီအိုတို့သည် ထိုနှစ်ဇူလိုင်လတွင် သထုံမြို့ကိုလည်းကောင်း၊ စက်တင်ဘာလတွင် မော်လမြိုင်မြို့ကိုလည်းကောင်း အဝမ္မသိမ်းယူခဲ့ကြသည်။[၅] ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဗမာ့ရေတပ်မတော်မှ ဗိုလ်စောဂျက်ခေါင်းဆောင်၍ ရေတပ်သင်္ဘောနှစ်စီးပုန်ကန်ကာ ကေအင်ဒီအို နှစ်ထောင်ခန့်နှင့်ပုသိမ်မြို့ကို ဝိုင်းဝန်းတိုက်ခိုက်သည်။ တပ်ရင်း(၄)မှ ဗိုလ်မင်းသိန်းနှင့်တပ်ခွဲတစ်ခွဲက ခုခံတိုက်ခိုက်၍ ၃-၄ ရက်ခန့်တိုက်ပွဲဖြစ်ပွားပြီး ကေအင်ဒီအိုတို့ ဆုတ်ခွာရသည်။[၆] တောင်ငူတွင်စခန်းချလျက်ရှိသည့် အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းကလည်း ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တစ်ရင်းလုံးပုန်ကန်၍ တောင်ငူမြို့ကိုသိမ်းပိုက်သည်။[၇] ပြည်မြို့ရှိ အမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်းကလည်း ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်ကိုသိမ်း၍

---

[၁] ဗိုလ်နေဝင်းသည် ၁-၈-၄၈ နေ့မှစ၍ ယာယီဗိုလ်ချုပ်မှူးအဆင့်ဖြစ် ဒုတိယစစ်ဦးစီးချုပ်ဖြစ်သည်။
( DR 1535 Burma Army lIst 1952)

[၂] ဗိုလ်အောင်ကြီးသည် ၁၉၄၇ခုနှစ်တွင် တပ်မတော်မှထွက်၍ ဆိုရှယ်လစ်ပါတီတွင် ပါဝင်ခဲ့ရာ ပြည်ကျေးလက်အရေ့အမတ်အဖြစ်ရှိရာမှ ၁-၁၀-၄၈ တွင် ဒေသန္တရ ဗိုလ်မှူးကြီးအဖြစ်ပြန်လည်ပါဝင်လာခဲ့သည်။
( DR 1535 Burma Army list 1952 )

[၃] **ပြည်သူ့လွှတ်တော်အစည်းအဝေးမှတ်တမ်း ၈/၆ (၁၄-၆၄၉)** မျက် ၁၆၂-၁၆၃

[၄] Hugh Tinker Union of Burma p.59,326,335

[၅] **ပြည်တွင်းသောင်းကျန်းမှုသမိုင်း** မျက် ၃၁

[၆] DR 968 **ဗိုလ်မှူးချုပ်ကျော်ဇော၏ ဗမာပြည်ရှုပ်သောင်းကျန်းမှုသမိုင်းဟောပြောချက်** မျက် ၁၁

[၇] ဗိုလ်မှူးသိန်းမောင် - **၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၈

၅ရက်နေ့တွင် ရန်ကုန်သို့ ချီတက်လာသည်။[၁] မန္တလေးမြို့ရှိ အမှတ်(၃) ကရင်သေနတ်ကိုင် တပ်ရင်းမှာမူပခုက္ကူနှင့် လှိုင်ကော်သို့ ပို့ထားသော တပ်ခွဲများမှအပ လက်နက်သိမ်းခံရသည်။ ပခုက္ကူနှင့်လှိုင်ကော်ရှိတပ်ခွဲများကမူ လက်နက်အသိမ်းမခံဘဲ ကေအင်ဒီအိုများနှင့်ပူးပေါင်းသည်။[၂] ဗိုလ်ချုပ်နေဝင်းသည် ဒေသန္တရဗိုလ်ချုပ်အဆင့်ဖြင့် စစ်ရုံးစစ်ဦးစီးချုပ်နှင့်စစ်သေနာပတိ အဖြစ် တာဝန်ယူသော ၁၉၄၉ခုနှစ် ဖေဖေါ်ဝါရီလ ၁ ရက်နေ့[၃]တွင် အထက်မြန်မာနိုင်ငံ၌လည်း မေမြို့ရှိ ကရင်တပ်များကို လက်နက်သိမ်း၍ အရာရှိများကို ဗိုလ်သင်တန်းကျောင်း၊ ကျန်သူများကို အင်ဂျင်နီယာတပ်စသည်ဖြင့်ထားရှိခဲ့ရာ အစောပိုင်းက အေးအေးဆေးဆေးပင်ဖြစ်သည်။ အောက် မြန်မာနိုင်ငံတွင်မူပြည်၊ တောင်ငူတို့မှာ ကေအင်ဒီအိုလက်တွင်း ကျရောက်လျက်ရှိသည့်ပြင် ရန်ကုန်အနီး အင်းစိန်၊ တွံတေး၊ ထန်းတပင်၊ ထုံးကြီးတို့၌လည်း ကေအင်ဒီအိုများ စုဝေးလျက် ရှိနေပြီဖြစ်သည်။[၄]

ဤသို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဗမာ့တပ်မတော်တို့သည် ကေအင်ဒီအိုစစ်ကြောင်း၃ကြောင်းကို ရန်ကုန်မှခုခံတွန်းလှန်ရန် ပြင်ဆင်နေရပေသည်။ ယင်းစစ် ကြောင်း များမှာအောက်ပါအတိုင်းဖြစ်သည်–

(က) တောင်ငူမှဆင်းလာသော ဒုတိယဗိုလ်မှူးကြီးစောမင်းမောင် အုပ်ချုပ်သော အမှတ်(၁) ကရင်သေနတ်ကိုင်တပ်ရင်း။

(ခ) ပြည်မှဆင်းလာသောဒုတိယဗိုလ်မှူးကြီး စောမြမောင်အုပ်ချုပ်သော အမှတ် (၂) ကရင်သေနတ်ကိုင်တပ်ရင်း။

(ဂ) အင်းစိန်၊ သမိုင်း၊ ကြို့ကုန်းရှိ ကေအင်ဒီအိုတပ်များ။

**အင်းစိန်စစ်မျက်နှာ**

တပ်မတော်မှ ကရင်သေနတ်ကိုင်တပ်ရင်းများသည် ကေအင်ဒီအိုများနှင့်ပူးပေါင်း ၍ အတိအလင်း ပုန်ကန်သဖြင့် အစိုးရက ကရင်တပ်များမှ လက်နက်သိမ်းယူရန် ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် အမိန့်ထုတ်ပြန်၍ ဖေဖေါ်ဝါရီလ၁ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းကို စစ်ဦးစီးချုပ်ခန့်သည်။ ဇန်နဝါရီလ၃၁ရက်နေ့တွင်ပင်မင်္ဂလာဒုံရှိ ဆက်သွယ်ရေးတပ်ရင်း၌ ကရင်

---

[၁] (က) ဗိုလ်မှူးသိန်းမောင် – ၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်းမျက် ၈–၉

(ခ) ပြည်သူ့လွှတ်တော်ဒသမညီလာခံ ၁၀/၄ မျက် ၉၀

[၂] (က) ဗိုလ်မှူးသိန်းမောင် – ၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်းမျက် ၉၊၂၃–၂၅

(ခ) ဗိုလ်မှူးကြီး (ဟောင်း)တင်မောင်– တိုင်းပြည်ကနနမှန်တိုင်းကထန်ထန် မျက် ၁၂၇–၁၂၉

[၃] DR 1535 Burma Army list 1952

[၄] ဗမာပြည်ဆူပူသောင်းကျန်းမှုသမိုင်း မျက် ၁၂–၁၃

ရဲဘော်များသည် အရာရှိတစ်ဦးကို ပစ်သတ်ကာ လက်နက်များယူဆောင်၍ အင်းစိန်မြို့တွင်းသို့ ဝင်သွားကြသည်။နောက်တစ်နေ့ ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင်အင်းစိန်မြို့တွင်းမှ ကေအင်ဒီအိုများ ထွက်လာသည်။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လေတပ်တို့မှ လက်နက်များ သိမ်းဆည်းကာ အင်းစိန် သို့ပြန်သွားကြသည်။[၁] ဤသို့ဖြင့် အင်းစိန်မှကေအင်ဒီအိုများသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ကို အတိအလင်းစိန်ခေါ်သော အပြုအမူများလုပ်ဆောင်လာသဖြင့် ဖေဖေါ်ဝါရီလ၄ ရက်နေ့တွင် မြောက်ပိုင်းတိုင်းမှူးဗိုလ်မှူးကြီးကျော်ဇောသည်တောင်ပိုင်းတိုင်းမှူးတာဝန်ကိုဗိုလ်မှူးချုပ် အောင်သင်းထံမှ လွှဲပြောင်းလက်ခံယူလျက်မင်္ဂလာဒုံတစ်ဝိုက်ရှိ တပ်များမှ တပ်မှူးများနှင့် ဆွေးနွေး သည်။ ထို့နောက် ဖေဖေါ်ဝါရီလ ၁၀ ရက်နေ့တွင် သမိုင်းရှိအင်းစိန်စစ်မျက်နှာ နည်းဗျူဟာ ဌာနချုပ်သို့ကိုယ်တိုင်လာရောက်ကွပ်ကဲသည်။ထိုအချိန်မတိုင်မီကမှုဒုတိယဗိုလ်မှူးကြီး ကြည်မောင် သည်ရန်ကုန်ပြည်ထောင်စုအရန်တပ်ရင်း[၂] ကိုကွပ်ကဲလျက် သမိုင်းစစ်မျက်နှာတွင် ယာယီဦးစီး လျက်ရှိသည်။ ထိုစဉ်ကယင်းစစ်မျက်နှာတွင်ရှိသော ပြည်ထောင်စုအစိုးရတပ်ဖွဲ့များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(၁) ရန်ကုန်ပြည်ထောင်စုအရန်တပ်ရင်း
(၂) အမှတ်(၁၈)ပြည်ထောင်စုစစ်ရဲ
(၃) အမှတ်(၂၁)ပြည်ထောင်စုစစ်ရဲ
(၄) အမှတ်(၁၅)ပြည်ထောင်စုစစ်ရဲ
(၅) ဖေဖေါ်ဝါရီလ ၇ ရက်နေ့တွင်ရန်ကုန်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ရှိတပ်ရင်း(၁)မှတပ်စု ၂ စုကို အမှတ်(၁)ခြေလျင်တပ်ရင်းမှ လက်နက် တပ်ဆင်ပေးပြီး မိမိတပ်စုတစ်စုနှင့်ပေါင်း၍ မော်တာတပ်ဖွဲ့ပါ တပ်ခွဲအ ဖြစ်သမိုင်းစစ်မျက်နှာတွင် တာဝန်ပေးသည်။ အဆိုပါတပ်ရင်း ၁ ရဲဘော် များမှာ သရက်မှ တောခိုသွားခဲ့သော တပ်ရင်းမှဖြစ်၍ စစ်ကြောရေး စခန်းတွင်ထိန်းသိမ်းထားခြင်းဖြစ်ပေသည်။
(၆) အရန်စစ်ရဲတပ်များ၊စစ်ဝန်ထမ်းတပ်များ၊ကျောင်းသားရဲခေါင်နှင့် သံမဏိ တပ်များ[၃]
(၇) ချင်းသေနတ်ကိုင်တပ်ရင်း(၁)

---

[၁] တပ်ကြပ်မောင်ထူး–**အောင်ဆန်းသူရိယလုသောင်း** မျက်၂၉၃–၂၉၄

[၂] Rangoon Battalion UAF

[၃] တပ်ကြပ်မောင်ထူး–**အောင်ဆန်းသူရိယလုသောင်း** မျက်–၂၉၅–၂၉၆

(၈) ဖေဖော်ဝါရီလ ၆ ရက်မှ ၈ ရက်အတွင်း မော်လမြိုင်ရှိ အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်းကို လေယာဉ်ဖြင့်[၁] အင်းစိန်စစ်မျက်နှာသို့ ပို့ပေးသည်။

(၉) အမှတ်(၁) ခြေလျင်တပ်ရင်း ။ ဖေဖော်ဝါရီလ ၅ ရက် နှင့်၆ ရက်နေ့များတွင် အမှတ်(၄)ခြေလျင်တပ်ရင်းမှတပ်စု(၂)စုအားဖြည့်ပေးထားသည်။

(၁၀) အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း။ အစပိုင်းက ဗိုလ်မှူးလှသောင်းတပ် ဖွဲ့သာရှိခဲ့ပြီး ဖေဖော်ဝါရီလ ၈ ရက် ၉ ရက်နေ့များတွင်စစ်တွေရှိတပ်ရင်းမှူးနှင့်တပ်ဖွဲ့များကို လေယာဉ်ဖြင့်ရွှေ့ပြောင်းပေးပို့သည်။

(၁၁) အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ ဖျာပုံမှ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရန်ကုန်သို့ရောက်ရှိလာသော်လည်း နောက်တစ်နေ့ တွင်ပြည်မှဆင်းလာသော အမှတ်(၂) ကရင်တပ်ရင်း ကို ဟန့်တား တိုက်ခိုက်ရန်သာယာဝတီသို့ ချီတက်ရသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ အင်းစိန်စစ်မျက်နှာတွင်ပါဝင်တိုက်ခိုက်နိုင်သည်။

(၁၂) ရေတပ်မှအော်လီကွန်စက်အမြောက်နှင့် ၂၅ပေါင်ဒါအမြောက်တပ်ဖွဲ့.

အင်းစိန် စစ်မျက်နှာတွင် တိုက်ပွဲများ စတင်ဖြစ်ပွားသည်မှာ ထိုအချိန်ထုတ်သတင်းစာများအလိုအရ၁၉၄၉ခုနှစ်ဇန်နဝါရီလ ၃၁ ရက်နေ့မှပင် စတင်ခဲ့ခြင်းဖြစ်ပေသည်။ ထိုနေ့တွင် ဗိုလ်မှူးစိုးရ၊ ဗိုလ်ညွန့်ဝင်း၊ ဗိုလ်စံလှဘော်နှင့် ဗိုလ်ကျော်ဒင်တို့ဦးစီးသော ပြည်ထောင်စုစစ်ရဲတပ်ရင်းသည် သမိုင်းရှိခဝဲခြံကို ဝိုင်းထားပြီး လက်နက်ချခိုင်းရာ ကျိုက္ကလားနှင့် အင်းစိန်လမ်းထောင့် ရထားတွဲပျက်များရှိရာနေရာအထိတိုက်ပွဲများဖြစ်ပွားပြီး စစ်ရဲတပ်မှ နဂါး၊ သူရိယ၊ ရွှေပြည်အေး စသောသံချပ်ကာကား ၈စီးဖြင့် တိုက်ခိုက်သည်။[၂] ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၅ နာရီတွင် ကရင်ကုန်း၌တိုက်ပွဲဖြစ်ပွားပြီး ကရင်တပ်များနှင့် အစိုးရအရန်တပ်ဖွဲ့များ အပြင်းအထန်တိုက်ခိုက် ကြသည်။၂ ရက်နေ့တွင် နံနက် ၇ နာရီ၌ ကြို့ကုန်းတိုက်ပွဲဖြစ်ပွားပြီး အင်စိန်ရှိ ကရင်တပ်များကို တက္ကသိုလ်ဘွဲ့နှင်းသဘင်အနီး အင်းလျားကန်စောင်းမှ၂၅ပေါင်ဒါ အမြောက်များဖြင့် ပစ်ခတ် တိုက်ခိုက်သည်။[၃] ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ဗိုလ်မှူးလှသောင်းဦးစီးသော တပ်ရင်း(၅)သည်စော်ဘွားကြီးကုန်းနှင့်ပြည်လမ်းဆုံရှိတောင်ကုန်းကို ရယူတိုက်ခိုက်အောင်မြင်သည်။ ၁၁ရက်

---

[၁] Air Lift

[၂] DR 2886 **သံတော်ဆင့်** (၁-၂-၄၉)

[၃] (က)DR 3019 **မြန်မာ့အလင်း** (၃-၂-၄၉)
(ခ)ဒေါက်တာမောင်မောင်- **သားမောင်စစ်သည်သို့**

နေ့တွင်မှ ခဝဲခြံကို သိမ်းယူရရှိသည်။[၁] ၁၃ ရက်နေ့ နံနက် ၅နာရီခွဲတွင် အစိုးရတပ်များသည် သမိုင်းတစ်ဝိုက်ထိုးစစ်ဆင်ရာ ရန်ကုန်ပြည်ထောင်စုအရန်တပ်ရင်းကဦးသော်ပန်းကန့်စက်ကိုသိမ်းပိုက်ပြီး ချင်းတပ်ရင်း(၁)က ပြည်ထောင်စုအရန်တပ်ရင်း၏ ညာတောင်ပံဖြစ်သော နေရာကို သိမ်းယူလျက် ချင်းတပ်ရင်း(၁)၏ ညာတောင်ပံရှိအိမ်ဝါကြီးကို ကချင်တပ်ရင်း(၂)ကသိမ်းပိုက်သည်။ ခြေလျင်တပ်ရင်း(၄)ကကချင်တပ်ရင်း(၂)၏ အရှေ့ဘက်မျက်နှာစာဒေသကိုသိမ်းယူသည်။ ကြို့ကုန်းစစ်မျက်နှာတွင်လည်းတပ်ရင်း(၅)နှင့်ကရင်တပ်များပစ်ခိုက်တိုက်ခိုက်ကြပြီးကေအင်ဒီအို ၃၀ခန့်သည် ဝါးကင်းကုန်းသို့ ဆုတ်ခွာသည်။ အင်းစိန်တိုက်ပွဲတွင် အစပိုင်း၌ အရန်တပ်ရင်း၊ စစ်ရဲစသည်တို့ဖြင့်တိုက်ခိုက်နေရာမှ တပ်မတော်ပုံမှန်တပ်ရင်းများ ပါဝင်လာကြောင်း တွေ့ရလေသည်။

ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ရော်ဘာခြံတိုက်ပွဲ၊ ၁၅ ရက်နေ့တွင် စောဘင်ဆင်ခြံတိုက်ပွဲများ ဖြစ်ပွားပြီး ကရင်တပ်များသည် ဦးစက္ကိန်ဘုန်းကြီးကျောင်းကို ပင်မအခြေခံပြု၍ အလုံးအရင်းနှင့်ခံနေသည်။ ဦးစက္ကိန်ကျောင်းတည်နေပုံမှာ စနစ်တကျဆောက်လုပ်ထားသော ခံတပ်နှင့်တူသည်။ ကျောင်းသည် တောင်ကုန်းအမြင့်ပေါ်တွင်တည်ရှိ၍ ပတ်ပတ်လည်တွင် တိုက်ကျောင်းများရှိပြီး ယင်းတိုက်ကျောင်းများကိုလည်း သစ်ပင်များက အုပ်မိုးထားသည်။ချဉ်းကပ်လာသမျှရန်သူကို ကုန်းမြင့်ပေါ်မှ အပေါ်စီးပစ်ခတ်တိုက်ခိုက်နိုင်မည်ဖြစ်သည်။သို့ဖြစ်၍ အင်အား ၁၀၀ကျော်ရှိ တပ်ရင်း ၅တပ်ဖွဲ့သည် အကြပ်အတည်း တွေ့နေရသည်။ဤတွင်ချင်းတပ်ရင်းမှ ဗိုလ်တိုက်ချွန်းနှင့် ရဲဘော် ၄ ဦးတို့သည် ယခုစက်မှုတက္ကသိုလ်ဝင်းတည်ရာဝါးတောမှချဉ်းကပ်၍ ကျောင်းတွင်းသို့ဝင်ရောက်ကာ စတင်း၊ ဘရင်းများနှင့် လျှပ်တပြက် တိုက်ခိုက်သိမ်းပိုက်ရသည်။[၂] ဦးစက္ကိန်ကျောင်းမှ ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့သည် သံဆူးကြိုးဝင်းခတ်ထား၍ မြေကတုတ်ကျင်းများ၊ သစ်ပင်အုပ်များရှိ လင့်စင်များနှင့် အခိုင်အမာရှိနေသော ပြည်သူ့လုပ်ငန်းဘန်ဂလိုတွင် တပ်စခန်းချသည်။သို့ဖြစ်၍ ဝင်ရောက်တိုက်ခိုက်သော တပ်မတော်ဘက်မှ အထိအခိုက်များပြားနေသည်။ဤတွင် ဗိုလ်တိုက်ချွန်းနှင့်ရဲဘော် ၅ဦးကညတစ်နာရီတွင် သံဆူးကြိုးကို တိတ်တဆိတ်ဖြတ်၍ဝင်ရောက်တိုက်ခိုက်သည်။ ပစ်ခတ်သံများကြားရချိန်တွင် နောက်မှတပ်ဖွဲ့များက ဝင်ရောက်လိုက်ပါပြီး ငှိုက်ခိုက်ရာ ရန်သူများထွက်ပြေးကြသည်။[၃]

ဖေဖော်ဝါရီလ၁၆ရက်နေ့တွင် တပ်ရင်း(၅)သည် အထိအခိုက် အကျအဆုံးများစွာဖြင့် မင်းဓမ္မကုန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။[၄] သာယာဝတီ ဝက်ကော်တိုက်ပွဲတွင် ကရင်

---

[၁] DR 2886 **သံတော်ဆင့်** (၁၂-၂-၄၉)

[၂] တက္ကသိုလ်စိန်တင်– **ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း** မျက်၁၈၇-၁၉၃

[၃] တက္ကသိုလ်စိန်တင်– **ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း** မျက်၁၉၄-၂၀၁

[၄] တပ်ကြပ်မောင်ထူး– **အောင်ဆန်းသူရိယလှသောင်း** မျက်၄၁၂-၄၁၃

တပ်ရင်း(၂)၏ ထိုးစစ်ကို အောင်မြင်စွာရိုက်ချိုးခဲ့သော အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်းသည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အင်းစိန်စစ်မျက်နှာ၌ ပါဝင်လာကာ ၁၉ရက်နေ့ နေ့တစ်နာရီတွင် အငိုက်ဖမ်း၍ ကြို့ကုန်းတိုက်ပွဲဆင်နွှဲသည်။ထိုစဉ်က အင်းစိန်စစ်မျက်နှာတွင် အရုဏ်ဦးတိုက်ပွဲ[၁] များသာဆင်နွှဲလေ့ရှိကြပြီး နေ့လည်နေ့ခင်းတွင်နားနေလျက် လက်ဖြောင့်တပ်သားများ၏ ပစ်ခတ်မှုများသာရှိတတ်သည်။ဤသို့သော အခြေအနေကို တပ်ရင်း(၃) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ချစ်မြိုင်ကသုံးသပ်၍ တိုက်ခိုက်ခြင်းဖြစ်ပေသည်။ တိုက်ခိုက်ရာတွင်လည်း တပ်ရင်း(၃)ကအင်းစိန်လမ်းမကြီး၏ နောက်ဘက်ခြမ်းကိုလည်းကောင်း၊ တပ်ရင်း(၁) တပ်ခွဲ နှင့် အမှတ်(၁)ခြေလျင်တပ်ရင်း တပ်ခွဲတို့က တပ်ရင်း(၃)၏ ညာတောင်ပန် လမ်းမ အရှေ့ဘက်ခြမ်းကိုလည်းကောင်းတိုက်ခိုက်ခဲ့ရာ ရန်သူတို့မမျှော်လင့်ထားသော အချိန်ဖြစ်၍ တစ်နာရီအတွင်း ရည်မှန်းချက်များကို သိမ်းပိုက်နိုင်ခဲ့သည်။[၂] ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် တပ်ရင်း(၅)သည် ပွိုင့်ဝမ်းဝမ်းတူးတောင်ကုန်းရှေ့ရှိ တောင်ကုန်းငယ်ကို တိုက်ခိုက်သိမ်းပိုက်ရာ ဗိုလ်မှူးလှသောင်း အပါအဝင် အရာရှိအရာခံ အကြပ်တပ်သား ၈၀ခန့်ကျဆုံး၍ ၁၂၀မျှဒဏ်ရာရခဲ့ခြင်းကြောင့် တပ်ခွဲနှစ်ခွဲစာ အင်အားလျော့နည်းသွားခဲ့သည်။သို့ဖြစ်၍ ပွိုင့်ဝမ်းဝမ်းတူးရန်သူ့စခန်းကို သိမ်းပိုက်ရန်တာဝန်ကို တပ်ရင်း(၃)က လွှဲပြောင်းယူခဲ့ရသည်။

ထိုအချိန်က ဦးစက္ကိန်ကျောင်းတွင် ဗမာ့တပ်မတော် ချင်းတပ်ရင်း(၁)ကလည်းကောင်း၊ နထိုးကုန်းနှင့် မင်းဓမ္မတောင်ကုန်းတို့တွင် တပ်ရင်း(၅)က လည်ကောင်း တပ်စွဲထားပြီးဖြစ်သည်။ တပ်ရင်း(၅)တွင် အမှတ်(၁၆)ပြည်ထောင်စုစစ်ရဲတပ်မှ တပ်အချို့လည်းပါရှိသည်။ မင်းဓမ္မကုန်းမှ မြေပြင်သည် မတ်စောက်ဆင်းသွားပြီး လျှိုတစ်ခုဖြစ်ပေါ်စေကာ ထိုမှတစ်ဖန် ဝမ်းဝမ်းတူးတောင်ပေါ်သို့ မတ်စောက်စွာတက်သွားပြန်သည်။ သို့ဖြစ်လေရာပွိုင့်ဝမ်းဝမ်းတူးရန်သူစခန်းကို တိုက်ခိုက်ရန်မှာ အမြင့်ရှိရန်သူကို အောက်မှဆန်၍ တိုက်ရမည်ဖြစ်သည်။ ဤတွင် တပ်ရင်း(၃)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးချစ်မြိုင်သည် ဗိုလ်လှမောင်ဦးစီးသော ကွန်မန်ဒိုတပ်စု၊ ဗိုလ်ကြီးစိန်မြဦးစီးသောကွန်မန်ဒိုတပ်ခွဲ၊ဗိုလ်ကြီးမောင်ကျော်ဦးစီးသောနောက်ရံတပ်ခွဲဗိုလ်ထွန်းလှဦးစီးသော စိန်ပြောင်းတပ်ခွဲများ ဖွဲ့စည်းလေ့ကျင့်ပေးသည်။ ၁၉၄၉ခုနှစ် မတ်လ ၉ရက် နေ့နံနက် ၂ နာရီခွဲတွင် ရည်မှန်းချက်(၁) အဖြစ်သတ်မှတ်ထားသော ပွိုင့်ဝမ်းဝမ်းတူးဘယ်တောင်ပံကို ကွန်မန်ဒိုတပ်စုက ဝင်ရောက်တိုက်ခိုက်ရာ မိနစ်ပိုင်းအတွင်းမှာပင်သိမ်းပိုက်ရမိသည်။ ရည်မှန်း ချက်(၁) ကိုသိမ်းပိုက်ပြီးကြောင်း သတင်းပို့ချိန်တွင် စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက်(၂)အဖြစ် သတ်မှတ်ထားရာသို့ မော်တာ၁၀လက်ဖြင့် ဆက်တိုက်ပစ်ခတ်သည်။သိမ်းပိုက်ပြီးဖြစ်သော ရည်မှန်းချက်(၁)

---

[၁] Dawn Attack

[၂] တပ်ကြပ်မောင်ထူး– **အောင်ဆန်းသူရိယလှသောင်း** မျက် ၄၁၄–၄၃၄

နှင့်ရည်မှန်းချက်(၂)တို့မှာ ကိုက်၅၀ ခန့်သာကွာဝေး၍ မိမိတပ်များတွင်လည်း အထိအခိုက်ရှိခဲ့သည်။ မော်တာအပစ်ရပ်လျှင် ကွန်မန်ဒိုတပ်ခွဲမှ တပ်စုတစ်စုက ရည်မှန်းချက်(၂)အား တိုက်ခိုက်သိမ်းပိုက်သည်။ ထို့နောက်စိန်ပြောင်းတပ်ခွဲက ရည်မှန်းချက်(၃) နေရာသို့ ပစ်ခတ်ပြီး တက်ရောက်သိမ်းပိုက်သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ စတီးဝပ်တင့်ကား တစ်စင်းပါဝင်ခဲ့သည်။ စစ်ဆင်ရေးအစီအစဉ်တွင် တပ်ရင်း(၃)က ပွိုင့်ဝမ်းဝမ်းတူးအား တိုက်ခိုက်၍ ရန်သူအခြေပျက်ချိန်တွင် ပွိုင့်ဝမ်းဝမ်းတူး၏ အရှေ့မြောက်ဘက်အုန်းပင်စုကိုအမှတ်(၁၆)ပြည်ထောင်စုစစ်ရဲကလည်းကောင်း၊ စော်ဘွားကြီးကုန်းရှိ အင်္ဂလိပ်သင်္ချိုင်းကို ကချင်တပ်ရင်း(၂)ကလည်းကောင်း တိုက်ခိုက်ရန်ဖြစ်သော်လည်း ထိုတပ်များတိုက်ခိုက်မှုနောက်ကျ၍ ထိုနေရာများမှရန်သူများ ပစ်ခတ်ခြင်းခံရသော တပ်ရင်း(၃)တွင် အထိအခိုက်များခဲ့သည်။[၁]

သို့ဖြင့် မတ်လတစ်လလုံးတွင် တိုက်ပွဲများဖြစ်ပွားပြီး ဧပြီလ၄ရက်နေ့တွင် စောဘဦးကြီးနှင့်အဖွဲ့က အစိုးရနှင့်ဆွေးနွေးရန် အင်းစိန်မှထွက်လာပြီး ဧပြီလ ၅ရက်မှ ၈ ရက်နေ့အထိ အပစ်အခတ်ရပ်စဲကာ ဆွေးနွေးကြသည်။ သို့ရာတွင် မအောင်မြင်၍ ဧပြီလ ၈ရက်နေ့ညနေပိုင်းတွင် တိုက်ပွဲများပြန်လည်စတင်ဖြစ်ပွားသည်။[၂] ဧပြီလ၂၉ရက်နေ့တွင် တပ်မတော်(လေ)က အင်းစိန်အစိုးရအထက်တန်းကျောင်းနယ်မြေ၊ အင်းစိန်ထောင်၏ တောင်ဘက်နယ်မြေများကို ဗုံးကြဲတိုက်ခိုက်ပြီး မေယုစစ်သင်္ဘောမှလည်း စက်မှုကျောင်းနယ်မြေ ၊ ကမ်းနားဆန်စက်များနယ်မြေတို့ကို အမြောက်ဖြင့်ပစ်ခတ်တိုက်ခိုက်သည်။ ၁၄ရက်မှ၁၆ရက်နေ့အတွင်း တပ်မတော်က တိရစ္ဆာန် ဆေးကုသရေးသိပ္ပံကျောင်းကို တိုက်ခိုက်သိမ်းပိုက်ရရှိသည်။ မေလတွင် ချင်းတပ်ရင်း(၁)နှင့်(၂)တို့သည် မင်္ဂလာဒုံဘက်မှ စဉ့်ကူး၊ ဖေါ့ကန်၊အောင်ဆန်းတို့ကို သိမ်းပိုက်လာခဲ့ရာ မေလ ၂၁ရက်နေ့တွင် အောင်ဆန်းမြို့အလွန် စွပ်ကျယ်စက်ရှိ ကေအင်ဒီအိုများကို တိုက်ခိုက်၍ စွပ်ကျယ်စက်ကိုရရှိသည်။[၃] သို့ဖြင့် ၁၉၄၉ခုနှစ် မေလ ၂၂ရက်နေ့တွင် အင်းစိန်မြို့ကို တပ်မတော်က အပြီးအပိုင်သိမ်းပိုက်နိုင်ခဲ့သည်။[၄]

---

[၁] တပ်ကြပ်မောင်ထူး – **အောင်ဆန်းသူရိယလုသောင်း** မျက် ၄၃၈–၄၇၄

[၂] (က) DR971 **ကြို့ကုန်းစစ်မျက်နှာရှိ ဗိုလ်မှူးကြီးကျော်ဇောက ဝန်ကြီးချုပ်သခင်နု၏ ညွှန်ကြားချက်အရ အကြောင်းပြန်ကြားစာ**

(ခ) တပ်ကြပ်မောင်ထူး – **အောင်ဆန်းသူရိယလုသောင်း** မျက် ၄၉၂–၄၉၃

[၃] **တက္ကသိုလ်စိန်တင်– ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်း** မျက် ၂၁၂–၂၁၃

[၄] General Review S.B.S.D

**ပဲခူးဘုရားကြီးစစ်မျက်နှာ**

၁၉၄၉ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း တောင်ငူကို သိမ်းပိုက်ခဲ့သော အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း၊ တောင်ငူအရှေ့ဘက် သံတောင်ဒေသ၊ ဒိုက်ဦးအနောက်ဘက်နှင့် ပဲခူးတစ်ပိုက်ရှိ ကရင်သောင်းကျန်းသူအင်အားစုစုပေါင်း ၁၀၀၀ ကျော်သည် ကားအစီး ၄၀ ဖြင့် ရန်ကုန်သို့ ဦးတည်၍ ချီတက်လာရာ ဖေဖော်ဝါရီလ၄ရက်နေ့ နံနက်တွင် ညောင်လေးပင်ကို ဖြတ်ကျော်လျက်ရှိပြီဖြစ်သည်။ကရင်သောင်းကျန်းသူတို့၏ အစီအစဉ်မှာ ညောင်လေးပင်မှ ၄၉မိုင်အကွာရှိ ပဲခူးမြို့ကိုသိမ်းပိုက်ပြီး ပဲခူးတောင်ဘက်ထုံးကြီးရွာမှကေအင်ဒီအိုများနှင့်လည်းကောင်း၊ လှည်းကူးအနောက်ဘက်ရှိ တာပူးတောင်းမှ ကေအင်ဒီအိုများနှင့်လည်းကောင်း ပူးပေါင်း၍ ရန်ကုန်သို့ချီတက်မည်ဖြစ်သည်။ ပြီးလျှင် အင်းစိန်စစ်မျက်နှာ၌ ကေအင်ဒီအိုများကို ဝိုင်းရံစစ်ဆင်လျက်ရှိသော ဗမာ့တပ်မတော်ကို နောက်ပိုင်းမှဝိုင်းတိုက်မည်။

ပဲခူးနယ်တွင် ဒုတိယဗိုလ်မှူးကြီးတင်ဦး ခေါင်းဆောင်သည့် ဗမာ့တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပေသည်-

(၁) အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်း။ ဆိုပါတပ်ရင်းသည် မူလက အင်အားတစ်ထောင်ခန့်ရှိသော်လည်း တပ်ခွဲနှစ်ခွဲကို မိတ္ထီလာသို့ပေးပို့ရခြင်း၊ အင်အား၁၀၀ခန့်ကို အမြောက်တပ်ဖွဲ့စည်းရန် ပေးအပ်ရခြင်းတို့ကြောင့် အင်အား ၃၀၀ခန့်သာရှိတော့၍ တိုက်ခိုက်နိုင်သော အင်အားမှာ ၂၀၀ခန့်သာရှိသည်။

(၂) အမှတ်(၄)ပြည်ထောင်စုစစ်ရဲတပ်ရင်း။ အဆိုပါစစ်ရဲတပ်ရင်းမှာ ဝေါ၊ မြစ်ကျိုးဘက်တွင် တာဝန်ချထားခဲ့သည်။

(၃) ဗိုလ်မှူးဝေလင်း၏ စစ်ဝန်ထမ်းတပ်[၁]

(၄) အမှတ်(၃)ပြည်ထောင်စုစစ်ရဲတပ်ရင်း

(၅) ရဲဘော်ဖြူများနှင့်ဆိုရှယ်လစ်ပြောက်ကျားများ

ဒုတိယဗိုလ်မှူးကြီးတင်ဦးသည် ဗိုလ်ကြီးခင်မောင်သောင်း ဦးဆောင်သော တပ်စိတ် (၄)စိတ်ကို ၃လက်မစိန်ပြောင်း၂လက်ဖြင့် ပဲခူးမြောက်ဘက် ဘုရားကြီးသို့ချီတက်၍ ရန်သူနှင့်ရင်ဆိုင်စေသည်။ ပဲခူးမြို့လုံခြုံရေးအတွက် ဗိုလ်ကြီးခင်မောင်ကျော် ဦးဆောင်သော တပ်ဖွဲ့ကိုတာဝန်ပေးပြီး ပဲခူး၊ သေနပ်ပင်ဒေသမှ တက်ကြွသောကျောင်းသား ၁၀၀ခန့်ကို လက်နက်တပ်ဆင်လျက် မြို့တွင်းလုံခြုံမှုနှင့် ဆက်သားတာဝန်ပေးသည်။ စစ်ဝန်ထမ်းတပ်ဖွဲ့ တစ်ဖွဲ့ကို

---

[၁] B.T.F (Burma Territorial Force)

ပဲခူးနှင့် ဒိုက်ဦး အကြားရှိ တာဝန်ချထားသောတပ်များထံ စေလွှတ်ပြီး ရန်သူကို တတ်နိုင်သမျှ အနှောင့်အယှက်ပေးရန် တာဝန်ပေးသည်။ ထောင်တွင်းမှ ထုတ်ယူရသောသူများအပါအဝင် ရဲဘော်ဖြူ ၅၀၀ခန့်အား လက်နက်တပ်ဆင်၍ ဘုရားကြီးရွာ အနောက်ဘက်သို့ ချီတက်စေသည်။ ဗိုလ်ကြီးခင်မောင်သောင်း၏ တပ်ဖွဲ့သည် ဘုရားကြီးတွင် ကရင်သူပုန်များနှင့်တိုက်ပွဲဖြစ်ပွားပြီး ရန်သူ့ဘက်မှဟန်းဘား သံချပ်ကာကားတစ်စီး နှင့်ကယ်ရီယာတစ်စင်း ပါရှိလျက် အင်အား များပြားသဖြင့်လည်းကောင်း၊ မိမိဘက်မှလက်နက်လူသူအင်အားနည်း၍ လည်းကောင်း ဆုတ်ခွာခဲ့ရသည်။ လိုသတင်း ပဲခူးရှိ တပ်ရင်းမှူးထံရောက်ပြီးနောက် ဝေါတွင်တပ်ချထားသော စစ်ရဲတပ်ရင်း(၄) မှ ဆက်သား ရောက်ရှိလာရာ ထိုဆက်သားရဲဘော်မှတစ်ဆင့် ကရင်သောင်းကျန်းသူများသည် ဘုရားကြီးကို သိမ်းပိုက်ခြင်းမပြုဘဲ ဆုတ်ခွာသွားကြောင်းသိရသည်။ ဤတွင် ဗိုလ်ကြီး ခင်မောင်သောင်း တပ်စုအား ဘုရားကြီးသို့ချီတက်ရန် အမိန့်ပေးခဲ့၍ ဖေဖော်ဝါရီလ ၅ရက်နေ့ နံနက် ပိုင်းတွင် ဘုရားကြီးရွာ၌ တပ်မတော်ခံစစ်ကတုတ်များ ချထားနိုင်သည်။ထိုနေ့နံနက်တွင်ပင် သနပ်ပင်မှ ရဲဘော်ဖြူအင်အား ၂၀၀၀ကျော်ရောက်လာပြီး အင်အားဖြည့်သည်။ ဘုရားကြီး ရွာတွင် ကရင်သောင်းကျန်းသူများသည် ရွာသား ၁၂ယောက်ကို ကြိုးတုတ်၍ လှံစွပ်ဖြင့် ထိုးသတ်သွားခဲ့၍ တပ်မတော်အဖွဲ့များရောက်ရှိမှ သင်္ဂြိုဟ်ရသည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လည်း ကေအင်ဒီအို တို့ဘုရားကြီးကို ထပ်မံတိုက်ခိုက်ရာ အစိုးရတပ်ပေါင်းစု ကခုခံ၍ ဆုတ်ခွာရသည်။ ပဲခူးတပ်ပေါင်းစု ကလည်း ဆုတ်ခွာရသော ရန်သူနောက်မှ ဒိုက်ဦးအထိလိုက်လံတိုက်ခိုက်ခဲ့ သည်။[၁]

**သာယာ ဝတီစစ်မျက်နှာ**

အင်းစိန်တိုက်ပွဲ စတင်ချိန်တွင် မြစ်ဝကျွန်းပေါ်ရှိ အမှတ်(၃)ဗမာ့သေနတ်ကိုင် တပ်ရင်းကိုပြန်လည်ခေါ်ယူသည်။ တပ်ရင်း(၃)သည် တွံတေးဝကို ကေအင်ဒီအို သိမ်းထားခြင်း ကြောင့် ပင်လယ်ဘက်မှတစ်ဆင့်လှည့်၍ ရန်ကုန်သို့ ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ရန်ကုန်သို့ ရောက်သည်။ဖေဖော်ဝါရီလ ၇ ရက်နေ့ တွင် တပ်ရင်းပြန်လည် ဖွဲ့စည်းကာ လက်နက်ခဲယမ်း ရိက္ခာဖြည့်တင်းပြီး ပြည်မှဆင်းလာသော ကရင်တပ်ရင်း (၂)ကိုတားဆီးရန် သာယာဝတီသို့ ထွက်ခွာသည်။ ပြန်လည်ဖွဲ့စည်းပြီး နောက်တစ်နေ့တွင် ကုန်းလမ်းပို့ဆောင်ရေးထရပ်ကား သုံးစီး၊ အော်စတင်ခေါင်းတို ထရပ်အစီး ၃၀ဖြင့် ထွက်ခွာကြရာ ရေတပ်မှ "တံမြက်စည်း" အမည်ရ ဘော်ဖါ စက်အမြောက် နှင့် ဗိုလ်ကျော်သိန်းလွင် ခေါင်းဆောင်သော အမြောက်အဖွဲ့၊ အမှတ်(၁)ခြေလျင် တပ်ရင်းမှ ဒုအရာခံဗိုလ် မျိုးခင် ခေါင်းဆောင်သောအဖွဲ့နှင့် ခြောက်ပေါင်ဒါ အမြောက် တစ်လက် တို့လည်း လိုက်ပါလာကြသည်။ ထိုအချိန်က သာယာဝတီနယ် ပေါင်းတည် ၊ နတ္တလင်း၊ ဇီးကုန်း

စသည်တို့တွင် ဗိုလ်စိန်မှန်သည် ဒေသန္တရဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ရဲ၊ စစ်ဝန်ထမ်းတပ်များကို အုပ်ချုပ်ကာ ရန်သူကို ခုခံတိုက်ခိုက် နေဆဲဖြစ်သည်။တပ်ရင်း(၃)သည် သာယာဝတီကို ဖြတ်၍ ကြို့ပင်ကောက်သို့ ဖေဖော်ဝါရီလ ၉ရက်နေ့နံနက်ပိုင်းတွင် ရောက်ရှိချိန်၌ သောင်းကျန်းသူ ကရင် တပ်ရင်း(၂)သည် ဖေဖော်ဝါရီလ (၈) ရက်နေ့ကပင် ကြို့ပင်ကောက်မှ ၇ မိုင် ဂမိုင်ခန့်အကွာရှိ ဇီးကုန်းသို့ ရောက်ရှိပြီးဖြစ်သည်။ ဇီးကုန်းနှင့်ကြို့ပင်ကောက်အကြားရှိ ဝက်ကော်ချောင်းကူး တံတားတွင်မြောက်ဘက်မှ ဆုတ်ခွာလာသော အစိုးရပြည်ထောင်စုစစ်ရဲနှင့် စစ်ဝန်ထမ်းတပ်ဖွဲ့များ တပ်စွဲထားသည်။ တပ်ရင်း(၃)သည် ကြို့ပင်ကောက်တွင် ရေ့တန်းကွပ်ကဲမှုဌာနချုပ် ထားရှိ၍ တိုက်ခိုက်ရေးတပ်ခွဲများက ဝက်ကော်တံတား၏ တောင်ဘက် ရထားလမ်း၊ ကားလမ်း လမ်းဆုံတွင် ပိတ်ဆို့၍ တာဝန်ယူသည်။ ဘော်ဖါတပ်ဖွဲ့ကို ကားလမ်းလယ်တွင်နေရာယူစေ၍ ကားလမ်းဘေးရှိ လှည်းလမ်းတွင် ဗ်ပေါင်ဒါ တပ်ဖွဲ့ကိုနေရာချထားသည်။ ကရင်းများဘက်မှ အမှတ်(၂)ကရင် သေနတ်ကိုင်တပ်ရင်းနှင့် အမှတ် (၉) ပြည်ထောင်စုစစ်ရဲတပ်တို့ဖြင့် စုစုပေါင်းတိုက်ခိုက်ရေးတပ်ခွဲ ၅ခွဲအင်းအားရှိရာဘရင်းကယ်ရီယာတစ်စီးလည်းပါရှိသည်။ အစိုးရဘက်မှ စစ်ရဲနှင့် စစ်ဝန်ထမ်းများ တပ်ပျက်ဆုတ်ပြေး၍ တပ်ရင်း(၃)၏ တပ်စုနှစ်စုစီပါ တပ်ခွဲ ၃ခွဲသာရှိသော အင်အားဖြင့်ခုခံရန် ပြင်ဆင်ရခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့ည ၁၂ နာရီခန့်တွင် ကရင်တပ်များသည် မော်တော်ယာဉ်တန်းကြီးဖြင့် ချီတက်လာ၍ တိုက်ပွဲစတင်ဖြစ်ပွားသည်။ တိုက်ပွဲစလျှင်စချင်းပင် ရန်သူကရင်တို့၏ ကယ်ရီယာသည် ဘော်ဖာအမြောက်ထိ၍ ပျက်စီးသည်။ ခဲယမ်းမီးကျောက်တင် ကားတစ်စီးလည်း ဗ် ပေါင်ဒါ အမြောက်ထိမှန်၍ ပေါက်ကွဲပျက်စီးသည်။ တပ်မတော်မှ ရှေ့ကာ တပ်စိတ်က ရန်သူကိုပစ်ခတ်ပြီး အဆုတ်တွင်ကရင်များက ညာသံပေးကာတက်လာ၍ တပ်မတော် စိန်ပြောင်းတပ်ဖွဲ့မှစုပြုံပစ်ခတ်ရာ ရန်သူတို့ အထိနာစွာဖြင့် ဆုတ်ပေးရသည်။ ဖေဖော်ဝါရီလ ၁၀ရက်နေ့ညနေတွင်ရန်သူတို့ကထိုးစစ်ဆင်လာပြီး စစ်ဝန်ထမ်းတပ်ဖွဲ့တစ်ဖွဲ့ရှိရာ ရွာကို သိမ်းပိုက် မီးရှို့ခဲ့သော်လည်း တပ်မတော်မှပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၁ရက် နေ့တွင် တပ်ရင်း(၃) တပ်ရင်းမှူးသည် တောခိုတပ်များမှ တပ်မှူးဗိုလ်ရဲထွဋ်နှင့်တွေ့ဆုံဆွေးနွေးပြီး တပ်ရင်း(၃)မှထိုးစစ် ဆင်ချိန်တွင် ကရင်များပြည်ဘက်သို့ ပြန်မထွက်နိုင်ရေးအတွက် ဗိုလ်ရဲထွဋ် တပ်များက ရန်သူနောက်ကျောကို ဇီးကုန်းမှပိတ်ဆို့ပေးထားရန်သဘောတူညီသည်။ ထို့နောက် ဖေဖော်ဝါရီလ၁၃ရက်နေ့တွင်တပ်ရင်း(၃)မှထိုးစစ်ဆင်တိုက်ခိုက်ရာ တပ်မတော်(လေ)မှ လေယာဉ် တစ်စင်းကလည်း လေကြောင်းမှပစ်ကူသည်။ အမှတ်(၂) ကရင်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောမြမောင်၊ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးစောထွန်းမောင်၊ တပ်ရေးဗိုလ်ကြီး ဒစ်ကဆင် တို့အပါအဝင် အရာရှိ(၈)ဦး၊ ရဲဘော်(၈၀)ခန့်နှင့် သုံးလက်မမော်တာ၊ တင့်ကားပစ်သေနတ်၊ ဘရင်း စသည့် လက်နက်များကို လက်ရဖမ်းဆီးမိပြီး ကရင်တပ်ပျက်သည်။ အဆိုပါလက်နက်များ မော်တော်ယာဉ်

များကို အစိုးရ တပ်နှင့် တောခိုတပ်များ အပြိုင်လုယက်သိမ်းဆည်းရသည်။[၁]

## ဒုတိယအကြိမ်ကေအင်ဒီအိုထိုးစစ်

ဤသို့ဖြင့်ပဲခူးစစ်မျက်နှင့် သာယာဝတီစစ်မျက်နှာတို့တွင် ကေအင်ဒီအို ထိုးစစ်သည် နောက်ပြန်လန်သွားသော်လည်း ၁၉၄၉ခုနှစ် ဧပြီလတွင် ယခင်တောင်ငူမှ ကရင်တပ်ရင်း(၁)၊ မန္တလေးနှင့်မေမြို့မှ ကရင်တပ်ရင်း(၃) ၊ ဝက်ကော်မှ တပ်ပျက်လာသော ကရင်တပ်ရင်း(၂)မှ တပ်ဖွဲ့အချို့ ၊ သစ်တောတပ်ဖွဲ့၊ ကချင်တပ်ရင်း(၁)မှ တောခိုနော်ဆိုင်းတပ်ဖွဲ့၊ မေမြို့မှ အချက်ပြ ဆက်သွယ်ရေး ဗဟိုတပ်ရင်း၊ အင်ဂျင်နီယာလေ့ကျင့်ရေး ဗိုလ်သင်တန်းကျောင်း စသော ပ်များမှ ကရင်တပ်သားများ၊ စစ်ရဲတပ်ရင်း(၁၃)မှ ကရင်တပ်သားများပေါင်းဖြင့် ဒိုက်ဦးကိုလေ ပ်ခွဲ ၂၂ခွဲမှ ၂၄ခွဲအထိပါ အင်အားစုသည် ပဲခူးသို့ဆင်းလာပြီး ဒိုက်ဦးမြို့ကိုတိုက်ခိုက်သည်။[၂] ယခင်နှင့် စောဘဦးကြီးတို့ တွေ့ဆုံဆွေးနွေး၍ ဧပြီလ ၄ ရက်မှ ၈ ရက်နေ့အထိ အင်းစိန် စစ်မျက်နှာ၌ အတိုက်အခိုက် ရပ်စဲထားချိန် သာယာဝတီဘက်တွင်လည်း ပြည်မှ သောင်းကျန်းသူများက ဥက္ကံနှင့်သာယာဝတီကိုသိမ်းသည်။ သာယာဝတီနယ်ကို ကာကွယ်နေသော စစ်ရဲတပ်ရင်း(၂၁)လည်း သူပုန်နှင့်ပူးပေါင်းသည်။[၃] ဤတွင် တပ်မတော်(လေ)မှ ဗိုလ်မှူးခင် ဦးဆောင်သော လေယာဉ်သုံးစင်း သည် ဧပြီလ(၇)ရက်နေ့တွင် သာယာဝတီသို့ပျံသန်း၍ ဝေဟင်မှ ပစ်ခတ်ရာ အောက်မှပြန်လည် ပစ်ခတ်သဖြင့် လေယာဉ်တွင်လိုက်ပါလာသော ဗိုလ်စိန်မှန် ကျည်သင့်၍ ကျဆုံးသည်။[၄] ပဲခူးဘက် တွင် ကေအင်ဒီအိုများကဒိုက်ဦးကို တိုက်ခိုက်သိမ်းပိုက်၍ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတပ်များဆုတ်ခွာပေးရသည်။ ဒိုက်ဦးမြို့တောင်ဘက်တွင်အမှတ်(၃)ဗမာ့သေနတ်ကိုင် တပ်ရင်းမှ တပ်ခွဲ၂ခွဲ၊ အမှတ်(၄)ခြေလျင်တပ်ရင်းမှ ဂေါ်ရခါးတပ်ခွဲ ၁ခွဲ၊ အမှတ်(၆)သေနတ်ကိုင် တပ်ရင်းမှ တပ်၁ခွဲ စသည်ဖြင့် စစ်ကူတပ်များရှိရာ ထိုတပ်များပါဆုတ်ခွာ၍ ဒိုက်ဦးနှင်ဖေါင်တော်သီ လမ်းဆုံအကြား ရှမ်းစုရွာတွင်တပ်စွဲသည်။[၅] ရှမ်းစုရွာသည် ရန်ကုန်နှင့်မန္တလေးလမ်း မိုင်တိုင်(၈၁) ရှိလမ်း၏အရှေ့ဘက်တွင်ရှိ၍ အနောက်ဘက်တွင် ညောင်ပင်သာရွာရှိသည်။ ထိုမှ မိုင်တိုင်(၇၉) တွင် ပေါက်တပင် တာဆုံခေါ် ဖေါင်တော်သီလမ်း ခွဲရှိရာလမ်း၏ တောင်ဘက်တွင် ဗိုလ်ကြီးရဲထွန်း

---

[၁] (က) တပ်ကြပ်မောင်ထူး– **အောင်ဆန်းသူရိယလှသောင်း** မျက်၃၀၁–၃၈၆
(ခ) ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း မျက်၁၁၇–၁၃၇

[၂] တပ်ကြပ်မောင်ထူး–**အောင်ဆန်းသူရိယလှသောင်း** မျက် ၄၉၉–၅၀၀

[၃] တပ်ကြပ်မောင်ထူး–**အောင်ဆန်းသူရိယလှသောင်း** မျက် ၄၉၃

[၄] ဒေါက်တာမောင်မောင်– **သားမောင်စစ်သည်သို့** မျက် ၃၂၈–၃၂၉

[၅] ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်–**တိုင်းပြည်ကနနမှန်တိုင်းကထန်ထန်** မျက် ၂၈၁–၂၉၇

ဦးစီးသော ၂၅ပေါင်ဒါ အမြောက် ၂လက်ပါသည့် အမြောက်တပ်ဖွဲ့ ရှိသည်။ ၁၉၄၉ခု ဧပြီလ ၂၈ ရက်နေ့ ညဉ့်သန်းခေါင်ကျော်တွင် ကေအင်ဒီအိုများကနောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်၍ ရှေ့တန်းကွပ်ကဲမှုဌာနချုပ်ကို စီးနင်းကြသည်။ တပ်ရင်း(၃)မှ အရာရှိ၊ အကြပ်တပ်သား ၁၀၀ခန့်ကျ၍ ကတုတ်ဘုရားကြီးရွာသို့ ဆုတ်ခွာခဲ့ရသည်။[၁] ထိုတိုက်ပွဲတွင် မိမိတပ်ဖွဲ့ ဆုတ်ခွာနိုင်ရေးအတွက် အသေခံ၍ ကာပစ်ပစ်ပေးခဲ့သော တပ်သားလှသောင်းသည် အောင်ဆန်းသူရိယ ဘွဲ့ ရရှိခဲ့သည်။

ကတုတ်ဘုရားကြီးတွင် တပ်မတော်သည် တန်းစီ၍ခံသော "မျဉ်းခံစစ်" ကို အသုံးမပြုတော့ဘဲ အရပ်ရှစ်မျက်သို့လှည့်၍ ပြင်ဆင်ထားသော ခံစစ်ဝိုင်းဖြင့် "ပတ်လည်ခံစစ်" ပြင်ဆင်သည်။ ကတုတ်ဘုရားကြီးရွာတစ်ဝိုက်တွင် တပ်အင်အား ထက်ဝက်ကျော်ကို ခံစစ်ဝိုင်း(၃)ဝိုင်းဖြန့်ထားပြီး ဘုရားကြီးရွာ၏ တောင်ဘက် ကိုက်၁၀၀၀ ခန့်ရှိ လက်ခုပ်ကွင်းရွာတွင် ကျန်တပ်များကို ကားလမ်းမ၏ တစ်ဘက်တစ်ချက်၌ ခံစစ်ဝိုင်းတစ်ဝိုင်းစီ ချထားသည်။ အမြောက်ကို အရှေ့ဘက် ခံစစ်ဝိုင်း၌ နေရာချထားသည်။ကရင်သောင်း ကျန်းသူတို့သည် ရှမ်းစုတိုက်ပွဲမှာကဲ့သို့ပင် ခံစစ်၏နောက်တန်းဖြစ်သော လက်ခုပ်ကုန်းတွင် အရှေ့ဘက်ခြမ်း၌ လူအား၊ ပစ်အားအသုံးပြု၍ နံနက်ခင်းမလင်းမီအချိန်တွင် အတင်းတက် ဖိစီးတိုက်ခိုက်သည်။ တပ်မတော်ဘက်မှ တစ်စီးသာရှိသော သံချပ်ကာကားလွှတ်ရာတွင်လည်း လမ်းခုလပ်တွင်ပင် ရန်သူ၏ လက်ချက်ဖြင့် ပျက်စီးမီးလောင်၍ ကားတွင်ပါသော ရဲဘော်များ ကျဆုံးသည်။ ရန်သူ ကေအင်ဒီအိုများ ရွာလည်ရောက်ချိန်တွင် လက်ခုပ်ကုန်းရှိ ဗမာ့တပ်မတော် အမြောက်များကို ဝမ်းဘဲအင်းသို့ဆုတ်စေသည်။ လက်ခုပ်ကွင်းရွာအရှေ့ခြမ်းသို့ ကေအင်ဒီအို များဖိ၍ ဝင်လာချိန်တွင် အရှေ့ခြမ်းရှိ ဗမာ့တပ်မတော်တပ်ဖွဲ့များကို အနောက်ခြမ်းသို့ ဆုတ်စေသည်။ ပြီးလျှင် ဝမ်းဘဲအင်းရောက် အမြောက်တပ်ဖွဲ့မှလည်းကောင်း၊တပ်ဖွဲ့များမှစိန်ပြောင်းများ၊စက်သေနတ်များဖြင့် လည်းကောင်း၊ လက်ခုပ်ကွင်းအရှေ့ခြမ်းသို့ ဒလစပ် ပစ်ခတ်သည်။ ညနေစောင်းတွင် တပ်ရင်း(၃)မှ တပ်စု(၂)စု စစ်ကူရောက်လာ၍ တပ်စုလေးစုဖြင့် လက်ခုပ်ကွင်းရွာ အရှေ့ခြမ်းကို လုံ့စွပ်ထိုးတက်ရောက် သိမ်းပိုက်သည်။တိုက်ပွဲပြီးဆုံးသော်ရွာအတွင်း၌ရန်သူအလောင်း ၉၇လောင်း နှင့်လက်နက်ပေါင်း ၁၀၀ကျော် ရရှိသည်။ ရွာအရှေ့ဘက်ကွင်း ကိုင်းတောများတွင်လည်း ရန်သူအလောင်း အများအပြားတွေ့ရသည်။ လက်ခုပ်ကုန်းရွာ တိုက်ပွဲတွင် ထိုစစ်မျက်နှာရှိ ကေအင်ဒီအိုတို့၏ တိုက်စစ်အရှိန်အဟုန်မှာ ရိုက်ချိုးခြင်းခံ ခဲ့ရပေသည်။[၂]

---

[၁] (က) ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်–**တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက် ၂၈၁–၂၉၇

(ခ) တပ်ကြပ်မောင်ထူး–**အောင်ဆန်းသူရိယလှသောင်း** မျက် ၅၀၂–၅၆၄

[၂] ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်–**တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက် ၂၉၅–၃၀၀

**အထက်မြန်မာနိုင်ငံအခြေအနေ**

မြန်မာနိုင်ငံမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ဖြစ်သောအထက်မြန်မာနိုင်ငံတွင်လည်း ၁၉၄၉ခုနှစ်၊ ဖေဖော်ဝါရီလလည်း နှောက်ပိုင်းမှ စ၍ အခြေအနေဆိုးရွားလာသည်။ထိုနှစ် ဇန်နဝါရီလမှစ၍ ကရင်တပ်ရင်းများအနက် ပုန်ကန်သူများ ရှိလာသဖြင့် ဇန်နဝါရီလ ၃၁ရက်နေ့တွင်ကရင်တပ်များမှ လက်နက်သိမ်းရန် စစ်ရုံးမှညွှန်ကြားသည်။သို့ဖြစ်ရာ တိုင်းမှူး ဗိုလ်မှူးကြီးကျော်ဇောက ထပ်ဆင့်ညွှန်ကြားခဲ့ပြီး မေမြို့ရှိ ကရင်တပ်များမှ လက်နက်သိမ်းသည်။ မန္တလေးတွင်လည်း ကရင်တပ်သားများနှင့် အခြားတိုင်းရင်းသား တပ်သားများ ထက်ဝက်စီရောနှောလျက်ရှိသော မော်တော်ယာဉ်တပ်ခွဲ နှင့်ထောက်ပံ့ရေးတပ်များရှိ ကရင်တပ်သားများထံမှ လက်နက်များကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး စောဒီထူးဦးဆောင်သော ကရင်တပ်ရင်း(၃)မှလက်နက်သိမ်းရာတွင်မူ စစ်ဝန်ထမ်းတပ်များက ဝိုင်းဝန်းထားသည်ကို စိုးရိမ်မကင်းရှိခြင်း၊ စစ်ဝန်ထမ်းတပ်အား လက်နက်မအပ်လိုခြင်း၊ မေမြို့သို့သွားရာ လမ်းခရီးတွင် လုံခြုံရေးအတွက် လက်နက်များကို မေမြို့အထိယူဆောင်လိုခြင်းများရှိ၍ ဆွေးနွေးမှုများ ပြုလုပ်ပြီး လက်နက်အပ်ကြသည်။ ဒုတိယဗိုလ်မှူးကြီးစောဒီထူးသည်ပခုက္ကူမှတပ်ခွဲကိုသွားရောက်ခေါ်ယူသောအခါထိုတပ်ခွဲသည်ပခုက္ကူမှမြင်းခြံအထိ လိုက်ပါလာသော်လည်း မိတ္ထီလာမှ ကေအင်ဒီအိုအင်အား ၄၀၀ ခန့် မြင်းခြံသို့ရောက်လာသောအခါ ယင်းတပ်ခွဲသည် ကေအင်ဒီအိုနှင့်ပူးပေါင်းပြီး ဒုတိယဗိုလ်မှူးကြီးစောဒီထူးကို အကျယ်ချုပ်ထားရှိခဲ့သည်။[၁] သာဝတ္ထိရှိ အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းမှ အင်အားထက်ဝက်ကျော်နှင့် အမှတ်(၃)ကချင်တပ်ရင်းမှ တွဲဖက်ပေးထားသော တပ်ခွဲတို့ကို ဗိုလ်နော်ဆိုင်းကဦးဆောင်၍ တောင်ငူကိုသိမ်းပိုက်ထားသောအမှတ်(၁)ကရင်တပ်ရင်းနှင့် ပူးပေါင်းပြီး မိတ္ထီလာသို့ ချီတက်ကြသည်။[၂]

မြောက်ပိုင်းတိုင်းတိုင်းမှူး ဗိုလ်မှူးကြီးကျော်ဇောအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့၍ အင်းစိန်စစ်မျက်နှာတွင် ကွပ်ကဲစေချိန်တွင် ဗိုလ်မှူးကြီးလကျာ်အား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ်ခန့်အပ်သည်။ ထိုနောက် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ဗိုလ်မှူးကြီးလကျာ်အား ရန်ကုန်စစ်ရုံး သို့ သတင်းပို့ရန် ကြေးနန်းဖြင့်ညွှန်ကြားကာတိုင်းမှူးတာဝန်ကို ဗိုလ်သင်တန်းကျောင်း တပ်မှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်အားတာဝန်လွှဲအပ်ပေးသည်။ ဒုတိယဗိုလ်မှူးကြီး မောင်မောင်သည် တိုင်းမှူးတာဝန်ကို လက်ခံယူပြီး နောက်တစ်ရက် ၁၉၄၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တိုင်းအကြီးအကဲများ၊ ဦးစီးအရာရှိများနှင့် အစည်းအဝေးပြုလုပ်ရာ ကရင်တပ်ရင်း(၁)နှင့် ကချင်တပ်ရင်း(၁)တို့ပုန်ကန်ပြီဖြစ်၍မိတ္ထီလာတွင်ခံစစ်ကြောင်းပြင်ဆင်ရန်၊

---

၁ ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းအရေးတော်ပုံမှတ်တမ်း** မျက် ၂၃–၃၀

၂ ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုမြောက်ပိုင်းတိုင်းအရေးတော်ပုံမှတ်တမ်း** မျက် ၃၆

လှိုင်ကော် စသည်တို့တွင် ရှိသောတပ်များခေါ်ယူရန်မှာ အချိန်ကြန့်ကြာမည်ဖြစ်၍ လက်ရှိတပ်များဖြင့်ခံစစ်ပြင်ဆင်ရန် စသည်ဖြင့် ဆုံးဖြတ်သည်။ ထိုအချိန်က မိတ္ထီလာတွင် အမှတ်(၁)တပ်မဟာရှိရာတပ်မဟာမှူး ဗိုလ်မှူးချုပ်စောချစ်ခင်သည် ကရင်အမျိုးသားဖြစ်၍မေမြို့သို့ပို့ထားရာ တပ်မဟာကို တပ်မဟာဗိုလ်မှူး ဗိုလ်မှူး ဒေါ်ဆင်က အုပ်ချုပ်လျက်ရှိသည်။ တပ်မဟာ၏ လက်အောက်တွင် အမှတ်(၃)ချင်းတပ်ရင်း၊ အမှတ်(၆)ပြည်ထောင်စုစစ်ရဲတပ်ရင်းနှင့် စစ်ဝန်ထမ်းတပ်ဖွဲ့တစ်ခုရှိသည်။ ချင်းတပ်ရင်းမှ တပ်ခွဲ(၃)ခွဲကို လှိုင်ကော်သို့ ပို့လွှတ်ထားရာ တိုက်ခိုက်နိုင်သောအင်အားမှာ လူသစ်တပ်စု ၂စုခန့်သာရှိသည်။ စစ်ရဲတပ်ရင်းမှ တပ်ခွဲများကိုလည်းနယ်များသို့ ပို့ထားသဖြင့် တပ်ခွဲတစ်ခွဲခန့်သာ ရှိပြန်သည်။ ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် တိုင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့်အဖွဲ့ မေမြို့မှ မိတ္ထီလာသို့ရောက်ရှိလာပြီး တပ်မဟာရုံးတွင် ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ဖွင့်သည်။ ထိုနောက် မေမြို့တွင်ပင်ရှိနေသော လေ့ကျင့်ရေးတပ်နှင့် ရှမ်းတပ်ရင်းတို့စုပေါင်းပြီးတပ်ဖွဲ့စည်းကာမိတ္ထီလာသို့ပို့ပေးမည်ဖြစ်ရာထိုတပ်နှင့်မိတ္ထီလာရှိတပ်များ ပူးပေါင်းလျက်ခံစစ်ပြင်ဆင်ရန်နှင့် တပ်ပေါင်းစု တပ်ဖွဲ့မှူး အဖြစ် တိုင်းစစ်ဌာနချုပ် ဒုတိယတန်း စစ်ဦးစီးဗိုလ်မှူးကျော်ထွန်းက ဆောင်ရွက်ရန်တို့ကို ညွှန်ကြားသည်။

သို့ဖြင့် တပ်မတော်ခံစစ်ကြောင်းကို မိတ္ထီလာမှဂမိုင်ခန့်ဝေးသော ချောင်းကောက်ချောင်းတစ်လျှောက်တွင် ပြင်ဆင်နေရာချထားရာ မိတ္ထီလာ–ပျော်ဘွယ် ကားလမ်းပေါ်ရှိချောင်းကောက်ချောင်းဖြတ်ကုန်းသာတံတား၏ညာဘက်၌ချင်းတပ်စုနှင့် ၃ လက်မ မော်တာတပ်ဖွဲ့ကို လည်းကောင်း၊ ချင်းတပ်စု၏ ဘယ်ညာတွင် စစ်ရဲတပ်စု ၂ စုနှင့် မေမြို့မှ ပါလာသောတပ်စု၊ စစ်ဝန်ထမ်းတပ်တို့ကို လည်းကောင်းနေရာယူစေသည်။ ထိုနေ့ညနေတွင်ကရင်သူပုန်များက ပျော်ဘွယ်မြို့ ကိုသိမ်းပိုက် သည်။နောက်တစ်နေ့ ဖေဖော်ဝါရီလ ၂၀ရက်နေ့ နံနက်တွင် ကရင်သူပုန်တို့ အမ်းမတ်ကား နှစ်စီးဖြင့် ချီတက်လာပြီး တိုက်ခိုက်သည်။ ဗမာ့တပ်မတော် ခံစစ်ကြောင်းနှင့် တိုက်ပွဲ ဖြစ်ပွားနေစဉ်ပင် သောင်းကျန်းသူတပ်အချို့သည် ဘယ်ညာဘေးဘက်များမှ ပန်း၍မိတ္ထီလာသို့ ချီတက်ရာ ရှေ့တန်း စစ်မျက်နှာကို စစ်ဆေးကြည့်ရှုရန်လာသော တိုင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်၏ အဖွဲ့နှင့်တွေ့ရှိ၍ တိုင်းမှူးနှင့်အဖွဲ့ ရန်သူဖမ်းဆီးခြင်းခံရလေသည်။ ချောင်းကောက် တိုက်ပွဲတွင်လည်း တပ်ဖွဲ့မှူး ဗိုလ်မှူးကျော်ထွန်းနှင့်တကွ ရဲဘော်များကျဆုံးသည်။ထိုနေ့တွင်ပင် မိတ္ထီလာမြို့သည် သောင်းကျန်းသူများလက်သို့ကျရောက်သည်။ မိတ္ထီလာမြို့ကျဆုံးပြီးချိန်တွင် မိတ္ထီလာငွေတိုက်ရှိငွေများကိုရန်ကုန်သို့ သယ်ယူရန် ပြည်ထောင်စုဘဏ်မှ ငှားရမ်းစေလွှတ်သော ဒါကိုတာလေယာဉ်သည်လည်းကောင်း၊ မေမြို့မှ ရန်ကုန်သို့ ခရီးသည်များတင်ဆောင်လာသော ဒါကိုတာလေယာဉ်သည်လည်းကောင်း မိတ္ထီလာလေယာဉ်ကွင်းသို့ ဆင်းသက်လာရာ ကရင်သောင်းကျန်းသူများက သိမ်းယူသည်။ ထိုလေယာဉ်နှစ်စီးတွင် ဗိုလ်နော်ဆိုင်း

ခေါင်းဆောင်သော သောင်းကျန်းသူ တပ်ဖွဲ့များလိုက်ပါ၍ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မေမြို့ကို သွားရောက်သိမ်းယူသည်။ ထို့နောက်လေယာဉ်ကွင်းသို့ ဆင်းသက်လာသော တပ်မတော်လေယာဉ် နှစ်စီးကိုလည်းသိမ်း၍ ပါလာသောတပ်မတော်အရာရှိများကို ဖမ်းဆီးသည်။ မေမြို့ရှိ လေ့ကျင့်ရေး တပ်၊ ပညာရေးတပ်နှင့် ရှမ်းတပ်ရင်းများမှ လက်နက်မချလိုသော အရာရှိ၊ အရာခံ၊ အကြပ် တပ်သားပေါင်း၂၀၀ခန့်သည် မေမြို့အနီးနား ကျေးရွာများသို့တိမ်းရှောင် သွားကြပြီး ရဲဘော်အချို့က မန္တလေးသို့သွားရောက်၍ ဗိုလ်မှူးကြင်ဦးဆောင်သော တပ်မတော်သို့ သတင်းပို့သည်။[၁]

မိတ္ထီလာမြို့သူပုန်လက်သို့ ကျရောက်ပြီးနောက်ဗမာ့တပ်မတော်သည် မန္တလေး မြို့ လုံခြုံကာကွယ်ရေးအတွက် ဗိုလ်ကြီးတင်ဦး ဦးစီးသောအင်အား ၂၅ဦးစီပါဝင်သည့်တပ်စု၅စု၊ စုစုပေါင်း အင်အား၁၂၅ဦးကိုကျောက်ဆည်မြို့တွင်ရှေ့တန်းခံစစ်အဖြစ်ထားရှိသည်။ ပင်မခံစစ် ကြောင်းကိုမူ မြစ်ငယ်တွင်ထားရှိသည်။ သို့ရာတွင်မေမြို့ကျဆုံးကြောင်း သတင်းရရှိချိန်တွင် ကျောက်ဆည် ခံစစ်ကြောင်းကို ပြန်လည်ရုပ်သိမ်းပြီးမြစ်ငယ်ခံစစ်ကြောင်းတွင်အားဖြည့်သည်။[၂] မေမြို့ကျပြီး ၂ရက်၊၃ရက်အကြာတွင် မေမြို့ရှိကေအင်ဒီအိုများက မြို့ခံလူကြီးများနှင့် နယ်ဘက် အရာရှိများကို မန္တလေးသို့စေလွှတ်၍အစိုးရတပ်များကိုလက်နက်ချခိုင်းရာမန္တလေးမှ တပ်မတော် အရာရှိများက နောက်တစ်နေ့ နေ့လည်တွင်အကြောင်းပြန်မည်ဟု အချိန်ဆွဲသည်။[၃] နောက်တစ်နေ့ ဖေဖော်ဝါရီ လ ၂၄ရက်နေ့နံနက် အရုဏ်တက်တွင် ဗမာ့တပ်မတော်တပ်စု၂စုက မေမြို့ဘီအီးကုန်း နှင့် မြို့လယ်ကိုဝင်တိုက်သည်။ ကျေးရွာများ သို့တိမ်းရှောင်နေကြသော တပ်မတော်သားများနှင့် သခင် အုံးဖေဦးဆောင်သည့် အရပ်သားများသည်လည်း ဗမာ့တပ်မတော်ဘက်မှ ပါဝင်တိုက်ခိုက် သည်။ ဆရာဝန်များကလည်း ဆေးခန်းများဖွင့်၍ဒဏ်ရာရသော ရဲဘော်များကို ဆေးကုသပေး ကြသည်။ ကရင်သူပုန်များသည် ထုံးဘိုရပ်ကွက်ကို တိုက်ခိုက်သိမ်းပိုက်ပြီး အမျိုးသမီးများကို စော်ကားမည်ပြုရာ မချစ်ပိုဆိုသူအမျိုးသမီးက လက်ပစ်ဗုံးဖြင့်ပစ်၍ သူပုန် ၃ဦးဒဏ်ရာရပြီး ထွက်ပြေးသည်။ သူပုန်များပစ်ခတ်၍ မချစ်ပို ဒဏ်ရာရရှိရာအနာမပျောက်မီပင် လက်နက်ကိုင်၍ တိုက်ပွဲဝင်သည်။ နောက်ပိုင်းတွင် သူပုန်များက အိမ်သို့အလစ်ဝင်ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။ တိုက်ပွဲများမှာမတ်လအထိ ဖြစ်ပွားပြီး မတ်လ ၆ ရက်နေ့တွင် ဗမာ့တပ်မတော် မန္တလေးသို့ ဆုတ်ခွာ ခဲ့ရသည်။[၄] အစိုးရတပ်များ ဆုတ်ခွာရာတွင် ကေအင်ဒီအိုများက ထပ်ချပ်လိုက်၍ ထိုးစစ်ဆင်ပြီး မတ်လ ၁၁ရက်နေ့တွင် မန္တလေးမြို့ကိုသိမ်းပိုက်နိုင်ခဲ့ရာ ကွန်မြူနစ်များကလည်း ပွဲလန့်စဉ်

---

[၁] ဗိုလ်မှူးသိန်းမောင်– ၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အရေးတော်ပုံမှတ်တမ်း — မျက် ၃၀–၅၇

[၂] ဗိုလ်မှူးကြီး (ဟောင်း)တင်မောင်– တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန် — မျက် ၁၈၂–၁၉၂

[၃] ဗိုလ်မှူးကြီး (ဟောင်း)တင်မောင်– တိုင်းပြည်ကနုနုမုန်တိုင်းကထန်ထန် — မျက် ၁၉၆

[၄] ဗိုလ်မှူးသိန်းမောင်– ၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အရေးတော်ပုံမှတ်တမ်း — မျက် ၅၉–၇၃

ဖျာခင်းသကဲ့သို့ မြို့တွင်းသို့ ဝင်ရောက်နေရာယူသည်။[၁]

သို့ဖြင့် ၁၉၄၉ခုနှစ်၊ မတ်လ၂၁ရက်တွင် တိုင်းပြည်၏ အခြေအနေမှာ အတော်ပင်ဆိုးရွားလျက်ရှိသည်။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် ပျဉ်းမနား ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မတ္ထီလာ၊ မန္တလေးနှင့် မေမြို့များကို ကေအင်ဒီအိုများက သိမ်းပိုက်ထားသည်။ မြင်းခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ချောက်၊ မကွေး၊မင်းဘူးစသည်ဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ကိုမူ ရဲဘော်ဖြူနှင့်ကွန်မြူနစ်များကသိမ်းယူထားသည်။ကေအင်ဒီအိုတို့၏ဆက်သွယ်ရေး လမ်းကြောင်းဖြစ်သောမန္တလေး၊တောင်ငူမီးရထားလမ်းပေါ်ရှိသာစည်မြို့တွင်မူ အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်းမှတပ်ခွဲ၂ခွဲ၊အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ၂ခွဲ၊ အမှတ်(၄)ခြေလျင်တပ်ရင်းမှ ဂေါ်ရခါးတပ်ခွဲ ၁ခွဲ စသည်ဖြင့် စုစုပေါင်းတပ်ခွဲ၅ခွဲက မတ်လ ၂ရက်နေ့ကပင် တပ်စွဲထားပြီး ကရင်တို့၏ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက် ပိတ်ဆို့ထားသည်။ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင်လည်းကေအင်ဒီအိုများက အင်းစိန်၊ တောင်ငူ၊ ညောင်လေးပင် စသောမြို့များ၊ သထုံ၊ မော်လမြိုင်ဘက်ရှိ မြို့ရွာအချို့၊ပြည်နှင့်မြစ်ဝကျွန်းပေါ်ရှိအချို့မြို့များကို သိမ်းယူထားကြသည်။[၂]

**သာစည်ခံစစ်**

မိတ္ထီလာရှိ အမှတ်(၃)ချင်းတပ်ရင်းတွင် ဖြေပေါင်ဒါ အမြောက်၂ လက်နှင့် ကျည်ဆန်များ၊ ၃လက်မ မော်တာနှင့်ကျည်အမြောက်အမြားရှိနေရာ ကေအင်ဒီအိုတို့သည် မိတ္ထီလာကို သိမ်းပိုက်သောအခါ ထိုလက်နက်ခဲယမ်းများကိုရရှိသည်။ ထို့ပြင် မေမြို့ကိုသိမ်းပိုက်ရာတွင်လည်း ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်အမြောက်အမြားရရှိခဲ့သည်။ ယင်းပစ္စည်းများကို တောင်ငူသို့ သယ်ယူလိုကြရာကားဖြင့် သယ်ယူပါက ဓါတ်ဆီအခက်အခဲရှိနေ၍ မီးရထားဖြင့် သယ်ယူရန် အားထုတ်ကြသည်။ သို့ရာတွင် ယင်းရထားလမ်းကြောင်းရှိ သာစည်မြို့တွင် ဗမာ့တပ်မတော်မှ တပ်ခွဲ၅ခွဲက တပ်စွဲထား၍ သာစည်ခံစစ်ကိုဖယ်ရှားရန် အသက်ပေါင်းများစွာပေး၍ တိုက်ခိုက်ခြင်း ဖြစ်ပေသည်။ ဗမာ့တပ်မတော်တပ်ရင်း(၆)မှ တပ်ခွဲနှစ်ခွဲသည် ကယားပြည်နယ်တွင်ရှိနေရာမှ မိတ္ထီလာသို့ အမြန်ဆုံးလာရောက်ရန် အမိန့်ရသောအခါ ကယားပြည်နယ်တွင်ရှိနေသော ချင်းတပ်ရင်း(၃)မှ တပ်ခွဲနှစ်ခွဲနှင့် ခြေလျင်တပ်ရင်း(၄)မှ ဂေါ်ရခါးတပ်ခွဲတစ်ခွဲတို့ပါ

---

[၁] ဗိုလ်မှူးသိန်းမောင်– **၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အရေးတော်ပုံမှတ်တမ်း** မျက် ၁၁၉–၁၂၂

[၂] (က)ဗိုလ်မှူးသိန်းမောင်– **၁၉၄၉ခု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အရေးတော်ပုံမှတ်တမ်း** မျက် ၁၀၁–၁၀၂

(ခ)ဗိုလ်မှူးကြီး (ဟောင်း)တင်မောင်– **တိုင်းပြည်ကနနမုန်တိုင်းကထန်ထန်** မျက်၂၀၄–၂၀၇

အတူလိုက်ပါလာကြရာ မိတ္ထီလာကျပြီးချိန်တွင်မှ သာစည်ကိုရောက်ရှိ၍ သာစည်တွင်ပင် တပ်စွဲထားခြင်း ဖြစ်ပေသည်။

မိတ္ထီလာမှ ကရင်သူပုန်များသည် နေ့စဉ်လိုပင် သာစည်ကို သိမ်းပိုက်ရန် တိုက်ခိုက်ကြသော်လည်း အကျအဆုံးများစွာဖြင့် ဆုတ်ခွါရသည်။ ဤတွင်မေမြို့ရှိ ဗိုလ်နော်ဆိုင်းနှင့် ဗိုလ်မှူးစောအောင်ဘွဲ့ အုပ်ချုပ်သော လက်ရွေးစဉ် ကရင်တပ်များသည် မိတ္ထီလာမှတစ်ဆင့် သာစည်တွင်နေ့လည်စာစားမည်ဟု ကြွေးကျော်ကာ ချီတက်လာကြသည်။ သာစည်မြို့တွင် ထိုအချိန်ကမြို့သူမြို့သားများမရှိတော့ဘဲတပ်မတော်မှတပ်ဖွဲ့များသာရှိနေသည်။ ယင်းတပ်များသည် မိတ္ထီလာ ဘက်သို့ မျက်နှာမူလျက်ရှိသည်။ မြို့အနောက်ဘက်မှ လက်ယာရစ် အောက်ပါအတိုင်း ဘန်ကာများဖြင့် တပ်စွဲထားသည်–

(က) တပ်ရင်း(၅)မှ တပ်ခွဲ ၁ ခွဲ

(ခ) ဂေါ်ရခါးတပ်ခွဲ

(ဂ) တပ်ရင်း(၆)မှ တပ်ခွဲ ၁ ခွဲ

(ဃ) ချင်းတပ်ရင်းမှ တစ်ခွဲ – မြို့အရှေ့ဘက်

(င) ချင်းတပ်ရင်းမှ တစ်ခွဲ – မြို့တောင်ဘက်

ရန်သူတို့သည် အစိုးရခံစစ်ဘက်သို့ နိမ့်လျှောဆင်းလာသည့် ဆင်ခြေလျှောအတိုင်းမော်တာများ ဒလစပ်ပစ်ခတ်၍ ဆင်းလာရာခံစစ်မှ ကိုက်၂၀၀အကွာတွင် တပ်မတော်မှ စုပြုပစ်ခတ်သဖြင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွါသွားရသည်။အရင်သူပုန်တို့သည် အကြိမ်ကြိမ်ထိုးစစ်ဆင်တိုင်း ဤနည်းနှင်နှင် ဆုတ်ခွါသွားရသည်။ တစ်ကြိမ်တွင်မူ သံချပ်ကာကားတစ်စီးကို ရှေ့ကတင်၍ ကေအင်ဒီအိုများသည် မော်တော်ကားလမ်းအတိုင်း သာစည်မြို့ဝအထိ ချဉ်းကပ်လာရာ ချင်းတပ်ရင်းမှ ဖပေါင်ဒါအမြောက်ဖြင့် ပစ်ခတ်၍ သံချပ်ကာကား ရပ်သွားသည်။ထိုသံချပ်ကာကားကို နှစ်ဘက်အပြိုင်လုကြရာတပ်မတော်ဘက်မှရရှိခဲ့သည်။ ကေအင်ဒီအိုများဘက်မှ ခံစစ်ကို မထိုး ဖေါက်နိုင်ဘဲ ဒဏ်ရာရသူ၊ ကျဆုံးသူ များပြားလျက်ရှိချိန်တွင် တပ်မတော်ဘက်မှလည်း စားနပ် ရိက္ခာပြဿနာ၊ ကျည်ဆန်ပြဿနာ၊ ရေပြဿနာ၊ ဆေးဝါးပြဿနာ စသည်ဖြင့် ရင်ဆိုင် လာရသည်။ ရန်ကုန်စစ်ရုံးသို့ ဝိုင်ယာလက်စက်ဖြင့် သတင်းပို့အစီရင်ခံ၍ လေယာဉ်ဖြင့် နှစ်ကြိမ်သုံးကြိမ်မျှ ရိက္ခာနှင့် ကျည်ဆန် အနည်းအပါး ချပေးသော်လည်း ရန်သူနှင့်အပြိုင် လုယူရ၍ ချပေးသမျှအကုန်အစင်မရချေ။ သို့ဖြစ်၍တပ်ဖွဲ့မှူးဗိုလ်မှူးတင်မောင်သည်သာစည်မှ တိတ်တဆိတ် ထွက်ခွါပြီး ရန်ကုန်သို့လာရောက်သည်။ စစ်ရုံးမှ ဗိုလ်မှူးခင်ဇာမုံ ၊ အမှတ်(၁၉)ဝိုင်ယာလက်စက် **နှစ်လုံး**၊ စက်ကိုင် ရဲဘော်နှစ်ဦး၊ ကျည်ဆန်ခဲယမ်းမီးကျောက်၊ ဆေးပေါ့လိပ်များနှင့် ရမ်အရက် **တစ်စည်**ယူဆောင်၍ သာစည်သို့ပြန်ရာ မြို့ကို ကေအင်ဒီအိုတို့ ဝိုင်းထားသဖြင့် မြို့တွင်း

သို့မဝင်နိုင်ဘဲ ထိုဒေသရှိ ရဲဘော်ဖြူတို့ထံခိုအောင်းနေရသည်။ ဤတွင် ဗိုလ်မှူးခင်ဇာမုန်ကို ရန်ကုန်သို့ပြန်လွှတ်၍ တပ်ကူ တောင်းရသည်။ ၁၉၄၉ ခုနှစ်ဧပြီလ ၅ ရက်နေ့တွင် ချင်းတပ်ခွဲတစ်ခွဲ ရောက်လာ၍ သာစည်မြို့ တွင်းသို့ ဝိုင်ယာလက်စက်ဖြင့် ဆက်သွယ်လျက် ဧပြီလ၈ရက်နေ့တွင် ကေအင်ဒီအိုများကို အတွင်းအပြင်ညှပ်၍ တိုက်ခိုက် သည်။စိတ်ဓါတ်ပျက်ပြားနေသော သူပုန်များသည် အနည်းအကျဉ်းမျှ သာခုခံပြီး ဆုတ်ခွာကြသည်။ ရန်သူထံမှ အောက်ပါပစ္စည်းများဖမ်းဆည်းရမိသည်–

(၁) ဘရင်းကယ်ရီယာ ၂ စီး
(၂) အော်လီကွန်သေနတ်ပါ
အမ်းမတ်ဗင်ကား ၁ စီး
(၃) အမ်းမတ်ကား ၁ စီး
(၄) ဂျစ်ကား ၁ စီး

သာစည်တစ်ဝိုက်မှ ရန်သူများကင်းရှင်းသွားချိန်တွင် မိတ္ထီလာမှသောင်းကျန်းသူများလည်း ဆုတ်ခွာသွားကြောင်း သတင်းရရှိသည်။ သို့ဖြစ်၍ ချင်းတပ်ရင်း(၃) မှတပ်ခွဲများသည် မိတ္ထီလာသို့ ချီတက်သိမ်းယူသည်။[၁] မုံရွာဘက်တွင်လည်း ကွန်မြူနစ်များသည် စစ်ကိုင်း–မုံရွာသွားကားလမ်းကို ဖြတ်တောက်ထားပြီး မုံရွာကိုတိုက်ခိုက်ရာ ခရိုင်ရဲဝန် ဦးရှားကိုးက စစ်ရဲတပ်နှင့် ရဲတပ်ကို ဦးဆောင်လျက်ခုခံနေပြီး ဗမာ့တပ်မတော် တပ်ခွဲနှစ်ခွဲ ရောက်လာသောအခါ ကွန်မြူနစ်တို့ဆုတ်ခွာသွားကြသည်။[၂]

ဗိုလ်မှူးကြင်ဦးဆောင်သော ဗမာ့တပ်မတော်တပ်ဖွဲ့များသည်၁၉၄၉ခုနှစ် ဧပြီလ ၄ ရက်နေ့မှစ၍ မန္တလေးမြို့ပြန်လည်သိမ်းပိုက်ရေးထိုးစစ်စတင်ခဲ့ရာ ဧပြီလ ၆ ရက်နေ့ည တွင် ပြန်လည်သိမ်းပိုက်ရရှိသည်။ ထိုတိုက်ပွဲတွင် ပထမပိုင်းကရဲဘော်ဖြူများသည် အစိုးရတပ်များဘက်မှ ပါဝင်တိုက်ခိုက်ခဲ့သော်လည်း နောက်ပိုင်းတွင် စစ်ရဲတပ်ဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း၊ တပ်မတော်အရာရှိများ အတွင်းဝင်၍ သွေးခွဲခြင်း၊ ဗိုလ်မှူးကြင်အိမ်ကိုတိုက်ခိုက်ခြင်းများ ပြုလုပ်သည်။ ကွန်မြူနစ်များကလည်း တပ်ရင်း ၆မှ တပ်စိတ် ၁ စိတ်နှင့် ဘီအီးတပ်စိတ် ၂ စိတ်တို့ကို

---

[၁] (က) ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်–**တိုင်းပြည်ကနနမှန်တိုင်းကထန်ထန်** မျက် ၂၀၇–၂၇၁
( ခ ) ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၂၁၁–၂၁၂

[၂] ဗိုလ်မှူးသိန်းမောင်–**၁၉၄၉ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း** မျက် ၁၃၄–၁၃၅

လက်နက် သိမ်းရန်ကြိုးပမ်းခဲ့သည်။[၁]

တပ်မတော်သည်ပြည်တွင်းဆူပူသောင်းကျန်းမှုများကိုဖိုးသာအောင်ကုန်း တံတား၊ ဝက်ကော်တံတား၊ ပဲခူးကတုတ်ဘုရားကြီး၊ အင်းစိန်၊ သာစည် စသည့်နေရာများတွင် အဆုံးဖြတ်ပေးသောတိုက်ပွဲကြီးများကိုအောင်မြင်စွာတိုက်ခိုက်ခဲ့ပြီးနောက်အောက်ပါမြို့ကြီးများနှင့် ပတ်ဝန်းကျင်ရှိမြို့ငယ်များကို ၁၉၄၉ခုနှစ်တွင် သောင်းကျန်းသူများလက်မှ တစ်မြို့ပြီးတစ်မြို့ ဆက်လက်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်–

(က) မေလ(၁၃)ရက်နေ့တွင် ကြို့ပင်ကောက်မြို့

(ခ) မေလ(၁၄)ရက်နေ့တွင် ဇီးကုန်းနှင့်နတ္တလင်းမြို့များ

(ဂ) မေလ(၂၂)ရက်နေ့တွင်ပျော်ဘွယ်၊ရမည်းသင်း၊ တပ်ကုန်းနှင့် တံတားဦးမြို့ များ

(ဃ) ဇွန်လ(၁၂)ရက်နေ့တွင်ကျောက်ဆည်၊ ညောင်ဦး၊ ချောက်နှင့် ရေနံချောင်းမြို့များ

(င) ဇွန်လ(၂၅)ရက်နေ့တွင် သထုံမြို့

(စ) ဇူလိုင်လ(၁၃)ရက်နေ့တွင် သာယာဝတီမြို့

(ဆ) ဇူလိုင်လ(၂၄)ရက်နေ့တွင် မြင်းခြံမြို့

(ဇ) စက်တင်ဘာလ(၁)ရက်နေ့တွင် လားရှိုးမြို့

(ဉ) နိုဝင်ဘာလ(၂၁)ရက်နေ့တွင် တောင်ကြီးမြို့

(ည) ဒီဇင်ဘာလတွင် ထုံးကြီးရွာကိုသိမ်းပိုက်ပြီး ရန်ကုန်–ပဲခူးမီးရထားလမ်းကိုဖွင့်လှစ်ပေးခဲ့သည်။[၂]

၁၉၄၉ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ မင်္ဂလာဒုံ၌ အမှတ်(၁)လေ့ကျင့်ရေးတပ်ကိုဖွဲ့စည်းပြီးတပ်သားသစ်သင်တန်းများဖွင့်၍စတင်လေ့ကျင့်ပေးခဲ့သည်။မေမြို့[၃]တွင်ဦးစီးတက္ကသိုလ်နှင့် ဗိုလ်သင်တန်းကျောင်းတို့ကိုလည်း ပြန်လည်ဖွင့်လှစ်ပြီး သင်တန်းများ စတင်ပို့ချခဲ့သည်။ ကလောတွင်ပိတ်ထားခဲ့ရသော ဗဟိုစစ်လေ့ကျင့်ရေးကျောင်းကိုလည်း မင်္ဂလာဒုံသို့ပြောင်းရွှေ့၍ သင်တန်းများစတင်ဖွင့်လှစ်သင်ကြားခဲ့သည်။၁၉၄၉ခုနှစ် မေလတွင် နယ်ဘက်အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စစ်အုပ်ချုပ်ရေးကို ကြီးကြပ်ခြင်း၊ တပ်မတော်စစ်ဝန်ထမ်း၊ ပြည်ထောင်စု

---

[၁] ဗိုလ်မှူးသိန်းမောင်–၁၉၄၉ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံ မှတ်တမ်း — မျက်၁၄၃–၁၆၆

[၂] DR 8501 – **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်း အကျဉ်း၊ ၁၉၄၈–၈၄** — မျက် ၁၇–၁၈

[၃] ယခု ပြင်ဦးလွင်မြို့

စစ်ရဲ၊ ရဲအဖွဲ့နှင့်အခြားအစိုးရကိုသစ္စာခံသည့် လက်နက်ကိုင်အဖွဲ့အစည်းများ စုပေါင်းပါဝင်သည်။ တပ်ပေါင်းစုကိုညှိနှိုင်းကြီးကြပ်ပေးခြင်းများ ပြုလုပ်နိုင်ရန် ယခင်ရခိုင်တိုင်းတွင်ကျင့်သုံးခဲ့သည့်အတိုင်း ပဲခူးမြို့တွင်လည်း ခြေမြန်တပ်မဟာ၏ ရှေ့ပြေးဖြစ်သော တပ်ပေါင်းစုကွပ်ကဲမှုဌာနချုပ်ကိုဖွင့်လှစ်ကွပ်ကဲခဲ့သည်။အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်းနှင့် အမှတ်(၁)ရှမ်း သေနတ်ကိုင်တပ်ရင်းတို့ကို ဖွဲ့စည်းခဲ့သည့်အပြင် တောခိုသွားကြသော အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်းနှင့် အမှတ်(၃) ဗမာ့သေနတ်ကိုတပ်ရင်းများကိုလည်း အစားထိုးပြန်လည်ဖွဲ့စည်းခဲ့သည်။ထို့ပြင် အမှတ် (၅) ခြေလျင်တပ်ရင်းနှင့် မန္တလေး၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့နယ်များတွင် စစ်ဝန်ထမ်းတပ် ရင်းများကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။[၁]

---

[၁] DR 8501 – **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်း အကျဉ်း၊ ၁၉၄၈–၈၄** မျက် ၁၈

# အခန်း( ၂ )
# တရုတ်ဖြူကျူးကျော်မှုနှင့်ပြည်ပရန်ကို တွန်းလှန်ကာကွယ်ခြင်း

## ကူမင်တန်တရုတ်ဖြူတပ်များ မြန်မာနိုင်ငံပိုင်နက်နယ်မြေသို့ ကျူးကျော်ဝင်ရောက်ခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိချိန်မှစ၍ ပြည်တွင်း ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်ရှိသည့်အင်အားဖြင့် စွမ်းစွမ်းတမံ နှိမ်နင်းတိုက်ခိုက်ခဲ့ရသည်။ ဤသို့နှိမ်နင်းတိုက်ခိုက်သောကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှု အရှိန်အဟုန် ကျဆင်းလာဆဲ ကာလမှာပင်ပြည်ပကျူးကျော်မှုတစ်ရပ်ဖြစ်သည့် တရုတ်ဖြူကူမင်တန်တပ်များ၏ ကျူးကျော်မှုကို ရင်ဆိုင်ရပြီး တွန်းလှန်တိုက်ခိုက်ခဲ့ရပြန်သည်။

၁၉၄၉ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် တရုတ်ပြည် ယူနန်နယ်တောင်ပိုင်းရှိ တရုတ်ဖြူ (ကူမင်တန်) တပ်များသည် တရုတ်ပြည်သူ့တပ်မတော် အမှတ်(၄)တပ်တော်စု[၁] (တရုတ်နီ)၏ ထိုးစစ်ဆင် တိုက်ခိုက်မှုကို ခုခံနိုင်စွမ်း မရှိသောကြောင့် တပ်များ ဖရိုဖရဲဖြစ်ကာ တရုတ်ဖြူ ကူမင်တန် အမှတ်(၈)တပ်တော်[၂]၊ အမှတ်(၂၅)တပ်တော်[၃] နှင့် အမှတ်(၉၃)တပ်မ[၄]မှ တပ်ဖွဲ့အချို့ သည် မြန်မာနိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ လဆန်းတွင် တရုတ်ဖြူတပ်သား ၂၀၀ခန့်သည် ကျိုင်းတုံနယ်အတွင်းရှိ မိုင်းယန်းတွင် တပ်စွဲကြပြီး မတ်လတွင် တရုတ်ဖြူအမှတ်(၈)တပ်တော်၊ အမှတ်(၂၅)တပ်တော်နှင့်အမှတ်(၉၃)တပ်မများမှ အင်အား ၁၅၀၀ခန့်သည် ယင်းတို့၏ မိသားစု အင်အား ၅၀၀ခန့်နှင့်အတူ ကျိုင်းတုံနယ်အတွင်းသို့ ဝင်ရောက်လာကြပြန်သည်။ ဧပြီနှင့်မေလများ တွင် အချို့သောတရုတ်ဖြူတပ်များသည် ကျိုင်းတုံနယ်အတွင်းရှိမြို့များသို့ ကျူးကျော်ဝင်ရောက် ကြပြီးနောက် ကျန်တပ်ဖွဲ့ကြီးမှာ ကျိုင်းတုံမြို့ကိုအရှေ့ဘက်မှဖြတ်ကျော်ကာ တောင်ဘက်သို့ ချီတက်ဝင်ရောက်ကြပြီး အရှေ့ဘက်တွင် မဲခေါင်မြစ်နှင့်ပြင်သစ်အင်ဒိုချိုင်းနားနယ်စပ်၊ အနောက် ဘက်တွင် ကျိုင်းတုံ၊ တာချီလိတ်နှင့်တောင်ဘက်တွင် ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် တြိဂံဒေသ၌ စုရုံးတပ်စွဲခဲ့ကြသည်။ တရုတ်ဖြူတပ်များကို ဦးစီးခေါင်းဆောင်သူများမှာ အမှတ်(၈)တပ်တော်မှ

---

[၁] 4th Army Group of the Chinese Pepole's Republican Forces

[၂] KMT 8th Army

[၃] KMT 25th Army

[၄] KMT 93rd Division

ဗိုလ်ချုပ်ကြီးလီမီ[၁] အမှတ်(၂၆)တပ်တော်မှ ဒုတိယဗိုလ်ချုပ်ကြီးလူကိုချွမ်း[၂]၊ အမှတ်(၉၃)တပ်မမှ ဗိုလ်ချုပ်မာချောယီ[၃] နှင့် ဗိုလ်ချုပ် လူချင်ဆွန်း[၄]တို့ဖြစ်ကြသည်။[၅]

၁၉၅၀ပြည့်နှစ်၊ ဇွန်လပထမပတ်တွင် ကျိုင်းတုံဒေသရှိ တပ်မတော်အာဏာပိုင်များက တရုတ်ဖြူ တပ်ဖွဲ့ဝင်များအား လက်နက်ချရန်နှင့် သို့မဟုတ်ပါက မြန်မာနိုင်ငံပိုင်နက်နယ်မြေအတွင်းမှ ထွက်ခွာသွားရန် ရာဇသံပေးခဲ့သည်။ သို့သော် တရုတ်ဖြူတို့က လက်နက်ချအပ်ခြင်း မပြုနိုင်ကြောင်း၊ ဗမာ့တပ်မတော်က ယင်းတို့အား တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန် အသင့်ရှိကြောင်း ပြန်ကြားပြီး ကျိုင်းတုံ–တာချီလိတ်လမ်း မိုင်တိုင်(၈၁)မှ တာချီလိတ်အထိ သိမ်းပိုက်လိုက်ကြသည်။ ထိုအချိန်တွင် တပ်မတော်က ကျိုင်းတုံမြို့တွင်းရှိ တရုတ်ဖြူထောက်လှမ်းရေးသမားများ နှင့် တပ်သားများကို ဖမ်းဆီးရမိပြီး မိတ္ထီလာအကျဉ်းစခန်းသို့ ပို့ဆောင်ထားသည့်အချိန် ဖြစ်သည်။ ၁၉၅၀ပြည့်နှစ်၊ ဇွန်လ ဒုတိယပတ်တွင် တပ်မတော်က တရုတ်ဖြူတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်ရာ ဇူလိုင်လ၂၁ရက်နေ့တွင် ကျိုင်းတုံ–တာချီလိတ်လမ်းရှိ တရုတ်ဖြူတပ်များကို ရှင်းလင်းနိုင်ခဲ့ပြီးတာချီလိတ်မြို့ကိုလည်း ထိုနေ့တွင်ပင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။[၆] ထိုစဉ်က တပ်မတော်အနေဖြင့် ပြည်တွင်းရှိ ရောင်စုံသောင်းကျန်းသူများ၏ ပုန်ကန်သောင်းကျန်းမှုများကို အပြင်းအထန် နှိမ်နင်းတိုက်ခိုက်နေရစဉ် ပြည်ပကျူးကျော်မှုတစ်ရပ်ဖြစ်သည့် ကေအမ်တီ တရုတ်ဖြူတို့၏ ကျူးကျော်မှုကိုလည်း တွန်းလှန် တိုက်ခိုက်ရခြင်းမှာ တပ်မတော်၏ လေးစားဂုဏ်ယူဖွယ် ဆောင်ရွက်ချက်တစ်ရပ် ပင်ဖြစ်ပေသည်။

## တရုတ်ဖြူတပ်များ စုရုံးလှုပ်ရှားခြင်း

တရုတ်ဖြူတပ်များသည် ကျိုင်းတုံ–တာချီလိတ်ကားလမ်းမှ ဆုတ်ခွာသွားပြီးနောက် ဗိုလ်ချုပ်ကြီး လီမီ၏ ကွပ်ကဲမှုဖြင့် မြန်မာ–ထိုင်းနယ်စပ်ရှိ မိုင်းဆတ်မြို့တွင် ပြန်လည်စု ရုံးကြသည်။ ၁၉၅၁ခုနှစ်၊ နှစ်ဆန်းပိုင်းမှစတင်၍ ကူမင်တန်တရုတ်ဖြူတပ်များသည် နယ်စပ်ဒေသများတွင် တပ်သားသစ်များစုဆောင်းခြင်း၊ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်း မြန်မာနိုင်ငံ ပြည်ပမှ

---

[၁] General Limi

[၂] Lt.General Lu Kwo Chwan

[၃] Maj.General Mah Chaw Yee

[၄] Maj.General Liu Chin Tsung

[၅] Ministry of Information- **Kuomintang Aggression Against Burma** p.3

[၆] Ministry of Information- **Kuomintang Aggression Against Burma** p.3

လက်နက်ခဲယမ်းမီးကျောက်များ နှင့် အခြားစစ်ပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းများကို ပြုလုပ်လာရာ ၁၉၅၁ခုနှစ်၊ ဧပြီလတွင် တရုတ်ဖြူတပ်အင်အားမှာ ၄၀၀၀ ခန့်အထိ တိုးတက်များပြားလာခဲ့သည်။[၁]

တရုတ်ဖြူတပ်များသည် မိုင်းဆတ်တွင် အင်အား ၁၀၀၀ခန့်ကို ချန်ထားခဲ့ပြီး နောက် မြောက်ဘက်ရှိ ဝ နယ်မြောက်ပိုင်း၊ ကိုးကန့်နယ်၊ မိုင်းလင်းနယ်များသို့ တပ်ဖြန့် ချီတက်သွားကာ ဝ နယ်မြောက်ပိုင်းရှိ မိုင်းမောတွင် ဌာနချုပ်ဖွင့်လှစ်ကြသည်။ ကျိုင်းတုံနယ် မြောက်ဘက်ရှိ မိုင်းယန်းတွင်လည်း တရုတ်ဖြူတပ်အင်အား၁၅၀၀ခန့်က ဌာနချုပ်ဖွင့်လှစ် တပ်စွဲထားကြသည်။ ထို့ပြင် တရုတ်ဖြူတပ်များကို အင်အားဖြည့်တင်းသည့်အနေဖြင့် နယ်စပ်ရှိ တရုတ် ဓါးပြဗိုလ် လီတိုင်ရှင်း[၂] နှင့် အောလစ်ယန်း[၃] တို့၏ နောက်လိုက်အင်အား ၁၀၀၀ခန့်ကိုလည်း တရုတ်ဖြူတို့က စည်းရုံးသိမ်းသွင်းခဲ့သည်။ ယင်းတို့အား ပြည်ပမှ လေယာဉ်ဖြင့် ချပေးသော လက်နက်ခဲယမ်းမီးကျောက်များတပ်ဆင်ပေးပြီး လက်နက်ကိုင်တွယ် ပစ်ခတ်နည်းများကို အချိန်တိုအတွင်း လေ့ကျင့်သင်ကြားပေးလေသည်။

၁၉၅၁ခုနှစ်၊ မေလပထမပတ်တွင် တရုတ်ဖြူတပ်များသည် မြန်မာ့ပိုင်နက်နယ်မြေကို အခြေပြု၍ တရုတ်ပြည်မရှိ ယူနန်နယ်ကို နစ်နေရာခွဲ၍ တိုက်ခိုက်ခဲ့သည်။ ဗိုလ်ချုပ်ကြီး လီမီ ကွပ်ကဲအုပ်ချုပ်သည့် မိုင်းမောဌာနချုပ်ရှိ တပ်ဖွဲ့များသည် ယူနန်နယ်၊ ကိုင်းမ[၄]ဒေသကိုလည်းကောင်း၊ တောင်ဘက်ရှိ စစ်ဆောင်းပါးနား[၅]ကိုလည်းကောင်း ဝင်ရောက်တိုက်ခိုက်ရာ တရုတ်ပြည်သူ့တပ်မတော်၏ တွန်းလှန်တိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် မိုင်းမောဌာနချုပ်သို့ ဆုတ်ခွာခဲ့ရပြီး ဝနယ်၊ ကိုးကန့်နယ်နှင့်မိုင်းလင်းနယ်များတွင် တပ်စွဲထားကြပြန်သည်။ တရုတ်ဖြူတပ်များက မြန်မာ့ပိုင်နက်နယ်မြေကို အခြေပြု၍ တရုတ်ပြည်မရှိ ယူနန်နယ်ကို တိုက်ခိုက်သည့်လုပ်ရပ်မှာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပျက်ပြား စေရန် လုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်ပေသည်။[၆]

---

၁ Ministry of Information- **Kuomintang Aggression Against Burma** p.3

၂ Lee Htai Shin

၃ Olive Yang

၄ Kengma State

၅ Hsipsawn Panna

၆ Ministry of Information- **Kuomintang Aggression Against Burma** p.3

"ဝ" နယ်မြောက်ပိုင်းနှင့်သိန္နီနယ်အရှေ့ပိုင်းတို့တွင် တပ်စွဲထားသော တရုတ်ဖြူတပ်စခန်းများအား တပ်မတော်မှ ဖရော့စ်စစ်ဆင်ရေး[၁] ဖြင့် ၁၉၅၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် ချေမှုန်းတိုက်ခိုက်ရာ တရုတ်ဖြူတပ်များသည် ခုခံနိုင်စွမ်းမရှိဘဲ တောင်ဘက်ရှိကျိုင်းတုံနယ်သို့ ဆုတ်ခွာသွားကြသည်။ ဗိုလ်ချုပ်ကြီး လီမီ ခေါင်းဆောင်သည့် ဌာနချုပ်တပ်ဖွဲ့များသည်လည်း မိုင်းမော ဌာနချုပ်တွင် တပ်စွဲထားနိုင်ခြင်း မရှိတော့ဘဲ တောင်ဘက်သို့ ဆုတ်ခွာခဲ့ရာ တပ်မတော်မှ တောင်ကြီး–ကျိုင်းတုံကားလမ်းတွင် ဖြတ်တောက်ပိတ်ဆို့ တိုက်ခိုက်သောကြောင့် အကျအဆုံးများစွာဖြင့် အထိနာခဲ့ရသည်။ ၁၉၅၁ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကျိုင်းတုံနယ်၊ မိုင်းဆတ်သို့ ဆုတ်ခွာလာသည့် တရုတ်ဖြူတပ်အင်အားမှာ ၆ဝဝဝ ခန့်ရှိသည်။[၂]

တရုတ်ဖြူတပ်များသည် ကျိုင်းတုံနယ်အတွင်းသို့ အလုံးအရင်းဖြင့် ပြန်လည်စုရုံးလာနိုင်ကြသော်လည်း ဝ နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တကွဲတပြားစီဖြစ်ပြီး ကျန်ရှိနေသော တရုတ်ဖြူတပ်များလည်း ရှိခဲ့သည်။ ယင်းတရုတ်ဖြူတပ်များသည် သံလွင်မြစ်အရှေ့ဘက် ကမ်းဒေသန္တရအုပ်ချုပ်ရေးကို အနှောင့်အယှက်ပေးနေကြရာ ၁၉၅၁ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများတွင် တပ်မတော်မှ ပင်လုံစစ်ဆင်ရေးဖြင့် တရုတ်ဖြူတပ်များကို ချေမှုန်းတိုက်ခိုက်ခဲ့သည်။ တရုတ်ဖြူတပ်များ အကျအဆုံးများစွာဖြင့် အထိနာပြီး ကျိုင်းတုံနယ်အတွင်းသို့ ဆုတ်ခွာသွား ကြသည်။

၁၉၅၁ခုနှစ်၊အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီး လီမီ နှင့် အမှတ်(၈)တပ်တော်မှ တရုတ်ဖြူတပ်သား၇ဝဝခန့်သည် ထိုင်းနိုင်ငံမှတစ်ဆင့် ဖော်မိုဆာသို့လေယာဉ်ဖြင့် ထွက်ခွာသွားရာ ယင်း၏နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီး လူကိုချမ်းက ဆက်ခံဆောင်ရွက်ပြီး မိုင်းဆတ်ရှိ တရုတ်ဖြူတပ်များကို စစ်ရေးလေ့ကျင့်ပေးခြင်း၊ မိုင်းဆတ်သို့ လေယာဉ်ဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်လာရောက်ချပေးသော လက်နက်များဖြင့် တပ်ဆင်လေ့ကျင့်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။[၃]

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီ လဆန်းတွင် တရုတ်ဖြူအင်အား ၁ဝဝ ခန့်သည် မော်ချီးဘက်သို့ ဝင်ရောက်၍ ကေအင်ဒီအိုများနှင့်ဆက်သွယ်ခဲ့ကြသည်။ ထိုနှစ် စက်တင်ဘာလတွင် ဝနယ်၊ မိုင်းလင်း၊ မိုင်းပန်နယ်များရှိ တရုတ်ဖြူတပ်များသည် သံလွင်မြစ်အနောက်ဘက်သို့ ဖြတ်ကျော်၍ အဓမ္မလုယက်မှုများကို ကျူးလွန်ကြပြန်သည်။ ၁၉၅၂ခုနှစ်၊ အောက်တိုဘာလတွင် မိုင်းဆတ်ရှိ တရုတ်ဖြူတပ်အင်အား ၇ဝဝခန့်နှင့် ကေအင်ဒီအိုတို့ ပူးပေါင်းပြီး မော်ချီး၊ ဖာပွန်၊

---

၁ Operation Frost

၂ Ministry of Information- **Kuomintang Aggression Against Burma** p.10

၃ Ministry of Information- **Kuomintang Aggression Against Burma** P.11

လိုင်းဘွဲ့၊ ကရုပ္ပိ၊ ပငနယ်များအတွင်းသို့လည်းကောင်း တရုတ်ဖြူတပ် အင်အား ၃၀၀ခန့်သည် သံလွင်မြစ်ကို ဖြတ်ကျော်၍ မိုင်းပန်နယ်အတွင်းသို့လည်းကောင်း ဝင်ရောက်ခဲ့ကြသည်။ တရုတ်ဖြူများသည် အစပထမတွင် ရိက္ခာရရှိရေး နှင့် ဘိန်းနှင့်သတ္တုရိုင်းများ သယ်ယူခိုးထုတ်ရောင်းချရေးအတွက် ကေအင်ဒီအိုများနှင့်ပူးပေါင်းခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြသည်။ မော်ချီး၊ ဖာပွန်နှင့် အခြားနေရာများရှိ ကေအင်ဒီအိုတို့၏ အခိုင်အမာစခန်းများကို ကာကွယ်ရန် တရုတ်ဖြူတပ်များကို အသုံးပြုသည်အထိ ဆောင်ရွက်လာကြသည်။[၁]

ဝနယ်၊ မိုင်းလွန်း နှင့် ကိုးကန့်နယ်များရှိ တရုတ်ဖြူတပ်များကို ဗိုလ်ချုပ်ကြီးလူကိုချွမ်း၏ ကွပ်ကဲမှုအောက်တွင် စုစည်းထားရှိပြီး အစပထမ၌ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင်သာ လှုပ်ရှားကြသော်လည်း ၁၉၅၂ခုနှစ်၊ မတ်လ မှစတင်၍ သံလွင်မြစ်အနောက်ဘက်ခြမ်းသို့ကူးပြောင်း လှုပ်ရှားခဲ့ကြသည်။ တရုတ်ဖြူတပ်များသည် ပန်ယန်းတွင် ဌာနချုပ်ဖွင့်လှစ်ကာဗိုလ်ချုပ် ဖူချန်းယန်း[၂]၏ ကွပ်ကဲမှုအောက်တွင် အမှတ်(၂၆)တပ်တော် လက်အောက်ခံ အမှတ်(၁)တပ်မကို ထားရှိသည်။ မေလတွင် တရုတ်ဖြူတပ်အင်အား၅၀၀ခန့်သည် သံလွင်မြစ်ကို ဖြတ်ကျော်ကာ မိုင်းရှူးနယ်သို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည်။

၁၉၅၂ခုနှစ်၊အောက်တိုဘာလတွင်အမှတ်(၂)ပျောက်ကြား တပ်မလက်အောက်ခံ အမှတ်(၄၉၀၄)တပ်ရင်းမှတရုတ်ဖြူတပ်သားအင်အား၈၀၀ခန့် သည်မြောက်ဘက် သိန္နီနှင့်ကိုးကန့်နယ်များမှ ကချင်ပြည်နယ်၊ ဗန်မော်သို့ ထိုးဖေါက်ဝင်ရောက်ခဲ့ပြီး ဗန်းမော်မြို့အရှေ့ဘက်တွင် အခိုင်အမာ တပ်စွဲထားကြသည်။ တပ်မတော်မှလခွန်းဘန်းစစ်ဆင်ရေး[၃] ဖြင့် တိုက်ခိုက်နှိမ်နင်းရာ တရုတ်ဖြူ တပ်များသည် မူဆယ်နှင့်နမ်းခမ်းဒေသသို့ဆုတ်ခွာသွားကြသည်။[၄]

တရုတ်ဖြူတပ်များသည် ၁၉၅၁ခုနှစ်၊ ဇွန်လမှစ၍ အင်အား ၄၀၀ ခန့် ဖြင့်မိုင်းဆတ်မှ သံလွင်မြစ်ကို ဖြတ်ကျော်ပြီး မိုင်းပန်နယ်သို့ ကျူးကျော်ဝင်ရောက်ကာ ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ထို့နောက် မိုင်းပန်မှတစ်ဆင့် တရုတ်ဖြူအင်အား ၄၀၀ခန့်သည် မောက်မယ်နှင့် ကယားပြည်နယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ကြပြန်သည်။ ၁၉၅၂ခုနှစ်၊ အောက်တိုဘာလတွင် ကေအင်ဒီအိုများ ကြီးစိုးရာ နယ်ပယ်အတွင်းသို့ ရောက်ရှိနေသည့်

---

၁ Ministry of Information- **Kuomintang Aggression Against Burma** p.11

၂ Maj.Gen. Fu Cheng Yang

၃ Operation Lakhum Bum

၄ Ministry of Information- **Kuomintang Aggression Against Burma** p.11

တရုတ်ဖြူတပ် အင်အားမှာ ၈၀၀ခန့်ရှိသည်။ မိုင်းဆတ်မှ စစ်သင်တန်းလေ့ကျင့်ပြီးသော တရုတ်ဖြူတပ်သားအင်အား၁၀၀၀ခန့်သည်လည်း စက်တင်ဘာလတွင် မိုင်းပုအောင်သို့ ရောက်ရှိလာပြီး ယာယီစစ်ဌာန ချုပ် ဖွင့်လှစ်ကာ တပ်စွဲထားကြသည်။

၁၉၅၂ ခုနှစ်၊ နှစ်လယ်ခန့်မှစ၍ တရုတ်ဖြူတပ်များသည် စစ်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာကြသည်။ မူလက ယင်းတို့တပ်စွဲထားသည့် နယ်မြေတွင်သာ အခြေချခဲ့ရာမှ ၁၉၅၂ ခုနှစ်၊ နှစ်လယ်ခန့်မှအစပြု၍ တရုတ်ဖြူတပ်များသည် ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ် တစ်ခုလုံးကိုသိမ်းပိုက်ရန်၊ မြောက်ဘက်နယ်စပ်ဒေသတွင် အမြဲတမ်း စစ်စခန်းတစ်ခုကို တည်ဆောက်ရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် သောင်းကျန်းသူအင်အားစုများနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရကို ဖြုတ်ချရန် ကြိုးပမ်းဆောင် ရွက်ခဲ့ကြသည်။[၁]

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဗန်းမော်မြို့အရှေ့ဘက် နယ်စပ်တစ်လျှောက်တွင် တရုတ်ဖြူတပ်အင်အား ၈၀၀ခန့်သည် အခိုင်အမာတပ်စွဲထားကြပြီး ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တရုတ်ဖြူတပ်အင်အား ၁၀၀၀ခန့်သည် မူဆယ်၊ မုန်းယု နှင့် ကြူကုတ်ကို တိုက်ခိုက်ကြရာတပ်မတော်မှ ကြံ့ကြံ့ခံပြီးခုခံ တိုက်ခိုက်ချေမှုန်းနိုင်သောကြောင့် တရုတ်ဖြူတပ်များ အထိအခိုက် အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားကြသည်။

အလားတူပင် သံလွင်မြစ်ကို ဖြတ်ကျော်ပြီး သိန္နီနယ်တောင်ပိုင်းနှင့်မိုင်းရှူး ဒေသသို့ ဝင်ရောက်လာသော တရုတ်ဖြူတပ်အင်အားမှာ ၁၉၅၂ ခုနှစ်၊ နှစ်ကုန်ပိုင်း တွင် ၁၀၀၀ခန့် အထိ တိုးတက်လာသည်။ တန့်ယန်းမြို့ ၏လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပြီး မိုင်းအွတ်[၂]နှင့် မုံးကိုး[၃] ကို တရုတ်ဖြူတပ်များက သိမ်းပိုက်လိုက်ကြသည်။ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့တွင် တရုတ်ဖြူတပ်များသည် မိုင်းရှူးကို သိမ်းပိုက်လိုက်ကြပြီး မိုင်းနောင်[၄] ကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ်၊ မတ်လပထမပတ်တွင် တပ်မတော်မှ မဟာစစ်ဆင်ရေးဖြင့် တရုတ်ဖြူတပ်များကို နှိမ်နင်းတိုက်ခိုက်ရာ တရုတ်ဖြူတပ်များသည် အကျအဆုံးများစွာဖြင့် သံလွင်မြစ်ကို ဖြတ်ကျော်ပြီး ဆုတ်ခွာသွားကြသည်။

တောင်ကြီး–ကျိုင်းတုံ ကားလမ်းတစ်လျှောက်တွင်လည်း တရုတ်ဖြူတပ်များသည် တပ်မတော်စခန်းငယ်များကို တိုက်ခိုက်ခြင်း၊ တပ်မတော်တပ်ဖွဲ့များကို ချုံခိုတိုက်ခိုက်ခြင်းများ

---

၁ Ministry of Information- **Kuomintang Aggression Against Burma** p.11

၂ Mong Awt

၃ Mong Kao

၄ Mong Nawng

ပြုလုပ်ကြသည်။ ၁၉၅၂ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်ဖြူတပ် အင်အား ၆၀၀ခန့်သည် မုံးပင်း[၁] တပ်စခန်းကို နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ရာ တပ်မတော်မှ နှစ်ကြိမ်စလုံး တွန်းလှန် တိုက်ထုတ်နိုင်ခဲ့သည်။ ၁၉၅၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် တရုတ်ဖြူတပ်အင်အား ၄၀၀ ခန့်သည် မိုင်းပန်[၂]ကို တိုက်ခိုက်သိမ်းပိုက်ရာ သုံးရက်အကြာတွင် တပ်မတော်မှ တရုတ်ဖြူတပ်များကို တိုက်ထုတ်မောင်းနှင်နိုင်ခဲ့သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်လည်း တရုတ်ဖြူတပ် အင်အား ၃၀၀ ခန့်နှင့် ကေအင်ဒီအိုတပ်များသည် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့ကို တိုက်ခိုက်ရာ တပ်မတော်မှ တွန်းလှန်တိုက်ခိုက်မှုကြောင့် အကျအဆုံး များစွာနှင့် ဆုတ်ခွာသွားကြရသည်။ အလားတူပင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တရုတ်ဖြူနှင့်ကေအင်ဒီအို ပူးပေါင်းတပ်ဖွဲ့သည် Loiput[၃] ကိုလည်းကောင်း ဘောလခဲ[၄]နှင့် နမ်းဖဲ[၅] ကိုလည်းကောင်းတိုက်ခိုက်ရာ တပ်မတော်မှ တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။

၁၉၅၃ခုနှစ်တွင် တရုတ်ဖြူစစ်ဒေသအလိုက် ဖြန့်ခွဲထားသော ခန့်မှန်းခြေ စစ်အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမှတ်(၁)စစ်ဒေသတွင် သံလွင်မြစ်အရှေ့ခြမ်း၊ မိုင်းရှူးနှင့်ပန်ယန်း ဒေသများပါဝင်ပြီး အင်အား ၄၀၀၀ခန့်ရှိသည်။

(ခ) အမှတ်(၂)စစ်ဒေသတွင် အရှေ့မြောက်ဒေသ၊ မိုင်းထန်၊ နမ့်ခမ်း၊ မူဆယ် ဒေသများ ပါဝင်ပြီး အင်အား ၃၀၀၀ခန့်ရှိသည်။

(ဂ) အမှတ်(၃) စစ်ဒေသတွင် မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပန်ဒေသများ ပါဝင်ပြီး အင်အား ၄၀၀၀ခန့်ဖြန့်ခွဲထားသည်။

(ဃ) ကေအင်ဒီအို နှင့်ပူးတွဲလှုပ်ရှားသော အင်အားမှာ ၁၀၀၀ခန့်ရှိပြီး မော်ချီး၊ လိွုင်းဘွဲ့နှင့်ကရုပ္ပိ နယ်များတွင်ရှိသည်။ တရုတ်ဖြူတပ်များ၏ စုစုပေါင်း အင်အားမှာ ၁၂၀၀၀ ခန့်ဖြစ်သည်။[၆]

---

၁ Mong Ping

၂ Mongpan

၃ Loiput

၄ Bawlake

၅ Namphe

၆ Ministry of Information - **Kuomintang Aggression Against Burma**. P.4

မြန်မာနိုင်ငံအစိုးရကလည်း တရုတ်ဖြူကျူးကျော်မှုနှင့်ပတ်သက်၍တရုတ်ဖြူနှင့် သံတမန်အဆက်အသွယ်ရှိသော အမေရိကန်နှင့်အိန္ဒိယအစိုးရများမှတစ်ဆင့် နိုင်ငံရေးနည်းအရ ဖြေရှင်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ တရုတ်ဖြူတပ်များ၏ အရေအတွက်မှာ အထက်ဖော်ပြပါ အတိုင်း ၁၂၀၀၀ ခန့်အထိ တိုးပွားလာခဲ့ရသည်။

**ကေအမ်တီ(တရုတ်ဖြူ) ကျူးကျော်မှုကို ကုလသမဂ္ဂသို့ တိုင်ကြားခြင်း**

၁၉၅၃ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ကေအမ်တီတရုတ်ဖြူကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးသို့ တင်ပြရန် မြန်မာနိုင်ငံအစိုးရက ဆုံးဖြတ်လိုက်သည်။ မတ်လ (၁၇) ရက်နေ့တွင် အမေရိကန်အစိုးရနှင့်ချုပ်ဆိုထားသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(အီးစီအေ)[၁] စာချုပ်ကို ဇွန်လ(၃၀)ရက်နေ့တွင် ရပ်စဲမည်ဟုကြေညာသည်။ ဤသို့ ကြေညာခြင်းမှာ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လျက်ရှိသော ကေအမ်တီ တရုတ်ဖြူတပ်များအား အမေရိကန်အစိုးရက ကူညီထောက်ပံ့နေသည်ဟု ယူဆသောကြောင့်ဖြစ်သည်။[၂] ထို့နောက် မတ်လ (၂၅)ရက်နေ့တွင် တရုတ်ဖြူကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်သို့ တရားဝင်တိုင်ကြားသည်။

၁၉၅၃ခုနှစ်၊ ဧပြီလတွင်ကျင်းပသော ကုလသမဂ္ဂအဖွဲ့ကြီး၏ (၇) ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ဖြူကျူးကျော်မှုပြဿနာကို တင်ပြခဲ့ရာ ဧပြီလ(၂၂)ရက်နေ့တွင် မြန်မာ့နယ်မြေကို ကျူးကျော်သော နိုင်ငံခြားတပ်အားလုံး အမြန်ဆုံးထွက်ခွာသွားရန်အဆိုကို မဲခွဲဆုံးဖြတ်ရာ နိုင်ငံပေါင်း(၆၀)အနက် ထောက်ခံမဲ (၅၉)မဲ၊ ကြားနေမဲ(၁)မဲနှင့် ကန့်ကွက်မဲမရှိဘဲ အောက်ပါဆုံးဖြတ်ချက်ကို ဆုံးဖြတ်ခဲ့သည်[၃]–

> "ဤမျှဆိုးဝါးနေသည့်အခြေအနေပြီးဆုံးသွားစေရန်အတွက် မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လျက်ရှိသည့် နိုင်ငံခြားတပ်များအားလုံးကို ချက်ချင်း လက်နက်ချစေပြီး မြန်မာနိုင်ငံမှ ထွက်ခွာစေခြင်းဖြင့်လည်းကောင်း သို့မဟုတ် အဆိုပါတပ်များကို ချက်ချင်း လက်နက်ချစေပြီး အဖမ်းခံစေခြင်းဖြင့်

---

[၁] Economic Co-operation Agreement

[၂] Hugh Tinker - **The Union of Burma** P.106

[၃] CD.1493 **ဘန်ကောက်မြို့ဆွေးနွေးပွဲအစီရင်ခံစာ** မျက်–၁

လည်းကောင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့တို့ အကူအညီဖြင့် လက်ရှိကြိုးစား လျက်ရှိခြင်းကို ဆက်လက်ကြိုးစားဆောင်ရွက်သွားရန် ထောက်ခံလိုက်သည်။ [၁]"

**လေးနိုင်ငံ ဘန်ကောက်အစည်းအဝေး**

ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လျက်ရှိသည့် တရုတ်ဖြူတပ်များအားလုံး မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာသွားရေးအတွက် အမေရိကန်၊ ထိုင်း၊ မြန်မာနှင့်တရုတ်သမ္မတနိုင်ငံ (တရုတ်ဖြူ)တို့ပါဝင်သော လေးနိုင်ငံ စစ်ဘက်မှ ကိုယ်စားလှယ်များ ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံက ကမကထ ပြုလုပ်ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပရန်အကြံပြုရာ မြန်မာနိုင်ငံက တရုတ်ဖြူကိုယ်စားလှယ်များနှင့် မျက်နှာစုံညီထိုင်ပြီး မဆွေးနွေးနိုင်ဟူသော ခြွင်းချက်ဖြင့် လက်ခံသဘောတူခဲ့သည်။ ထို့ကြောင့် လေးနိုင်ငံ စစ်ဘက်ကိုယ်စားလှယ်များ ဆွေးနွေးပွဲကို ဘန်ကောက်မြို့ အမေရိကန်သံရုံး၌ ၁၉၅၃ခုနှစ်၊ မေလ (၂၂)ရက်နေ့တွင် စတင်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်မှူးကြီး အောင်ကြီး ခေါင်းဆောင် ပြီးတက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ဖြူကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ ဆွေးနွေးခြင်းမပြုနိုင် ဟု ဆိုထားသောကြောင့် အမေရိကန်နှင့်ထိုင်းကိုယ်စားလှယ်များသည် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့်တစ်ကြိမ်၊ တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့နှင့်တစ်ကြိမ် ကိစ္စတစ်ရပ်ကို နှစ်ကြိမ် ဆွေးနွေးခဲ့ရသည်။ ပထမဦးစွာ ဆွေးနွေးပွဲအစီအစဉ်ကို သတ်မှတ်ခဲ့ကြရာတွင် အောက်ပါ အစီအစဉ် အတိုင်း အားလုံးသဘောတူညီခဲ့ကြသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားတပ်များအားလုံး အမြန်ဆုံး ထွက်ခွာစေရန်

(ခ) မိုင်းဆတ်နှင့်အခြား သင့်လျော်သော နေရာများကို လုံခြုံသော ဒေသ (Safety Zone) များအဖြစ်သတ်မှတ်ပေးရန်

(ဂ) မြန်မာနိုင်ငံအတွင်းမှထွက်ခွာမည့် နိုင်ငံခြားတပ်များ ဦးရေနှင့်ယင်းတို့နှင့် အတူထွက်ခွာမည့် သားမယား၊ မှီခိုသူများ ဦးရေကိုသတ်မှတ်ရန်၊ ဤကိစ္စ အတွက်လေးနိုင်ငံကော်မတီက မိုင်းဆတ်သို့သွားရောက်ရန်

---

[၁] " Recommends that the negotiations now in progress through the good offices of certain member states should be pursued, in order to put an end to this serious situation by means of the immediate disarmament and withdrawal of the said forces from the territory of Burma or by means of their disarmament and internment;"

(ဃ) ထွက်ခွာသွားကြသည့် နိုင်ငံခြားတပ်များ၏ လက်နက်ခဲယမ်းမီးကျောက် နှင့် အခြားစစ်ပစ္စည်းများကို မည်သို့ထုခွဲရန်

(င) ထွက်ခွာရေးအသေးစိတ်အစီအစဉ်ရေးဆွဲရန်

(စ) သတင်းဖြန့်ချီရေးစည်းကမ်းများသတ်မှတ်ရန်

ဆွေးနွေးပွဲစလျှင်စခြင်းပင် တရုတ်ဖြူကိုယ်စားလှယ်က မြန်မာပြည်အနှံ့အပြားရှိ လီမီတပ်များအား ဗမာ့တပ်မတော်မှ အပစ်အခတ်ရပ်စဲရေး (General Cease-Fire)ကို ချက်ခြင်းပြုလုပ်ပေးရန် တောင်းဆိုရာ မြန်မာကိုယ်စားလှယ်အဖွဲ့က အပစ်အခတ်ရပ်စဲရေးမှာ လက်တွေ့လုပ်ဆောင်ရန် လောလောဆယ်အခြေအနေအရ မဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး၊ တရုတ်ဖြူတပ်များ မြန်မာနိုင်ငံနယ်မြေမှ အမှန်တကယ်ထွက်ခွာသွားသည့် အချိန်တွင် သက်ဆိုင်ရာဒေသများနှင့် သက်ဆိုင်ရာလမ်းကြောင်းများကို လုံခြုံသောဒေသများအဖြစ်သတ်မှတ်ပေးပြီး နှစ်ဦးနှစ်ဘက်စလုံးက အပစ်အခတ်ရပ်စဲရန် ပြုလုပ်ပေးနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အမေရိကန်နှင့်ထိုင်းနိုင်ငံတို့က မြန်မာကိုယ်စားလှယ်အဖွဲ့၏ အကြောင်းပြချက်မှာ လုံလောက်သော၊ ခိုင်လုံသော အကြောင်းပြချက်ဖြစ်သည်ဟု လက်ခံကြသော်လည်း တရုတ်ဖြူကိုယ်စားလှယ်ကမူ လက်မခံချေ။[၁]

ထို့နောက် ဆွေးနွေးပွဲ အစီအစဉ်ပါ အချက်များကို ဆက်လက်ဆွေးနွေးပြီး အမေရိကန်နှင့်ထိုင်းကိုယ်စားလှယ် အဖွဲ့က မြန်မာနှင့်တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့မှ ဆွေးနွေးပြောကြားချက်အပေါ် မူတည်ပြီး နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် သဘောတူညီချက်မူကြမ်းတစ်ခုကို ရေးဆွဲတင်သွင်းသည်။ အဆိုပါသဘောတူညီချက်မူကြမ်းကို ဆက်လက်ဆွေးနွေးကြပြီး ထပ်မံပြင်ဆင်ရေးသားခဲ့သော သဘောတူညီချက်မူကြမ်းကို မြန်မာ၊ အမေရိကန်နှင့်ထိုင်း ကိုယ်စားလှယ်အဖွဲ့များက လက်ခံသဘောတူကြသော်လည်း တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က အကြောင်းအမျိုးမျိုးပြကာ သဘောမတူဘဲနေခဲ့သည်။ ထို့ပြင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲကို နှောင့်နှေးကြန့်ကြာအောင် အချိန်ဆွဲခြင်း၊ ဆွေးနွေးပွဲနှင့်မသက်ဆိုင်သည့်ကိစ္စရပ်များကို ပြောကြားခြင်း၊ မရိုးမသား ပြုမူခြင်းများကြောင့် ဆွေးနွေးပွဲမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ထို့ကြောင့် ဆွေးနွေးပွဲ သဘာပတိ အမေရိကန်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ကပင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲ မစတင်မီ " မြန်မာနိုင်ငံအနှံ့အပြားရှိ လီမီတပ်များကို ဗမာ့တပ်မတော်မှ ပစ်ခတ်ခြင်း ချက်ခြင်းရပ်စဲရမည်ဟူသော တောင်းဆိုချက်မှာ အဓိပ္ပါယ်မရှိကြောင်း၊ လက်တွေ့လုပ်ဆောင်နိုင်သော တောင်း ဆိုချက်မဟုတ်ကြောင်း ၊ ဗမာ့တပ်မတော်ကို အပစ်အခတ်ရပ်စဲခိုင်းသော်လည်း လီမီတပ်များအပေါ် သြဇာမရှိ ဟု ပြောကြားခြင်းမှာလည်း

---

[၁] CD.1493 **ဘန်ကောက်မြို့ဆွေးနွေးပွဲအစီရင်ခံစာ** မျက်-၂

လုံးဝအဓိပ္ပါယ်မရှိကြောင်း၊ မိုင်းဆတ်သို့ လေးနိုင်ငံကော်မတီအဖွဲ့အနေဖြင့် သွားရောက်ရန် အားလုံးသဘောတူညီပြီးမှ ယင်းသို့သွားရောက်ရန်အတွက် တရုတ်ဖြူဘက်မှ စီစဉ်ရန် ကိစ္စရပ်များကို ယခုအထိ စီစဉ်ဆောင်ရွက်ပေးခြင်း မရှိသဖြင့် မျှော်လင့်ချက်များ ပျက်ပြားစေကြောင်း၊ အမေရိကန်ကိုယ်စားလှယ်အဖွဲ့က တင်ပြသည့် ယာယီသဘောတူညီချက်မူကြမ်းကို ထိုင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များက သဘောတူညီပြီးဖြစ်၍ တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့သာ သဘောတူရန် ကျန်ရှိကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံပိုင်နက် နယ်မြေမှ တရုတ်ဖြူတပ်များ ထွက်ခွာရန် အသေးစိတ်အစီစဉ်နှင့်မိုင်းဆတ်သို့ ကော်မတီမှ သွားရောက်ရန် အစီအစဉ်များကို တင်ပြထားပြီးဖြစ်ကြောင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ကလည်း ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်သန်းထွက်ခွာနိုင်ရန် အစီအစဉ်များ တင်ပြထားပြီးဖြစ်ကြောင်း ယခုထိ တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့အနေဖြင့် ထိထိရောက်ရောက် ရေရေရာရာအကြံပေးခြင်း ဆွေးနွေးခြင်းများ ပြုလုပ်ခြင်းမရှိသေးသည့်အပြင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့က တင်ပြသည့် "ယာယီသဘောတူညီချက် မူကြမ်း" ကိုပင် လက်ခံခြင်း မရှိ သေးကြောင်း သတိပေးပြောကြားခဲ့သည်။[၁]

၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအရှေ့အပြား အပစ်အခတ်ရပ်စဲရန် အစား "သံလွင်မြစ်အရှေ့ဘက်ဒေသအားလုံးတွင် အပစ်အခတ်ရပ်စဲရန်" ဟု ထပ်မံ၍ ပြင်ဆင်တောင်းဆိုပြန်သည်။ ထို့ပြင်တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂ ရက်နေ့တွင် ယင်းတို့၏ အစိုးရနှင့်တိုင်ပင်ရန် ရှိသည်ဆိုကာ ဖော်မိုဆာသို့ ပြန်သွားခဲ့သည်။ ထို့ကြောင့် ကျန်သုံးနိုင်ငံ ကိုယ်စားလှယ်များက အစီအစဉ်ပါ အချက်အလက်များကို ဆက်လက်ဆွေးနွေးကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့ ထပ်မံတောင်းဆိုသော "သံလွင်မြစ်အရှေ့ဘက်ဒေသအားလုံးတွင် အပစ်အခတ်ရပ်စဲရမည်" ဟူသော တောင်းဆိုချက်ကို လက်တွေ့တွင် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အကြောင်းအချက် စုံလင်စွာဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ဇွန်လ ၁၀ ရက်နေ့တွင် ကော်မတီသို့ တင်ပြခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံမှ တရုတ်ဖြူများ ထွက်ခွာရေး အစီအစဉ်သုံးခုကို ကုန်ကျမည့် စရိတ်နှင့်တကွ ထပ်မံပြင်ဆင်တင်ပြခဲ့သည်။ ဇွန်လ ၁၃ ရက်နေ့တွင်တရုတ်ကိုယ်စားလှယ်အဖွဲ့ ဘန်ကောက်သို့ ပြန်လည်ရောက်ရှိလာသောအခါ ယင်းတို့ရေးဆွဲခဲ့သည့် ထွက်ခွာရေးအစီအစဉ်တစ်ခုကို တင်ပြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အချိန်ကြန့်ကြာမှုမရှိစေရန် တရုတ်ဖြူတို့ ရေးဆွဲ တင်ပြသည့် ထွက်ခွာရေးအစီအစဉ်ကိုပင် လက်တွေ့ဆောင်ရွက်နိုင်ရန် ပြင်ဆင်ချက်အနည်းငယ်ဖြင့် လက်ခံခဲ့သည်။ သို့သော် ခြွင်းချက်အနေဖြင့် မိုင်းဆတ်နှင့်အခြားအရေးကြီးသည့် ဒေသများကို ဗမာ့တပ်မတော်မှ တိုက်ခိုက်မှုမရှိဘဲ ဝင်ရောက်သိမ်းပိုက်နိုင်ရမည်ဟု ထည့်သွင်းတောင်းဆိုခဲ့သည်။

---

၁ CD 1493 . ဘန်ကောက်ဆွေးနွေးပွဲ အစီရင်ခံစာ မျက်- ၃-၄

အမေရိကန်ကိုယ် စားလှယ်အဖွဲ့ကလည်း ယင်းတို့တင်ပြသည့် "ယာယီသဘောတူညီချက်မူကြမ်း" ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့အားလက်ခံရန်တိုက်တွန်းပြောကြားရာ တရုတ်ဖြူကိုယ်စားလှယ် အဖွဲ့က လက်မခံသည့်အပြင်–

(က) မိုင်းဆတ်သို့ကော်မတီသွားရောက်ရာတွင်အမေရိကန်နှင့် ထိုင်းတို့ကိုသာ သွားခွင့်ပေးနိုင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်မြန်မာသတင်းစာဆရာ များကို လက်မခံနိုင်ကြောင်း

(ခ) မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသော တရုတ်ဖြူအရပ်သားများအနက် မြန်မာနိုင်ငံကို ကျူးကျော်စော်ကားနေသည့် လီမီတပ်များကို နည်း အမျိုးမျိုးဖြင့် ကူညီခဲ့သဖြင့် မြန်မာနိုင်ငံအစိုးရက ဖမ်းဆီးထားသည့် တရုတ်ဖြူများကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရမည်။

ဟု ထပ်ဆင့်တောင်းဆိုပြန်သည်။[၁]

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ဖော်မိုဆာသို့ပြန်နေစဉ်အမေရိကန်ကိုယ်စားလှယ် က မြန်မာကိုယ်စားလှယ်အဖွဲ့အားတရုတ်ဖြူကိုယ်စားလှယ်နှင့်မျက်နှာစုံညီဆွေးနွေးရန်တောင်းပန် တိုက်တွန်းသောကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပွဲ လျင်မြန်စွာခရီး ရောက်စေရန် နှင့် သဘောတူညီချက်များ လျင်မြန်စွာအကောင်အထည်ပေါ်စေရန် တရုတ်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိလာလျှင် ဆွေးနွေးပွဲ၌ ထိရောက်စွာ ဆွေးနွေးတိုင်ပင်ဆုံးဖြတ်နိုင်သည့် အခွင့် အာဏာပါရှိလာပါက မျက်နှာစုံညီဆွေးနွေးမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ဖော်မိုဆာမှပြန်လည်ရောက်ရှိလာပြီးနောက် ဇွန်လ ၁၄ရက် မှ ၂၃ရက်နေ့ထိ ဆွေးနွေးရာတွင် အောက်ပါသဘောတူညီချက်များရရှိခဲ့သည်–

(က) တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ တင်ပြသော ထွက်ခွာရေးအစီအစဉ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က ပြင်ဆင်ချက် အနည်းငယ်ဖြင့် သဘော တူညီသည်။

(ခ) မိုင်းဆတ်သို့သွားရောက်ရေးကိစ္စတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ မပါ လျှင် မည်သူမှ မသွားဘဲနေရန် ကော်မတီကဆုံးဖြတ်ပြီး လိုအပ်သည့် ကိစ္စရပ်များ ပြီးမြောက်စေရန် မိုင်းဆတ်မှ တရုတ်ဖြူစစ်ဘက်အရာရှိ များ ကို ဘန်ကောက်သို့ ခေါ်ယူပြီးဆောင်ရွက်ရန် သဘောတူသည်။[၂]

---

[၁] CD.1493 **ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ** မျက် ၆

[၂] CD.1493 **ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ** မျက် ၆

မြန်မာနိုင်ငံအစိုးရက ဖမ်းဆီးထားသည့် တရုတ်ဖြူများကို လွှတ်ပေးရန် တောင်းဆိုချက်ကိုမူ ဘန်ကောက်ဆွေးနွေးပွဲနှင့် မသက်ဆိုင်သောကြောင့် လက်မခံနိုင်ကြောင်း မြန်မာ ကိုယ်စားလှယ်အဖွဲ့က ကန့်ကွက်ပြောကြားခဲ့သည်။ ဇွန်လ ၂၃ ရက်နေ့တွင် ယာယီသဘော တူညီချက် မူကြမ်းကိုမူအားဖြင့် ကိုယ်စားလှယ်အဖွဲ့အားလုံးက လက်ခံသဘောတူကြသောကြောင့် မြန်မာနိုင်ငံမှ တရုတ်ဖြူတပ်များ ထွက်ခွါရေးအတွက် ၄လေးနိုင်ငံ သဘောတူညီချက်ရရှိပြီ ဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာခဲ့သည်။

သို့သော် တရုတ်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် သဘောတူညီချက်များကို လက်တွေ့ အကောင်အထည်ဖေါ်ရန် အချိန်ဆွဲနေခြင်း၊ နှောင့်နှေးကြန့်ကြာအောင်ပြုလုပ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်လိုစိတ်မရှိခြင်း၊ ရိုးသားဖြောင့်မတ်မှုမရှိခြင်းများကို တွေ့ရှိလာရသည်။

စက်တင်ဘာလ၇ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆွေးနွေးပွဲမှာ ဇာတ်မျောကြီးဖြစ်နေခြင်းကို သည်းခံခြင်းမပြုနိုင်တော့သောကြောင့် အောက်ပါအဆိုကိုသဘာပတိ သို့ တင်ပြခဲ့သည်–

(၁) မြန်မာနိုင်ငံတွင်းမှ တရုတ်ဖြူတပ်များ မည်၍မည်မျှ ထွက်ခွါမည်ကို ထုတ်ဖေါ်ခန့်မှန်းရန်

(၂) မိုင်းဆတ်နှင့်အခြားအရေးကြီးသောနေရာ ၅နေရာကို ဗမာ့တပ်မတော်မှ တိုက်ခိုက်ခြင်းမပြုဘဲ သိမ်းပိုက်နိုင်ရန် [၁]

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ကမူ အဆိုအမှတ်(၁)ကို တိကျသည့် အဖြေ မပေးဘဲ ဝေ့လည်ကြောင်ပတ် ဖြေဆိုခဲ့ပြီး အဆိုအမှတ်(၂)ကို မိုင်းဆတ်အပါအဝင် အခြား အရေးကြီးသောနေရာ(၅)နေရာကို ဗမာ့တပ်မတော်မှ မိမိဖာသာမိမိသိမ်းယူရမည်၊ တိုက်ခိုက်ခြင်း မပြုရဘဲ အေးဆေးစွာသိမ်းယူရေးကိုမူ တရုတ်ကိုယ်စားလှယ်အဖွဲ့၌ တာဝန်မရှိဟုပြောဆိုခဲ့သည်။

ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆက်လက်သည်းခံဆွေးနွေး နိုင်စွမ်းမရှိသောကြောင့် စက်တင်ဘာလ ၁၄ ရက်နေ့တွင် နောက်ဆုံးအနေဖြင့် အောက်ပါအဆိုကို တင်ပြခဲ့သည်–

(၁) မြန်မာနိုင်ငံတွင်းမှ တရုတ်ဖြူတပ်များအားလုံးထွက်ခွာရန်။

(၂) ပထမအသုတ် တပ်သား၅၀၀၀ကို သဘောတူညီချက် လက်မှတ်ရေးထိုး ပြီး ၂၁ရက်အတွင်း ထွက်ခွာရန်။

(၃) မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂသို့ အစီရင်ခံရန်ရှိသဖြင့် အထက်ဖေါ် ပြပါအချက်၂ချက်ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က ၇ ရက်အတွင်း

[၁] CD. 1493 ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ မျက် ၉

အပြေပေးရန်နှင့် အဏာယ်၍ လက်မခံခဲ့လျှင် မြန်မာကိုယ်စားလှယ်အဖွဲ့. ကိုဆွေးနွေးပွဲမှ ရုတ်သိမ်းမည်။ [၁]

ဟုကော်မတီသို့တင်ပြခဲ့သည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့.က စက်တင်ဘာလ ၁၇ရက်နေ့တွင် တရုတ်ဖြူတပ်များ တစ်ပတ်လျှင် ၂၀၀၀အထိ ထွက်ခွာနိုင်ရန် လက်ရှိအစီအစဉ်ဖြင့် ဖြစ်နိုင်ကြောင်း၊ လေယာဉ်ပျံများလည်း အဆင်သင့်ရှိကြောင်း၊ တစ်ပတ်လျှင် ၂၀၀၀ထက် ပိုမိုထွက်ခွာလိုပါက ထွက်ခွာနိုင်အောင်လည်း စီစဉ်ပေးနိုင်ကြောင်း ပြောကြားသည်။ ထိုင်းနိုင်ငံကလည်း လေယာဉ်ကွင်းများ အသင့်ပြင်ဆင်နိုင်ကြောင်း၊ တရုတ်ဖြူတပ်များ တစ်နေ့လျှင် ၂၅၀ထက်မနည်း ထွက်ခွာနိုင်ရန် အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် တရုတ်ဖြူကိုယ်စားလှယ် အဖွဲ့.က မြန်မာကိုယ်စားလှယ်အဖွဲ့. တင်ပြသည့်အဆိုများကို လက်မခံနိုင်ကြောင်း ပြောကြားသဖြင့် စက်တင်ဘာလ ၁၇ရက်နေ့တွင် ဆွေးနွေးပွဲမှ မြန်မာကိုယ်စားလှယ်အဖွဲ့. ရုတ်သိမ်းထွက်ခွာခဲ့သည်။ [၂] ထို့ကြောင့်ကျန်သုံးနိုင်ငံဆက်လက် ဆွေးနွေးပြီး တရုတ်ဖြူတပ်များ ထွက်ခွာရေး အစီအစဉ် တစ်ရပ်ဖြစ်သည့် တရုတ်ဖြူ တပ်သား၂၀၀၀ နှင့် မှီခိုသူများထွက်ခွာရေးကို မြန်မာဘက်က နှောင့်ယှက်ခြင်းမပြုရန် တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံအစိုးရက လက်ခံခဲ့သော ကြောင့် နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် တရုတ်ဖြူတပ်သား ၂၀၀၀ခန့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ သို့သော် တရုတ်ဖြူတပ်များ သိမ်းပိုက်ထားသည့် မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်းတို့ကို သဘောတူ လွှဲပြောင်းပေးရန်ဘန်ကောက်ဆွေးနွေးပွဲ က ဆုံးဖြတ်သော်လည်း တရုတ်ဖြူတပ်များက လက်တွေ့. တွင် လိုက်နာခြင်းမရှိသောကြောင့် တပ်မတော်မှ စစ်ဆင်ရေးများ ဆင်နွှဲပြီးဆက်လက် မောင်းထုတ် ခဲ့ရသည်။ [၃]

၁၉၅၄–၁၉၅၅ခုနှစ်များတွင်သက်ဆိုင်ရာနိုင်ငံကိုယ်စားလှယ်များကဘန်ကောက်မြို့.၌ အစည်းအဝေးများ ဆက်လက်ကျင်းပကာ မြန်မာနိုင်ငံမှ တရုတ်ဖြူတပ်များ ဆက်လက်ထွက်ခွာရေးကို ဆောင်ရွက်ကြရာ တရုတ်ဖြူတပ်သား ၇၀၀၀ခန့် ထွက်ခွာသွားခဲ့သည်။ သို့သော် ကြွင်းကျန်ရစ်သော တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် ဆက်လက်လှုပ်ရှားခဲ့ကြသည်။ [၄]

---

၁ CD. 1493 **ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ** မျက် ၁၂

၂ CD. 1493. **ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ** မျက် ၁၂

၃ ရဲဘော်သစ်မောင်–**ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း၂** မျက်–၁၀၉

၄ (က) **ပြည်သူ့လွှတ်တော်တွင် မိန့်ကြားသောဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်း** (၂၃–၃–၆၁)

(ခ) Hugh Tinker - **The Union of Burma** p.53

**တရုတ်ဖြူကျူးကျော်မှုတွင် တပ်မတော်မှ ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးများ**

ဗမာ့တပ်မတော်သည် ၁၉၅၀ပြည့်နှစ်၊ ဇွန်လတွင် ကျိုင်းတုံ၊ တာချီလိတ်ရှိ တရုတ် ဖြူတပ်များအား **ကျိုင်းတုံစစ်ဆင်ရေး**ဖြင့်လည်းကောင်း၊ ၁၉၅၁ခုနှစ်၊ ဖေဖော်ဝါရီလနှင့် အောက်တို ဘာလများတွင် ဝနယ်၊ မွန်ရဲ၊ နောင်လင်း၊ ကျိုင်းတုံ၊ နန့်မွန်၊ ပင်လုံ၊ ပန်ယန်း စသည့် နယ်မြေများရှိ တရုတ်ဖြူတပ်များအား **ဖရော့စ်[၁]၊ မော်၊ ပန်လုံ** စစ်ဆင်ရေးများဖြင့်လည်းကောင်း အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းခဲ့သည်။ [၂]

၁၉၅၂ခုနှစ်၊ မတ်လတွင် တပ်မတော်က ကျူကုတ်၊ မုံးယု၊ ကျိုင်းတုံ၊ တောင်ကြီး ဒေသများအတွင်း ကျူးကျော်ဝင်ရောက်ခဲ့သော တရုတ်ဖြူတပ်များကို **မိုးကြိုးအထူးစစ်ဆင်ရေး** ဖြင့် တိုက်ထုတ်မောင်းနှင်နိုင်ခဲ့ပြီး ယင်းနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ဝမ်ပစ်၊ မုံးပင်း၊ ဝမ်နောင်၊ မိုင်းပြင်း၊ မိုင်းပုအောင်၊ ဗန်းမော်အရှေ့ဘက်ဆင်လွန်း စသည့် ဒေသများရှိ တရုတ်ဖြူ တပ်များအား**ဘုရင့်နောင်အထူးစစ်ဆင်ရေး၊ဘွန်မရှားစစ်ဆင်ရေးကြီး** များဖြင့်တွန်းလှန်တိုက်ထုတ် ခဲ့သည်။ [၃]

၁၉၅၃ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်းတွင် သံဖြူဇရပ်တောင်ပိုင်း၊ တနင်္သာရီကမ်းရိုးတန်းရှိ မွန်ဒေသများဖြစ်သည့် ကရုပ္ပိ၊ ပင၊ ကော့ဒွတ်၊ လမိုင်းဒေသများရှိ မွန်သောင်းကျန်းသူများနှင့်ကူမင်တန်တရုတ်ဖြူတပ်များကို **သီရိစစ်ဆင်ရေး**ဖြင့်ချေမှုန်းတိုက်ခိုက် ခဲ့သည်။ မတ်လမှ ဧပြီလအထိ မိုင်းယု၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပွန်၊ မိုင်းပြင်း၊ ဝမ်ဆာလာ၊ ကျိုင်းတုံ အရှေ့မြောက်၊ အရှေ့တောင်နှင့် အနောက်ပိုင်းနယ်မြေများရှိ တရုတ်ဖြူတပ်များအား **မဟာ၊ နဂါးနိုင်၊ ကျော်ထွန်း၊ အောင်လမ်း** စစ်ဆင်ရေးများဖြင့် လည်းကောင်း၊ ဇွန်လမှ နိုဝင်ဘာလ အတွင်းတွင် မော်ချီး၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ဝမ်တာလုံ၊ ကွတ်ခိုင် ဒေသများရှိ တရုတ်ဖြူ တပ်များအား **ကလူ၊ ကန်တော်ကြီး၊ သမိန်၊ ချယ်ရီ** စစ်ဆင်ရေးများဖြင့်လည်းကောင်း တိုက်ခိုက် နှိမ်နင်းခဲ့သည်။ [၄]

၁၉၅၄ခုနှစ်သို့ရောက်သောအခါ မြန်မာနိုင်ငံပိုင်နက်နယ်မြေတွင်းသို့ ကျူးကျော် ဝင်ရောက်လာသော တရုတ်ဖြူတပ်အင်အားမှာ တပ်မသုံးခုမျှ အင်အားကြီးမားနေပြီး ဒေသခံ

---

၁ Operation Frost

၂ Ministry of Information -**Kuomintang Aggression Against Burma** p.213

၃ Ministry of Information- **Kuomintang Agression Against Burma**. p-213

၄ **တပ်မတော်မော်ကွန်းတိုက်–၁၉၅၀ပြည့်နှစ်မှ၁၉၆၂ခုနှစ်အထိတပ်မတော်မှ ဆင်နွှဲခဲ့သောစစ်ဆင်ရေးများ စာရင်း** မျက် ၁၄–၁၉

ကိုင်းရင်းသားများထံမှ အခမ္ဘလုယက်စားသောက်၍ တိုင်းရင်းသားများကို စော်ကားလာပြန်သည်။ ထို့ကြောင့် တပ်မတော်က ဇန်နဝါရီလတွင် မောက်မယ်၊ လင်းခေးတောင်ပိုင်း၊ ဝမ်စလောင်နှင့် ကဒူးကြီးဒေသများရှိ တရုတ်ဖြူတပ်များအား **ယုဇနစစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ မတ်လတွင် မိုင်းတုံ၊ မိုင်းဟန်တောင်ကြား၊ မိုင်းဆတ်၊ မိုင်းပုအောင်ဒေသများရှိ တရုတ်ဖြူတပ်များအား **ဘုရင့်နောင်စစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ မြဝတီလမ်းခွဲ၊ သကီန်းညီနောင်၊ ထိုင်းနယ်စပ်ဒေသ တစ်ဝိုက်ရှိ တရုတ်ဖြူတပ်များအား **ဆင်ဖြူရှင်စစ်ဆင်ရေး** ဖြင့်လည်းကောင်း၊ အပြင်းအထန် တိုက်ခိုက် ချေမှုန်းခဲ့သည်။ ၁၉၅၅ခုနှစ်၊ မတ်မှ မေလအထိ မိုင်းယောင်း၊ လွယ်လန်းဒေသများရှိ တရုတ်ဖြူတပ်များအား **ရန်ကြီးအောင်စစ်ဆင်ရေး** ဖြင့် တိုက်ခိုက်ချေမှုန်းပြီး တရုတ်ဖြူ အကြွင်းအကျန်များကို ရှင်းလင်း သုတ်သင်ခဲ့သည်။[၁] 〉

၁၉၅၆ခုနှစ်မှ ၁၉၆၁ခုနှစ်အကြား ၅နှစ်တာကာလအတွင်းတွင် တရုတ်ဖြူတို့အား ဒေသန္တရ စစ်ဆင်ရေးငယ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်း တရုတ်ဖြူတပ်များသည် မိုင်းပါလျှို့ရွာတွင် လက်နက်ခဲယမ်းမီးကျောက်၊ ရိက္ခာနှင့် လူအင်အားဖြည့်တင်းရာ လေယာဉ်ကွင်း တစ်ကွင်းအပါအဝင် အင်အား ၅၀၀ခန့်၊ ကျိုင်းလတ်တွင် အင်အား ၉၅၀ခန့်၊ မိုင်းပါလျှို့နှင့် တာလေ အကြားရှိ မိုင်းလင်းတွင် တပ်မတော်၏ထိုးစစ်ကို ဟန့်တားရန် အင်အား၆၀၀ခန့်၊ စုစုပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် စုစည်းခဲ့ကြသည်။[၂]

ထို့ကြောင့် တပ်မတော်သည် ၁၉၆၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစတင်၍ တရုတ်ဖြူတပ်ဖွဲ့များအား **မဲခေါင်စစ်ဆင်ရေး** ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၆၁ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အတွင်းမိုင်းလင်းမြို့တစ်ဝိုက်ရှိ တရုတ်ဖြူတို့ အခိုင်အမာတပ်စွဲထားသော တပ်စခန်းများ ကိုလည်းကောင်း၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဝမ်ပါဝါကိုလည်းကောင်း ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် တပ်မတော်မှ ခြေလျင်တပ်ဖွဲ့များ သာမက တပ်မတော်(လေ)မှ တိုက်လေယာဉ်များဖြင့်လည်း တရုတ်ဖြူတပ်စခန်းများကို ချေမှုန်းတိုက်ခိုက်ရာ ၁၉၆၁ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် မိုင်းပါလျှို့၊ ကျိုင်းလတ်ဒေသများနှင့်တကွ တရုတ်ဖြူတို့ ကိုင်ဆောင်သော ခေတ်မီလက်နက်ကြီးများ၊ ခဲယမ်းမီးကျောက်များ၊ ရိက္ခာနှင့် အသုံးအဆောင် ပစ္စည်းများ အမြောက်အမြား သိမ်းဆည်းရမိသည်။[၃] မဲခေါင်စစ်ဆင်ရေးတွင် ၁၉၆၁ခုနှစ်၊

---

[၁] တပ်မတော်မော်ကွန်းတိုက်– **၁၉၅၀ပြည့်နှစ်မှ၁၉၆၂ခုနှစ်အထိတပ်မတော်မှ ဆင်နွှဲခဲ့သောစစ်ဆင်ရေးများစာရင်း** မျက် ၂၂

[၂] ဗိုလ်မြသွေး၊ **ဗမာ့ရန်သူတရုတ်ဖြူ** မျက် ၁၀၉–၁၁၀

[၃] ဗိုလ်မြသွေး၊ **ဗမာ့ရန်သူတရုတ်ဖြူ** မျက် ၁၁၀–၁၁၁

ဖေဖေါ်ဝါရီလ ၁၅ရက်နေ့၌ တပ်မတော်(လေ)မှ ဗိုလ်သိန်း၊ ဗိုလ်ပီတာ၊ ဗိုလ်ချစ်ခိုင်တို့ မောင်းနှင်သည့် ဆီးဖြူရီ တိုက်လေယာဉ်သုံးစင်းသည် ကျိုင်းတုံမှဝမ်ပါဆန်ရွာပေါ်သို့ ကင်းလှည့် ပျံသန်းစဉ် ရန်သူလေယာဉ် တစ်စင်းကို တွေ့ရှိပြီး ရန်သူလေယာဉ်က စတင်ပစ်ခတ်တိုက်ခိုက်သောကြောင့် တပ်မတော်(လေ)မှလည်း ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ ရန်သူလေယာဉ်မှာမီးလောင်ပျက်စီးသွားသည်။ တပ်မတော် (လေ) မှလည်း ဗိုလ်ပီတာ ကျဆုံးခဲ့ရသည်။

ဤသို့ တပ်မတော်မှ မဲခေါင်စစ်ဆင်ရေးကြီးကို အောင်မြင်စွာဆင်နွှဲလိုက်သောကြောင့် မြန်မာ့နယ်မြေပေါ်တွင် ၁၁နှစ်ကြာ ကျူးကျော်ဝင်ရောက်ခဲ့ကြသော တရုတ်ဖြူတပ်များသည် မဲခေါင်မြစ်ကိုဖြတ်ကျော်၍ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများအတွင်းသို့ အလုံးအရင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံစစ်ဘက်အာဏာပိုင်များသည် မိမိတို့နိုင်ငံများမှ တရုတ်ဖြူတပ်များ အမြန်ဆုံးထွက်ခွာရေးကို ဆွေးနွေးစီစဉ်ပြီးနောက် တရုတ်ဖြူတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ဖေါ်မိုဆာသို့ တစ်သုတ်ပြီးတစ်သုတ်ထွက်ခွာသွားကြသည်။

1950-1961

# အခန်း ( ၃ )

## လွတ်လပ်ရေးရရှိပြီးနောက် တပ်မတော်စစ်ရုံးနှင့် တပ်ရင်း၊ တပ်ဖွဲ့ များတိုးချဲ့ဖွဲ့ စည်းခြင်း

### တပ်မတော်စစ်ရုံးမဖွဲ့ စည်းမီကာလ

ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တို့သည် မြန်မာနိုင်ငံကို တိုးစစ်ဆင်၍ တိုက်ခိုက်ရာတွင် ဗိုလ်ချုပ်ကြီး ဆလင်း၏ အမှတ်(၁၄)ဗြိတိသျှတပ်တော်[၁] က ဦးဆောင်ခဲ့သည်။ ၁၉၄၅ခုနှစ်၊ မေလတွင် မဟာမိတ်တို့က ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသည့်အချိန်၌မူ အမှတ်(၁၄) ဗြိတိသျှတပ်တော်အား မလေးကျွန်းဆွယ်စစ်ဆင်ရေး၌ ဆက်လက်တာဝန်ပေးရန် အိန္ဒိယပြည်သို့ ပြန်လည်ခေါ်ယူခဲ့ပြီး ဒုတိယဗိုလ်ချုပ်ကြီး မွန်တေဂူစတော့ဖို့ဒ်[၂] ၏ အမှတ်(၁၂)ဗြိတိသျှတပ်တော်[၃] အား မြန်မာနိုင်ငံသို့ အစားထိုးစေလွှတ်ခဲ့သည်။ အိန္ဒိယပြည်ရှိအရှေ့တောင်အာရှမဟာမိတ်များ၏ ကြည်း တပ်ဖွဲ့ များဌာနချုပ်[၄] ကတိုက်ရိုက်ကွပ်ကဲသော ယင်းအမှတ်(၁၂)ဗြိတိသျှတပ်တော်သည် ၁၉၄၅ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကာကွယ်ရေးတာဝန်ကို လွှဲပြောင်းယူခဲ့သည်။

အမှတ်(၁၂)ဗြိတိသျှတပ်တော် လက်အောက်တွင် မိတ္ထီလာနှင့်ပဲခူး အကြားရှိ နယ်မြေ ကို စစ်ရေးအရ၊ စစ်ဆင်ရေးဒေသအဖြစ်သတ်မှတ်ပြီး အလယ်ရိုးမမှ စစ်တောင်းမြစ်ဘက်သို့ ဆုတ်ခွာလျက်ရှိသော ဂျပန်တပ်များအား အမှတ်(၄)တပ်မကြီး[၅] က မျိုးချစ်ဗမာ့တပ်မတော်နှင့် လက်တွဲတိုက်ခိုက်ခဲ့သည်။ ဗြိတိသျှအာဏာပိုင်များက စစ်အုပ်ချုပ်ရေးအတွက် လွယ်ကူစေရန် အလို့ငှာ မိတ္ထီလာမြို့မြောက်ဘက်ကိုအမှတ်(၅၀၅) ဒိစတြိတ်[၆] ဟူ၍လည်းကောင်း၊ ပဲခူးမြို့၏ တောင်ဘက်ကို ရန်ကုန်ဧရိယာ ဟူ၍လည်းကောင်း၊ သတ်မှတ်ခေါ်ဝေါ်ကာ ဌာနချုပ်များကို မိတ္ထီလာ နှင့် ရန်ကုန်မြို့ အသီးသီး၌ထားရှိခဲ့သည်။ အမှတ်(၅၀၅)ဒိစတြိတ်ကိုလည်း စီရင်စုငါးနယ် ပိုင်းခြားကွပ်ကဲခဲ့ရာ ယင်းစီရင်စုများမှာ မိတ္ထီလာ၊ မန္တလေး၊ မကွေး၊ ကလေးဝနှင့်မြစ်ကြီးနားမြို့ များ ဖြစ်ကြသည်။ ရန်ကုန်ဧရိယာစစ်အုပ်ချုပ်ရေးဒေသတွင်မူ ရခိုင်နှင့် တနင်္သာရီမှအပ ပဲခူး တောင်ဘက် မြန်မာနိုင်ငံ အောက်ပိုင်းတစ်ခုလုံးပါဝင်သည်။

---

[၁] 14th Army

[၂] Lt. General Stopford

[၃] 12th Army

[၄] H.Qs. Allied Land Forces South East Asia (ALFSEA)

[၅] IV Corps

[၆] 505 District

၁၉၄၅ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့တွင် ဂျပန်တို့လက်နက်ချပြီးသည့်နောက် ဒုတိယကမ္ဘာစစ်ကြီးမှာလည်း ပြီးဆုံးသွားခဲ့သည်။ သို့ဖြင့် မြန်မာနိုင်ငံတွင် အင်အားကြီးမားသော တပ်များကို အလုံးအရင်းဖြင့် ဆက်လက်ထားရှိရန် မလိုတော့သည့်အပြင် အောက်တိုဘာလ၌ အိန္ဒိယနိုင်ငံဆင်းမလားမြို့မှ ဘုရင်ခံဆာဒေါ်မန်စမစ်နှင့်အဝေးရောက်အစိုးရအဖွဲ့တို့ ရန်ကုန်မြို့သို့ ပြန်လည်လာရောက်ကာ မြို့ပြအုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်တော့မည်ဖြစ်ရာ ဗြိတိသျှအာဏာပိုင်များက အမှတ်(၁၂)တပ်တော်၏အင်အားကို လျှော့ချပစ်ရန် စတင်ဆောင်ရွက်ကြသည်။

၁၉၄၅ခုနှစ်၊ စက်တင်ဘာလတွင် အာဏာပိုင်များက အမှတ်(၄)တပ်မကြီး၏ ဌာနချုပ်ကို ဖျက်သိမ်းပြီး တပ်များကို အိန္ဒိယနိုင်ငံသို့ ပြန်လည်ပို့ခဲ့သည်။ သို့ဖြစ်သော်လည်း စစ်ပြီးစ မြန်မာနိုင်ငံတွင် မြို့ပြရေးရာအခြေအနေအရပ်ရပ်မှာ တည်ငြိမ်မှုမရှိသေးသည့်အပြင် ဗမာ့တပ်မတော်မှာလည်း ပီပြင်စွာ ရုပ်လုံးပေါ်ပေါက်ခြင်းမရှိသေးချေ။ ထို့ကြောင့် အာဏာပိုင်တို့က အမှတ်(၁၂)တပ်တော်ကို လုံးဝရုပ်သိမ်းခြင်းမပြုသေးဘဲ တပ်မ၃တပ်၊ သီးသန့်ခြေလျင်တပ်မဟာ ၂တပ်[၁] နှင့်တင့်ကား တပ်မဟာ ၁တပ်တို့ကို မြန်မာနိုင်ငံတွင် ဆက်လက်ထားရှိခဲ့ သည်။[၂]

၁၉၄၅ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး စတော့ဖို့ဒ်က အမှတ်(၁၂)တပ်တော်ဌာနချုပ်အား ဗမာ့တပ်မတော်ကွပ်ကဲမှုစစ်ဌာနချုပ်[၃] ဟူ၍ အမည်ပြောင်းလဲခေါ်ဝေါ်ရန် ညွှန်ကြားခဲ့သည်။ ထို့ပြင်မြန်မာနိုင်ငံကို တောင်ပိုင်းတိုင်းနှင့်မြောက်ပိုင်းတိုင်း စစ်ဒေသ နှစ်ရပ်ခွဲခြားသတ်မှတ်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်[၄] ကို ရန်ကုန်၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် [၅] ကို မန္တလေး၌လည်းကောင်း ထားရှိခဲ့သည်။ ထို့ပြင် မိတ္ထီလာတွင် အမှတ်(၁၇)တပ်မဌာနချုပ်[၆] ကိုထားရှိပြီး လက်အောက်ခံ တပ်မဟာ၄ခုကိုလည်း မေမြို့၊ ကလော၊ ပဲခူးနှင့် ရန်ကုန်၊ မင်္ဂလာဒုံ ၊ မှော်ဘီတို့တွင် အသီးသီးနေရာချထားခဲ့သည်။ တစ်ချိန်တည်းတွင်ပင် မျိုးချစ်ဗမာ့တပ်မတော်သားများပါဝင်ဖွဲ့စည်းထားသော ဗမာ့သေနတ်ကိုင်တပ်ရင်း၃ရင်း အပါအဝင် ဗမာ့တပ်မတော်တပ်ရင်း ၁၁ရင်းကို မြို့ကြီး ကိုးမြို့တွင် တပ်ရင်းတစ်ရင်းစီနှင့် ရန်ကုန်မြို့တွင် တပ်ရင်းနှစ်ရင်းတို့ဖြင့် အခြေစိုက်နေရာချထားခဲ့သည်။ ဗမာ့တပ်မတော် စစ်ဌာနချုပ်[၇] ကိုမူ မင်္ဂလာဒုံ ၌ ဖွင့်လှစ်ထားလေသည် ။

---

[၁] Independent Infantry Brigades

[၂] **An Administrative History of the Armed Forces in Burma, Vol II** P.192

[၃] H.Qs Burma Command

[၄] South Burma Area

[၅] North Burma Area

[၆] 17th Division

[၇] H.Qs Burma Army

၁၉၄၇ခုနှစ်၊ မေလတွင် စစ်ပြီးကာလဗမာ့တပ်မတော်ဖွဲ့စည်းရေး [illegible] အတန် ခရီးရောက်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးမှာလည်း မကြာမီ [illegible] အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။သို့ဖြင့်ဗြိတိသျှတို့သည် ဗမာ့တပ်မ [illegible] စစ်ဌာနချုပ် ကို ရုပ်သိမ်းသွားခဲ့သည်။ ထိုအခါ စစ်ပြီးကာလ ဗမာ့တပ်မတော်ဖွဲ့စည်းရေးနှင့် ဦးစီးကွပ်ကဲရေးအတွက် ၁၉၄၅ခုနှစ်ကပင် ခန့်အပ်ခြင်းခံခဲ့ရသော ဗမာ့တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ် အယ်လ်စီသောမတ်စ်[၁] သည် ဗမာ့တပ်မတော်၏ စစ်ဦးစီးချုပ်[၂] ဖြစ်လာပြီး ဒုတိယစစ်ဆေးရေးအရာရှိချုပ်ဖြစ်သူ ဗိုလ်မှူးကြီးစမစ်ဒွန်းမှာလည်း ဒုတိယစစ်ဦးစီးချုပ် ဖြစ်လာ ခဲ့သည်။

## မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်စစ်ရုံးဖွဲ့စည်းခြင်း

ကာကွယ်ရေးဌာနသည် လွတ်လပ်ရေးရရှိရန် အချိန်နီးကပ်လာသည်နှင့်အမျှ ၁၉၄၇ခုနှစ်နှောင်းပိုင်းကာလတွင် စစ်ရုံးဖွဲ့စည်းရေးအတွက် စိုင်းပြင်းဆောင်ရွက်လာခဲ့သည်။ ဗြိတိသျှအာဏာပိုင်အချို့ကလည်း ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကာလကပင် မြန်မာနိုင်ငံ၌ စစ်ရုံးဖွဲ့စည်းထားရှိရန် လိုအပ်ကြောင်း သဘောရရှိခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်တပ်များကို စုစည်းကွပ်ကဲရန် စစ်ရုံးမရှိခဲ့သဖြင့် ဖက်ဆစ်ဂျပန်များလာရောက် တိုက်ခိုက်သည့် အချိန်၌ တပ်များဖရိုဖရဲဖြစ်ခဲ့ရကြောင်း ဗိုလ်ချုပ်ကြီးဆလင်းကပင် ပြောဆိုခဲ့သည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိသည့်အချိန်၌ ဗမာ့လက်နက်ကိုင်တပ်များကို ဦးစီး ကွပ်ကဲသွားရန် စစ်ရုံး ဖွဲ့စည်းရေး စီမံချက်များကို သက်ဆိုင်ရာအာဏာပိုင်များက ၁၉၄၇ ခုနှစ်မကုန်ဆုံးမီ အချိန်ကပင် ရေးဆွဲခဲ့ကြသည်။ ကာကွယ်ရေးဌာနသည် စစ်ရုံးဖွဲ့စည်းရေးနှင့်စီမံကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များ ကို တာဝန်ယူရေးဆွဲတင်ပြပြီး ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုမူ စစ်စာရင်းဝန် ဦးစန်းမောင် [illegible] ရေးဆွဲတင်ပြ ခဲ့သည်။

ယင်းအဆိုပြုတင်ပြချက်များအရ၊ ကာကွယ်ရေးဌာနဝန်ကြီးသည် စစ်ရုံး [illegible] ဦးဆောင်ဦးရွက်ပြုရမည်ဖြစ်သည့်အပြင် ကာကွယ်ရေးဌာနဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက် [illegible] ကာကွယ်ရေးကောင်စီ[၃] က ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုဆိုင်ရာမူဝါဒများကို ချမှတ်ရ [illegible] သည်။ ဗမာ့တပ်မတော်စစ်ဦးစီးချုပ်သည် ကာကွယ်ရေးကောင်စီတွင် ဒုတိယဥက္ကဋ္ဌ [illegible]

---

[၁] Major General Thomas

[၂] General Officer Commanding (G.O.C) Burma Army

[၃] Defence Council(အဆိုပြုချက်တွင်ဤသို့ခေါ်ဝေါ်ခဲ့သော်လည်းစစ်ရုံးဖွဲ့စည်းပုံအတည်ပြုပြီးသောအခါ War Office Council ဟုခေါ်ဝေါ်ပါသည်)

လည်းကောင်း၊ ရေတပ်ဦးစီးမှူး[၁] ၊ လေတပ်ဦးစီးမှူး[၂] ၊ ဘဏ္ဍာရေးအတွင်းဝန်တို့သည် အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်ပြီး ကာကွယ်ရေးဌာနအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်။ ဗမာ့တပ်မတော်စစ်ဦးစီးချုပ်သည် ကာကွယ်ရေးဝန်ကြီး မရှိသည့်အခါ ကာကွယ်ရေးကောင်စီ အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးသည် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဝန်ကြီးများအဖွဲ့သို့ တာဝန်ခံရသည်။

စစ်ရုံးစီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဌာနအတွင်းဝန်သည် ရုံးအဖွဲ့တွင် ဦးစီးဆောင်ရွက်ရမည်ဖြစ်သည်။ တွဲဖက်အတွင်းဝန်သည် အတွင်းဝန်က ခွဲဝေအပ်နှင်းသောကိစ္စများကို တာဝန်ယူဆောင်ရွက်ရပြီး အတွင်းဝန်အားအထွေထွေကိစ္စရပ်များတွင် ကူညီဆောင်ရွက်ရမည်။ ယင်းတို့၏ လက်အောက်၌ ဒုတိယအတွင်းဝန်များ၊ လက်ထောက်အတွင်းဝန်များနှင့် ရုံးအဖွဲ့ဝန်ထမ်းများရှိသည်။ ထို့ပြင် ဘဏ္ဍာရေးအတွင်းဝန်သည် စစ်ရုံးဘဏ္ဍာရေးကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖြစ် ကာကွယ်ရေးဌာန၏ ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်ဖြစ်သည့်အပြင် ဘတ်ဂျက်ရသုံးမှန်းခြေနှင့်ငွေကြေးသုံးစွဲမှုကို ကြီးကြပ်ရမည် ဖြစ်သည်။

ကာကွယ်ရေးဌာနစစ်စာရင်းစစ်ဝန်[၃]သည် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစု၏ လစာနှင့်စရိတ်၊ အငြိမ်းစားဆုကြေးနှင့်လစာ၊ အခြားငွေကြေးသုံးစွဲမှုများနှင့် ပြည်ပသို့ပေးချေရေးများအတွက် စာရင်းများပြုစုခြင်း၊ ငွေထုတ်ပေး–ရယူခြင်းနှင့် စာရင်းစစ်ဆေးခြင်းများကို တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကာကွယ်ရေးဌာန၏ ငွေစာရင်းဝန်သည် မြို့ပြဆိုင်ရာဌာနအသီးသီး၏ ငွေစာရင်းထိန်းသိမ်းမှုကို ဆောင်ရွက်ရသည့် မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးနှင့် အလားတူပင် ကာကွယ်ရေးဌာန၏ ငွေစာရင်းများကို ထိန်းသိမ်းရန်ဖြစ်သည်။ ထူးခြားသည်မှာ ကာကွယ်ရေးဌာနငွေစာရင်းဝန်သည် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ကိုယ်စား ကာကွယ်ရေးဌာန ငွေစာရင်းများအား စစ်ဆေးနိုင်ခွင့် အာဏာများကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။

စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးဝန်ရုံး[၄] သည် ကာကွယ်ရေးဌာနအတွင်းဝန်၏ လက်အောက်၌ တည်ရှိသော သီးခြားရုံးအဖွဲ့ တစ်ဖွဲ့ဖြစ်သည်။ စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးဝန်သည် ကာကွယ်ရေးဌာနအတွက် လိုအပ်သောပစ္စည်းများကို ပြည်တွင်းပြည်ပအရပ်ရပ်မှ စုံစမ်းရှာဖွေလေ့လာဝယ်ယူရန် ဖြစ်သည်။ ယင်းသို့ ဝယ်ယူရာတွင် ငွေစာရင်းဝန်ရုံး၊

---

[၁] C.O. Burma Navy

[၂] C.O. Burma Air Force

[၃] Controller of Military Accounts.

[၄] Office of the Director of Military Supplies.

စစ်ထောက်ချုပ်ရုံးနှင့်ကာကွယ်ရေးဌာနအတွင်းဝန်ရုံးမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးဝန်တို့ပါဝင်သော ပစ္စည်းဝယ်ယူရေးဘုတ်အဖွဲ့က စီစစ်ဆောင်ရွက်သည်။ ဝယ်ယူမည့်ပစ္စည်းများအတွက် ငွေကြေးသုံးစွဲခွင့်ကိုမူ ကာကွယ်ရေးဌာနအတွင်းဝန်ရုံးသို့ တင်ပြတောင်းခံရသည်။

တပ်မတော်နှင့် စပ်လျဉ်း၍ စစ်ရုံးသည် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစု၏ ဗဟိုဌာနချုပ်အဖြစ် ဗမာ့ကာကွယ်ရေးတပ်များအားလုံးကို ဦးစီးကွပ်ကဲရန်ဖြစ်သည်။ စစ်ရုံးဖွဲ့စည်းဖြစ်ပေါ်လာသောအခါ လက်ရှိမင်္ဂလာဒုံ၌တည်ရှိသည့် ဗမာ့တပ်မတော်စစ်ဌာနချုပ်ကို ဖျက်သိမ်းပစ်ရန်ဖြစ်ပြီး သီးခြားတည်ရှိလျက်ရှိကြသော ရေတပ်ဌာနချုပ်နှင့်လေတပ်ဌာနချုပ်တို့သည် စစ်ရုံးတွင် တစ်ပေါင်းတည်း ပါဝင်လာကြမည်ဖြစ်သည်။

စစ်ရုံးတွင် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုအပေါ် ဦးစီးကွပ်ကဲသူမှာ စစ်ဦးစီးချုပ်ဖြစ်သည်။ စစ်ဦးစီးချုပ်၏လက်အောက်၌ ဒုတိယစစ်ဦးစီးချုပ်၊ ရေတပ်ဦးစီးမှူး[၁]၊ လေတပ်ဦးစီးမှူး[၂]၊ စစ်ရေးချုပ်[၃]နှင့် စစ်ထောက်ချုပ်[၄] တို့ပါဝင်သည်။ ဒုတိယဦးစီးချုပ်သည် စစ်ဦးစီးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန်ဖြစ်ပြီး ယင်း၏လက်အောက်တွင် စစ်ဦးစီးဌာနခွဲ(၁)သည် စစ်ဆင်ရေး၊ လေ့ကျင့်ရေးနှင့်စစ်ကျောင်းများကိုလည်းကောင်း၊ စစ်ဦးစီးဌာနခွဲ(၂)သည် စစ်ဦးစီးတာဝန်၊ ဖွဲ့စည်းရေးနှင့်စီမံရေးများကိုလည်းကောင်း၊ စစ်ဦးစီးဌာနခွဲ(၃)သည် ထောက်လှမ်းရေးကိစ္စရပ်များကိုလည်းကောင်း ခွဲဝေ တာဝန်ယူကြရသည်။ အချက်ပြဆက်သွယ်ရေးတပ် နှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့များကိုလည်း စစ်ဦးစီးဌာနလက်အောက်ခံ လက်ရုံးတပ်များအဖြစ် သတ်မှတ် ထားသည်။

စစ်ရေးချုပ်၏ လက်အောက်တွင် စစ်ဥပဒေချုပ်[၅]၊ စစ်ရာထူးခန့်အတွင်းဝန်[၆]နှင့် ဒုတိယစစ်ရေးချုပ်ရုံးခွဲများထားရှိသည်။ စစ်ဥပဒေချုပ်သည် စစ်ဘက်တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စစ်ဘက်ဥပဒေကြောင်းဆိုင်ရာ လေ့ကျင့်ပညာပေးရေးကို တာဝန်ယူဆောင်ရွက်ရသည်။

စစ်ရာထူးခန့်အတွင်းဝန်သည် အရာရှိများ ခန့်အပ်ခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်း၊ ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းနှင့် အရာရှိများ၏ ကိုယ်ရေးမှတ်တမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ရသည်။

---

၁ စစ်ရုံးဖွဲ့စည်းပြီးသောအခါ ရေတပ်ဦးစီးချုပ် (Chief of Naval Staff) ဟုခေါ်ဆိုပါသည်။

၂ စစ်ရုံးဖွဲ့စည်းပြီးသောအခါ လေတပ်ဦးစီးချုပ် (Chief of Air Staff) ဟုခေါ်ဆိုပါသည်။

၃ Adjutant General

၄ Quartermaster General

၅ Judge Advocate General

၆ Military Secretary

ဒုတိယစစ်ရေးချုပ်သည် စစ်ရေးဆိုင်ရာကိစ္စများကို တာဝန်ယူရပြီး ရေး(၁)၊ ရေး(၂)၊ ရေး(၃)ဟူ၍ ဌာနစိတ်သုံးခုခွဲကာ ဆောင်ရွက်သည်။ ရေး(၁)သည် ဖွဲ့စည်းစီမံရေး၊ စစ်သည်များစုဆောင်းရေး၊ ပြောင်းရွှေ့နေရာချထားရေးကိုလည်းကောင်း၊ ရေး(၂)သည် စစ်စည်းကမ်းထိန်းသိမ်းရေး၊ စိတ်ဓါတ်မြှင့်တင်ရေး၊ သက်သာချောင်ချိရေး နှင့် ပညာရေးကိုလည်းကောင်း၊ ရေး(၃)သည် လစာစရိတ်များ၊ ပင်စင်များနှင့် အခြားဘဏ္ဍာရေးလိုအပ်ချက်များကို တွက်ချက်ရေး၊ စသည်များကိုလည်းကောင်း၊ လုပ်ငန်းများကို တာဝန်အသီးသီးခွဲဝေဆောင်ရွက်ကြသည်။ စစ်ရေး ဆိုင်ရာဝန်ထမ်း များမှာ ဆေးတပ် [၁] နှင့် တပ်ထိန်းတပ်[၂] တို့ဖြစ်ကြသည်။

အလားတူပင်စစ်ထောက်ချုပ်လက်အောက်၌လည်းစစ်ရေးချုပ်ကဲ့သို့ထောက်(၁)၊ ထောက်(၂)၊ ထောက်(၃)ဟူ၍ ရုံးခွဲများထားရှိပြီး ထောက်(၁)သည် ဖွဲ့စည်းစီမံရေး၊ ပစ္စည်းလိုအပ်ချက်များကို တွက်ချက်လျာထားပေးရေး၊ ဝယ်ယူရေး၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးကိုလည်းကောင်း၊ ထောက်(၂)သည် ထိန်းသိမ်းရေး၊ ဆောက်လုပ်ရေး၊ တပ်မြို့များစီမံခန့်ခွဲရေးကိုလည်းကောင်း၊ ထောက်(၃)သည် ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းခရီးသွားလာသယ်ယူပို့ဆောင်ရေးစသည့် လုပ်ငန်းများကိုလည်းကောင်း အသီးသီး တာဝန် ထမ်းဆောင်ကြရသည်။ စစ်ထောက်ဆိုင်ရာဝန်ထမ်းများမှာ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်[၃]၊ လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာတပ်[၄]၊ စစ်လက်နက်ပစ္စည်းတပ်[၅]၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ် [၆] များဖြစ်ကြသည်။

ထို့ပြင် ရေတပ်နှင့် လေတပ်မှ ဌာနချုပ်တို့သည် မူလသီးခြားတည်ရှိနေရာမှ စစ်ရုံးဖွဲ့စည်းသောအခါ စစ်ရုံး၏အစိတ်အပိုင်းများအဖြစ် ပါဝင်လာကြရန်ဖြစ်ပြီး ရေတပ်ဦးစီးမှူးရုံး၊ လေတပ်ဦးစီးမှူးရုံးဟူ၍ မိမိတို့ရေတပ်၊ လေတပ်အရာရှိ၊ အခြားအဆင့်များဖြင့် သက်ဆိုင်ရာလုပ်ငန်း များကိုဖွဲ့စည်းစီမံဆောင်ရွက်ကြရန်ဖြစ်သည်။

၁၉၄၈ခုနှစ်၊ ဖေဖေါ်ဝါရီလ ၆ ရက်နေ့တွင် ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံး၊ စစ်ငွေစာရင်းဝန်ရုံး၊ ဗမာ့တပ်မတော်စစ်ဌာနချုပ်၊ ရေတပ်နှင့် လေတပ်တို့မှ ကိုယ်စားလှယ်များပါသော အစည်းအဝေးက စစ်ရုံးဖွဲ့စည်းတည်ထောင်ရေးစီမံချက်

---

၁ Medical Services

၂ Provost

၃ Engineer Services

၄ B.E.M.E

၅ Ordnance

၆ Supply and Transport

ကို အသေးစိတ် လေ့လာဆွေးနွေးကြပြီး ပြင်ဆင်ဖြည့်စွက်ချက်များ ပြုလုပ်ကြသည်။[၁] အဓိက ပြင်ဆင်ချက်မှာ ကာကွယ်ရေးကောင်စီတွင် ကာကွယ်ရေးဌာနဝန်ကြီး၊ စစ်ဦးစီးချုပ်၊ ဒုတိယ စစ်ဦးစီးချုပ်၊ ရေတပ်ဦးစီးမှူး၊ လေတပ်ဦးစီးမှူး၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ် စစ်ရုံးအမြဲတမ်း အတွင်းဝန်တို့ ပါဝင်ရန် ဖြစ်သည်။ ဆက်လက်၍ စည်းရုံးဖွဲ့စည်းရေးစီမံချက်ကို ၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဝန်ကြီးများအဖွဲ့သို့အဆိုပြုတင်ပြသည်။[၂] ယင်းတင်ပြချက်တွင် စစ်ရုံးဖွဲ့စည်းမှုတပ်မတော်ကြည်း၊ ရေ၊ လေအသုံးစရိတ်များထိန်းသိမ်းကြီးကြပ်မှုနှင့် ကာကွယ်ရေး ဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းစီမံခန့်ခွဲမှု များနှင့် စပ်လျဉ်း၍ စစ်ရုံးအနေဖြင့် အခွင့်အာဏာများ ရရှိရေးကို အဆုံးအဖြတ်ပေးနိုင်ပါရန်ဖော်ပြပါ ရှိသည်။

၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီလ၂၈ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒသမအကြိမ်မြောက်ဝန်ကြီးများအဖွဲ့အစည်းအဝေးက ကာကွယ်ရေးဌာနမှ ထင်ပြချက်ကိုပြင်ဆင်ချက်အချို့ပြုလုပ်ကာ အတည်ပြုခဲ့သည်။ ယင်းပြင်ဆင်ချက်များမှာ စစ်ဥပဒေချုပ်အစား လက်ထောက်စစ်ဥပဒေချုပ်ဟူ၍ ပြင်ဆင်ပြီး စစ်ရေးချုပ်လက်အောက်တွင် မထားဘဲ ဌာနကြီးတစ်ခုအဖြစ် ကာကွယ်ရေးဝန်ကြီးလက်အောက်သို့ ရွှေ့ပြောင်းထည့်သွင်းရန်၊ ဒုတိယစစ်ရေးချုပ်တစ်ဦးကို ပယ်ဖျက်ပြီး ယင်း၏အလုပ်ဝတ္တရားဖော်ပြချက်များကို စစ်ရာထူးခန့်အတွင်းဝန်၏ တာဝန်ဝတ္တရားများနှင့်ပူးပေါင်း၍ စစ်ရာထူးခန့်အတွင်းဝန်ကို သီးသန့်ထားရှိရန်၊ စစ်ရုံး-ရုံးအဖွဲ့တွင် ဒုတိယအတွင်းဝန်နေရာကို ယာယီဟူ၍ သတ်မှတ်ဖော်ပြရန်၊ စစ်ရေးချုပ်နှင့်စစ်ထောက်ချုပ်တို့မှာ ဗိုလ်မှူးချုပ်အဆင့်ဖြစ်သော်လည်း အခိုက်အတံ့အားဖြင့် ဗိုလ်မှူးကြီးဟူ၍ သတ်မှတ်ရန်၊ စစ်ရုံးက ရရှိရန်ဖြစ်သော ဘဏ္ဍာရေးအာဏာများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး၊ အခွန်တော်ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းပြီး ထပ်မံအဆိုတစ်ခုပြု လုပ်ရန်တို့ဖြစ်သည်။

ထို့ကြောင့် ကာကွယ်ရေးဌာနသည် ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန နှင့် ညှိနှိုင်းဆွေးနွေးပြီး စစ်ရုံးကရရှိရန်ဖြစ်သော ဘဏ္ဍာရေးအာဏာများနှင့် ဘဏ္ဍာရေးနှင့်အခွန်တော် ဝန်ကြီးဌာန၏ လက်ဝယ်၌ ထားရှိရမည့် ဘဏ္ဍာရေးအာဏာများ ဟူ၍ ခွဲဝေသတ်မှတ်ကာ ၁၆-၃-၁၉၄၈ရက်စွဲဖြင့် အမှာစာတစ်ရပ်ကို ဝန်ကြီးများအဖွဲ့သို့တင်ပြခဲ့သည်။[၃]

---

[၁] စစ်ရုံးဖွဲ့စည်းရေးစီမံချက်ဇယားချုပ် (DR.456-An Administrative History of the Armed Forces in Burma Vol. II.) p. [illegible]54

[၂] CD 48 – ၁၉-၂-၄၈ ရက်စွဲပါ ကာကွယ်ရေးဝန်ကြီးဌာန၏ စာအမှတ် ၇

[၃] CD 48– ၁၆-၃-၄၈ ရက်စွဲပါ ကာကွယ်ရေးဝန်ကြီးဌာန၏ စာအမှတ် ၇

ထိုအမှာစာတွင်

(၁) စစ်ရုံး၏ရသုံးမှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၊ ဝန်ကြီးများအဖွဲ့သို့အတည်ပြုရန်ပေးပို့ရေး။

(၂) နောက်ဆက်တွဲရသုံးမှန်းခြေငွေစာရင်းများကိုလည်း အလားတူဆောင်ရွက်ရေး။

(၃) နိုင်ငံတော်အစိုးရကချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများနှင့်ကွဲပြားခြားနားသော အဆိုပြုချက်များကို ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရေး။

(၄) စစ်ရုံးကချမှတ်သော ဘဏ္ဍာရေးခွင့်ပြုချက်အမိန့်များကို ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနသို့ မိတ္တူပေးပို့ရေး နှင့် ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးကထိုခွင့်ပြုချက်အမိန့်များကို ပြင်ဆင်ရန်အကြံပြုနိုင်ရေး။

တို့ဖြစ်သည်။

ယင်းအမှာစာကို ၁၉၄၈ခုနှစ်၊ ဧပြီလ ၂ရက်နေ့တွင် ကျင်းပသော ဝန်ကြီးများအစည်းအဝေးကဆွေးနွေးသည်။ ထိုနောက်အပိုဒ်(၃)တွင် လစာနှုန်းထားတိုးမြှင့်ရေး၊ သို့မဟုတ် ဖွဲ့စည်းပုံများတိုးချဲ့ရေး၊ သို့မဟုတ် နိုင်ငံတော်အစိုးရက ချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများနှင့် ကွဲပြားခြားနားသော အဆိုပြုချက်များကို ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရေးဟူ၍ ပြင်ဆင်ပြီး စစ်ရုံးကရရှိရန်ဖြစ်သော ဘဏ္ဍာရေးအာဏာများကို သဘောတူအတည်ပြုလိုက်သည်။

ထို့ကြောင့် စစ်ရုံးဖွဲ့စည်းမှုကို နိုင်ငံတော်အစိုးရဝန်ကြီးများအဖွဲ့က ၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် သဘောတူခွင့်ပြုချက် ချမှတ်ပေးခဲ့ပြီး နိုင်ငံတော်သမ္မတက ၁၉၄၈ခုနှစ်၊ မတ်လ၆ရက်နေ့တွင် တရားဝင်လက်မှတ်ရေးထိုးအမိန့်ထုတ်ပြန်ခဲ့သည်။ သို့သော် စစ်ရုံး၏ ဘဏ္ဍာရေးအခွင့်အာဏာများနှင့်စပ်လျဉ်း၍ စီစဉ်ညှိနှိုင်းမှုများဆက်လက်လုပ်ဆောင်ခဲ့ရသဖြင့် ၁၉၄၈ခုနှစ်၊ မေလ၈ရက်နေ့မှပင် စစ်ရုံးကိုတရားဝင် ဖွင့်လှစ်နိုင်ခဲ့သည်။[၁]

ယင်းသို့ ဖွဲ့စည်းလိုက်သော စစ်ရုံးတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၊ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်စောကြာဒိုး၊ စစ်ရေးချုပ်ဗိုလ်မှူးကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဗိုလ်မှူးကြီးစောဒေါ်နီ၊ ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဘို၊ လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးအက်(စ်)ရှီးရှိုး၊ လက်ထောက်စစ်ဥပဒေချုပ် ဗိုလ်မှူးမောင်မောင်၊ စစ်ရာထူးခန့်

---

[၁] ၁၄-၅-၄၈ရက်စွဲပါ အမြဲတမ်းအတွင်းဝန်(စစ်ရုံး)၏စာအမှတ်၉၂ဒီ(အေ)၄၇ဖြင့် စစ်ရုံးဖွဲ့စည်းပုံအမှတ် ၁၀၀/၁/၄၈ ကိုထုတ်ပြန်ခဲ့ပါသည်။

အတွင်းဝန် ပိုလ်မှူးခင်ဇာမုန်တို့သည် ဌာနကြီးမှူးများအဖြစ် လည်းကောင်း၊ စစ်ရုံးအမြဲတမ်း အတွင်းဝန် ဦးဘတင့်၊ စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးမှူး ဦးသိန်းအောင်၊ စစ်စာရင်းဝန် ဦးစန်းမောင်တို့သည်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ကြသည်။

## တပ်ရင်းများ တိုးချဲ့ဖွဲ့စည်းခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးသည့်နောက် ဗြိတိသျှတို့ လက်အောက်၌ ဖွဲ့စည်း ထားရှိခဲ့သော မြန်မာ့လက်နက်ကိုင်တပ်များသည် မဟာမိတ်တပ်ပေါင်းစုနှင့်အတူ အိန္ဒိယ နိုင်ငံမှမြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ထိုတပ်များ၏တပ်ရင်းမှူးများမှာ ဗြိတိသျှ အရာရှိများသာဖြစ်ကြပြီး ကျန်အရာရှိ၊ အကြပ်၊ တပ်သားများမှာ ဗြိတိသျှ၊ အိန္ဒိယ၊ မြန်မာနှင့် တိုင်းရင်းသားလူမျိုးစုများသာဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသော မြန်မာ့လက်နက်ကိုင်တပ်များမှာ တိုက်ခိုက်ရေးတပ် ၁၄တပ်[၁]၊ လက်ရုံးတပ်ဝန်ထမ်းများဖြစ်သော အမြောက်တပ်ဖွဲ့တစ်ဖွဲ့[၂]၊ အချက်ပြဆက်သွယ်ရေးတပ်ခွဲနှစ်ခွဲ နှင့် တပ်စိတ်အနည်းငယ်၊ စစ်လက်နက်ပစ္စည်းတပ်စိတ်[၃]၊ စစ်ဆေးရုံ နှင့် အခြားဆေးဘက်ဆိုင်ရာ တပ်အနည်းငယ်၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ခွဲနှစ်ခွဲ နှင့် တပ်စိတ်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်စိတ်တစ်စိတ်ခန့်သာဖြစ်သည်။

ယင်းသို့ ၁၉၄၅ခုနှစ်၌ ထိုတပ်ရင်းတပ်ဖွဲ့များ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ လာသောအခါ တပ်အမျိုးစုမှာ အင်အားလျော့နည်းလျက် ရှိကြပြီး တပ်မတော်တစ်ရပ်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်ရန် လိုအပ်သော လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ ပြည့်ဝစုံလင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ဗြိတိသျှအာဏာပိုင်တို့သည် ၁၉၄၅ခုနှစ် ကုန်ဆုံးသည့်အချိန်မှစ၍ စစ်ပြီးခေတ် ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်လာကြသည်။

---

[၁] No.1,2,4,25,26 Bns. The Burma Regiment
Chin Hills Bn. The Burma Regiment
No. 1,2 Bns. The Burma Rifles
No. 1,2 Bns. The Kachin Rifles
No. 1,2 Bns. The Chin Rifles
No. 1,2 Bns. The Karen Rifles

[၂] No. 2 Coast Battery (B.A.F)

[၃] No.1 Burma Railhead Detachment

သို့ဖြင့် ဗမာ့တပ်မတော်ကွပ်ကဲမှုစစ်ဌာနချုပ်၏ အဆိုပြုချက်အရ၊ မြန်မာနိုင်ငံကာကွယ်ရေးအတွင်းဝန်သည် စစ်ပြီးခေတ် ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရေးအတွက် ၁၉၄၆ ခုနှစ်၊ဇန်နဝါရီလ၁၉ရက်နေ့စွဲဖြင့် ဗြိတိန်နိုင်ငံအစိုးရထံ ခွင့်ပြုချက်တောင်းခဲ့သည်။[၁] ထိုတင်ပြတောင်းခံချက်တွင် အမြောက်တပ်ရင်းများ၊စစ်မြေပြင်အင်ဂျင်နီယာတပ်၊ စစ်လက်နက်ပစ္စည်းတပ်၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်များကို တိုးချဲ့ဖွဲ့စည်းရေး၊ လက်ရှိ အချက်ပြဆက်သွယ်ရေးတပ် နှင့် ဆေးတပ်များကို ပြန်လည်ဖွဲ့စည်းရေး၊ တိုက်ခိုက်ရေးတပ်များနှင့် စပ်လျဉ်း၍ အချို့ကို ဖျက်သိမ်းပြီး အမှတ်(၃)၊ (၄)၊ (၅)၊ ဗမာ့ သေနတ်ကိုင်တပ်ရင်းများကို မျိုးချစ်ဗမာ့တပ်မတော်သားများဖြင့် ဖွဲ့စည်းရေး၊ ဗိုလ်သင်တန်းကျောင်း ဖွင့်လှစ်ရေးတို့ ပါဝင်သည်။

ဗမာ့တပ်မတော်ကွပ်ကဲမှုစစ်ဌာနချုပ်နှင့်ဗမာ့တပ်မတော်စစ်ဆေးရေးအရာရှိချုပ်တို့သည် ယင်းအစီအစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာ ၁၉၄၆ခုနှစ်အတွင်း ဗမာ့တပ်မတော်တွင် အောက်ပါတပ်ရင်းတပ်ဖွဲ့များဖြစ်ပေါ်လာခဲ့သည်-

(က) **သေနတ်ကိုင်တပ်ရင်းများ**[၂]

- အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း
- အမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း
- အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း
- အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း

(ခ) **အမြောက်တပ်**[၃]

---

[၁] Govt. of Burma, Defence and External Affairs Dept.(Army Branch) Letter No. 121 D(A) 44 A. dt. 19-1-46

[၂] **An Administrative History of the Armed Forces in Burma. Vol II**, p.260

[၃] **ဗမာ့တပ်မတော်အမြောက်သမိုင်း** မျက် ၁

အမှတ်(၁)မြေပြင်ပစ်အမြောက်တပ်ရင်း[၁]

(ဂ) **အင်ဂျင်နီယာတပ်**[၂]

လေ့ကျင့်ရေးအင်ဂျင်နီယာဌာနချုပ်[၃]

အမှတ်(၁)စစ်မြေပြင်ပေါင်းစပ်အင်ဂျင်နီယာတပ်ခွဲ[၄]

(ဃ) **မြန်မာ့အချက်ပြတပ်**[၅]

အချက်ပြတပ်ဖွဲ့ဌာနချုပ်[၆]

အမှတ်(၁)တပ်ခွဲ[၇]

အမှတ်(၂)တပ်ခွဲ[၈]

အမှတ်(၃)တပ်ခွဲ(နယ်ခြား)[၉]

(င) **စစ်လက်နက်ပစ္စည်းတပ်**[၁၀]

အခြေစိုက်စစ်လက်နက်ပစ္စည်းတပ်[၁၁]

(စ) **ဆေးတပ်**[၁၂]

ဗဟိုစစ်ဆေးရုံတပ်ခွဲ[၁၃]

အမှတ်(၁)စစ်ဆေးရုံ၊ မေမြို့[၁၄]

အမှတ်(၂)စစ်ဆေးရုံ၊ မန္တလေး[၁၅]

---

၁ No.1. Field Artillery

၂ **တပ်မတော်(ကြည်း)စစ်အင်ဂျင်နီယာတပ်ဖွဲ့.ဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းချုပ်** မျက် ၃

၃ H.Qs and Depot Engineers

၄ No.1. Field Park Company

၅ **တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့.သမိုင်း**

၆ H.Qs Burma Signals

၇ No.1. Signal Squadron

၈ No.2. Signal Squadron

၉ Burma Frontier Force Signal Squadron

၁၀ **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့.သမိုင်း**

၁၁ Base Ordnance Depot

၁၂ **တပ်မတော်(ကြည်း)ဆေးတပ်ဖွဲ့.သမိုင်း(၁၉၄၈-၁၉၇၂)**

၁၃ Depot, Burma Hospital Company

၁၄ No.1. Burma General Hospital

၁၅ No.2. Burma General Hospital

အမှတ်(၃)စစ်ဆေးရုံ၊ မင်္ဂလာဒုံ[၁]
နလ်ထစခန်း၊ မန္တလေး[၂]
စခန်းထောက်ဆေးတပ်စိတ်၊ ပန်းတောင်း[၃]
စစ်မြေပြင်ကျန်းမာရေးတပ်စိတ်၊ မန္တလေး[၄]
အမှတ်(၇၇)စစ်မြေပြင်သူနာပြုတပ်၊ မိတ္ထီလာ[၅]
အမှတ်(၇၈)စစ်မြေပြင်သူနာပြုတပ်၊ ညောင်လေးပင်[၆]

(ဆ) **ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်**[၇]
အမှတ်(၁)ဗမာ့ထောက်ပံ့ရေးတပ်ခွဲ[၈]
အမှတ်(၁)ဗမာ့ထောက်ပံ့ရေးတပ်စု[၉]
အမှတ်(၂)ဗမာ့ထောက်ပံ့ရေးတပ်စု[၁၀]
အမှတ်(၃)ဗမာ့ထောက်ပံ့ရေးတပ်စု[၁၁]
အမှတ်(၁)အထွေထွေပို့ဆောင်ရေးတပ်ခွဲ[၁၂]
အမှတ်(၃)အထွေထွေပို့ဆောင်ရေးတပ်ခွဲ[၁၃]
အမှတ်(၁)တိရစ္ဆာန်ယာဉ်ပို့ဆောင်ရေးတပ်ခွဲ[၁၄]

(ဇ) **လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်**
မိုဘိုင်းလ်အလုပ်ရုံ[၁၅]

---

၁ No.3. Burma General Hospital
၂ Convalescent Depot
၃ Staging Section
၄ Field Hygiene Section
၅ No.77 Field Ambulance
၆ No.78 Field Ambulance
၇ **ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့၊ ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ခဲ့ပုံသမိုင်း**
၈ Burma Supply Coy. BASC
၉ Burma Supply Platoon
၁၀ Burma Supply Platoon
၁၁ Burma Supply Platoon
၁၂ No.1. General Transport Company
၁၃ No.3. General Transport Company
၁၄ No.1. Animal Transport Company
၁၅ Mobile Workshop

ပစ္စည်းထောက်တပ်ဖွဲ့၊ ဆယ်တင်ရေး[၁]
အကူအရန်တပ်၊ တပ်မဟာ[၂]
အကူအရန်တပ်၊ အမြောက်[၃]
မော်တော်ယာဉ်တပ်ခွဲ၊ အလုပ်ရုံဌာနစိတ်[၄]

**(ဈ) အထွေထွေ**

ဗမာ့တပ်မတော်ဗဟိုဌာန၊ မြင်းခြံ[၅]

၁၉၄၆ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံအမှုဆောင်ကောင်စီအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်လာပြီး ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လာခဲ့ရာ ဗမာ့တပ်မတော်တိုးချဲ့ဖွဲ့စည်းရေးလုပ်ငန်းများမှာ ပိုမိုထိရောက် ကျယ်ပြန့်လာခဲ့သည်။ ၁၉၄၇ခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော နိုင်ငံခေါင်းဆောင်ကြီးများနှင့် ဗြိတိသျှအာဏာပိုင်တို့ညှိနှိုင်းဆွေးနွေးပြီးသည့်နောက်တွင် ဗမာ့တပ်မတော်စစ်ဌာနချုပ်ကို ဖွဲ့စည်းသည်။ ထို့ပြင်မြန်မာနိုင်ငံကိုတောင်ပိုင်းတိုင်း[၆]နှင့် မြောက်ပိုင်းတိုင်း[၇] ဟူ၍ စစ်တိုင်းကြီး နှစ်တိုင်းသတ်မှတ်ကာ စစ်မှုရေးရာကိစ္စများကို စီမံကွပ်ကဲသည်။ ဆက်လက်၍ တပ်များကို တိုးချဲ့ဖွဲ့စည်းခဲ့ရာမိတ္ထီလာတွင် အမှတ်(၁)ခြေလျင်တပ်မဟာဌာနချုပ်၊ ရန်ကုန်တွင်အမှတ်(၄)ခြေလျင် တပ်ရင်း(ဂေါ်ရခါး)၊ အမှတ်(၁)မြေပြင်ပစ်အမြောက်တပ်ရင်းကို ဖျက်သိမ်း၍ ပဲခူးတွင် အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်းတို့ကို ဖွဲ့စည်းသည်။ လေ့ကျင့်ရေးတပ်များအဖြစ် မေမြို့ရှိ ဗမာ့တပ်မတော်ဗဟိုဌာနတွင် ဖွင့်လှစ်ထားသော အကြပ်သင်တန်းဌာနကို ဗမာ့တပ်မတော်ဗဟိုစစ်ကျောင်း[၈] ဟူ၍ တိုးချဲ့ပြီး ကလောမြို့တွင်သီးသန့်ဖွဲ့စည်းသည်။ ဗမာ့တပ်မတော် ဗိုလ်သင်တန်းကျောင်းကိုလည်း မေမြို့တွင် ဖွင့်လှစ်သည်။

ထို့ပြင် ရန်ကုန်တွင် ဗမာ့တပ်မတော်စစ်လက်နက်ပစ္စည်းတပ်၊ မေမြို့တွင် စစ်လက်နက်ပစ္စည်းဒေသစုပုံတပ်[၉] ဟူ၍ မြောက်ပိုင်းတိုင်းလက်အောက်ရှိ တပ်များကို စစ်ဝတ်

---

၁ Recovery Company
၂ Brigade Light Aid Detachment
၃ Artillery Light Aid Detachment
၄ G.T. Coy. Workshop Section
၅ Burma Regimental Centre
၆ South Burma Sub-District
၇ North Burma Sub-District
၈ Burma Army Central School
၉ Ord. Area Dump

န်ဆာပလာများ၊ သုံးကုန်ပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များကို တာဝန်ယူထုတ်ပေးရသည့် စစ်လက်နက် ပစ္စည်းတပ်တစ်တပ်ကိုလည်းကောင်း၊ အင်ဂျင်နီယာတပ်များအနေဖြင့် မူလက ရှိခဲ့သော လေ့ကျင့်ရေးအင်ဂျင်နီယာဌာနချုပ်ကို ဖျက်သိမ်းပြီး ဌာနချုပ်၊အင်ဂျင်နီယာတပ်ဖွဲ့မှူးရုံး နှင့် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်း ဟူ၍ လည်းကောင်း၊ အမှတ်(၁) မှ အမှတ်(၄) အထိ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲလေးခွဲကိုလည်းကောင်းဖွဲ့စည်းသည်။

ဆေးတပ်ဖွဲ့များနှင့် စပ်လျဉ်း၍ ဆေးဘက်ဌာနညွှန်ကြားရေးမှူးရုံးကို ၁၉၄၇ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခင်ဆေးတပ်ဖွဲ့များကို ဖျက်သိမ်း၍ ပင်ရင်းဆေးရုံ၊ ရန်ကုန်(ကုတင်၃၀၀)၊ ပင်ရင်းဆေးရုံ၊ မေမြို့(ကုတင်၃၀၀)၊ ဆေးပစ္စည်းဌာန၊ သွားဆေးကုဌာန(ရန်ကုန်)၊ သွားဆေးကုဌာန(မင်္ဂလာဒုံ) နှင့် အမှတ်(၁) မှ (၆) အထိ လူနာ ယက်ခံရေး တပ် ခြောက်တပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်၊ဇန်နဝါရီလ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဤသို့လွတ်လပ်သောနိုင်ငံ ဖြစ်သည်နှင့် အညီ မိမိနိုင်ငံ၏ လွတ်လပ်ရေးအမွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန် ပြည်တွင်းပြည်ပရန်များကို ကာကွယ်တားဆီးရမည့် တာဝန်မှာလည်း မြန်မာတိုင်းရင်းသားတို့၏ ပခုံးထက်သို့ လုံးလုံး လျားလျား ကျရောက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဦးလည်မသုံ ထမ်းရွက်မည့် တပ်မတော်တစ်ရပ်ပေါ်ထွန်းလာရေးကို နိုင်ငံခေါင်းဆောင်ကြီးများက ကြိုတင် မျှော်မှန်းခဲ့ ကြသည့် အလျောက် လွတ်လပ်ရေးမရမီကပင် အားထုတ်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည့်အချိန်တွင် ဗမာ့တပ်မတော်သည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံကြီးများကဲ့သို့ အင်အားကြီးမား သော တပ်မတော်တစ်ရပ်ဖွဲ့စည်းထူထောင်နိုင်ခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံ၏ ရေမြေ သဘာဝနှင့်ကိုက်ညီသော လက်ရုံးဝန်ထမ်းတပ်ဖွဲ့များဖြင့် အတော်အတန်စုံလင်သော ဗမာ့ အမျိုးသား တပ်မတော်တစ်ရပ်ကိုထူထောင်နိုင်ခဲ့သည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ တပ်မတော်တွင် ကရင်အမျိုးသား ဗိုလ်ချုပ် စမစ်ဒွန်း သည် ဦးစီးချုပ်အဖြစ်လည်းကောင်း၊ ကရင်အမျိုးသား ဗိုလ်မှူးချုပ်စောကြာဒိုးသည် ဒုတိယ စစ်ဦးစီးချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ထို့ပြင် မြောက်ပိုင်းတိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တောင်ပိုင်းတိုင်းတွင် တိုင်းမှူးဗိုလ်မှူးချုပ်အောင်သင်း၊ မိတ္ထီလာတွင် အမှတ်(၁) ခြေလျင်တပ်မဟာမှူး ဗိုလ်မှူးချုပ်စောချစ်ခင် တို့သည်လည်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြ သည်။

ဤသို့တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်အလျောက် နိုင်ငံခေါင်းဆောင်ကြီးများ က ၁၉၄၈ခုနှစ်၊ မေလ၈ရက်နေ့တွင် ဗမာ့တပ်မတော်တစ်ရပ်လုံးကို ဦးစီးကွပ်ကဲရန် စစ်ရုံးကို

ဖွင့်လှစ်ခဲ့သည်။ ထိုစစ်ရုံးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ တပ်မတော်စစ်ဦးစီးချုပ်၊ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဘောင်း(န)၊ စစ်ရုံးကောင်စီဝင်အရာရှိကြီးများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲတွင် ထိုစဉ်က ကာကွယ်ရေးဝန်ကြီးဖြစ်သော ဗိုလ်လကျ်ာက မိန့်ခွန်းမြွက် ကြားခဲ့သည်။

## ၁၉၄၈ခုနှစ်အတွင်းတပ်မတော်တိုးချဲ့ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီကာလတွင် မြန်မာနိုင်ငံ၌ ပြည်တွင်း ငြိမ်ဝပ်ပိပြားရေးကို ဖျက်ဆီးနှောင့်ယှက်နေသော အဖွဲ့အစည်းများရှိခဲ့သည်။ ၁၉၄၆ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲခဲ့ပြီး သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီ (ဗမာပြည်)[၁] နှင့် သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ[၂]ဟူ၍ ကွန်မြူနစ် ပါတီနှစ်ခု စင်ပြိုင်ပေါ်ခဲ့သည်။ သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီ(ဗမာပြည်)သည် အဖျက်လမ်းစဉ်ကို ကျင့်သုံးပြီး ဆန်စပါးများ လုယက်ခြင်း၊ ကျေးရွာများတွင် ပါတီရန်ပုံငွေများကို အဓမ္မကောက်ခံခြင်း၊ ကျေးရွာလူထု ကိုရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်းများ ပြုလုပ်ကြသည်။[၃]

ကရင်အမျိုးသားတို့ကလည်း ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် သီးခြားကရင်ပြည်နယ်ထူထောင်ရေးအတွက် ကရင်အမျိုးသားသမဂ္ဂဟူ၍ ဖွဲ့စည်းကာ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကိုပင် သပိတ်မှောက်ခဲ့သည်။ ထို့နောက်မြန်မာနိုင်ငံအတွင်းရှိ ယင်းတို့၏ နောက်လိုက်နောက်ပါများကို လက်နက်ပေးအပ်ပြီး ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့[၄] ခေါ် စစ်တပ် သဘောပါဝင်သောအဖွဲ့ကိုဖွဲ့စည်းသည်။ ထိုအဖွဲ့သည် လက်နက်အင်အား စုဆောင်းရုံသာမကဘဲ တပ်မတော်နှင့်စစ်ရဲတပ်ရင်းများမှ ကရင်တပ်ဖွဲ့ဝင်များအား လှုံ့ဆော်စည်းရုံးသည်။ သို့ဖြင့်ကရင် အမျိုးသားသမဂ္ဂနှင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့တို့၏ လှုပ်ရှားမှုများမှာ ၁၉၄၇ခုနှစ်နှောင်းပိုင်းကာလ၌ တဖြည်းဖြည်း ပြင်းထန်လာပြီး ပြည်တွင်းငြိမ်ဝပ်ပိပြားရေးကိုပါ အန္တရာယ်ဖြစ်လာစေခဲ့သည်။

ကရင်အမျိုးသားများနည်းတူ မွန်အမျိုးသားတို့သည် မော်လမြိုင်နှင့် သထုံခရိုင် အတွင်း၌ မွန်ညီညွတ်ရေးတပ်ဦးနှင့် မွန်အမျိုးသားကာကွယ်ရေးအဖွဲ့[၅]များကို ဖွဲ့စည်းကာ သီးခြား

---

[၁] အလံနီကွန်မြူနစ်

[၂] အလံဖြူကွန်မြူနစ်(ဗကပ)

[၃] DR. 1793 **ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သောင်းကျန်းမှုစုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ**

[၄] Karen National Defence Organization (KNDO)

[၅] Mon National Defence Organization (MNDO)

မွန်ပြည်နယ် တည်ထောင်ပေးရေးအတွက် အရေးဆိုကြသည်။ ယင်းမွန်အမျိုးသားတို့သည်လည်း ကရင် အမျိုးသား(ကေအင်ဒီအို)များကဲ့သို့ပင် လက်နက် လူသူ စုဆောင်းခြင်း၊ ကျေးရွာများကို ဝါးပြတိုက် ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ငွေကြေးအဓမ္မတောင်းခံခြင်းများကို ကျူးလွန်ခဲ့ကြသည်။

ယင်းသို့ ပြည်တွင်းရေးအခြေအနေ ဆိုးဝါးနေသည်တွင် အာဏာပိုင်များသည် တပ်မတော်အင်အားနှင့်စပ်လျဉ်း၍ ၁၉၄၈ခုနှစ်အတွင်း ပြန်လည်သုံးသပ်ကြရာ ပြည်တွင်း ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန်အတွက် လက်ရှိတပ်ရင်း(၁၅)ရင်းဖြင့် မလုံလောက်ဘဲ အနည်းဆုံး တပ်ရင်း(၁၇)ရင်းခန့် လိုအပ်မည်ကို တွက်ဆမိကြသည်။ ထို့ပြင် တပ်များ တိုးချဲ့ ဖွဲ့စည်းပြီးနောက် အချက်အချာကျသော နယ်မြေအတွင်း တပ်စွဲခြင်း၊ မိမိတို့ တာဝန်ကျရာ သတ်မှတ်ထားသော နယ်မြေအတွင်း သောင်းကျန်းသူအဖျက်သမားများကို နှိမ်နင်းရာတွင် မြို့ပြဆိုင်ရာ အဖွဲ့အစည်းများအားအကူအညီပေးခြင်းတို့ကိုဆောင်ရွက်ရန်ဖြစ်သည်။အကယ်၍မိမိအင်အားဖြင့် မလုံလောက်ပါက မိတ္ထီလာရှိ လှုပ်ရှား ခြေလျင်တပ်မဟာ၏ အကူအညီတောင်းခံ၍ နှိမ်နင်းရန် ဖြစ်သည်။

ယင်းအစီအစဉ်အရ အာဏာပိုင်များသည် ခြေလျင်တပ်မဟာဌာနချုပ်ကို ဖွဲ့စည်း ခွင့်ပြုခဲ့သည်။[၁] သို့သော် ပြည်တွင်းဆူပူသောင်းကျန်းမှု ဆိုးဝါးလာမှုကြောင့် ၁၉၅၂ခုနှစ်အထိ၊ အပြည့် အစုံဖွဲ့စည်းနိုင်ခြင်းမရှိခဲ့ပေ။

ခြေလျင်တပ်ရင်းများနှင့်စပ်လျဉ်း၍ အာဏာပိုင်များက ရန်ကုန်မြို့ရှိ အမှတ်(၁) ပြည်ထောင်စုစစ်ရဲတပ်ရင်းမှ တပ်ခွဲ၄ခွဲနှင့် တောင်ငူမြို့ရှိအမှတ်(၃)ပြည်ထောင်စုစစ်ရဲတပ်ရင်းမှ တပ်ခွဲ၂ခွဲတို့ ပေါင်းစပ်ကာ အမှတ်(၁)ခြေလျင်တပ်ရင်းကို လည်းကောင်း၊[၂] ပြည်ထောင်စုစစ်ရဲ တပ်ရင်း(ရန်ကုန်)မှ တပ်ခွဲ ၅ ခွဲ နှင့် ပြည်ထောင်စုစစ်ရဲတပ်ရင်း(လေ့ကျင့်ရေး)မှ တပ်ခွဲ ၁ ခွဲတို့ ပေါင်းစပ်ကာ အမှတ်(၂)ခြေလျင်တပ်ရင်းကိုလည်းကောင်း[၃]ဖွဲ့စည်းခဲ့သည်။[၄] ထို့ပြင် တိုင်းရင်းသား လူမျိုးစုတပ်ရင်းများဖွဲ့စည်းခဲ့သည့်မူအရ၊ ရှမ်းတပ်ရင်းပထမအဆင့်ဖွဲ့စည်းမှုကို တပ်ခွဲနှစ်ခွဲဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယင်းတို့ကို အေကုမ္ပဏီရှမ်းတပ်နှင့်ဘီကုမ္ပဏီရှမ်းတပ်ဟူ၍ ခေါ်ဆို၍ မိတ္ထီလာ မြို့တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[၅]

၁၉၄၈ခုနှစ်အတွင်း ဖွဲ့စည်းခဲ့သော ကျန်တပ်ရင်းများမှာ အမှတ်(၃)ကရင် သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း နှင့် အမှတ်(၃)ကချင်သေနတ်ကိုင်

---

[၁] ၁၉–၄–၄၈ရက်စွဲပါ၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၀၂ / ၁/၄၇

[၂] ၁၉၄၈ခုနှစ်၊ ဧပြီလ၂၅ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၀ / ၁/၄၇

[၃] ၁၉၄၈ခုနှစ်၊ မေလ၁ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ၁၄၀ / ၁/၄၇

[၄] အမှတ်(၂)ခြေလျင်တပ်ရင်းကို ၁၀–၇–၄၈ရက်နေ့တွင်ဖျက်သိမ်းပြီး မူလဖွဲ့စည်းပုံအတိုင်း ၁၇–၇–၄၈ ရက်နေ့တွင် အမှတ်(၃)ကချင်သေနတ်ကိုင်တပ်ရင်းဟုပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

[၅] ၁၉၄၈ခုနှစ်၊ ဇူလိုင်လ၂၀ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၀ / ၁/၄၇

တပ်ရင်းတို့ ဖြစ်ကြသည်။ ပေါ်ပြူပါသေနတ်ကိုင်တပ်ရင်းများအပြင် ပြည်ထောင်စုအရန်တပ်ရင်း (ရန်ကုန်)[၁]၊ ပြည်ထောင်စုအရန်တပ်ရင်း(ကချင်)[၂] နှင့် ပြည်ထောင်စုအရန်တပ်ရင်း(ချင်း)[၃] တို့ကိုလည်း ဖွဲ့စည်းခဲ့သည့်အပြင်[၄] မိတ္ထီလာရှိ ခြေလျင်တပ်မဟာဌာနချုပ်အတွက် ခြေလျင်တပ်မဟာဌာနချုပ် ကာကွယ်ရေးနှင့် ဝန်ဆောင်တပ်စုကို ဖွဲ့စည်းခဲ့ပေသေးသည်။[၅]

ထို့ပြင် အာဏာပိုင်များက ပြည်တွင်းသောင်းကျန်းသူများ နှင့် ခိုးသားဓါးပြများကို နှိမ်နင်းရာတွင် တပ်မတော်နှင့်ရဲအဖွဲ့တို့အား ကူညီနိုင်ရန် ခရိုင်မြို့ကြီးများ၌ အရေးပေါ်လက်နက်ကိုင် လဲမီးတပ်ရင်း(၁၈)ရင်းကို ၁၉၄၈ခုနှစ်၊ ဧပြီလအတွင်း ဖွဲ့စည်းပေးပြီး ပြည်ထဲရေးဌာန လက်အောက်တွင် ထားရှိခဲ့သည်။ စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရသည် မူလက လဲမီးတပ်များအား မြို့နယ်ခရိုင်စောင့်ရှောက်ရေးနှင့်လုံခြုံရေးတို့အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ သို့သော် လဲမီးတပ်ဖွဲ့များသည် တပ်မတော်နှင့်လက်တွဲ၍ ရောင်စုံသူပုန်များအား ရှပ်ရှပ်ချွံချွံ သက်စွန့်ကြိုးပမ်းပါဝင်တိုက်ခိုက်ခဲ့ကြရာ ပိုမိုထိရောက်သော ကွပ်ကဲမှုဖြင့် တပ်မတော်၏ နေရာတွင် အစားထိုး အသုံးပြုနိုင်ရန် ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၉ရက်နေ့၌ ကျင်းပသော ၃၂ကြိမ်မြောက် ဝန်ကြီးများ အစည်းအဝေးဆုံးဖြတ်ချက်အရ၊ ၁၉၄၈ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှ စ၍ ကာကွယ်ရေးဌာန သို့လွှဲပြောင်းပေးခဲ့ သည်။

ဤသို့ဖြင့် ကာကွယ်ရေးဌာနသည် လဲမီးတပ်များကို စစ်ဝန်ထမ်းတပ်များအဖြစ် ပြန်လည်ဖွဲ့စည်းကာ စစ်ဦးစီးဌာနလက်အောက်တွင် ထားရှိပြီး သောင်းကျန်းမှုချေမှုန်းရေးတွင် အသုံးပြုရန်စီစဉ်ခဲ့သည်။ ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ဝန်ထမ်းတပ်များကို ပြည်စောင့်တပ်[၆]များအဖြစ် ဖွဲ့စည်းခဲ့ရာ[၇] စစ်ဝန်ထမ်းဌာနချုပ်ကို ၁၉၄၈ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့ တွင် စစ်ရုံး၌ ဖွင့်လှစ်ခဲ့သည်။

---

[၁] ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁၆ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၅/၁/၄၈

[၂] ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၁ရက်နေ့၊ ဖွဲ့စည်းပုံအမှတ်ဘီအေ ၁၄၆/၁/၄၈

[၃] ၁၉၄၈ခုနှစ်၊စက်တင်ဘာလ၁ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၆/၁/၄၈

[၄] ၃၁-၈-၅၂နေ့တွင် ပြည်ထောင်စုအရံတပ်ရင်း(ရန်ကုန်)၊ ၁-၅-၄၉နေ့တွင် ပြည်ထောင်စုအရံတပ်ရင်း (ကချင်)၊ ၁-၇-၄၉နေ့တွင် ပြည်ထောင်စုအရံတပ်ရင်း(ချင်း)တို့ကိုဖျက်သိမ်းခဲ့ပါသည်။

[၅] ၁၉၄၈ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၇/၁/၄၈

[၆] Burma Territorial Force (B.T.F)

[၇] ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၈/၁/၄၉

ဆက်လက်၍ ၁၉၄၈ခုနှစ်အတွင်း လက်ရုံးဝန်ထမ်းတပ်ဖွဲ့များဖြစ်သော အမှတ်(၁)သံချပ်ကာတပ်ခွဲ[၁]၊ အမှတ်(၂)စစ်မြေပြင်ပေါင်းစပ်တပ်ခွဲ(အင်ဂျင်နီယာ)[၂]၊ ဖိုးရှင်းအင်ဂျင်နီယာတပ်စု[၃]၊ အမှတ်(၁)တပ်မဟာအလုပ်ရုံ(လျှပ်/စက်)[၄]၊ တပ်မဟာအကူတပ်ဆွယ်(လျှပ်/စက်)[၅]၊ အမှတ် (၁) စစ်မြေပြင်သူနာပြု နှင့် သယ်ယူပို့ဆောင်ရေးတပ်[၆]၊ အမှတ်(၁) စခန်းထောက်ဆေးတပ်စိတ်[၇]၊ အမှတ်(၁)နယ်လှည့်ခွဲစိတ်ရေးတပ်[၈]၊ အမှတ်(၁)ကျန်းမာရေးတပ်စိတ်[၉]၊ သူနာတင်မီးရထားတပ်[၁၀]၊ စစ်ဦးစီးတက္ကသိုလ်[၁၁]၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့[၁၂]၊ စစ်ကြောရေးနှင့်တည်းခိုရေးဌာန[၁၃]၊ အမှတ်(၂) စစ်ထောက်လှမ်းရေးတပ်စိတ်(မင်္ဂလာဒုံ)[၁၄] ၊ အမှတ်(၃)စစ်ထောက်လှမ်းရေးတပ်စိတ်(ရန်ကုန်)[၁၅] တို့ကိုဖွဲ့စည်းခဲ့သည်။

## ပြည်တွင်းသောင်းကျန်းမှုကာလအတွင်း တပ်မတော်အင်အားတိုးချဲ့ခြင်း

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သဖြင့် ထိုနှစ်ကို နှစ်ထူးနှစ်မြတ်ဟု ဆိုရမည်ဖြစ်သော်လည်း အရုပ်ဆိုးအကျည်းတန်လှသော ပြည်တွင်းသောင်းကျန်းမှု စတင်ဖြစ်ပွားသောနှစ်ဖြစ်ပြန်ရာ နှစ်ဆိုးနှစ်ညစ်

---

၁ ၁၉၄၈ခုနှစ်ဧပြီလ၁ရက်၊ ဖွဲ့စည်းပုံအမှတ်ဘီအေ ၁၁၅/၁/၄၈

၂ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၅/၁/၄၇

၃ ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၂၄/၁/၄၇

၄ ၁၉၄၈ခုနှစ်၊ အောက်တိုဘာလ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၉၀/၁/၄၇

၅ ၁၉၄၈ခုနှစ်၊ အောက်တိုဘာလ၂၉ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၉၇/၁/၄၈

၆ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၇၇/၁/၄၈

၇ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၂၅၁/၁/၄၈

၈ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၂၅၂/၁/၄၈

၉ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၇၆/၁/၄၈

၁၀ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၇၉/ ၁/၄၈ (ရန်ကုန်တွင် အရေးပေါ်ဖွဲ့စည်းခဲ့ပြီး၊ ၁၉၅၀ပြည့်နှစ်၊ ဇူလိုင်လ၁ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။)

၁၁ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၅၇/၁/၄၈

၁၂ ၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီလ၁ရက်

၁၃ Holding and Enquiry Centre (၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၊ ဖွဲ့စည်းပုံမရှိဘဲယာယီအားဖြင့် တပ်ရင်းတပ်ဖွဲ့အသီးသီးမှအရာရှိ ၁၆ဦးနှင့် စစ်သည်၁၄ဦးတို့တွဲဖက်တာဝန်ထမ်းရွက်ခဲ့ကြသည်။)

၁၄ ၁၉၄၇ခုနှစ်၊ ဩဂုတ်လ၂၀ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၀၃/၁/၄၇

၁၅ ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ၁၀ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၀၃/ ၁/၄၇(မူလကမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်တွင် အမှတ်(၁)စစ်ထောက်လှမ်းရေးတပ်စိတ်တစ်စိတ်သာရှိခဲ့သည်။)

ဟု ဆိုနိုင်ပေသည်။ ၁၉၄၈ခုနှစ်အတွင်း သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူအဖွဲ့တို့သည်လည်းကောင်း၊ သရက်မြို့ရှိအမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်းတစ်ရင်းလုံး နှင့် မင်္ဂလာဒုံရှိ အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း နှင့် သံလျင်ရှိအမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်းတို့မှ တချို့တစ်ဝက်သည်လည်းကောင်း တောခိုခဲ့ကြသည်။ ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလတွင် ကေအင်ဒီအိုလက်နက်ကိုင်အဖွဲ့သည်လည်း တောခိုရန် ပြင်ဆင်လှုပ်ရှားလာကြသည်။ ထို့ပြင် အမှတ်(၁)ကချင်တပ်ရင်းမှ အင်အားတစ်ဝက်ကျော်ကျော် နှင့် အမှတ်(၃)ကချင်တပ်ရင်းမှ တပ်ခွဲအချို့သည် ဗိုလ်နော်ဆိုင်းခေါင်းဆောင်ကာ အမှတ်(၁)ကရင်တပ်ရင်း နှင့် ပူးပေါင်း ပုန်ကန် ကြသည်။

တပ်မတော်သည်ယင်းသို့သောလက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကို ချို့တဲ့လှသောလူ၊ လက်နက်အင်အားဖြင့် အကြိတ်အနယ်တိုက်ခိုက် နှိမ်နင်းခဲ့ရသည်။ ပိုမိုဆိုးရွားသည်မှာ ဗမာ့တပ်မတော်တွင် ကရင်အမျိုးသားများဖြင့် ဖွဲ့စည်းထားသော အမှတ်(၁)နှင့်အမှတ်(၂)ကရင်သေနတ်ကိုင်တပ်ရင်းတို့သည် အတိအလင်း ပုန်ကန်ထကြွကြသဖြင့် မန္တလေးရှိအမှတ်(၃)ကရင်သေနတ်ကိုင်တပ်ရင်းမှ လက်နက်များကို အချိန်မီသိမ်းယူပြီးတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုများကို မေမြို့သို့ပို့ပြီး အနားပေးထားရသည်။[၁] ထို့မှမက ဗမာ့တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းသည် ကရင်အမျိုးသားဖြစ်သည့်အပြင်၊ အခြားအရာရှိကြီးများနှင့် တပ်မတော်လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် ကရင်အမျိုးသားများ အမှုထမ်းလျက်ရှိကြရာ ကရင်သောင်းကျန်းသူများထကြွသည့်အခါ ၁၉၄၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့မှစ၍ ကရင်အမျိုးသားအရာရှိစစ်သည်များအားလုံးကို အနားပေးခဲ့ရသည်။[၂]

တပ်မတော်သည် ယင်းသို့သောအခြေအနေကြောင့် ရှင်နည်းရာအဂ္ဂလူထွက်ဆိုသကဲ့သို့ အလွန်အင်အားလျော့နည်းသောအဖြစ်သို့ ရောက်ရှိခဲ့သည်။ထို့ကြောင့်ပင် အာဏာပိုင်များသည် ပြည်တွင်းသောင်းကျန်းမှုကို အောင်မြင်ထိရောက်စွာနှိမ်နင်းရန် တပ်များထပ်မံတိုးချဲ့ရေးအတွက် အပူတပြင်းဆောင်ရွက်ခဲ့ကြရသည်။ ၁၉၄၉ခုနှစ်လည်ခန့်တွင် တပ်မတော်သည် သောင်းကျန်းသူများ သိမ်းယူထားသောမြို့ကြီးများကို ပြန်လည်သိမ်းပိုက်ရရှိသောအခါ ထိုမြို့ကြီးများနှင့်တကွ ခရီးလမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများ၏လုံခြုံရေးကို တာဝန်ယူ စောင့်ရှောက်ရသဖြင့် တပ်မတော်အင်အားတိုးချဲ့ရေးကို ၁၉၄၉ခုနှစ်မှစ၍ယခင်ကထက် အရှိန်ယူလုပ်ဆောင်ခဲ့သည်။

---

[၁] သိန်းမောင်၊ ဗိုလ်မှူး(အငြိမ်းစား)-၁၉၄၉ခု၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အရေးတော်ပုံမှတ်တမ်း၊ မျက်၁၃-၂၂

[၂] ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တပ်မတော်အပေါ်သစ္စာစောင့်သိကြသော ကရင်အမျိုးသားတပ်မတော်အရာရှိ၊ စစ်သည်များကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ လက်နက်ကိုင်တပ်များအနားယူစခန်း Armed Forces Rest Camp ဟူ၍ဖွင့်လှစ်ပေးကာစုရုံးထားရှိခဲ့ပါသည်။

၁၉၄၉ခုနှစ်အတွင်း သက်ဆိုင်ရာအာဏာပိုင်များက တိုးချဲ့ဖွဲ့စည်းမည့်တပ်ရင်းတပ်ဖွဲ့များအတွက် တပ်သားသစ်များကို လေ့ကျင့်ပေးနိုင်ရန် ဧပြီလ၁ရက်နေ့တွင် မင်္ဂလာဒုံ၌ အမှတ်(၁)လေ့ကျင့်ရေးတပ်ကိုစတင်ဖွင့်လှစ်သည်။[၁] ကရင်သောင်းကျန်းသူများသည် မေမြို့ကို သိမ်းပိုက်ခဲ့ရာ ခေတ္တဖျက်သိမ်းလိုက်ရသော ဗိုလ်သင်တန်းကျောင်းကိုထိုနှစ်၊ ဩဂုတ်လမှစတင်၍ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂)ဖြင့် ပြန်လည်ဖွင့်လှစ်သည်။ ကလောတွင် ပိတ်ထားခဲ့ရသော တပ်မတော်ဗဟိုစစ်ကျောင်းကိုလည်း မင်္ဂလာဒုံသို့ပြောင်းရွှေ့ကာ နိုဝင်ဘာလ ၁၁ရက်နေ့မှစ၍ အကြပ်သင်တန်းများကို ပြန်လည်လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထို့ပြင်စစ်ဦးစီးတက္ကသိုလ်ကို မင်္ဂလာဒုံတွင်ပင်ပြန်လည်ဖွင့်လှစ်ပြီး တတိယ သင်တန်းပတ်မှစ၍ သင်တန်းများပို့ချနိုင်ခဲ့သည်။

ပေါ်ပြပါ တပ်ရင်းတပ်ဖွဲ့များအပြင် ဆက်လက်ဖွဲ့စည်းသောတပ်များမှာ အမှတ်(၁)၊ (၂)၊ (၃) ကရင်သေနတ်ကိုင်တပ်များကို ဖျက်သိမ်း၍အစားထိုးဖွဲ့စည်းခဲ့သည့် အမှတ်(၂)၊ (၃)၊ (၅) ခြေလျင်တပ်ရင်းများ[၂]၊ ၁၉၄၈ခုနှစ်အတွင်း ဖွဲ့စည်းခဲ့သော ပြည်ထောင်စုအရန်တပ်၊ ကချင်တပ်ရင်း၊ ချင်းတပ်ရင်းများကို ၁–၅–၁၉၄၉ နှင့် ၁–၇–၁၉၄၉ ရက်နေ့များတွင် အသီးသီး ဖျက်သိမ်းပြီး ထိုနေ့များတွင်ပင် ပြန်လည်ဖွဲ့စည်းခဲ့သည့် အမှတ်(၁)အရေးပေါ် ကချင်တပ်ရင်း၊ အမှတ်(၂) အရေးပေါ်ကချင်တပ်ရင်း၊ အမှတ်(၂) အရေးပေါ်ချင်းတပ်ရင်း[၃]၊ ၁၉၄၉ခုနှစ်၊ မေလ ၁ရက်နေ့တွင်ဖွဲ့စည်းထားသောအမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း(၁၉၄၉ခုနှစ်၊ ဇူလိုင်လ၁ရက်နေ့တွင်ထိုတပ်ရင်းကို အမှတ်(၁)အရေးပေါ်ချင်းတပ်ရင်းဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်)၊ ဩဂုတ်လ၁ရက်နေ့တွင်ဖွဲ့စည်းသော အရေးပေါ်ကရင်နီတပ်ရင်း၊ ၁၉၄၈ခုနှစ်အတွင်းဖွဲ့စည်းခဲ့သောရှမ်းတိုင်းရင်းသားလူမျိုးစုတပ်ခွဲနှစ်ခွဲကို ပြန်လည်သိမ်းသွင်းဖွဲ့စည်းခဲ့သည့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း (လားရှိုး)[၄]၊ ၁၉၄၈ခုနှစ်အတွင်း တပ်မတော်သားအချို့တောခိုသွားကြသဖြင့် ပြန်လည်ဖွဲ့စည်းသည့်အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ဗမာ့သေနတ်ကိုင် တပ်ရင်းတို့ဖြစ်ကြသည်။

## တပ်မတော်ဆက်လက်တိုးချဲ့ဖွဲ့စည်းခြင်း(၁၉၅၀–၁၉၅၂)

ပြည်တွင်းသောင်းကျန်းမှုကာလတွင် ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့ အများအပြားမှအရာရှိစစ်သည်များသည်နိုင်ငံတော်ကိုသစ္စာဖေါက်တောခိုပုန်ကန်ခဲ့ကြသဖြင့် တပ်မတော်

---

[၁] ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၅၂/၁/၄၇

[၂] ၁၉၄၉ခုနှစ်၊ အောက်တိုဘာလ၁ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၀/၁/၄၇

[၃] အမှတ်(၂)အရေးပေါ်ချင်းတပ်ရင်းကို ၃၁–၅–၅၂ နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။

[၄] ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ၁၀ရက်၊ ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၄၈/၁/၄၇

၏အင်အားမှာ လွန်စွာချို့တဲ့ခဲ့ရသည်။ထို့ပြင်စစ်ရေးအရ၊ တပ်ရင်းတပ်ဖွဲ့များအတွင်း ဦးဆောင်ကွပ်ကဲမှုမှာလည်း အားနည်းချွတ်ယွင်းမှုများရှိခဲ့သည်။ယင်းအားနည်းချက်များအနက် အဆိုးရွားဆုံးမှာ တိုင်းစစ်ဌာနချုပ်များတွင် စစ်ဆင်ရေးအတွက် တိုင်းမှူးအား အထောက်အကူပေးရသည့် ဦးစီးအရာရှိများ အဆင့်ဆင့်လုံလောက်စွာမရှိခြင်းပင်ဖြစ်သည်။ သာဓကအားဖြင့် မြောက်ပိုင်းတိုင်းတွင် မေမြို့နှင့်မန္တလေးမြို့များ သူပုန်တို့လက်တွင်းကျရောက်သွားပြီး တိုင်းမှူး အဖမ်းခံရသောအခါ စစ်ဦးစီးမှူး(ဒုတိယတန်း)ကမိမိထက်အဆင့် များစွာကြီးမြင့်သော တိုင်းမှူးတာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်။ ယင်းသို့ ဦးစီးကွပ်ကဲမှုအားနည်းချက်များကြောင့် နိုင်ငံအကြီးအကဲများသည် တိုင်းစစ်ဌာနချုပ်များ၏ ဖွဲ့စည်းပုံကို ပြန်လည်ပြုပြင်ရေးဆွဲပြီး ၁၉၅၀ပြည့်နှစ်၊ မေလ ၁၈ရက်နေ့မှစ၍ မြောက်ပိုင်းတိုင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်များ[၁] ကို ပြန်လည်ဖွဲ့စည်းခဲ့ရသည်။[၂]

ဆက်လက်၍ တပ်မတော်ကိုတိုးချဲ့ရာတွင် ၁၉၅၀ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အမှတ်(၆)ခြေလျင်တပ်ရင်း၊အမှတ်(၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်းများကိုလည်းကောင်း၊ ၁၉၅၁ခုနှစ်၊ နိုဝင်ဘာလ၁၅ရက်နေ့တွင် အမှတ်(၁၁)ခြေလျင်တပ်ရင်း၊ ထိုနှစ် ဒီဇင်ဘာလ ၁ရက်နေ့တွင် အမှတ်(၁၂)ခြေလျင်တပ်ရင်း၊ ၁၉၅၂ခုနှစ်၊ မတ်လ ၁၀ရက်နေ့တွင် အမှတ်(၁၃)ခြေလျင်တပ်ရင်း၊ ထိုနှစ် ဖေဖော်ဝါရီလ၁ရက်နေ့တွင် အမှတ်(၁၄)ခြေလျင်တပ်ရင်း နှင့် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ ထိုနှစ် ဧပြီလ၁ရက်နေ့တွင် အမှတ်(၁၆)ခြေလျင်တပ်ရင်း၊ အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၀)ခြေလျင်တပ်ရင်း နှင့် အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ ထိုနှစ်မတ်လ ၁ ရက်နေ့တွင် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၂၄)ခြေလျင် တပ်ရင်းများကို လည်းကောင်း စုစုပေါင်းတပ်ရင်း ၁၉ရင်းကိုဖွဲ့စည်းခဲ့သည်။

တစ်ဆက်တည်းတွင်ပင် အာဏာပိုင်အကြီးအကဲများသည် တိုးချဲ့ဖွဲ့စည်းခဲ့သော တပ်ရင်းအသီးသီးကို စစ်ဆင်ရေးတွင် ဗျူဟာမြောက်ဦးစီးကွပ်ကဲသွားနိုင်ရန် ၁၉၅၀ပြည့်နှစ်၌ အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်(တောင်ငူ)၊ အမှတ်(၃)ခြေမြန်တပ်မဟာဌာနချုပ်(ပဲခူး)နှင့် အမှတ်(၄)ခြေမြန်တပ်မဟာဌာနချုပ်(ကျိုင်းတုံ) တို့ကိုလည်းကောင်း၊၁၉၅၁ခုနှစ်အတွင်း အမှတ်(၅)ခြေမြန်တပ်မဟာဌာနချုပ်(မော်လမြိုင်)နှင့်အမှတ်(၆)ခြေမြန်တပ်မဟာဌာနချုပ်(မန္တလေး)ကိုလည်းကောင်း၊ ၁၉၅၂ခုနှစ်တွင် အမှတ်(၈)ခြေမြန်တပ်မဟာဌာနချုပ်(ပုသိမ်)တို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။

---

[၁] Northern and Southern Command H.Qs.

[၂] ဖွဲ့စည်းပုံအမှတ် ဘီအော၁၀၁/၂/၅၃

ထို့ပြင် ပြည်တွင်းသောင်းကျန်းမှု အဆိုးရွားဆုံးသောကာလဖြစ်သည့် ၁၉၄၉ခုနှစ်အတွင်း သက်ဆိုင်ရာအကြီးအကဲများက အရေးပေါ်ဖွဲ့စည်းခဲ့ရသော တိုင်းရင်းသားလူမျိုးစုများပါဝင်သည့်တပ်ရင်း၄ရင်းကို ၁၉၅၂ခုနှစ်၊ နိုဝင်ဘာလ၁၃ရက်နေ့တွင် ပုံမှန်သေနတ်ကိုင်တပ်ရင်းများ အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ယင်းတပ်ရင်းများမှာ–

(က) အမှတ် (၁) အရေးပေါ် ချင်းတပ်ရင်းမှ ပြောင်းလဲခဲ့သော အမှတ်(၄) ချင်းသေနတ်ကိုင်တပ်ရင်း။

(ခ) အမှတ် (၁) အရေးပေါ် ကရင်နီတပ်ရင်းမှ ပြောင်းလဲခဲ့သော အမှတ်(၁) ကယားသေနတ်ကိုင်တပ်ရင်း။

(ဂ) အမှတ် (၁) အရေးပေါ် ကချင်တပ်ရင်းမှ ပြောင်းလဲခဲ့သော အမှတ်(၄) ကချင်သေနတ်ကိုင်တပ်ရင်း။

(ဃ) အမှတ် (၂) အရေးပေါ် ကချင်တပ်ရင်းမှ ပြောင်းလဲခဲ့သော အမှတ်(၅) ကချင်သေနတ်ကိုင်တပ်ရင်း။

များဖြစ်ကြသည်။

တပ်များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မတော်သို့ စစ်မှုထမ်းရန် ဝင်ရောက်လာမည့် လက်ရုံးတပ်သားသစ်များကို အခြေခံစစ်ပညာ သင်ကြားလေ့ကျင့်ပေးရန်နှင့် အခြေခံသင်တန်းပြီးဆုံးသော ခြေလျင်တပ်သားများအား တန်းမြင့်သင်တန်းများ သင်ကြားပေးရန် လက်ရှိအမှတ်(၁) လေ့ကျင့်ရေးတပ်တစ်တပ်တည်းဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ၁၉၅၂ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် မိတ္ထီလာမြို့၌ အမှတ်(၂)လေ့ကျင့်ရေးတပ်ကို စတင်ဖွဲ့စည်း ခဲ့သည်။

၁၉၅၂ခုနှစ်တွင် အမှတ်(၁)အမြောက်တပ်ရင်း[၁] ကို ဆက်လက်ဖွဲ့စည်းခဲ့ရာ ယင်းတပ်ရင်းမှာ ၁၉၄၉ခုနှစ်သောင်းကျန်းမှုများ လွန်စွာဆိုးရွားလျက်ရှိသော အချိန်အတွင်း အရေးပေါ်ဖွဲ့စည်းခဲ့ရသော P Battery,Q Battery နှင့် R Battery တပ်ခွဲများမှ မြစ်ဖျားခံခဲ့ပြီး ၁၉၅၂ခုနှစ်တွင် စနစ်တကျပြန်လည်ဖွဲ့စည်းခဲ့သောတပ်ရင်းဖြစ်သည်။

ထို့ပြင်၁၉၅၀ပြည့်နှစ်၊ ဇူလိုင်လ၅ရက်နေ့တွင် သက်ဆိုင်ရာအကြီးအကဲများက မင်္ဂလာဒုံ၌ အမှတ်(၂)သံချပ်ကားတပ်ခွဲကို ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဆင့် ဖွဲ့စည်းပြီးဖြစ်သော အမှတ်(၁) နှင့်အမှတ်(၂)သံချပ်ကာတပ်ခွဲနှစ်ခွဲအား သိမ်းသွင်းစုစည်းပြီး ၁၉၅၁ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့တွင် မင်္ဂလာဒုံ၌ အမှတ်(၁)သံချပ်ကာတပ်ရင်းကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။[၂] ၁၉၅၂ခုနှစ်တွင် ဗမာ့တပ်မတော်၌ ဘီးတပ်သံချပ်ကာကားများအပြင် ချိန်းတပ်သံချပ်ကာကားများဖြစ်သည့်

---

[၁] ဖွဲ့စည်းပုံအမှတ်ဘီအေ ၁၁၉/၂/၅၁

[၂] ဖွဲ့စည်းပုံအမှတ် ဘီအေ ၁၁၆/၁/၅၁

စတူး ဝပ်[၁]၊ ရှားမင်း[၂]၊ ကောမက်[၃]၊ ကယ်ရီယာ[၄] စသည့် တိုက်ခိုက်ရေးယာဉ်များ အတန်များပြားစွာ အသုံးပြုလာပြီဖြစ်ရာ ၁၉၅၂ခုနှစ်၊ မေလ၁၅ရက်နေ့တွင် အမှတ်(၁)တင့်ကားတပ်ရင်းကို ဖွဲ့စည်းသည်[၅]။ (နောင်တွင်အမှတ်(၂)တင့်ကားတပ်ရင်းဟုပြောင်းလဲခေါ်ဝေါ်သည်)

အင်ဂျင်နီယာတပ်များနှင့် စပ်လျဉ်း၍ ၁၉၅၀ပြည့်နှစ်အတွင်း ဆူပူသောင်းကျန်းမှုများ ယခင်ကလောက် အခြေအနေမဆိုးရွားလှတော့ဘဲ နိုင်ငံတော်အရပ်ရပ်၌ တည်ငြိမ်မှုများ အတော်အတန်ရရှိလာပြီဖြစ်ရာ မြန်မာနိုင်ငံအနှံ့ ဖြန့်ခွဲရောက်ရှိနေကြသော အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့များအားစနစ်တကျပြန်လည်ဖွဲ့စည်းတာဝန်ထမ်းဆောင်စေခဲ့သည်။

ထိုကာလတွင်ဖွဲ့စည်းထားရှိသောအင်ဂျင်နီယာတပ်များမှာ–

(က) လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်း၊ မေမြို့။

(ခ) အမှတ်(၁)စစ်မြေပြင်ပေါင်းစပ်အင်ဂျင်နီယာတပ်ခွဲ၊ ရန်ကုန်။

(ဂ) အမှတ်(၁)ဖုံ့ရှင်းအင်ဂျင်နီယာတပ်စု၊ ရန်ကုန်။

(ဃ) အမှတ်(၂)စစ်မြေပြင်ပေါင်းစပ်အင်ဂျင်နီယာတပ်ခွဲ၊ ရန်ကုန်။

(င) အမှတ်(၁)မှ(၄)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲလေးခွဲ။

တို့ဖြစ်ကြသည်။

၁၉၅၂ခုနှစ်တွင် ယခင်ဖွဲ့စည်းထားခဲ့သည့် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းအား ဖျက်သိမ်း၍ ဗဟိုအင်ဂျင်နီယာတပ်[၆] ကို မေမြို့၌ဖွဲ့စည်းသည်[၇]။ ၁၉၅၂ခုနှစ်အတွင်းတွင်ပင် အမှတ်(၆)စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ[၈]၊ ပစ္စည်းထိန်းအင်ဂျင်နီယာတပ်စိတ်[၉]၊ အမှတ်(၁)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ"က"တန်း[၁၀] (မြစ်ကြီးနား)[၁၁]၊ အမှတ်(၂)ဆောက်လုပ်ရေး

---

၁ Stuart

၂ Sharman

၃ Comet

၄ Carrier

၅ ဖွဲ့စည်းပုံအမှတ် ဘီအေ၁၅/၁/၅၂

၆ Depot B.E.

၇ ဖွဲ့စည်းပုံအမှတ်ဘီအေ၂၀/၁/၅၂

၈ ဖွဲ့စည်းပုံအမှတ် ဘီအေ၂၀/၂/၅၂

၉ ဖွဲ့စည်းပုံအမှတ် ဘီအေ၂၅/၁/၅၂

၁၀ MES Increment

၁၁ ဖွဲ့စည်းပုံအမှတ် ဘီအေ၂၈/၁/၅၂

တပ်ဆွယ်အင်ဂျင်နီယာ "က" တန်း (တောင်ကြီး)[၁]၊ အမှတ်(၃)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "က" တန်း(မှော်ဘီ) [၂]၊ အမှတ်(၄)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "က" တန်း (ပဲခူး)[၃]၊ အမှတ်(၅)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "က" တန်း (ပုသိမ်)[၄]၊ အမှတ်(၆) ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "က" တန်း (မော်လမြိုင်)[၅]၊ အမှတ်(၁) ဆောက်လုပ်ရေးတပ်ဆွယ် အင်ဂျင်နီယာ"ခ"တန်း(လားရှိုး)[၆]၊ အမှတ်(၂)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "ခ"တန်း (ပျဉ်းမနား)[၇]၊ အမှတ်(၃)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ"ခ"တန်း(မကွေး)[၈]၊ အမှတ်(၄)ဆောက်လုပ်ရေးတပ်ဆွယ်အင်ဂျင်နီယာ "ခ"တန်း(ပြည်)[၉]၊ အမှတ်(၅)ဆောက်လုပ်ရေးတပ်ဆွယ် အင်ဂျင်နီယာ"ခ"တန်း(စစ်တွေ)[၁၀] တို့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။

ဝန်ထမ်းတပ်ဖွဲ့များနှင့်စပ်လျဉ်း၍ ၁၉၅၀–၅၂ခုနှစ်များအတွင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသောတပ်ဖွဲ့များမှာ ဆေးတပ်ဖွဲ့၊ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၊ ထောက်ပံ့နှင့်ပို့ဆောင်ဆက်သွယ်ရေးတပ်ဖွဲ့၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်ဖွဲ့ အချက်ပြဆက်သွယ်ရေးတပ်ဖွဲ့များဖြစ်ပြီးယင်းတပ်ဖွဲ့များတွင် အနည်းနှင့်အများပြင်ဆင်တိုးချဲ့မှုများပြုလုပ်ခဲ့သည်။

| **ဆေးတပ်ဖွဲ့** | **ဖွဲ့စည်းသည့်နေ့** |
|---|---|
| ဆေးဘက်ဌာနချုပ်နှင့်လေ့ကျင့်ရေးတပ် | ၁–၉–၅၂ (ရန်ကုန်) |
| အမှတ်(၇)လူနာလက်ခံရေးတပ် | ၂၃–၅–၅၀(ရန်ကုန်) |
| အမှတ်(၈)လူနာလက်ခံရေးတပ် | ၁–၁–၅၂ (မော်လမြိုင်) |
| အမှတ်(၉)လူနာလက်ခံရေးတပ် | ၁–၁–၅၂ (လားရှိုး) |
| အမှတ်(၁၀)လူနာလက်ခံရေးတပ် | ၁–၁–၅၂ (လွယ်လင်) |
| အမှတ်(၁)ငှက်ဖျားတိုက်ဖျက်ရေးတပ် | ၁–၁–၅၂(မှော်ဘီ) |
| အမှတ်(၇)ငှက်ဖျားတိုက်ဖျက်ရေးတပ် | ၁–၁–၅၂ (မှော်ဘီ) |

---

[၁] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၈/၁/၅၂
[၂] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၈/၁/၅၂
[၃] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၈/၁/၅၂
[၄] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၈/၁/၅၂
[၅] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၈/၁/၅၂
[၆] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၉/၁/၅၂
[၇] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၉/၁/၅၂
[၈] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၉/၁/၅၂
[၉] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၉/၁/၅၂
[၁၀] ဖွဲ့စည်းပုံအမှတ် ဘီအေ၁၂၉/၁/၅၂

| | |
|---|---|
| အမှတ်(၇)စစ်မြေပြင်သူနာပြုနှင့် သယ်ယူပို့ဆောင်ရေးတပ် | ၁–၁–၅၂ |
| အမှတ်(၇)ကျန်းမာရေးတပ်စိတ် | ၁–၁–၅၂ |
| အမှတ်(၇)နယ်လှည့်ခွဲစိတ်ရေးတပ် | ၁–၁–၅၂ |
| အမှတ်(၇)စခန်းထောက်ဆေးတပ်စိတ် | ၁–၁၂–၅၁ |
| ဆေးတပ်စိတ်လူနာတင်ယာဉ်တပ်စု | ၁–၁၂–၅၂ |
| **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့** | **စတင်ဖွဲ့စည်းသည့်နေ့** |
| မြောက်ပိုင်းတိုင်းစစ်လက်နက်ပစ္စည်းတပ် | ၁–၁၂–၅၁ (စစ်လက်နက်ပစ္စည်းဒေသစုပုံတပ်ကို ဖျက်သိမ်းပြီး အစားထိုးဖွဲ့စည်း သည်) |
| ပင်ရင်းစစ်လက်နက်ပစ္စည်းတပ် | ၁–၁၀–၅၁ (ယခင် ဖွဲ့စည်းထားသော ဗမာ့တပ်မတော်စစ်လက်နက်ပစ္စည်းတပ်ကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းသည်) |

**ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်**

စစ်ဌာနချုပ်ထောက်ပံ့ရေးတပ်(မန္တလေး)

အမှတ်(၁)တပ်နယ်ထောက်ပံ့ရေးတပ်(မိတ္ထီလာ)

ထောက်ပံ့ရေးတပ်ဆွယ်– မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်၊ လားရှိုး၊ မေမြို့၊ ကျိုင်းတုံ၊ မကွေး၊ ပျဉ်းမနား၊ တောင်ငူ၊ ပြည်၊ စစ်တွေ၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ ရွှေဘို၊ ပုသိမ်၊ ပခုက္ကူ၊ ပဲခူး၊ ရန်ကုန်၊ တောင်ကြီး၊ လွိုင်ကော်။

အမှတ်(၁)အထွေထွေမော်တော်ယာဉ်တပ်ခွဲ(မန္တလေး)

အမှတ်(၃)အထွေထွေမော်တော်ယာဉ်တပ်ခွဲ(မှော်ဘီ)

| | |
|---|---|
| **လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်ဖွဲ့** | **စတင်ဖွဲ့စည်းသည့်နေ့** |
| အမှတ်(၁)အကူတပ်ဆွယ်(လျှပ်/စက်)"က"တန်း | ၁–၁၂–၅၁ |
| အမှတ်(၁၁)အကူတပ်ဆွယ်(လျှပ်/စက်) | ၁–၁၂–၅၁ |
| ဗမာ့တပ်မတော်မော်တော်ယာဉ်စစ်ဆေးရေးအဖွဲ့[1] | ၁–၁၂–၅၁ |

---

[1] Burma Army Mechamical Transport Inspectorate

**အချက်ပြဆက်သွယ်ရေးတပ်ဖွဲ့**

| | |
|---|---|
| အမှတ်(၁)အချက်ပြဆက်သွယ်ရေးတပ်ရင်း | ၁၉၅၁<br>မူလ တပ်ခွဲ အဆင့်များမှ တိုးချဲ့ဖွဲ့စည်းသည်။ |
| အမှတ်(၁)အချက်ပြဆက်သွယ်ရေးအတတ်သင်တပ်ရင်း | ၁၉၅၂<br>မူလတပ်ခွဲအဆင့်များမှ တိုးချဲ့ဖွဲ့ စည်းသည်။ |
| တပ်မအချက်ပြဆက်သွယ်ရေးတပ်ရင်း | ၁၉၅၂ |

**အထွေထွေ**

| | |
|---|---|
| စစ်ကြောရေးနှင့်တည်းခိုရေးတပ်[၁] | ၁-၈-၅၀<br>(၁၉၄၈ခုနှစ်တွင် ဖွဲ့စည်းပုံ မရှိခဲ့ပါ။) |
| စစ်ထောက်လှမ်းရေးအတတ်သင်တပ်[၂] | ၁၅-၁၁-၅၁ |

---

[၁] Holding and Enquiry Centre

[၂] ၁၉၅၀ပြည့်နှစ်တွင် Military Intelligence Training Centre ဟူ၍ရန်ကုန်မြို့၊ ဘောင်ဒရီ (ဝမ္မစေတီ)လမ်းတွင် စတင်ဖွဲ့စည်းခဲ့ရာ ၁၉၅၂ခုနှစ်တွင် ဖွဲ့စည်းပုံအမှတ် ဘီအော၁၀၄/ ၁/၅၂ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

# အခန်း (၄)
## စစ်ရုံးပုံစံပြန်လည်ဖွဲ့စည်းခြင်းနှင့်တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲမှုများ

၁၉၄၇ခုနှစ်၊ မေလတွင် စစ်ရုံးဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လက်တွေ့အားဖြင့် ချောမောပြေပြစ်စွာ လုပ်ဆောင်နိုင်ခြင်း မရှိခဲ့သည့်အပြင် ထမြောက်အောင်မြင်မှုများ မရရှိဘဲ အခက်အခဲ ချို့ယွင်းချက် အများအပြားရှိနေသည်ကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စစ်ရုံးပုံစံသစ်ဖြင့် ပြန်လည်ဖွဲ့စည်းရေးကို သက်ဆိုင်ရာအာဏာပိုင်များက ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလခန့်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။[၁]

စစ်ရုံး၏ အဓိကချို့ယွင်းအားနည်းချက်မှာ စစ်မှုရေးရာများကို စီမံကွပ်ကဲရသည့် စစ်ဦးစီးဌာနတွင် အင်အားပြည့်စုံလုံလောက်မှုမရှိခြင်းနှင့်ဆင့်ကဲတာဝန်ယူမှုအပိုင်း၌ ကွင်းဆက်များ ပြတ်တောက်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့နှင့် အထူးသဖြင့် စစ်ရေး၊ စစ်ထောက်အကြံပေးအရာရှိ ဗိုလ်မှူးကြီးမက်ကလေ[၂]တို့၏ ပယောဂကြောင့်ပင်ဖြစ်သည်။[၃] ဤနေရာတွင် ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ဝင်အရာရှိကြီးများ ဗမာ့တပ်မတော်အပေါ် စေတနာ မှန်ကန်စွာ မထားသည်မှာ အထူးပင်ထင်ရှားလှပေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၌ သောင်းကျန်းမှုများ ဖြစ်ပွားခဲ့သည့်အခါ ဗမာ့တပ်မတော်သည် ကြီးမားလှစွာသော အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ ရသည်။ အမြော်အမြင်ကြီးမားသော တပ်မတော်ခေါင်းဆောင်အချို့ကြောင့်သာ အန္တရာယ်အပေါင်း ကို အောင်မြင်စွာတွန်းလှန်ဖြိုဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။

စစ်ရုံး၏အခြားအားနည်းချက်တစ်ရပ်မှာ လက်နက်ကိုင်တပ်ပေါင်းစုကို မူဝါဒများ ချမှတ်ပေးရသည့် စစ်ရုံးကောင်စီ(မူလက ကာကွယ်ရေးအဖွဲ့များကောင်စီ)တွင် စစ်ဘက်နှင့်အရပ်ဘက်ဌာနများအကြား မပြေလည်မှုများပေါ်ပေါက်ခဲ့ပြီး လုပ်ငန်းများကို အဆင်ပြေစွာ မဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၄၇ခုနှစ်၊ ဇွန်လ ၅ရက်နေ့မှ ဒီဇင်ဘာလ ၃ရက်နေ့အထိ ကာလအတွင်း ထိုကောင်စီအစည်းအဝေးကို ငါးကြိမ်မျှသာ ကျင်းပနိုင်ခဲ့ပြီး ထိုနောက်ပိုင်းတွင် အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ခြင်းမရှိသည်အထိပင် ဖြစ်ခဲ့ရသည်။

---

[၁] **An Administrative History of the Armed Forces in Burma. Vol. II,** p.431
(နောင်ယင်းစာအုပ်ကို ရည်ညွှန်းသည့်အခါ An Adminstratine History Vol.II ဟုပေါ်ပြပါမည်)

[၂] Colonel Mackley

[၃] စစ်ရုံး၊ စစ်ဦးစီးဌာန၊ ရုံးတွင်းစာအမှတ် 3s(70)50

ထို့ကြောင့် စစ်ရုံးကို ပုံစံအသစ်ဖြင့် ပြန်လည်ပြုပြင်ဖွဲ့စည်းရေးအတွက် ၁၉၄၉ ခုနှစ်၊ နှစ်ဆန်းပိုင်းခန့်မှစ၍ ဦး၊ ရေး၊ ထောက်ဌာနကြီးများနှင့် လက်ရုံးဝန်ထမ်းဌာနအသီးသီးတို့မှ အကြံပြုချက်များကို စုဆောင်းကာ စစ်ဦးစီးဌာနက ၁၉၅၀ပြည့်နှစ်၊ မေလ ၂၃ရက်နေ့တွင် စစ်ရုံးပြန်လည်ပြုပြင်ဖွဲ့စည်းရေးစီမံချက်ကို ရေးဆွဲခဲ့သည်။ ယင်းစီမံချက်ကို ဝန်ကြီးအဖွဲ့သို့ မတင်ပြ မီ စစ်ရုံးဌာနကြီးများက ဗြိတိန်၊ အမေရိကန်၊ ဆိုဗီယက်အစရှိသော နိုင်ငံကြီးများတွင် ဖွဲ့စည်း ထားရှိသည့် စစ်ရုံးအသီးသီးတို့၏ ပုံစံများနှင့်လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများကို လေ့လာ သုံးသပ်ကာ အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ် ညှိနှိုင်းခဲ့ကြသည်။[၁]

ယင်းသို့ အချိန်ယူ သုံးသပ်ညှိနှိုင်းချက်များအရ ၁၉၅၁ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စစ်ရုံးကောင်စီ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် စစ်ရုံး(ကြည်းတပ်)ကောင်စီ တစ်ရပ် ဖွဲ့စည်းရေးကိုလည်း တင်ပြခဲ့ကြသည်။[၂] မူလက စစ်ရုံးကောင်စီ ဖွဲ့စည်းထားခဲ့ခြင်းမှာ ကဲဘိနက် အဖွဲ့သို့ တင်ပြရန်ရှိသော ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကြည်း၊ရေ၊လေတပ်မတော်များ အတွက် တူညီသော စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို စဉ်းစားဆုံးဖြတ်ပေးရန် ဖြစ်သည်။ သို့သော် လက်တွေ့အားဖြင့် ကြည်းတပ်တစ်ခုတည်းနှင့်ပတ်သက်သည့် အထူးအရေးတကြီးကိစ္စရပ်များသာ ပေါ်ပေါက်ခဲ့ပြီး ကဲဘိနက်သို့ တင်ပြရေးတွင် ကာကွယ်ရေးဌာနအတွင်းဝန်မှတစ်ဆင့် တင်ပြနေ ရသောကြောင့် မလိုလားအပ်သော ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ကြည်းတပ် တစ်ခု တည်းနှင့်သာ သက်ဆိုင်သောကိစ္စရပ်များကို ကဲဘိနက်သို့ တိုက်ရိုက်တင်ပြနိုင်ရန် ဥက္ကဋ္ဌ အဖြစ် ကာကွယ်ရေးဝန်ကြီး၊ အဖွဲ့ဝင်များအဖြစ် စစ်ဦးစီးချုပ်၊ ဒုတိယစစ်ဦးစီးချုပ်၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ် တို့နှင့် အတွင်းရေးမှူးအဖြစ် စစ်ရုံးအမြဲတမ်းအတွင်းဝန်တို့ ပါဝင်သော စစ်ရုံး (ကြည်းတပ်)ကောင်စီတစ်ရပ်ဖွဲ့စည်းရေးကို အဆိုပြုခဲ့သည်။[၃] ထို့ပြင်အခြား ခေတ်မီတိုးတက် သော နိုင်ငံများကဲ့သို့ စစ်ရုံးကိုဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှုအာဏာများ အပြည့်အဝပိုင်ဆိုင်သည့် ကာကွယ်ရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်လာပြီး လူအား၊ ငွေအား နှင့် အချိန်များကို ပြုန်းတီးစေသည့်လုပ်ငန်းများအား ကုစားဖယ်ရှားနိုင်မည်ဟု ယူဆကြ သည်။

---

[၁] **စစ်ရုံး၊ စစ်ဦးစီးဌာန၏ စာအမှတ်– 88/ E1/ SD**

[၂] **စစ်ရုံး၊ စစ်ဦးစီးဌာန၏ စာအမှတ်– 103/ E1/ SD ရက်စွဲ၊ ၁–၉–၁၉၅၁**

[၃] ယင်းသို့အဆိုပြုခဲ့သော်လည်း မကြာမီကာလတွင်ကြည်း၊ရေ၊လေတပ်မတော်များပူးပေါင်းရေးကို လက်တွေ့ အကောင်အထည် ပေါ်နိုင်ခဲ့သဖြင့် ကာကွယ်ရေးဌာနကောင်စီ (Defence Services Council) ဟူ၍ဖြစ်လာခဲ့ပါသည်။

တစ်ဆက်တည်းတွင်ပင် ယင်းအကြံပြုချက်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးကော်မတီ[၁]၊ ကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီ[၂] (စစ်ရုံးကောင်စီ)နှင့် ကာကွယ်ရေးဌာနကောင်စီရုံးအဖွဲ့များ ဖွဲ့စည်းရေး၊ ကြည်း၊ ရေ၊ လေ တပ်မတော်သုံးရပ်ကို ပူးပေါင်း၍ လက်နက်ကိုင်တပ်များ၏ စစ်ဦးစီးချုပ် နှင့် စစ်သေနာပတိချုပ်အောက်၌ စုစည်းထားရှိရေးတို့ကိုပါ စီမံချက် တွင်ထည့်သွင်း အဆိုပြုခဲ့သည်။[၃]

ထို့နောက် စစ်ရုံးပုံစံသစ်ပြန်လည်ဖွဲ့စည်းရေးစီမံချက်များကို ကာကွယ်ရေးဌာန၊ အမြဲတမ်းအတွင်းဝန်ရုံးထံသို့ ၁၉၅၁ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပေးပို့ခဲ့ရာ အတွင်းဝန်ရုံးမှ ကဲဘိနက်သို့ ၁၉၅၂ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဆက်လက်တင်ပြခဲ့သည်။ ၁၉၅၂ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက်နေ့တွင် ကျင်းပသည့်(၁၆၁)ကြိမ်မြောက် ကဲဘိနက်အစည်းအဝေးက ယင်းစီမံချက်ကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်သော်လည်း အကြောင်းမညီညွတ်သဖြင့် မဆွေးနွေးဖြစ်ဘဲ ၂၅-၁-၅၂ရက်နေ့၌ ကျင်းပသော(၁၆၂)ကြိမ်မြောက် ကဲဘိနက်အစည်းအဝေးတွင်သာ ဆွေးနွေး နိုင်ခဲ့ကြသည်။[၄]

ထိုအစည်းအဝေးက စစ်ရုံးပုံစံသစ်ပြန်လည်ဖွဲ့စည်းရေးအတွက် စီမံချက်ကို အသေးစိတ် လေ့လာဆွေးနွေးပြီး အောက်ပါအတိုင်းအတည်ပြုဆုံးဖြတ်ခဲ့သည်-[၅]

(က) **နိုင်ငံတော်ကာကွယ်ရေးကော်မတီဖွဲ့စည်းရန်။** ယင်းကော်မတီတွင် ဝန်ကြီးချုပ်သည် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးနှင့်ဝန်ကြီးချုပ်က ထည့်သွင်းသင့်သည်ဟု ယူဆသော အခြားဝန်ကြီး တစ်ဦး နှစ်ဦးဖြစ်မည်။ စစ်ဦးစီးချုပ်သည် ကာကွယ်ရေးကိစ္စနှင့်ပတ်သက်၍ အကြံဉာဏ်ပေးရန်အလို့ငှါ ယင်းကော်မတီတွင်ပါဝင်သည်။ ကော်မတီကိုလည်း စစ်ကဲဘိနက် သို့မဟုတ် ကဲဘိနက်ဆပ်ကော်မတီဟူ၍ ယူဆရမည်ဖြစ်သည်။

(ခ) ထိုကော်မတီ၏အတွင်းရေးမှူး ခန့်ထားခြင်းကိစ္စကိုမူ ဆုံးဖြတ်ခြင်းမပြုသေးဘဲ၊ နောက်မှစဉ်းစားဆုံးဖြတ်ရန်။

---

၁ National Defence Committee

၂ Executive Committee of the Defence Services Council

၃ **စစ်ရုံး၊ စစ်ဦးစီးဌာန၏ စာအမှတ်- 103/ E1/ SDရက်စွဲ၊ ၂၉-၁၀-၁၉၅၁**

၄ **An Administrative History. volII.** p.603

၅ **စစ်ရုံး အမြဲတမ်းအတွင်းဝန်ရုံး၏ စာအမှတ်၊ ၁၆(လ၀)၅၂၊ ရက်စွဲ၊ ၇-၂-၁၉၅၂**

(ဂ) ကော်မတီသည် ကျန်အပိုင်းများတွင်ပါရှိသည့် စစ်ရုံးဖွဲ့စည်းခြင်းစီမံကိန်း စာကြမ်းကိုစဉ်းစားမည်ဖြစ်သည်။

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ၃၀ ရက်နေ့တွင် စစ်ဦးစီးဌာနက စစ်ရုံးပုံစံသစ် ပြန်လည်ဖွဲ့စည်းရေးစီမံချက်တွင် စစ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ်တို့အစား ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ဟူ၍ ပြင်ဆင်ချက်ကို ဖြည့်စွက်တင်ပြခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးကော်မတီသည် ပထမအကြိမ် အစည်းအဝေးကို ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ၁ရက်နေ့တွင် ကျင်းပပြီး ဗမာ့တပ်မတော်အင်အား တိုးချဲ့ ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးသည်။ ဆက်လက်၍နိုင်ငံတော်ကာကွယ်ရေးကော်မတီသည် ဒုတိယအကြိမ်အစည်းအဝေးကို ၁၉၅၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့မှ ၁၅ရက်နေ့အထိ ၃ရက်တိုင်တိုင် ကျင်းပခဲ့သည်။ အစည်းအဝေး ပထမနေ့တွင် မြောက်ပိုင်းတိုင်းမှူး၊ ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တောင်ပိုင်းတိုင်းမှူး၊ ဗိုလ်မှူးချုပ် ဘလိပ်တို့က ၁၉၄၈ခုနှစ်မှ လက်ရှိအချိန်ထိ စစ်ဆင်ရေးအခြေအနေများကို တင်ပြကြသည်။ ဒုတိယနေ့တွင် စစ်ဦးစီးမှူး(ပထမတန်း)ဒုတိယဗိုလ်မှူးကြီး မောင်မောင် က ပြည်တွင်းပြည်ပ လုံခြုံရေးနှင့်ကာကွယ်ရေးအခြေအနေများကိုလည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်မှူးကြီးကျော်ဝင်းက စစ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ အစည်းအဝေးနောက်ဆုံးနေ့ ဖေဖော်ဝါရီ၁၅ရက်တွင် စစ်ထောက်ချုပ်တာဝန်ကို တွဲဖက်ထမ်းဆောင်နေရသည့် ဗိုလ်မှူးကြီးကျော်ဝင်းက စစ်ထောက်ကိစ္စများကို ရှင်းလင်းတင်ပြသည်။ ဗိုလ်မှူးကြီးကျော်ဝင်းကပင် ၁၉၅၃ ခုနှစ်အတွက် လိုအပ်မည်ဟု ခန့်မှန်းလျာထားသော လက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်း အသုံးအဆောင်များ၊ မော်တော်ယာဉ်၊ ဆောက်လုပ်ရေးပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။[၁]

ထိုနောက် သုံးရက်ကြာမျှ ကျင်းပခဲ့သည့် နိုင်ငံတော်ကာကွယ်ရေးကော်မတီ အစည်းအဝေးက အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်သည်-[၂]

(၁) တပ်မတော်ဌာနအသီးသီးမှ အစီရင်ခံစာများကို အကြောင်းပြု၍ တတိယအကြိမ်မြောက် နိုင်ငံတော်ကာကွယ်ရေးကော်မတီ၏ အစည်းအဝေးတွင်

---

၁ An Administrative History. vol.II. p 612

၂ An Administrative History. vol.II. pp 612-613

တပ်မတော်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအသေးစိတ်တို့ကို ဆွေးနွေးရန် ဆုံးဖြတ်သည်–

(က) ရည်မှန်းထားသော အချိန်ကာလအတွင်း ငြိမ်းချမ်းရေး ရရှိနိုင်ရန် တိုက်ခိုက်ရေးတပ်များ၏လိုလားချက်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရန်။

(ခ) လက်နက်ကိုင်တပ်များတွင် လိုအပ်သော စစ်ပစ္စည်း အရာခံသိမ်းတို့ကို ပြည်တွင်းဖြစ်များဖြင့် လုံလောက်ရေးအတွက် နည်းလမ်းများ ရှာဖွေရန်။

(ဂ) နိုင်ငံတော်၏ ဂုဏ်သိက္ခာကို တည်တံ့ခိုင်မြဲစေရန်အလို့ငှာ လုံလောက် သော အမျိုးသားကာကွယ်ရေးအမှုထမ်းတပ်များ ဖွဲ့စည်းရေးအတွက် နည်းလမ်းများရှာဖွေရန်။

(၂) ၁၈–၂–၅၂နေ့တွင် ကာကွယ်ရေးဌာန(မှူးများ) ကောင်စီအစည်းအဝေး တစ်ခု ပြုလုပ်ကျင်းပပြီး ထိုအစည်းအဝေးက အမျိုးသား(နိုင်ငံတော်) ကာကွယ်ရေးကော်မတီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် လိုအပ်သော အချက်အလက်တို့ကို ကြိုတင်စိစစ်ပေးရန်။

(၃) ကျင်းပလတ့်သော တတိယအကြိမ် နိုင်ငံတော်ကာကွယ်ရေးကော်မတီ အစည်းအဝေးအတွက်
တပ်မတော်မှအရာရှိတစ်ဦးနှင့်အမြဲတမ်းအတွင်းဝန်
ဌာနမှအရာရှိတစ်ဦး၊ပေါင်းနှစ်ဦးတို့ကိုအတွင်းရေးမှူးများအဖြစ်
ဆောင်ရွက် ကြရန် ဤအစည်းအဝေးကသတ်မှတ်လိုက်သည်။

အမျိုးသား(နိုင်ငံတော်)ကာကွယ်ရေးကော်မတီ ဆုံးဖြတ်ချက်အရ၊ ကာကွယ်ရေးဌာနကောင်စီ ပထမအကြိမ်အစည်းအဝေးကို ၁၉၅၂ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၈ရက်နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်း က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကာကွယ်ရေးဌာနများ၏ လတ်တလော ရင်ဆိုင်နေရသော အခက်အခဲများမှ လွတ်မြောက်အောင် နည်းလမ်းများ ရှာဖွေရေးကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ်ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးကို ၁၉၅၂ခုနှစ်၊ ဧပြီလ ၇ ရက်မှ ၁၀ရက်နေ့အထိ လေးရက်တိုင်တိုင်ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအသစ် ဦးဗဆွေအား ကာကွယ်ရေးဌာနများ၏ ဖွဲ့စည်းမှုနှင့်စစ်ဆင်ရေး၊

An Administrative History. vol.II pp.612-613

စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးဗဆွေက ထိုအစည်းအဝေးတွင် စစ်ရုံး၊ မှတ်တမ်းရုံး၊ တိုင်းစစ်ဌာနချုပ်အဖွဲ့ အစည်းများ၊ ကြည်း၊ ရေ၊ လေ တပ်မတော်များကို ပြန်လည်ဖွဲ့စည်းကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကြည်း၊ ရေ၊ လေ တပ်မတော်တို့ ပူးပေါင်းမှုကို ရည်မှန်းပြုပြင်ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင်ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးများ ဆက်လက်ပြုလုပ်သွားရန် အကျယ်တဝင့် ရှင်းလင်းမိန့်ကြား ခဲ့သည်။[၁]

ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တပ်မတော်အရာရှိကြီးများသည် အထက်ပါဆုံးဖြတ်ချက်များနှင့်အညီ စစ်ရုံးပြန်လည်ပြုပြင်ဖွဲ့စည်းရေးကိစ္စကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ စစ်ရုံးဖွဲ့စည်းမှု၊ တပ်မတော်ဖွဲ့စည်းမှုနှင့်တိုင်းစစ်ဌာနချုပ်များ၏ ဖွဲ့စည်းမှုများမှာ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့၏ လွဲမှားသောအကြံပေးချက်များနှင့် တပ်မတော်အပေါ် စေတနာစစ်မှန်စွာ မထားရှိခဲ့သော ထိုစဉ်က ခေါင်းဆောင်အရာရှိကြီးအချို့၏ လက်လွှတ်စပယ်ပြုမှုတို့ကြောင့် ကမောက်ကမဖြစ်နေရသောအခြေအနေကို မလွှဲမသွေပြုပြင်ရမည်ဖြစ်သည်။

၁၉၅၂ ခုနှစ်၊ မေလ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် ကာကွယ်ရေးဌာနကောင်စီ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ ထိုအစည်းအဝေး၌ စစ်ရုံးပုံစံသစ်ပြန်လည်ဖွဲ့စည်းရေးစီမံချက်ကို အသေးစိတ်ဆွေးနွေးပြီး နိုင်ငံတော်ကာကွယ်ရေးကော်မတီသို့ တင်ပြနိုင်ရန် အပြီးသတ်အဆိုပြုစာမူကြမ်းကို ရေးဆွဲသည်။ အစည်းအဝေးတွင် ဆွေးနွေးသော အဓိကအချက်များမှာ ကာကွယ်ရေးဌာနကောင်စီဖွဲ့စည်းမှုကို အတည်ပြုရေးနှင့် ယင်းသို့ အတည်ပြုခြင်းကို နိုင်ငံတော်ကာကွယ်ရေးကော်မတီသို့ အကြောင်းကြားရန်၊ ကာကွယ်ရေးဦးစီးချုပ် ခန့်ထားရေး နှင့် ရေတပ်၊ လေတပ်တို့၏ စစ်ရေးနှင့်စစ်ထောက်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စအဝဝကို စစ်ရေးချုပ်နှင့်စစ်ထောက်ချုပ်တို့၏ လက်အောက်တွင် ထားရှိရန်၊ ကြည်း၊ ရေ၊ လေတပ်မတော် အကြီးအမှူးများကို ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ဟူ၍ အသီးသီးခေါ်ဝေါ်ပြီး စစ်ရုံးအမြဲတမ်းအတွင်းဝန် ကို ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန် ဟု ခေါ်ဝေါ်ရန်၊ ကာကွယ်ရေးဌာနကောင်စီ အလုပ်အမှုဆောင် ကော်မတီဖွဲ့စည်းရေးအဆိုပြုချက်ကို စဉ်းစားရန်၊ ကာကွယ်ရေးဌာနကောင်စီရုံးအဖွဲ့ ဖွဲ့စည်းရေး အဆိုပြုချက်ကို စဉ်းစားရန်၊ စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးမှူးရုံးကို စစ်ထောက်ချုပ်ရုံးနှင့်ပေါင်းစည်းရန်နှင့် ဌာနအသီးသီး၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်မှုနှင့်ပတ်သက်သော နည်းလမ်းများ အဆိုပြုချက်ကို စဉ်းစားဆွေးနွေးရန်တို့ဖြစ်သည်။

---

[၁] **An Administrative History. vol.II** pp. 614

အစည်းအဝေးသို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဌာနကောင်စီအဖွဲ့ဝင်များမှာ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဗဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးကြီးကျော်ဝင်း၊ ဗိုလ်မှူးကြီးတင်ဖေ၊ ဒုတိယဗိုလ်မှူးကြီးသန်းဖေ(ရေ)၊ ဒုတိယဗိုလ်မှူးကြီးတိကလစ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာန ပါလီမန်အတွင်းဝန် သခင်ချစ်မောင် နှင့် စစ်ရုံးအမြဲတမ်းအတွင်းဝန် ဦးဝင်းဖေ တို့ ဖြစ်ကြသည်။ ဖိတ်ကြားခြင်းခံရသူများမှာ ဗိုလ်မှူးကြီးအောင်ရွှေ၊ ဒုတိယဗိုလ်မှူးကြီး အောင်ကြီး၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်၊ ဦးမောင်မောင်နှင့် ဦးထွန်းသောင်တို့ ဖြစ်ကြပြီး အစည်းအဝေး မှတ်တမ်းတင်သူမှာ ဗိုလ်မှူးဘီအိုဘာဘာ(ရေ)ဖြစ်သည်။[၁]

အစည်းအဝေးတွင် ကာကွယ်ရေးဌာနကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် ကောင်စီအဖွဲ့ဝင်တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းပြီး အောက်ပါအတိုင်း ကောင်စီ အဖွဲ့ဝင်များ ကိုသတ်မှတ်သည်။ ကောင်စီအဖွဲ့ဝင်များမှာ–

ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး (သဘာပတိ)
ကာကွယ်ရေးဝန်ကြီးဌာနပါလီမန်အတွင်းဝန်
ကာကွယ်ရေးဦးစီးချုပ်
စစ်ရေးချုပ်
စစ်ထောက်ချုပ်
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)
အတွင်းဝန် ကာကွယ်ရေးဝန်ကြီးဌာန

တို့ဖြစ်ကြသည်။[၂]

ဆက်လက်၍ ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီ ဖွဲ့စည်းရန် ဆုံးဖြတ်ပြီး အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရန် သတ်မှတ်လိုက်သည်[၃]–

---

[၁] An Administrative History. vol.II. p.617

[၂] ကာကွယ်ရေးဌာနကောင်စီအဖွဲ့ဝင်များကို ဦးစီးတာဝန်အရ၊ ဝါစဉ်မှန်ကန်စေရန် ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီ၏ ၅–၇–၁၉၆၁ ရက်နေ့တွင်ကျင်းပခဲ့သော (၄၆၇)ကြိမ်မြောက်အစည်းအဝေး၌ ပြင်ဆင်ခဲ့ ပါသည်။

[၃] ကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီဝင်များကိုလည်း ဦးစီးတာဝန်အရ၊ ဝါစဉ်မှန်ကန်စေရန် ကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီ၏ ၅–၇–၁၉၆၁ရက်နေ့တွင်ကျင်းပသော (၄၆၇)ကြိမ် မြောက် အစည်းအဝေး၌ပင် ပြင်ဆင်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနပါလီမန်အတွင်းဝန် (သဘာပတိ)
ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန် (ဒုတိယသဘာပတိ)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)
ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)
စစ်ရေးချုပ်
စစ်ထောက်ချုပ်[၁]

ကာကွယ်ရေးဌာနကောင်စီရုံးအဖွဲ့ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ထိုရုံးအဖွဲ့တွင် စစ်ဘက်အရပ်ဘက်နှစ်ရပ်လုံးမှအရာရှိ၊ အရာထမ်းများပါဝင်စေပြီး ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်ရုံး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ထားရှိရန် ဆုံးဖြတ်သည်။ ထို့ပြင်ကာကွယ်ရေးဌာန ကောင်စီနှင့်အမှုဆောင်ကော်မတီတို့၏လုပ်ငန်းများ ဆက်စပ်နေမှုကြောင့် ထိုနှစ်ဖွဲ့၏ အတွင်းရေး မှူးတာဝန်ကို တစ်ဦးတစ်ယောက်တည်းက ဆောင်ရွက်စေရန်ကိုလည်း ဆုံးဖြတ်သည်။ ထိုရုံးအဖွဲ့ တွင် တာဝန်ထမ်းဆောင်ရမည့်သူများကို ရွေးချယ်ရန် ဗိုလ်မှူးကြီးကျော်ဝင်း၊ ဗိုလ်မှူးကြီးတင်ဖေနှင့် ဦးမောင်မောင်တို့အားတာဝန်ပေးအပ်သည်။ လတ်တလောအားဖြင့်မူ ဗိုလ်မှူးဘီအိုဘာဘာကိုပင် မိမိ၏တာဝန်ဝတ္တရားများအပြင် ကောင်စီရုံးအဖွဲ့မှူးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်စေရန် ဆုံးဖြတ် သည်။[၂]

ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် နှင့် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို တစ်ပတ်လျှင်တစ်ကြိမ် ကျင်းပရန် ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ် ခန့်ထားရေးနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ကြည်း၊ ရေ၊ လေ တပ်မတော်များကို ပူးပေါင်းပြီး ဦးစီးကွပ်ကဲမှုကို အကြီးအမှူး တစ်ဦးတည်းက တာဝန်ယူ ဆောင်ရွက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်အတွင်းအတွေ့အကြုံများအရ အထူးအောင်မြင်မှုများ ရရှိခဲ့ သည်ကို တွေ့ရကြောင်း၊ ထိုသို့ပေါင်းစည်းခြင်းကြောင့် တပ်မတော်အတွင်း မလိုလားအပ်သော ပြိုင်ဆိုင်မှုများကို ဖယ်ရှားနိုင်ပြီး ရဲဘော်ရဲဘက်စိတ်ဓါတ်ကို ပိုမိုရှင်သန်မွေးမြူနိုင်ကြောင်း၊ တပ်မတော်သားများ၏ အခြေခံစစ်ရေးလေ့ကျင့်မှုကို တစ်ပုံစံတည်းပြုလုပ်စေပြီး နောင်အခါ ကြည်း၊ရေ၊လေတပ်များနှင့်သက်ဆိုင်သောလေ့ကျင့်မှုများကို သီးခြားတစ်ဆင့်တက်၍ ပြုလုပ်စေ ခြင်းဖြင့် တစ်ဦး၏အခက်အခဲကို တစ်ဦးကသိရှိနားလည်သဘောပေါက်ကာ ပူးပေါင်းရိုင်းပင်းမှု စိတ်ဓါတ်ကို မြင့်မားစေနိုင်ကြောင်း၊ ယခုခေတ်တွင် စစ်ရေး၌ ကြည်း၊ ရေ၊ လေတပ်မတော်များ၏ တက်ညီလက်ညီ ပူးတွဲစစ်ဆင်မှုသည် စစ်၏အရှုံးအနိုင်ကိုပင် အဆုံးအဖြတ်ပြုလျှက်ရှိကြောင်း၊

[၁] **An Administrative History. vol. II.** p.620

[၂] **An Administrative History. vol. II.** p.623

ထို့ကြောင့် ကြည်း၊ ရေ၊ လေတပ်မတော်များကို သီးခြားဦးစီးကွပ်ကဲခြင်းထက် အခြားခေတ်မီ တိုးတက်သော နိုင်ငံများ ကဲ့သို့ စုစည်းကွပ်ကဲသွားရန် ကာကွယ်ရေးဦးစီးချုပ် ခန့်ထားဆောင်ရွက်ရေးကို အကျယ်တဝင့် ဆွေးနွေးပြီး အားလုံးကသဘောတူဆုံးဖြတ်ကြသည်။

ဤအစည်းအဝေးတွင်ပင် အခြားသဘောတူဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခဲ့ရာ ယင်းဆုံးဖြတ်ချက်များမှာ–

ရေတပ် နှင့် လေတပ်တို့၏ ရေး၊ ထောက်ဆိုင်ရာ စီမံခန့်ခွဲမှုကို စစ်ရေးချုပ် နှင့် စစ်ထောက်ချုပ်အသီးသီးတို့၏ လက်အောက်တွင်ထားရှိရေး။

စစ်ရာထူးခန့်အတွင်းဝန်သည် ကြည်းတပ်အရာရှိများအတွက်သာမက ရေတပ်၊ လေတပ်အရာရှိများအတွက်ပါ တာဝန်ယူလုပ်ဆောင်ရန်။

ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် ဟူသော ရာထူးအခေါ်အဝေါ်များကိုသတ်မှတ်ရန်။

စစ်ပစ္စည်းထောက်ပံ့ရေးညွှန်ကြားရေးဝန်ရုံးကို စစ်ထောက်ချုပ်ရုံး လက်အောက်သို့ လွှဲပြောင်းရန် နှင့် ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးဝန်ရုံးအဖြစ် ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရန်တို့ဖြစ်သည်။

ထို့နောက် အစည်းအဝေးနောက်ဆုံး အစီအစဉ်ဖြစ်သည့် ကာကွယ်ရေးဌာနများ၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်မှုနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို အကျယ်တဝင့် ဆွေးနွေးကြပြီး စစ်ရုံးပြန်လည်ပြုပြင်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အထက်အာဏာပိုင်များသို့ အဆိုပြု တင်ပြရေး အတွက် စာမူကြမ်းကို သဘောတူအတည်ပြုခဲ့သည်။[၁]

၁၉၅၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပသည်။ ထိုအစည်းအဝေးက စစ်ရုံး ပြန်လည်ဖွဲ့စည်းရေးစီမံကိန်းကို ပြန်လည်ရေးဆွဲရန် စစ်ရေးချုပ် ဗိုလ်မှူးကြီးကျော်ဝင်း၊ ဦးစီးအရာရှိ(ပထမတန်း) ဗိုလ်မှူးကြီး အောင်ကြီး၊ တွဲဘက်အတွင်းဝန် ဦးမောင်မောင် နှင့် ကာကွယ်ရေးဌာနကောင်စီ၊ အတွင်းရေးမှူး ဗိုလ်မှူးဘာဘာတို့ ပါဝင်သောအဖွဲ့ငယ်အား တာဝန်ပေးအပ်သည်။ အစည်းအဝေးမှတ်တမ်းတွင်–

. . . စစ်ရုံးပြန်လည်ဖွဲ့စည်းရေးစီမံကိန်းကို အဓိပ္ပါယ်အကြောင်းရင်းမပျက်ပြားစေဘဲ၊ဆီလျော်အောင်ပြန်လည်ရေးဆွဲပြီးလျှင်အမျိုးသားကာကွယ်ရေးကော်မတီသို့ သဘောတူအတည်ပြုချက်ရရှိရေးအတွက် တင်ပြရန် ဆုံးဖြတ်ကြပါသည်

---

[၁] **ကာကွယ်ရေးဌာနကောင်စီ၏၁၃–၅–၅၂နှင့်၁၄–၅–၅၂ရက်နေ့များတွင် ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်း၊ ၁ ဗ (ကမဖ)၅၂၊ ရက်စွဲ။၁၄–၆–၁၉၅၂**

ဟု ဖော်ပြပါ ရှိသည်။[၁]

ထိုအဖွဲ့က ပြန်လည်ရေးဆွဲသော စစ်ရုံးပြန်လည်ဖွဲ့စည်းရေး အဆိုမူကြမ်းကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ကာကွယ်ရေးဌာနကောင်စီစတုတ္ထ အကြိမ်အစည်းအဝေး၌ စစ်ရာထူးခန့်အတွင်းဝန်၏ လုပ်ငန်းဆောင်တာ တာဝန်ဝတ္တရားများနှင့် ပတ်သက်သောပြင်ဆင်ချက်အနည်းငယ်ကိုသာ ပြုလုပ်ပြီးအတည်ပြုခဲ့သည်။

ထိုနောက် နောက်ဆုံးအတည်ပြုပြီးသော စစ်ရုံးပြန်လည်ဖွဲ့စည်းရေးစီမံကိန်း မူကြမ်းကို နိုင်ငံတော်ကာကွယ်ရေးကော်မတီ တတိယအကြိမ်အစည်းအဝေးသို့ တင်ပြခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နိုင်ငံတော်ကာကွယ်ရေး ကော်မတီသည် စစ်ရုံးပြန်လည်ပြုပြင်ဖွဲ့စည်းရေးကိစ္စကို ပထမနှင့်ဒုတိယအကြိမ်အစည်းအဝေး များ၌ ဆွေးနွေးသုံးသပ်ခဲ့သော်လည်း ယခု ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ၁၃ရက်နှင့် ၁၄ရက်နေ့ များတွင်ပြုလုပ်သော တတိယအကြိမ်အစည်းအဝေး၌ ဆက်လက်စဉ်းစားဆွေးနွေးခြင်းမပြုသေးဘဲ ဥရောပနှင့်အမေရိကန်နိုင်ငံများသို့ လှည့်လည်သွားရောက်လျက်ရှိသည့် ကာကွယ်ရေးမစ်ရှင်အဖွဲ့ များပြန်လည်ရောက်ရှိပြီး အစီရင်ခံစာများရရှိမှသာ ထိုအစီရင်ခံစာများအပေါ်အခြေခံ၍ စဉ်းစား မည် ဖြစ်ကြောင်းဆုံးဖြတ်ခဲ့သည်။

ကာကွယ်ရေးဌာနကောင်စီဖွဲ့စည်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်ကာကွယ်ရေး ကော်မတီက အတည်ပြုပေးခဲ့ခြင်းမရှိသဖြင့် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်ဧပြီလများတွင် ပြုလုပ် ခဲ့သောကာကွယ်ရေးဌာနကောင်စီအစည်းအဝေးများကို ကာကွယ်ရေးဌာနကောင်စီ(ယာယီ) အစည်း အဝေးများဟူ၍ သတ်မှတ်ခဲ့ရသည်။

ဤသို့ နိုင်ငံတော်ကာကွယ်ရေးကော်မတီသည် စစ်ရုံးပြန်လည်ပြုပြင်ဖွဲ့စည်းရေး နှင့် ကာကွယ်ရေးဌာနကောင်စီဖွဲ့စည်းမှုကို အတည်ပြုပေးရန်ကိစ္စများကို အရေးကြီးဆောင်ရွက် ရမည့်ကိစ္စများအဖြစ် သဘောမထားခဲ့သဖြင့် ကာကွယ်ရေးဌာနကောင်စီကပင် မဆုတ်မနစ်သော လုံ့လဖြင့် ဆက်လက်လုပ်ဆောင်သွားခဲ့ရသည်။

နိုင်ငံတော်ကာကွယ်ရေးကော်မတီသည် ပြုပြင်ဖွဲ့စည်းရေးကို ဆွေးနွေးဆုံးဖြတ် ပေးခြင်းမပြုခဲ့စေကာမူ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပခဲ့သော ကာကွယ်ရေး ဝန်ကြီး ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးက အတည်ပြုခဲ့ သည်။

---

[၁] **၁၉၅၂ ခုနှစ်၊ ဇွန်လ၅ရက်နေ့တွင်ကျင်းပသောကာကွယ်ရေးဌာနကောင်စီ ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း၊**

ဤသို့ ပွဲ့စည်းဖြစ်ပေါ်လာခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနသည် တိုအချိန်မှစ၍ စစ်ဌာနချုပ်ကြီးတစ်ရပ်မဟုတ်မူ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရသည့်ဝန်ကြီးဌာနအဖွဲ့အစည်းကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယင်းဝန်ကြီးဌာနတွင် စစ်ဘက်၊ အရပ်ဘက်အရာရှိ ဝန်ထမ်းများ ပါဝင်ပြီး ကာကွယ်ရေးဦးစီးချုပ်တစ်ဦးတည်းက စီမံကွပ်ကဲခြင်း မပြုဘဲ စစ်ဘက်အရပ်ဘက်နှစ်ရပ်လုံးမှပုဂ္ဂိုလ်များပါဝင်သည့် ကာကွယ်ရေးဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ရသည့် ကာကွယ်ရေးဌာနကောင်စီက စီမံကွပ်ကဲခဲ့သည်။[1]

ကာကွယ်ရေးဌာနကောင်စီသည် နိုင်ငံတော်ကချမှတ်ပေးသော ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖေါ်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအတွင်း လုပ်ငန်းတာဝန်များ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊ ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီမှ တင်ပြလာသော ကိစ္စအရပ်ရပ် နှင့် ရသုံးခန့်မှန်းခြေငွေစာရင်းအဆိုပြုချက်များကို လက်ခံစိစစ်ပြီး အဆုံးအဖြတ်ပေးရခြင်း၊ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးအား အကြံပြုတင်ပြခြင်းများကိုဆောင်ရွက်ရသည်။

ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီသည် ကာကွယ်ရေးဌာနကောင်စီ၏ဆုံးဖြတ်ချက်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် လက်တွေ့အကောင်အထည်ဖေါ်လုပ်ဆောင်ရေးကို တာဝန်ယူရသည့်အပြင် စစ်ဘက်ရေးရာလက်ရုံးဝန်ထမ်းအသီးသီးတို့အပေါ် စီမံကွပ်ကဲမှုကို ဆောင်ရွက်ရသည်။ ကာကွယ်ရေးဌာနကောင်စီ၏ခွင့်ပြုချက် အမိန့်အာဏာ မလိုအပ်သောကိစ္စရပ်များတွင် အမှုဆောင်ကော်မတီက အမိန့်ချမှတ်ညွှန်ကြားနိုင်သည်။ အမှုဆောင်ကော်မတီသည် မိမိဘာသာ ဆုံးဖြတ်ညှိနှိုင်းမရသည့်ကိစ္စရပ်များ၊ လက်ရုံးတပ်များအချင်းချင်း ဆက်ဆံခြင်း၊ ဆက်သွယ် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်သော အရေးကြီးကိစ္စရပ်များ နှင့် တစ်မျိုးသားလုံးအရေးနှင့်ခြုံ၍ စဉ်းစားဆုံးဖြတ်ရမည့် အဓိကကိစ္စရပ်များကိုမူ ကာကွယ်ရေးဌာနကောင်စီသို့ တင်ပြအဆုံးအဖြတ် ရယူရသည်။

ကာကွယ်ရေးဦးစီးချုပ်သည် စစ်ဘက်လက်ရုံးဝန်ထမ်းတပ်များအားလုံး၏ အကြီးအကဲဖြစ်ပြီး စစ်ဘက်ဆိုင်ရာဌာနအသီးသီး၏ စီမံခန့်ခွဲရေးနှင့်စစ်ဆင်ရေးလုပ်ငန်းအဝဝတို့ကို အောင်မြင်စွာ အကောင်ထည်ဖေါ်လုပ်ဆောင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးထံ တာဝန်ခံရသည်။ စစ်ဘက်ဆိုင်ရာအရာရှိစစ်သည်များ၏ စည်းကမ်းကြပ်မတ်ရေးကိုလည်း တာဝန်ယူရသည်။ စစ်ဦးစီး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကာကွယ်ရေးဌာနကောင်စီက ချမှတ်ထားသော မူဝါဒများကို လက်တွေ့အကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင် ကြည်း၊ ရေ၊ လေ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် များကိုလည်းကောင်း၊ ကာကွယ်ရေးဌာနကောင်စီ၏ မူဝါဒနှင့်အညီ

---

[1] An Administrative History. vol. II. p.641

စစ်ဘက်ဆိုင်ရာစီမံခန့်ခွဲရေးကိစ္စ အဝဝနှင့်ပတ်သက်၍ စစ်ရေးချုပ်၊ စစ်ထောက်ချုပ် နှင့် စစ်ရာထူးခန့်အတွင်းဝန်တို့ကိုလည်းကောင်း ညွှန်ကြားရသည်။

ကာကွယ်ရေးဝန်ကြီးဌာနတွင်ပါဝင်သော ရုံးဌာနကြီးများမှာ–

(က) ကာကွယ်ရေးဦးစီးချုပ်ရုံး

( ခ ) စစ်ရေးချုပ်ရုံး

( ဂ ) စစ်ထောက်ချုပ်ရုံး

(ဃ) စစ်ရာထူးခန့်အတွင်းဝန်ရုံး

( င ) စစ်ဥပဒေချုပ်ရုံး

( စ ) အတွင်းဝန်ရုံး

(ဆ) ငွေစာရင်းရုံး တို့ဖြစ်ကြသည်။

စစ်ရုံးကို ကာကွယ်ရေးဝန်ကြီးဌာနအဖြစ် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းသည့် တစ်ချိန်တည်းမှာပင် စစ်ပစ္စည်းထောက်ပံ့ရေး ညွှန်ကြားရေးမှူးရုံးကို ပြန်လည်ပြုပြင်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်မှု ပိုမိုအဆင်ပြေချောမောစေရန် စစ်ထောက်ချုပ်ရုံး၏ စီမံခန့်ခွဲမှုအောက်သို့ သွတ်သွင်းခဲ့သည်။ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် စစ်ပစ္စည်းထောက်ပံ့ရေး ညွှန်ကြားရေးမှူးကို စစ်ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။[၁] ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်နေ့တွင် ကျင်းပသော ကာကွယ်ရေးဌာနကောင်စီ စတုတ္ထအစည်းအဝေးက ကာကွယ်ရေးအမှုထမ်း များအဖွဲ့၏ ပစ္စည်းဝယ်ယူမှုနှင့်ထုခွဲရောင်းချရေး ဘုတ်အဖွဲ့[၂] ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်တာများ ကို အတည်ပြုပြဌာန်းခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနအတွင်း ဖွဲ့စည်းခဲ့သော အခြားအဖွဲ့အစည်းတစ်ရပ်မှာ ကာကွယ်ရေးအမှုထမ်းအဖွဲ့များ၏အဆောက်အဦကော်မတီဖြစ်သည်။[၃] ၁၉၅၂ ခုနှစ်၊စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသော ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးက ယင်းကော်မတီဖွဲ့စည်းမှုနှင့်လုပ်ငန်းဆောင်တာများကို အတည်ပြုပြဌာန်းပေးခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ယင်းကော်မတီ၏ တရားဝင်ဖွဲ့စည်းမှု အမိန့်ကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။[၄]

---

၁ **အမြဲတမ်းအတွင်းဝန်စစ်ရုံး၏ ၁၀–၇–၅၂ ရက်စွဲပါ၊ စာအမှတ် ၃၉၈ ဒီ(အက်စ်အက်စ်–၁)၅၁**

၂ Defence Services Procurement and Disposal Board

၃ Defence Services Works Committee

၄ **ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၃–၉–၅၂ ရက်စွဲပါ၊ စာအမှတ် ၂၈၆ ဒီ(စီနှင့်ဒဗလျူ)၅၂**

မြန်မာနိုင်ငံလွတ်လပ်ရေး ရလုဆဲအချိန် ၁၉၄၇ခုနှစ်၊ ဩဂုတ်လ ၂၉ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရသည် ဗြိတိန်နိုင်ငံအစိုးရနှင့် ကာကွယ်ရေးသဘောတူ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။[၁] ထိုစာချုပ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အချိန်မှစ၍ သုံးနှစ်တာကာလမျှသာ သက်တမ်းရှိသဖြင့် ၃–၁–၅၁ရက်နေ့တွင် ကုန်ဆုံးခဲ့သည်။သို့ရာတွင် ထိုစာချုပ်ကို နောက်ထပ်နှစ်နှစ် သက်တမ်းတိုးမြှင့်ခဲ့သဖြင့် ဆက်လက်ပြီး ထပ်မံသက်တမ်းတိုးခြင်းမပြုပါက ၃–၁–၅၃ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။

ယင်းစာချုပ်နှင့်ပတ်သက်ပြီး ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီသည် ၉–၉–၅၂ ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေးတွင် သက်တမ်းတိုးမြှင့်ရေး၊ မတိုးမြှင့်ရေးနှင့်ရှေ့ဆက်လက်ဆောင်ရွက်နိုင်ရန်ကိစ္စများအတွက် ဗြိတိသျှသံရုံးအား အောက်ပါအတိုင်း စကားစတင်ကမ်းလှမ်းပြောဆိုထားရန် ကာကွယ်ရေးဌာနကောင်စီသို့ အကြံပြုတင်ပြခဲ့သည်။[၂]

ယင်းတင်ပြချက်များမှာ–

(က) ဗမာ့ကာကွယ်ရေးတပ်မတော်များမှ ပညာသင်များ ဗြိတိသျှတပ် အဖွဲ့အစည်း ကျောင်းများ၌ ပညာသင်ကြားလေ့လာရန် ဗြိတိသျှအစိုးရက ပေးခဲ့သောအခွင့်အရေးများအတွက် ကျေးဇူးတင်ကြောင်း နှင့် နောင်လည်း သင်တန်းခမယူဘဲ အလားတူ ပညာသင်ကြားရေး အခွင့်အခါများ ဆက်လက် ပေးထား ရန်။

(ခ) ဗမာ့ကာကွယ်ရေးတပ်မတော်များအတွက် ဗြိတိသျှ စစ်ပညာအကြံပေးနည်းပြဆရာများကို လိုသလောက်သာ ခေါ်ထား၍ ၄င်းတို့အနက်မှ တစ်ဦးဦးက အကြီးအကဲအဖြစ်နှင့် ဆောင်ရွက်စေရန်၊ ထိုသို့ပေးပို့နိုင်လိမ့်မည်ဟု လည်း မြန်မာအစိုးရက စိတ်ချယုံကြည်ထားကြောင်းပြောပြရန်။

(ဂ) ဗြိတိန်ပြည်ဖြစ်၊ စစ်ပစ္စည်းများအတွက် (Production List) အချိန် မီစာရင်းပေးပို့မှာကြားလျှင် မြန်မာအစိုးရအတွက်ပါ ထည့်သွင်းလျာထား ပြုလုပ်ပေးရန်။

(ဃ) အခြားကိစ္စရပ်များအတွက်ကိုမူ အခါအားလျော်စွာ အကြောင်းပေါ်ပေါက်လျှင် ပေါ်ပေါက်လာသလို ဗြိတိသျှအစိုးရနှင့်မြန်မာအစိုးရတို့ တစ်ဦးနှင့်တစ်ဦးနားလည်မှုယူပြီး သဘောတူညီချက်စာချုပ် စသည်များ ပြုလုပ်ဆောင်ရွက်သွားရန်။

---

လက်ကျာ–ဖရီးမင်းသဘောတူစာချုပ်၊ ၁၉၄၇ ခုနှစ်

An Administrative History . Vol II p.710

တို့ဖြစ်သည်။

၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသော ကာကွယ်ရေးဌာနကောင်စီ၏ ပဌမအကြိမ်အစည်းအဝေးတွင် ပေါ်ပြူပါအကြံပြုချက်များကို အကျယ်တဝင့်ဆွေးနွေးကာ ဗြိတိသျှ-မြန်မာကာကွယ်ရေးစာချုပ်ကို ထပ်မံသက်တမ်းတိုးမြှင့်ရေး၊ မတိုးမြှင့်ရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်းသုံးသပ်ခဲ့ကြသည်-[၁]

(က) ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအစိုးရ၏လစာနှင့်စရိတ်များကို ခံစားရယူနေကြသော်လည်း ဗြိတိန်နိုင်ငံ အစိုးရဝန်ထမ်းများသဘွယ် ခံယူဆောင်ရွက်နေကြသည်။ ယင်းအဖွဲ့ဝင်များ နှင့် ဗမာ့တပ်မတော် တပ်ဖွဲ့ဝင်တို့ ဆက်ဆံရေးမှာလည်း ကျေနပ်ဘွယ်ရာ မရှိသည့်အပြင် မြန်မာနိုင်ငံအကျိုးကို လိုလားသော မစ်ရှင်အဖွဲ့ဝင် မှန်သမျှကို ခဏနှင့်ပင် ရုပ်သိမ်း၍ ပြန်လည်ပို့ခဲ့ကြသည်။ မစ်ရှင်အဖွဲ့သည် ဗမာ့တပ်မတော်ကို အကြံပေးရန် ဖြစ်သော်လည်း စစ်သံအဖွဲ့အနေဖြင့်သာ ဦးစားပေး လုပ်ကိုင်လျက်ရှိသည်။

(ခ) ဗြိတိန်နိုင်ငံမှဝယ်ယူသည့် စစ်မက်ပစ္စည်းများကို မစ်ရှင်အဖွဲ့ကစိစစ်ပြီး ထောက်ခံမှသာ ဝယ်ယူနေရသည်။ သို့မဟုတ်က ဗြိတိသျှအစိုးရသည် ဗမာ့တပ်မတော်၏ တောင်းခံချက်များကို လက်မခံချေ။ ထို့ကြောင့် မစ်ရှင်အဖွဲ့ ရှိနေခြင်းသည် ဗမာ့တပ်မတော်အတွက် စစ်မက်ပစ္စည်း ဝယ်ယူရေးတွင် အထောက်အကူ ဖြစ်မည့်အစား အနှောင့်အယှက်ဖြစ်နေသည်။ မစ်ရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအကျိုးကို လိုလားခြင်း မရှိသဖြင့် အစိုးရချင်း ဆက်သွယ်ညှိနှိုင်းဝယ်ယူသည်ကပင် ပို၍သင့်လျော်မည်ဟု ယူဆသည်။ ထို့ပြင် မစ်ရှင်အဖွဲ့ ရှိနေလင့်ကစားမြန်မာ အစိုးရ၏ ဝယ်ယူမှုများကို ပြင်ပတစိမ်းနိုင်ငံကဝယ်ယူနေသကဲ့သို့ သဘောထားနေသည့်အပြင် ပစ္စည်းများကိုပေးပို့ရာ၌ ကြန့်ကြာပြီး မရေရာဖြစ်နေခဲ့ သည်။

(ဂ) စစ်ပညာသင်ကြားရေးတွင် ပေါ်ပေါက်လာသောနေရာလပ်များကို တောင်းခံရာ၌ မစ်ရှင်အဖွဲ့သည် ကြားခံသဘောဖြစ်နေပေရာ ယင်းစနစ်မှာ ကျေနပ် ဘွယ်မရှိချေ။

ထို့ကြောင့် ကာကွယ်ရေးဌာနကောင်စီသည် မြန်မာနိုင်ငံတော်အစိုးရ ကဲဘိနက်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အကြောင်းပြု၍ ဗြိတိသျှ-မြန်မာကာကွယ်ရေးစာချုပ်ကို သက်တမ်းတိုး

---

[၁] An Administrative History. vol.II. p.711

မြှင့်ခြင်းမပြုတော့ဘဲ ထိုစာချုပ်အစားစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရေးနှင့်လက်ရှိစာချုပ်အပိုဒ်(၁၀) အရ(၁၂)လကြိုတင်အကြောင်းကြားရမည့်အစား (၆)လသာကြိုတင်နို့တစ်ပေးသည်ကို လက်ခံရန် ဗြိတိသျှသံအမတ်ကြီးထံ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုရန် ဆုံးဖြတ်လိုက်သည်။

ယင်းဆုံးဖြတ်ချက်နှင့်အညီ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗြိတိန်-မြန်မာစာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်ရေးအတွက် မူကြမ်းတစ်ရပ်ကို ကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီသို့ တင်သွင်းခဲ့ရာ အမှုဆောင်ကော်မတီသည် ၁၉၅၃ခုနှစ်၊ ဖေဖေါ်ဝါရီလကုန်ခန့်မှစ၍ ဧပြီလကုန်အထိ အစည်းအဝေးများအကြိမ်ကြိမ်ပြုလုပ်ကာ စဉ်းစားဆွေးနွေးခဲ့ကြသည်။ ထိုစာချုပ်သစ်ကို စစ်ပညာလေ့ကျင့်သင်ကြားရေးနှင့်စစ်ပစ္စည်းဝယ်ယူရေးအတွက် ကူညီပံ့ပိုးပေးမှုသဘောတူစာချုပ် [၁] ဟုခေါ်တွင်ရန်ဖြစ်သည်။

၁၉၅၃ခုနှစ်၊ ဇူလိုင်လ၂၀ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယင်းစာချုပ်မူကြမ်းကို ဗြိတိသျှသံအမတ်ကြီးထံ ပေးပို့ခဲ့သည်။ ဗြိတိသျှသံအမတ်ကြီးသည် ထိုစာချုပ်မူကြမ်းကို ဗြိတိသျှအစိုးရထံပေးပို့ခဲ့ရာ ဗြိတိသျှအစိုးရက စာချုပ်သစ်နှင့်ပတ်သက်၍ အဆိုပြုချက်သစ်တစ်ရပ်ပြန်လည်ပေးပို့ခဲ့သည်။ ၁၉၅၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီနှင့်နိုင်ငံတော်ကာကွယ်ရေးကော်မတီအသီးသီးတို့က ယင်းအဆိုပြုချက်သစ်ကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်ကာကွယ်ရေးကော်မတီသည် အဆိုပြုချက်ကို ကဲဘိနက်အဖွဲ့သို့ ဆက်လက်တင်ပြခဲ့ရာ ကဲဘိနက်အဖွဲ့က စာချုပ်သစ် ချုပ်ဆိုရာတွင် ဗြိတိန်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ရုံသက်သက်မျှသာဦးတည်၍ ချုပ်ဆိုခြင်း မဖြစ်စေရန် နှင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် အဓိကဦးစားပေးရန်မှာ နိုင်ငံတည်တံ့ခိုင်မြဲမှု (ပြည်တွင်းသောင်းကျန်းမှုများကိုနှိမ်နင်းခြင်း နှင့် ပြည်ပနိုင်ငံများနှင့်အဆက်အသွယ်မပြုနိုင်ရန်တားဆီးခြင်း) သာဖြစ်ကြောင်း မူဝါဒချမှတ်ပေးခဲ့သည်။

ယင်းအခြေအနေတွင် ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီသည် ဗြိတိသျှတို့နှင့် စာချုပ်သစ်ချုပ်ဆိုရာ၌ စစ်ပညာသင်ကြားရေးကိစ္စကို ထည့်သွင်းခြင်းမပြုတော့ရန် နှင့် ဗြိတိသျှအစိုးရက အဆိုပြုလာသည့် ငြိမ်းချမ်းသောကာလ စစ်ရေယာဉ်နှင့်စစ်လေယာဉ်များ ခရီးလှည့်လည်လာရောက်ရေးကိစ္စကို လက်မခံရန် ဆုံးဖြတ်သည်။ ထို့ပြင် "ကာကွယ်ရေးပစ္စည်းများ ဝယ်ယူမှု သဘောတူညီချက်" [၂] ဟူသော ခေါင်းစဉ်ဖြင့် စစ်ပစ္စည်းဝယ်ယူရေးအတွက်သာ

---

၁ An agreement to provide for Training and Procurement Facilities

၂ Defence Services Procurement Agreement

စာချုပ်တစ်ရပ် ချုပ်ဆိုရေးကို တင်ပြပြီး ထိုတင်ပြချက်ကို ဗြိတိသျှအာဏာပိုင်များ နှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၅၄ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့တွင် ပေးပို့ခဲ့သည်။

သို့ရာတွင် ဤကိစ္စမှာ ဆက်လက်အကောင်အထည်မပေါ်တော့သဖြင့် ဗြိတိသျှ–မြန်မာကာကွယ်ရေးသဘောတူစာချုပ်အစား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရေးမှာ မအောင်မြင်ဖြစ်ကာ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့မှာလည်း ရုပ်သိမ်းသွားခဲ့သည်[၁]။

စစ်ရုံးကို ကာကွယ်ရေးဝန်ကြီးဌာနဟူ၍ ပြန်လည်ပြုပြင်ဖွဲ့စည်းပြီးနောက် ကြည်း၊ ရေ၊ လေ လက်ရုံးတပ်များကို ကာကွယ်ရေးဦးစီးချုပ်၏ လက်အောက်၌ တစ်ခုတည်း သော တပ်မတော်တစ်ရပ်အဖြစ် တပေါင်းတစည်းတည်း ထားရှိခဲ့ရာတွင် စစ်စည်းကမ်း ကြပ်မတ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တစ်ပြေးညီ ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိသည်။ ယခင်ကြည်းတပ်ဆိုင်ရာ ဗမာ့တပ်မတော်အက်ဥပဒေ၊ ရေတပ်ဆိုင်ရာ ဗမာ့ရေတပ်မတော် စစ်စည်းကမ်းဥပဒေ နှင့် ဗမာ့ လေတပ်မတော်ဆိုင်ရာ(စစ်စည်းကမ်း)ဥပဒေဟူ၍ တသီးတခြားစီရှိခဲ့ကြသည်[၂]။ ထိုအက်ဥပဒေများကို ပြဋ္ဌာန်းရာတွင် အိန္ဒိယတပ်မတော်အက်ဥပဒေ၊ဗြိတိသျှတပ်မတော်အက်ဥပဒေတို့နှင့် ဆက်နွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ စစ်တရားရုံးများ ဖွဲ့စည်းဆောင်ရွက်ရာ၌ လည်းကောင်း၊ အရေးယူ အပြစ်ဒဏ် ချမှတ်ရာ၌လည်းကောင်း ကွဲပြားခြားနားမှုများရှိနေခဲ့သည်။

သို့သော်မြန်မာနိုင်ငံတွင် ကြည်း၊ ရေ၊ လေ ဟူ၍ တသီးတခြားစီမခွဲခြားတော့ဘဲ တစ်ခုတည်းသော တပ်မတော်အဖြစ် အသွင်ပြောင်းလဲရောက်ရှိလာပြီဖြစ်ရာ တပ်မတော်သားတိုင်း စစ်စည်းကမ်းဥပဒေတစ်မျိုးတည်းကိုသာ လိုက်နာကျင့်သုံးနိုင်ရန် တပ်မတော်အက်ဥပဒေတစ်ရပ် ရေးဆွဲရေးကို ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးချုပ်ရုံးအား တာဝန်ယူဆောင်ရွက်စေခဲ့သည်။ ထို့ကြောင့် စစ်ရေးချုပ်ရုံးသည် ၁၉၅၄ခုနှစ်၊ ဧပြီလ ၃ရက်နေ့တွင် အဖွဲ့ဝင် ၈ဦး ပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး တပ်မတော်သားအားလုံး အကျုံးဝင်မည့် အက်ဥပဒေတစ်ရပ် ရေးဆွဲရေးကို စတင်ဆောင်ရွက်ခဲ့သည်။

ယင်းကော်မတီသည်အကြိမ်ပေါင်း(၁၄၃)ကြိမ်မျှ ညှိနှိုင်းဆွေးနွေးပြီး ၁၉၅၇ခုနှစ်၊ ဇွန်လတွင် ဗမာ့တပ်မတော်အက်ဥပဒေမူကြမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲပြီးစီးခဲ့သည်။ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၄ရက်နေ့တွင် ကျင်းပပြုလုပ်သော ကာကွယ်ရေးဌာနကောင်စီ အမှုဆောင် ကော်မတီ၏(၂၇၄)ကြိမ်မြောက်အစည်းအဝေးက ထိုဥပဒေမူကြမ်းကို မူအားဖြင့် သဘောတူ လက်ခံခဲ့သည်။ တစ်ချိန်တည်းတွင်ပင် နိုင်ငံတော်ရှေ့နေချုပ်၏ အကြံပြုချက်အရ၊

[၁] လက်ျာဖရီးမင်းစာချုပ်သက်တမ်းကုန်ဆုံးသည့်၃–၁–၅၄ရက်နေ့တွင်ဗြိတိသျှစစ်မစ်ရှင်ကိုရုပ်သိမ်းသွါးသည်။

[၂] The Burma Army Act

The Burma Naval Discipline Act, 1947

The Burma Air Force (Discipline Act) 1947

အဆိုပါ အက်ဥပဒေကို မြန်မာဘာသာပြန်ဆိုရန်ဆောင်ရွက်ခဲ့ရာ ဘာသာပြန်ဆိုရေးကော်မတီသည် (၁၀၂)ကြိမ်မျှ စည်းဝေး ညှိနှိုင်းပြီး ၁၉၅၉ခုနှစ်၊ ဖေဖော်ဝါရီလ၌ အပြီးသတ် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၅၉ခုနှစ်၊ ဇွန်လ ၃ရက်နေ့တွင် ကျင်းပသောကာကွယ်ရေးဌာနကောင်စီအမှုဆောင်အဖွဲ့၏(၃၆၄)ကြိမ်မြောက်အစည်းအဝေးက အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးဆွဲခဲ့သောအက်ဥပဒေမူကြမ်းကိုအတည်ပြုလိုက်ပြီး ပါလီမန်မှ ပြဋ္ဌာန်းနိုင်ရေးအတွက်နိုင်ငံတော်ရှေ့နေချုပ်၏ စိစစ်ချက်ကို တောင်းခံခဲ့သည်။

၁၉၅၉ခုနှစ်၊ စက်တင်ဘာလ ၈ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကလည်းကောင်း၊ စက်တင်ဘာလ၁၄ရက်နေ့တွင် လူမျိုးစုလွှတ်တော်ကလည်းကောင်း ဗမာ့တပ်မတော်အက်ဥပဒေကိုသဘောတူလက်ခံခဲ့ပြီးနောက် စက်တင်ဘာလ၂၅ရက်နေ့တွင် နိုင်ငံတော်သမ္မတကအတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ ထိုနောက် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်အမှတ် ၆၄/၆၀ဖြင့် ထုတ်ပြန်ခဲ့ရာ တပ်မတော်တစ်ရပ်လုံး ယင်းဥပဒေကို ၁၉၆၀ပြည့်နှစ်၊ ဇွန်လ၁ရက်နေ့မှအစပြု၍ ကျင့်သုံး လာခဲ့သည်။

# အခန်း (၅)

## တပ်မတော်တပ်ရင်းတပ်ဖွဲ့များထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းနှင့် စစ်ဆင်ရေးများ(၁၉၅၀–၁၉၆၂)

၁၉၅၀ပြည့်နှစ်သို့ ရောက်သောအခါ တပ်မတော်သည် ရန်ကုန်–မန္တလေး ကားလမ်း၊ ရထားလမ်းကိုသာမက ဧရာဝတီမြစ်ကြောင်းရှိ မြို့ကြီးများအားလုံးကို ပြန်လည်သိမ်းပိုက်ပြီး အဓိကဆက်သွယ်ရေးလမ်းကြောင်းကြီးများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တောင်ငူမြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်ကို တောင်ငူမြို့၌ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အမှတ်(၃)ခြေမြန်တပ်မဟာဌာနချုပ်ကို ပဲခူးမြို့၌ ဆက်လက်ဖွင့်လှစ်ခဲ့ပြီး သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ရာ ရောင်စုံသောင်းကျန်းသူများအားလုံး ကျေးလက်တောရွာများသို့ ထွက်ပြေးတိမ်းရှောင်သွားကြရသည်။ ပြည်တွင်းဆူပူသောင်းကျန်းမှုကိုနှိမ်နင်းရာတွင် အခြေအနေ တိုးတက်ကောင်းမွန်လာသောကြောင့် ၁၉၅၀ပြည့်နှစ်၊စက်တင်ဘာလတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးနှင့်ကာကွယ်ရေးဝန်ကြီးရာထူးများကို ပြန်လည်အပ်နှံ ကာတပ်မတော်ကို စနစ်တကျ ပြည်လည်တည်ဆောက်ခဲ့သည်။[၁]

စစ်ဝန်ထမ်းတပ်ရင်းများဖွဲ့စည်းခြင်းကို ရပ်ဆိုင်းပြီး အမှတ်(၆)၊ အမှတ်(၇)နှင့် အမှတ်(၈)ခြေလျင်တပ်ရင်းများဖွဲ့စည်းရာတွင် စစ်ဝန်ထမ်းတပ်မှ စစ်သည်များအား သိမ်းသွင်း၍ ဖွဲ့စည်းခဲ့သည်။ တပ်မတော်သားများအား ပြည်သူတို့ယုံကြည်အားကိုးသည့် တပ်မတော်သားများ ဖြစ်လာစေရန် စစ်သည်တော်ကျင့်ဝတ်စာစောင်ကိုပြုစု၍ ရဲဘော်တိုင်း သိရှိ နားလည် လိုက်နာကျင့်သုံးအောင် ပညာပေးခဲ့သည်။ ဦးစီးတက္ကသိုလ်၊ ဗိုလ်သင်တန်းကျောင်း၊ ဗဟိုစစ်လေ့ကျင့်ရေးကျောင်း နှင့် တပ်သားသစ်လေ့ကျင့်ရေးတပ်များတွင် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများကို လေ့ကျင့်ပေးခဲ့ရုံမျှမက နိုင်ငံခြားတိုင်းပြည်များသို့လည်း စစ်ပညာရပ်များကို တစ်ဦးချင်းရော အစုလိုက်အဖွဲ့လိုက်ပါ သွားရောက်သင်ကြားစေခဲ့သည်။[၂]

ထိုစဉ် ကျိုင်းတုံနယ်သို့ ကျူးကျော်ဝင်ရောက်လာသော ကေအမ်တီတရုတ်ဖြူများသည် ဒေသခံတိုင်းရင်းသားများအား ညှဉ်းပန်းနှိပ်စက်လာသောကြောင့် ကျိုင်းတုံတွင် အမှတ်(၄)ခြေမြန်တပ်မဟာကို ဖွဲ့စည်းပြီး တရုတ်ဖြူများအား တပ်မတော်က ရှပ်ရှပ်ချွံချွံ ခွန်ခွန်စားတိုက်ခိုက် ခဲ့သည်။

---

[၁] DR.8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သမိုင်းအကျဉ်း၁၉၄၈–၈၄ မျက် ၁၉

[၂] DR. 8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သမိုင်းအကျဉ်း၁၉၄၈–၈၄ မျက် ၁၉

၁၉၅၁ခုနှစ်တွင် ဝနယ်နှင့်ကျိုင်းတုံနယ်များ၌ ကျူးကျော် ဝင်ရောက် သောင်းကျန်းလျက်ရှိသော တရုတ်ဖြူများအား **ဖရော့စ်**၊ **မော်**၊ **ပန်လုံ** စစ်ဆင်ရေးများဖြင့် ချေမှုန်းခဲ့ပြီး ပြည်တွင်းသောင်းကျန်းသူများအား **ရွှေလီ**၊ **လစ်ဘရေတာ** ၊**ကျီးဖြူ**၊ **လှိုင်ကပ်** နှင့် **မုတ်ကျွန်း** စသော **စစ်ဆင်ရေးကြီး**များနှင့်ဒေသန္တရစစ်ဆင်ရေးများပါ ပြုလုပ်နှိမ်နင်းခဲ့ရာ ကေအင်ယူခေါင်းဆောင် **စောဘဦးကြီး** ကို ဩဂုတ်လတွင် အသေရမိခဲ့သည်။ ၁၉၅၁ခုနှစ်အတွင်းတွင် အမှတ်(၉)၊ (၁၀)၊ (၁၁)၊(၁၂)ခြေလျင်တပ်ရင်း ၄ရင်းနှင့် အမှတ်(၁)သံချပ်ကာတပ်ရင်းတို့ကို ဖွဲ့စည်းပြီး အမှတ်(၅)ခြေမြန်တပ်မဟာဌာနချုပ်ကို မော်လမြိုင်တွင်လည်းကောင်း၊ အမှတ်(၆)ခြေမြန်တပ်မဟာဌာနချုပ်ကို မန္တလေးတွင်လည်းကောင်းဖွဲ့စည်းခဲ့သည်။ [၁]

ထို့ပြင် ကရင်သောင်းကျန်းသူများလက်တွင်းသို့ ကျရောက်လျက်ရှိသော ဒုတိယမိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ကို ကယ်တင်ရန် ကြိုးပမ်းခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား ကရင်သောင်းကျန်းသူများက မိတ္ထီလာထောင်၊ တောင်ငူထောင်များမှတစ်ဆင့် ကော့သေးဒို[၂]ရွာသို့ ပြောင်းရွှေ့ချုပ်နှောင်ထားရာ ၁၉၅၁ခုနှစ် ဇွန်လ၂ရက်နေ့ညတွင် ကရင်အမျိုးသား စောဘရီ နှင့် စောမြင့်တို့ပါဝင်သောအင်အား၆ဦးပါ တပ်ဖွဲ့က ဝင်ရောက်ကယ်ဆယ်ရာ အချုပ်ခံထားရသူ ဗိုလ်မှူးဘာကောလ်အပါအဝင်သုံးဦးကျဆုံးသည်။ ကယ်ဆယ်ရေးတပ်ဖွဲ့မှလည်း စောဘရီ၊ စောမြင့် နှင့် ရဲဘော်သုံးဦးကျဆုံးပြီး ရဲဘော်ထန်းယုတစ်ဦးတည်းသာ လွတ်မြောက်ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့သည် ကရင်သောင်းကျန်းသူတို့၏ အချုပ်ခန်းမှလွတ်မြောက်ခဲ့သော်လည်း လူစုကွဲ၍ ပြန်လည်ဖမ်းဆီးခြင်းခံရသည်။ ထို့ကြောင့်အမှတ်(၂)ခြေမြန်တပ်မဟာသည် အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ၄ခွဲ၊ ရန်ကုန်ဘဆွေ၏ ပြောက်ကျားတပ်ဖွဲ့ တစ်ဖွဲ့ဖြင့် ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၁၃ရက်နေ့တွင် **အလင်းရောင်စစ်ဆင်ရေး** ပြုလုပ်ကာ ဒုတိယဗိုလ်မှူးကြီးမောင်မောင် တို့ကို ကယ်တင်ရန် ကြိုးပမ်းသည်။ ဘောဂလိသို့ ပြောင်းရွှေ့ချုပ်နှောင်ထားသော ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ကို ဩဂုတ်လ ၂၁ရက်နေ့တွင် ကယ်တင်နိုင်ခဲ့သည်။ [၃]

၁၉၅၂ခုနှစ်တွင် ကြူကုတ်၊မုန်းယု၊ကျိုင်းတုံဒေသများအတွင်းဝင်ရောက်နေသော တရုတ်ဖြူကျူးကျော်သူများအား **မိုးကြိုးအထူးစစ်ဆင်ရေး** ဖြင့် တိုက်ခိုက်မောင်းထုတ်ခဲ့ပြီး

---

[၁] DR. 8501 **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း ၁၉၄၈–၈၄** မျက် ၂၀

[၂] မိုးမိုးတာရောစန်၏ "မုန်တိုင်းကိုမမှုအန်တုလေသော်" စာအုပ်၊ စာမျက်နှာ၃၈၅တွင် ရေသိုးကြီးရွာဟုဖော်ပြထားသည်။

[၃] (က) DR.267 **ကေအင်ဒီအိုလက်ရောက်ဗိုလ်မှူးရဲမြင့်၏မှတ်တမ်း**

(ခ) မိုးမိုးတာရောစန် **မုန်တိုင်းကိုမမှုအန်တုလေသော်** မျက် ၃၈၅–၃၈၇

ပြည်တွင်း သောင်းကျန်းသူများကို **မော်ဝင်းစိန်၊ လောင်ဆောက်၊ စီးပလိန်၊ ရွှေလင်းယုန်၊ ဝင်းကျော်၊ မိုးထိ၊ ရန်ရှင်း၊ မော်တင်၊ ထောင်ဝေါ၊ တာဝန်၊ ယုဇန၊ အောင်မြေ၊ နှင်းဆီနီ၊ ဒေါန၊ ရွှေဟင်္သာ၊ သာယာရွှေပြည်၊ ဇေယျာ** စသော စစ်ဆင်ရေးများဖြင့် အပြင်းအထန်ချေမှုန်းခဲ့သည်။[၁] ဤသို့ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးကို အောင်မြင်စွာပြုလုပ်နေစဉ် တရုတ်ပြည်မကြီးမှ ထွက်ပြေးလာသောတရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံအတွင်းသို့အလုံးအရင်းနှင့်ဝင်ရောက်လာပြီး ဒေသခံ တိုင်းရင်းသားများအား လုယက်နှိပ်စက်မှုကြောင့် ၁၉၅၂ ခုနှစ် စက်တင်ဘာလမှစ၍ တပ်မတော်က တရုတ်ဖြူတပ်များအား **ဘုရင့်နောင်၊ ဘွန်မရှား** စသည့်စစ်ဆင်ရေးကြီးများဖြင့် တွန်းလှန် တိုက်ထုတ်ခဲ့ပြီး ရခိုင်ပြည်နယ် မောင်တောနယ်တစ်ဝိုက်တွင် ထကြွလာသည့် မူဂျာဟစ်များကို **မေယုအောင်**စစ်ဆင်ရေးဖြင့်တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၂ ခုနှစ်အတွင်းတွင် အမှတ်(၈)ခြေမြန် တပ်မဟာဌာနချုပ်ကို ပုသိမ်မြို့တွင်လည်းကောင်း၊ အမှတ်(၄)နှင့်အမှတ်(၅)ကချင်သေနတ်ကိုင် တပ်ရင်းများ၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၃)မှ(၂၄)အထိ ခြေလျင်တပ်ရင်း ၁၂ရင်း၊ အမှတ် (၁)၊ (၂)၊(၃) အမြောက်တပ်ရင်း၃ရင်း နှင့် အမှတ်(၂)တင့်ကား တပ်ရင်းတို့ကို တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ထို့ပြင် တပ်သားသစ်သင်တန်းအတွက် အမှတ်(၂)လေ့ကျင့်ရေးတပ်ကိုပါ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။[၂]

၁၉၅၃ခုနှစ် ဇန်နဝါရီလတွင် လှိုင်လင်မြို့၌ အမှတ်(၉)ခြေမြန်တပ်မဟာကို တိုးချဲ့ ဖွဲ့စည်းပြီး အောင်ပန်းဘွင် အမှတ်(၄)တောင်ပေါ်ပစ်အမြောက်တပ်ရင်းကို ဖွဲ့စည်းခဲ့သည်။ အမှတ် (၄)၊အမှတ်(၆)နှင့်အမှတ်(၉)ခြေမြန်တပ်မဟာများသည် ကျူးကျော်သူ တရုတ်ဖြူများအား **မဟာ၊ နဂါးနိုင်၊ ကျော်ထွန်း၊ အောင်လမ်း၊ ကလူ၊ ကန်တော်ကြီး၊ သမိန်၊ ချယ်ရီ** စသော စစ်ဆင်ရေးများ ပြုလုပ်၍ တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းသူများကို နှိမ်နင်းရာတွင်လည်း အမှတ်(၇)ခြေလျင်တပ်မဟာကို မြစ်ကြီးနား၌လည်းကောင်း၊ အမှတ်(၁၁) ခြေမြန်တပ်မဟာကို မန္တလေး၌လည်းကောင်း၊ အထူးခြေလျင်တပ်ရင်း(၁၀၈) ကိုလည်းကောင်း တိုးချဲ့ဖွဲ့စည်းပြီး ထိရောက်စွာ နှိမ်နင်းတိုက်ခိုက်ခဲ့သည်။ အလားတူပင် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးအတွက် ပြုလုပ် သော စစ်ဆင်ရေးများမှာ **အောဝဲကြီး၊ ပေါ်ဝေကြီး၊ နဂါးနီ၊ သီရိ၊ ဒူးဝါး၊ သီလွာ၊ ပြည်သစ်၊ ဂဠုန်၊ သူရိန်** စသည်တို့ဖြစ်သည်။[၃] ၁၉၅၃ခုနှစ်ဇူလိုင်လ ၁ရက်နေ့တွင်

---

[၁] တပ်မတော်မော်ကွန်းတိုက် ၁၉၅၀ပြည့်နှစ်မှ ၁၉၆၂ခုနှစ်အထိတပ်မတော်မှ ပြုလုပ်ခဲ့သောစစ်ဆင်ရေး များစာရင်း

[၂] DR.8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း၊၁၉၄၈–၈၄ မျက်၂၀

[၃] တပ်မတော်မော်ကွန်းတိုက် ၁၉၅၀ပြည့်နှစ်မှ၁၉၆၂ခုနှစ်အတွင်းတပ်မတော်မှ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများစာရင်း

အမှတ်(၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၈)၊ (၉)၊ (၁၁)စသည့် ခြေမြန်တပ်မဟာဌာနချုပ်များကို အမှတ်(၁)နှင့်အမှတ်(၇)နည်းတူ ခြေလျင် တပ်မဟာဌာနချုပ်များအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။[၁] မင်္ဂလာဒုံရှိ ဗဟိုစစ်လေ့ကျင့်ရေးကျောင်းကိုလည်း တပ်ကြပ်သင်ကျောင်းအဖြစ် အမည်ပြောင်းပြီး ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁၉၅၄ခုနှစ်တွင် ကျူးကျော်သူတရုတ်ဖြူတပ်များ၏အင်အားမှာ တပ်မ၃ခုမျှရှိပြီး ဒေသခံတိုင်းရင်းသားများကို လုယက်သတ်ဖြတ်စော်ကားသောကြောင့် တပ်မတော်က မောက်မယ်၊ လင်းခေးတောင်ပိုင်း၊ ဝမ်စလောင်း နှင့် ကဒူးကြီးဒေသတွင် **ယုဓနစစ်ဆင်ရေး**ဖြင့်လည်းကောင်း၊ မိုင်းတုံ၊ မိုင်းဟန်တောင်ကြား၊ မိုင်းဆတ်၊ မိုင်းပုကြီးဒေသများတွင် **ဘုရင့်နောင်** စစ်ဆင်ရေးကြီးဖြင့် လည်းကောင်း၊ မြဝတီလမ်းခွဲ၊ **သဃန်းညီနောင်**၊ ထိုင်း၊ နယ်စပ်ဒေသတစ်ဝိုက်တွင် **ဆင်ဖြူရှင်** စစ်ဆင်ရေးကြီးဖြင့်လည်းကောင်း အပြင်းအထန် တိုက်ထုတ်ခဲ့ရသည်။ ထို့ပြင် ပြည်တွင်း သောင်းကျန်းမှုနှိမ်နင်းရေးနှင့်ပတ်သက်၍ ကရင်ပြည်နယ်တွင် **သိဒ္ဓိ**စစ်ဆင်ရေးနှင့် ပခုက္ကူခရိုင် တွင် သခင်စိုး အား အထူးခြေလျင်တပ်ရင်းအမှတ်(၁၀၈)က လိုက်လံချေမှုန်းတိုက်ခိုက်သည့် စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။ ထို့ပြင်ချောက်မြို့၌အမှတ်(၁၀)ခြေလျင်တပ်မဟာဌာနချုပ်ကို ဖွဲ့စည်းခဲ့ပြီး အမှတ် (၁၀၅)၊ (၁၀၆)၊ (၁၀၇)ခြေမြန်တပ်ရင်း၃ရင်းကိုဖွဲ့စည်းခဲ့သည်။

၁၉၅၅ခုနှစ်တွင် မိုင်းယောင်း၊ လွယ်လန်းဒေသ၌ ကေအမ်တီတရုတ်ဖြူများအား တပ်မတော်က **ရန်ကြီးအောင်** စစ်ဆင်ရေးကြီးဖြင့်တိုက်ခိုက်ချေမှုန်းခဲ့ပြီး ကျန်ဒေသများတွင်လည်း တရုတ်ဖြူ အကြွင်းအကျန်များကို ရှင်းလင်းသုတ်သင်ခဲ့ရသည်။ ၁၉၅၅ခုနှစ်အတွင်း တပ်မတော် (ကြည်း)အရာရှိများအတွက် အဆင့်မြင့်စစ်ပညာများကို သင်ကြားလေ့ကျင့်နိုင်ရန် တိုက်ခိုက်ရေး ကျောင်းနှင့် စစ်တက္ကသိုလ်ကို ရှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့အနီး၌ ဗထူးတပ်မြို့ကိုတည်၍ ဖွင့်လှစ်ခဲ့သည်။ ၁၉၅၀ပြည့်နှစ်မှစ၍ တပ်မတော်တပ်ရင်းအသစ်များဖွဲ့စည်းရာတွင် ထည့်သွင်း ဖွဲ့စည်းခဲ့သော စစ်ဝန်ထမ်းတပ်ရင်းများအနက်မှ ကျန်ရှိနေသော တပ်ရင်း၁၃ရင်းကို ၁၉၅၅ခုနှစ် ဇန်နဝါရီလ၁ရက်နေ့မှစ၍ ဖျက်သိမ်းပြီး ခြေလျင်တပ်ရင်း(ပြည်စောင့်တပ်များ)အဖြစ် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ တပ်ရင်းအမှတ်(၂၅)မှ(၃၁)အထိခြေလျင်တပ်ရင်း ၇ရင်းမှာ ပြည်စောင့်တပ်ရင်း များဖြစ်ကြသည်။ ၁၉၅၅ခုနှစ်အတွင်း အမှတ်(၁၀၄)ခြေမြန်တပ်ရင်းကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ သည်။[၂]

---

[၁] DR.8499 **An Administrative History of the Armed Forces in Burma Vol II** P 757

[၂] DR.8501 **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း၊ ၁၉၄၈–၈၄** မျက် ၂၂

၁၉၅၅ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ စစ်ဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဖွဲ့စည်းပုံကို ပြင်ဆင်သတ်မှတ်၍ စစ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ် နှင့် လေတပ်ဦးစီးချုပ်တို့၏လုပ်ပိုင်ခွင့်နှင့် အာဏာအားလုံးကို ကာကွယ်ရေးဦးစီးချုပ်အား ပေးအပ်ခဲ့သည်။ ၁၉၅၅ခုနှစ်၊ စက်တင်ဘာလ၂၈ရက် ရက်စွဲပါ စစ်ရုံးတည်မြဲအမိန့်အမှတ်စဉ် (၉)၁၉၅၅ ဖြင့် အောက်ပါ အတိုင်း အခေါ်အဝေါ်များကို သတ်မှတ်ခဲ့ပေသည်။ [၁]

| မူလအခေါ်အဝေါ် | ပြောင်းလဲသတ်မှတ်သည့်အခေါ်အဝေါ် |
|---|---|
| (က) စစ်ဦးစီးချုပ် | ကာကွယ်ရေးဦးစီးချုပ် |
| (ခ) ရေတပ်ဦးစီးချုပ် | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ) |
| (ဂ) လေတပ်ဦးစီးချုပ် | ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) |
| (ဃ) စစ်ဦးစီးဌာနချုပ် | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| (င) ရေတပ်ဦးစီးဌာန | ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) |
| (စ) လေတပ်ဦးစီးဌာန | ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) |

ကာကွယ်ရေးဦးစီးချုပ်တစ်ဦးတည်း၏အောက်တွင် တပ်အားလုံးကို ကွပ်ကဲနိုင်ရန်အတွက် ၁၉၅၆ခုနှစ် ဇန်နဝါရီလ၁ရက်နေ့မှစ၍ စစ်ရုံး (War Office)ကို ကာကွယ်ရေးဝန်ကြီးဌာန (Ministry of Defence) ဟုပြင်ဆင်ဖွဲ့စည်းခဲ့သည်။ [၂]

၁၉၅၄၊ ၁၉၅၅ခုနှစ်များတွင် တပ်မတော်သည် ပြည်ပကျူးကျော်သူများဖြစ်သော ကေအမ်တီတရုတ်ဖြူများအား ဖိအားပေးချေမှုန်းနေရသဖြင့် ပြည်တွင်းသောင်းကျန်းသူများသည် အသက်ရှုချောင်လာပြီး ပခုက္ကူခရိုင်တွင် အလံနီကွန်မြူနစ်ပါတီ၊ အလံဖြူကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူများ အင်အားစုစည်းလာကြသည်။ ထို့ကြောင့် ၁၉၅၆ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ အမှတ်(၁၀)ခြေလျင်တပ်မဟာ၏ကွပ်ကဲမှုဖြင့် တပ်ရင်းတစ်ရင်းပါဝင်သော **အောင်မာဃ** စစ်ဆင်ရေးကြီးကို ပြုလုပ်ခဲ့ရာ သောင်းကျန်းသူများ အစိတ်စိတ်အမြွှာမြွှာပြိုကွဲခဲ့ရသည်။ ထို့ပြင်မြန်မာနိုင်ငံအထက်ပိုင်းရှိသောင်းကျန်းသူများကို **ဥပဒေ၊ အလင်းရောင်၊ မိုးကြိုးနှင့် မိတ္တ** စစ်ဆင်ရေးများဖြင့် နှိမ်နင်းခဲ့သည်။ ၁၉၅၆ခုနှစ်တွင် အမှတ်(၁၀၃)ခြေမြန်တပ်ရင်းနှင့် ပူးပေါင်းစစ်ဆင်ရေးနှင့်လေထီးသင်တန်းကျောင်းတို့ကို ဖွဲ့စည်းခဲ့သည်။ [၃]

---

[၁] DR.8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သမိုင်းအကျဉ်း၊ ၁၉၄၈–၈၄ မျက် ၂၂

[၂] CD.11 ၁၉၅၆ခုနှစ်တပ်မတော်ညီလာခံတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏အစီရင်ခံစာ မျက် ၆

[၃] DR.8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သမိုင်းအကျဉ်း၊ ၁၉၄၈–၈၄ မျက် ၂၃

၁၉၅၇ခုနှစ်တွင် အမှတ်(၁၂)နှင့် အမှတ်(၁၃)ခြေလျင်တပ်မဟာဌာနချုပ်ကို မအူပင်နှင့် ပြည်မြို့၌လည်းကောင်း၊ အမှတ်(၁၀၁)၊ (၁၀၂)နှင့် (၁၀၉)ခြေမြန်တပ်ရင်း ၃ရင်းကို လည်းကောင်း ဖွဲ့စည်းပြီး သောင်းကျန်းသူများကို ချေမှုန်းရန် စီစဉ်ခဲ့သည်။[၁] **အောင်မာယ စစ်ဆင်ရေး** ကြီးနှင့်ဆက်စပ်ပြီး မိတ္ထီလာ၊ တောင်တွင်းကြီး၊ နတ်မောက်မြို့နယ်များတွင် **မုန်တိုင်း စစ်ဆင်ရေး**ကို ပြုလုပ်ခဲ့ပြီး ပဲခူးတိုင်း၊ တနင်္သာရီတိုင်း နှင့် ဧရာဝတီတိုင်းတို့တွင် **မင်းရန်အောင်၊ အဏ္ဏဝါ၊ ပြည်တော်အေး၊ ပုဏ္ဏက၊ ဂြိုဟ်တု၊ ပြည်သာယာ၊ ဂြိုဟ်ကြီး၊ လျှပ်စစ်၊ ဒေါင်းဖန်ဝါ** စသော စစ်ဆင်ရေးများပြုလုပ်၍ သောင်းကျန်းသူများအား နှိမ်နင်းတိုက်ခိုက်ခဲ့ရာ ၁၉၅၈ခုနှစ်တွင် တောခို ပြည်သူ့ရဲဘော်ဖြူအားလုံး လက်နက်ချအလင်းဝင်ခဲ့ကြသည်။ ၁၉၅၈ခုနှစ်၊ ဇွန်လတွင် ရန်ကုန်တိုင်းအတွင်း လုံခြုံရေးကိစ္စကို ဆောင်ရွက်ရန်အတွက် အရာရှိ၃ဦးနှင့် စစ်သည်၆ဦးပါ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကို ဖွဲ့စည်းပြီး နိုဝင်ဘာလတွင် နေပြည်တော်စစ်ဌာနချုပ်ကို ဖွဲ့စည်း၍ ရန်ကုန်မြို့တော်၏လုံခြုံရေးကို ဆောင်ရွက်ခဲ့သည်။ မိတ္ထီလာမြို့တွင် အမှတ်(၁)ခြေလျင်တပ်မကို ပထမအဆင့်စတင် ဖွဲ့စည်းပြီး လေယာဉ်ပစ်အမြောက်တပ်ကိုလည်း မင်္ဂလာဒုံတွင် ဖွဲ့စည်းခဲ့သည်။ ထို့ပြင်သောင်းကျန်းမှုနှိမ်နင်းရေးတွင် အောင်မြင်စေရန်အတွက် စစ်နည်းဗျူဟာအသစ်များ ချမှတ်လေ့ကျင့်ပေးနိုင်ရန် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် အမှတ်(၁)တိုင်းဗဟိုလေ့ကျင့်ရေးစခန်းကို ဂျိုးဖြူ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် အမှတ်(၂)တိုင်းဗဟိုလေ့ကျင့်ရေးစခန်းကို ပုပ္ပါး၌လည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။[၂]

၁၉၅၈ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဦးနု၏ သန့်ရှင်းဖဆပလ အစိုးရ က ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် အိမ်စောင့်အစိုးရကို အာဏာလွှဲပြောင်းပေးခဲ့သည်။ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀ခုနှစ်များတွင် ပင်လယ်ဘူး၊ ဗန်းမောက်နယ်မြေ၌ **စကြာမောင်** စစ်ဆင်ရေး၊ တောင်တွင်းကြီး၊ နတ်မောက်ဒေသတွင် **ဟေမာန်** စစ်ဆင်ရေး၊ တပ်မဟာ(၆)နယ်မြေတွင် **မြူ** စစ်ဆင်ရေး၊ မိုင်းကိုင်၊ မိုင်းနောင်၊ လဲချား တြိဂံနယ်မြေတွင် **သိန်းရဲ** စစ်ဆင်ရေး၊ မကွေး၊ ရမည်းသင်းနယ်စပ်တွင် **အောင်လံတော်** စစ်ဆင်ရေး၊ ပခုက္ကူခရိုင်တွင် **ပုံတောင်ရှင်** စစ်ဆင်ရေး၊ မောက်မယ်၊ မိုင်းပန်နယ်မြေတွင် **အောင်သီဟ** စစ်ဆင်ရေး၊ ဘောင်ဋူ၊ ညောင်လေးပင်နယ်မြေတွင် **အောင်မော်အေး** စစ်ဆင်ရေးများပြုလုပ်ပြီး ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်း တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း စစ်ဦးစီးချုပ်အဖြစ် တာဝန်

---

[၁] CD.171 **၁၉၅၇ခုနှစ်တပ်မတော်ညီလာခံတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏အစီရင်ခံစာ** မျက် ၁၂–၁၃

[၂] DR.8501 **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သမိုင်းအကျဉ်း၊ ၁၈၄၈–၈၄** မျက် ၂၃–၂၄

ထမ်းဆောင်ချိန်မှစ၍ လစ်လပ်လျက်ရှိသော ဒုတိယစစ်ဦးစီးချုပ်နေရာတွင် ၁၉၅၉ခုနှစ်၊ ဧပြီလမှစ၍ ဗိုလ်မှူးချုပ်အောင်ကြီးအား ဒုတိယကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်ထားခဲ့သည်။

၁၉၆၀ပြည့်နှစ်ဧပြီလတွင် ဗိုလ်ချုပ်ကြီးနေဝင်းက အိမ်စောင့်အစိုးရအာဏာကို ရွေးကောက်ပွဲတွင်အနိုင်ရရှိသည့် ဦးနု၏သန့်ရှင်းဖဆပလသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ပြီးနောက်၁၉၆၁ခုနှစ်အတွင်းတွင် တပ်မတော်သည် ပြည်ပကျူးကျော်သူတရုတ်ဖြူများအား **မဲခေါင်** စစ်ဆင်ရေး ကြီးဖြင့်လည်းကောင်း၊ ပြည်တွင်းသောင်းကျန်းမှုချေမှုန်းရေးအတွက် **အောင်လံတော်၊ မင်းမဟော်၊ မျိုးအောင်၊ မိုးကြိုး၊ သိန္ဓီ၊ အောင်ဝသုန်၊ ဂဠုန်၊ ရွှေတောင်၊ ဆင်ကျား၊ အောင်သိဒ္ဓိ၊ ဟေမာန်ဦး၊ ရန်ရှင်း၊ မုဆိုး** စသောစစ်ဆင်ရေးကြီးများဖြင့် လည်းကောင်း၊ နှိမ်နင်းတိုက်ခိုက်ခဲ့သည်။ ၁၉၆၁ခုနှစ် အောက်တိုဘာလတွင် တပ်မတော်(ကြည်း)စစ်တိုင်းကြီးများကို ဖွဲ့စည်းပုံဇယားအမှတ် ကဖ ၂က၆၁ အရ လက်ရုံးဝန်ထမ်းတပ်များအပါအဝင် အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းခဲ့သည်-

(က) **အနောက်မြောက်တိုင်းစစ်ဌာနချုပ်**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၁)တပ်မဌာနချုပ်၊ အမှတ်(၁)နှင့် အမှတ်(၁၀)ခြေလျင်တပ်မဟာဌာနချုပ်တို့ကို ဖျက်သိမ်း၍ ယင်းတိုင်း၊ တပ်မ၊ တပ်မဟာများမှ အင်အားများကို အခြေခံပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကို မန္တလေးမြို့တွင် ဖွဲ့စည်းခဲ့သည်။

(ခ) **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်**

အမှတ်(၄)၊(၆)၊(၉)ခြေလျင်တပ်မဟာများကို ဖျက်သိမ်း၍ ယင်းတပ်မဟာများမှအင်အားများကိုအခြေခံပြီး
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုတောင်ကြီး မြို့ တွင် ဖွဲ့စည်းခဲ့သည်။

(ဂ) **အရှေ့တောင်တိုင်းစစ်ဌာနချုပ်**

အမှတ်(၃)၊(၅)၊(၁၃)တပ်မဟာများကို ဖျက်သိမ်း၍ ယင်းတပ်မဟာများမှ အင်အားများကို အခြေခံပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကို မော်လမြိုင်မြို့တွင်ဖွဲ့စည်းခဲ့သည်။

(ဃ) **အနောက်တောင်တိုင်းစစ်ဌာနချုပ်**

နေပြည်တော်စစ်ဌာနချုပ်၊ အမှတ်(ဂ)နှင့် အမှတ်(၁၂)ခြေလျင်တပ်မဟာဌာနချုပ်များကို ဖျက်သိမ်း၍ ယင်းတပ်မဟာများမှ အင်အားများကိုအခြေခံပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်ကို ပုသိမ်မြို့၌ ဖွဲ့စည်းခဲ့သည်။

(င) **အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်မဟာ(၂)ကိုဖျက်သိမ်း၍ ယင်းတိုင်းနှင့် တပ်မဟာတို့မှ အင်အားများကို အခြေခံပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုမင်္ဂလာဒုံ၌ ဖွဲ့စည်းခဲ့သည်။

(စ) အမှတ်(၇)ခြေလျင်တပ်မဟာဌာနချုပ်ကို မြစ်ကြီးနား၌ ဆက်လက်ထားရှိပြီး အမှတ်(၁၁)ခြေလျင်တပ်မဟာဌာနချုပ်ကို ဘားအံမြို့၌ ဆက်လက်ထားရှိခဲ့သည်။[၁]

၁၉၆၂ခုနှစ်၊အောက်တိုဘာလ၁ရက်နေ့တွင် ပြည်ထောင်စုစစ်ရဲဌာနချုပ်နှင့်စစ်ရဲတပ်ရင်းများအားလုံးကိုဖျက်သိမ်း၍ ခြေလျင်တပ်ရင်းများအဖြစ်ပြင်ဆင်ဖွဲ့စည်းပြီး တပ်မတော်အတွင်းသို့ သွတ်သွင်းခဲ့သည်။ ခြေလျင်တပ်ရင်း အမှတ်(၃၂)မှ(၅၈)အထိ တပ်ရင်း(၂၇)ရင်းမှာ ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခဲ့သော ခြေလျင်တပ်ရင်းများဖြစ်ပေသည်။[၂]

---

[၁] DR.8501 ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ သမိုင်းအကျဉ်း၊ ၁၉၄၈–၈၄ မျက် ၂၆–၂၇

[၂] DR.8499 **An Administrative History of the Armed Forces in Burma Vol. II.** pp 761-762

# အခန်း ( ၆ )
## တပ်မှူးများညီလာခံ

၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်ပါတီတောခိုပြီးနောက် ပြည်တွင်းဆူပူသောင်းကျန်းမှုများ တစ်စတစ်စပြင်းထန်လာရာမှ ၁၉၄၈ ခုနှစ်ကုန်ပိုင်းတွင် ကေ၊ အင်၊ ဒီ၊ အို[၁] များကလည်း ဆူပူထကြွလာသည်။ ကေ၊ အင်၊ ဒီ၊ အိုများသည် မအူပင်တွင် ငွေတိုက်ဖောက် ကြပြီး အင်းစိန်တွင်လက်နက်များကိုသိမ်းသည်။ နိုင်ငံတော်အစိုးရက ကရင်မြန်မာလူမျိုးရေး ပြဿနာကြီးထွားလာမည်ကို စိုးရိမ်၍ အနုနည်းနှင့်ဖြေရှင်းရန် နည်းလမ်းရှာ၍ ကေ၊အင်၊ဒီ၊အို ခေါင်းဆောင် စောဘဦးကြီးနှင့်တွေ့ဆုံဆွေးနွေးကာ အေးချမ်းသာယာသောနည်းဖြင့် ဖြေရှင်းရေးကို ကြိုးပမ်းခဲ့သည်။ သို့သော် ၁၉၄၉ ခုနှစ်ဆန်းတွင် ကေ၊ အင်၊ ဒီ၊ အို သောင်းကျန်းမှုသည် ပွင့်လင်းစွာ ပေါ်ပေါက်ခဲ့ပြီး၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကေ၊အင်၊ဒီ၊အိုတို့သည် ပုသိမ်မြို့ကို တိုက်ခိုက်ကြသည်။[၂]

ဤသို့ ကေ၊အင်၊ဒီ၊အိုအရေးအခင်း တစ်စတစ်စ ကြီးထွားလာသောကြောင့် ၁၉၄၉ ခုနှစ်ဇန်နဝါရီလ ၃၁ ရက်နေ့တွင်စစ်သေနာပတိချုပ်ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဒုတိယဗိုလ်မှူးကြီးနှင့်အထက်အဆင့်ရှိများသည် ပြည်ထောင်စုစစ်ရုံး[၃]၌ ဆူပူသောင်းကျန်းမှုများနှင့် ပတ်သက်၍ အစည်းအဝေးတစ်ရပ် ကျင်းပကြသည်။ အစည်းအဝေးမှ တပ်မတော်သည် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်နိုင်ငံတော်အစိုးရအပေါ် သစ္စာစောင့်သိရန်၊ လူမျိုးရေးအဓိကရုဏ်းများ မပေါ်ပေါက်အောင်တားဆီးရန် ဆုံးဖြတ်ကြသည်။[၄] ထိုပြင်ယင်းအစည်းအဝေး၌ "လက်နက်ကိုင်စစ်တပ်များနှင့်တိုင်းပြည်အခြေအနေ" ဟူသောစာတမ်းကိုဖြန့်ဝေပြီး ဆွေးနွေးကြသည်။ ယင်းအစည်းအဝေးမှာ နောင်တွင်ကျင်းပပြုလုပ်မည့် တပ်မှူးများညီလာခံ၏ ရှေ့ပြေးပင်ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပေသည်။

ယင်းအစည်းအဝေးအပြီး နောက်တစ်နေ့ဖြစ်သော ၁၉၄၉ ခု၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကရင်တပ်များထံမှ လက်နက်သိမ်းပြီး တပ်မတော်အတွင်းရှိ ကရင်အရာရှိ၊ အကြပ်၊ တပ်သားများအား ခွင့်ရက်ရှည်ပေးခဲ့သည်။ စစ်ဦးစီးချုပ်တာဝန်ကိုဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း ကဒုတိယဗိုလ်ချုပ်ကြီးရာထူးဖြင့် တာဝန်ယူထမ်းဆောင်ခဲ့သည်။[၅]

---

၁ KNDO (Karen National Defence Organization)

၂ ဒေါက်တာမောင်မောင်- **မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၁၃-၃၁၄

၃ ကိုစဉ်ကအခေါ်အဝေါ်အတိုင်းဖော်ပြထားသည်။

၄ DR. 859 **၁၉၄၉ ခုနှစ်၊ ဇန်နဝါရီ(၃)ရက်နေ့တွင် ကျင်းပသောတပ်မှူးများအစည်းအဝေးမှတ်တမ်း။**

၅ ဒေါက်တာမောင်မောင်၊ **မြန်မာနိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း** မျက်- ၃၁၅

ဗိုလ်ချုပ်ကြီးနေဝင်း စစ်ဦးစီးချုပ်တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စစ်ရုံး၌ တပ်မှူးများညီလာခံကျင်းပခဲ့သည်။ ၁၉၅၀ပြည့်နှစ် တပ်မှူးများ ညီလာခံ၏ထူးခြားချက်မှာ ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ၂၀ရက်နေ့တွင်တစ်ကြိမ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်တစ်ကြိမ်၊ ဇန်နဝါရီလ၂၆ရက်နေ့တွင်တစ်ကြိမ်၊ ဇန်နဝါရီလ၂၇ရက်နေ့နှင့်၃၀ရက်နေ့ တွင်တစ်ကြိမ် စီစုစုပေါင်း(၆)ကြိမ်တိုင်တိုင် အဖွဲ့လိုက် လူမျိုးစုအလိုက် တပ်မှူးများနှင့် မျက်နှာစုံညီ အစည်းအဝေး ကျင်းပခဲ့သည်။ [၁]

၁၉၅၀ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသောတပ်မှူးများညီလာခံ ပထမအကြိမ်အစည်းအဝေးတွင် အောက်ပါပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြသည်–

| | | | |
|---|---|---|---|
| ဗိုလ်ချုပ်ကြီး | နေဝင်း | စစ်သေနာပတိချုပ် | သဘာပတိ |
| ဗိုလ်မှူးကြီး | ကျော်ဝင်း | စစ်ရေးနှင့်စစ်ထောက်ချုပ် | |
| ဗိုလ်မှူးကြီး | ကျော်ဇော | တောင်ပိုင်းတိုင်းစစ်ဌာနချုပ် | |
| ဒုတိယဗိုလ်မှူးကြီး | လှအောင် | စစ်ဦးစီးအရာရှိ(ပ) | |
| ဒုတိယဗိုလ်မှူးကြီး | ဘသန်း | လက်ထောက်စစ်ရေးချုပ် | |
| ဒုတိယဗိုလ်မှူးကြီး | တင်မောင် | တပ်ရင်းမှူး၊ အမှတ်(၂)ခြေလျင်တပ်ရင်း | |
| ဒုတိယဗိုလ်မှူးကြီး | ကျော်စိုး | လေ့ကျင့်ရေးတပ်ရင်းမှူး | |
| ဒုတိယဗိုလ်မှူးကြီး | စိန်ဝင်း | တပ်ရင်းမှူး၊ ခြေလျှင်တပ်ရင်း(၁) | |
| ဒုတိယဗိုလ်မှူးကြီး | ကင်ပင်နက် | တပ်ရင်းမှူး၊ ခြေလျှင်တပ်ရင်း(၄) | |
| ဒုတိယဗိုလ်မှူးကြီး | ကြည်မောင် | ပြည်ထောင်စုအရံတပ်ရင်းမှူး | |
| ဗိုလ်မှူး | တင့်ဆွေ | ဒုတိယလက်ထောက်စစ်ထောက်ချုပ် | |
| ဗိုလ်မှူး | မောင်ဘို | စစ်ဦးစီးအရာရှိ(ဒု)အတွင်းရေးမှူး | |

အဆိုပါအစည်းအဝေးတွင် ရာထူးတိုးမြှင့်ရေးကိစ္စ၊ တပ်ရင်းမှူးများမှ တင်ပြသည့် အကြောင်းအချက်များ၊တပ်များ၏အခက်အခဲပြဿနာများကိုဆွေးနွေးညှိနှိုင်းကြသည်။ တပ်ရင်းမှူး များမှ တင်ပြသည့် အခက်အခဲပြဿနာများကို စစ်ဦးစီးဌာနကိုယ်စား ဒုတိယဗိုလ်မှူးကြီးလှအောင် က လည်းကောင်း၊ စစ်ရေးချုပ်ဌာန ကိုယ်စား ဒုတိယဗိုလ်မှူးကြီးဘသန်း က လည်းကောင်း၊ စစ်ထောက်ချုပ် ကိုယ်စား ဗိုလ်မှူးတင့်ဆွေ ကလည်းကောင်း ပြန်လည်ဖြေကြားကြသည်။

---

[၁] CD.350 ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းကျင်းပခဲ့သော တပ်မှူးများညီလာခံ အစည်းအဝေးမှတ်တမ်း ။

၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တပ်မှူးများညီလာခံ ဒုတိယနေ့ အစည်းအဝေး ကို ဆက်လက်ကျင်းပသည်။ ထိုအစည်းအဝေးသို့–

| | |
|---|---|
| ဗိုလ်ချုပ်ကြီး | နေဝင်း |
| ဗိုလ်မှူးကြီး | ကျော်ဝင်း |
| ဗိုလ်မှူးကြီး | ကျော်ဇော |
| ဒုတိယဗိုလ်မှူးကြီး | လှအောင် |
| ဒုတိယဗိုလ်မှူးကြီး | ဘသန်း |
| ဒုတိယဗိုလ်မှူးကြီး | အောင်ရွှေ |
| ဒုတိယဗိုလ်မှူးကြီး | ထင်နန်း(ဃိန်နန်း) |
| ဒုတိယဗိုလ်မှူးကြီး | ဆန်ကိုပေါ |
| ဗိုလ်မှူး | ဗန်ကူးလ် |
| ဗိုလ်မှူး | ဘို |

တို့တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဗိုလ်မှူးဗန်ကူးလ်၊ ဒုတိယဗိုလ်မှူးကြီးဆန်ကိုပေါ၊ ဒုတိယဗိုလ်မှူးကြီးထင်နန်းတို့က စစ်ဦးစီးဌာန၊ စစ်ရေးဌာန၊ စစ်ထောက်ဌာနများနှင့်သက်ဆိုင်သည့် တပ်ရင်းများ၏အခက်အခဲအခြေအနေလိုအပ်ချက်များကို တင်ပြကြပြီး စစ်ဦးစီးဌာန၊ စစ်ရေးချုပ်ဌာန၊ စစ်ထောက်ချုပ်ဌာနကိုယ်စားလှယ်များက ပြန်လည်ဖြေကြားသည်။ အစည်းအဝေးမှ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရန်၊ ကြင်နာစိတ်၊ စာနာစိတ်ထားရန်၊ ကူညီရိုင်းပင်းစိတ်ရှိကြရန် မှာကြားသည်။

၁၉၅၀ပြည့်နှစ်၊ဇန်နဝါရီလ၂၆ရက်နေ့တွင် တပ်မှူးများမျက်နှာစုံညီအစည်းအဝေး တတိယနေ့ကိုဆက်လက်ကျင်းပသည်။ အစည်းအဝေးသို့ စစ်ရုံးဦးစီးအရာရှိများအပြင် အောက်ပါ အရာရှိများ တက်ရောက်ကြသည်–[၁]

| | | |
|---|---|---|
| ဗိုလ်မှူးကြီး | ကျော်ဇော | တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဒုတိယဗိုလ်မှူးကြီး | တင်ဦး | ခေတ္တအမှတ်(၂)တပ်ပေါင်းဌာနချုပ်မှူး |
| ဒုတိယဗိုလ်မှူးကြီး | ချစ်မြိုင် | သေနတ်ကိုင်တပ်ရင်း(၃)တပ်ရင်းမှူး |
| ဒုတိယဗိုလ်မှူးကြီး | သန်းစိန် | ခြေလျင်တပ်ရင်း(၂)တပ်ရင်းမှူး |
| ဒုတိယဗိုလ်မှူးကြီး | ကြည်ဝင်း | သေနတ်ကိုင်တပ်ရင်း(၄)တပ်ရင်းမှူး |
| ဗိုလ်မှူး | စောမြင့် | သေနတ်ကိုင်တပ်ရင်း(၅)တပ်ရင်းမှူး |

---

[၁] CD.350 ၁၉၅၀ပြည့်နှစ်ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းကျင်းပခဲ့သော တပ်မှူးများအစည်းအဝေး မှတ်တမ်း ။

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသော တပ်ရင်းမှူးများ မျက်နှာစုံညီ အစည်းအဝေးစတုတ္ထနေ့သို့ စစ်ရုံးဦးစီးအရာရှိများအပြင် အောက်ပါအရာရှိများတက်ရောက်ကြသည်–

| | | |
|---|---|---|
| ဗိုလ်မှူးကြီး | ဘလိတ် | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဒုတိယဗိုလ်မှူးကြီး | ဇော်ဂေါင်း | ကချင်တပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | နော်တောင်း | ကချင်တပ်ရင်း(၃) |
| ဒုတိယဗိုလ်မှူးကြီး | ခွန်နောင် | အရေးပေါ်ကချင်တပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | အာဂူဒီ | အရေးပေါ်ကချင်တပ်ရင်း(၂) |

ဇန်နဝါရီလ၃၀ရက်နေ့တွင် တပ်ရင်းမှူးများ မျက်နှာစုံညီအစည်းအဝေးပဉ္စမနေ့ကို ဆက်လက်ကျင်းပကြရာ စစ်ရုံးဦးစီးအရာရှိများအပြင် အောက်ပါအရာရှိကြီးများ တက်ရောက်ကြသည်–

| | | |
|---|---|---|
| ဗိုလ်မှူးကြီး | ဘလိတ် | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဗိုလ်မှူးကြီး | ဒါလ်ဇခမ် | အရေးပေါ်ကချင်တပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | လင်ချင်ဇမ် | သေနတ်ကိုင်ချင်းတပ်ရင်း(၃) |
| ဗိုလ်မှူး | စောအုံ | သေနတ်ကိုင်ရှမ်းတပ်ရင်း(၁) |

ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင် တပ်ရင်းမှူးများမျက်နှာစုံညီ အစည်းအဝေးဆဋ္ဌမနေ့ကို ဆက်လက်ကျင်းပသည်။ အစည်းအဝေးသို့ စစ်ရုံးဦးစီးအရာရှိများအပြင် အောက်ပါအရာရှိကြီးများ တက်ရောက်ကြသည်–

| | | |
|---|---|---|
| ဗိုလ်မှူးကြီး | ဘလိတ် | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဒုတိယဗိုလ်မှူးကြီး | ထွန်းစိန် | သေနတ်ကိုင်ဗမာတပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | သောင်းကြည် | သေနတ်ကိုင်ဗမာတပ်ရင်း(၂) |
| ဒုတိယဗိုလ်မှူးကြီး | တင်ဖေ | ဗိုလ်သင်တန်းကျောင်း |
| ဒုတိယဗိုလ်မှူးကြီး | စန်းယု | အရေးပေါ်ကရင်နီတပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | အောင်ကြီး | စစ်ဝန်ထမ်းဌာနချုပ် |
| ဗိုလ်မှူး | မောင်ရှိန် | အင်ဂျင်နီယာသင်ကျောင်း |

အထက်ဖေါ်ပြပါ တပ်ရင်းမှူးများမျက်နှာစုံညီအစည်းအဝေးများတွင် တပ်ရင်းမှူးများက စစ်ဦးစီးဆိုင်ရာကိစ္စရပ်များ၊ စစ်ရေးချုပ်ဌာနဆိုင်ရာကိစ္စရပ်များ၊ စစ်ထောက်ချုပ်ဌာနဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။ အထူးသဖြင့် တပ်များအရည်အသွေး မြင့်မားအောင် လေ့ကျင့်ရေး၊ လက်နက်နှင့်ခဲယမ်းမီးကျောက်များ ပြည့်စုံစွာရရှိရေး၊ စစ်ဝတ်တန်ဆာများ ပြည့်စုံစွာ ရရှိရေး၊ သက်သာချောင်ချိရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ပြီးမြောက်ရေးအတွက် စစ်ရုံးတွင်

လူအင်အားဖြည့်တင်းရေး၊ လူမျိုးစုတပ်ရင်းများအရေးတို့ကို တင်ပြဆွေးနွေးကြသည်။ [၁]

၁၉၅၁ခုနှစ် တပ်မှူးများညီလာခံကို မတ်လ၂၈ရက်နေ့မှ၃၀ရက်နေ့အထိ စစ်ရုံး၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့-

| | | |
|---|---|---|
| ဗိုလ်ချုပ်ကြီး | နေဝင်း | စစ်သေနာပတိချုပ်၊ သဘာပတိ |
| ဗိုလ်မှူးချုပ် | ဘလိတ် | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဗိုလ်မှူးချုပ် | လှအောင် | တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး |
| ဗိုလ်မှူးကြီး | ကျော်ဝင်း | စစ်ရေးချုပ်၊ စစ်ရုံး |
| ဗိုလ်မှူးကြီး | ချစ်မြိုင် | ခြေမြန်တပ်မဟာ(၂)မှူး |
| ဗိုလ်မှူးကြီး | ခွန်နောင် | ခြေမြန်တပ်မဟာ(၄)မှူး |
| ဒုတိယဗိုလ်မှူးကြီး | စိန်ဝင်း | ခြေမြန်တပ်မဟာ(၃)မှူး |
| ဒုတိယဗိုလ်မှူးကြီး | မောင်ဘို | စစ်ဦးစီးအရာရှိ(ပ)စစ်ရုံး |
| ဒုတိယဗိုလ်မှူးကြီး | ဘသန်း | လက်ထောက်စစ်ရေးချုပ်၊ စစ်ရုံး |
| ဒုတိယဗိုလ်မှူးကြီး | မြင့်ဟန် | လက်ထောက်စစ်ထောက်ချုပ်၊ စစ်ရုံး |
| ဒုတိယဗိုလ်မှူးကြီး | ခင်ညို | စစ်ရာထူးခန့်အတွင်းဝန်၊ စစ်ရုံး |
| ဒုတိယဗိုလ်မှူးကြီး | သိန်းမောင် | လက်ထောက်စစ်ရေးနှင့်စစ်ထောက်ချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ဒုတိယဗိုလ်မှူးကြီး | လှမော် | တပ်ရင်းမှူး၊ သေနတ်ကိုင်တပ်ရင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | မောင်ဝင်း | တပ်ရင်းမှူး၊ သေနတ်ကိုင်တပ်ရင်း(၂) |
| ဒုတိယဗိုလ်မှူးကြီး | ကြည်ဝင်း | တပ်ရင်းမှူး၊ သေနတ်ကိုင်တပ်ရင်း(၄) |
| ဒုတိယဗိုလ်မှူးကြီး | စောမြင့် | တပ်ရင်းမှူး၊ သေနတ်ကိုင်တပ်ရင်း(၅) |
| ဒုတိယဗိုလ်မှူးကြီး | တင်ဦး | တပ်ရင်းမှူး၊ သေနတ်ကိုင်တပ်ရင်း(၆) |
| ဒုတိယဗိုလ်မှူးကြီး | ခင်ဇာမုံ | တပ်ရင်းမှူး၊ ချင်း(၁) |
| ဒုတိယဗိုလ်မှူးကြီး | အေးမောင် | တပ်ရင်းမှူး၊ ခြေလျင်တပ်ရင်း(၃) |
| ဒုတိယဗိုလ်မှူးကြီး | ဖေသက် | တပ်ရင်းမှူး၊ ခြေလျင်တပ်ရင်း(၆) |
| ဒုတိယဗိုလ်မှူးကြီး | အောင်ကြီး | တပ်ရင်းမှူး၊ ခြေလျင်တပ်ရင်း(၇) |
| ဒုတိယဗိုလ်မှူးကြီး | ဗန်ကူးလ် | တပ်ရင်းမှူး၊ ချင်း(၂) |
| ဒုတိယဗိုလ်မှူးကြီး | အယ်လ်နော်လ် | တပ်ရင်းမှူး၊ အရေးပေါ်ချင်း(၁) |

---

[၁] CD.350 **၁၉၅၀ပြည့်နှစ်ဇန်နဝါရီလနှင့်ဖေဖေါ်ဝါရီလအတွင်းကျင်းပခဲ့သော တပ်မှူးများညီလာခံအစည်း အဝေးမှတ်တမ်း။**

| | | |
|---|---|---|
| ဗိုလ်မှူး | စိုးလှိုင် | တပ်ရင်းမှူး၊ ရှမ်း(၁) |
| ဗိုလ်မှူး | မောင်မောင် | စစ်ဦးစီးအရာရှိ(ဒုတိယတန်း၊ တာဝန်နှင့်စီမံရေး)အတွင်းရေးမှူး |

တို့တက်ရောက်ကြသည်။ [၁]

၁၉၅၁ခုနှစ် တပ်မှူးများညီလာခံတွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မှူးများအား အဖွင့်မိန့်ခွန်းမြွက်ကြားရာတွင် တပ်မှူးများ၏အဓိကတာဝန်မှာ စစ်ဆင်ရေးအောင်မြင်မှုပင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးအောင်မြင်မှု ရရှိအောင်ကြိုးပမ်းရာတွင် တပ်မှူးများကြုံတွေ့ရသည့် အခက်အခဲများကို ဤညီလာခံသို့တင်ပြရန်လိုအပ်ကြောင်း၊ သို့မှသာယင်းအခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိစစ်ရုံး၏ဖွဲ့စည်းပုံအင်အားမှာ တပ်ရင်း(၁၀)ရင်းစာအတွက်သာ ရည်ရွယ်၍ရေးဆွဲထားသည့်ဖွဲ့စည်းပုံအဟောင်းဖြစ်ကြောင်း၊ ဗမာ့တပ်မတော်တွင်တပ်ရင်းများ တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ ယခုတပ်ရင်း(၂၆)ရင်းအထိ တိုးတက်ခဲ့သောကြောင့် စစ်ရုံးရှိ လူအင်အားနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ဝန်နှင့်အားမမျှတဘဲဖြစ်နေကြောင်း၊ ထို့ကြောင့် စစ်ရုံးအနေဖြင့် အရေးတကြီးနှင့်အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် မလိုလားအပ်သည့်နှောင့်နှေးကြန့်ကြာမှုများ တစ်ခါတရံပေါ်ပေါက်ခဲ့ရကြောင်း၊ ယခုအခါ စစ်ရုံးပြန်လည်ဖွဲ့စည်းရေးကို စဉ်းစားနေပြီဖြစ်၍ မကြာမီ ယင်းအခက်အခဲများပပျောက်သွားမည်ဖြစ်ကြောင်း၊ တပ်မှူးများအနေဖြင့် စစ်ရဲတပ်၊ ရဲတပ်ဖွဲ့၊ PGF [၂]၊ သစ္စာရှိကရင်တပ်ဖွဲ့များ၊ ရေတပ်၊ လေတပ်တို့နှင့်တွဲဖက်၍ စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ အခက်အခဲများနှင့် ရင်ဆိုင်တွေ့ရသည်ကို သိရှိနားလည်ကြောင်း၊ ယင်းကိစ္စများကိုလည်း သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး အခက်အခဲများပပျောက်သွားအောင်ဖြေရှင်းပေးမည်ဖြစ်ကြောင်း အကျယ်တဝင့်မိန့်ကြားပါသည်။

၁၉၅၁ခုနှစ် တပ်မှူးများညီလာခံမှ ရဲတပ်ဖွဲ့အား လက်နက်များ ပိုမိုကောင်းမွန်အောင် တပ်ဆင်ရေး၊ PGF များ၊ သစ္စာရှိကရင်တပ်ဖွဲ့များအားဖျက်သိမ်းရေး၊ ကွန်မြူနစ်ဟုယုံမှားသံသယရှိသူများ၊ လက်နက်ချကွန်မြူနစ်များနှင့် ဖမ်းဆီးရမိသူများအရေးကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။ [၃]

---

[၁] CD.340 **Minutes of the Commanders' Conference held at the War Office on 28th, 29th, 30th March 1951.**

[၂] People's Guerilla Forces.

[၃] CD.349 **Minutes of the Commanders' Conference held at the War Office on 28th, 29th, 30th March 1951.**

ထို့ပြင် ခြေလျင်တပ်ရင်း(၁၀)ရင်းထပ်မံတိုးချဲ့ဖွဲ့စည်းရေး၊ ခြေလျင်တပ်ရင်းများတွင် တပ်ခွဲ(၆)ခွဲ တိုးချဲ့ရာမှ လူအင်အားမပြည့်တင်းနိုင်မီ ကာလအတွင်းမူလအတိုင်း တပ်ခွဲ(၄)ခွဲသို့ ပြန်လည်ထားရှိရေးကို ဆွေးနွေးပြီး လက်နက်ခဲယမ်းမီးကျောက်များအခြေအနေကို စစ်ဦးစီးအရာရှိ(ပ)စစ်ရုံးကလည်းကောင်း၊ လက်နက်ခဲယမ်းမီးကျောက်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို လက်ထောက်စစ်ထောက်ချုပ်၊စစ်ရုံးကလည်းကောင်း ရှင်းလင်းတင်ပြပါသည်။ ထို့နောက် လက်နက်ခဲယမ်းများကိစ္စ၊ အရာရှိများအား ကိုယ်ပိုင်ကိုင်ဆောင်ရန် လက်နက်ထုတ်ပေးရေးကိစ္စ၊ ဝိုင်ယာလက်စက်များ ထုတ်ပေးရေးကိစ္စ၊ အရာရှိငယ်သင်တန်းကိစ္စ၊ ခွင့်ကိစ္စပင်စင်ကိစ္စ၊ Provident Fund (အိုနာစာရံပုံငွေ)၊ ဒဏ်ရာရ စစ်သည်များအတွက် ခြေတုလက်တုရရှိရေးကိစ္စ၊ ဆေးခုံရုံးဖြင့် နုတ်ထွက်ရသူများကိစ္စ၊ ရန်ကုန်တပ်ရင်း Union Auxiliary Force ကိစ္စ၊ တပ်မှူးများ တပ်မတော်ဆိုင်ရာကိစ္စများကို ဆုံးဖြတ်ရာတွင် မဲစနစ် သုံးသင့်မသင့်ကိစ္စနှင့် အခြားအထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက နိဂုံးချုပ်မိန့်ခွန်းမြွက်ကြားရာတွင် စစ်ရုံးနှင့်တပ်ရင်းတပ်ဖွဲ့များအကြား လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ချောမောပြေပြစ်ရန် လိုအပ်ကြောင်း၊ ဗမာ့တပ်မတော်မှာ အခက်အခဲများကြားမှ အတွေ့အကြုံများကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ခဲ့ရသည့်တပ်မတော်ဖြစ်၍ အမှားများကြုံတွေ့နိုင်ကြောင်း၊ ယင်းအမှားများကို သင်ခန်းစာယူပြီးအမှန်ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်ရုံးအနေဖြင့် လူအင်အားနည်းသော်ငြားလည်း တပ်ရင်းများဆိုင်ရာလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း၊ တစ်ခါတစ်ရံ စစ်ရုံးအနေဖြင့် အမှားများ၊ နှောင့်နှေးကြန့်ကြာမှုများ ပေါ်ပေါက်နိုင်၍ တပ်မှူးများမှသည်းခံရန်လိုကြောင်း၊ စစ်ရုံး ရုံးထိုင်အရာရှိများနှင့် တပ်ရင်းအရာရှိများကို နေရာလွှဲပြောင်းခန့်ထားလိုသော်လည်း လုပ်ငန်းသဘောအရ ယင်းသို့လုပ်ကိုင်ဆောင်ရွက်ရန် မဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားပါသည်။[၁]

၁၉၅၂ခုနှစ် တပ်မှူးများညီလာခံကို ၁၉၅၂ခုနှစ်ဇူလိုင်လ(၂၁)ရက်နေ့မှ(၂၆)ရက်နေ့အထိ စတီးရိပ်သာ[၂]တွင် ကျင်းပရာစစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအမှူးပြုသည့် တပ်မှူးများ တက်ရောက်ကြသည်။[၃] ၁၉၅၂ခုနှစ်၊ တပ်မှူးများညီလာခံတွင် ယခင်နှစ်များက

---

[၁] CD.349 **Minutes of the Commanders Conference at the War Office on 28th, 29th, 30th March 1951.**

[၂] ယခင်ဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

[၃] Military Mission to India and Pakistan ဗိုလ်ချုပ်မောင်မောင်ဖိုင်တွဲ၊ ဗိုလ်မှူးကြီးအောင်ကြီးမှ ဗိုလ်မှူးကြီးမောင်မောင်သို့ပေးစာ။

ကဲ့သို့တိုက်ခိုက်မှုသာ အဓိကထားစဉ်းစားရန်မဟုတ်ဘဲ တပ်မတော်နှင့်ပတ်သက်သည့် အခြားကိစ္စများပါ ထည့်သွင်းစဉ်းစားမည်ဖြစ်၍ ခြေလျင်တပ်ရင်းမှူးများ၊ တပ်ထောက်ဌာနနှင့်တပ်ရေးဌာနလက်အောက်ခံ တပ်မှူးများပါ တက်ရောက်ကြသည်။ [၁]

၁၉၅၂ ခုနှစ် တပ်မှူးများညီလာခံတွင် စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီးဇနေဝင်းက မိန့်ခွန်းမြွက်ကြားရာ၌ တပ်မှူးများအားမိမိတို့ကြုံတွေ့ရသော ပြဿနာများ၊ပေးလိုသောအကြံဉာဏ်များကို ပေးရန်၊ လုပ်ငန်းများအပေါ် ဝေဖန်ရာ၌အပြုသဘော ဝေဖန်ရေး၊ တပ်မှူးများအနေဖြင့် တာဝန်ကို တင်းပြည့်ကျပ်ပြည့်ဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့်တစ်ဆက်တည်း တစ်ပြေးတည်း အမြဲလက်တွဲသွားရန်၊ လူထု၏ကြည်ညိုလေးစားအားကိုးမှု ရရှိရေးအတွက် တာဝန်ကျေအောင်ဆောင်ရွက်ရန်၊ "ငါးခုံးမတစ်ကောင်ကြောင့်တစ်လှေလုံးပုပ်" ရမည့်အပြုအမူမျိုးကိုရှောင်ကြဉ်ရန်၊ ပြည်သူလူထုနှင့်ဆက်ဆံရာ၌မောက်မာသည့်အပြုအမူမျိုးကို ရှောင်ကြဉ်ရန်စသည့် အချက်များအပြင် စစ်စည်းကမ်းဆိုင်ရာအချက်အလက်များ၊ စစ်ပညာသင်ကြားရေး(Training) ကိစ္စရပ်များ၊ စစ်ဦးစီးဌာန၊ စစ်ရေးဌာန၊ စစ်ရာထူးခန့်အတွင်းဝန်ဌာနနှင့်စစ်ထောက်ဌာနဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းမိန့် ကြားပါသည်။ [၂]

၁၉၅၂ ခုနှစ်တပ်မှူးများညီလာခံတွင်–

(က) စီးပွားရေးတိုးတက်မှုရည်မှန်းချက်အဆို၊
(ခ) ဖွံ့ဖြိုးခြင်းမရှိသေးသည့်ဒေသများတွင် ဘဝသစ်ဖန်တီးရေးအဆို၊
(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး(၅)နှစ်စီမံကိန်းအဆို၊
(ဃ) ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်း၊
(င) ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအဆို၊
(စ) ကျန်းမာရေးစီမံကိန်း၊
(ဆ) လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအဆို၊
(ဇ) သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးအဆို၊

များကို တင်သွင်းဆွေးနွေးကြသည်။ [၃]ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်များမှ မေးမြန်းသည့်မေးခွန်းများကို သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ က ဖြေကြားရှင်းလင်းကြသည်။

---

[၁] CD.351 တပ်မှူးများ၏၁၉၅၂ညီလာခံတွင် စစ်သေနာပတိချုပ်၊ မဟာသီရိသုဓမ္မဗိုလ်ချုပ်ကြီးနေဝင်း၏မိန့်ခွန်း

[၂] CD.351 တပ်မှူးများ၏၁၉၅၂ညီလာခံတွင် စစ်သေနာပတိချုပ်၊ မဟာသီရိသုဓမ္မဗိုလ်ချုပ်ကြီးနေဝင်း၏မိန့်ခွန်း

[၃] CD.351 ၁၉၅၂ဇူလိုင်လ(၂၁)ရက်နေ့တပ်မှူးများညီလာခံမှတ်တမ်းများ။

၁၉၅၃ ခုနှစ်၊ တပ်မှူးများညီလာခံကို ဩဂုတ်လ ၂၄ ရက်နေ့တွင် စစ်ရုံး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့်တစ်ကွ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်း အမှူးပြုသည့် တပ်မှူးများတက်ရောက်ကြသည်။

၁၉၅၃ ခုနှစ်၊တပ်မှူးများညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု နှင့် ကာကွယ်ရေးဝန်ကြီးတို့မိန့်ခွန်း မြွက်ကြားပြီး နောက်စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မှူးများညီလာခံ၏ရည်ရွယ်ချက်အဖြစ်–

> " ကိစ္စတစ်ခုကိုဆောင်ရွက်တယ်ဆိုလို့ရှိရင်တိုးတက်မှုရှိသလား၊ ဆုတ်ယုတ်မှုရှိသလား၊အရှုံးထက်အမြတ်ဘယ်ဘက်အလေးတင်နေသလဲ သင့်တော်တဲ့အချိန်အတွင်းမှာ ပြန်လှန်ဆန်းစစ်ဘို့လိုတယ်၊ ဒီလိုလုပ်မှလည်း မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး ဘယ်ရောက်နေတယ်ဆိုတာကို အခြေမှန်သိလိမ့်မယ်၊ ဒီလိုအခြေမှန်သိတော့မှလည်းတိုးတက်နေရင်လည်းပိုတိုးတက်အောင်၊ ဆုတ်ယုတ်နေရင်လည်း ချွတ်ယွင်းချက်ရှာပြီး အချိန်မီသင့်တော်သလိုပြုပြင်ဆောင်ရွက်မှ လုပ်ငန်းဟာ မဆုတ်မယုတ် မပျက်မစီးဘဲ အစဉ်တစိုက်တည်မြဲမှု၊ အောင်မြင်မှု၊ တိုးတက်မှုတွေကို ရှေးရှု့သွားနေလိမ့်မယ် ။ "
>
> " အဲဒီလိုဘဲ ကုန်ခဲ့တဲ့နှစ်က တပ်မတော်ရဲ့လုပ်ငန်းတွေကိုပြန်သုံးသပ်ပြီးကောင်းတာတွေ့ရင်လည်း ကောင်းသထက် ကောင်းအောင်၊ ညံ့တာတွေ့ရင်လည်း အနာသိ ဆေးရှိဆိုတာလို ညံ့ရတဲ့အကြောင်းရှာပြီး အချိန်မီကုစားနိုင်ဘို့ဟာဖြင့် ဒီညီလာခံရဲ့ ပထမရည်ရွယ်ချက်ဘဲ ။ "
>
> " ဒုတိယရည်ရွယ်ချက်ကတော့ လာမည့်နှစ်မှာ တပ်မတော်ရဲ့ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို တပ်မှူးတွေနှင့်တိုင်ပင်ပြီးလုပ်ငန်းလမ်းစဉ်ချဘို့ပဲ။ "

ဟူ၍မိန့်ကြားသည်။[၁]

စစ်သေနာပတိချုပ်က ဆက်လက်၍စစ်ဆင်ရေးကိစ္စများ၊ စစ်ဦးစီးဌာနဆိုင်ရာကိစ္စရပ်များ၊ စစ်ရာထူးခန့်အတွင်းဝန်ဌာနဆိုင်ရာ အရာရှိလောင်းရွေးချယ်ရေးကိစ္စရပ်များ၊ စစ်ရေးဌာနနှင့်စစ်ထောက်ဌာနများဆိုင်ရာ ကိစ္စများ၏ လစ်ဟင်းချက်များ၊ ပြုပြင်ရန်လိုအပ်ချက်များကို ညွှန်ပြမိန့်ကြားပါသည်။ ထို့နောက်အရာရှိများအားလုပ်ငန်းများတွင် ပါးစပ်နှင့်ခိုင်းယုံ မဟုတ်ဘဲကိုယ်တိုင်ကိုယ်ကျဦးဆောင်လုပ်ကိုင်ခြင်းဖြင့် ခေါင်းဆောင်မှုပေးရန်၊ တပ်မတော်၏အဓိကတာဝန်ဖြစ်သော တိုင်းပြည်နှင့်လူထုအား ကာကွယ်ရေးကို ရွတ်ရွတ်ချွံချွံ ဦးလည်မသုန် ဆောင်ရွက်ကြရန်၊

---

[၁] CD. 876– ၁၉၅၃ ခုနှစ်ကြည်းတပ်မတော်ညီလာခံမှတ်တမ်းများပထမတွဲ(မိန့်ခွန်းများ) မျက်–၃၃

လူထုနှင့်တစ်ပြေးတည်း တစ်သဘောတည်း နေနိုင်အောင် ကြိုးစားကြရန်၊ တိုင်းပြည်အပေါ် ကာဝန်ကျေပွန်အောင် ဆောင်ရွက်ယင်း ရဲဘော်ရဲဘက်တို့ ရသင့်ရထိုက်သော အခွင့်အရေးများကို ကင်းပြည့်ကျပ်ပြည့် ရရှိအောင်ဆောင်ရွက်ပေးကြရန်မိန့်ကြားပါသည်။

၁၉၅၃ခုနှစ်၊ တပ်မှူးများညီလာခံသို့ စစ်ဦးစီးဌာနဆိုင်ရာ လုပ်ငန်းရပ်များကို စစ်ဦးစီးအရာရှိ(ပထမတန်း) ဗိုလ်မှူးကြီးအောင်ကြီးကလည်းကောင်း၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို စစ်ဦးစီးအရာရှိ(လေ့ကျင့်ရေး)ဗိုလ်မှူးကြီးမောင်မောင်ကလည်းကောင်း၊ စစ်ရေးချုပ်ဌာနဆိုင်ရာလုပ်ငန်းရပ်များကို စစ်ရေးချုပ်ဗိုလ်မှူးချုပ်ကျော်ဝင်းကလည်းကောင်း၊ စစ်ထောက်ချုပ် ဌာနဆိုင်ရာလုပ်ငန်းရပ်များကို စစ်ထောက်ချုပ်ဗိုလ်မှူးကြီးတင်ဖေကလည်းကောင်း၊ အစီရင်ခံစာများ တင်သွင်းကြပြီး စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီးနေဝင်းကနိဂုံးချုပ်မိန့်ခွန်းမြွက်ကြားပါသည်။

ထို့နောက် လေ့ကျင့်ရေးကော်မတီ၊ စိတ်ဓါတ်စစ်ဆင်ရေးကော်မတီ၊ ပြန်လည်နေရာချထားရေးကော်မတီ(မစွမ်းမသန်သောတပ်မတော်သားများအတွက်)၊ သက်သာချောင်ချိရေးကော်မတီ၊ ပြည်သူ့ဝန်ထမ်းလုပ်ငန်းကော်မတီ၊ ကျန်းမာရေးကော်မတီ ( Medical cover, Army Health Review Committee)၊ စစ်စည်းကမ်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် ဓါတ်ဆီ၊ ချောဆီ၊ စက်ဆီချွေတာသုံးစွဲမှုကော်မတီ၊ စစ်ဝတ်တန်ဆာကော်မတီများက တပ်မှူးများညီလာခံသို့ လုပ်ငန်းအစီရင်ခံစာများတင်သွင်းကြပြီး ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပါသည်။[၁] ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်မှူးများကတင်ပြသော မေးခွန်းများ၊ အကြံပြုချက်များကို စစ်ဦးစီးဌာန၊ စစ်ရေးချုပ်ဌာနနှင့် စစ်ထောက်ချုပ်ဌာနမှ ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားရှင်းလင်းတင်ပြပါသည်။

၁၉၅၄ခုနှစ်၊ တပ်မှူးများညီလာခံကို စက်တင်ဘာလ ၁၃ ရက်နေ့တွင် မေမြို့ ဗိုလ်သင်တန်းကျောင်း၌ကျင်းပပြုလုပ်သည်။

၁၉၅၄ခုနှစ်၊တပ်မှူးများညီလာခံ၏ထူးခြားချက်မှာယခင်ကကျင်းပခဲ့သည့် တပ်မှူးများညီလာခံများတွင် ကြည်းတပ်ဆိုင်ရာတပ်မှူးများသာတက်ရောက်ရာမှ ၁၉၅၄ခုနှစ်တွင် ရေတပ်နှင့်လေတပ်ဆိုင်ရာ တပ်မှူးများပါ စတင်တက်ရောက်ခြင်းပင်ဖြစ်သည်။ ၁၉၅၄ခုနှစ် တပ်မှူးများညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ်ကမိန့်ခွန်းမြွက်ကြားပြီးနောက်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး နေဝင်းက မိန့်ခွန်းမြွက်ကြားရာတွင် -

> "ယခုနှစ်ညီလာခံမှာရေတပ်၊လေတပ်၊ကြည်းတပ်မှအရာရှိများ ပထမဆုံးအကြိမ် စုံစုံညီညီတက်ရောက်ကြတာဟာထူးခြားတဲ့အချက်တစ်ရပ်ဆိုတာတွေ့ကြလိမ့်မယ်၊ ရည်ရွယ်ချက်ကတော့ ဒီလက်နက်ကိုင်တပ်ဖွဲ့(၃)ဖွဲ့က ပုဂ္ဂိုလ်တွေဟာ

---

[၁] CD.876 **၁၉၅၃ခုနှစ်ကြည်းတပ်မတော်ညီလာခံမှတ်တမ်းများဒုတိယတွဲ၊ကော်မတီများ၏လုပ်ငန်း**

အဆင့်အတန်းမရွေး အောက်ဆုံးက ရဲဘော်လေးကစပြီး အမြင့်ဆုံး ဗိုလ်ချုပ် အဆင့်အထိ ‌ေြခတပ်မှလေတပ်၊ ရေတပ်မှရေတပ်၊ ကြည်းတပ်မှတကယ့်တပ် ဆိုတဲ့ မနစ်မြို့စေတဲ့ အကျိုးယုတ်စရာ ပြိုင်ဆိုင်မှုမျိုးတွေမရှိစေဘဲ၊ မပေါ် ပေါက်စေဘဲ "တို့တစ်တွေဟာ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်ရမယ်"ဆိုတဲ့ တစ်ခုတည်းသောတာဝန်ကို ဦးကထမ်းသူထမ်း၊ ပဲ့ကထမ်းသူထမ်းဆိုတာလို သူ့နေရာနှင့်သူ လေထဲ၊ ရေထဲ၊ ကုန်းပေါ်မှာ အလှည့်ကျ ကျသလို ထမ်းရွက် ကြရတဲ့ တစ်ခုတည်းသော တပ်မတော်ဝင်တွေဆိုတာကို သဘောပေါက်စေချင် လို့ ပါပဲ။"

" ယခုနှစ်ညီလာခံမှာ (၁) ကုန်ဆုံးခဲ့တဲ့နှစ်ကအတွေ့အကြုံကိုပြန်လည်သုံးသပ် ဘို့နဲ့ (၂) ဗမာနဲ့ကိုက်ညီမဲ့တပ်မတော်ရဲ့ဝါဒသစ်အကြောင်းကို ပြောပြပါ့မယ်၊ အဲဒီအချက်(၂)ချက်မှာဒုတိယအချက်ဖြစ်တဲ့ တပ်မတော်ဝါဒသစ်အခန်းဟာ ဖြင့်တပ်မတော်ရှေ့ရေးအတွက် အလွန်အရေးကြီးနေတဲ့ အဓိကရည်ရွယ်ချက် ပဲဆိုတာကိုနားလည်ထားစေချင်ပါတယ် "။

ဟူ၍မိန့်ကြားပါသည်။[၁]

ထို့နောက်စစ်သေနာပတိချုပ်ကဆက်လက်၍တရုတ်ဖြူစစ်ဆင်ရေးနှင့်ပြည်တွင်း ရောင်စုံသူပုန်များ နှိမ်နင်းရေးတွင် တပ်မတော်၏ အောင်မြင်မှုများကိုလည်းကောင်း၊ ယင်းသို့ အောင်မြင်မှုများရရှိခြင်းမှာ လက်နက်ကိုင်တပ်ဖွဲ့(၃)ခု၏ အခါမလပ် တာဝန်ကျေပွန်စွာ ပူးတွဲ တိုက်ပွဲဝင်မှုကြောင့် ရရှိခြင်းဖြစ်သည်ကိုလည်းကောင်း၊ ပြုပြင်စရာအပိုင်းအနေဖြင့် အရာရှိ၊ အကြပ် နှင့် တပ်သားများ၏ တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုတွင် မိဘနှင့်သားသမီး၊ ညီနှင့်အကိုပမာ ဆက်ဆံရေး၊ အထက်အောက်ကြည်ညိုလေးစားမှု၊ ယုံကြည်မှုရရှိရေးအတွက် ပြုပြင်ရန်လည်း ကောင်း၊ သေနင်္ဂဗျူဟာ အပိုင်းတွင်လက်ရှိဆင်နွှဲနေသည့် စစ်ဆင်ရေးများ၌ နည်းပရိယာယ်သုံးပုံ၊ ထိုးစစ်ဆင်မှုအတွက်အကူအပံ့တပ်များ၊ လက်ရုံးတပ်များ၊ ရိက္ခာထောက်ပံ့ရေးတပ်၊ ဆေးတပ်နှင့် ရေတပ်၊လေတပ်များကိုအသုံးပြုပုံတို့၌ ပြုပြင်ရန်လိုအပ်ချက်များကိုလည်းကောင်း၊ ညွှန်ပြမိန့်ကြား ပြီး တပ်မတော်၏ ဝါဒသစ်အဖြစ်လက်ရှိတပ်မတော်တွင် အကုန်အကျများပြီး အဆင်မပြေသော အဝတ်အစား၊ စစ်လက်နက်၊ စစ်ကိရိယာတန်ဆာပလာ၊ ယာဉ်အစရှိသောပစ္စည်းများ၊ အဆင်မပြေ သော ပေါင်းသင်းဆက်ဆံမှု၊ အဆင့်အတန်းခွဲခြားမှုများပပျောက်ရေး၊ တစ်စိတ်တည်း၊ တစ်သဘော

[၁] CD.99 ၁၉၅၄ခု၊စက်တင်ဘာလတပ်မတော်တပ်မှူးများ ညီလာခံတွင်ဝေငှသောစာရွက်စာတမ်းများ၊ စစ်သေ နာပတိချုပ်ဗိုလ်ချုပ်ကြီးနေဝင်းမိန့်ခွန်း။ မျက် -၁

တည်း တာဝန်ကျေပွန်သောတပ်ဖြစ်ရေးကိုရှင်းလင်းမိန့်ကြားပါသည်။[၁]

ထို့နောက် တပ်မှူးများညီလာခံသို့ -

(က) ၁၉၅၄-၅၅ခုနှစ်မှစတင်၍ရည်မှန်းထားသည့်ရိက္ခာနှုန်းထား၊ စစ်ထောက်ချုပ်ဌာန၊ စစ်ရုံး

(ခ) ဆေးဘက်ဆိုင်ရာကော်မတီ (Medical Cover Seminar)

(ဂ) လက်ရုံးတပ်ဆိုင်ရာကော်မတီ (Supporting Arm Seminar)

(ဃ) လေ့ကျင့်ရေးကော်မတီ

(င) အထွေထွေချွေတာခြိုးခြံရေးကော်မတီ

(စ) ပညာရေးဆွေးနွေးရေးကော်မတီ

(ဆ) စစ်စည်းကမ်းကော်မတီ

(ဇ) ဖွဲ့စည်းပုံနှင့် လက်နက်တပ်ဆင်မှုဆိုင်ရာကော်မတီ

များ၏ အစီရင်ခံစာများ ဆွေးနွေးတင်သွင်းကြပြီး ဗမာ့တပ်မတော်စစ်ဝတ်တန်ဆာများ တီထွင်ပြုပြင်ရေးကိုလည်း ဆွေးနွေးဆုံးဖြတ်ကြပါသည်။[၂]

ထို့နောက်စစ်ဦးစီးဌာနအစီရင်ခံစာ၊စစ်ရေးချုပ်ဌာနအစီရင်ခံစာ၊စစ်ထောက်ချုပ်ဌာနအစီရင်ခံစာများကိုတင်သွင်းပြီး တိုင်းစစ်ဌာနချုပ်များနှင့်တပ်မှူးများမှတင်ပြသည့်မေးခွန်းများကိုပြန်လည်ဖြေကြားရှင်းလင်းပါသည်။

၁၉၅၅ခုနှစ်၊ တပ်မတော်ညီလာခံကို စက်တင်ဘာလ ၁၄ရက်နေ့တွင် မင်္ဂလာဒုံရှိ အမှတ်(၁)လေ့ကျင့်ရေးတပ်တွင် ကျင်းပပြုလုပ်သည်။ ၁၉၅၅ခုနှစ် တပ်မတော်ညီလာခံတွင် ကြည်းတပ်တစ်ခုတည်းသာမက လေတပ်နှင့်ရေတပ်တပ်မှူးများပါတက်ရောက်ခဲ့ကြပြီး စစ်ဦးစီးချုပ်ဌာနအစီရင်ခံစာ၊ရေတပ်ဦးစီးချုပ်ဌာနအစီရင်ခံစာ၊လေတပ်ဦးစီးချုပ်ဌာနအစီရင်ခံစာ၊စစ်ရေးချုပ်ဌာနအစီရင်ခံစာ၊စစ်ထောက်ချုပ်ဌာနအစီရင်ခံစာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအုပ်ချုပ်မှုစီမံကိန်း၊ ပြုစောထိးစီမံကိန်းများကို ဖတ်ကြားတင်ပြသည်။[၃] ထို့ပြင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး

---

[၁] CD.99 **၁၉၅၄ခု၊စက်တင်ဘာလတပ်မတော်တပ်မှူးများညီလာခံတွင်ဝေငှသောစာရွက်စာတမ်းများ၊ စစ်သေ နာပတိချုပ်ဗိုလ်ချုပ်ကြီးနေဝင်းမိန့်ခွန်း** မျက် -၃၊၆

[၂] CD.99 **၁၉၅၄ခုနှစ်စက်တင်ဘာလတပ်မတော်တပ်မှူးများညီလာခံတွင်ဝေငှသောစာရွက်စာတန်းများ၊ စစ်သေ နာပတိချုပ်ဗိုလ်ချုပ်ကြီးနေဝင်းမိန့်ခွန်း** မျက်-၃၊၆

[၃] CD.169 **၁၉၅၅ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသောစာရွက်စာတန်းများ**

နေဝင်း နာယကအဖြစ် ဆောင်ရွက်၍ ဒုတိယစစ်ထောက်ချုပ် ဒုတိယဗိုလ်မှူးကြီးသိန်းမောင် သဘာပတိအဖြစ် ဆောင်ရွက်သော "အရည်အချင်းတိုးတက်ရေးသို့" နှီးနှောပွဲကိုလည်း ကျင်းပခဲ့သည်။[၁]

၁၉၅၆ခုနှစ်၊ တပ်မတော်ညီလာခံကို ၁၉၅၆ခုနှစ်၊ စက်တင်ဘာလ၂၄ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပါသည်။

၁၉၅၆ခုနှစ်၊ တပ်မတော်ညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းတို့ မိန့်ခွန်းမြွက်ကြားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့မှ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပါသည်။ ထို့နောက် တပ်မတော်(ရေ)ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲ၊ ရေကြောင်းစစ်ဆွေးနွေးပွဲ၊ တပ်မတော်(လေ)ဆိုင်ရာကိစ္စရပ်များဆွေးနွေးပွဲ၊ စစ်အခြေခံသဘောတရားဆွေးနွေးပွဲ (Military Doctrine)များကို ကျင်းပပြုလုပ်ပြီး ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရေးချုပ်ရုံးနှင့်စစ်ထောက်ချုပ်ရုံးတို့က တပ်မှူးများတင်ပြသည့် မေးခွန်းများကိုပြန်လည်ဖြေကြားပါသည်။[၂]

ထို့ပြင်ပါမောက္ခဆရာကြီးဂျီအိပ်ချ်လုစ်[၃] ကတပ်မှူးများအား "မြန်မာတို့ဝင်လာပုံ၊ ဘီစီ – ၂၀၀၀ မှ အေဒီ – ၉၀၀၊ ပုဂံမင်းဆက်(၁) အေဒီ – ၉၀၀ မှ အေဒီ–၁၁၇၄၊ ပုဂံမင်းဆက်(၂) အေဒီ – ၁၁၇၄ မှ အေဒီ – ၁၃၀၁ " တို့ကို ဟောပြောပို့ချပြီး တပ်မတော်၏ဝါဒ သဘောတရား (Ideology)၊ လစာစရိတ်ပေးရေးစနစ်ပြဿနာ၊ အငြိမ်းစားလစာ၊ ကရဏာကြေး နှင့် နောက်ဆုံးငွေစာရင်းရှင်းတမ်းများနှောင့်နှေးကြန့်ကြာခြင်း၊ စစ်သားစုဆောင်းရေး၊ တရားခံများ တပ်အချုပ် ခန်း၌ ကြာမြင့်စွာအချုပ်ခံရခြင်းပြဿနာများကိုလည်း ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၁၉၅၇ခုနှစ်၊ တပ်မတော်ညီလာခံကို ၁၉၅၇ခုနှစ်၊ စက်တင်ဘာလ၉ရက်နေ့မှ ၁၃ ရက်နေ့အထိ ရတနာပုံရေတပ်စခန်းတွင် ကျင်းပခဲ့ပါသည်။ ၁၉၅၇ခုနှစ် တပ်မတော်ညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု က မိန့်ခွန်းမြွက်ကြားပြီးနောက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း က မိန့်ခွန်းမြွက်ကြားရာ၌ ယခုနှစ်ညီလာခံတွင် အထူးပြောလိုသည်မှာ စိတ်ဓါတ်ကြံ့ခိုင်ကောင်းမွန်၍ ခေတ်မီသော တပ်မတော်ဖြစ်မြောက်ရေးဖြစ်ကြောင်း၊ စစ်ပညာ၊ စစ်အတွေးအခေါ်၊ စစ်ပစ္စည်းများခေတ်မီရေးနှင့်စိတ်ဓါတ်ကောင်းမွန်ရေးသည် ဒွန်တွဲနေ၍ စိတ်ဓါတ်ကောင်းမွန်ရေးမှာ စိတ်ဓါတ်စစ်ဆင်မှုအပေါ်တွင် မူတည်နေကြောင်း၊ ယခုညီလာခံတွင် စိတ်ဓါတ်စစ်ဆင်ရေးနှင့်

---

[၁] CD.11 ၁၉၅၆ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသောစာရွက်စာတမ်းများ

[၂] CD.11 ၁၉၅၆ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသောစာရွက်စာတန်းများ

[၃] Prof G.H.Luce

ပတ်သက်သောဆွေးနွေးပွဲတစ်ရပ်ရှိရာ စိတ်ပါလက်ပါဝင်ရောက်ဆွေးနွေးကြပြီး အကြံဉာဏ်ကောင်းများ ပေးကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ စစ်ပစ္စည်းခေတ်မီရေးအတွက်ကား တိုင်းပြည်၏ ဘဏ္ဍာရေးအင်အားအလိုက် ဝယ်နိုင်သမျှကို ဝယ်ယူပြီး မိမိတို့တိုင်းပြည်မှ ထုတ်လုပ်နိုင်ရန်လည်း စက်ကိရိယာများ ဝယ်ယူတပ်ဆင်ရန် စီစဉ်ဆဲဖြစ်ကြောင်း၊ စစ်အတွေးအခေါ်၊ စစ်ပညာများ၏ ခေတ်မီရေးအတွက်မူ အဆင့်အတန်းအသီးသီးအား ခေတ်မီပညာရပ်များ ပေးနိုင်သည့်ကျောင်းများ ဖွင့်ရန်လိုကြောင်း၊ ထို့ကြောင့်ပင် ယခုလက်ရှိကျောင်းများအပြင် ကာကွယ်ရေးတက္ကသိုလ်တစ်ခု ဖွင့်ရန် ရည် ရွယ်ထားကြောင်း မိန့်ကြားခဲ့ပါသည်။ [၁]

ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်၍ ဖွင့်လှစ်ထားပြီးဖြစ်သည့် အကြပ်သင်ကျောင်း ၊ ဦးစီးတက္ကသိုလ်များတွင်လက်ရှိသင်ပုံသင်နည်းစာအုပ်များသည် ခေတ်မီတပ်မတော်ဖြစ်မြောက်ရေးအတွက် အရာရောက်မရောက် ပြန်လည်စစ်ဆေး၍ ချွတ်ယွင်းချက်များရှိပါက ပြုပြင်ရန်လိုအပ်ကြောင်း၊ အခက်အခဲတစ်ရပ်မှာ အရည်အချင်းမီအရာရှိနှင့်အကြပ်များ မပြည့်စုံသေးခြင်း နှင့် စာအုပ်စာတမ်းများရှားပါးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံခြားသင်တန်းများတက်ခွင့်ရရန်ဆောင် ရွက်ရာတွင်လည်း ရံဖန်ရံခါအခက်အခဲများနှင့် တွေ့ရှိရကြောင်း ၊ လေ့ကျင့်ရေးဌာနအနေဖြင့် ကျောင်းများတပ်များတွင် လေ့ကျင့်သည့်အခါ အထောက်အပံ့ရယ့်မှုမက တစ်ညီတစ်ညွတ်တည်းဖြစ်စေရန် ခြေလျင်တပ်၊ သံချပ်ကာတပ်၊ အမြောက်တပ်၊ အင်ဂျင်နီယာတပ်များအတွက် သင့်လျော်မည့်လေ့ကျင့်ရေးစာစောင်များထုတ်ဝေရန် ရည်ရွယ်ထားကြောင်း၊ စစ်ထောက်ချုပ် ဌာနအနေဖြင့် ချွေတာရန် အရေးကြီးကြောင်း၊ မော်တော်ယာဉ်သုံးပုံ သုံးနည်းနှင့် ဓါတ်ဆီ၊ စက်ဆီ၊ လက်နက်ခဲယမ်းများမယိုမဖိတ်ရအောင်ကြပ်မတ်ပေးရန်လိုအပ်ကြောင်း၊ စစ်ရေးချုပ်ဌာနအနေနှင့် အရပ်သားနှင့်စစ်မှုထမ်းများ ခိုက်ရန်ဖြစ်ပွားသည့်ကိစ္စ၊ တပ်မတော်သားများ အချုပ်ခံနေရစဉ် လစာတစ်ဝက်ပေးရေးကိစ္စ၊ တပ်မတော်သားများအပြစ်ကျူးလွန်ခဲ့သော် ဥပဒေအရ ဆိုင်ရာပုဒ်မတပ်၍ စစ်ဆေးအပြစ်ပေးရန်ကိစ္စ၊ တိုင်းမှူး၊ တပ်မဟာမှူးများအနေနှင့် စစ်ဆင်ရေးတာဝန်များသာမက အုပ်ချုပ်ရေးနှင့်စစ်စည်းကမ်းပိုင်းတွင်လည်း လစ်ဟင်းမှုမရှိစေရန် အရေးယူဆောင်ရွက်ရေးကိစ္စ၊ တပ်မတော်ဝင်အချို့ အနေအထိုင်အကျင့်အကြံများ မှားယွင်းနေ၍ပြုပြင်ရန်ကိစ္စများကို ညွှန်ပြမိန့်ကြား ခဲ့ပါသည်။

၁၉၅၇ခုနှစ်၊ တပ်မတော်ညီလာခံတွင်ကာကွယ်ရေးဦးချုပ်ရုံး (ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး၊ စစ်တရားဥပဒေချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံးများမှ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းခြင်း၊ ပြည်တွင်းလုံခြုံရေးစီမံကိန်းဆွေးနွေးပွဲတွင် စစ်ဆင်ရေးနှင့်စစ်ဗျူဟာဆွေးနွေးပွဲ၊ ထောက်လှမ်းရေးဆွေးနွေးပွဲ၊ လေ့ကျင့်ရေး

[၁] CD 171 **၁၉၅၇ခုနှစ်တပ်မတော်ညီလာခံတွင်မိန့်ကြားသောကာကွယ်ရေးဦးစီးချုပ်၏ညီလာခံအဖွင့်မိန့်ခွန်း**

ဆွေးနွေးပွဲ၊ အုပ်ချုပ်ရေးဆွေးနွေးပွဲ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်နယ်ဘက်အုပ်ချုပ်ရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ စိတ်ဓါတ်စစ်ဆင်ရေးဟောပြောပွဲနှင့်ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ [၁]

၁၉၅၇ခုနှစ်၊ တပ်မတော်ညီလာခံသို့ တက်ရောက်ခဲ့ကြသည့် တပ်မှူးကြီးများသည် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စစ်သည်တော်စခန်းသာ၊ အစိုးရစက်မှုလက်မှုလုပ်ငန်းများနှင့် စက်ရုံကြီးများဖြစ်သော လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ ကံဘဲ့အစိုးရချည်မျှင်နှင့်အထည် စက်ရုံ၊ ဂုံနီစက်ရုံ၊ အုတ်ကျင်းနိုင်ငံတော်ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ပြည်သူပိုင်သံမဏိစက်ရုံ (အင်းစိန်)၊ အုတ်ကြွပ်စက်ရုံ(ဒညင်းကုန်း၊အင်းစိန်)၊ သို့သွားရောက်၍ လေ့လာကြည့်ရှုခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းက နိဂုံးချုပ်မိန့်ခွန်းမြွက်ကြားရာတွင် တပ်မတော်၏ပန်းတိုင်မှာ စိတ်ဓါတ်ကြံ့ခိုင်၍ခေတ်မီသော တပ်မတော်တည်ဆောက်ရေးပင်ဖြစ် ကြောင်း၊ တိုင်းပြည်ကာကွယ်ရေးတာဝန်မှာ ကြည်း၊ရေ၊လေ တပ်မတော်သားများတွင်သာမက၊ တိုင်းသူပြည်သားများတွင်လည်း တာဝန်ရှိကြောင်း၊ တပ်မတော်၏ကောင်းရာကောင်းကြောင်းကို တည်ဆောက်ရင်း၊ တိုင်းပြည်အကျိုးကိုသယ်ပိုးထမ်းရွက်သွားကြရန်လိုအပ်ကြောင်းပြောကြားပါ သည်။ [၂]

၁၉၅၈ခုနှစ် တပ်မတော်ညီလာခံကို ၁၉၅၈ခု ဇွန်လ (၂၃)ရက်နေ့မှ (၂၅)ရက်နေ့ အထိ မင်္ဂလာဒုံလေတပ်စခန်းတွင် ပြုလုပ်ပါသည်။ ၁၉၅၈ခုနှစ် တပ်မှူးများ ညီလာခံ၌ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း က တပ်မှူးများအား ပြင်ပတွင် ရိုက်ခတ်နေသည့် နိုင်ငံရေး အကွဲဂယက်တွင် မပါဝင်ဘဲ တိုင်းပြည်အပေါ် သစ္စာစောင့်သိရန် သတိပေးပြောကြားပါသည်။

၁၉၅၈ခုတပ်မှူးများညီလာခံတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး၊ စစ်တရားဥပဒေချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံးများမှ အစီရင်ခံစာများ၊ တပ်မတော်အငြိမ်းစားလစာနှင့် ဆုကြေးစည်းမျဉ်း ဥပဒေ၊ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်ထွက်တာဝန်ဝတ္တရား ထမ်းဆောင်နိုင်ရန်အတွက် အရေးပေါ်စစ်ထောက်အခွင့်အာဏာနှင့် လုပ်ထုံးလုပ်နည်းများ၊ အချက်ပြဆက်သွယ်ရေး ညွှန်ကြား ရေးမှူးရုံး၏ အစီရင်ခံစာများကို တင်ပြပြီး စစ်ထောက်ဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များ၊ စစ်ဆင်ရေး နှင့်ပတ်သက်သည့်စစ်ဗျူဟာ၊ လက်ရုံးတပ်များဆက်သွယ်မှု၊ လေ့ကျင့်ရေး၊ ဖွဲ့စည်းရေးကိစ္စရပ် များကို ဆွေးနွေးကြပါသည်။ ထို့ပြင် တပ်မှူးများမှ တင်ပြသောမေးခွန်းများကိုလည်း သက်ဆိုင်ရာ

---

[၁] CD.171 **၁၉၅၇ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသော စာရွက်စာတမ်းများ**

[၂] CD.171 **၁၉၅၇ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသော စာရွက်စာတမ်းများ၊ကာကွယ်ရေးဦးစီး ချုပ်၏နိဂုံး ချုပ်မိန့်ခွန်း**

ဌာနများက ပြန်လည်ဖြေကြားပါသည်။[၁]

ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး နေဝင်းက နိဂုံးချုပ်မိန့်ခွန်းမြွက်ကြားရာတွင် နိုင်ငံရေးအကွဲဂယက်ထဲတွင်မပါဝင်ရန်၊ တပ်မှူးများသည် စစ်ဗျူဟာဆိုင်ရာညွှန်ကြားချက်များကို မိမိ၏ထိုးထွင်းဉာဏ်နှင့် ပူးပေါင်းပြီး ပေါ်ပေါက်လာသော အခက်အခဲအကြပ်အတည်းအခြေအနေကို ဖြေရှင်းရန်၊စစ်ဆင်ရေးလှုပ်ရှားမှုများတွင် သတင်းပေါက်ကြားခြင်းမရှိအောင် အထူးဂရုစိုက်ရန်၊ တပ်မှူးများအနေဖြင့် အဆင့်အတန်းအားလုံးကိုယုံကြည်ချက်၊ ခံယူချက်စိတ်ဓါတ်မြင့်မားအောင်စွမ်းဆောင်ပေးရန်၊ ဥပဒေကို လေးစားရန်၊ အခြေခံဥပဒေကို စောင့်ရှောက်ရန်၊ အစိုးရကလည်း တပ်မတော်ကို တရားဥပဒေ၊ အခြေခံဥပဒေတို့နှင့်အညီသာလျှင် တာဝန်ပေးရန်စသည့်အချက်များကိုမိန့် ကြားပါသည်။[၂]

ထို့ပြင်၁၉၅၈ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်မိတ္ထီလာမြို့တပ်မတော်ကျောင်းတွင်တပ်မတော်ညီလာခံကိုဆက်လက်ကျင်းပသည်။ ဤသို့ ထပ်မံကျင်းပရခြင်းမှာဦးနု၏ သန့်ရှင်းဖဆပလ အစိုးရက ဗိုလ်ချုပ်ကြီး နေဝင်း အား အောက်တိုဘာ၂၈ရက်နေ့တွင် ကျင်းပမည့် ပါလီမန်လွှတ်တော်အစည်းအဝေးတွင် အုပ်ချုပ်ရေးတာဝန် လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး (၆)လ အတွင်း တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် နှင့် ငြိမ်းချမ်းရေးရရှိစေရန် တာဝန်ပေးအပ်သည်။ ထို့ကြောင့် တပ်မှူးများအား ခေါ်ယူ၍ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့်ငြိမ်းချမ်းရေးရရှိရန် တိုင်ပင် ဆွေးနွေးခြင်းဖြစ်သည်။

ယင်းတပ်မတော်ညီလာခံတွင် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း က တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိရန် လိုအပ်ကြောင်း၊ တပ်မှူးများအနေဖြင့် ငြိမ်ဝပ်ပိပြားရေးနှင့်ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ယင်း တစ်ဘက်မှလည်း တရားမျှတသောရွေးကောက်ပွဲကျင်းပနိုင်ရန်ဆောင်ရွက်ရာတွင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းဘက်မှမပါဘဲ သမာသမတ်တရားမျှတစွာဆောင်ရွက်ရန်၊ ကျရောက်လာသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်မိန့်ကြားပါသည်။ ထို့နောက်တပ်မှူးများက ငြိမ်းချမ်းရေး နှင့် ငြိမ်ဝပ်ပိပြားရေးရရှိရန်နည်းလမ်းများကိုအကျယ်တဝင့်ဆွေးနွေးကြပါသည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကနိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းရင်း ပြင်ပမှတပ်တွင်းသို့ ထိုးဖောက်စည်းရုံးမှုကို ဂရုစိုက်

---

[၁] CD.1 **၁၉၅၈ ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသော စာရွက်စာတမ်းများ**

[၂] CD.206 **၁၉၅၈ခုနှစ်တပ်မတော်(လေ) တွင်ကျင်းပသောတပ်မတော်ညီလာခံတွင် ကာကွယ်ရေးဦးစီးချုပ် ၏နိဂုံးချုပ်မိန့်ခွန်း**

ရန်၊ အုပ်ချုပ်ရေးယန္တရား ခိုင်မာအောင် တပ်မတော်မှကူညီရန်၊ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို တပ်မှူးများက ဆောင်ရွက်ရန်မိန့်ကြားပါသည်။

၁၉၅၉ခုနှစ်၊တပ်မတော်ညီလာခံကို၁၉၅၉ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်မှ ၁၆ ရက်နေ့အထိအမှတ်(၁)လေ့ကျင့်ရေးတပ်၊ မင်္ဂလာဒုံတွင်ကျင်းပါသည်။ ၁၉၅၉ခုနှစ်တပ်မတော် ညီလာခံတွင်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းကအဖွင့်မိန့်ခွန်းမြွက်ကြားပြီး ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံးများမှ အစီရင်ခံစာများတင်ပြပြီး ထောက်လှမ်းရေးကိစ္စဆွေးနွေးပွဲ၊ တပ်မတော်နှင့် ပတ်သက်၍ ပြည်သူလူထု၏ထင်မြင်ယူဆချက်များကို ဆန်းစစ်ဝေဖန်ခြင်း ဆွေးနွေးပွဲ၊ စစ်ဗျူဟာ ဆွေးနွေးပွဲ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ၊ တပ်မတော် သဘောတရားရေးရာ ဆွေးနွေးပွဲ၊ ဒုတိယအဆင့်တပ်မတော်၏ လုပ်ငန်းစဉ်နှင့်သဘောရပ်များ၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ မည်ကဲ့သို့ဆောင်ရွက်ရန်ကိစ္စ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင် များ၏စိတ်ဓါတ်၊ အနေအထိုင်နှင့်အကျင့်စာရိတ္တဆွေးနွေးပွဲ၊ ကြံ့ခိုင်ရေး ဆွေးနွေးပွဲ၊ သက်သာ ချောင်ချိရေးဆွေးနွေးပွဲများကိုကျင်းပပြုလုပ်ပါသည်။[၁] ထို့နောက်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ် မိန့်ခွန်းမြွက်ကြားပါ သည်။

ထို့ပြင်စက်တင်ဘာလ၁၇ ရက်နေ့တွင်တပ်မတော်ညီလာခံ သို့အိမ်စောင့်အစိုးရ၊ နယ်ဘက်ဌာနအသီးသီးတွင်အမှုထမ်းဆောင်နေသည့်တပ်မတော်အရာရှိကြီးများက မိမိတို့ဆောင် ရွက်လုပ်ကိုင်နေသည့်လုပ်ငန်းများဖြစ်သည့် ဖက်စပ်လုပ်ငန်း၊ မီးရထားဌာနလုပ်ငန်း၊ ငါးစီမံကိန်း နှင့် စစ်ဘက်ကုန်စည်ဖြန့်ချိရေးဆောင်ရွက်ချက်များ၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေး၊ ဘဏ် လုပ်ငန်း နှင့် အဆောက်အဦး ဆောက်လုပ်ရေး Shipping, Banking & Building လုပ်ငန်းများ၊ ထင်း၊ဆီ၊ငါး ပိလုပ်ငန်းများ၊ နိုင်ငံတော်သစ်ထုတ်လုပ်ငန်း၊ နိုင်ငံတော် ကောက်ပဲ သီးနှံရောင်းဝယ်ရေး၊ နိုင်ငံတော်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်ဆေးတိုက်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများ၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရေး၊ (ပင်ရင်းဓါတ်သတ္တုအခြေ အမြစ်တိုးတက်ရေး၊ သံမဏိ၊ချည်မျှင်၊ ဂုံလျှော်နှင့်သကြားလုပ်ငန်းများ)၊ အလုပ်သမားရေးရာ၊ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး၊ လျှပ်စစ်ဓါတ်အားပေးရေး၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊ အကောက်တော်နှင့်ဆိပ်ကမ်းအုပ်ချုပ်ရေးလုပ်ငန်းများ၊ အစိုးရသဘော် ကျင်းလုပ်ငန်းများ၊ နိုင်ငံတော်လေကြောင်းသယ်ယူပို့ဆောင်ရေး၊ နိုင်ငံတော်မြေတိုင်းလုပ်ငန်းများ

---

[၁] CD.105 ၁၉၅၉ခု၊၁၉၆၀ ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသော စာရွက်စာတမ်းများ

နှင့်မြို့ရွာသာယာရေးလုပ်ငန်းများကိုအသီးသီးရှင်း လင်းတင်ပြပါသည်။ [၁]

၁၉၆၁ခုနှစ်တပ်မတော်ညီလာခံကို၁၉၆၁ခုနှစ်၊ဖေဖော်ဝါရီလ၆ရက်နေ့နှင့် ၇ရက်နေ့များတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ခွန်းမြွက်ကြားပြီးနောက်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံးတို့မှ အစီရင်ခံစာများကို တင်ပြပါသည်။ ထို့ပြင်စစ်ဆင်ရေးကိစ္စဆွေးနွေးပွဲပြုလုပ်ကာ တပ်မတော်အင်အားသတ်မှတ်ချက်နှင့်ပတ်သက်၍ စစ်ရေးချုပ်ရုံးမှ တင်ပြပါသည်။ တစ်ဆက်တည်းမှာပင်တွဲဖက်စစ်ထောက်ချုပ်က ဘဏ္ဍာတော်ချွေတာခြိုးခြံရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ ပဏာမတင်ပြချက်ကို တင်ပြပြီး စစ်ထောက်ချုပ်ရုံးမှဦးဆောင်ကာ ဘဏ္ဍာတော်ချွေတာခြိုးခြံရေး ဆွေးနွေးပွဲကိုကျင်းပပြုလုပ်ပါသည်။ ထို့နောက်တပ်မှူးများ တင်ပြဆွေးနွေးလိုသည့်အချက်များ ဆွေးနွေးပွဲကိုကျင်း ပပြုလုပ်ပြီး ကာကွယ်ရေးဦစီးချုပ်က နိဂုံးချုပ်မိန့်ခွန်းကိုမြွက်ကြားပါသည်။ [၂]

၁၉၆၂ခုနှစ်၊ တပ်မတော်ညီလာခံသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ စစ်ရာထူးခန့်အတွင်းဝန်ရုံး၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံးများမှ အစီရင်ခံစာများကို တင်ပြဆွေးနွေးကြပါသည်။ [၃]

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တပ်မတော်တပ်မှူးများသည် စစ်စွမ်းရည် ထက်မြက်စေရေး၊ စစ်စည်းကမ်းကောင်းမွန်ရေး၊ ပြည်သူလူထု၏ယုံကြည်ကိုးစားမှုရရှိရေး၊ ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာစောင့်သိသည့် တပ်မတော်ဖြစ်မြောက်ရေး နှင့် တပ်မတော်၏ ကောင်းမြတ်သော အစဉ်အလာကို ချမှတ်နိုင်ရန်၊ နှစ်စဉ် တပ်မှူးများညီလာခံကို ကျင်းပပြုလုပ်ခဲ့လေသည်။

---

[၁] CD.105,617 ၁၉၅၉ခုနှစ်တပ်မတော်ညီလာခံတွင်ဝေငှသော စာရွက်စာတမ်းများ

[၂] CD.173 ၁၉၆၁ခုနှစ်တပ်မတော်ညီလာခံတွင်တင်ပြသည့်အစီရင်ခံစာများနှင့် ဖြန့်ဝေသည့် စာရွက်စာတမ်းများ

[၃] CD.341 ၁၉၆၂ခုနှစ်တပ်မတော်ညီလာခံဆိုင်ရာ စာရွက်စာတမ်းများ

# အခန်း(၇)

## နိုင်ငံတကာတပ်မတော်များနှင့်ဆက်ဆံရေး

### ဗြိတိသျှစစ်မစ်ရှင်အဖွဲ့နှင့်ဆက်ဆံရေး

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ယာယီသမ္မတစဝ်ရွှေသိုက်သည် တိုင်းပြည်ပြုလွှတ်တော်သို့ကြွရောက်၍ နိုင်ငံတော်ဝါဒ မိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် သင့်မြတ်ချစ်ကြည်စွာဆက်ဆံ၍ လျော်ကန်လျောက်ပတ်သော နိုင်ငံများနှင့် နှစ်ဦးသဘောတူ မဟာမိတ်ဖွဲ့မည်ဟု ထည့်သွင်း ကြေညာခဲ့သည်။[၁] ယင်းနှစ် အောက်တိုဘာလ ၁၄ရက်နေ့တွင် ကျင်းပသော လွှတ်တော်ဆဌမ ညီလာခံ အစည်းအဝေးအမှတ်၃၃တွင်လည်း ဝန်ကြီးချုပ်သခင်နုက ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ လွှတ်တော်တွင် နိုင်ငံတော်သမ္မတ ကြေညာခဲ့သော အစိုးရဝါဒအတိုင်းပင် ဆက်လက် ဆောင်ရွက် သွားမည်ဖြစ် ကြောင်းနှင့်နိုင်ငံခြားရေးဝါဒတွင်လည်း–

> " နိုင်ငံတော်အစိုးရသည်မိမိနှင့် အိမ်နီးချင်းဖြစ်သော နိုင်ငံကြီးငယ်အပေါင်းနှင့် အချုပ်အခြာအာဏာပိုင်အခွင့်အရေးကိုရိုသေလေးစားမည် ..................
> ထို့ပြင်ကမ္ဘာ့နိုင်ငံတကာတို့၏ အုပ်ချုပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဝပြောသာယာရေးများအတွက်ချစ်ကြည်စွာပူးပေါင်း ဆောင်ရွက်မည်"[၂]

ဟုထပ်မံအတည်ပြုကြေညာခဲ့သည်။ ဤသို့ဖြင့်နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ အင်အားကြီးနိုင်ငံများ၏ အုပ်စုတိုက်ပွဲတွင် ဘက်မလိုက်ရပ်တည်ရေး၊ မြန်မာနိုင်ငံ၏အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ထိပါးစေမည့် စီးပွားရေးအကူအညီများ လက်မခံရေးအခြေခံများဖြင့် ဖွဲ့စည်း အပ်သော မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒတစ်ရပ် ပေါ်ပေါက်လာလေသည်။[၃]

ယင်းသို့ ကြားနေရေးဝါဒဖြင့် ရပ်တည်ခဲ့သော မြန်မာနိုင်ငံတော်သည် သမိုင်း ကြောင်းအရ ဗြိတိသျှတပ်မတော်ဖွဲ့စည်းပုံဖြင့် ရပ်တည်ခဲ့ရပြီး အဆင့်အတန်းပြည့်မီတိုးတက်ရေး အတွက် လက်ျာ–ဖရီးမင်းစာချုပ်ခေါ် ကာကွယ်ရေးသဘောတူညီချက်ကို ချုပ်ဆိုခဲ့ရသည်။ သို့ရာ တွင် ယင်းကာကွယ်ရေးသဘောတူစာချုပ်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံစစ်ရေးအရ အကူအညီပေး အုပ်စုဖွဲ့ရေးအတွက် ချုပ်ဆိုခဲ့ခြင်းမဟုတ်ချေ။ ဗမာ့တပ်မတော်၏ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေ ဖြစ်မည့် စစ်ပညာနည်းစနစ်များ သင်ယူရေး၊ စစ်လက်နက်ပစ္စည်းများမှာယူ တပ်ဆင်ရေးများ

---

[၁] တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)စတုတ္ထညီလာခံမှတ်တမ်း၊ စာတွဲ၄၊ အစည်းအဝေးအမှတ်(၂)(၄–၁–၄၈)

[၂] တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)ဆဌမညီလာခံစာတွဲ၆၊ အစည်းအဝေးအမှတ်၃၃(၁၄–၁၀–၄၈)

[၃] William C. John Stone., **Burma's Foreign Policy** p.48

အတွက်သာ ဦးတည်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်လေသည်။[၁] သက်တမ်းသုံးနှစ်ကြာတည့်မည့်အထက်ပါ စာချုပ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရေးအတွက် စာချုပ်အပိုဒ်(၄) တွင် ဗမာ့တပ်မတော်သို့ ဗြိတိသျှ ကြည်း၊ရေ၊လေစစ်မစ်ရှင်အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးပို့ရန်ဟူသော အချက်တစ် ချက် ပါရှိခဲ့လေသည်။[၂]

ဤသဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံသို့ရောက်ရှိလာသော ဗြိတိသျှစစ်မစ်ရှင်အဖွဲ့တွင်ကြည်း၊ရေ၊လေစစ်လက်ရုံးများမှ အရာရှိ၈၄ဦး၊ အခြားအဆင့်၄၀ကျော်နှင့်စုစုပေါင်း ၁၃၂ဦးပါဝင်ခဲ့သည်။ ကြည်း၊ရေ၊လေ စစ်လက်ရုံးသုံးရပ်ဟု ဆိုသော်လည်း ကြည်းတပ်မှာ အဓိကအင်အားဖြစ်ပေသည်။ စစ်ဆင်ရေး၊ စီမံရေး၊ ထောက်ပံ့ရေး စသည်ဖြင့် ဦးစီးဌာနများပါရှိသော စစ်ရုံးချုပ် ဖွဲ့စည်းထူထောင်ရေးအတွက် အကူအညီ အကြံဉာဏ်ပေးရမည့် ဦးစီးအရာရှိများနှင့် မေမြို့ဗိုလ်သင်တန်း၊ မိတ္ထီလာသံချပ်ကာတပ်စသည်တို့အတွက် လေ့ကျင့်ရေးသင်တန်းနည်းပြများ အပြင်ဗြိတိန်နိုင်ငံအပါအဝင်ဓနသဟာယအဖွဲ့ဝင်နိုင်ငံများမှ စစ်လက်နက်ပစ္စည်းများဝယ်ယူတင်သွင်းရာတွင် အကြံပေးကူညီရမည့်သူများလည်းပါဝင်သည်။[၃] လက်ျာ–ဖရီးမင်းစာချုပ်သည် ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၃ရက်နေ့တွင် ပထမအကြိမ်သက်တမ်းကုန်ဆုံးသည်။ မြန်မာနိုင်ငံအစိုးရသည် ၁၉၅၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော အစိုးရအဖွဲ့၏ ၁၁၈ကြိမ်မြောက် အစည်းအဝေး၌ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့၏ သက်တမ်းကို ၂နှစ်ထပ်မံတိုးရန်နှင့် စစ်မစ်ရှင်အဖွဲ့၏ ကုန်ကျစရိတ်ကျခံမှုအပိုင်းတွင် ပြင်ဆင်ချက်ပြုလုပ်ရန် ဆုံးဖြတ်ထားခဲ့ပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ မြန်မာနိုင်ငံအစိုးရသည် စစ်မစ်ရှင်အဖွဲ့၏ကုန်ကျစရိတ်ကျခံရာတွင် စစ်မစ်ရှင်အဖွဲ့ခေါင်းဆောင်၊ ရေတပ်မစ်ရှင်ခေါင်းဆောင်နှင့်လေတပ်မစ်ရှင်ခေါင်းဆောင်များအတွက် မပါဝင်ကြောင်းပြင်ဆင်ချက်တင်သွင်းသည်။ထိုသက်တမ်းကာလအတွင်းဗြိတိန်နိုင်ငံတွင် ဗမာ့တပ်မတော်ပညာသင်များကို ဗြိတိသျှအစိုးရက အခမဲ့လက်ခံပညာသင်ကြားပေးရန် သဘောတူသည်။ သို့ဖြင့် ၁၉၅၁ခုနှစ်၊ ဇန်နဝါရီလ၄ရက်နေ့မှအစပြု၍ စာချုပ်သက်တမ်းကို၂နှစ်ထပ်မံတိုးချဲ့ခဲ့သည်။[၄]

ဤသို့ သက်တမ်းတိုးခဲ့ရာတွင် စာချုပ်၏ ဒုတိယသက်တမ်းသည် ၁၉၅၃ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။ သက်တမ်းမကုန်ဆုံးမီ ၁၉၅၂ခုနှစ်၊

---

[၁] **တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)စတုတ္ထညီလာခံမှတ်တမ်း၊ စာတွဲ၄၊ အစည်းအဝေးအမှတ်၂**

[၂] DR.8358 **Defence Agreement Signed on 29th August 1947.**

[၃] Hugh Tinker. **The Union of Burma** p.323

[၄] **An Administrative History of the Armed Forces in Burma. Vol.II.** p.709

စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပသော ကာကွယ်ရေးကောင်စီ၏ အမှုဆောင်ကော်မတီ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင်–

(က) ဗမာ့တပ်မတော်မှ ပညာတော်သင်များကို ဗြိတိသျှအစိုးရက အခမဲ့ပညာ သင်ကြားပေးခဲ့၍ ကျေးဇူးတင်ရှိကြောင်းနှင့် အလားတူပညာသင်ခွင့် ဆက်လက်ပေးရန်။

(ခ) ဗမာ့တပ်မတော်အတွက် ဗြိတိသျှ စစ်ပညာအကြံပေး နည်းပြဆရာ လိုသမျှအရေအတွက်ကိုသာ ခေါ်ယူထားရှိ၍ ထိုသူတို့အနက် တစ်ဦးက ခေါင်းဆောင်အဖြစ်ဆောင်ရွက်ရန်။

(ဂ) ဗြိတိန်မှထုတ်လုပ်သော စစ်လက်နက်ပစ္စည်းစာရင်းတွင် မြန်မာနိုင်ငံမှ အချိန်စာရင်းပို့မှာကြားပါက
မြန်မာအစိုးရအတွက်ပါထည့်သွင်းလျာထား ထုတ်လုပ်ပေးရန်။

(ဃ) အခြားကိစ္စများအတွက်မူ အခါအားလျော်စွာ အကြောင်းကိစ္စ အပေါ် မူတည်၍ နှစ်နိုင်ငံအစိုးရချင်းနားလည်မှု ရယူပြီးစာ ချုပ်ချုပ်ရန်။

စသည့်အချက်များကိုအခြေခံ၍ ဗြိတိသျှသံရုံးနှင့်ထပ်မံညှိနှိုင်းရန် အကြံပြုသည်။[3] မြန်မာနိုင်ငံ သည် မိမိ၏ ဘက်မလိုက်ဝါဒနှင့်အညီ နှစ်နိုင်ငံသဘောတူညီချက်စာချုပ်ကို နယ်ပယ်ကန့်သတ်၍ စစ်ပညာသင်ကြားရေး နှင့် စစ်လက်နက်ပစ္စည်းမှာယူရေး အပိုင်းများကိုသာ အလေးပေးရန် အားထုတ်လာကြောင်းတွေ့ရသည်။

အမှုဆောင်ကော်မတီ၏ အထက်ပါအကြံပြုချက်များကို စက်တင်ဘာလ ၁၆ ရက် နေ့တွင် ကျင်းပသော ကာကွယ်ရေးကောင်စီ စတုတ္ထအကြိမ်မြောက်အစည်းအဝေး၌ ထည့်သွင်း ဆွေးနွေးပြီး နိုင်ငံခြားသွားမြန်မာစစ်မစ်ရှင်အဖွဲ့များမှ အစီရင်ခံစာတင်သွင်းပြီးချိန်တိုင် ဆိုင်းငံ့ ထားရန် ဆုံးဖြတ်သည်။ ထို့နောက် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ၂၄ ကြိမ်မြောက် အမှုဆောင်ကော်မတီအစည်းအဝေး နှင့် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသော ပဥ္စမအကြိမ် မြောက် ကာကွယ် ရေးကောင်စီအစည်းအဝေးများတွင်အောက်ပါ အတိုင်း သုံးသပ်ခဲ့သည်–

(က) ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအစိုးရ၏ လစာကို စား သုံးလျက်ရှိသော်လည်း မိမိတို့ကိုယ်မိမိတို့ဗြိတိသျှအစိုးရအမှုထမ်းအဖြစ် သာသဘောပိုက်သည်။ထိုသူတို့နှင့်ဗမာ့တပ်မတော်ဆက်ဆံရေးမှာ စိတ် ကျေနပ်ဖွယ်မရှိချေ။ ဗမာ့တပ်မတော်၏ အကျိုးစီးပွားကိုရှေးရှုသူများမှာ

---

[3] An Administrative History of the Armed Forces in Burma. Vol. II. p.710

လည်း ဗြိတိန်သို့ပြန်ကြရသည်။ထို့ပြင်ယင်းစစ်မစ်ရှင်သည် မြန်မာနိုင်ငံ၏ စစ်ရေးအကြံပေးလုပ်ငန်းများမဆောင်ရွက်နေချိန်မှာပင် ဗြိတိသျှနိုင်ငံကို ကိုယ်စားပြု စစ်သံသဘောဆောင်လျက် ရှိသည်။ မြန်မာနိုင်ငံ၏ လစာရိက္ခာစားသုံးပြီး ဗြိတိန်နိုင်ငံ ကိုယ်စားပြု စစ်သံလုပ်ငန်းများ ဆောင်ရွက် ခြင်းဖြစ်သည်။

(ခ) စစ်ပညာသင်ကြားရေးတွင်လည်း စစ်မစ်ရှင်အဖွဲ့က ကြားခံ ဖြစ်နေ၍ ကျေနပ်ဖွယ် မရှိလှချေ။

(ဂ) စစ်ပစ္စည်း မှာကြားဝယ်ယူရေးတွင်လည်း စစ်မစ်ရှင်အဖွဲ့မှ စိစစ်ထောက်ခံပြီးမှသာ ဗြိတိသျှအစိုးရက လက်ခံသဖြင့် ပစ္စည်းဝယ်ယူရေး၌ အဟန့်အတားသဖွယ်ဖြစ်နေသည်။ ထို့ပြင် စစ်မစ်ရှင်များ၏လုပ်ရပ်မှာ မြန်မာနိုင်ငံအပေါ်တွင် သဘောထားဖြောင့်စင်းမှုမရှိဟုယူဆရသည်။ ထိုမျှမက စစ်မစ်ရှင်အဖွဲ့ရှိနေသော်လည်း ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို ပြင်ပ နိုင်ငံတစ်နိုင်ငံ[၁] အဖြစ်သာ သဘောထားသည်။[၂]

လက်ျာ–ဖရီးမင်းစာချုပ်အပိုဒ်၇တွင် စစ်ပစ္စည်းထောက်ပံ့ရေးဟူသော ခေါင်းစဉ်ဖြင့် ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံအစိုးရက စစ်လက်နက်ပစ္စည်းများ ဝယ်ယူသောအခါတွင် လျော်ကန်သင့်မြတ်သော အခွင့်အရေးများပေးမည်ဟု ပါရှိခဲ့သည်။ သို့သော်လက်တွေ့တွင်မူ ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံအစိုးရက လက်နက်များဝယ်ယူသောအခါ အဆင်ပြေသင့်မြတ်ခြင်းမရှိလှချေ။ ၁၉၄၈ခုနှစ်၊ ဇူလိုင်လတွင်မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးတင်ထွဋ် လန်ဒန်သို့ သွားရောက်၍ လက်နက်ဝယ်ယူခဲ့ရာတွင်လည်းကောင်း၊[၃] အစိုးရအဖွဲ့မှဦးတင်ထွဋ် နုတ်ထွက်ပြီးချိန် ထိုနှစ်အောက်တိုဘာလအတွင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဦးကျော်ငြိမ်းသည် အင်္ဂလန်သို့ လက်နက်ဝယ်ယူရန် သွားရောက်ရာတွင် လည်းကောင်း မအောင်မြင်ခဲ့ပေ။[၄] ထိုအချိန်၌ ပြည်တွင်းဆူပူသောင်းကျန်းမှုနှင့်ရင်ဆိုင်လျက်ရှိသော မြန်မာနိုင်ငံအစိုးရသည် လက်နက်ခဲယမ်းမီးကျောက်များကို ဥရောပမှောင်ခိုဈေးတွင် ဈေးကြီးပေး၍ ဝယ်ယူခဲ့ရသည်။ မြန်မာနိုင်ငံရှိ ဗြိတိသျှစစ်မစ်ရှင်

---

[၁] Outside Customer.

[၂] **An Administrative History of the Armed Forces in Burma.VolII.** p.711

[၃] (က) ဂုဏ်ရောင်–"ဗမာပြည်လက်ျာဂိုဏ်း၏သူလျှိုများ"၊ ဂျာနယ်ကျော် (၃၁–၇–၄၈)
(ခ) –"ဟဲလို–ဗမာ့ခေတ်" ဗမာ့ခေတ်သတင်းစာ (၂၁–၁၀–၄၈)

[၄] (က)သိန်းဖေမြင့်–ကျော်ငြိမ်း မျက် ၁၄၆–၁၄၇
(ခ) DR. 303 –၁၉၄၈ခုနှစ်၊ အောက်တိုဘာလ၊ ဗမာ့ခေတ်သတင်းစာအုပ်တွဲ

အဖွဲ့ဝင်များကလည်း တိုင်းရင်းသား ချင်း၊ ကယား၊ ရှမ်းတပ်ရင်း၁၀ရင်းဖွဲ့မှသာ လက်နက်ခဲယမ်း ရောင်းချမည်ဟု အကြပ်ကိုင်ခဲ့သည်။ ၁၉၅၂ခုနှစ်တွင်လည်း ဗြိတိသျှစစ်မစ်ရှင်အဖွဲ့မှ ရေတပ် ဗိုလ်ချုပ်ဝါဒ်[၁] သည် မြန်မာနိုင်ငံအစိုးရမှာကြားသော စစ်လက်နက်ပစ္စည်းများဝယ်ယူရေးအတွက် ဆောင်ရွက်ပေးခဲ့သော်လည်း မျှော်လင့်သမျှ မရခဲ့ချေ။[၂]

ထို့ကြောင့် ပဋ္ဌမအကြိမ် ကာကွယ်ရေးကောင်စီအစည်းအဝေးမှ သုံးသပ်ချက်များ ကို အခြေခံ၍ ၁၉၅၃ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁ရက် နှင့် ၂ရက်နေ့များတွင် ကျင်းပသည့် ၂၀ဖြိမ် မြောက်အစိုးရအဖွဲ့အစည်းအဝေးမှ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့နှင့်ဗြိတိသျှစစ်သံကို သီးခြားထားရှိရန်၊ ဗမာ့တပ်မတော်မှ အထက်တန်းအရာရှိကြီးများကို ဗြိတိသျှအစိုးရက စရိတ်စကကျခံ၍ သင်ကြား လေ့ကျင့်ပေးရန်၊ စစ်လက်နက်ပစ္စည်းဝယ်ယူရေးတွင်ယခုထက်ပို၍ဦးစားပေးအဆင့်သတ်မှတ်ရန် စသောအချက်များကိုအခြေခံ၍ စာချုပ်အသစ်ရေးဆွဲချုပ်ဆိုရေးအတွက် နိုင်ငံခြားရေးရုံးမှတစ်ဆင့် ဗြိတိသျှသံရုံးနှင့် ဆက်သွယ်ညှိနှိုင်းရန် ဆုံးဖြတ်သည်။ နိုင်ငံတော်ကာကွယ်ရေးကော်မတီနှင့် မြန်မာနိုင်ငံအစိုးရသည် နှစ်နိုင်ငံ သဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးရေးအတွက်သာ ဦးတည်သောစာချုပ် မဖြစ်သင့်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေး လမ်းစဉ်မှာ နိုင်ငံတည်တန့်ခိုင်မြဲမှုဖြစ်ကြောင်း၊ သို့ဖြစ်၍ သောင်းကျန်းသူများကို နှိမ်နင်းပြီး သောင်းကျန်းသူများ နှင့် နိုင်ငံခြားအစိုးရတို့ အဆက်အသွယ်မရရှိရန် တားဆီးကာကွယ်ရေးကို ဦးစားပေးရမည်ဖြစ်ကြောင်း အခိုင်အမာခံယူသည်။ ယင်းအခြေခံများဖြင့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေး ရာတွင် အောင်မြင်မှုမရရှိဘဲ ၁၉၅၄ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် စာချုပ်သက်တမ်းကုန်ဆုံး သောအခါ ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ ကိုရုပ်သိမ်းသွားခဲ့လေသည်။[၃]

## ပြည်ပနိုင်ငံများသို့လေ့လာရေးအဖွဲ့များစေလွှတ်ခြင်း

၁၉၄၉ခုနှစ်၊ ဇူလိုင်နှင့်ဩဂုတ်လ အတွင်းတွင် ဗမာ့တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဗြိတိန်နှင့် အမေရိကန်နိုင်ငံများသို့လှည့်လည်လေ့လာခဲ့ရာ ယင်းသည်ပင် လွတ်လပ်သောမြန်မာနိုင်ငံတော်၏ ပထမဆုံးစစ်ဖက်လေ့လာရေးအဖွဲ့ဟုဆိုရပေမည်။[၄]

---

၁ Commodore Ward

၂ ၁၉၆၈ခုနှစ်၊ တပ်မှူးညီလာခံတွင်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းပြောကြားသောနိဂုံးချုပ်မိန့်ခွန်း ရှေ့.သို ၁၃/၁၀ မျက်–၁၈

၃ **An Administrative History of the Armed Forces in Burma Vol. II** PP 711-715

၄ ဒေါက်တာမောင်မောင်– မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း မျက် ၃၂၈–၃၂၉

၁၉၅၂ ခုနှစ်၊ ဇွန်လတွင် ဗမာ့တပ်မတော်မှ စစ်ဖက်လေ့လာရေးအဖွဲ့ နှစ်ဖွဲ့သည် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံသို့တစ်ဖွဲ့၊ ယူဂိုစလားဗီးယားနှင့်ဥရောပနိုင်ငံများသို့တစ်ဖွဲ့ တာဝန်ခွဲဝေ၍ စစ်ဖက်လေ့လာရေးခရီးထွက်စေခဲ့သည်။ လွန်ခဲ့သောနှစ်ကလည်း ဒုတိယဗိုလ်မှူးကြီးစောမြင့်ဦးဆောင်သည့် အရာရှိ၃ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ယူဂိုစလားဗီးယားသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန်သွားလေ့လာရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှာ စစ်ရုံးမှ ဗိုလ်မှူးကြီးမောင်မောင်ဖြစ်၍ အဖွဲ့ဝင်များမှာ ဒုတိယဗိုလ်မှူးကြီးရှိန်း၊ ဒုတိယဗိုလ်မှူးကြီးညွန့်လွင်နှင့် ဒုတိယဗိုလ်မှူးကြီးဘရွှေတို့ဖြစ်ကြသည်။ လေ့လာရေးအဖွဲ့၏ရည်ရွယ်ချက်မှာ အိန္ဒိယနှင့်ပါကစ္စတန် တပ်မတော်များ၏ လေ့ကျင့်ရေး၊ ဖွဲ့စည်းရေး၊ လက်နက်တပ်ဆင်ရေးများကို လေ့လာရန်၊ စစ်ပညာသင်ကြားလေ့လာခွင့် တိုးတက်ရရှိရန်နှင့် လက်နက်ခဲယမ်းများ၊ ဝန်တင်လားများ ဝယ်ယူရေးအတွက် အလားအလာများ ဆန်းစစ်ရန် ဖြစ်သည်။ ထိုကိစ္စရပ်များအတွက် လေ့လာရေးအဖွဲ့ နိုင်ငံမှမထွက်ခွာမီ လေ့ကျင့်ရေးဌာနနှင့်စစ်ထောက်ချုပ်တို့မှ လိုအပ်သည်တို့ကို မှာကြားပြီးဖြစ် သည်။[၁]

လန်ဒန်မှတစ်ဆင့် ယူဂိုဆလားဗီးယား၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယန်၊ နော်ဝေး၊ ဆွီဒင်၊ ပြင်သစ်နိုင်ငံစသည့်အနောက်နိုင်ငံသွားစစ်ဖက်လေ့လာရေးအဖွဲ့ခေါင်းဆောင်မှာ ဝန်ကြီးဦးကျော်ငြိမ်းဖြစ်၍ဒုတိယအဖွဲ့ခေါင်းဆောင်မှာ ဗိုလ်မှူးချုပ်ကျော်ဇောဖြစ်သည်။ ထိုနိုင်ငံများတွင် သင်္ဘောကျင်းများ၊ လေ့ကျင့်ရေးကျောင်းများ၊ စစ်တက္ကသိုလ်များ၊ လက်နက်ငယ်စက်ရုံများကို လေ့လာကြည့်ရှုခဲ့ပြီး အပြန်တွင်အင်္ဂလန်နိုင်ငံသို့ဝင်ရောက်၍ ရေတပ်လေ့ကျင့်ရေး၊ ကမ်းရိုးတန်းကာကွယ်ရေး၊ ကမ်းတက်တပ်များ၏ကွန်မန်ဒိုလေ့ကျင့်ရေးများကို လေ့လာခဲ့သည်။ဆွီဒင်နိုင်ငံတွင် ကမ်းခြေသွားပင်လယ်ကူးသင်္ဘောဝယ်ယူရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။[၂] အထက်ပါလေ့လာရေးအဖွဲ့များနိုင်ငံခြား၌ရှိနေစဉ်ကာလအတွင်း ၁၉၅၂ ခုနှစ်၊ ဇူလိုင်လတွင်ဗြိတိသျှစစ်မစ်ရှင်အဖွဲ့မှ ရေတပ်ဗိုလ်မှူးချုပ်ဝဒ်သည် အင်္ဂလန်နိုင်ငံမှ စစ်ပစ္စည်းများမှာယူရေးအတွက်လန်ဒန်သို့ထွက်ခွာလာပြီးစစ်ပစ္စည်းဝယ်ယူရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။[၃] အနောက်နိုင်ငံသွားလေ့လာရေးအဖွဲ့သည်ယူဂိုစလားဗီးယားနိုင်ငံတွင်အချိန်ယူလေ့လာခဲ့သည်။

---

၁ General Report of the Burma Army Military Mission on the Military Establishments of India and PaKistan.

၂ **အနောက်နိုင်ငံသွားစစ်မစ်ရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၂ ခုနှစ်** **မျက် ၁၄-၂၃**

၃ **(က) ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့စွဲဖြင့် ဗိုလ်မှူးကြီးအောင်ကြီးထံမှ နိုင်ငံခြားရောက် ဗိုလ်မှူးကြီး မောင်မောင်ထံပေးစာ**

**(ခ) ဥရောပသွားစစ်မစ်ရှင်အဖွဲ့ဝင်ဗိုလ်မှူးချုပ်ကျော်ဇောထံစစ်ဦးစီးချုပ်မှ ၃-၇-၅၂ နေ့စွဲဖြင့်ပေးစာ**

၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဗိုလ်မှူးကြီးမောင်မောင်နှင့် ဗိုလ်မှူးတင်စိုးတို့သည် ဆက်သွယ်ရေးမစ်ရှင်[၁]အဖြစ် ဩစတြေးလျနိုင်ငံသို့ သွားရောက်ခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ ဗမာ့တပ်မတော်ကို လေ့ကျင့်သင်ကြားရေးအတွက်လည်းကောင်း၊ ဩစတြေးလျ တပ်မတော်၏ ဖွဲ့စည်းရေး၊ အုပ်ချုပ်ရေး၊ လေ့ကျင့်ရေးအပိုင်းများကို ပိုမိုနားလည်သိမြင်ရေး အကူအညီအတွက်လည်းကောင်း လှည့်လည်လေ့လာကြည့်ရှုရန်ဖြစ်သည်။[၂]

၁၉၅၄ ခုနှစ်၊ ဇွန်လတွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ်သန်းဖေ ဦးဆောင်သော စစ်ဘက်လေ့လာရေးအဖွဲ့သည် အစ္စရေးနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် လက်တွေ့ကျင့်သုံးပုံကို လေ့လာရန်နှင့်အခြား ကြည်း၊ ရေ၊ လေ တပ်လုပ်ငန်းများကို လေ့လာရန် သွားရောက်ခဲ့ပြီး ယင်းနှစ်စက်တင်ဘာလတွင် ကြားဖြတ်အစီရင်ခံစာ၊ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် အစီရင်ခံစာအပြည့်အစုံကို တင်သွင်းခဲ့သည်။[၃] လေ့လာရေးအဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်၏သဘောတူညီချက်ဖြင့် ကာကွယ်ရေးစက်ရုံ[၄] များ တည်ဆောက်ရေးကိစ္စကို အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ဘက်စက်မှုလက်မှုဌာနညွှန်ကြားရေးမှူးချုပ်မစ္စတာဇဗီးဒါး[၅] နှင့်ဆွေးနွေးခဲ့သည်။ အစ္စရေးနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ပြုစုပေးသော အခြေစိုက်အလုပ်ရုံများတည်ဆောက်ရေး စီမံကိန်း[၆]ကို မြန်မာနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ လက်ထောက်စစ်ထောက်ချုပ် ထံ တင်ပြခဲ့ သည်။

၁၉၅၅ ခုနှစ်၊ ဧပြီလဆန်းတွင်ယူဂိုစလားဗီးယားနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့စွဲပါ ကာကွယ်ရေးဦးစီးချုပ်၏ အမိန့်ညွှန်ကြားချက်ဖြင့် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ်သန်းဖေ ဦးဆောင်၍ စစ်ထောက်ချုပ်ဗိုလ်မှူးကြီးတင်ဖေ၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးဗိုလ်မှူးကြီးမောင်မောင်တို့ပါဝင်သော စစ်ဘက်လေ့လာရေးအဖွဲ့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဧပြီလ ၂၃ ရက်နှင့် ၂၅ ရက်နေ့များတွင် မြန်မာနိုင်ငံမှ ထွက်ခွာပြီးရှူးရစ်မြို့မှ တစ်ဆင့် ယူဂိုစလားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့သို့ သွားရောက်ခဲ့သည်။ ယူဂိုစလားဗီးယားနိုင်ငံ၊ အနောက်ဂျာမဏီ၊ အစ္စရေးနှင့် ပြင်သစ်နိုင်ငံများတွင် စစ်ဘက်ဆိုင်ရာကိစ္စရပ်များကို လှည့်လည် လေ့လာကာ ဇူလိုင်လတွင် ပဲရစ်မြို့မှ တစ်ဆင့်မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။[၇] ယင်းလေ့လာရေး

---

[၁] Liason Mission.

[၂] **General Report on the tour of Australian Military Establishment** PP.1-2

[၃] DR.973 အစ္စရေးပြည်သွားစစ်မစ်ရှင်အဖွဲ့.အစီရင်ခံစာ

[၄] War Industry

[၅] Mr. Zvi Dar.

[၆] DR. 973 **အစ္စရေးပြည်သွားစစ်မစ်ရှင်အဖွဲ့.အစီရင်ခံစာ၊ ကြည်းတပ်ဆိုင်ရာအစိတ်အပိုင်း** မျက်-၅

[၇] **Report on the tour of Burmese Forces Mission to Yugoslovia and Visits**

အဖွဲ့၏တာဝန်မှာ ယူဂိုစလားဗီးယားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ စက်ရုံအလုပ်ရုံများ၊ ရေတပ်သင်္ဘောကျင်းလုပ်ငန်းများ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လေ့ကျင့်ရေးလုပ်ငန်းများစသည်တို့ကို လေ့လာပြီး အစီရင်ခံစာတင်သွင်းရန်အပြင် ယူဂိုစလားဗီးယားနိုင်ငံမှပေးအပ်မည့် တပ်မဟာတစ်ခုစာလက်နက်ခဲယမ်းများ၊ ဝန်တင်တိရစ္ဆာန်များကို လက်ခံယူရန် ဖြစ်ပေသည်။[၁] ယင်းလက်နက်ခဲယမ်းများသည် ယူဂိုစလားဗီးယားသင်္ဘောဂါနာဂိုရာ[၂] ဖြင့် ရန်ကုန်မြို့သို့ အောက်တိုဘာလ၁၀ ရက်နေ့တွင်ရောက်ရှိလာပြီး အောက်တိုဘာလ၁၂ရက်နေ့တွင် ကျန်းမာရေးဆိပ်ကမ်း၌အခမ်းအနားဖြင့် လွှဲပြောင်းလက်ခံယူသည်။[၃]

မြန်မာနိုင်ငံအစိုးရအဖွဲ့.မှပစ္စည်းထောက်ပံ့ရေးဝန်ကြီးဗိုလ်မင်းခေါင်ခေါင်းဆောင်သောအဝယ်တော်အဖွဲ့.သည် ၁၉၅၅ခုနှစ်၊ စက်တင်ဘာလတွင် အစ္စရေး၊ ယူဂိုစလားဗီးယား၊ ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ အရှေ့.ဂျာမဏီနှင့် ဆိုဗီယက်ရုရှားနိုင်ငံများသို့ သွားရောက်ခဲ့ရာ စစ်ဘက်အဖွဲ့.ဝင်အဖြစ် ဒုတိယစစ်ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးဝန်ဗိုလ်မှူးထွန်းရွှေနှင့်ဗဟိုစစ်လက်နက်ပစ္စည်းသိုလှောင်ရေးတပ်ဖွဲ့.မှ ဒုတိယတပ်မှူးတို့လိုက်ပါသွားခဲ့သည်။[၄]

၁၉၅၅ခုနှစ်၊ စက်တင်ဘာလတွင်ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးပင်တာဟွေး[၅] ၏ ဘိတ်ကြားချက်အရ မြန်မာနိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းသည် ဗိုလ်မှူးချုပ် တီကလစ်၊ ဗိုလ်မှူးချုပ် မောင်မောင်ကျော်ဝင်း၊ ဗိုလ်မှူးချုပ် ကျော်ဇော၊ ဗိုလ်မှူးချုပ်ဒီအေဘလိတ်ကံ တို့ပါဝင်သည့် စစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့.ကိုဦးဆောင်ကာ တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။[၆]

၁၉၅၇ခုနှစ်၊ မေလတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးနှင့်စိတ်ဓါတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးဘသန်း၊ စစ်ဦးစီးမှူး(ဒုတိယတန်း) ဗိုလ်မှူးစံမြင့်နှင့် ဦးစီးအရာရှိ(တတိယတန်း) ဦးစောဦးတို့ ပါဝင်သောလေ့လာရေးအဖွဲ့.သည် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ပြီး ၂၅ရက်ကြာ လေ့လာကြည့်ရှုခဲ့ကြသည်။

---

**to France, West Germany and Israel.** pp.1-2

၁ **Directive issued by Lt. Gen Ne Win dated 19th April 1955 No 1/V-M/DMT**

၂ M.V. Gana Gora

၃ DR. 16 **လက်နက်လွှဲပြောင်းပေးသောအခမ်းအနားဘိတ်စာ**

၄ **ပြည်ထောင်စုမြန်မာနိုင်ငံတော်ပစ္စည်းအဝယ်တော်အဖွဲ့.စစ်ဘက်ဆိုင်ရာအဖွဲ့.ဝင်များ၏ အစီရင်ခံစာ** မျက် ၃-၅

၅ Piang Teh-huai

၆ **တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက်မြန်မာစစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့.၏မှတ်တမ်း** မျက် ၁-၃

၁၉၆၀ပြည့်နှစ်၊ ဇွန်လတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ရန်ကုန်မြို့ရှိ ထောင်ဗီယက်နမ် ကောင်စစ်ဝန်ချုပ်ရုံးသို့ စကားကမ်းလှမ်းဆွေးနွေးချက်အရ ထောင်ဗီယက်နမ်အစိုးရက စရိတ်စက ကျခံပြီး လေ့လာရေးအဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ခဲ့သည်။ ထို့ကြောင့် ဗိုလ်မှူးချုပ်တီကလစ် ဦးဆောင်သော လေ့လာရေးအဖွဲ့သည် တောင်ဗီယက်နမ်သမ္မတနိုင်ငံသို့ သွားရောက်၍ မြို့၊ ရွာဒေသများ၊ စစ်တက္ကသိုလ်များ၊ စိတ်ဓါတ်စစ်ဆင်ရေးနှင့် တပ်ရင်းများ၏အချက်အချာဌာနကြီးများ၊ ဆေးရုံ၊ သင်္ဘောကျင်းစသည်တို့ကို လှည့်လည်လေ့လာခဲ့သည်။ ဇူလိုင်လလယ်ခန့်တွင် တောင်ဗီယက်နမ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်သွားရောက်လေ့လာခဲ့သည်။ [၁]

၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လအတွင်းမှာပင် ဗိုလ်မှူးကြီး မောင်မောင်၊ ဗိုလ်မှူးကြီး ထွန်းစိန်နှင့် ဗိုလ်မှူး မောင်မောင်ခတို့ ပါဝင်သော လေ့လာရေးအဖွဲ့သည် အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများသို့ လေ့လာရေးသွားရောက်ခဲ့သည်။ [၂]

ထိုနှစ်ဩဂုတ်လ အတွင်းတွင် ဗိုလ်မှူးချုပ်သန်းဖေ ဦးဆောင်၍ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးကြီးစိန်မြ၊ ဗိုလ်မှူးကြီးသိန်းတုတ် တို့ပါဝင်သော မြန်မာစစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့သည် စင်္ကာပူနိုင်ငံမှ တစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ မြို့ကြီး၁၂မြို့၊ စစ်တိုင်းကြီး ၆တိုင်း၊ လေ့ကျင့်ရေးကျောင်း၂ကျောင်းနှင့် စစ်တက္ကသိုလ်၄ခုတို့ကိုလေ့လာခဲ့သည်။ [၃]

၁၉၆၀ပြည့်နှစ်မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ဗိုလ်မှူးကြီးမောင်မောင်ဦးဆောင်၍ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးကြည်မောင်၊ ဗိုလ်မှူးကြီးတင်မောင်စသူတို့ပါဝင်သော ဗမာ့တပ်မတော်ချစ်ကြည်ရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့သည် စက်တင်ဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ပြီး ရက်ပေါင်း၅၅ရက်ကြာလှည့်လည်လေ့လာခဲ့ရာ နယ်ပေါင်း ၈နယ်၊ မြို့ကြီး၁၄မြို့၊ လေ့ကျင့်ရေးကျောင်း၁၃ကျောင်း၊ စက်ရုံပေါင်း၁၇ရုံ၊ ပြတိုက် ၉ခု၊ သမိုင်းဝင်ဒေသ ၉ဌာနစသည်တို့ကို ရောက်ရှိလေ့လာခဲ့သည်။ ယင်းစစ်မစ်ရှင်အဖွဲ့တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဝန်ကြီးချုပ်ဦးနု၊ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း နှင့် တရုတ်မြန်မာနယ်နိမိတ် သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်ကြီးတို့လည်း ရောက်ရှိနေချိန်ဖြစ်သည်။ [၄]

---

[၁] CD 202 **တောင်ဗီယက်နမ်သမ္မတနိုင်ငံနှင့်ကမ္ဘောဒီယားနိုင်ငံသွား ချစ်ကြည်ရေးစစ်မစ်ရှင်အဖွဲ့အစီရင်ခံ စာ** မျက် ၁-၂

[၂] DR-1909 **ပြည်ထောင်စုနှင့် The Nation သတင်းစာဖြတ်ပိုင်းများ**

[၃] **အင်ဒိုနီးရှားပြည်သွားမြန်မာစစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့၏အစီရင်ခံစာ**

[၄] CD-184 **တရုတ်ပြည်သူ့သမ္မတနိုင်ငံသွား ဗမာ့တပ်မတော်ချစ်ကြည်ရေးမစ်ရှင်အဖွဲ့အစီရင်ခံစာ** မျက်၁-၇

ဤသို့ဖြင့် ဗမာ့တပ်မတော်သည် ခေတ်မီတိုးတက်ရေးအတွက် ဗြိတိသျှစစ်မစ်ရှင်အဖွဲ့မှ တစ်ဆင့်သာ ဆက်သွယ်ဆောင်ရွက်ခဲ့ရရာမှ နိုင်ငံတော်၏ ဘက်မလိုက်ဝါဒ၊ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဝါဒများအပေါ် အခြေခံ၍ နိုင်ငံတကာတပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ရေးအတွက် လေ့လာရေးအဖွဲ့များ၊ စစ်ဘက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့များစေလွှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

# အခန်း ( ၈ )

## ဗမာ့တပ်မတော်ခေတ်မီတိုးတက်ရေးလုပ်ဆောင်မှုများ

### တပ်မှူးများညီလာခံ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန် ၁၉၄၈ခုနှစ်နှင့်၁၉၄၉ခုနှစ်များတွင် ပြည်တွင်းဆူပူသောင်းကျန်းမှု မီးတောက်မီးလျှံများသည် အရှိန်အဟုန်ပြင်းစွာ တောက်လောင်လျက်ရှိသည်။ သို့ဖြစ်၍ ဗမာ့တပ်မတော်သည် ပြည်တွင်းစစ်မီးငြိမ်းသတ်ရေး၊ နိုင်ငံမပြိုကွဲရေးလုပ်ငန်းပိုင်းတွင်သာ အားသွန်ကြိုးပမ်းနေရသဖြင့်တပ်မတော်၏ ခေတ်မီတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း မပြုနိုင်ခဲ့ပေ။ ထိုအချိန်က တပ်မတော်အကြီးအကဲအချို့ တွေ့ဆုံဆွေးနွေးခြင်းများရှိခဲ့သော်လည်း ပြည့်ပြည့်စုံစုံပါဝင်ခြင်းမပြုနိုင်ဘဲ စစ်ရေးကိုသာအဓိကထားဆွေးနွေးကြရသည်။

ဤသို့ဖြင့် ၁၉၅၀ပြည့်နှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းကျင်းပခဲ့သော တပ်မှူးများညီလာခံတွင်အမြဲတမ်းတပ်များ လုံလောက်ခြင်းမရှိ၍ အရေးပေါ်တပ်များကို သုံးစွဲရာ ထိုသူတို့ကိုထိန်းသိမ်းရသောဒုက္ခပိုလာကြောင်း၊ စစ်ဦးစီးအဖွဲ့မှာလည်း အရာရှိလုံလောက်ဟန် မရှိ၍ စစ်ရုံးကိုပြုပြင်ဖွဲ့စည်းသင့်ကြောင်း၊ စစ်ရုံးဖွဲ့စည်းပုံမှာ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ စစ်ရုံးနှင့်မတူဘဲ ဒိုမီနီယံနိုင်ငံတစ်နိုင်ငံ၏ တပ်မဌာနချုပ်ခန့်သာရှိကြောင်း ဝေဖန်မှုများ ရှိလာသည်။ စစ်ဦးစီးဌာနမှလည်း ဖွဲ့စည်းပုံတွင် အင်အားနည်းပါးလွန်း၍ အလုပ်နှင့်လူ မျှတမှုမရှိကြောင်း၊ ဗြိတိန်နိုင်ငံ စစ်ရုံးတွင် အရာရှိပေါင်း ၃ထောင်ခန့်ဖြင့် ၇သိန်းခန့်အင်အားရှိသော တပ်ကို အုပ်ချုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်မူ အင်အား ၁သိန်းခန့်ကို အရာရှိ၈၀ခန့်ဖြင့် အုပ်ချုပ်နေရာမှ ကရင်အရေးတွင် အရာရှိများပိုမိုလျော့ပါးသွားကြောင်း ပြန်လည်ဖြေရှင်းခဲ့သည်။[၁]

ဤသို့အခြေအနေများ ရှိလာခြင်းမှာ ၁၉၄၈ခုနှစ်မေလတွင် ဗြိတိသျှစစ်မစ်ရှင်မှ အကြံပေးချက်အတိုင်းဖွဲ့စည်းခဲ့ခြင်းကြောင့် စစ်ဦးစီးဌာနများ မပြည့်မစုံရှိကာ ဆင့်ကဲဆင့်ကဲ တာဝန်ယူမှုအပိုင်းတွင်လည်း ကွင်းဆက်များပြတ်နေ၍ ဖြစ်ပေသည်။ သို့ဖြစ်၍ ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလကပင် စစ်ရုံးပြန်လည်ဖွဲ့စည်းရေးကို ကြိုးပမ်းလျက်ရှိသော်လည်း ကာကွယ်ရေးဌာနကောင်စီ ခေါ် စစ်ရုံးကောင်စီမှ ဆုံးဖြတ်ချက် မချနိုင်ခဲ့ပေ။ ၁၉၅၂ခုနှစ်တွင် ဝန်ကြီးအဖွဲ့၏ ဆပ်ကော်မတီ စစ်ရေးကက်ဘိနက်ဟုယူဆရမည့် နိုင်ငံတော်ကာကွယ်ရေးကော်မတီကို ဖေဖော်ဝါရီလ ၇ရက်နေ့တွင် အတည်ပြုဖွဲ့စည်းနိုင်ပြီး စစ်ရုံးပုံစံသစ်ဖွဲ့စည်းရေးအတွက် အစည်းအဝေးပြုလုပ်

---

[၁] CD.350 ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းကျင်းပခဲ့သော တပ်မှူးများညီလာခံ အစည်းအဝေးမှတ်တမ်း မျက် ၃-၁၀

နိုင်ခဲ့သည်။[၁] ၁၉၅၆ခုနှစ် ဇန်နဝါရီလ၁ရက်နေ့တွင် ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရေးသည် ဖွဲ့စည်း ပုံဇယားအမှတ် ၁၀၀/၂/၅၆အရ အကောင်အထည်ပေါ်လာခဲ့သည်။[၂]

၁၉၅၂ခုနှစ်ဇူလိုင်လ၂၁ရက်နေ့မှ၂၆ရက်နေ့အထိ စတီးရိပ်သာတွင် ကျင်းပသော ဗမာ့တပ်မတော် တပ်မှူးများ၏ညီလာခံတွင် ယခင်နှစ်များကကဲ့သို့ ခြေလျင်တပ်ရင်းမှူးများသာမက တော့ဘဲ စစ်ထောက်ချုပ်နှင့်စစ်ရေးချုပ်ဌာနလက်အောက်ခံတပ်မှူးများပါ ပါဝင်လာပြီး တပ်မတော် နှင့်ပတ်သက်သောကိစ္စအရပ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြသည်။[၃] ၁၉၅၃ခုနှစ် ဩဂုတ် လ တွင် ကျင်းပသောတပ်မှူးများညီလာခံတွင်မှု စစ်ရုံးမှလေ့ကျင့်သင်ကြားပေးရာတွင် မိမိတို့ထက် စီးပွားရေး၊ ပညာရေး၊ စက်မှုလက်မှုတို့တွင် အဆများစွာ သာလွန်တိုးတက်သော နိုင်ငံကြီးများမှ နည်းစနစ်များကို အတုယူသင်ကြားပေးခဲ့၍ အတုယူမှားခဲ့ကြောင်း၊ မိမိတို့တွင် ဤသို့အကုန်အကျ ခံနိုင်သည့်အင်အားမရှိ၍ ကိုယ့်ဝန်ကိုယ့်အားနှင့် သင့်မြတ်သော အကောင်းဆုံးနည်းကို အသုံးပြု ရမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။[၄]

၁၉၅၄ခု၊ စက်တင်ဘာလ၁၃ရက် မေမြို့ဗိုလ်သင်တန်းကျောင်းတွင် ပြုလုပ်သော တပ်မှူးများညီလာခံ၌ တပ်မတော်ကြည်း၊ ရေ၊ လေ မှအရာရှိများအစုံအညီတက်ရောက်ခဲ့ကြသည်။ ထိုသို့ တက်ရောက်ခြင်း၏ ရည်ရွယ်ချက်မှာ စစ်လက်ရုံးတပ်ဖွဲ့၃ဖွဲ့သည် အကျိုးယုတ်စေမည့် ပြိုင်ဆိုင်မှုများမရှိဘဲ သူနေရာနှင့်သူ တာဝန်ခွဲဝေထမ်းဆောင်ကြသူ တစ်ခုတည်းသော တပ်မတော် သားများချည်းသာဖြစ်သည်ကို သဘောပေါက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အဝတ်အစား နှင့် စစ်သုံးကိရိယာအသုံးအဆောင်များအပိုင်းတွင်လည်း ဗြိတိသျှတို့၏စနစ်အတိုင်း ကျင့်သုံးနေ ခြင်းမှာ သင့်လျော်မှုမရှိ၍ အကုန်အကျနည်းပါးပြီး ပေါ့ပါးခိုင်မာလျက် အမှန်တကယ် အသုံးဝင် သော ဝတ်စုံနှင့်ပစ္စည်းကိရိယာများ သတ်မှတ်ထားပြီးဖြစ်၍ မကြာမီအစားထိုးပေးမည် ဖြစ်ကြောင်း စစ်သေနာပတိချုပ်က ပြောကြားခဲ့သည်။ အဆိုပါညီလာခံတွင်ပင် တပ်မတော်ဝါဒ သဘောတရား နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။[၅]

၁၉၅၅ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်နေ့မင်္ဂလာဒုံ အမှတ်(၁)လေ့ကျင့်ရေးတပ်၌ ပြုလုပ်သောတပ်မှူးများညီလာခံတွင် တပ်မတော်အရည်အချင်းတိုးတက်ရေးအတွက် နီးနှောဖလှယ်

---

[၁] (က) တပ်မတော်(ကြည်း)သမိုင်း **တပ်မတော်မှတ်တမ်း၁၉၅၅**

(ခ) **An Administrative History of the Armed Forces in Burma Vol II** pp 611-612

[၂] **လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်း** မျက် ၄၁

[၃] CD.351 **၁၉၅၂ခုနှစ်တပ်မှူးများညီလာခံစစ်သေနာပတိမိန့်ခွန်း**

[၄] CD.876 **၁၉၅၃ခုနှစ်တပ်မှူးများညီလာခံစစ်သေနာပတိမိန့်ခွန်း**

[၅] CD.99 **၁၉၅၄ခုနှစ်တပ်မတော်ညီလာခံမှတ်တမ်းများ**

ကြသည်။[၁] ထိုနှစ်တွင်ပင် စစ်တက္ကသိုလ်ကိုစတင်ဖွင့်လှစ်သည်။[၂] ၁၉၅၆ခုနှစ်၊ ဧက်တင်ဘာလ ၂၄ရက်နေ့မှ၂၈ရက်အထိကျင်းပသော တပ်မတော်ညီလာခံတွင်လည်း အရည်အချင်း တိုးတက်ရေး နှီးနှောပွဲပြုလုပ်ရာ သဘာပတိမိန့်ခွန်းတွင် အခြေအနေသည် အထိုက်အလျောက်အေးချမ်းလာပြီး ဖြစ်၍ မိမိတို့အခြေအနေမိမိတို့ပြန်လည်ဝေဖန်ဆန်းစစ်ပြီး အရည်အချင်းတိုးတက်ရေး ဆောင်ရွက်ရန် တိုက်တွန်းဆွေးနွေးသည်။ ထိုညီလာခံတွင် စစ်အခြေခံသဘောတရားဆွေးနွေးပွဲ၊ ကာကွယ်ရေး ဝါဒသဘောတရားဆွေးနွေးပွဲများပြုလုပ်သည်။[၃]

စစ်အခြေခံသဘောတရားဆွေးနွေးရာတွင် ကမ္ဘာ့စစ်မှုရေးရာတိုးတက်ဖြစ်ပေါ်မှု များကိုသုံးသပ်သည်။ ခေတ်ကာလအလိုက် စစ်အမျိုးအစား၄မျိုးရှိရာ အောက်ပါအတိုင်းခွဲခြားခဲ့ သည်–

(၁) **ကန့်သတ်စစ်**[၄] – တိုက်ခိုက်ရာတွင် နယ်ပယ် ကန့်သတ်ပိုင်းခြား၍ လည်းကောင်း၊ သာမန်ပြည်သူနှင့်စစ်သည် ပိုင်းခြားကန့်သတ်၍ လည်းကောင်း၊ ရည်ရွယ်ချက်ကို ပိုင်းခြားကန့်သတ်၍လည်းကောင်း တိုက်ခိုက်ကြ၍ ကမ္ဘာဦးအစမှ ၁၉ရာစုအထိ ဖြစ်ပွားခဲ့သော စစ်ပွဲများဖြစ်သည်။ ထိုစစ်ကို ၂မျိုး ထပ်မံခွဲခြားနိုင်သည်–

(က) လူမျိုးရေး၊ ဘာသာရေး၊ တော်လှန်ရေးစစ်များ

(ခ) နယ်ချဲ့စစ်ပွဲများ

(၂) **မပြည့်စုံသောအကြွင်းမဲ့စစ်**[၅]– ရုပ်ပိုင်းတွင်အကြွင်းမဲ့သဘောဆောင်သော်လည်း စိတ်ပိုင်းစိုးမိုးမှုမပါသေးသော ပထမကမ္ဘာစစ်မျိုးဖြစ်သည်။

(၃) **ပြည့်စုံသောအကြွင်းမဲ့စစ်**[၆] – ရုပ်ပိုင်းတွင်သာမက စိတ်ပိုင်းကိုပါဆွဲဆောင် စိုးမိုးသောဒုတိယကမ္ဘာစစ်မျိုးဖြစ်သည်။

(၄) **ဝါဒစစ်**[၇] – ပြည့်စုံသောအကြွင်းမဲ့စစ်ကို တိုးတက်ပြည့်စုံစွာ ဆောင်ရွက်ခြင်း ဟုယူဆနိုင်သည်။

---

[၁] CD.169 **၁၉၅၅ခုနှစ်တပ်မတော်ညီလာခံမှတ်တမ်းများ**

[၂] DR.8446 **စစ်တက္ကသိုလ်သမိုင်းအကျဉ်းချုပ်** မျက် ၂

[၃] CD.11 **၁၉၅၆ခုနှစ်တပ်မတော်ညီလာခံမှတ်တမ်းများ**

[၄] Limited Wars

[၅] Incomplete Total Wars

[၆] Complete Total Wars

[၇] Ideological Wars

ဒုတိယကမ္ဘာစစ်ပြီးလုချိန် နှင့် စစ်ကြီးအပြီးကာလမှစ၍ စစ်မှုရေးရာတွင် အောက်ပါ တိုးတက်ဖြစ်ပေါ်မှုများရှိလာသည်–

(၁) နိုင်ငံတော်ကစစ်ဦးဆောင်သောစနစ်အသုံးပြုသည်။[၁]

(၂) စိတ်ဓါတ်စစ်ဆင်မှုကိုအစွမ်းကုန်အသုံးပြုသည်။

(၃) လေယာဉ်စွမ်းအင်ကိုအပြည့်အဝအသုံးချသည်။

(၄) ဒုံးပျံလက်နက်များအသုံးပြုသည်။

(၅) အနုမြူလက်နက် နှင့် သာမိုနျူကလီးယားလက်နက် အသုံးပြုနိုင်သော အခြေအနေရှိလာသည်။

အထက်ပါတိုးတက်ဖြစ်ပေါ်မှုများမှ အောက်ပါစစ်သဘောတရား[၂]ကိုကောက်ချက်ချထုတ်ယူနိုင်ပေသည်–

(၁) စစ်မဖြစ်မီကပင် စစ်ပြင်ဆင်ပြီးစီးရပြီး ငြိမ်းချမ်းမှုဟူ၍မရှိဘဲ စစ်အေးသာ ရှိသည်။

(၂) ပြည်သူ့စစ်၊ ပြောက်ကျားစစ်စသည်ဖြင့် လူတိုင်းစစ်သည်ဖြစ်လာသည်။

(၃) စိတ်ဓါတ်ကြံ့ခိုင်ခြင်းလိုအပ်၍ ဝါဒရေးပါလာသည်။

(၄) စစ်အေးတိုက်ပွဲ[၃]များသုံးစွဲလာကြသည်။

တပ်မတော်၏ဝါဒသဘောတရားကိုလည်းထုတ်ဖေါ်ခဲ့ရာထိုဝါဒသည် ၁၉၅၇ခုနှစ် ထုတ်မြဝတီမဂ္ဂဇင်းတွင်အောက်ပါအတိုင်းတွေ့ရှိနိုင်သည်–

> "ရုပ်သာပဓါနဟုယူသော ရုပ်ဝါဒနှင့်၄င်း၊ စိတ်ဝိဉာဉ်သာရှိသည်ဟုယူသော ရုပ်မရှိဝါဒနှင့်၄င်း၊ ကောင်းစွာခြားနားအပ်သော နာမရူပဝါဒသဘောတရား (The Law of Interaction of Mind and matter) သည်သာလျှင် မြန်မာနိုင်ငံနှင့်သင့်လျော်သော အခြေခံတွေးခေါ်ပုံသဘော တရား ဖြစ်ပေသည်။
>
> နာမရူပဝါဒ၏အဓိပ္ပါယ်မှာ . . . ရုပ်ပိုင်းသဘောနှင့် စိတ်ပိုင်းသဘောများသည် အချင်းချင်းအပြန်အလှန်အကြောင်းပြုနေကြသည်. . . အချင်းချင်းကျေးဇူးပြု နေကြသည်ဟူသော သဘောတရားပင်ဖြစ်လေသည်။"[၄]

---

[၁] War direction

[၂] Military Doctrine

[၃] The Cold War

[၄] **ရှေ့မှီး– "မြန်မာနိုင်ငံနှင့် ဒီမိုကရေစီဆိုရှယ်လစ်ဝါဒ" မြဝတီ (၁၉၅၇ခုအောက်တိုဘာလ) မျက် ၂၀ (အဆိုပါဝါဒသည်လမ်းစဉ်ပါတီခေတ်တွင် အညမညသဘောတရားဖြစ်လာသည်)**

၁၉၅၇ခုနှစ်၊ စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ရတနာပုံရေတပ်စခန်းတွင် ကျင်းပခဲ့သော တပ်မတော်ညီလာခံတွင်လည်း စိတ်ဓါတ်ကြံ့ခိုင်ကောင်းမွန်၍ ခေတ်မီသော တပ်မတော် ဖြစ်မြောက်ရေးဆွေးနွေးပွဲ၊ စစ်ဆင်ရေးနှင့်စစ်ဗျူဟာဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ စိတ်ဓါတ်ကြံ့ခိုင်၍ ခေတ်မီသောတပ်မတော်ဖြစ်မြောက်ရေးတွင် စစ်ပညာအတွေးအခေါ် နှင့် စစ်ပစ္စည်း များခေတ်မီရေး၊ စိတ်ဓါတ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ရာ စစ်ပစ္စည်း များ ခေတ်မီရန် ဝယ်ယူခြင်း၊ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရပေမည်။ စိတ်ဓါတ်ကောင်းမွန်ရေး အတွက် သင်တန်းများ လိုအပ်ပေသည်။ သို့ဖြင့် ကာကွယ်ရေးတက္ကသိုလ်ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့ သည်။[၁]

ဤသို့ဖြင့်တပ်မတော်ခေတ်မီတိုးတက်ရေးလုပ်ဆောင်ရာတွင်တပ်မှူးများညီလာခံ သည် ဦးဆောင်လမ်းညွှန်မှုအခန်းမှ အရေးပါစွာပါဝင်ခဲ့ကြောင်းတွေ့ရှိရသည်။

## စိတ်ဓါတ်စစ်ဆင်ရေး

ဒုတိယကမ္ဘာစစ်တွင် ကြုံတွေ့ခဲ့ရသော သင်ခန်းစာများအရ စစ်ပွဲများသည် ဝါဒရေးစစ်ပွဲများအသွင်ဆောင်ယူလာပြီး ပြည်သူ့စစ်၊ ပြောက်ကျားစစ်များကို သမရိုးကျစစ်နှင့် တွဲဖက်၍ နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုလာကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ကိုးရီးယားစစ်၊ ဗီယက်နမ်စစ်စသည်တို့တွင်လည်းဝါဒစစ်အသွင်ဆောင်ယူလာသည်။ ဤသို့သောစစ်ပွဲမျိုးသည် ကမ္ဘာ့စစ်အေးတိုက်ပွဲ၏အသွင်တစ်ရပ်အဖြစ်ရှိလာပြီး ဝါဒရေးအရ စိတ်ကို လွှမ်းမိုးတိုက်ဖျက်သည့် နည်းလမ်းကို အသုံးပြုလာကြသည်။ ဤတွင်စိတ်ဓါတ်စစ်ဆင်ရေးသည် အလွန်အရေးပါလာတော့ သည်။

လွတ်လပ်ရေးရပြီးနောက် ဗမာ့တပ်မတော်သည် စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်း များကို ၁၉၄၉ခုနှစ်မှပင် စတင်အသုံးပြုခဲ့လေသည်။ နိုင်ငံနှင့်အဝှန်း ဆူပူသောင်းကျန်းမှုများ ဖြစ်ပွား၍ နိုင်ငံတော်အစိုးရအား ရန်ကုန်အစိုးရ ဟု ခေါ်ဆိုနေချိန်တွင် တပ်မတော်နှင့်ပြည်သူ စိတ်ဓါတ် ခိုင်မာမြင့်မားရေးအတွက်လည်းကောင်း၊ ရောင်စုံသောင်းကျန်းသူများ စိတ်ဓါတ် ကျဆင်း ရေးအတွက်လည်းကောင်း ဦးတည်ချက်များဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးဗကို နှင့် ဗိုလ်မှူး အောင်ကြည်တို့အား မြန်မာ့အသံ တပ်မတော်စိန်ပြောင်းကြီးကဏ္ဍမှ သောင်းကျန်းသူ ဖြို့ခွင်း အောင်နိုင်မှုစစ်ဆင်ရေးသတင်းများကို ထုတ်လွှင့်စေသည်။[၂]

---

[၁] CD.171- **၁၉၅၇ခုနှစ်တပ်မတော်ညီလာခံမှတ်တမ်းများ**

[၂] DR.8479-**ပြည်သူ့စစ်နှင့်ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူးရုံးနှင့်လက်အောက်ခံတပ်များ၏သမိုင်း အကျဉ်း**

၁၉၅၂ခုနှစ်၊ ဇန်နဝါရီလတွင် ကျောက်ဆည်ခရိုင် မသုံးလုံး၃ပွင့်ဆိုင်နယ်၌ ပြုလုပ်သော"လွတ်မြောက်ရေးစစ်ဆင်မှု"[၁]တွင် နိုင်ငံရေးခေါင်းဆောင်အချို့နှင့်ဗိုလ်ကြီးဘသောင်း ဦးစီးသောစိတ်ဓါတ်စစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့[၂] သည် အမှတ်(၆)တပ်မဟာနှင့်အတူ ၂လကျော်ခန့် စိတ်ဓါတ်စစ်ဆင်မှုများပြုလုပ်၍ အောက်ပါစာရွက်စာတမ်းများဖြန့်ဖြူးခဲ့သည်–

| | | | |
|---|---|---|---|
| (၁) | စာကလေးတစ်စောင်... ... | စောင်ရေ | ၅၀၀ |
| (၂) | ရောင်စုံသူပုန်တို့အုပ်စိုးမှုနယ်အတွင်း လူမှုလုံခြုံမှုရှိပါရဲ့လား....... | စောင်ရေ | ၅၀၀ |
| (၃) | ကျေးရွာလူထုကယ်တင်ဘိုငါတို့လာခဲ့တယ် | စောင်ရေ | ၂၀၅၀၀ |
| (၄) | လက်နက်နဲ့အာဏာလုတာကြာရှည်ခံနိုင် ပါ့မလား...... | စောင်ရေ | ၅၀၀ |
| (၅) | ဒါလားပြည်သူ့တပ်မတော်... ... | စောင်ရေ | ၅၀၀ |
| (၆) | ကွန်မြူနစ်တို့လက်သစ်စကားလိမ်... | စောင်ရေ | ၆၀၀ |
| (၇) | ဒါလားပြည်သူ့ငြိမ်းချမ်းရေး... | စောင်ရေ | ၁၇,၀၀၀ |
| (၈) | ဒါလားကွန်မြူနစ်... ... | စောင်ရေ | ၂၀၆၀၀ |
| (၉) | တပ်တွင်းညွှန်ကြားလွှာ... | စောင်ရေ | ၆၀၀ |
| (၁၀) | စစ်ဆင်မှုသတင်းစဉ်(အမှတ်၁–၉)... | စောင်ရေ | ၅၄၀၀ |
| (၁၁) | ရောင်စုံသူပုန်တို့ ကြီးစိုးသည့်လွတ်မြောက်ရေးဆိုသည်ကား(ကာတွန်း)... | စောင်ရေ | ၅၆၀၀ |
| (၁၂) | သူ့ကြောင့်(ကာတွန်း)... ... | စောင်ရေ | ၆၀၀ |
| (၁၃) | ဒါကြောင့်လာတာဘဲ(ကာတွန်း)... | စောင်ရေ | ၆၀၀ |
| (၁၄) | လက်နက်ချကြပါ(ကာတွန်း) ... | စောင်ရေ | ၆၀၀ |
| (၁၅) | ဒီအကောင်ကြီးတရားခံ (ကာတွန်း)... | စောင်ရေ | ၆၀၀ |
| (၁၆) | သူပုန်တို့စစ်စွမ်းရည်တဲ့ (ကာတွန်း)... | စောင်ရေ | ၆၀၀ |
| (၁၇) | နိုင်ငံတော်သီချင်း (ကာတွန်း)... | စောင်ရေ | ၆၀၀[၃] |

---

[၁] Operation Liberator

[၂] Mobile Team

[၃] (က) ပြည်သူ့စစ်နှင့်ပြည်သူဆက်ဆံရေးညွှန်ကြားရေးမှူးရုံးနှင့်လက်အောက်ခံတပ်များ၏သမိုင်းအကျဉ်း မျက် ၃၁

(ခ) ၁၉၅၃ခုနှစ် ကြည်းတပ်မတော်ညီလာခံမှတ်တမ်းများ ဒုတိယတွဲ မျက် ၄၃

၁၉၅၂ခုနှစ်၊ နိုဝင်ဘာလတွင် စိတ်ဓါတ်စစ်ဆင်ရေးနယ်လှည့်အဖွဲ့များသည် ယာယီ အဖွဲ့များ [၁] သာဖြစ်၍ ဖွဲ့စည်းပုံဇယားတင်ပြတောင်းခံဆဲဖြစ်သော်လည်း စစ်ရုံးတွင်မူ စိတ်ဓါတ်စစ်ဆင်မှုဌာနခွဲရှိ၍ တစ်နိုင်ငံလုံး ဝါဒဖြန့်မှုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် စီစဉ်နေပြီဖြစ်သည်။[၂] ၁၉၅၄ခုနှစ်တွင် စိတ်ဓါတ်စစ်ဆင်မှုညွှန်ကြားရေးဌာနကို စစ်ရုံးဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းသည်။ စိတ်ဓါတ်စစ်ဆင်မှုလုပ်ငန်းများ အရှိန်အဟုန်ရလာချိန် ၁၉၅၆ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ဖွဲ့စည်းပုံ ပထမအဆင့် ဘီအေ ၁၀၀/၂/၅၆ဖြင့် စစ်ရေးချုပ်ရုံး လက်အောက်ခံ ပညာရေးဌာနစုနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) လက်အောက်ရှိ စိတ်ဓါတ်စစ်ဆင်မှုညွှန်ကြားရေးမှူးရုံးတို့ကို ပြင်ဆင်ဖွဲ့စည်း၍ ၁၉၆၀ပြည့်နှစ်၊ ဧပြီလတွင် ပညာရေးနှင့် စိတ်ဓါတ် စစ်ဆင်မှု ညွှန်ကြားရေး မှူးရုံးအဖြစ်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ [၃]

၁၉၅၂–၅၃ကာလတွင်မူ အောက်ပါစစ်ဆင်ရေးများတွင် စိတ်ဓါတ်စစ်ဆင်ရေး အဖွဲ့များ လိုက်ပါ၍ စာရွက်စာတမ်းပေါင်း တစ်သန်းငါးသိန်း ငါးသောင်းခုနစ်ထောင်သုံးရာငါးဆယ်ကို ဖြန့်ဖြူး၍ စည်းရုံးခဲ့သည်–

(၁) ကွန်မြူနစ်ဌာနချုပ် တောင်ညိုကို သိမ်းပိုက်နိုင်ခဲ့သော အမှတ်(၁)ဗမာ့ သေနတ်ကိုင်တပ်ရင်း၏ ရန်ရှင်းစစ်ဆင်ရေးတွင် စိတ်ဓါတ်စစ်ဆင်မှုအဖွဲ့ တစ်ဖွဲ့လိုက်ပါ၍ ၁၉၅၂ခုနှစ် ဧပြီနှင့်မေလတို့တွင် စိတ်ဓါတ်စစ်ဆင်ခဲ့သည်။

(၂) ၁၉၅၂ခုနှစ်၊ ဩဂုတ်နှင့်စက်တင်ဘာလများတွင် ကလော၊ အင်းလေး၊ မဲနယ်တောင်၊ လွယ်လင်၊ လဲချားဒေသများ၌ တောင်တန်းသားများ စည်းလုံး ညီညွတ်မှုအတွက် စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

(၃) ၁၉၅၃ခုနှစ်၊ ဇန်နဝါရီလ နှင့် ဖေဖေါ်ဝါရီလများတွင် တောင်ငူနယ်၊ သံတောင်နယ်၊ မော်ချီး ဒေသများ၌ **ပေါဝေကြီးစိတ်ဓါတ်စစ်ဆင်မှု** ပြုလုပ်ခဲ့ပြီး ကရင်သောင်းကျန်းသူဗိုလ်မှူးစိုးမြင့် နှင့် ဗိုလ်မှူးစောလုံတို့ လက်နက်ချပွဲတွင် စိတ်ဓါတ်အဖွဲ့က ဦးစီး၍ ချစ်ကြည်ရေးဆောင်ရွက်သည်။

---

[၁] Interim Teams

[၂] **၁၉၅၃ခုနှစ်ကြည်းတပ်မတော်ညီလာခံမှတ်တမ်းများ ဒုတိယတွဲ** မျက် ၄၈

[၃] **ပြည်သူ့စစ်နှင့်ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူးရုံးနှင့်လက်အောက်ခံတပ်များ၏သမိုင်းအကျဉ်း** မျက် ၃၂၊၃၄

(၄) ၁၉၅၃ခုနှစ်၊ မတ်လမှ မေလအတွင်း အမှတ်(၉)ခြေလျင်တပ်မဟာ၏ ရှမ်းပြည်မြောက်ပိုင်း နဂါးနိုင် ကေအမ်တီစစ်ဆင်ရေးတွင် စိတ်ဓါတ်အဖွဲ့ ပါဝင်စစ်ဆင်ရာရုပ်ရှင်ကားများရိုက်ကူးခဲ့သည်။

(၅) ၁၉၅၃ခုနှစ်၊ ဖွန်လတွင် သံတောင်မြို့နယ်ပြည်တော်သာညီလာခံတွင် စိတ်ဓါတ်စစ်ဆင်ရေးအဖွဲ့ ပါဝင်၍ စာရွက်စာတမ်းများ ဖြန့်ဖြူး စည်းရုံးသည်။

(၆) ၁၉၅၃ခုနှစ်တွင် ဖြူး၊ ဇေယျာဝတီ၊ ညောင်ခြေထောက်နယ်မြေများတွင် ကွန်မြူနစ်များအား ယုဇနစစ်ဆင်ရေးဖြင့် တိုက်ခိုက်ထိုးနှက်ခဲ့ရာ အမှတ်(၂)ခြေလျင်တပ်မဟာနှင့်အတူ စိတ်ဓါတ်စစ်ဆင်ရေးအဖွဲ့ လိုက်ပါ၍ ဖွန်လ အတွင်း စိတ်ဓါတ်စစ်ဆင်ခဲ့သည်။ [1]

၁၉၅၅ခုနှစ်မှ ၁၉၅၆ခုနှစ်အတွင်း ပြုလုပ်ခဲ့သော အောက်ပါ တရုတ်ဖြူကျူးကျော်ရေးစစ်နှင့်သောင်းကျန်းမှုနှိမ်နင်းရေးစစ်ပွဲများတွင် စိတ်ဓါတ်စစ်ဆင်ရေးအဖွဲ့များ ပါဝင်၍ စိတ်ဓါတ် စစ်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်–

(၁) တပ်မဟာ(၅)၏ အောင်သိဒ္ဓိ စစ်ဆင်ရေး(၁၉၅၄)

(၂) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)

(၃) တပ်မဟာ(၈)၏ မြစ်ဝကျွန်းပေါ် အောင်လံစစ်ဆင်ရေး (၁၉၅၅)

(၄) တပ်မဟာ(၁၀)၏ မြန်မာပြည်အလယ်ပိုင်း အောင်မာဃစစ်ဆင်ရေး (၁၉၅၅–၅၆)

(၅) တပ်မဟာ(၆)၏ ဝနယ်သင်္ဂဟစစ်ဆင်ရေး(၁၉၅၇)

စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများ အောင်မြင်သည်ကိုတွေ့ရှိလာ၍ တပ်ရင်းများမှ အရာရှိများအား ၁၉၅၄–၅၅ခုနှစ်အတွင်း စိတ်ဓါတ်စစ်ဆင်ရေးသင်တန်း (၂)ကြိမ်ပို့ချပြီး တပ်မဟာစစ်ဆင်ရေးစိတ်ဓါတ်လုပ်ငန်းများတွင် အားဖြည့်ပေးခဲ့သည်။ ပညာရေးနှင့်စိတ်ဓါတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ၁၉၅၇ခုနှစ်၊မေလအတွင်းဖိလစ်ပိုင်၊ ဗီယက်နမ် နှင့် ယိုးဒယားနိုင်ငံများသို့ လှည့်လည်၍ စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများကို လေ့လာခဲ့သည်။ ပြည်တွင်း၌လည်း ၁၉၅၆ခုနှစ်၊ နစ်ကုန်ပိုင်းတွင် သဂြိုဟ်သင်တန်းများ ပို့ချပေးသည်။ ၁၉၅၇ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လကုန်အထိ အမေရိကန်နိုင်ငံ စိတ်ဓါတ်စစ်ဆင်ရေးသင်တန်းသို့ အရာရှိနှစ်ဦး ပို့လွှတ်တက်ရောက်စေသည်။ စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများအတွက် လမ်းစဉ်ပေါ်လစီများ ချမှတ်ပေးနိုင်ရန် ၁၉၅၆ခုနှစ်၊ စက်တင်ဘာလ၂၀ရက်နေ့တွင် စိတ်ဓါတ်ရေး ကောင်စီ

---

[1] **၁၉၅၃ခုနှစ်ကြည်းတပ်မတော်ညီလာခံမှတ်တမ်းများ ဒုတိယတွဲ** မျက် ၄၃–၄၇

နှင့် ကောင်စီ၏ စီမံရေးဘုတ်အဖွဲ့များ ဖွဲ့စည်းပေးသည်။[၁] စိတ်ဓါတ်စစ်ဆင်ရေး စာပေရေး ဦးတည်ချက်များဖြင့် မြဝတီ မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလကပင် ထုတ်ဝေနေ ပြီဖြစ်သည်။

**ဗမာ့တပ်မတော်လေ့ကျင့်ရေး**

ဗမာ့တပ်မတော်၏ လေ့ကျင့်မှုအပိုင်းတွင် လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး ဖွဲ့စည်းခြင်းမပြုမီ ၁၉၅၃ ခုနှစ်ခန့်အထိ ဗြိတိန်၊ အိန္ဒိယ၊ ပါကစ္စတန်စသော ပြည်ပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်သည်သာ အဓိကဖြစ်ခဲ့သည်။ သို့ရာတွင် တပ်မတော်အတွက် အဓိက အရေးပါသော စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ အမြောက်သင်တန်း၊ အင်ဂျင်နီယာသင်တန်း စသည် တို့အတွက်မူ ပြည်ပတွင် တက်ရောက်ခွင့် မရခဲ့ကြချေ။ ပြည်တွင်း၌လည်း လေ့ကျင့်ရေး ညွှန်ကြားရေးမှူး ရုံး ဟူ၍ သီးခြားမရှိခဲ့သည့်အပြင် လေ့ကျင့်ရေးမူဝါဒဟူ၍လည်း သီးခြားမရှိခဲ့ချေ၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ရှိ ဗမာ့တပ်မတော်စစ်အင်္ဂါစဉ်အရ လေ့ကျင့်ရေးကျောင်းများမှာ –

(၁) ဗမာ့တပ်မတော်ဗဟိုဌာန (မေမြို့)
(၂) ဗမာ့တပ်မတော်လေ့ကျင့်ရေးတပ် (မေမြို့)
(၃) ဗမာ့တပ်မတော်ဗဟိုစစ်ကျောင်း (ကလော)
(၄) ဗမာ့တပ်မတော်ဗိုလ်သင်တန်းကျောင်း (မေမြို့)
(၅) ဗမာ့တပ်မတော်ပညာရေးကျောင်း (မေမြို့)
(၆) ဗမာ့တပ်မတော် ပညာရေးစုပေါင်းတပ်(မင်္ဂလာဒုံ)

တို့သာဖြစ်ပေသည်။ တပ်မတော်၏ လေ့ကျင့်ရေးနှင့်ပတ်သက်၍လည်း စစ်ရုံးကသာအစစတာဝန် ယူဆောင်ရွက်နေရသည်။ ၁၄–၅–၄၈ ရက်နေ့မှစတင်ခဲ့သော ဖွဲ့စည်းပုံအရ စစ်ဦးစီးဌာနတွင် စစ်ဦးစီးမှူး(ဒုတိယတန်း)တစ်ဦးက စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးကို ပူးတွဲတာဝန်ယူပြီး စစ်ဦးစီးမှူး (တတိယတန်း) တစ်ဦးကသာ လေ့ကျင့်ရေးကိုတာဝန်ယူသည်။

ဤသို့ဖြင့် ၁၉၅၃ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော တပ်မတော်ညီလာခံ၌ စစ်သေနာပတိချုပ်က အောက်ပါအတိုင်း သုံးသပ်ခဲ့သည်–

> " စစ်ဆင်မှုမှာ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့တယ်၊ ပြည်တွင်း သောင်းကျန်းမှုတွေကို ၁၉၅၁–၅၂ ခုနှစ်ကထက် ပိုပြီးထိန်းသိမ်းချုပ်ခြယ်နိုင်ခဲ့ ပေမယ့် အပြီးအပိုင်အစိုင်အခဲတွေကို ချေမှုန်းတဲ့တိုက်ပွဲမျိုး ရန်သူအင်အားသိသိ သာသာဆုတ်ယုတ်သွားစေတဲ့တိုက်ပွဲမျိုးမှာ အလွန်နည်းပါးခဲ့တယ်။ ရန်သူဟာ

---

[၁] ပြည်သူ့စစ်နှင့်ပြည်သူ့ဆက်ဆံရေးညွှန်ကြားရေးမှူးရုံးနှင့်လက်အောက်ခံတပ်များ၏သမိုင်းအကျဉ်း မျက် ၃၂–၃၈

ရောင်တိမ်းလွတ်ပြောက်သွားတဲ့ တိုက်ပွဲတွေလိုလိုချည်းဖြစ်ခဲ့တယ်... စိတ်ဓါတ်နဲ့ပတ်သက်ပြီးပြောရရင် တိုက်လိုခိုက်လိုစိတ်တွေ အရင်ကလို သိပ်မရှိကြဘူး။ ရေသာခိုချင်တဲ့ စိတ်တွေ တော်တော်များလာတာ တွေ့ရတယ်။ အပင်ပန်းခံလိုတဲ့ ဖွဲစိတ်မရှိကြဘူး။ လမ်းမကြီးအတိုင်း မော်တော်ကားနဲ့ သွားလို့ရတဲ့နေရာလောက်ဘဲ တိုက်ပွဲဆင်းချင်ကြတယ်... စစ်ရုံးအနေနဲ့... တာဝန်ရှိတာကတော့ လေ့ကျင့်ပေးတဲ့နေရာမှာ ကိုယ့်ထက်အဆပေါင်းများစွာ ပညာရေး–နေရေး–စီးပွားရေး– စက်မှုလက်မှုတို့မှာသာနေတဲ့ နိုင်ငံကြီးတွေမှာသုံးတဲ့နည်းတွေ လုံးဝ အတုယူသင်ပေးခဲ့မိတယ်။ အဲဒီသင်တဲ့အချိန်မှာ ဝက်သားတုံးကြီး ဒူးခေါင်းလောက် သူများစားတာမြင်ဘူးပါတယ်လို့ ပြောရရုံ၊ သိရရုံသင်ပေးတာ၊ တို့တော့ ဒီလိုအကုန်အကျခံနိုင်တဲ့ အင်အားမရှိဘူး၊ တကယ့်တိုက်ပွဲဖြစ်တဲ့အချိန်မှာ ဝန်နဲ့အား မြားနဲ့လေးဆိုတာလို ကိုယ့်ရှိတာနဲ့ကိုယ်သင့်တော်သလို အကောင်းဆုံးဖြစ်အောင် လုပ်ကြပါလို့ မမှာမိတဲ့အတွက် အခုလိုလက်ရုံးတပ်တွေကို အဓိကအားကိုးမှုဖြစ်လာရတယ်။. . . စစ်ဦးစီးဌာနအနေနဲ့ အကြီးဆုံး ချွတ်ယွင်းချက်တွေ့နေရတာကတော့ လေ့ကျင့်ရေးဘဲ၊ လေ့ကျင့်ရေးရဲ့ ချွတ်ယွင်းချက်ကြောင့် တိုက်ပွဲတွေမှာလည်း ချွတ်ယွင်းချက်တွေ ပိုလာတယ်။ လေ့ကျင့်ရေးရဲ့ အခက်အခဲတွေကတော့ အချိန်မရမှု၊ စာအုပ်၊ စာတမ်း၊ လေ့ကျင့်ရေးပစ္စည်း မလုံလောက်မှု၊ အထက်ကပြောလာတဲ့ အတုယူနည်းမှားမှုတို့ဖြစ်တယ်. . . လက်နက်ကိုင်တွယ်သုံးနည်း . . . စနစ်တကျပစ်နည်းကို ကျကျနန သင်မပေးရတဲ့အတွက် တိုက်ပွဲတွေမှာ ကျည်ဆန်ကုန်သလောက် ရန်သူကျဆုံးမှု မရှိတာတွေ့ရတယ်"

ထိုနောက်စစ်သေနာပတိချုပ်က လေ့ကျင့်ရေးမူဝါဒအနေဖြင့် –

"နောင်အဓိကထားပြီးလေ့ကျင့်သင်ကြားသွားမှာတွေကတော့–

(က) ကိုယ့်တိုင်းပြည်နဲ့ ပိုသင့်ပြီး ငွေကုန်ကြေးကျ နဲနဲနဲ့ ပိုထိရောက်မယ့်နည်း

(ခ) ဟန်ရေးပန်ရေးထက် ဖွဲ့ရှိမှုအကြမ်းပတမ်း ဆင်းရဲခံနိုင်မှုရှိမယ့်နည်း

(ဂ) အသစ်စက်စက်အကျီခေါက်ရိုးမကြေတာထက် ဖါထေးဝတ်ပြီး သန့်ရှင်းမှုဂုဏ်ယူလိုစိတ်ပေါ်မယ့်နည်း

(ဃ) ကားစီးချီတက်တာတို့၊ လက်ရုံးတပ်အားကိုးတာတို့ကို သူ့နေရာနဲ့သူ မသုံးမဖြစ်မှ သုံးစေမည့်နည်းမျိုးတွေဖြစ်တယ် "

စသည်ဖြင့် ပြောကြားသွားခဲ့သည်။ သို့ဖြင့် ၁၉၅၅ခုနှစ်၊ နိုဝင်ဘာလ၄ရက်နေ့မှစ၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) တွင်စစ်ဦးစီးဗိုလ်မှူးကြီးအပြင် လေ့ကျင့်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးတစ်ဦး ပါရှိလာသည်။ လေ့ကျင့်ရေးညွှန်ကြားရေးမှူး[၁] က တပ်မတော်၏ ရေရှည်လုပ်ဆောင်ရန် လုပ်ငန်းတာဝန်များ၊ လေ့ကျင့်ရေးအစီအစဉ်များ၊ လက်နက်ဆိုင်ရာများကိုတာဝန်ယူရသည်။[၂]

အမျိုးသားကာကွယ်ရေးအတွက် စစ်ပညာနှင့် အထွေထွေဗဟုသုတတို့၌ ဘက်စုံကျွမ်းကျင်သည့် ဘွဲ့ရတပ်မတော်အရာရှိများ မွေးထုတ်ရန် ၁၉၅၂ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်နေ့က ပင် ဗမာ့တပ်မတော် အနာဂတ်စစ်ကျောင်းကြီးများ ပြန်လည်ဖွဲ့စည်းရေးအစည်းအဝေး၌ စီစဉ်ခဲ့သည်။ မူလက မေမြို့ရှိ ဗိုလ်သင်တန်းကျောင်းအား အခြေပြုရန် ရည်ရွယ်သော်လည်း ကမ္ဘာ့နိုင်ငံကြီးများရှိ စစ်ကျောင်းများ၊ စစ်တက္ကသိုလ်များကို လေ့လာ၍ စစ်လက်ရုံးသုံးခုအတွက် သီးသန့်စစ်တက္ကသိုလ်ထူထောင်ရန် ဆုံးဖြတ်ပြီး စစ်တက္ကသိုလ်၏ အထွေထွေပဋိညာဉ်စာတမ်း[၃] ပေါ်ပေါက်လာသည်။ ယင်းစာတမ်းအရ အသက်၁၆နှစ်မှ ၁၈နှစ်အတွင်း ကျောင်းထွက်လက်မှတ်ရစာမေးပွဲအောင်မြင်ပြီးသူများကို စိစစ်ရွေးချယ်ကာစစ်ပညာနှင့် တက္ကသိုလ်ပညာရပ်များ ၄နှစ်သင်ကြားပေးပြီး ဘွဲ့ရပြန်တမ်းဝင်အရာရှိများ မွေးထုတ်ပေးမည်ဖြစ်သည်။ သို့ဖြင့် ၁၉၅၅ခုဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့အနီးရှိ ဗထူးတပ်မြို့၌ "ကာကွယ်ရေးစစ်တက္ကသိုလ် " အမည်ဖြင့် ဖွင့်လှစ်သည်။ ၁၉၅၅ခုနှစ်၊ မေလ၂၆ရက်နေ့မှစ၍ "စစ်တက္ကသိုလ်" ဟု ခေါ်ဆိုခဲ့သည်။ ထိုစဉ်က စစ်တက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်၏လက်အောက်ခံဖြစ်၍ ပထမဆုံးစစ်တက္ကသိုလ်ကျောင်းအုပ်ကြီးမှာ ဒုတိယဗိုလ်မှူးကြီးကျော်စိုးဖြစ်သည်။ သင်တန်းအမှတ်စဉ်(၁)ကို သင်တန်းသား ၅၄ယောက် စိစစ်ရွေးချယ်ပြီး ၁၉၅၅ခုနှစ်၊ ဇူလိုင်လ၄ရက်နေ့တွင် သင်တန်းဖွင့်သည်။ ၁၉၅၇ခုနှစ်၊ ဇွန်လ၂၀ရက်မှ ၂၆ရက်နေ့အတွင်းတွင် မေမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၅၈ခုနှစ်၊ အောက်တိုဘာလ၁၈ရက်နေ့တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ) က စစ်တက္ကသိုလ်၏ "နောင်တစ်ခေတ်၏ အောင်စစ်သည်" စာတမ်းပါအလံကိုအပ်နှင်းခဲ့သည်။[၄]

စစ်ဦးစီးတက္ကသိုလ်ကိုလည်း မေမြို့၌ ဖွဲ့စည်းပုံအမှတ် ဗကဖ၁၀၃က၆၁ ကဖ၁၀၃က၆၂ တို့ဖြင့် ၁-၈-၄၈နေ့ကစတင်ဖွင့်လှစ်ခဲ့ရာ ဖွဲ့စည်းပုံအရ လုပ်ငန်းတာဝန်မှာ အရာရှိများအား စစ်မြေပြင်ကွပ်ကဲမှုနှင့် ဦးစီးတာဝန်လေ့ကျင့်ပေးရန် ဖြစ်သည်။ မေမြို့တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းအမှတ်စဉ် ၁ နှင့် ၂ တို့ ပို့ချပေးခဲ့သည်။ ၂၃-၁၀-၅၀မှ ၁၀-၄-၅၃အထိ

---

[၁] Director of Military Training and Combat Forces (DMT & CF)

[၂] လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်း မျက် ၃၈-၄၉

[၃] Charter for the Defence Services Academy

[၄] DR.8446-စစ်တက္ကသိုလ်သမိုင်းအကျဉ်းချုပ် မျက် ၁-၂

မင်္ဂလာဒုံသို့ ပြောင်းရွှေ့ပြီး သင်တန်းအမှတ်စဉ်(၃)မှ(၆)အထိ ဖွင့်လှစ်သည်။ ၁၈-၄-၅၄မှ ၂၃-၄-၆၆အထိ ကလောသို့ပြောင်းရွှေ့လျက် သင်တန်းအမှတ်စဉ် (၇)မှ(၁၅)အထိဖွင့်လှစ်သည်။ ပထမဆုံး ကျောင်းအုပ်မှာ ဗိုလ်မှူးချုပ် ကက်နက် ဖြစ်သည်။ [၁]

နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရေးသည် စစ်အင်အားတည်ဆောက်ထားမှု တစ်ရပ်တည်းဖြင့်သာ လုံလောက်မှုမရှိဘဲ စစ်ဘက်နှင့်မြို့ပြဘက်ဆိုင်ရာ အဆင့်မြင့်ရာထူးများကို ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များအား မျက်မှောက်နိုင်ငံတကာအခြေအနေ၊ နိုင်ငံတွင်းအခြေ အနေနှင့် အမျိုးသားစွမ်းအားစုများကို သိနားလည်စေ၍ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ခေတ်မီသိပ္ပံတိုးတက်မှုများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ လေ့လာဖေါ်ထုတ်နိုင်ရန်လိုအပ်ပေသည်။ ထို့ပြင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ တွေးခေါ် မြော်မြင်တတ်ခြင်း ၊ ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ မှန်ကန်တိကျပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ် လုပ်ဆောင်တတ်ခြင်းများလည်းရှိရန် လိုအပ်ပါသည်။ ထိုသို့သော အရည်အချင်းများ ပြုစုပျိုးထောင်ပေးရန်နှင့် နိုင်ငံတော်၏ အနာဂတ်မဟာဗျူဟာများ ချမှတ်နိုင်စေရန် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ထူထောင်ရန် ၁၉၅၅ခုနှစ်ကပင် အားထုတ်ခဲ့ကြသည်။ ထိုနှစ် နှစ်ဦးပိုင်းကပင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၏ ရှေ့ပြေးသန္ဓေသားသည် မင်္ဂလာဒုံ၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ်တွင် တည်ရှိခဲ့သည်။ ၁၉၅၈ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်နေ့တွင်မှု ဖွဲ့စည်းပုံအမှတ် ၄၃၇/၁/၅၈ဖြင့် တရားဝင် စတင်ဖွဲ့စည်းခဲ့ရာ မူလက “အမျိုးသားကာကွယ်ရေးတက္ကသိုလ်”[၂] ဟု ခေါ်ဆိုသုံးစွဲခဲ့ပြီးနောက်ပိုင်းတွင် “နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်”ဟု ခေါ်ဆိုခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဖွင့်လှစ်ရန် စတင်ကြိုးပမ်း အားထုတ်စဉ်ကာလ ၁၉၅၇ခုနှစ်၊ ဩဂုတ်လတွင် မင်္ဂလာဒုံရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အရာရှိကြီးများအတွက် “ဦးဆောင်သင်တန်း ”[၃] ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၂၉ဦးတက်ရောက်ခဲ့ကြသည်။ ထိုသင်တန်း၏ အခြေခံသဘောတရား လေ့ကျင့်ခဏ်းဘာသာရပ်၌–

> “ တပ်မတော်၏ အခြေခံသဘောသည် နိုင်ငံတော်ဝါဒနှင့် ဟပ်မိရမည် တပ်မတော်၏အခြေခံသဘောတရား ကျင့်ထုံး၊ စစ်ပရိယာယ်ဖွဲ့စည်းလေ့ကျင့်ရေးစသည့်ပြင်ဆင်မှုအရပ်ရပ်သည် နိုင်ငံတော်ဝါဒနှင့် ကိုက်ညီရမည်. . . အရေးအပါဆုံးအချက်မှာ လွတ်လပ်ရေးတိုက်ပွဲမှ ပေါက်ဖွားလာသည့် တော်လှန်ရေးတပ်မတော်ပီပီ ရပြီးလွတ်လပ်ရေးကို မီးကုန်ယမ်းကုန် ထိန်းသိမ်း

---

[၁] DR.8471- **စစ်ဦးစီးတက္ကသိုလ်သမိုင်းအကျဉ်းချုပ်** မျက် ၁-၂

[၂] National Defence College

[၃] Pilot Course

> တိုက်နိုက်ရန်. . . မည်သည့်အခါမျှလက်နက်မချတမ်း အနိုင်မခံ အရှုံးမပေး တိုက်နိုက်ရမည်"

ဟု ဖေါ်ပြထားသည်။ စတင်ဖွဲ့စည်းစဉ်က ရန်ကုန်မြို့ ကန်တော်ကလေးလမ်းရှိ ကြေးနန်းဆက်သွယ်ရေးကလပ်တွင် ဖွင့်လှစ်၍ လေ့ကျင့်ရေးညွှန်ကြားရေးမှူးက ကျောင်းအုပ်ကြီး တာဝန်ကို ပူးတွဲ ထမ်းဆောင်ခဲ့သည်။ [၁]

၁၉၄၈ခုနှစ်တွင်စစ်ရုံးပညာရေးဌာနမှ စစ်နှလုံးစာစောင်ထုတ်ဝေခဲ့ရာ တိုင်းရင်းဘာသာစကား၄မျိုးဖြင့် ရေးသားထားသောစာမျက်နှာများပါရှိသည်။ ထိုနှစ်စက်တင်ဘာလတွင် မေမြို့ရှိ ဗမာ့စက်မှုလက်မှုတပ်ရင်းပညာရေးဌာနမှ "အလင်းရောင်"စာစောင် ထုတ်ဝေသည်။ ၁၉၅၃ခုနှစ်၊ ဇူလိုင်လတွင် စစ်နှလုံးစာစောင်အစား စစ်နှလုံးဂျာနယ်ထုတ်ဝေသည်။ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလတွင် လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး စတင်ပေါ်လာသောအခါ ညွှန်ကြားရေးမှူးက ၁၉၅၆ခုနှစ်၊ ဖေဖေါ်ဝါရီလ၁ဝရက်နေ့တွင် တပ်မတော်မော်ကွန်းတိုက်မှူးအား ဘာသာပြန်စစ်ဂျာနယ်တစ်စောင်ထုတ်ဝေရန် တာဝန်ပေး၍ စစ်ပညာဂျာနယ်အတွဲ(၁)အမှတ်(၁)သည် ၁၈–၆–၅၆ရက်နေ့တွင် စတင်ပေါ်ပေါက်လာသည်။ [၂] ၁၉၅၈ခုနှစ်၊ ဧပြီလတွင်မူ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးလက်အောက်၌ လေ့ကျင့်ရေးစာစောင်များ ပုံနှိပ်ဖြန့်ချိရေးဌာနစိတ် ပေါ်ပေါက်လာပြီး ထောက်ပို့လက်စွဲ၊ အသုရာတပ်များဖွဲ့စည်းပုံ၊ သံချပ်ကာလက်စွဲ၊ စစ်မြေပြင်ကိုယ်လက်ကြံ့ခိုင်ရေး၊ စစ်မြေပြင်ကျွမ်းကျင်မှု၊ စိန်ပြောင်းကြီး ၊ ဆန်ဇူ၏ စစ်ပညာကျမ်း၊ ဂျာမန်တပ်မတော်၊ ဒုတိယကမ္ဘာစစ်ကြီး စသည့် စာစောင်များကို ဘာသာပြန်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ [၃]

## တပ်မတော်မော်ကွန်းတိုက်မှူးရုံး

နိုင်ငံတော်၏ အဓိက အဖွဲ့အစည်းတစ်ရပ်ဖြစ်သော တပ်မတော်သည် မိမိ၏ ပစ္စုပ္ပန်လမ်းစဉ်ချမှတ်ရာတွင်လည်းကောင်း၊ အနာဂတ်ဦးတည်ချက်များ ချမှတ်ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ မိမိ၏အတိတ်မှ ဖြစ်ပေါ်တိုးတက်မှုများကို အခြေခံလမ်းညွှန်အဖြစ်ထား၍ ချမှတ်ပြဋ္ဌာန်းရန် လိုအပ်ပေသည်။ သို့မှသာ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်တို့ အဆက်အစပ်ရှိသော လမ်းစဉ်များ၊ ဦးတည်ချက်များကိုဖေါ်ဆောင်နိုင်မည်ဖြစ်သည်။ ဤနေရာတွင်ပစ္စုပ္ပန်နှင့်အနာဂတ်

---

[၁] (က) DR.10600- **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သမိုင်းအကျဉ်းချုပ်** မျက် ၁–၅
(ခ) CD.31- **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဦးဆောင်သင်တန်းတွင် ဟောပြောပို့ချသော သင်တန်းစာဘာသာရပ်များ**

[၂] DR.9225- **စစ်ပညာဂျာနယ်ရုံးသမိုင်း** မျက် ၁၃–၂၇

[၃] **လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်း** မျက် ၄၃

လမ်းစဉ်များ ချမှတ်ရေးအတွက် တပ်မတော်၏ ဖြစ်ပေါ်တိုးတက်မှု အစဉ်အလာသမိုင်းကြောင်း နှင့် အရပ်အတည်များဖေါ်ထုတ်ရာတွင် တပ်မတော်မော်ကွန်းတိုက်မှူးရုံး[၁] သည် အရေးပါသော အခန်းမှ ပါဝင်လျက်ရှိသည်။

ဤသို့သော ဦးတည်ချက်များဖြင့် ၁၉၅၅ခုနှစ်၊ ဧပြီလ၂၀ရက်နေ့တွင် တပ်မတော် လေ့ကျင့်ရေးညွှန်ကြားရေးမှူးက ကာကွယ်ရေးဌာနမှူးများကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ သမိုင်းပြုစုရေးကော်မတီတစ်ရပ်ကို ရုံးအဖွဲ့နှင့်တကွဖွဲ့စည်းရန်အကြံပြုတင်ပြ၍ ဇွန်လ၁၅ရက်နေ့ တွင် စစ်ဦးစီး ဗိုလ်မှူးကြီးက ဒုတိယဗိုလ်မှူးကြီးဘသန်းကို ခေါ်ယူဆွေးနွေး၍ တာဝန်ပေးအပ်သည်။ အင်္ဂလန်နိုင်ငံရှိ မြန်မာသံရုံးသို့ စစ်သံ(ကြည်း၊ ရေ၊ လေ)အဖြစ် ခန့်အပ်ထားပြီးဖြစ်သော ဒုတိယဗိုလ်မှူးကြီးဘသန်းအား ထိုနေ့တွင်ပင် မိမိ၏ လက်ထောက်စစ်ထောက်ချုပ်(၁) တာဝန် ဝတ္တရားများကို လွှဲပြောင်းပေးပြီး စစ်သံတာဝန်စတင်ထမ်းဆောင်သည့်နေ့အထိ စစ်ရုံး စစ်ဦးစီးချုပ် ဌာန၏ ဖွဲ့စည်းပုံဇယားတွင် လစ်လပ်နေသော ဒုတိယဗိုလ်မှူးကြီးရာထူး၌ ဖေါ်ပြထားလိုက်သည်။

ဒုတိယဗိုလ်မှူးကြီးဘသန်းသည် ကာကွယ်ရေးဌာနမှူးများကောင်စီ အမှုဆောင် အဖွဲ့၏(၁၆၁)ကြိမ်မြောက်အစည်းအဝေးတွင် တင်ပြရန် တပ်မတော်သမိုင်း ပြုစုရေးကော်မတီ ဖွဲ့စည်းရေးနှင့် ရုံးအဖွဲ့ထူထောင်ရေးစာတမ်းကို ဩဂုတ်လ၂၅ရက်နေ့တွင် စစ်ဦးစီးဗိုလ်မှူးကြီး နှင့် လေ့ကျင့်ရေးညွှန်ကြားရေးမှူးထံတင်ပြသည်။ ၁၉၅၅ခုနှစ်၊ ဩဂုတ်လ၃၁ရက်နေ့တွင်ကျင်းပသော ကာကွယ်ရေးဌာနမှူးများကောင်စီအမှုဆောင်အဖွဲ့၏(၁၆၁)ကြိမ်မြောက်အစည်းအဝေးမှ သဘော တူ ခွင့်ပြုခဲ့၍ စစ်သမိုင်းဌာနခွဲ[၂] ကို ယင်းနှစ်စက်တင်ဘာလ၁ရက်နေ့တွင် တရားဝင်ဖွဲ့စည်းခဲ့ သည်။ တပ်မတော်သမိုင်းအကျဉ်း[၃]ကိုလည်း ဒုတိယဗိုလ်မှူးကြီးဘသန်းသည် ယင်းနှစ်ဇူလိုင်၊ ဩဂုတ်လတွင် ရေးသားပြုစုခဲ့သည်။ လန်ဒန်သို့ စစ်သံအဖြစ် ခန့်အပ်ထားခြင်းခံရသူ ဒုတိယဗိုလ်မှူးကြီး ဘသန်းသည် တပ်မတော်သမိုင်းအကျဉ်းပြုစုရေး၊ တပ်မတော်သမိုင်းအကျယ် ပြုစုမည့် နောင်ဖွဲ့အံ့သော စစ်သမိုင်းကော်မတီအတွက် အောက်ခြေသိမ်းလုပ်ငန်းများ ဆောင်ရွက် ထားရှိရေး၊ နောင်ပြတိုက်များသို့ လွှဲပြောင်းအပ်နှင်းရန် စစ်သမိုင်းဝင် ရှေးဟောင်းပစ္စည်းများ စတင် စုဆောင်း ထိန်းသိမ်းရေးဟူသည့် တာဝန်၃ရပ်ကို ယာယီတာဝန်ထမ်းဆောင်နေရခြင်းဖြစ်သည်။ သို့သော် လုပ်ငန်းများ တစ်စထက်တစ်စ ကြီးထွားလာသဖြင့် ၁၉၅၅ခုနှစ်၊ အောက်တိုဘာလတွင် ဒုတိယဗိုလ်မှူးကြီးဘသန်းသည် စစ်ပြတိုက်ငယ်တစ်ခု ဖွဲ့စည်းထူထောင်ပေးရန်တာဝန်ကို ထပ်ဆင့် လက်ခံခဲ့ရသည်။ ဤသို့ဖြစ်လာသည်မှာလည်းစစ်သမိုင်းပြုစုရေးလုပ်ငန်းကိုလက်တွေ့လုပ်ဆောင်

---

၁ နောင်တွင် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးဖြစ်လာသည်။

၂ Historical Section

၃ The Development of the Defence Services of the Union of Burma (နောင်တွင် The Roots of Revolution အဖြစ်ထုတ်ဝေခဲ့သည်)

လာချိန်တွင် ကိုးကားမှီငြမ်းရန် စာအုပ်စာတမ်းများ စုဆောင်း ခြင်းဟူသော စာကြည့်တိုက်လုပ်ငန်း၊ မော်ကွန်းထိန်းလုပ်ငန်း၊ သမိုင်းဝင်ပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်းဟူသော ပြတိုက်လုပ်ငန်းများပါလုပ်ဆောင်လာရ၍ဖြစ်ပေသည်။

သို့ဖြင့် နေရာကျယ်ကျယ်ဝန်းဝန်းရှိရန်လိုအပ်သဖြင့် ၁၉၅၅ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်နေ့တွင် စစ်ရုံးအတွင်းမှ စတီးဝပ်လမ်း[၁]ရှိ မြို့မကျောင်းသားဟောင်းများအသင်းအဆောက်အဦးသို့ပြောင်းရွှေ့၍ ဌာနအမည်ကိုလည်း ဌာန၏အလုပ်ပမာဏ၊ အရေးပါမှုပမာဏတို့နှင့် လိုက်လျောညီထွေ ဖြစ်ရန်လည်းကောင်း၊ ပြည်သူတို့၏ ယုံကြည်စိတ်ဝင်စားမှုရရန်[၂] လည်းကောင်း တပ်မတော်မော်ကွန်းတိုက်[၃] ဟုပြောင်းလဲရန် ၁၉၅၅ခုနှစ်၊ နိုဝင်ဘာလ၉ရက်နေ့တွင် ပြုလုပ် သော ကောင်စီအမှုဆောင်အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ခဲ့သည်။

## ကာကွယ်ရေးပစ္စည်းစက်ရုံများတည်ထောင်ခြင်း

မြန်မာနိုင်ငံသည်ပြည်တွင်း လိုအပ်ချက်တစ်ရပ်ဖြစ်သော လက်နက်ခဲယမ်းမီးကျောက်များအတွက် နိုင်ငံခြားကိုသာ မှီခိုအားထားပါက နိုင်ငံရေးအခြေအနေ၊ သံတမန်ဆက်သွယ်ရေးအခြေအနေများအပေါ်မူတည်၍ အကြပ်အတည်းများ တွေ့လာနိုင်ပေသည်။ထို့ပြင် နိုင်ငံခြားကုမ္ပဏီများမှ လက်နက်ခဲယမ်းများကို နိုင်ငံခြားကိုယ်စားလှယ်များမှ တစ်ဆင့် မှာကြားရသည်ဖြစ်၍ ကော်မရှင်ရာခိုင်နှုန်းပေးရခြင်းကြောင့် ဈေးနှုန်းစရိတ်ကြီးလေးခြင်း၊ လက်နက်ခဲယမ်းအရ အရည်အသွေးညံ့ခြင်း၊ ကုန်ကျစရိတ်ကြီးလေးစွာကျခံပြီး ပြင်ဆင်မွမ်းမံအစားထိုးရ၍ အချိန်ကုန်ခြင်း၊ နိုင်ငံခြားငွေကြေးပြဿနာရှိခြင်း၊ လိုအပ်သောပစ္စည်းအမျိုးအစားကို လိုအပ်သောပမာဏဖြင့် လိုအပ်သောအချိန်တွင် ရရန်မသေချာခြင်းစသော အခက်အခဲများလည်းရှိပေသည်။[၄] ယင်းသို့အခက်အခဲများရှိသည်ဖြစ်၍ လက်နက်ခဲယမ်းမီးကျောက်များကို ကိုယ်ထူကိုယ်ထ ထုတ်လုပ်သုံးစွဲရန် လက်နက်စက်ရုံများ တည်ဆောက်ရေးကို ဆောင်ရွက်လာခဲ့သည်။ ပြည်တွင်းသောင်းကျန်းသူများအား အပြင်းအထန်တိုက်ခိုက်နှိမ်နင်းဆဲကာလ ၁၉၄၉ခုနှစ်၊ ဇူလိုင်လတွင် မောင်းပြန်လက်နက်ငယ် နှင့် လက်နက်ငယ်ကျည်ဆန်များထုတ်လုပ်နိုင်သည့် စက်ရုံအဆောက်အဦးများကို Burma Army Godown ဟူသောအမည်ဝှက်ဖြင့် အင်းယားကန်စောင်း၌ အမှတ်(၄)တပ်ခွဲ အင်ဂျင်နီယာက ဆောက်လုပ်ပေးခဲ့သည်။ စက်ရုံအတွက် လိုအပ်သော ပစ္စည်းကရိယာများကို

---

၁ ယခုမော်ကွန်းတိုက်လမ်း

၂ Public appeal

၃ Defence Services Historical Research Institute (DSHRI)

၄ An Administrative History of the Armed Forces In Burma Vol II P.739

ဘိတလီပြည် ဆန်နီ [၁] ကုမ္ပဏီနှင့် ၁၉၄၉ခုနှစ်၊ ဖေဖေါ်ဝါရီလ ကပင် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည်။ စက်ပစ္စည်းတပ်ဆင်ရေးစသော စက်မှုဆိုင်ရာလုပ်ငန်းရပ်များအတွက် ယင်းကုမ္ပဏီမှ အင်ဂျင်နီယာ ၆ဦးအား ကန်ထရိုက်အဖြစ်ငှားရမ်းပြီး ဗမာ့တပ်မတော်မှ အရာရှိတစ်ဦး အခြားအဆင့်၆ဦး [၂]တို့နှင့် တွဲဘက်ဆောင်ရွက်စေသည်။

ဗမာ့တပ်မတော်သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် စက်ပစ္စည်းအလုပ်ရုံ၏ ဖွဲ့စည်းပုံဇယားကိုရေးဆွဲပြီး ၁၉၅၀ပြည့်နှစ်ဧပြီလ၂၆ရက်နေ့တွင် စစ်ရေးချုပ်ရုံးမှ ဖွဲ့စည်းပုံဇယား အမှတ် ဘီအေ-၁၈၃/၁/၄၉ဖြင့် ဖွဲ့စည်းခွင့်ရခဲ့သည်။ တပ်ဖွဲ့၏ သန္ဓေအင်အားအဖြစ် လျှပ်စစ်တပ်ဖွဲ့မှ အများဆုံးရယူခဲ့ပြီး ဘီအိုစီကုမ္ပဏီမှ ပညာသည်အချို့ကိုလည်း တပ်မတော်သို့ သိမ်းသွင်းခဲ့သည်။ ရန်ကုန်အခြေစိုက် အလုပ်ရုံ (လျှပ်စစ်)မှ တပ်သား (၅၀)ကိုပါတွဲဖက် အသုံးပြုခဲ့ရသည်။ ၁၉၅၃ခုနှစ်တွင် ဒုတိယအရာခံဗိုလ်တစ်ဦးအပါအဝင်စစ်သည်အင်အား (၁၇)ဦး ထပ်မံတိုးချဲ့ ဖွဲ့စည်းခွင့်ရသည်။ စက်ပစ္စည်းအလုပ်ရုံတွင် ၃၀၃လက်မရှဲ့ကျည်ဆန်စက်ရုံတစ်ခု တိုးချဲ့ဖွင့်လှစ်လာချိန်တွင် ဖွဲ့စည်းပုံအသစ်တိုးချဲ့တောင်းခံလာ၍ စစ်ရေးချုပ်ရုံးမှ ၁၂-၁၁-၅၆နေ့တွင် ခွင့်ပြုမိန့် ချပေးခဲ့သဖြင့် အရာရှိ(၇)ဦးအပါအဝင် အင်အား ၃၇၀ဖြစ်လာသည်။

၁၉၅၈ခုနှစ်တွင်မူ စစ်ရေးချုပ်ရုံးမှ ဖွဲ့စည်းပုံအမှတ် ဘီအေ-၄၀၃/၁/၅၈ဖြင့် အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံဖြစ်လာပြီးအင်အားမှာလည်းအရာရှိ(၂၂)ဦးနှင့် အခြားအဆင့် (၁၇၀၆)ဦးရှိလာသည်။ ယင်းအချိန်မတိုင်မီ ၁၉၅၇ခုနှစ်၊ ဧပြီလ၁၇ရက်နေ့၌ အရာရှိ(၄)ဦး၊ အခြားအဆင့်(၁၀)ဦးတို့ဖြင့်သန္ဓေအင်အားပြုကာ ကာကွယ်ရေးစက်ပစ္စည်းအလုပ်ရုံညွှန်ကြားရေးမှူးရုံး ကို ဖွဲ့စည်းပေးခဲ့ပြီး ၁၉၅၉ခုနှစ်၊ ဩဂုတ်လ၁ရက်နေ့တွင် အရာရှိ(၇)ဦး၊ အခြားအဆင့် (၁၂)ဦးတိုးချဲ့ ပေးခဲ့သည်။ [၃]

---

[၁] Sane

[၂] **An Administrative History of the Armed Forces in Burma Vol II** စာမျက်နှာ ၇၈၉တွင် အရာရှိ၁၆ယောက် အခြားအဆင့် ၂၂၅ယောက်ပါ စက်ရုံကို ၁-၁၂-၄၉နေ့မှစ၍ ထူထောင်သည် ဟုဖေါ်ပြထားသည်။

[၃] (က) အမှတ်(၁)ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ၏သမိုင်းအကျဉ်းချုပ် မျက် ၁-၂

(ခ) **An Administrative History of the Armed Forces in Burma Vol II** မျက် ၇၈၉၊ ၈၀၆-၈၀၇

## ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး

စက်ပစ္စည်းအလုပ်ရုံ တည်ဆောက်ရေးလုပ်ငန်းသည် ပြည်တွင်းစစ်ငြိမ်မသက် ဆူပူလှုပ်ရှားလျက်ရှိစဉ်ကာလတွင် အကောင်အထည်ဖော်ရမည့် နိုင်ငံ၏ လုံခြုံမှုအတွက် အထူးအရေးပါသော လုပ်ငန်းဖြစ်ပေသည်။ ထို့ပြင်ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ပထမဆုံး စမ်းသပ်အကောင်အထည်ဖော်ရမည့် လုပ်ငန်းလည်းဖြစ်သည်။ သို့ဖြစ်၍ မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများမပေါ်ပေါက်စေရန် အမြန်ဆုံးလုပ်ငန်းအကောင်အထည်ပေါ်ရန် ရည်ရွယ်ချက်များဖြင့် ကာကွယ်ရေးဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စက်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့ [1]ကို ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် အောက်ပါအတိုင်းဖွဲ့စည်းခဲ့သည်–

| | | |
|---|---|---|
| (၁) | ကာကွယ်ရေးဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | အမြဲတန်းအတွင်းဝန် စစ်ရုံးချုပ် | အဖွဲ့ဝင် |
| (၄) | ကာကွယ်ရေးဦးစီးချုပ်(ကြည်း) | အဖွဲ့ဝင် |
| (၅) | ကာကွယ်ရေးဦးစီးချုပ်(ရေ) | အဖွဲ့ဝင် |
| (၆) | ကာကွယ်ရေးဦးစီးချုပ်(လေ) | အဖွဲ့ဝင် |
| (၇) | စစ်ရေးချုပ် | အဖွဲ့ဝင် |
| (၈) | စစ်ထောက်ချုပ်သို့မဟုတ် ဒုတိယစစ်ထောက်ချုပ် | အတွင်းရေးမှူး |

အထက်ပါ စစ်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့တွင် နိုင်ငံတော်၏ ကြီးလေးသော တာဝန်ဝတ္တရားများကို တာဝန်ခံဆောင်ရွက်နေသူ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အစည်းအဝေးမှန်မှန်တက်ရောက်ခြင်းမပြုနိုင်ကြချေ။ သို့ဖြစ်၍ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့အမှုဆောင်ကော်မတီတို့ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့ရပြန်သည်–

| | | |
|---|---|---|
| (၁) | ပါလီမန်အတွင်းဝန် ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန် စစ်ရုံးချုပ် | အဖွဲ့ဝင် |
| (၃) | ကာကွယ်ရေးဦးစီးချုပ်(ရေ) | အဖွဲ့ဝင် |

---

[1] The Board of Supervision of The Ordnance Workshop

(၄) ကာကွယ်ရေးဦးစီးချုပ်(လေ) အဖွဲ့ဝင်
(၅) စစ်ရေးချုပ် အဖွဲ့ဝင်
(၆) စစ်ထောက်ချုပ် အဖွဲ့ဝင်
(၇) စစ်ဦးစီးမှူး(ပထမတန်း) အဖွဲ့ဝင်
(၈) လျှပ်စစ်ညွှန်ကြားရေးမှူး အတွင်းရေးမှူး

စစ်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့အား လုပ်ငန်းများ ဆောင်ရွက်ရန် သီးခြားအာဏာပေးအပ်ထားသော်လည်း အုပ်ချုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍မူကား စစ်ထောက်ချုပ်ရုံး၏ကြီးကြပ်ကွပ်ကဲမှုကိုခံယူရသည်။ ယင်းအဖွဲ့သည် အစိုးရအဖွဲ့၏ အမိန့်အာဏာဖြင့် တရားဝင်ဖွဲ့စည်းထားသော်လည်း အဖွဲ့တွင် အချိန်ပြည့်လုပ်ငန်းဆောင်ရွက်ရန် ရုံးအဖွဲ့ဟူ၍ မယ်မယ်ရရ မရှိချေ။ ထိုသို့ရှိစဉ်မှာပင် အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၏ လူအင်အားမှာ ၁၅ဆခန့် တိုးတက်များပြားလာခြင်း၊ လုပ်ငန်းများတိုးချဲ့ရန် လိုအပ်လာခြင်းစသော အကြောင်းများလည်း ရှိလာသဖြင့် ညွှန်ကြားရေးမှူးရုံးတစ်ရုံးသတ်မှတ်ဖွင့်လှစ်ပေးရန် လိုအပ်လာကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ ၁၉၅၇ခုနှစ်၊ ဧပြီလ၁၇ရက်နေ့တွင် စက်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့နှင့် အမှုဆောင်ကော်မတီကို ဖျက်သိမ်း၍ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံးကို ဖွဲ့စည်းခဲ့လေသည်။[၁]

## ဗဟိုစစ်ပစ္စည်းစစ်ဆေးစမ်းသပ်ရေးဓါတ်ခွဲရုံ

အထက်တွင် ဖော်ပြခဲ့သော လုပ်ငန်းတိုးချဲ့ခြင်းမှာ ဗဟိုစစ်ပစ္စည်းစမ်းသပ်စစ်ဆေးရေး ဓါတ်ခွဲရုံထူထောင်ရန် အားထုတ်မှုပင်ဖြစ်သည်။ ဗမာ့တပ်မတော်ခေါင်းဆောင်များသည် လက်ရှိထုတ်လုပ်ဆဲ လက်နက်ခဲယမ်းမီးကျောက်များနှင့် နောင်တစ်ချိန်တွင် ထုတ်လုပ်မည့် လက်နက်ခဲယမ်းမီးကျောက်များအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီးကုန်ချောများ၊ ထုတ်လုပ်ဆဲအခြေအနေရှိ ပစ္စည်းအစိတ်အပိုင်းများကိုလည်းကောင်း၊ သိပ္ပံနည်းကျ စမ်းသပ်စစ်ဆေးရန် ၊ တပ်မတော်အတွက် အဝတ်အထည်၊ ဆေးဝါး၊ အစာအဟာရပစ္စည်းများ စမ်းသပ်စစ်ဆေးရန်များအတွက် ဓါတ်ခွဲရုံတစ်ရုံလိုအပ်ကြောင်း သိမြင်လာကြသည်။ သို့ဖြစ်၍စက်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့အမှုဆောင်ကော်မတီသည် ၁၉၅၄ခုနှစ်တွင်အစ္စရေးနိုင်ငံ စစ်ပစ္စည်းထုတ်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ ဓါတ်ခွဲရုံဆောက်လုပ်ရန် စီစဉ်သည်။ လိုအပ်လျှင် အစ္စရေးနိုင်ငံမှ ပါရဂူတစ်ဦးစေလွှတ်ပေးရန်ကိုပင် သဘောတူညီခဲ့သည်။ ယင်းနှစ်

---

[၁] ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်းချုပ် မျက် ၁-၁၅

ဒီဇင်ဘာလတွင် ဗဟာ့တပ်မတော်မှ ဗိုလ်ကိုကိုကြီးနှင့်ဗိုလ်သိန်းအောင်တို့ကို အစ္စရေးနိုင်ငံ ဗဟိုဓါတ်ခွဲရုံ သို့ ဂလကြာ မျှစေလွှတ်ပေးခဲ့သည်။

သို့ရာတွင် အကြောင်းမညီညွှတ်၍ အစ္စရေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ် ပျက်ပြားခဲ့သည်။ အနောက်ဂျာမဏီနိုင်ငံ ဖရစ်ဝါနာကုမ္ပဏီ [၁] မှ ဓါတ်ခွဲရုံတည်ဆောက်ရေး အစီအစဉ်များ၊ ပုံစံများရယူခဲ့သည်။ ယင်းအနောက်ဂျာမဏီမှ ရေးဆွဲခဲ့သော ပုံစံမှာလည်း အစ္စရေး ဗဟိုဓါတ်ခွဲရုံကိုပင် စံထားပုံပြု၍ ရေးဆွဲခြင်းဖြစ်သည်။ ဓါတ်ခွဲရုံအတွက် စက်ပစ္စည်းများ တင်သွင်းရာတွင်လည်း ယင်းဖရစ်ဝါနာကုမ္ပဏီ၏ ကမ်းလှမ်းချက်ကိုပင်လက်ခံပြီး အရောင်းအဝယ်စာချုပ်နှင့် စက်မှုလက်မှုအတတ်ပညာရှင်များ ငှားရမ်းသောစာချုပ်တို့ကို ၁၉၅၆ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။

ဗဟိုဓါတ်ခွဲရုံတည်ဆောက်ရန်နေရာကို အင်းစိန်နှင့်မင်္ဂလာဒုံကြားရှိ လင့်လမ်း၏ဝဲဘယာပြည်လမ်းဇုံမိုင်ခွဲတွင်ထားရှိရန်(၁၉၅)ကြိမ်မြောက်ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်ကော်မတီက ရွေးချယ်ခဲ့လေသည်။ မြေနေရာကို သိမ်းယူသည့်အတွက် ပေးချေရမည့် လျော်ကြေးငွေမှာ သိန်းနှစ်ဆယ်ကျော်ဖြစ်သည်။ စက်ပစ္စည်းအလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့ ဖျက်သိမ်းပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး ဖွဲ့စည်းပြီးချိန် ၁၉၅၇ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဗဟိုစစ်ပစ္စည်းစမ်းသပ်ရေးဓါတ်ခွဲရုံ [၂] အမည်ဖြင့် ဖွဲ့စည်းပုံဇယားအမှတ် ၄၀၁/၁/၅၇ ကို စစ်ရေး ချုပ်ရုံးမှထုတ်ပြန်ခဲ့သည်။

ဗဟိုဓါတ်ခွဲရုံ၏ ပထမဆုံးတပ်မှူးဖြစ်လာသော ဒုတိယဗိုလ်မှူးကြီး ဂျေစမိုက်သည် ဗိုလ်ကြီးကိုကိုကြီးနှင့်အတူ ၁၉၅၇ခုနှစ်၊ ဒီဇင်ဘာလတွင် အင်္ဂလန်နှင့် ဂျာမဏီရှိ ဓါတ်ခွဲရုံများသို့ လေးလမျှအချိန်ယူ၍ လှည့်လည်လေ့လာရာ အင်္ဂလန်တွင် စစ်လက်နက်စစ်ဆေးရေး [၃]၊ ဓါတုဗေဒ စစ်ဆေးရေး [၄]၊ ဌာနကြီးများလက်အောက်ရှိ စမ်းသပ်စစ်ဆေးရေးနှင့် ဓါတ်ခွဲခန်းများ၊ ဂျာမဏီရှိ ပြည်ထောင်စုဓါတ်ခွဲဌာန [၅] စသည်တို့သို့ အဓိကထား သွားရောက်လေ့လာသည်။ ဤသို့လှည့်လည် လေ့လာရာမှ ရရှိသိမြင်လာသော အတွေ့အကြုံများအရ စက်ပစ္စည်းများ ဝယ်ယူရေးအတွက် ဖရစ်ဝါနာကုမ္ပဏီနှင့်ထပ်မံညှိနှိုင်းသည်။

---

[၁] Fritz Warner & Company Firm

[၂] Central Laboratory

[၃] Armament Inspectorate

[၄] Chemical Inspectorate

[၅] Federal Institute of Material Testing

၁၉၅၈ခုနှစ်၊ ဇန်နဝါရီလ၁၃ရက်နေ့တွင် ဗဟိုစစ်ဆေးစမ်းသပ်ရေးဝါတ်ခွဲရုံကို အမှတ်(၂)ကာကွယ်ရေးပစ္စည်းစက်ရုံဟု အမည်ပြောင်းလဲသည်။ ယင်းသို့ ပြောင်းလဲခေါ်ဝေါ်ခြင်းမှာ အခြားစမ်းသပ်စစ်ဆေးရေးဝါတ်ခွဲရုံများနှင့် ရောထွေးခြင်းမရှိစေရန်ဖြစ်သည်။[၁]

## ကာကွယ်ရေးပစ္စည်းစက်ရုံများ

အထက်ပါတိုးတက်ဖြစ်ပေါ်မှုများကို သုံးသပ်ကြည့်ပါက ဗမာ့တပ်မတော်သည် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ပြည်တွင်း၌ပင် လက်နက်ခဲယမ်းမီးကျောက်များ ထုတ်လုပ်သုံးစွဲရန် ပြည်တွင်းသောင်းကျန်းမှုပြင်းထန်ဆဲ ၁၉၄၉ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့၍ ထိုကြိုးပမ်းမှု၏ ရလာဒ်အဖြစ် ကာကွယ်ရေးပစ္စည်းစက်ရုံများသည် ၁၉၅၈ခုနှစ်တွင်ပေါ်ပေါက်လာကြောင်းတွေ့ရသည်။ [၂]

၁၉၅၈ခုနှစ်၊ ဇန်နဝါရီလတွင် ကာကွယ်ရေးပစ္စည်းစက်ရုံအမှတ်(၁)နှင့်(၂)တို့ ပေါ်ပေါက်လာ၍ စက်ရုံအမှတ်(၃)ကို ပြည် ဆင်တဲ၌ ဖွဲ့စည်းပုံအမှတ်၊ ဘီအေ–၄၀၆/၁/၆၀ဖြင့် ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့၌ စတင်ဖွဲ့စည်းသည်။[၃] ယင်းစက်ရုံများတွင် စက်ရုံမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီးတစ်ဦးက ကွပ်ကဲ၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး လက်အောက်ဝန်ထမ်းရုံးဖြစ်သော ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုညွှန်ကြားရေးမှူးရုံး၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ဒေသန္တရအုပ်ချုပ်မှုအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုကို ခံယူသည်။

အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံသည် အင်းလျားကန်စောင်း၌ရှိ၍ ၁၉၄၉ခုနှစ်မှ စတင်တည်ထောင်ခဲ့သော စက်ရုံဖြစ်သည်။ လက်နက်ငယ်များကို ၁၉၅၀ပြည့်နှစ်ဩဂုတ်လတွင် စတင်စမ်းသပ်ထုတ်လုပ်သည်။ သို့ရာတွင် စက်ပစ္စည်းကရိယာများ အပြည့်အစုံမရှိသေးခြင်း၊ နိုင်ငံခြားအင်ဂျင်နီယာများအပြောင်းအလဲဖြစ်ခြင်း၊ တပ်မတော်မှ ပညာသင်ဝန်ထမ်းများမှာလည်း အတွေ့အကြုံ နုနယ်သေးခြင်း စသောအကြောင်းများကြောင့် လက်နက်ဖြစ်ရုံမျှသာရှိပြီး အချောမကိုင်နိုင်ခဲ့ချေ။ ယင်းနှစ်ကုန်ခန့်တွင်မှ အီတလီအင်ဂျင်နီယာများ ၁၁ဦးအထိရှိလာ၍ လုပ်ငန်းပိုမိုတွင်ကျယ်လာသည်။ ၁၉၅၂ခုနှစ် နှစ်ဦးပိုင်းမှစ၍ ချို့ယွင်းချက်များကို ဆန်းစစ်ပြုပြင်ခြင်း၊ စက်ပစ္စည်းများဖြည့်စွက်ခြင်းကို ပြုလုပ်ခဲ့၍ ယင်းနှစ်စက်တင်ဘာလတွင် လက်နက်ငယ်များကို အပြီးသတ်အချောကိုင်ထုတ်လုပ်နိုင်ခဲ့သည်။ စက်တင်ဘာလ၁၈ရက်နေ့တွင် စစ်ပစ္စည်းအလုပ်ရုံမှ

---

[၁] **အမှတ်(၂) ကာကွယ်ရေးပစ္စည်းစက်ရုံသမိုင်းအကျဉ်းချုပ်** မျက် ၁–၂

[၂] ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၇ခုနှစ်များတွင် ကပစ (၉)အထိရှိလာသည်။

[၃] An Administrative History of the Armed Forces in Burma Vol II p 807

ပထမဦးဆုံးအကြိမ်အဖြစ်လက်နက်ငယ်၁၀၈လက်ကို ထုတ်လုပ်ပြီး ပင်မစစ်လက်နက်ပစ္စည်းတပ်သို့ ပို့ပေးနိုင်ခဲ့သည်။

၁၉၅၃ခုနှစ်တွင် နိုင်ငံခြားသို့ သွားရောက်ခဲ့သော ပညာသင်အမှုများစု ပြန်လည်ရောက်ရှိလာခြင်း၊ အင်အားတိုးတက်ရရှိခြင်းတို့ကြောင့် ပစ္စည်းထုတ်လုပ်မှုအခြေအနေမှာ များစွာတိုးတက်လာသည်။ သို့ဖြစ်၍ အီတလီနိုင်ငံနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် စာချုပ်အသစ် ထပ်မံချုပ်ဆိုခြင်းမပြုတော့ဘဲ ၁၉၅၃ခုနှစ်၊ ဇန်နဝါရီလ၊ ဧပြီလနှင့် မေလများတွင် အီတလီအင်ဂျင်နီယာများကိုပြန်ပို့ခဲ့သည်။ ၁၉၅၃ခုနှစ်၊ မတ်လတွင် စစ်ရုံးချုပ်၏ အစီအစဉ်အရ အိန္ဒိယနိုင်ငံ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဌာနမှ ပါရဂူနှစ်ဦး ဖြစ်သော ဒေါက်တာ ကာစဘီ [၁] နှင့် ရေဆွာနီ [၂] တို့ရောက်ရှိလာပြီး စက်ပစ္စည်းအလုပ်ရုံ ၏လုပ်ငန်းလည်ပတ်ပုံကို နှစ်ပတ်ကြာမျှလေ့လာစမ်းသပ်ကာ စာမျက်နှာနှစ်ရာကျော်မျှရှိသောအသေးစိတ်အစီရင်ခံစာတစ်စောင် တင်သွင်းသည်။ ယင်းအစီရင်ခံစာကိုအခြေခံ၍ ပြန်လည်ပြုပြင်သင့်သည်တို့ကို ပြုပြင်ဆောင်ရွက်သည်။

အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံတွင် ဘီအေ-၅၂အပေါ်စား မောင်းပြန်လက်နက်များထုတ်လုပ်ရန် အီတလီနိုင်ငံမှ စက်များကို ၁၉၄၉ခုနှစ်၊ ဧပြီလ၌ စတင်တပ်ဆင်ခဲ့ရာ ၁၉၅၀ပြည့်နှစ်၊ ဩဂုတ်လတွင် ပြီးစီး၍ အောက်တိုဘာလတွင် စမ်းသပ်လည်ပတ်သည်။ ၁၉၅၁-၁၉၅၂ဘဏ္ဍာရေးနှစ်တွင် ယင်းလက်နက်၁၄၄လက်ထုတ်လုပ်ခဲ့၍ ၁၉၆၁-၆၂ ဘဏ္ဍာရေးနှစ်တွင် ၂၀၈၅လက် အထိတိုးတက်ထုတ်လုပ်လာနိုင်သည်။ ယင်းထုတ်လုပ်မှုကို အခြေပြု၍ အခြားဘီအေ-၅၂သေနတ်များ [၃] လည်း တိုးချဲ့ထုတ်လုပ်သည်။

ဤသို့သေနတ်များထုတ်လုပ်သည့်အပြင် ပင်မစစ်လက်နက်ပစ္စည်းတပ်တွင်စုပုံလျက်ရှိနေသော ဒေသန္တရပြင်မရ [၄] .၃၀၃ ရိုင်ဖယ်သေနတ်များ ၊ လျှပ်/စက်တပ်များမှ ပြင်နိုင်စွမ်းမရှိသော အလားတူလက်နက်များကိုလည်း အသစ်ကဲ့သို့ဖြစ်စေရန် စက်ရုံတွင်ပြင်ဆင်ထုတ်လုပ်မှုနည်း [၅] ဖြင့် ပြုပြင်ပေးခဲ့သည်။

.၃၀၃ လက်မကျည်ဆန်ထုတ်လုပ်ရေးစက်ကိုလည်း အီတလီမှပင်မှာယူ၍ ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ၌ စတင်တပ်ဆင်သည်။ ၁၉၅၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် အီတလီမှ ပြန်ရောက်လာသော အီတလီပညာသင်များကို အီတလီအင်ဂျင်နီယာရှစ်ဦးနှင့် ပူးပေါင်းတာဝန်ထမ်း

---

[၁] Dr. G.S.Kasbe

[၂] J.G. Reswani

[၃] ဘီအေ-၅၂ F.T.R . Skeleton Gun; Drill Purpose Gun & .303 F.T.R သေနတ်များ

[၄] B.L.R (Beyond Local Repair)

[၅] Factory Thorough Repair

စေသည်။ ၁၉၅၂ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် စက်ရုံပြီးစီး၍ ယင်းနှစ်အတွင်းမှာပင် ကျည်ဆန်များ ထုတ်လုပ်နိုင်သည်။ ၁၉၅၃ခုနှစ်၊ ဇန်နဝါရီလ၂၁ရက်နေ့တွင် .၃၀၃လက်မကျည် ၅၀၀၀ကို ပင်မ ခဲယမ်းမီးကျောက်တပ်သို့ပို့ပေးနိုင်သည်။ သို့ရာတွင် ဆန်နီကုမ္ပဏီမှ စက်များချို့ယွင်း၍ စွမ်းအား ပြည့်ထုတ်လုပ်နိုင်ခြင်းမရှိချေ။ ကုမ္ပဏီမှ ကိုယ်စားလှယ်စေလွှတ်ပြုပြင်ခြင်း၊ အင်ဂျင်နီယာများ ထပ်မံစေလွှတ်ပေးခြင်းများ ပြုလုပ်သော်လည်း စွမ်းအားပြည့်ထုတ်လုပ်နိုင်ခြင်းမရှိ၍ ဇုမမကျည် များကိုသာ ၁၉၅၃–၅၄ ဘဏ္ဍာရေးနှစ်မှစ၍ ၅သိန်းထုတ်လုပ်သည်။

.၃၀၃လက်မကျည်များ ထုတ်လုပ်ရေးအတွက်မူ ဒုတိယစစ်ထောက်ချုပ် ဒုတိယ ဗိုလ်မှူးကြီးသိန်းမောင်၊ စစ်ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူး ဦးသီဟန်နှင့် စက်ရုံအုပ်ချုပ်ရေးမှူး ဗိုလ်မှူးမောင်မောင်ခတို့ပါဝင်သည့် လေ့လာရေးအဖွဲ့၏ ထောက်ခံချက်အရ ကျည်ဆန်၂သန်းထုတ် လုပ်နိုင်သောစက်ကို အနောက်ဂျာမဏီနိုင်ငံ ဖရစ်ဝါနာကုမ္ပဏီမှ ၁၉၅၅ခုနှစ်၊ မတ်လ၉ရက်နေ့၌ စာချုပ်ချုပ်ဆိုဝယ်ယူသည်။ ၁၉၅၇ခုနှစ်၊ စက်တင်ဘာလတွင် စက်တပ်ဆင်ပြီးစီး၍ အောက်တိုဘာ လမှစတင်လည်ပတ်သည်။ ၁၉၅၈–၅၉ဘဏ္ဍာရေးနှစ်တွင် ကျည်ဆန်၇သိန်းခွဲထုတ်လုပ်ပြီး နောက် တစ်နှစ်တွင် ၂သန်းကျော်လာသည်။ ၁၉၆၁–၆၂ဘဏ္ဍာရေးနှစ်တွင်မူ သုံးသန်းရှစ်သိန်း နှစ်သောင်း ထုတ်လုပ်လာနိုင်ခဲ့သည်။[၁]

ဤလက်နက်ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးစက်များအပြင် စက်ကရိယာနှင့် စက်ဘီးထုတ်လုပ်ရေးစက်များကိုလည်း ၁၉၅၁ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်တပ်ဆင်ခဲ့သည်။ အမှတ်(၁)ကာကွယ်ရေးစက်ရုံတွင် အောက်ပါအတိုင်းဌာနကြီး၄ခုခွဲခြားထားသည်–

| | | |
|---|---|---|
| (၁) | ဦးစီးရုံး | အုပ်ချုပ်မှုနှင့်ထုတ်လုပ်မှုရေးရာ စီမံခန့်ခွဲမှုတာဝန်ယူသည်။ |
| (၂) | စီမံရေးဌာန | ထုတ်လုပ်မှုပိုင်းကိုစီမံခန့်ခွဲသည်။ |
| (၃) | ထုတ်လုပ်ရေးဌာန | ထုတ်လုပ်မှုတာဝန်ယူသည်။ |
| (၄) | စစ်ဆေးရေးဌာန | လက်နက်ခဲယမ်းများ၏အရည် အသွေးကို စစ်ဆေးသည်။ |

စက်ရုံတွင် စက်ရုံမှူးအဖြစ် ဗိုလ်မှူးကြီးမောင်မောင်ခက ၁၉၄၉ခုနှစ်မှ ၁၉၆၄ခုနှစ် အထိတာဝန်ယူခဲ့သည်။ စက်ရုံဝန်ထမ်းအင်အားမှာ အရာရှိ(၁၇)ဦး ၊ အခြားအဆင့်(၁၅၇၆)ဖြစ်၍ စုစုပေါင်း (၁၅၉၃)ရှိသည်။

---

[၁] ကျည်ဆန်နှင့် လက်နက်များထုတ်လုပ်ရာတွင် မူလကကုန်ကြမ်းအားလုံးကို နိုင်ငံခြားမှ တင်သွင်းရသည်။ အမှတ်(၅)နှင့်(၆)ကာကွယ်ရေးပစ္စည်းစက်ရုံများ ပေါ်ပေါက်လာချိန်တွင် လက်နက်ငယ်ကျည်ထုတ်လုပ်မှု အတွက် လိုအပ်သောပစ္စည်းများကို စက်ရုံ(၆)မှ ၁၉၅၇ခုနှစ်၌ စတင်ထုတ်လုပ်ပေးသည်။

အမှတ်(၂)ကာကွယ်ရေးပစ္စည်းစက်ရုံသည် မူလကဗဟိုစစ်ပစ္စည်း စစ်ဆေးစမ်းသပ်ရေးဓါတ်ခွဲရုံအဖြစ်ထူထောင်ခဲ့ခြင်းဖြစ်သည်။ စက်ရုံအတွက်လိုအပ်သော ပစ္စည်းစာရင်းဇယားများကို ၁၉၅၈ခုနှစ်၊ ဇူလိုင်လတွင် ဖရစ်ဝါနာကုမ္ပဏီမှရရှိ၍ ၁၉၅၉ခုနှစ်၊ ဇန်နဝါရီလခန့်တွင် ကုမ္ပဏီမှစေလွှတ်သော ပညာရှင်များနှင့် ပိသုကာတို့ ရောက်ရှိလာသည်။ ဗမာ့တပ်မတော်မှ သင်တန်းတက်သူများအနက် အချို့မှာ မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့တွင် တက်ရောက်လျက်ရှိကြပြီး အချို့မှာ အစ္စရေးနိုင်ငံသို့သွားရောက်ကြသည်။

၁၉၅၉ခုနှစ်ဆောင်းဦးပေါက်တွင် အလုံလျှပ်စစ်ဂိုဒေါင်ရှိ စက်ပစ္စည်းများကို ကိုးမိုင်ခွဲရှိ အမှတ်(၅)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲဂိုဒေါင်နှင့် ဆောက်လုပ်ပြီးစဖြစ်သော စက်ရုံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အဆောက်အအုံသို့ရွှေ့ပြောင်းသည်။ ၁၉၆၀ပြည့်နှစ်တွင် ပစ္စည်းအားလုံးရွှေ့ပြောင်း၍ ဓါတ်ခွဲရုံအသေးတစ်ခု စတင်ဖွင့်လှစ်ပြီး ဓါတ်ခွဲခန်း(၃)[၁] ခုဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သည်။ ဓါတ်ခွဲခန်းလုပ်ငန်းအတွက် တပ်တွင်းသင်တန်းပေးခြင်း၊ အခြေခံရှိသူများကို သင်ကြားပို့ချပေးခြင်း၊ သင့်တော်သော အရာရှိအရာခံအကြပ်တပ်သားများကို အစ္စရေး၊ ဂျာမဏီနှင့် အင်္ဂလန်သို့သင်တန်းပို့လွှတ်ခြင်းစသည်တို့ဖြင့်လုပ်ရည်ကိုင်ရည်ကို တစ်စတစ်စတိုးမြှင့်ခဲ့သည်။ အဆောက်အအုံများပြီးစီးလာသည်နှင့်အမျှဌာနခွဲများဆက်လက်ဖွင့်ရာ အဓိကဌာနခွဲကြီး (၈)ခုရှိလာသည်။[၂]

---

[၁] ဓါတ်ခွဲခန်း၃ခုမှာ - (၁) Ferrous Lab
(၂) Non-Ferrous Lab
(၃) Propellant Lab တို့ဖြစ်သည်။

[၂] An Administrative History of the Armed Forces in Burma , မျက် ၈၀၇

# အခန်း ( ၉ )
## တပ်မတော်(ရေ)တိုးချဲ့ဖွဲ့စည်းခြင်း

လွတ်လပ်ရေးရပြီးမကြာမီမှာပင် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာသဖြင့် ပြည်တွင်းရေလမ်းကြောင်းများအတွင်း ဗမာ့ရေတပ်မတော်သည် စစ်နည်းဗျူဟာမြောက် ပါဝင်လှုပ်ရှားခဲ့ရသည်။ ထို့ပြင်ဗမာ့ရေတပ်မတော်သည် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ စစ်အင်္ဂါနှင့်အညီဖြစ်စေရန်စီမံခဲ့ရာ ယခင်မြန်မာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်မှ စစ်မှုထမ်းဟောင်းများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ရေတပ်မှ စစ်မှုထမ်းဟောင်းများ နှင့် အရပ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များကိုပါ ထပ်မံစုဆောင်းကာ အင်အားတိုးချဲ့ခဲ့သည်။

ယင်းသို့ရေတပ်မတော်ကို ပြန်လည်တိုးချဲ့ဖွဲ့စည်းရာတွင် ပြန်တမ်းဝင်အရာရှိသုံးမျိုးသုံးစား သတ်မှတ်ထားရှိခဲ့သည်။ ယင်းတို့မှာ စီမံခန့်ခွဲရေးဆိုင်ရာ အမြဲတမ်းပြန်တမ်းဝင်အရာရှိ[၁]၊ နှစ်တိုပြန်တမ်းဝင်အရာရှိ[၂] နှင့် အရေးပေါ်ပြန်တမ်းဝင်အရာရှိ[၃]တို့ ဖြစ်ကြသည်။ စီမံခန့်ခွဲရေးဆိုင်ရာ ပြန်တမ်းဝင်အရာရှိများ နည်းတူအင်ဂျင်နီယာ၊ ထောက်ပံ့ရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ လက်ရုံးတပ်ဖွဲ့ များတွင် လည်းပြန်တမ်းဝင်အရာရှိသုံးမျိုး သုံးစားထားရှိခဲ့သည်။

ထို့ပြင်ဗမာ့ရေတပ်မတော်သည် ပြည်တွင်းသောင်းကျန်းသူများအား ရေကြောင်းမှ တိုက်ခိုက်ရန် စစ်သည်စုဆောင်းခြင်း၊ စစ်ရေယာဉ်အင်အားတိုးချဲ့ခြင်း၊ ကမ်းတက်တိုက်ခိုက်ရေးတပ်များဖွဲ့စည်းခြင်း နှင့် ရေယာဉ်ငယ်များ၌ လက်နက်တပ်ဆင်အသုံးပြုခြင်းတို့ကိုပြုလုပ်ခဲ့သည်။ ထို့ကြောင့် သောင်းကျန်းမှုများ ထကြွချိန်တွင် ဗမာ့ရေတပ်မတော်၌ စစ်ရေယာဉ်အင်အားမှာ ဖရီးဂိတ်[၄] (၁)စင်း၊ (ခ)အတန်းအစားရေယာဉ်(၂)စင်း၊ ရေမြှုပ်မိုးရှင်းရေယာဉ်(၂)စင်း နှင့် ဆိပ်ကမ်းကာကွယ်ရေး ရေယာဉ်(၁၃)စင်းသာရှိရာမှ အရပ်ဘက်ရေယာဉ်များဖြစ်သော ဆီတွဲသင်္ဘောများ "ယူဘီ"ရေယာဉ်ငယ်များ နှင့် "အက်စ်"အမျိုးအစားနှစ်ထပ်သင်္ဘောများကို မြစ်တွင်းတိုက်ရေယာဉ်များအဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။ ထို့နောက်၁၉၅၀ပြည့်နှစ်တွင် ကမ်းတက်အမြောက်တင်ရေယာဉ်အမျိုးအစား (၄)စင်း[၅]၊ စက်အမြောက်တပ်တိုက်ရေယာဉ်[၆] (၁၀)စင်းနှင့်

---

[၁] Regular Commission Executive

[၂] Short Service Commission Executive

[၃] Emergency Commission Executive

[၄] Frigate

[၅] L.C.G (Landing Craft-Gun)

[၆] M.G.B ( Motor Gun Boat )

တော်ပီဒိုရေယာဉ်[၁](၅)စင်းတို့ကို ထပ်မံဝယ်ယူအင်အားဖြည့်ခဲ့သည်။ ရေတပ်စစ်သည် အင်အားမှာလည်း (၂၀၀၀)ခန့်အထိ တိုးတက်လာခဲ့သည်။[၂]

ထိုစဉ်က ဗမာ့ရေတပ်မတော်၏ ပင်မရေတပ်စခန်းမှာ သံလျက်စွန်းရှိ ရတနာပုံရေတပ်စခန်း ဖြစ်သည်။ ရတနာပုံရေတပ်စခန်းကို ၁၉၄၇ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခင်ပြည်သူ့လုပ်ငန်းဌာန၊ ပစ္စည်းသိုလှောင်ရုံဝင်းအတွင်းရှိ ရေတပ်သင်တန်း ဌာနနှင့်စိန်ပေါလ်ကျောင်းဝင်းရှိ အုပ်ချုပ်မှုတပ်ဖွဲ့များ (ဆက်သွယ်ရေးတပ်ဖွဲ့မှအပ)ကို ရတနာပုံရေတပ်စခန်းသို့ ပြောင်းရွှေ့စုပေါင်းထားရှိခဲ့သည်။ ရတနာပုံရေတပ်စခန်းအပြင် အခြားရေတပ်စခန်းများမှာ ရခိုင်ရေတပ်စခန်း၊ ပုသိမ်ရေတပ်စခန်း၊ မော်လမြိုင်ရေတပ်စခန်း၊ မန္တလေးရေတပ်စခန်းတို့ဖြစ်ကြသည်။ မန္တလေးရေတပ်စခန်းကို ၁၉၅၂ခုနှစ်တွင် မန္တလေးဂေါဝိန်ဆိပ်၌ ဖွင့်လှစ်ခဲ့သည်။ ယင်းစခန်းကို ၁၉၅၆ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့မှ စတင်ဖျက်သိမ်းခဲ့သည်။

ဗမာ့ရေတပ်မတော်၏ ပထမဆုံးဦးစီးမှူးမှာ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဘို ဖြစ်သည်။ လွတ်လပ်ရေးရပြီး မကြာမီ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဘို အငြိမ်းစားယူသွားသောအခါ ဒုတိယဗိုလ်မှူးကြီးသန်းဖေက ရေတပ်ဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ရေတပ်ဦးစီးမှူးကို ၁၉၅၂ ခုနှစ်အထိ ရေတပ်ဦးစီးချုပ်[၃]ဟု ခေါ်ဝေါ်ခဲ့သည်။ သို့ရာတွင် ၁၉၅၂ ခုနှစ် စစ်ရုံးပြန်လည်ဖွဲ့စည်းရေးကို ဆောင်ရွက်ပြီးသောအခါ ကာကွယ်ရေးဦးစီးချုပ်၏ လက်အောက်၌ ကြည်း၊ရေ၊လေ ဒုတိယကာကွယ်ရေးဦးစီးချုပ်များက သက်ဆိုင်ရာတပ်များကို အသီးသီးတာဝန်ယူဦးစီးကွပ်ကဲကြရသည့်အလျောက် ရေတပ်ဦးစီးချုပ်သည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ) [၄]ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

၁၉၅၆ခုနှစ်သို့ရောက်သောအခါ ရေတပ်မတော်တွင် အင်အားအတော်အတန်ပြည့်စုံလာပြီး အရာရှိများနှင့်အခြားအဆင့်များမှာလည်း ပင်လယ်ပြင်အတွေ့အကြုံများနှင့် ရေကြောင်းစစ်ဆင်ရေးပညာများ၌ အထိုက်အလျောက် အရည်အချင်း တိုးတက်လာပြီဖြစ်ရာ ရေတပ်ဖွဲ့စည်းပုံကို ထပ်မံတိုးချဲ့ကာ ရေတပ်စခန်းဌာနချုပ်များကို ဖွဲ့စည်းခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံကမ်းရိုးတမ်းကို ဒေသအလိုက် ပိုင်းခြားသတ်မှတ်ပြီး ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ရခိုင်ရေတပ် စခန်းဌာနချုပ် နှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ်တို့ကို ဖွဲ့စည်းခဲ့သည်။

---

[၁] M.T.B (Motor Topedo Boat )

[၂] **ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊သုတေသနဌာနစု–တပ်မတော်(ရေ)တပ်သမိုင်း** မျက် ၁၂၅

[၃] CNS (Chief Of Naval Staff )

[၄] VCGS(Navy)- Vice Chief Of Staff (Navy)

၁၉၄၇ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ရခိုင်ရေတပ်စခန်းဌာနချုပ်ကို စစ်တွေမြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။ ရခိုင်ရေတပ်စခန်းဌာနချုပ်၏ စစ်ဆင်ရေးနယ်မြေမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်မြစ်ကြောင်းများအတွင်းသာမက ရခိုင်ကမ်းရိုးတန်းတစ်လျှောက် မြန်မာ့ပိုင်နက် ပင်လယ်နယ်နိမိတ်အထိ ပါဝင်သည်။ ယင်းဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် အခြေစိုက်နှင့် ရှေ့တန်းစခန်းများ၊ ဝန်ထမ်းတပ်ငယ်များနှင့်တိုက်ခိုက်ရေးရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် အကူရေယာဉ်များ ပါဝင်ဖွဲ့စည်းထားခဲ့သည်။ [၁]

ဧရာဝတီရေတပ်စခန်းဌာနချုပ်ကိုမူ ၁၉၅၆ခုနှစ်၊ မေလ၁၆ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ရာ ယင်းဌာနချုပ်၏ စစ်ဆင်ရေးနယ်မြေများမှာ ဧရာဝတီမြစ်ရိုးတစ်လျှောက်၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်၊ စစ်တောင်းမြစ်ရိုးတစ်လျှောက်နှင့်ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံခရိုင်များအတွင်းရှိ မြစ်ကြောင်းများအပြင် ကမ်းလွန်ပင်လယ်ပြင်တို့ဖြစ်သည်။ အကြမ်းအားဖြင့် ဧရာဝတီရေတပ်စခန်းဌာနချုပ်နယ်မြေသည် ရခိုင်ရေတပ်စခန်းဌာချုပ်နယ်မြေနှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ်နယ်မြေတို့မှအပ ကျန်ပြည်ထောင်စုမြန်မာနိုင်ငံတော်နယ်မြေနှင့်ရေပိုင်နက်အားလုံးပါဝင်သည်။ ယင်းဌာနချုပ်၏ တိုက်ရိုက်စစ်ဆင်မှုနှင့် ကွပ်ကဲမှုအောက်တွင် အခြေစိုက်နှင့်ရှေ့တန်းစခန်းများ၊ ဝန်ထမ်းတပ်ငယ်များ၊ တိုက်ခိုက်ရေးရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် အကူရေယာဉ်များပါဝင်သည်။ [၂]

၁၉၅၆ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၌တနင်္သာရီရေတပ်စခန်းဌာနချုပ်ကို မော်လမြိုင်မြို့တွင် စတင်ဖွင့်လှစ်သည်။ ယင်းဌာနချုပ်၏ စစ်ဆင်ရေးနယ်မြေမှာ တနင်္သာရီကမ်းရိုးတမ်း တစ်လျှောက် ကမ်းလွန်ပင်လယ်ပြင်နှင့် မြိတ်ကျွန်းစု၊ သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့်အတ္တရံမြစ်ရိုးတစ်လျှောက်ဖြစ်ပြီး ရေကြောင်းလုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို စခန်းဌာနချုပ်က တာဝန်ထမ်းဆောင်လျက်ရှိသည်။ စခန်းဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် အခြေစိုက်နှင့်ရှေ့တန်းစခန်းများ ၊ ဝန်ထမ်းတပ်ငယ်များ နှင့် တိုက်ခိုက်ရေးရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် အကူရေယာဉ်များ ပါဝင်လေသည်။ [၃]

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊သုတေသနဌာနစု–**တပ်မတော်(ရေ)တပ်သမိုင်း** မျက် ၁၄၄–၁၄၅

၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊သုတေသနဌာနစု–**တပ်မတော်(ရေ)တပ်သမိုင်း** မျက် ၁၄၄–၁၄၅

၃ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊သုတေသနဌာနစု–**တပ်မတော်(ရေ)တပ်သမိုင်း** မျက် ၁၄၄–၁၄၅

## ရေတပ်ဆိုင်ရာအခေါ်အဝေါ်များပြောင်းလဲသတ်မှတ်ခြင်း

၁၉၅၁ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် မြန်မာစာကို ရုံးသုံးဘာသာစကားအဖြစ် သုံးစွဲရန် ဆိုင်ရာအာဏာပိုင်များက ညွှန်ကြားခဲ့ရာ ရေတပ်ဆိုင်ရာအင်္ဂလိပ်အခေါ်အဝေါ်များကို မြန်မာ ဘာသာအဖြစ်ပြန်လည်သတ်မှတ်ပေးခဲ့သည်–

ယင်းတို့မှာ–

| | |
|---|---|
| Admiral of the Fleet | – ရေတပ်စစ်သူကြီး |
| Admiral | – ရေတပ်ဗိုလ်ချုပ်မှူး |
| Vice-Admiral | – ရေတပ်ဗိုလ်ချုပ်ကြီး |
| Rear Admiral | – ရေတပ်ဗိုလ်ချုပ် |
| Commodore | – ရေတပ်ဗိုလ်မှူးချုပ် |
| Captain | – ရေတပ်ဗိုလ်မှူးကြီး |
| Commander | – ရေတပ်ဒုတိယဗိုလ်မှူးကြီး |
| Lt-Commander | – ရေတပ်ဗိုလ်မှူး |
| Lieutenant | – ရေတပ်ဗိုလ်ကြီး |
| Sub-Lieutenant | – ရေတပ်ဗိုလ် |
| Midshipman | – ရေတပ်ဒုတိယဗိုလ် |
| Cadet | – ရေတပ်ဗိုလ်လောင်း |
| Warrant Officer | – ရေတပ်အရာခံဗိုလ် |
| Chief Petty Officer | – ရေတပ်ဒုအရာခံဗိုလ် |
| Petty Officer | – ရေတပ်တပ်ကြပ်ကြီး |
| Leading Seaman | – ရေတပ်တပ်ကြပ် |
| A/B | – ရေတပ်သား |
| O/D | – အသင်ရေတပ်သား |

တို့ဖြစ်ကြသည်။[၁]

ထို့ပြင် ၁၉၅၅ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ရေတပ်ဦးစီးချုပ်ဌာနသို့ ပေးပို့သောစာများတွင် ရေတပ်ဦးစီးချုပ်ဌာနဟူသော ခေါ်ဝေါ်သုံးစွဲမှုကို ရပ်စဲ၍ ကာကွယ်ရေးဦးစီးချုပ်ဌာန(ရေ)ဟု လိပ်မူရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ညွှန်ကြားခဲ့သည်။ ထို့ပြင် ရေတပ်ဦးစီးချုပ် (Chief of Naval Staff)ဟူသော ခေါ်ဝေါ်သုံးစွဲမှုမှ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သုတေသနဌာနစု–**တပ်မတော် (ရေ)တပ်သမိုင်း** မျက် ၁၄၀–၁၄၁

[Vice Chief of Staff, Defence Services(Navy)]ဟူ၍လည်းကောင်း၊ ရေတပ်ဦးစီးချုပ်ဌာန (Chief of Naval Staff Department)မှ ကာကွယ်ရေး ဦးစီးချုပ်ဌာန(ရေ) [Department of the Chief of Staff, Defence Services (Navy)]ဟူ၍လည်းကောင်း ပြောင်းလဲသတ်မှတ်ခဲ့သည်။

တစ်ဆက်တည်းတွင်ပင် မြန်မာနိုင်ငံကာကွယ်ရေးတပ်မတော်များ ဖြစ်ကြသော ဗမာ့တပ်မတော်၊ ဗမာ့ရေတပ်မတော်၊ မြန်မာ့လေတပ်မတော် ဟူ၍ခေါ်ဝေါ်သုံးစွဲနေရာတွင် ဗမာ နှင့် မြန်မာဟူ၍ ဝေါဟာရနှစ်မျိုးကွဲပြားနေပေသည်။ သို့ဖြင့်အခေါ်အဝေါ် တစ်ညီတစ်ညွတ်တည်း ဖြစ်စေရန် ၁၉၅၅ခုနှစ်၊ နိုဝင်ဘာလ၂ ရက်နေ့မှစ၍ တပ်မတော် (ကြည်းတပ်)၊ တပ်မတော် (ရေတပ်)၊ တပ်မတော် (လေတပ်) ဟူ၍ခေါ်ဝေါ်သုံးစွဲရေးကို သက်ဆိုင်ရာက အမိန့်ချမှတ်ခဲ့သည်။ ရေတပ်စစ်ဦးစီးမှူး(Naval General Staff)ဟုခေါ်တွင်ခဲ့သည်ကိုလည်း (Captain Naval Staff)ဟုပြောင်းလဲခေါ်တွင်ရန် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၏ အထွေထွေ အမိန့်ဖြင့် ၁၉၅၆ခုနှစ်ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ [၁]

ထို့ပြင်တပ်မတော်(ရေတပ်)တွင် ယခင်ရခိုင်ရေတပ်တိုင်းဌာနချုပ်၊ တနင်္သာရီ ရေတပ်တိုင်းဌာနချုပ်နှင့်ဧရာဝတီရေတပ်တိုင်းဌာနချုပ် ဟူ၍ခေါ်ဝေါ်ခဲ့ရာ ထိုသို့ခေါ်ဝေါ်သုံးစွဲ ခြင်းမှာ တပ်မတော်(ကြည်း)ရှိတိုင်းစစ်ဌာနချုပ်များနှင့်လည်းကောင်း၊ နယ်ဘက်ရှိတိုင်းများနှင့် လည်းကောင်း အခေါ်အဝေါ်ဆင်တူနေပေသည်။ သို့ဖြစ်ရာ ဧရာဝတီရေတပ်တိုင်းဌာနချုပ်ကို ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ တနင်္သာရီရေတပ်တိုင်းဌာနချုပ်ကို တနင်္သာရီရေတပ်စခန်း ဌာနချုပ်၊ ရခိုင်ရေတပ်တိုင်းဌာနချုပ်ကို ရခိုင်ရေတပ်စခန်းဌာနချုပ်ဟူ၍ခေါ်ဝေါ်ရန်နှင့် ဓညဝတီ ရေတပ်စခန်းအား စစ်တွေရေတပ်စခန်း၊ မောရဝတီရေတပ်စခန်းအား မော်လမြိုင်ရေတပ်စခန်း၊ ရတနာပုံရေတပ်စခန်းနှင့်ပုသိမ်ရေတပ်စခန်းတို့အား လက်ရှိအမည်များအတိုင်းခေါ်ဝေါ်ရန် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၂ရက်နေ့တွင် သက်ဆိုင်ရာက ညွှန်ကြားခဲ့သည်။ တစ်ဖန် ယခင် တိုင်းမှူး များကို ဌာနချုပ်မှူးများဟူ၍လည်းကောင်း၊ ရတနာပုံ၊ မော်လမြိုင်၊ စစ်တွေနှင့် ပုသိမ်ရေတပ် စခန်းမှူးများအားစခန်းမှူးဟူ၍လည်းကောင်း ခေါ်ဆိုရန်ကိုလည်း ၁၉၆၀ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက် နေ့မှ စတင်ခေါ်ဆိုရန် ညွှန်ကြားခဲ့သည်။ [၂]

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သုတေသနဌာနစု–တပ်မတော် (ရေ)တပ်သမိုင်း မျက် ၁၄၃

[၂] ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သုတေသနဌာနစု–တပ်မတော် (ရေ)တပ်သမိုင်း မျက် ၁၄၃–၁၄၄

## ပြည်တွင်းသောင်းကျန်းမှုကာလတပ်မတော်(ရေ)၏ ဆောင်ရွက်ချက်များ

ဗမာ့တပ်မတော်၏ဖခင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီနှင့်တိုင်းပြည် လွတ်လပ်ရေး မရမီကတည်းကပင် မြန်မာပြည်မတွင် အလံနီကွန်မြူနစ်များ နှင့်ရခိုင်တိုင်း၌ရခိုင် ပြောက်ကျားများနှင့်မူဂျာဟစ်သူပုန်များ ထကြွသောင်းကျန်းလျက်ရှိနေခဲ့ကြသည်။ လွတ်လပ်ရေး ရပြီး မကြာမီအချိန်တွင်ရဲဘော်ဖြူများ၊ ကွန်မြူနစ်များ၊ ကရင်သူပုန်နှင့် မွန်သူပုန်များ ထပ်မံ ပေါ်ပေါက်လာပြန်သည်။ ရေတပ်မတော်မှ သစ္စာဖောက် ကရင်အရာရှိနှင့်စစ်သည်အချို့သည် လည်း ရေတပ်မတော်မှ တိုက်ရေယာဉ် "စဖေး"တိုက်ရေယာဉ်အမှတ် (၁၄၆၃)၊ ယူဘီတိုက် ရေယာဉ်အမှတ်(၁၀၈) တို့အား စီးနင်းယူဆောင်သွားခြင်း၊ ကွန်မြူနစ်သြဇာခံအချို့က ဘီ-၂၊ တီ-၄ နှင့် အမှတ်(၁၄၈၈) စစ်ရေယာဉ်များကို စီးနင်းယူဆောင်သွားခြင်းများပင် ရှိခဲ့သည်။

ယင်းသို့ ပြည်တွင်းသောင်းကျန်းမှုများ ဆက်တိုက် ဖြစ်ပွားနေသည်ကို ဗမာ့ တပ်မတော်က သုတ်သင်ရှင်းလင်းရေးတိုက်ပွဲများဆင်နွှဲရာ တပ်မတော်(ရေ)သည် တပ်မတော် (ကြည်း)တပ်၊တပ်မတော်(လေ)တပ်များနှင့်ပူးတွဲ၍ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်လွတ်လပ်ရေး တည်တံ့ ခိုင်မြဲရေးတို့အ တွက် တိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့သည်။

၁၉၄၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကရင်သောင်းကျန်းသူများသည် အင်းစိန်မြို့ကိုသိမ်းပိုက်လိုက်ကြသဖြင့် ရန်ကုန်မြို့၏လုံခြုံရေးမှာလည်း စိုးရိမ်ရသည့်အခြေအနေ သို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ဗမာ့တပ်မတော်(ကြည်း) သည်လက်ဦးမှုရယူပြီး ကရင်သူပုန်များ အခိုင်အမာပြုလုပ်ထားသော ကတုတ်များဖြစ်သည့် ဦးစက္ကိန်ကျောင်း၊ စောဘင်ဆင်ခြံ၊ မင်းဒမ ကုန်း၊ စော်ဘွားကြီးကုန်းတို့ကို တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ပွဲများတွင် တပ်မတော်(ရေ) စစ်ရေယာဉ် မေယုနှင့်ဆင်မင်းတိုက်ရေယာဉ်တို့မှ အမြောက်များဖြင့် ပစ်ကူပေးခဲ့သည့်အပြင် ကုန်းပေါ်သို့တက် ၍ "တံမြက်စည်း" ခေါ် ဘီးတပ် ၄၀-မမအမြောက်နှင့် "ရေဘီလူး"၊ "ရေသရဲ"၊ "ရေသဘက်" စသည်အမြောက်များဖြင့် တစ်တပ်တစ်အား ပါဝင်တိုက်ခိုက်ခဲ့ရာ ရန်သူများ အရေးရှုံးနိမ့်သွားကြသည်။[၁]

အင်းစိန်မှ ကရင်သူပုန်များနှင့် ပူးပေါင်းရန် ပြည်မြို့မှချီတက်လာသော အမှတ် (၂)ကရင်တပ်ရင်းသည် ဝက်ကော်တွင်အခိုင်အမာတပ်စွဲထားကြသည်။ ဗမာ့တပ်မတော်(ကြည်း)မှ စစ်ကြောင်းများသည် တပ်မတော်(ရေ)မှဗိုလ်ကျော်သိန်းလွင် ဦးစီးသည့်တံမြက်စည်းအမြောက်နှင့် ၆-ပေါင်ဒါအမြောက်အဖွဲ့နှင့်အတူ ၁၉၄၉ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ မိမိထက် လက်နက် အင်အားသာလွန်သောသူပုန်များကို ချေမှုန်းနိုင်သည့်အပြင် အမှတ်(၂)ကရင်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစောမြမောင်နှင့်သောင်းကျန်းသူများ၊ လက်နက်ခဲယမ်းမီးကျောက်များနှင့်ဘရင်း

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊သုတေသနဌာနစု-တပ်မတော်(ရေ)တပ်သမိုင်း မျက် ၄၂-၄၆

ကယ်ရီယာနစ်စင်းတို့ကိုပါ ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့သည်။ ယင်းတိုက်ပွဲတွင် ဗိုလ်ကျော်သိန်းလွင်သည် ရန်သူများအား ရဲရင့်ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့သဖြင့်" သူရ"ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၄၉ခုနှစ်၊ နှစ်ဆန်းတွင် ကရင်သူပုန်များသည် ပုသိမ်မြို့ကိုသိမ်းပိုက်၍ အခိုင်အမာခြေကုပ်ယူထားခဲ့ကြပြီးလက်နက်ခဲယမ်းများနှင့်အင်အားစုဆောင်းနေခဲ့ကြသည်။ တပ်မတော်သည် ပုသိမ်မြို့ကိုပြန်လည်သိမ်းပိုက်ရာတွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်မေယုနှင့်အင်းမ၊ တိုက်ရေယာဉ် ၁၂၈၉၊ ၁၃၆၉ နှင့် ၁၄၇၈တို့က ပုသိမ်မြို့ တိုင်တစ်ရာကျောင်းတွင် ရိက္ခာ၊ လက်နက်ခဲယမ်းအပြည့်အစုံနှင့် တပ်စွဲထားသော ကရင်သူပုန်များ၏ ခံစစ်နေရာများကို အမြောက်များဖြင့် ပစ်ခတ်ဖြိုဖျက်စစ်ကူပေးခဲ့ရာ တပ်မတော်(ကြည်း)က ရန်သူစခန်းများအား အပြီးအပိုင်ချေမှုန်း သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၉ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ရန်သူများအဝိုင်းခံနေရသော မအူပင်မြို့ ရှိတပ်ရင်း(၄) နှင့် (၅)တို့သို့ရိက္ခာပို့ရန်သွားသည့် စစ်ရေယာဉ်ရွှေပုဇွန်နှင့် တိုက်ရေယာဉ်၁၄၅၆ တို့ ဦးဆောင်သည့် ရေယာဉ်များကို တွံ့တေး၀၌ ကရင်သူပုန်များက လက်နက်မျိုးစုံဖြင့် ဆီးကြိုတိုက်ခိုက်ကြသည်။ ယင်းတိုက်ပွဲတွင် ရွှေပုဇွန်စစ်ရေယာဉ်မှူးဗိုလ်ကြီးထွန်းတင်သည် မျက်နှာ၌ဒဏ်ရာပြင်းထန်စွာရနေသော်လည်း ရန်သူများအား ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ကာ ရိက္ခာနှင့်လက်နက်ခဲယမ်းမီးကျောက်တင်ရေယာဉ်များကို တိုက်ပွဲမှလွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်က ဗိုလ်ကြီးထွန်းတင်အား "သီဟသူရဘွဲ့"၊ ဗိုလ်ခင်အောင်တင်နှင့် တပ်ကြပ်ခင်မောင်ကြီးတို့ အား "သူရဘွဲ့"များအသီးသီးချီးမြှင့်အပ်နှင်းခဲ့သည်။

၁၉၄၈ ခုနှစ်၊နိုဝင်ဘာလကုန်ခန့်မှစ၍ ကရင်သောင်းကျန်းသူများနှင့် အလံနီများသိမ်းပိုက်ထားသော တွံ့တေးမြို့နယ်တစ်ခုလုံးကိုဗမာ့တပ်မတော်သည် ၁၉၄၉ခုနှစ်၊ ဇွန်လမှစက်တင်ဘာလအထိ တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ စစ်ဆင်ရေးပြုလုပ်ကာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုကြောင့် ပိတ်ထားခြင်းခံခဲ့ရသော တွံ့တေးတူးမြောင်းရေလမ်းကြောင်းမှာလည်း ပြန်လည်ပွင့်သွားခဲ့သည်။ [၁]

၁၉၄၉ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် တပ်မတော် (ရေ) မှ စစ်ရေယာဉ်အင်းလေးသည် ညောင်တုန်းမြို့သို့ ချီတက်ပြီး ထိုလ ၆ ရက်နေ့၌ ကရင်သောင်းကျန်းသူများသိမ်းပိုက်ထားသောညောင်တုန်းမြို့ကိုလည်းကောင်း၊ ၁၄ရက်နှင့်၁၅ရက်နေ့များတွင် ဒေါင့်ကြီးမြို့နှင့် ဇလွန်မြို့များကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် မြစ်ရေယာဉ် ရွှေပုဇွန်သည် ရဲဘော်ဖြူ နှင့်ကွန်မြူနစ်တို့သိမ်းပိုက်ထားသောဓနုဖြူမြို့ကိုလည်းကောင်း၊ တပ်မတော်(ကြည်း)တပ်ဖွဲ့များနှင့်

---

[၁] DR 957– **တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အထွေထွေသုံးသပ်ချက်**

ပူးပေါင်း၍ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ [၁]

၁၉၄၉ခုနှစ်၊ ဩဂုတ်လတွင် တပ်မတော်(ရေ)မှ တိုက်ရေယာဉ်နှစ်စီး၊ တိုက်ရေယာဉ်(၁၃၀၆)၊ (၁၂၇၂) တို့သည်ခံစစ်ကတုတ်ကျင်းများဖြင့် ကရင်သောင်းကျန်းသူများအခိုင်အမာတပ်စွဲထားသော ထန်းတပင်ကိုတပ်မတော်(ကြည်း)နှင့်ပူးပေါင်း၍တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ [၂] ထို့ပြင် ၁၉၅၃ခုနှစ်တွင် ကရင်သောင်းကျန်သူများသည် ရွှေလောင်းမြို့ကို သိမ်းပိုက်ထားရာ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးရေယာဉ်များနှင့်အခြားအစိုးရရေယာဉ်များ ရေကြောင်းလမ်းကိုအသုံးမပြုနိုင်ခဲ့ပေ။ ထို့ကြောင့်တပ်မတော်(ရေ)မှ မြစ်ရေယာဉ်ရွှေပုဇွန်၊ တိုက်ရေယာဉ်(၁၄၅၆) တို့သည်တပ်မတော်(ကြည်း)နှင့် ပူပေါင်း၍ ရွှေလောင်းမြို့ကို သောင်းကျန်းသူများလက်မှ ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြသည်။

၁၉၅၃ခုနှစ်တွင်တပ်မတော်(ရေ)မှ တိုက်ရေယာဉ်(၁၀၂)၊ (၁၀၆)၊(၁၀၈) တို့သည် တပ်မတော်(ကြည်း)မှ အက်စ်ရေယာဉ်များနှင့်အတူ ဘိုကလေးမြို့မှ ချီတက်၍ မော်လမြိုင်ကျွန်းမြို့အရှေ့ဘက်တွင်ရှိသော ကျိုက်ပိမြို့ကိုသောင်းကျန်းသူများလက်မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့ပြင် ၁၉၅၄ ခုနှစ်အတွင်း ပုသိမ်မြို့အနောက်တောင်ဘက် ရိုးမတောင်ခြေရှိသလပ်ချောင်းရွာကို ကရင်သောင်းကျန်းသူများသိမ်းပိုက်ထားသဖြင့် ကြည်း၊ ရေ တပ်မတော်တို့ပူးပေါင်းကာ ၁၄ ရက်ကြာစစ်ဆင်ရေး (နဂါးနီစစ်ဆင်ရေး)တစ်ရပ်ဆင်နွှဲခဲ့သည်။ တပ်မတော်(ရေ)မှ စစ်ရေယာဉ်စဗန်းဦးဆောင်သော တိုက်ရေယာဉ်(၁၀၆)၊(၁၀၇)များအပါအဝင် ကမ်းထိုးရေယာဉ်များ၊ သံချပ်ကာတင်ရေယာဉ်များသည် ပုသိမ်မြို့မှစတင်ထွက်ခွာပြီး ၁၉၅၃ခုနှစ် မတ်လ၂၁ ရက်နေ့မှ စတင်တိုက်ခိုက်ရာ သလပ်ချောင်းရွာဒေသတစ်ခုလုံးအား သိမ်းပိုက်နိုင်ခဲ့သည်။ [၃]

## ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ

၁၉၄၇ ခုနှစ်တွင် ရခိုင်ပြည်နယ် ကျောက်ကာ၊ ကျောက်ခုတ်၊ မင်းပြား၊ မြေပုံ၊ ကျောက်ငွား စသည့် နယ်မြေများတွင် ဘုံပေါက်သာကျော်၊ ဘုန်းကြီးဦးစိန္တာ၊ ရဲဘော်ဖြူကြာလှအောင်တို့ခေါင်းဆောင်သည့်ရခိုင်ပြောက်ကျားများ လှုပ်ရှားထကြွနေခဲ့ကြသည်။ မူဂျာဟစ်သူပုန်များကလည်း ပန်းမြောင်၊မြောင်းထွေ၊ဘူးသီးတောင်၊ မောင်တောဒေသများတွင် ထကြွနေကြပြန်သည်။ ထို့ကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း)နှင့်ပူးပေါင်းစစ်ဆင်ရေးများ

---

[၁] တပ်မတော်ရှေ့ရတု- **"တပ်မတော်ရေတပ်သမိုင်း"** မျက် ၃၂-၃၃

[၂] တပ်မတော်ရှေ့ရတု- **"တပ်မတော်ရေတပ်သမိုင်း"** မျက် ၃၃

[၃] ဟပ်မတော်ရှေ့ရတု- **"တပ်မတော်ရေတပ်သမိုင်း"** မျက် ၃၂

ပြုလုပ်ကာ အမ်အယ်လ်(၁၄၆၇) နှင့်အိချ်ဒီအယ်(၁၄၇၇)စစ်ရေယာဉ်တို့ဖြင့် သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးစအချိန်တွင် ကွန်မြူနစ်သောင်းကျန်းသူများသည် ရသေ့တောင်တစ်ဝိုက်တွင် ထကြွနေခဲ့ကြပြန်သည်။ တပ်မတော်(ရေ)သည် စစ်ရေယာဉ်(၁၄၇၇)နှင့် ကြည်းတပ်မှ တပ်ရင်း(၂)၊ တပ်ရင်း(၅)တို့ ပူးပေါင်းပြီး ရသေ့တောင်တစ်ဝိုက်စစ်ဆင်တိုက်ခိုက်ရာ မောင်တောမြို့ကို တပ်မတော်ကပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၉ ခုနှစ်ဩဂုတ်လတွင် ကျောက်တော်မြို့နှင့် သုံးမိုင်ကွာရှိ ပလောင်းနှင့်ခေါင်းတုတ်ရွာများရှိကွန်မြူနစ်များအား တပ်မတော်(ရေ)မှတိုက်ရေယာဉ်(၁၃၆၉)ဖြင့်သွားရောက်တိုက်ခိုက်ခဲ့သည်။ ထိုနှစ်တွင်ပင် တောင်ကုတ်ဆိပ်ကမ်းတွင် သူပုန်များ သိမ်းပိုက်ထားသောခရီးသည်တင်သင်္ဘောတစ်စီးကို တပ်မတော်(ရေ)မှတိုက်ရေယာဉ်(၁၃၆၉)က ပြန်လည်တိုက်ခိုက်သိမ်း ယူခဲ့သည်။

၁၉၅၀ပြည့်နှစ်၊ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တပ်မတော်(ရေ)သည် သောင်းကျန်းသူများအား တိုက်ခိုက်ရန် ကျဉ်းမြောင်းသော မင်းဂံချောင်းသို့ ဝင်ရောက်ခဲ့သည်။ သောင်းကျန်းသူများသည် မျက်နှာ ၊ဂန့်ဂေါချောင်း၊ ဝါးပိုး၊ ကင်းမော်၊ စပါးထရွာများ မှနေရာယူ၍စစ်ရေယာဉ်အား တိုက်ခိုက်ရာ စစ်ရေယာဉ်သည် ကမ်းထိုးပြီး ရန်သူအမြောက်ရှိရာနေရာသို့ အနီးကပ် တက်ရောက်ချေမှုန်းသည်တွင် ရန်သူများ အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

၁၉၅၂ ခုနှစ် အလယ်ပိုင်းတွင်ကျောက်တော်မြို့ အပိုင် အပေါက်ဝရွာကိုအမှတ်(၃) ခြေလျင်တပ်ရင်းမှတပ်စုတစ်စုကချီတက်တိုက်ခိုက်ရာ တပ်မတော်(ရေ)မှ တိုက်ရေယာဉ်(၁၄၆၇)က ပါဝင်ကူညီတိုက်ခိုက်ပြီး ထိုရွာကိုသိမ်းပိုက်ခဲ့သည်။

# အခန်း(၁၀)

## တပ်မတော် (လေ)တိုးချဲ့ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အချိန်တွင် နိုင်ငံကာကွယ်ရေးအတွက် မြန်မာ့လေတပ်မတော်ဟူသော အဖွဲ့အစည်းကိုဖွဲ့စည်း အကောင်အထည် ဖေါ်ရန်လိုအပ်လျက်ရှိပေသည်။ ထို့ကြောင့်မြန်မာ့ အပျော်တမ်းလေတပ်ကို "မြန်မာ့လေတပ်မတော်" ဟူသော အမည်သစ်သို့ မြန်မာနိုင်ငံအစိုးရကာကွယ်ရေးဌာနက ၁၉၄၇ခုနှစ်၊ဒီဇင်ဘာလ၁၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။[၁]

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ယခင်ဗြိတိသျှ တို့၏ မြန်မာနိုင်ငံကာကွယ်ရေးဌာနကို လွတ်လပ်သော မြန်မာနိုင်ငံ၏ စစ်ရုံးချုပ်အဖြစ်လည်းကောင်း၊ မင်္ဂလာဒုံရှိ ဗြိတိသျှတို့၏ မြန်မာနိုင်ငံ တိုင်းစစ်ဌာနချုပ်ကို ဗမာ့တပ်မတော် စစ်ဦးစီးဌာနချုပ် အဖြစ်လည်းကောင်း ပြန်လည်ဖွဲ့စည်းပြီး ရေတပ်ဦးစီးချုပ်ဌာန၊ လေတပ်ဦးစီးချုပ် ဌာနများလည်း ပေါ်ပေါက်လာခဲ့သည်။ လေတပ်ဦးစီးချုပ်ဌာနသည် တည်ထောင်စကဗြိတိသျှတို့၏ မင်္ဂလာဒုံတိုင်းစစ်ဌာနချုပ်၏ အဆောက်အဦအမှတ်(၅၄) တွင်ရှိခဲ့ပြီး လအနည်းငယ်အတွင်း အလံပြဘုရားလမ်းရှိ စစ်ရုံးချုပ် အဆောက်အဦသို့ ပြောင်းရွှေ့ခဲ့သည်။ လေတပ်ဦးစီးချုပ်မှာ ဒုတိယဗိုလ်မှူးကြီး ရှီးရှိုး ဖြစ်သည်။[၂]

### လေယာဉ်မောင်းသင်တန်း

မြန်မာနိုင်ငံတွင် ဘုရင့်လေတပ်မတော်မှ အကြံပေးအရာရှိများရှိနေကြပြီးဖြစ်ရာ ယင်းတို့အနက်တာဝန်ခံလေတပ်အကြံပေးအရာရှိအဖြစ်ဗိုလ်မှူးကြီး ဂျေအယ်လ်ဗီး[၃] ကဆောင်ရွက်လျက်ရှိသည်။ တပ်မတော်(လေ)မှတပ်သားခင်မောင်ဦးနှင့်စောတန်မလာဒွေးတို့သည် စကော်ပူနိုင်ငံ အရှေ့ဖျား ဘုရင့်လေတပ်မတော်ဌာနချုပ်ရှိ လေယာဉ်သက်စောင့် ပစ္စည်းထိန်းသင်တန်းသို့လည်းကောင်း၊ တပ်သားကိုကိုကြီးသည် လေယာဉ်လက်နက်ပြင်သင်သို့လည်းကောင်း တက်ရောက်ခဲ့ကြသည်။ ထိုအချိန်တွင်၁၉၄၇ခုနှစ်ကပင်အင်္ဂလန်နိုင်ငံဘုရင့်လေတပ်မတော်ရှိ လေယာဉ်မောင်းနည်းပြဆရာသင်တန်းသို့ တက်ရောက်လျက်ရှိကြသော မြန်မာ့လေတပ်မတော်မှ ဗိုလ်ကြီးသောင်းဒန်၊ ဗိုလ်ကြီးထွန်းသာတို့သည်လည်း သင်တန်းပြီးဆုံး အောင်မြင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီဖြစ်သည့်အပြင် တိုက်ဂါးမော့အမျိုးအစား အမောင်းသင်လေယာဉ်

[၁] မြန်မာနိုင်ငံအစိုးရ၊ ကာကွယ်ရေးဌာနမှ ၁၅-၁၂-၄၇ ရက်နေ့ထုတ်ပြန်ကြေညာချက် အမှတ်၊ ၄၀၉

[၂] ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) သုတေသနဌာန- တပ်မတော်(လေ) သမိုင်း မျက်-၄၈

[၃] Group Captain J.Alvey

(၁၀)စင်းကိုလည်း ဘုရင့်လေတပ်မတော်မှ လွှဲပြောင်းရယူခဲ့ပြီး ဖြစ်သည်။ ဤသို့သင်တန်းဆရာများနှင့်အမောင်းသင်လေယာဉ်များရောက်ရှိလာသည့်အခါ မြန်မာနိုင်ငံတွင် လေယာဉ်မောင်းသင်တန်းများ စတင်ဖွင့်လှစ်သင်ကြားရန်ဆက်လက် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ခုနှစ်၊ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ပထမဆုံးလေယာဉ်မောင်း သင်တန်းကို မင်္ဂလာဒုံ၌ သင်ကြားခဲ့ရာ ယင်းသင်တန်းသို့ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက မြန်မာနိုင်ငံအပျော်တမ်းလေတပ်မတော်မှ လေယာဉ်မောင်းတတ်ပြီးဖြစ်သည့် လေသူရဲများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဂျပန်ပြန်လေသူရဲများ၊ လေယာဉ်လုံးဝမမောင်းဘူးသေးသော လေတပ်သားသစ်များတက်ရောက်ခဲ့ကြသည်။ ယင်းသင်တန်းသားများအနက် လေသူရဲ ဒုတိယဗိုလ်အောင်ညွှန့်နှင့်ဒုတိယဗိုလ်ကျော်ဇောတို့အား ဉာဏ်သစ်လောင်းသင်တန်းကိုသာ သင်ကြားပေးခဲ့ပြီး စစ်ဆင်ရေးလွှဲပြောင်း သင်တန်းတက်ရန် အင်္ဂလန်နိုင်ငံသို့စေလွှတ်ခဲ့သည်။ ယင်းသင်တန်းများ သင်ကြားပေးနေချိန်တွင် မြန်မာ့လေတပ်မတော်အတွက် အောက်စဖို့ဒ်လေယာဉ်(၆)စင်း ရောက်ရှိလာရာကျန်လေယာဉ် များဖြင့် စစ်ဆင်ရေးလွှဲပြောင်းသင်တန်းကို ဆက်လက် သင်ကြားပေးနိုင်ခဲ့သည်။ ထိုလေယာဉ် (၆)စင်းမရောက်မီက မြန်မာ့လေတပ်မတော်တွင် အော်စတာ[၁]လေယာဉ်(၄)စင်း၊ တိုက်ဂါးမော့ လေယာဉ်(၆)စင်းသာရှိခဲ့ပြီး လေယာဉ်မောင်းသင်တန်းကို ဘုရင့်လေတပ်မတော်မှ ဗိုလ်မှူးစမစ်[၂] ခေါင်းဆောင်သည့်လေယာဉ်မောင်းနည်းပြ ဆရာများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။[၃]

ဆက်လက်၍ လေယာဉ်မောင်းသင်တန်းနှင့် လေယာဉ်စက်မှုလက်မှုသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးနိုင်ရန်အတွက် ကာကွယ်ရေးဌာနမှ အရာရှိများ၊ ဘုရင့်လေတပ်မတော်မှ အကြံပေးအရာရှိများသည် မိတ္ထီလာမြို့တွင် လေတပ်စခန်းသစ်တစ်ခု ဖွင့်လှစ်ရန် နေရာရွေးချယ်ကြသည်။ မိတ္ထီလာမြို့သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ရေးအတွက်အလွန်အရေးပါပြီး အချက်အခြာကျသောဒေသဖြစ်ခဲ့သဖြင့် ထိုအချိန်ကဆောက်လုပ်ခဲ့သောလေယာဉ်ကွင်းများလည်း အသင့်ရှိနေပြီးဖြစ်သည်။ ၁၉၄၈ခုနှစ်၊ နိုဝင်ဘာလ ၄ရက်နေ့တွင် မိတ္ထီလာမြို့ရှိ ရဲဝန်ထောက် ဦးကျော်ညွှန့်ထံမှ မိတ္ထီလာမြို့အနီးရှိ မြေ(၆၈၅)ဧက လွှဲပြောင်းရယူရေးကို စီမံ၍ လေတပ်စခန်းတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသို့ စပစ်ဖိုင်းယားတိုက်လေယာဉ်များ ထပ်မံရောက်ရှိလာပြီး မကြာမီယင်းခေတ်မီလေယာဉ်များကို ကိုင်င်တွယ်ပြင်ဆင် နိုင်ရန်ကျွမ်းကျင်သော လေယာဉ်စက်မှုလက်မှု

---

[၁] Auster

[၂] Squadron Leader Smith

[၃] ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) သုတေသနဌာန- **တပ်မတော်(လေ) သမိုင်း** မျက်-၅၂

ပညာသည်များ ပေါ်ထွန်းလာရန် အင်္ဂလန်နိုင်ငံသို့ လေတပ်ပညာတော်သင်(၄၄)ဦးကို စေလွှတ်သည်။ ထို့ပြင် ရန်ကုန်မြို့တော်မှအပ ကျန်မြန်မာနိုင်ငံတွင်းမှ မြို့ကြီးများသည် သောင်းကျန်းသူတို့ အချိန်မရွေး ဝင်ရောက်တိုက်ခိုက်နိုင်သည့် အခြေအနေရှိနေပေရာ အရေးပေါ် အချိန်တွင် မြန်မာ့လေတပ်မတော်က ထိရောက်စွာ အကူအညီပေးရေးအတွက် လေသူရဲအင်အားမှာ အလွန်နည်းပါးလျက်ရှိသည်။သို့ဖြင့် ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလ၁ရက်နေ့တွင် မြန်မာလူငယ် အချို့ကို ရွေးချယ်၍ အမှတ်(၂)လေယာဉ်မောင်းသင်တန်းကိုလည်းကောင်း၊ပထမဆုံးသော လေကြောင်းလမ်းပြသင်တန်း ကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။[၁]

၁၉၄၉ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းသည် ဗမာ့တပ်မတော်(ကြည်း/ရေ/လေ)တစ်ရပ်လုံးကိုစနစ်တကျပြန်လည်ဖွဲ့စည်းရန်ကော်မတီတစ်ရပ် ဖွဲ့စည်းညှိနှိုင်းဆွေးနွေးခဲ့ရာ လေတပ်မတော်ဌာနချုပ်နှင့် လေတပ်ဦးစီးဌာနချုပ်တို့ ပေါ်ပေါက်လာခဲ့သည်။[၂] လေတပ်မတော်ဌာနချုပ်တွင် လေကြောင်းဌာန၊ စက်မှုလက်မှုဌာန၊ အုပ်ချုပ်ရေးဌာနဟူ၍ ဌာနသုံးခုခွဲခြားခဲ့ပြီး လေတပ်မတော် အင်အားကိုလည်း တိုးချဲ့ဖွဲ့စည်းခွင့်ရခဲ့သည်။

ထိုအချိန်၌ မေမြို့အနီးစခန်းလေယာဉ်ကွင်းတွင် လေတပ်ဦးစီးချုပ် ဗိုလ်မှူးတီကလစ် အပါအဝင် ကရင်သောင်းကျန်းသူများ ဖမ်းဆီးခြင်းခံရသူ လေသူရဲအရာရှိများသည် ဗမာ့တပ်မတော်က မေမြို့ကို ပြန်လည်သိမ်းပိုက်သည့်အချိန်တွင် ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။ထိုလွတ်မြောက်လာသူများနှင့်အတူဗမာ့ကာကွယ်ရေးတပ်မတော်မှ ဂျပန်ပြည် လေကြောင်းပညာသင်တစ်ဦးဖြစ်သူ ရဲဘော်ချစ်ခင်တို့သည် လေတပ်မတော်ဌာနချုပ်သို့ လာရောက်သတင်းပို့ခဲ့ကြသည်။

၁၉၄၉ခုနှစ်၊ ဒီဇင်ဘာလတွင် အမှတ်(၂)လေယာဉ်မောင်းသင်တန်းနှင့် လေကြောင်းလမ်းပြသင်တန်းများအောင်မြင်စွာပြီးဆုံးသွားပြီးဖြစ်ရာ လေသူရဲများသည် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးတွင် ဆက်လက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

## မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် တိုးချဲ့ဖွဲ့စည်းခြင်း

၁၉၅၀ပြည့်နှစ်၊နိုဝင်ဘာလ ၂၂ရက်နေ့တွင် နိုင်ငံတော်အစိုးရသည် ပြည်တွင်းသောင်းကျန်းမှုကို ပိုမိုထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် မြန်မာ့လေတပ်မတော်အတွက် ဆီးဖိုင်းယား[၃] လေယာဉ်သစ်(၂၀)ဝယ်ယူရန်အမိန့်ချမှတ်ခဲ့သည်။ လေယာဉ်များ ရောက်ရှိလာသည့်

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) သုတေသနဌာန- **တပ်မတော်(လေ)သမိုင်း** မျက်-၅၇

[၂] ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) သုတေသနဌာန- **တပ်မတော်(လေ)သမိုင်း** မျက်-၆၇

[၃] Seafire

အခါတွင် ယင်းလေယာဉ်များကို စနစ်တကျပြုပြင်ထိန်းသိမ်းရန် စက်မှုလက်မှုပညာသည်များ လိုအပ်လာရာ လေတပ်သားသစ်များကိုအမြန်ဆုံးစုဆောင်း၍စက်မှုလက်မှုသင်တန်းများ အမြန်ဆုံး ဖွင့်လှစ်ခဲ့ရသည်။ ထိုနည်းတူ တပ်ထောက်ဌာနသည်လည်း ထပ်မံရောက်ရှိလာသည့် လေယာဉ် ပစ္စည်းများကို တာဝန်ယူရန်မဖြစ်နိုင်တော့သဖြင့် ဌာနတိုးချဲ့ ရန်လိုအပ်လာသည်။ သို့ဖြင့် လေယာဉ်အရံပစ္စည်းများထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းတာဝန် နှစ်ရပ်ကိုထမ်းဆောင်နိုင်မည့် လေတပ်စခန်းသစ်တစ်ခုတည်ဆောက်ရန် သက်ဆိုင်ရာ အကြီးအကဲ များက ကြိုးပမ်းခဲ့ကြသည်။ ထို့နောက်လေတပ်မတော်အုပ်ချုပ်ရေးအရာရှိများခန့်အပ်ခြင်း၊လေယာဉ်ပစ္စည်းများကို လေယာဉ်ရုံ များသို့ ပြောင်းရွှေ့နေရာချထားခြင်း၊ အဆောက်အဦ နေရာသစ်များ ရွေးချယ်ပြောင်းရွှေ့ ခြင်းစသည်များကို ဆောင်ရွက်ပြီးနောက်မင်္ဂလာဒုံလေတပ်စခန်းမှ လေတပ်ဖွဲ့အားလုံးကို ညှိနှိုင်း အုပ်ချုပ်ရန် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်ကို ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၁၆ရက်နေ့တွင် ဖွဲ့စည်းခဲ့ သည်။[၁] ယင်းဌာနချုပ် အောက်တွင် အမှတ်(၁)အုပ်၊ တပ်ထောက်ဌာန[၂]၊ စက်မှုလက်မှု အတတ်သင် ကျောင်း ဌာနချုပ်ရုံး[၃]၊ လေယာဉ်မောင်းသင်တန်း ကျောင်း တို့ပါဝင်သည်။

ထိုအချိန်တွင်ပင် မင်္ဂလာဒုံလေယာဉ်ကွင်းမှာ အပြည်ပြည်ဆိုင်ရာလေဆိပ် တစ်ခု အဖြစ်တည်ဆောက်ရန် ယခင်ကပင် စီမံကိန်းရှိခဲ့သဖြင့် နိုင်ငံခြားလေယာဉ်ကြီးများ ဆင်းသက်နိုင် မည့် လေယာဉ်ပြေးလမ်းသစ်တစ်ခု ဖေါက်လုပ်ရေးကို ပြင်ဆင်လျက်ရှိသည်။ ထို့ကြောင့် လက်ရှိ မင်္ဂလာဒုံတွင် သင်ကြားလျက်ရှိသော လေယာဉ်မောင်းသင်တန်းကို ရပ်ဆိုင်းထားရမည်ဖြစ်ရာ ယင်းသို့ ရပ်ဆိုင်းထားခြင်း မရှိရလေအောင် မှော်ဘီမြို့အနီးရှိ ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှနှင့်ဂျပန်တို့ အသုံးပြုခဲ့ကြသော လေယာဉ်ကွင်းကို ပြုပြင်ပြီး ထိုနေရာကို ပြောင်းရွှေ့ ရန်စီစဉ်ခဲ့သည်။ ထိုလုပ်ငန်းအရပ်ရပ်ကိုလည်း ၁၉၅၀ပြည့်နှစ်၊ ဇွန်လ(၂)ရက်နေ့မှစ၍ အကောင် အထည်ဖေါ်ဆောင်ရွက်ခဲ့ သည်။

ထိုအတောအတွင်း ပြည်တွင်းသောင်းကျန်းမှုများမှာ အတော်အတန်ငြိမ်သက်စ ပြုလာပြီဖြစ်သော်လည်း တရုတ်နိုင်ငံမှ ဆုတ်ခွာထွက်ပြေးလာကြသော တရုတ်ဖြူတပ်ဖွဲ့အချို့ သည် မြန်မာနိုင်ငံ အရှေ့ပိုင်းနယ်စပ်ဒေသတွင် တပ်စွဲထားခဲ့ကြသည်။တပ်မတော်(ကြည်း)သည် ပြည်ပ မှကျူးကျော်လာသော တရုတ်ဖြူတို့ကိုတိုက်ခိုက်ရာတွင် တပ်မတော်(လေ)မှ လေကြောင်း အကူ ရယူရမည်ဖြစ်သော်လည်း တပ်မတော်(လေ)တွင် ဒုံးပျံတပ်ဆင်နိုင်သော တိုက်လေယာဉ် ဟူ၍ စပစ်ဖိုင်းယား တိုက်လေယာဉ်(၂)စီးသာ ရှိခဲ့သည်။ ထို့ကြောင့် တပ်မတော်(လေ)သည်

---

[၁] Formation Order . File No.BAF/23/2/org Dated 16th June 1950

[၂] Equipment Holding Unit

[၃] Air HQ . Burma Air Force

ကျူးကျော်လာသော တရုတ်ဖြူတပ်များအား ထိရောက်စွာ တိုက်ခိုက်နှိမ်နင်းနိုင်ရေးအတွက် ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးအက်စ်ခင်သည် အောက်စဖို့ လေယာဉ် အပေါ့စားတွင် ဒုံးပျံတပ်ဆင်၍ ကျိုင်းတုံလေယာဉ်ကွင်းအနီးတွင် ကိုယ်တိုင်စမ်းသပ်ခဲ့သည်။ ယင်းသို့စမ်းသပ်ရာ တွင်လေယာဉ်တောင်ပံကျိုးပြီးမြေပြင်သို့ ထိုးကျပျက်စီးသွားသဖြင့် လေသူရဲဒုတိယဗိုလ်မှူးကြီးအက်စ်ခင်မှာလည်းသေဆုံးသွားခဲ့သည်။ ထိုနေ့တွင်ပင်ဗိုလ်မှူးတီကလစ်က လေတပ် ဦးစီးချုပ်အဖြစ်တာဝန်ယူ ထမ်း ဆောင် ခဲ့သည်။

## အမှတ်(၁)နှင့်(၂) လေယာဉ်အုပ်များဖွဲ့စည်းခြင်း

ဗမာ့တပ်မတော် (လေ)သည် စတင်ဖွဲ့စည်းသည့် ၁၉၄၇ခုနှစ်မှ ၁၉၅၀ပြည့်နှစ် ဦးပိုင်းအထိ ဗမာ့တပ်မတော်(လေ)တွင် သီးသန့်လေယာဉ်အုပ်ဟူ၍ အမည်တပ်၍ တပ်ဖွဲ့ ဖွဲ့စည်းထားခြင်း မရှိခဲ့သေးချေ။၁၉၅၀ပြည့်နှစ်၊ ဇွန်လ ၁၅ရက်နေ့တွင် ဖွဲ့စည်းပုံအမိန့်[၁]အရ ဗမာ့တပ်မတော်(လေ)တွင် ပထမဆုံးသော အမှတ်(၁)တိုက်လေယာဉ်အုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၉၅၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ဗမာ့တပ်မတော်(လေ)၌ အမှတ်(၂)အုပ်ဟူသောအမည်ဖြင့်သယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်တစ်ခုကိုဖွဲ့စည်းရန်လေတပ်မတော်ဌာနချုပ်က အမိန့်ချမှတ်ခဲ့သည်။[၂] ယင်းလေယာဉ်အုပ်တွင် ဒါကိုတာလေယာဉ်(၉)စင်းရှိရာ ထိုစဉ်ကဒါကိုတာ လေယာဉ်မောင်းနှင်တတ်သော လေသူရဲများ မရှိသဖြင့် ဘုရင့်လေတပ်မတော်မှ အရာရှိများဦးစီး၍လေယာဉ်မောင်းသင်တန်း၊လေကြောင်းလမ်းပြ၊လေကြောင်းအချက်ပြ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

၁၉၅၀–၅၁ခုနှစ်အတွင်း မင်္ဂလာဒုံ၊ မှော်ဘီနှင့်မိတ္ထီလာမြို့တို့တွင် လေတပ်ဆိုင်ရာ အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခဲ့သည်။၁၉၅၁ခုနှစ် ဧပြီလတွင်မင်္ဂလာဒုံလေယာဉ်မောင်းသင်တန်းကျောင်းကို မှော်ဘီသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

၁၉၅၀–၅၁ခုနှစ်တွင်ပင် အခြေခံလေယာဉ်မောင်းသင်တန်းအတွက် ချစ်(ပ်) မန့်[၃] လေယာဉ်အချို့ကို ဝယ်ယူခဲ့သည်။ ထို့နောက် ဗမာပြည် ရာသီဥတု၊ ရေမြေအနေအထားနှင့်ပိုမိုကိုက်ညီသော ပရိုဗို့စ်[၄] လေယာဉ်အချို့ကိုလည်း အင်္ဂလန်နိုင်ငံမှ ထပ်မံဝယ်ယူပြီး မိတ္ထီလာ လေယာဉ်မောင်းသင်တန်းကျောင်း တွင်အသုံးပြုခဲ့သည်။

---

၁ Formation order File No. BAF/23/3/org. Dated . 15th June 1950

၂ Formation order File No. BAF/23/7/org. Dated . 18th December 1950

၃ Chipmunk

၄ Provost

၁၉၅၁ခုနှစ်အတွင်း တပ်မတော်(လေ)မှ အရာရှိနှင့် အခြားအဆင့်အများအပြားကို အင်္ဂလန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ နှင့်အိန္ဒိယနိုင်ငံများသို့ လေကြောင်းအတတ်ပညာရပ်များ ဆည်းပူးရန်စေလွှတ်ခဲ့သည်။ ထို့ပြင်လေတပ်သားရဲညွန့်(၃၀)သည်အင်္ဂလန်နိုင်ငံသို့ လည်းကောင်း၊ အမှတ်(၁)တိုက်လေယာဉ်အုပ်ကို ခေတ်မီစွာဖြင့် ပြန်လည်မွမ်းမံတည်ထောင် ဖွဲ့စည်းရန် လူငယ်လေးသူရဲလောင်းများသည် အင်္ဂလန်နိုင်ငံ လေယာဉ်မောင်းသင်တန်းသို့ လည်းကောင်း၊ တပ်မတော်(လေ) မှ ရဲညွှန့်(၁၅)ဦးသည် အင်္ဂလန်နိုင်ငံ ဘုရင့်လေတပ်မတော်အမှတ်(၁) ရေဒီယိုပြင်သင်တန်းသို့လည်း ကောင်း တက်ရောက်ခဲ့ကြသည်။

၁၉၅၂ခုနှစ်တွင်ဗမာ့လေတပ်မတော်မှ အရာရှိကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့များသည် ယူဂိုဆလားဗီးယားနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံ နှင့်ဂျပန်နိုင်ငံများသို့ လေကြောင်းဆိုင်ရာ ကိစ္စရပ်များကို သွားရောက်လေ့လာခဲ့ကြသည်။

ထိုနှစ်တွင်ပင် ဗမာ့တပ်မတော်စစ်ရုံးချုပ်ကို မြန်မာနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနဟူသောအမည်သို့လည်းကောင်း၊ကြည်းတပ်၊ရေတပ်၊လေတပ်များပါဝင်သော ဗမာ့တပ်မတော်တစ်ရပ်လုံး၏ အကြီးအမှူးကို ကာကွယ်ရေးဦးစီးချုပ်[1] ဟူသော အမည်သို့လည်းကောင်း ပြောင်းလဲခဲ့သည်။ ထိုအချိန်မှစ၍ ဗမာ့တပ်မတော်(လေ)၏ ဦးစီးမှူးကို ဒုတိယကာကွယ်ရေး ဦးစီးချုပ်(လေ) ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဗမာ့တပ်မတော်(လေ)ရှိ အောက်စ်ဖို့၊ ကောင်ဆယ်တိုက်လေယာဉ်တို့မှာ လေကြောင်းတိုက်ပွဲအတွက် ခေတ်မမီတော့သဖြင့် ခေတ်မီဆီးဖိုင်းယား တိုက်လေယာဉ်(၂၀) ထပ်မံဝယ်ယူ၍ အမှတ်(၁)လေယာဉ်အုပ်ကို အင်အားဖြည့်တင်းခဲ့သည်။ ထို့ပြင်ယင်းလေယာဉ်များကို မောင်းနှင်ရန်နှင့်ပြုပြင်နိုင်ရန် အင်္ဂလန်နိုင်ငံသို့ လေတပ်သား ပညာသင်များ ထပ်မံစေလွှတ်ခဲ့သည်။ အမှတ်(၁) တိုက်လေယာဉ်အုပ်ကိုလည်း မှော်ဘီသို့ပြောင်းရွှေ့ခဲ့သည်။

၁၉၅၃ခုနှစ်တွင် မှော်ဘီလေတပ်စခန်းသည် စစ်ဆင်ရေးတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်ရန် မှော်ဘီမြို့ရှိ လေယာဉ်မောင်းသင်တန်းကျောင်းကို မိတ္ထီလာမြို့သို့ ပြောင်းရွှေ့ ဖွင့်လှစ်သည်။

ထိုနှစ်အတွင်းတပ်မတော်(လေ)သည်သယ်ယူပို့ဆောင်ရေးနှင့်ကုန်တင်လေယာဉ်အဖြစ်အသုံးပြုရန် ဘရစ္စတိုဖရိတာမာ့က် ၂၁[2] လေယာဉ်ပျံနှစ်စင်းဝယ်ယူပြီး အမှတ်(၂)အုပ်တွင်အသုံးပြုခဲ့သည်အပြင် မင်္ဂလာဒုံလေတပ်စခန်းတွင်ခေတ်မီဂျက်လေယာဉ်မောင်းသင်တန်းများ

---

[1] Chief of Staff , Defence Services

[2] Bristol Freighter Mark 21

၌ အသုံးပြုရန် ဗင်ပိုင်ယာမာ့က်တီ-၅၅[၁] လေယာဉ်(၈)စင်းကိုလည်း အင်္ဂလန် နိုင်ငံမှဝယ်ယူခဲ့သည်။ ထို့ပြင် ၁၉၅၄ ခုနှစ်တွင် ပြည်ပရန်ကာကွယ်ရေး နှင့် ပြည်တွင်း သောင်းကျန်းမှု နှိမ်နင်းရေးတို့ အတွက် စပစ်ဖိုင်းယား တိုက်လေယာဉ်သစ်များကို အစ္စရေးနိုင်ငံမှ ဝယ်ယူခဲ့လေသည်။

**ဗမာ့တပ်မတော်(လေ)အမျိုးသမီးတပ်ဖွဲ့ ဖွဲ့စည်းခြင်း**

၁၉၅၄ခုနှစ်၊ ဒီဇင်ဘာလ(၁၃)ရက်နေ့တွင် အမျိုးသမီး(၄)ဦးအား ဗမာ့တပ်မတော်(လေ)တွင် အရာရှိ(ဗိုလ်) အဆင့်ဖြင့်စတင်ခန့်ထားခဲ့သည်။[၂] ယင်းတို့အား အခြေခံစစ်ပညာသင်ကြားပေးပြီးနောက်အင်္ဂလန်ဘုရင့်လေတပ်မတော်လေတပ်အမျိုးသမီးသင်တန်း ကျောင်းဟော်ကင်[၃]သို့ တက်ရောက်ပညာသင်ကြားစေခဲ့သည့်အပြင် အစ္စရေးနိုင်ငံလေတပ်မတော်အမျိုးသမီးတပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုလည်းလေ့လာစေခဲ့သည်။

၁၉၅၇ခုနှစ်တွင် ပထမအသုတ် ဗမာ့တပ်မတော်(လေ)စစ်သမီးများကို စုဆောင်းပြီး မှော်ဘီလေတပ်စခန်း၌ အခြေခံစစ်ပညာရပ်များကို သင်ကြားပေးခဲ့သည်။ ထို့ပြင် အစ္စရေးနိုင်ငံတွင် လူငယ်များလေကြောင်းပညာကို စိတ်ဝင်စားလာအောင် စက်မဲ့လေယာဉ်မောင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကိုနည်းယူကာ စက်မဲ့လေယာဉ်များ ဝယ်ယူခဲ့သည့်အပြင် ယူဂိုဆလားဗီးယားနိုင်ငံသို့ ပညာသင်များစေလွှတ်ခဲ့ပြီး ၁၉၅၆ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်တိုင် "မြန်မာနိုင်ငံ စက်မဲ့လေယာဉ်ပျံအသင်း" ကို ဖွင့်လှစ်ပေးခဲ့ သည်။

၁၉၅၆ခုနှစ်တွင် စစ်မှုထမ်း (၂၂)ဦး ပါဝင်သော ဗမာ့တပ်မတော် (လေ)စစ်တီးဝိုင်းအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းခဲ့သည်။[၄]

ရဟတ်ယာဉ်များနှင့်စပ်လျဉ်း၍ တပ်မတော်(လေ)သည် ရဟတ်ယာဉ်များကို ၁၉၅၆ခုနှစ်တွင်စတင်အသုံးပြုခဲ့သည်။ ယင်းရဟတ်ယာဉ်များမှာ အမေရိကန်နိုင်ငံမှပြုလုပ်သောဘဲလ် ၄၇ ဂျီ[၅] အမျိုးအစားဖြစ်ပြီး လူနာသို့မဟုတ် ခရီးသည်နှစ်ဦးကိုသာ တင်ဆောင်နိုင်သဖြင့်

---

[၁] Vampire Mark T55

[၂] **ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရုံး၏စာအမှတ် ၇၆ဗ(လေ)၅၄ ရက်စွဲ၂၉-၁၂-၅၄**

[၃] Hawkin

[၄] **၁၉၅၁ခုနှစ်အတွင်းမြန်မာ့** လေတပ်မတော်တွင်စစ်တီးဝိုင်းအဖွဲ့ ဖွဲ့စည်းခဲ့သော်လည်း စနစ်တကျ ဖွဲ့စည်းထားခြင်းမဟုတ်ချေ။

[၅] Bell 47G

၁၉၅၈ခုနှစ် တွင် ထိုထက်ပို၍ကြီးသော ဗာတော်လ်[1] အမျိုးအစား ရဟတ်ယာဉ်များကို အမေရိကန်နိုင်ငံမှ ပင်ထပ်မံဝယ်ယူခဲ့သည်။

**ဗမာ့တပ်မတော်(လေ)ပြင်ဆင်ဖွဲ့စည်းခြင်း**

၁၉၅၅ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် ဗမာ့တပ်မတော် (လေ) ဦးစီးချုပ်ကို ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ဟုပြောင်းလဲ ခေါ်ဝေါ်သည့်အပြင် မင်္ဂလာဒုံရှိ စက်မှုလက်မှု အတတ်သင်ကျောင်း၊ တပ်စခန်းဌာနချုပ်၊ ဗမာ့တပ်မတော်(လေ) တပ် စစ်သည်များစုဆောင်းရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအတတ်သင်ကျောင်းများကို ၁၉၅၆ခုနှစ်တွင် မိတ္ထီလာသို့ပြောင်းရွှေ့ပြီး မိတ္ထီလာလေတပ်စခန်းကို ဗမာ့တပ်မတော်လေတပ်လေ့ကျင့်ရေး စခန်းကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ထို့အတူ မင်္ဂလာဒုံတွင် ဗဟိုထောက်ပံ့ရေးတပ်[2]၊ ဗဟိုပြင်ဆင်ရေးတပ်[3]၊ ခဲယမ်းမီးကျောက်တပ်[4]တို့ကိုစခန်းတစ်ခုတည်းတွင် ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းရေး လေတပ်စခန်းဟူ၍လည်းကောင်း၊ အမှတ်(၂) သယ်ယူပို့ဆောင်ရေးတပ်ရင်းနှင့်လေကြောင်းဆက်သွယ်ရေးတပ်တို့ကို ပူးပေါင်း၍ အမှတ်(၅၀၂)လေတပ်အုပ်စုဟူ၍လည်းကောင်း ခွဲခြားဖွဲ့စည်းခဲ့သည်။အေဘီဘီအို[5]ကိုလည်း အမှတ်(၅၀၁)အုပ်စုအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းသည်။

မြန်မာနိုင်ငံအစိုးရသည် တပ်မတော်(လေ)တပ် ပိုမိုခေတ်မီလာစေရန် ၁၉၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ မှ စက်စနာ[6] လေယာဉ်ပျံများနှင့် ဘီချ်[7] လေယာဉ်ပျံများကို ဝယ်ယူခဲ့ပြီး ၁၉၅၇-၅၈ ခုနှစ်အတွင်း ကနေဒါနိုင်ငံကပြုလုပ်သော အော်တာ[8]လေယာဉ်ပျံများနှင့် အင်္ဂလန်နိုင်ငံ မှ ဆီးဖြူရီ[9] အမျိုးအစားတိုက်လေယာဉ် များကို ဝယ်ယူအသုံးပြုခဲ့သည်။

၁၉၅၇ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဗမာ့တပ်မတော်(လေ) တပ်၌ အမျိုးသမီးအရာရှိ(၇)ဦးကိုထပ်မံခန့်ထားခဲ့သည်။

---

1. Vertol
2. Equipment Holding Unit
3. Base Repair Unit
4. Explosive Maintenance Unit
5. ABPO (Airfield Base Pearonnel Organization)
6. Cessna Modle 180
7. Beech
8. Otter
9. Seafury

၁၉၅၇ခုနှစ်တွင်ပင် ပမာ့တပ်မတော်(လေ) တပ်၌အသုံးပြုနေသော လေယာဉ်များနှင့် စက်မှုကရိယာများမှာ ခေတ်မီတိုးတက်လာပြီဖြစ်သည်။ ယင်းလေယာဉ်များနှင့် စက်မှုကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့် စက်မှုပညာသည်များ လိုအပ်လာသည်ဖြစ်ရာ အသက်(၁၅)နှစ်နှင့်(၁၇)နှစ် အကြားရှိ ရဲဘော်ငယ်များအားခေါ်ယူပြီး အခြေခံလေယာဉ်စက်မှုပညာသည်များကိုသင်ကြားပေးခဲ့သည်။ လေသူရဲလောင်းများ စုဆောင်းရာတွင်လည်း လေတပ်သားများနှင့် အရပ်သားများထဲမှသာမက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းနှင့် မေမြို့ စစ်တက္က သိုလ်မှ အောင်မြင်ခဲ့ကြသည့် အရာရှိများကိုပါ ခေါ်ယူခဲ့သည်။

အထက်တန်းလေယာဉ်မောင်းသင်တပ်[၁] အမည်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းတွင် အခြေစိုက် ဖွဲ့စည်းထားသော ဂျက်လေယာဉ်အုပ်ကို ၁၉၆၀ပြည့်နှစ် ဇန်နဝါရီလ (၂၂)ရက်နေ့ တွင် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

ထိုနှစ်တွင်ပင် တပ်မတော်(လေ)၌ အမှတ်(၅၁)နှင့်အမှတ်(၅၃)အုပ်ဟူ၍ လေယာဉ်အုပ်အသစ် များဖွဲ့စည်းပြီး အမှတ်(၅၀၃)အုပ်စုဟု ခေါ်တွင်၍ မိတ္ထီလာမြို့ ရှမ်းတဲလေယာဉ်ကွင်း၌ ထားရှိခဲ့သည်။ အမှတ်(၅၁)အုပ်တွင် အော်တာလေယာဉ်ပျံနှင့် စက်စနာလေယာဉ်ပျံများကိုလည်းကောင်း၊ အမှတ်(၅၃)အုပ်တွင် ဘဲလ်ရဟတ်ယာဉ်များကိုလည်းကောင်း ထားရှိခဲ့သည်။

ထို့ပြင်မြန်မာနိုင်ငံအား လေကြောင်းရန်မှကာကွယ်ရန် ရေဒါစခန်းများလိုအပ်သဖြင့် ၁၉၆၂ခုနှစ်တွင် မင်္ဂလာဒုံ၌ ရေဒါစခန်းတစ်ခုနှင့် " စူလ" စစ်ဆင်ရေးဟူသောအမည်ဖြင့် ယိုးဒယားမြန်မာနယ်စပ်ရှိ တာချီလိတ်မြို့တောင်ဘက်ရှိ လွယ်တော်စမ်းနှင့်လွယ်မွေဒေသတို့တွင် ရေဒါစခန်းတစ်ခုစီကိုတည်ဆောက်ခဲ့သည်။

## လေတပ်ဆိုင်ရာ အခေါ်အဝေါ်များ ပြောင်းလဲသတ်မှတ်ခြင်း

၁၉၆၀ပြည့်နှစ်၊ ဧပြီလ ၄ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ စက်မှုလက်မှုဝန်ကြီးဌာန၊ စက်မှုလက်မှုအထူးညွှန်ကြားရေးဝန်ထံသို့ တပ်မတော်(လေတပ်) အရာရှိ အဆင့်အတန်း အင်္ဂလိပ်အခေါ်အဝေါ်ပြောင်းလဲခေါ်ရေးနှင့်စပ်လျဉ်း၍ ၁၉၆၀ပြည့်နှစ် ၊ဧပြီလ ၄ရက်နေ့ စွဲပါ ၊ စာအမှတ် လတစ/၇၂/စတ၀ (လူ-၂) ဖြင့်စာတစ်စောင်ပေးပို့ခဲ့သည်။[၂]

---

[၁] Advanced Flying Unit

[၂] သုတေသနဌာန ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ **တပ်မတော်(လေတပ်)သမိုင်း နောက်ဆက်တွဲ " ပ "**

ယင်းစာတွင် လက်ရှိတပ်မတော်(လေတပ်) အရာရှိအဆင့်အတန်း အင်္ဂလိပ်အခေါ်အဝေါ်များ သုံးစွဲခြင်းကိုရပ်စဲ၍ တပ်မတော်(ကြည်းတပ်) အရာရှိ အဆင့်အတန်း အင်္ဂလိပ်အခေါ်အဝေါ်များနည်းတူ ခေါ်ဝေါ်သုံးစွဲရန် နိုင်ငံတော်အစိုးရက အမိန့်ချမှတ်ပြီး ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။

တပ်မတော်(လေတပ်)အရာရှိအဆင့်အတန်းအင်္ဂလိပ်အခေါ်အဝေါ်များနှင့် တူညီသောတပ်မတော်(ကြည်းတပ်) အရာရှိအဆင့်အတန်း အခေါ်အဝေါ်များမှာ–

| | |
|---|---|
| Pilot Officer | -Second Lieutenant |
| Flying Officer | -Lieutenant |
| Flight Lieutenant | -Captain |
| Squadron Leader | -Major |
| Wing Commander | -Lieutenant Colonel |
| Group Captain | -Colonel |
| Air Commodore | -Brigadier |
| Air Vice Marshall | -Major General |
| Air Marshall | -Lieutenant General |
| Air Chief Marshall | -General |
| Marshall of the Air Force | -Feild Marshall တို့ဖြစ် |

ကြသည်။[၁]

## ပြည်တွင်းသောင်းကျန်းမှုနှင့်ဗမာ့တပ်မတော်(လေ)

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မကြာမီ ဗမာပြည်ကွန်မြူပါတီ၊ ကေအင်ဒီအိုကရင်သောင်းကျန်းသူများ၊ မွန်သောင်းကျန်းသူများ၊ တပ်မတော်အတွင်းမှ အချို့သောတပ်များသည် သောင်းကျန်းသူအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းသွားကြာရာ ယင်းတို့၏အင်အားမှာ နိုင်ငံတော်အစိုးရ၏ ကာကွယ်ရေးအင်အားစုများနှင့် တူမျှသည့်အဆင့်သို့တိုးပွားရောက်ရှိခဲ့ကြသည်။ ယင်းအခြေအနေတွင် တပ်မတော်(ကြည်း)တပ်ဖွဲ့များက ရောင်စုံသူပုန်များကို နှိမ်နင်းရန် လေကြောင်း အကူအညီကိုတောင်းခံခဲ့ကြသည်။သို့သော် မြန်မာ့လေတပ်မတော်သည် အောက်စ်ဖို့လေယာဉ်များကို လေယာဉ်မောင်းသင်တန်း၌ အသုံးပြုနေရသဖြင့် လေကြောင်းအကူအညီပေးနိုင်လောက်သည့်အင်အားမရှိပေ။ ထို့ပြင် အမောင်းသင်လေယာဉ်အမျိုးအစားတွင် မပါဝင်သောအော်စတာလေယာဉ်များမှာလည်း တိုက်ပွဲတွင် အသုံးပြုရန်သင့်လျော်သောလေယာဉ်များမဟုတ်သော်လည်း အရေးပေါ်အခြေအနေတွင် တပ်မတော်(လေ)သည် စက်သေနတ်ကိုင်စစ်သည် တစ်ဦး

[၁] သုတေသနဌာန ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)– **တပ်မတော်(လေတပ်)သမိုင်း နောက်ဆက်တွဲ " ပ "**

ကို လေယာဉ်ပေါ်တင်ဆောင်ပြီး လေယာဉ်မှစက်သေနက်ဖြင့် မြေပြင်ပေါ်သို့ ပစ်ခတ်ပေးရသည်။ ဗုံးကြဲရာတွင်လည်း လေယာဉ်ပေါ်မှ သေနတ်ကိုင်စစ်သည် (သို့မဟုတ်) တွဲဖက်လေသူရဲကဗုံးကို လက်ဖြင့်ကိုင်ပြီး လေယာဉ်မှူးအချက်ပြလိုက်သည်နှင့်စနက်တံကိုဖြုတ်၍ လေယာဉ်ပေါ်မှ ပစ်ချပေးခဲ့ရသည်။ ဤသို့အော်စတာလေယာဉ်များမှာ စစ်ဆင်ရေးတွင် ထိရောက်မှုမရှိသဖြင့် နောက်ပိုင်းတွင် အောက်စ်ဖို့လေယာဉ်များကိုပင် လေယာဉ်မောင်းသင်တန်းများ ရပ်ဆိုင်းပြီး အသုံးပြုခဲ့ရသည်။

ယင်းအခြေအနေတွင် မြန်မာနိုင်ငံကာကွယ်ရေးဌာနသည် လေကြောင်းမှ ထိရောက်စွာ ပစ်ကူပေးနိုင်ရေး၊ ရပ်ဆိုင်းထားရသော လေယာဉ်မောင်းသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် စပစ်ဖိုင်းယား တိုက်လေယာဉ်(၃)စင်းကို စကော်ပူနိုင်ငံရှိ ဘုရင့်လေတပ်မတော်မှ ဝယ်ယူခဲ့သည်။ယင်းစပစ်ဖိုင်းယား လေယာဉ်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီးနောက် မြန်မာ့လေတပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးတွင် ထိရောက်စွာ လေကြောင်းပစ်အား အကူအညီပေးနိုင်ခဲ့သည့်အပြင် တစ်ဘက်မှလည်း အောက်စဖို့လေယာဉ်များ၏ ပစ်ခတ်နိုင်မှုစွမ်းအားကို အစွမ်းကုန်အသုံးချခဲ့ရသည်။ အမှတ်(၁)နှင့် အမှတ်(၃) ဗမာ့သေနတ်ကိုင်တပ်ရင်း တပ်ဖွဲ့ဝင်အချို့ တောခိုသွားစဉ်က မြန်မာ့လေတပ်မတော်သည် ၁၉၄၈ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ဝါးနက်ချောင်းဒေသရှိ တောခိုတပ်ရင်းများအား ဝေဟင်မှ တိုက်ခိုက်ဖျက်စီးနိုင်ခဲ့ရာ ရန်ကုန်မြို့တော်ကို ခြိမ်းခြောက်လျက်ရှိသော ရန်သူတို့၏ ထိုးစစ်ကို ရပ်တံ့သွားအောင် မြေပြင်တပ်ဖွဲ့များအားထိရောက်စွာ အကူအညီပေးနိုင်ခဲ့သည်။

၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တပ်မတော်(လေ)မှအော်စတာလေယာဉ်(၂)စင်း၊ စပစ်ဖိုင်းယား တိုက်လေယာဉ်(၁)စင်းတို့သည် ပန်းတနော်ဝန်းကျင်ရှိ ကရင်သောင်းကျန်းသူများအား တိုက်ခိုက်ခဲ့ရာ အော်စတာလေယာဉ်(၅၉၄)မှာ ရန်သူကျည်ဆံထိမှန်၍ ပေါက်ကွဲပျက်စီးခဲ့သည်။[၁] သို့သော် တပ်မတော်(လေ)သည် ပြည်မြို့မှရန်ကုန်မြို့သို့ ချီတက်လာကြသော အမှတ်(၂)နှင့်အမှတ်(၃) ကရင်သေနတ်ကိုင်တပ်ရင်းများအား လမ်းမှဖြတ်၍ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် သောင်းကျန်းသူများ ဖရိုဖရဲပြိုကွဲသွားကြသည်။

၁၉၄၉ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် တပ်မတော်(လေ)မှ လေယာဉ်အချို့သည် ကရင်သောင်းကျန်းသူများ သိမ်းပိုက်ထားသော မေမြို့အနီးစခန်း လေယာဉ်ကွင်းကို ဗမာ့တပ်မတော်(ကြည်း)မှ ထိန်းသိမ်းထားသည်ဟု ယူဆသဖြင့် ဆင်းသက်ခဲ့ရာ လေသူရဲအရာရှိများမှာ သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ စပစ်ဖိုင်းယား လေယာဉ်တစ်စင်းနှင့် အောက်စ်ဖို့ လေယာဉ်တစ်စင်းတို့သည်လည်း သူပုန်တို့လက်သို့ကျရောက်သွားခဲ့သည်။ ဖမ်းဆီးခံရ

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)သုတေသနဌာန တပ်မတော်(လေ)သမိုင်း မျက် ၅၃

သူများတွင်လေတပ်ဦးစီးချုပ် ဗိုလ်မှူးတီကလစ်ပါဝင်နေသဖြင့် ယင်း၏နေရာတွင် ဗိုလ်မှူးအက်စ်ခင်က ဆက်လက်တာ ဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၉ခုနှစ်၊မတ်လ ၃၁ ရက်နေ့တွင်တပ်မတော်(ကြည်း) သည် ဘီးလူးကျွန်းအနီးရှိ သောင်းကျန်းသူများအား တိုက်ခိုက်နှိမ်နင်းရာတွင် တပ်မတော်(လေ)မှ ဒုတိယဗိုလ် အောင်မြတ်[၁] မောင်းနှင်သောအောက်စ်ဖို့လေယာဉ်ကလည်းရာသီဥတုဆိုးဝါးနေသည့်ကြားမှတပ်မတော်(ကြည်း)အားအနီးကပ် ပစ်ကူပေးခဲ့သည်။ယင်းသို့ပစ်ကူပေးစဉ် အောက်စဖို့လေယာဉ်မှာ ရန်သူများ ပစ်ခတ်လိုက်သည့်ကျည်ဆံထိမှန်သဖြင့် ကမ်းစပ်ရေထဲသို့ကိုးဆင်းခဲ့ရသည်။ ဗိုလ်အောင်မြတ်သည် မိမိနှင့်အတူပါလာသောဒုတိယတပ်ကြပ်ကွန်စတန်တင်း အော်လီဗါရီအား လေယာဉ်ရေနစ်နေစဉ်တွင်ပင်ဆယ်ထုတ်ကယ်တင်ခဲ့ရာယင်းစွမ်းဆောင်ချက်ကြောင့် ၁၉၅၀ပြည့်နှစ်တွင် ကာကွယ်ရေးဌာန ကောင်စီအထူးအမိန့် ၁၁/အထူး/၅၀ အရ၊ ဒုတိယဗိုလ်အောင်မြတ်အား သူရစွမ်းရည်ဘွဲ့တံဆိပ် ချီးမြှင့် ခဲ့သည်။[၂]

၁၉၄၉ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် ခေတ္တလေတပ်ဦးစီးချုပ် ဗိုလ်မှူးခင်ဦးဆောင်သောအောက်စ်ဖို့လေယာဉ်သုံးစင်းသည် သာယာဝတီမြို့အနီးရှိ ကွန်မြူနစ်သောင်းကျန်းသူများစခန်းကို လေကြောင်းမှ တိုက်ခိုက်ရန်ထွက်ခွာခဲ့ကြသည်။ထိုအချိန်က အထူးတိုင်းမင်းကြီး တာဝန်ထမ်းဆောင်နေသူ ဗိုလ်မှူးစိန်မှန်သည် မြေပြင်ရှိပစ်မှတ်များကို ညွှန်ပြအကူအညီပေးရန် ဒုတိယလေယာဉ်မှူးထိုင်ခုံတွင် လိုက်ပါခဲ့သည်။မြန်မာ့လေတပ်မတော်မှ လေယာဉ်သုံးစင်းသည် ရန်သူစခန်း များပေါ်သို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ရာ ရန်သူများက အပြင်းအထန်ခုခံကြသည်။မြေပြင်မှပစ်ခတ်သည့်ကျည်ဆံများသည် လေယာဉ်သုံးစင်းစလုံးကို ထိမှန်ခဲ့သော်လည်း လေသူရဲတစ်ဦးတစ်ယောက်မျှ ထိမှန်ခြင်းမရှိခဲ့ပေ။ သို့သော် နောက်ဆုံးအကြိမ် သောင်းကျန်းသူစခန်းများပေါ်သို့ဝင် ရောက်တိုက်ခိုက်စဉ် သောင်းကျန်းသူများ ပစ်ခတ်လိုက်သောကျည်သည် ဗိုလ်မှူးစိန်မှန်အား ထိမှန် ပြီး ဒုတိယလေယာဉ်မှူးထိုင်ခုံ၌ပင် ကျဆုံးခဲ့ရသည်။

၁၉၄၉ခု နှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် ဒုတိယဗိုလ်တင်ကြိုး မောင်းနှင်ပြီး လေယာဉ်တပ်သားသေနတ်သမားနှစ်ဦး လိုက်ပါလာသော လေယာဉ်သည် စာပူးကောင်းဒေသရှိကရင်သောင်းကျန်းသူများကို လေကြောင်းမှသွားရောက်တိုက်ခိုက်ကြသည်။ သောင်းကျန်းသူများ

---

[၁] ဗိုလ်အောင်မြတ်သည် ဂျပန်ခေတ်ဒုတိယပတ်မဂ်လာခုံဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့သူတစ်ဦးဖြစ်ပြီး၊သင်တန်းပြီးဆုံးသော် ဂျပန်ပြည်ကြည်းတပ်မတော် လေယာဉ်မောင်းသင်တန်းကျောင်း (Army Air Force Academy) အမှတ်စဉ်(၅၇)၊ အခြေခံလေယာဉ်မောင်းသင်တန်းသို့ဆက်လက်တက်ရောက်ခဲ့သူဖြစ်သည်။

[၂] **(၄၈)နှစ်မြောက် တပ်မတော်(လေ)၊ နှစ်လည်မဂ္ဂဇင်း၊၊ အမှတ် ၃** မျက် ၅၇-၅၈

က လေယာဉ်ကို အပြင်းအထန် ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ လေယာဉ်ကိုကျည်ထိမှန်ပြီး ထိုးကျပျက်စီးသွားရာ လေယာဉ်တွင် ပါဝင်သော လေသူရဲအားလုံးကျဆုံးသွားကြသည်။

**တပ်မတော်(လေ)စစ်ဆင်ရေးများ**

တပ်မတော်(လေ)သည် မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူတို့အား ဗမာ့တပ်မတော်(ကြည်း)က **နဂါးနိုင်** စစ်ဆင်ရေး (၁၉၅၃)၊ **ဘုရင့်နောင်** စစ်ဆင်ရေး (၁၉၅၃) **ရန်ကြီးအောင်** စစ်ဆင်ရေး (၁၉၅၅) တို့ဖြင့် ထိုးစစ်ဆင်ချေမှုန်းရာတွင် လေကြောင်းကင်းထောက်ခြင်း၊ မြေပြင် ပစ်မှတ်များကို ရှာဖွေညွှန်ပြခြင်း၊ ရန်သူ၏စခန်းများကို ဝေဟင်မှပစ်ခတ်တိုက်ခိုက်ခြင်း၊ ရှေ့တန်းရောက်တပ်ဖွဲ့များအား ရိက္ခာချပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များပို့ပေးခြင်း၊ လူနာသယ်ဆောင်ခြင်း၊ အဓိကပုဂ္ဂိုလ်များကို ပို့ဆောင်ပေးခြင်း စသည့်တာဝန်များကို စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၁၉၅၃ခုနှစ်၊ စက်တင်ဘာလအတွင်း ရှမ်းပြည်တောင်ပိုင်း နမ့်ဆန်မြို့တွင် လေတပ်ဆွယ်တစ်ခုဖွင့်၍ တရုတ်ဖြူစခန်းများကို ဗမာ့တပ်မတော်(ကြည်း)မပါဝင်ဘဲသီးခြားလေတပ်စစ်ဆင်ရေးတစ်ရပ်ကိုလည်း အောင်မြင်စွာဆင်နွှဲခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင် တပ်မတော်(ကြည်း)သည် ကျူးကျော်လာသူ တရုတ်ဖြူတို့အား အပြီးအပိုင်ချေမှုန်းရန် "မဲခေါင်" စစ်ဆင်ရေး ဟူသောအမည်ဖြင့် စစ်ဆင်ရေးကြီးတစ်ရပ်ကို ဆင်နွှဲခဲ့ပြန်သည်။ ယင်းစစ်ဆင်ရေးအတွင်း ဗမာ့တပ်မတော်(လေ)သည် ရန်သူစခန်းများအား ပစ်ခတ်ခြင်း၊ ဗုံးကြဲခြင်းများကိုသာမက တရုတ်ဖြူတို့၏ လေယာဉ်တစ်စင်းကိုပင် တိုက်ခိုက်ဖျက်စီးနိုင်ခဲ့သည်။ ယင်းလေကြောင်းတိုက်ပွဲတွင် တပ်မတော်(လေ)မှ ဗိုလ်ပီတာကျဆုံးသွားခဲ့သည်။

ထို့ပြင် တပ်မတော်(လေ)ပါဝင်ဆင်နွှဲခဲ့သော အခြားထင်ရှားသည့် စစ်ဆင်ရေးကြီးတစ်ရပ်မှာ " ဘဘ" စစ်ဆင်ရေး ဖြစ်သည်။ " ဘဘ" စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်အတွင်း ပြတ်သားစွာ ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ နယ်နိမိတ်အရေးအခင်းကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရန်ဖြစ်သည်။၁၉၆၀ပြည့်နှစ်တွင် " ဘဘ" စစ်ဆင်ရေးဟူသောအမည်ဖြင့် ထိုနယ်စပ်ပြဿနာကိုဆောင်ရွက်ခဲ့ရာ ဗမာ့တပ်မတော်(လေ)သည် စစ်ဆင်ရေးအတွင်း လေကြောင်းမှ ရိက္ခာပို့ဆောင်ခြင်း၊ မြေတိုင်းအဖွဲ့သားများ၏ လိုအပ်ချက်များကို အစွမ်းကုန်ကူညီဖြည့်စွက် ပေးခြင်း စသည်များကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဗမာ့တပ်မတော်(လေ)မှ ဗိုလ်မှူးသူရအောင်မြတ်သည် တရုတ်–မြန်မာနယ်နိမိတ်သတ်မှတ်နိုင်ရေးအတွက် လိုအပ်သောလူ၊ ပစ္စည်း၊ဆေးဝါး၊ ရိက္ခာ တို့ကို

တောင်ထိပ်၊ တောင်ကြားများ တစ်လျှောက် ရဟတ်ယာဉ်ဖြင့် ရာသီဥတုမရွေး စိတ်အားထက်သန်စွာ စွမ်းစွမ်းတမံ သယ်ယူပို့ဆောင်ပေးခဲ့သည်။ယင်းသို့ တရုတ်-မြန်မာ နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းတွင်စိတ်အားထက်သန်စွာဖြင့်အခက်အခဲအကြပ်အတည်းများကြားမှပေးအပ်သောတာဝန်ကိုထူးထူးချွန်ချွန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သဖြင့်၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာလတွင်ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့် (၁၂/အထူး/၆၀)အရ၊ နိုင်ငံတော်က ဗိုလ်မှူးသူရအောင်မြတ်အားသီဟသူရ စွမ်းရည်ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခဲ့သည်။

## အခန်း(၁၁)
## တရုတ်–မြန်မာနယ်နိမိတ် တိုင်းတာသတ်မှတ်ခြင်း(ဘာဘစစ်ဆင်ရေး)

၁၉၄၈ခုနှစ်၊ လွတ်လပ်ရေးရသည့်အချိန်တွင် မြန်မာနိုင်ငံအစိုးရသည် ယခင် ဗြိတိသျှတို့ အုပ်ချုပ်ခဲ့သည့် နယ်မြေများကိုပင်ဆက်ခံကာ အချုပ်အခြာအာဏာ စိုက်ထူခဲ့ရသည်။ မြန်မာနိုင်ငံသည်တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး ရှေးမြန်မာမင်းတို့ လက်ထက်ကတည်းက နှစ်ပြည်ထောင်ရှေးရိုးစဉ်လာနယ်နိမိတ် သတ်မှတ်ချက်ရှိခဲ့သော်လည်း ၁၉ရာစု နှောင်းပိုင်းကာလတွင် ယူနန်နယ်အတွင်းသို့စီးပွားရေး နယ်ပယ်ချဲ့ထွင်လိုသည့် ဗြိတိသျှတို့၏ ပယောဂကြောင့် နယ်နိမိတ်မျဉ်းကြောင်းများနှင့် ပတ်သက်၍ တရုတ်နှင့်ဗြိတိသျှတို့အကြား မကြာခဏအငြင်းပွားမှု များ ပေါ်ပေါက် ခဲ့သည်။

သီပေါမင်းပါတော်မူပြီးနောက် နယ်ခြားပြဿနာ နှင့် စပ်လျဉ်း၍ ဗြိတိသျှအစိုးရနှင့် တရုတ်တို့ ဦးစွာချုပ်ဆိုသည့်စာချုပ်မှာ ၁၈၈၆ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ချုပ်ဆိုသော ၁၈၈၆ ခုနှစ် သဘောတူစာချုပ်ဖြစ်သည်။[၁] ထိုစာချုပ်အပိုဒ် (၃)တွင်–

> " --------တရုတ်–မြန်မာနယ်ခြားနှင့်ပတ်သက်၍ နယ်နိမိတ်သတ်မှတ်ရေး ကော်မရှင်က သတ်မှတ်ပေးရန်နှင့် နယ်ခြားကုန်သွယ်မှုကိုလည်း နှစ်ဘက်သဘောတူ ညှိနှိုင်း ဆောင်ရွက်ရန်။ "

ဟူ၍ ဖော်ပြပါရှိသည်။

ယင်းသဘောတူညီချက်အရ ၁၈၉၂ခုနှစ်၊ စက်တင်ဘာလတွင် တရုတ်–မြန်မာနယ်ခြား ညှိနှိုင်းသတ်မှတ်ရေးအတွက် ကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ၁၈၉၄ခုနှစ်၊ မတ်လတွင် နယ်နိမိတ်သတ်မှတ်ရေးစာချုပ်[၂] တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ၁၈၉၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် မူလ၁၈၉၄ ခုနှစ်၊ စာချုပ်ကိုပြင်ဆင်ဖြည့်စွက်သည့် စာချုပ်သစ်[၃] တစ်ရပ်ကို ထပ်မံချုပ်ဆိုပြန်သည်။ အဆိုပါအသစ်ပြင်ဆင် ချုပ်ဆိုခဲ့သည့် စာချုပ်အရ လတ္တီတွဒ်၂၅ဒီဂရီ၊ ၃၅မိနစ်မှ တောင်ဘက်တစ်လျှောက် နယ်နိမိတ်ကို

---

၁ The Convention of 1886

၂ The Convention of 1894

၃ Anglo-Chinese Modifying 1894 Convention 1897

သတ်မှတ် ရေးဆွဲရာ၌ ဆမား[၁] ကို မြန်မာပိုင်နက်တွင်ထည့်သွင်းရန်၊ မိုင်းမောတြိဂံဒေသကို[၂] ဗြိတိသျှအစိုးရက တရုတ်တို့ထံမှ ထာဝစဉ်ငှားရမ်းရယူရန်၊ရွှေလီနှင့် မဲခေါင်မြစ်အကြား နယ်နိမိတ် ရေးဆွဲရာ၌ ကိုးကန့်နယ်[၃]ကို မြန်မာပိုင်နက်တွင်ထည့်သွင်းရန် စသည်တို့ကိုပြင်ဆင်ဖြည့်စွက်ခဲ့ သည်။ လတ္တီတွဒ်၂၅ဒီဂရီ၃၅မိနစ်၏ မြောက်ဘက်နယ်နိမိတ် သတ်မှတ်ရေးကိုမူ ၁၈၉၄ခုနှစ် စာချုပ်ပါ အတိုင်းအတိအကျ မြေပုံများရေးဆွဲနိုင်သည့်အချိန်တွင် နှစ်နိုင်ငံဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန် ဖြစ်သည်။ ယင်းသို့ပြင်ဆင် ဖြည့်စွက်ခဲ့သည့်အတိုင်း နှစ်နိုင်ငံပူးတွဲ ကော်မရှင် သည် စာချုပ် လက်မှတ်ရေးထိုးသည့်အချိန်မှ ၁၂လအတွင်း ညှိနှိုင်းမှုများ ပြုလုပ်ကာ နယ်နိမိတ် သတ်မှတ်ရေးကို သုံးနှစ်အတွင်း အပြီးအစီး ဆောင်ရွက်ရန် သတ်မှတ်ခဲ့ကြသည်။[၄]

ပူးတွဲကော်မရှင်သည် ၁၈၉၇ခုနှစ်ကုန်ပိုင်းခန့်မှစ၍ ၁၉၀၀ပြည့် နှစ်လယ်ခန့်ထိ နယ်ခြားဒေသတစ်လျှောက် ခရီးလှည့်လည်ပြီး နယ်နိမိတ်သတ်မှတ်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အခက်အခဲပေါင်းများစွာနှင့်ရင်ဆိုင်ရသော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း "ဝ"နယ်၊ နယ်နိမိတ်သတ်မှတ်ရေး၊ မိုင်းမောတြိဂံနယ်မြေသတ်မှတ်ရေး၊ တရုတ်– မြန်မာနယ်စပ်၊ မေခနှင့်သံလွင်မြစ်ဖျားရေဝေကြောနှင့် တိဘက်–မြန်မာ နယ်နိမိတ်ခြင်း ဆက်စပ် လျက်ရှိသည့် မြင့်မားသော တောင်တန်းကြီးတစ်လျှောက်မိုင်(၁၅၀)ခန့်တို့မှအပ ကျန်နေရာများ တွင် နယ်ခြားသတ်မှတ်ရေးတို့ကို လုပ်ဆောင်နိုင်ခဲ့ကြသည်။

"ဝ"နယ်သည် တရုတ်အစိုးရအာဏာစက်နှင့် မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရ အာဏာစက်တို့ကိုခံယူခြင်းမရှိဘဲအမြဲတန်းလိုလိုထကြွဆန့်ကျင်လျက်ရှိရာထိုဒေသ၏ နယ်နိမိတ် သတ်မှတ်ရေးမှာ လိပ်ခဲတင်းလင်း ဖြစ်နေခဲ့ရသည်။ ထို့ကြောင့် ဗြိတိသျှကိုယ်စားလှယ် ဆာဂျော့စကော့သည် ၁၉၀၀ပြည့်နှစ်တွင် ဗြိတိသျှတို့၏အကျိုးစီးပွားကို အခြေခံကာဝနယ်နိမိတ် ကြောင်းကို တစ်ဘက်သတ်ရေးဆွဲခဲ့သည်။[၅] တရုတ်တို့က ဝ နယ်တွင်းရှိ ပန်ဟုန်[၆] နှင့် ပန်လောင်[၇] လူမျိုးစုများ နေထိုင်ရာနယ်မြေကို ဗြိတိသျှပိုင်နယ်ထဲသို့ ထည့်သွင်းထားခဲ့သဖြင့် သဘောမတူ ကန့်ကွက် ခဲ့ကြသည်။

---

၁ Sima

၂ Namwan Assigned Tract (ဗြိတိသျှအစိုးရကတစ်နှစ်လျှင်ရူပီး၁၀၀၀ဖြင့်ထာဝစဉ်ငှားရမ်းခွင့်ရရှိခဲ့သည်)

၃ Kokang

၄ Report of the British Commissioner on the work of the Sino-British Boundary commission,1935-36 PP .1-3

၅ Dorothy Woodman- The Making of Burma pp.461-464

၆ Panghung

၇ Panglao

၁၉၃၄ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးက ဗိုလ်မှူးကြီး အီစလင်း[၁] ဦးဆောင်သော ကော်မရှင်တစ်ရပ်ဖွဲ့ပြီး "ဝ" နယ်နိမိတ်ပြဿနာကို ဖြေရှင်းစေခဲ့သည်။ ထိုကော်မရှင်သည် ၁၉၃၇ခုနှစ်တွင် "ဝ" နယ်နှင့်ပတ်သက်သော အစီရင်ခံစာတစ်ရပ်ရေးဆွဲကာ တရုတ်-မြန်မာ ယူနန်နယ်စပ် နယ်နိမိတ်ကို ဟိုပန်မှတောင်ဘက်သို့ မိုင်(၁၅၀) ခန့်ထိ ရေးဆွဲအဆိုပြုခဲ့သည်။ ထိုအချိန်က တရုတ်ပြည်တွင် ဂျပန်တို့၏ ကျူးကျော်မှုကို တွန်းလှန်တိုက်ခိုက်နေရပြီး အခြေအနေအရပ်ရပ် မတည်မငြိမ် ဖြစ်နေခဲ့သဖြင့် အီစလင်းအစီရင်ခံစာပါ အဆိုပြုချက်များမှာ အတည်မဖြစ်ခဲ့ချေ။

ဤသို့ဖြင့် တရုတ်-မြန်မာ နယ်စပ်ကိစ္စမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့် ၁၉၄၈ခုနှစ်အထိ မပြီးပြတ်ဘဲရှိနေခဲ့ရာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အချိန်တွင် တရုတ်-မြန်မာ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ရည်သန်၍ နယ်နိမိတ်သတ်မှတ်ရေးကိစ္စကို အပြီးသတ်ဆောင်ရွက်ရန် နှစ်နိုင်ငံက အာရုံထားလာခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၉-၅၁ ခုနှစ်များအတွင်း ပြည်တွင်းသောင်းကျန်းမှုများနှင့် ရင်ဆိုင်နေရသဖြင့် နယ်စပ်ပြဿနာကို လက်တွေ့ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိချေ။ ၁၉၅၁ခုနှစ်တွင် တရုပ်နီတပ်များသည် ယူနန်နယ်အတွင်း ခိုအောင်းလျက်ရှိသော ကူမင်တန်တပ်များကို လိုက်လံတိုက်ခိုက် ချေမှုန်းရင်း "ဝ" နယ်အတွင်းသို့ပင် ကျူးကျော်ဝင်ရောက်တပ်စွဲခဲ့ကြသည်။ ထို့ပြင် ယင်းနှစ်များတွင် တရုတ်တို့ရေးဆွဲသည့် မြေပုံပေါ်၌ မြစ်ကြီးနား မြောက်ဘက်မိုင်(၅၀)ခန့်မှစ၍ မြန်မာနိုင်ငံမြောက်ဘက် တစ်ပိုင်းလုံးကို မိမိတို့ပိုင်နက်ဟူ၍ သတ်မှတ်ဖော်ပြခဲ့ကြသည်။[၂]

ထို့ကြောင့် ဗြိတိသျှလက်ထက်ကတည်းက မပြတ်မသားရှိခဲ့သည့် တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာမှာ အချိန်မီ မဖြေရှင်းနိုင်ပါက လွတ်လပ်သောမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုပင် တိုက်ရိုက်ထိပါးလာတော့မည့် ပြဿနာဖြစ်ရာ အခြေအနေပေးသည်နှင့် ဆောလျင်စွာဖြေရှင်းရန်လိုအပ်လာခဲ့သည်။

မြန်မာနိုင်ငံအစိုးရသည် ထိုအရေးနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံ အချင်းချင်း မိတ်ဝတ်မပျက်စေလိုသည် တစ်ကြောင်း၊ ထိုအချိန်က မြန်မာနိုင်ငံအစိုးရကို ပုန်ကန်တိုက်ခိုက်လျက်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် တရုတ်ကွန်မြူနစ်ပါတီ၏ထောက်ခံအားပေး

---

၁ Colonel Iselim

၂ ရန်ကုန်မြို့ရှိ တရုတ်နီသံရုံး သတင်းသင်ပုန်းတွင် ယင်းမြေပုံကိုကပ်ထားသဖြင့် ဝန်ကြီးချုပ်ဦးနုသည် ပီကင်းမြို့ရှိ မြန်မာသံအမတ်ကြီးမှတစ်ဆင့် မေးမြန်း ကန့်ကွက်ခဲ့ရသည်။ အချိန်အနည်းအငယ်အတွင်း တရုတ်တို့က ထိုမြေပုံကို ရုပ်သိမ်းသွားခဲ့ပါသည်။

မှုကို ရရှိနေသဖြင့် မြန်မာနိုင်ငံနှင့် တရုတ်တို့ချစ်ကြည်ရေးပျက်ပြားသွားပါက အကျပ်အတည်းများ ပိုမိုကြုံတွေ့ရမည်ဖြစ်သည် တစ်ကြောင်းတို့ကြောင့် နူးညံ့သိမ်မွေ့စွာ ဖြေရှင်းနိုင်ရန် ၁၉၅၄ခုနှစ် လယ် ခန့်မှစ၍ ဆောင်ရွက်ခဲ့သည်။

၁၉၅၄ခုနှစ်၊ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှပြန်လာသော ဝန်ကြီးချုပ် ချူအင်လိုင်းသည် ဝန်ကြီးချုပ်ဦးနု၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့နှစ်ရက်ခန့် ဝင်ရောက် ရပ်နားခဲ့သည်။ ထိုသို့ရပ်နားနေစဉ်အတွင်းဝန်ကြီးချုပ်နှစ်ဦးသည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးပြီး "အတူတကွပူးတွဲနေထိုင်ရေးမူကြီးငါးချက်"ကို ၁၉၅၄ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့တွင် ပူးတွဲကြေညာခဲ့သည်။[၁]

၁၉၅၄ခုနှစ်ကုန်ဆုံးခါနီးတွင် ဝန်ကြီးချုပ်ဦးနုသည် တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း၏ ဖိတ်ကြားချက်အရ ပီကင်းမြို့သို့ ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့ သည်။ ဝန်ကြီးချုပ်ဦးနုသည် တရုတ်ခေါင်းဆောင်ကြီးများဖြစ်ကြသော မော်စီတုံး၊ ချူတေး၊ လျူရှောက်ချီ၊ ချူအင်လိုင်း အစရှိသည်တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များကို ချစ်ကြည်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးသဘောတူညီခဲ့သည်။

ထိုဆွေးနွေးချက်များအရ ၁၉၅၄ခုနှစ်၊ ဒီဇင်ဘာလ(၁၂) ရက်နေ့တွင်ရန်ကုန်မြို့ နှင့်ပီကင်းမြို့များ၌ တစ်ပြိုင်တည်းပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ယင်းကြေညာချက် တွင်နှစ်နိုင်ငံသဘောတူထားပြီးဖြစ်သော မူကြီးငါးချက်ကိုအမြဲရှင်သန်နေစေရန် အလေးအနက် ထားရေး၊ကောင်စစ်ဝန်ချုပ်များ အပြန်အလှန်ထားရှိရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုရေးရာအကျိုးတူ ကိစ္စများဆောင်ရွက်ဖလှယ်ရေး၊ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးရေးနှင့် နယ်နိမိတ် ပြဿနာနှင့်ပတ်သက်ပြီး နှစ်နိုင်ငံ ချစ်ကြည်မှုကိုအရင်းခံကာ သံတမန်နည်းလမ်းများဖြင့် ဖြေရှင်း ရေးတို့ပါဝင်သည်။[၂]

ဤသို့ တရုတ်-မြန်မာ နှစ်နိုင်ငံမှ ခေါင်းဆောင်များသည် အိမ်နီးချင်းကောင်း ပီသစွာ ချစ်ကြည်ရင်းနှီးမှုကို အရင်းခံပြီး နယ်နိမိတ်ပြဿနာကို ညှိနှိုင်းပြောဆိုနေစဉ်အတွင်း တစ်ဘက်မှလည်း ထိုအရပ်ဒေသများနှင့် ပတ်သက်၍အခြေအနေအရပ်ရပ်ကို စေ့ငုစုံလင်စွာ သိရှိ နိုင်ရန် အားထုတ်ဆောင်ရွက်ခဲ့ကြသည်။ တရုတ်-မြန်မာနယ်စပ်ရှိ အချို့သောဒေသများမှာ ဝေးလံ သီခေါင်ပြီး ခရီးလမ်းပန်းကြမ်းတမ်းသည့်အပြင် ဆီးနှင်းများ တစ်နှစ်ပတ်လုံး ဖုံးအုပ်လျက်ရှိရာ လူသူ အရောက်အပေါက် မရှိသလောက်ပင်ဖြစ်ခဲ့သည်။

---

[၁] Documents on International Affairs ( 1954) pp.314-315

[၂] Documents on International Affairs ( 1954) pp.333-335

၁၉၅၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် တရုတ်-မြန်မာနယ်ခြားသို့သွားရောက် လေ့လာစုံစမ်းရန် "နယ်စပ်ဒေသတိုးတက်မှု စုံစမ်းရေး ကော်မရှင်" တစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ နယ်ခြားဒေသ အုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်မှူးကြီး စောမြင့်သည် ယင်းကော်မရှင်ကို ဦးဆောင်ပြီး ပူတာအိုမြောက်ဘက် အိန္ဒိယ–မြန်မာ–တရုတ် နယ်ခြားမှစ၍ ကျိုင်းတုံနယ်၊ မဲခေါင်မြစ်၊ နယ်ခြားအထိသွားရောက်ကာ နယ်နိမိတ်ပိုင်းခြားရေး ဆိုင်ရာ အထောက်အထားများကို တတ်နိုင်သ၍ စုံစမ်းစုဆောင်းရန်ဖြစ်သည်။ ထို့ပြင် ထိုကော်မရှင်သည် နယ်စပ်ဒေသရှိတိုင်းရင်းသားများ၏ ဘဝအခြေအနေများကို စုံစမ်းလေ့လာပြီး ပြည်ထောင်စု စည်းလုံးရေးအတွက် မည်သို့ဆောင်ရွက်သင့်သည်များကိုပါ အကြံပြုအစီရင်ခံရန် ဖြစ်သည်။ အထူးလျှို့ဝှက်တာဝန်မှာ "ဝ" နယ်အတွင်း တရုတ်နီတပ်များ ဝင်ရောက်နေခြင်းနှင့် ဗကပတို့ တရုတ်ပြည်သို့ သင်တန်းတက်ရန်သွားခြင်းဆိုသည်များ မည်မျှမှန်ကန်ကြောင်းစုံစမ်း စနည်းနာရန် ဖြစ်သည်။[၁]

ကော်မရှင်သည် ကွင်းဆင်းအဖွဲ့ကို ဖွဲ့စည်းရာတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်နေသည့်တပ်မတော်သားများအပြင် လူဝင်မှုကြီးကြပ်ရေးဌာန၊ အမျိုးသား မှတ်ပုံတင်ဌာန၊ သတင်းထောက်လှမ်းရေးအထူးရဲ၊ တိုရိစ္ဆာန်ဆေးကုဌာန၊ ကျန်းမာရေးဌာန၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဌာန၊ ကယ်ဆယ်ရေးဌာန၊ ပြန်ကြားရေးဌာန စသည့်ဌာနအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည်။ အဖွဲ့ဝင်ဦးရေမှာ အရာရှိ၂ဝနှင့် အခြားအဆင့် ၆၂ ဦးဖြစ်သည်။[၂] ထိုအဖွဲ့သည် နယ်စပ်ဒေသအခြေအနေများကို စုံစမ်းလေ့လာသည့်နည်းတူ ယခင် လူသူအရောက်အပေါက်နည်းပါးခဲ့သော အရပ်ဒေသများသို့ စစ်တံခွန်လွင့်သည့် တာဝန်ကိုပါ ထမ်းဆောင်ရသည်။ ခေါ်ဝေါ်ရန်အမည်နှင့်စပ်လျဉ်း၍ စစ်ဘက်ထုံးစံ အမည်အဖြစ် "ယိမ်းနွဲ့ပါး" အဖွဲ့ဟုခေါ်ဝေါ်သတ်မှတ်ခဲ့သည်။

"ယိမ်းနွဲ့ပါး"အဖွဲ့သည် ၁၉၅၄–၅၅ ခုနှစ်အတွင်း ဖီမော်၊ လောခေါင် နယ်များကို လည်းကောင်း ၊ ၁၉၅၅–၅၆ ခုနှစ်အတွင်း ပူတာအိုနယ်၊ တရုံမြစ်ဝှမ်းနှင့် အင်မိုင်ခ[၃] မြစ်ဖျားများ ဆုံးဒေသများသို့လည်းကောင်း သွားရောက်ခဲ့သည်။ ယင်းအဖွဲ့သည် "ဝ"နယ်နှင့်ကျိုင်းတုံနယ်စပ်

---

[၁] **တရုတ်–မြန်မာ နယ်ခြားပြဿနာများ၊ အတွဲ(၁)** မျက်–က

[၂] ၁၉၅၅–၅၆ ခုနှစ်တွင် သွားလာရသည့် ခရီးလမ်းပန်းကြမ်းတမ်းမှုကြောင့် ဒုတိယအကြိမ်၌ အရပ်ဘက် အရာရှိ၊ အရာထမ်းအချို့ကို တပ်မတော်သားများနှင့်အစားထိုးခဲ့ရသည်။ ၁၉၅၆ခုနှစ် ဖေဖေါ်ဝါရီလ နောက်ဆုံးခရီးတွင် အဖွဲ့ဝင်များ မှာ တပ်မတော်သားများချည်းသာဖြစ်ပြီး အရာရှိ (၁၀) နှင့်အခြားအဆင့် (၅၉)ဦးတို့တာဝန်ထမ်း ဆောင်ခဲ့ကြပါသည်။

[၃] မေခမြစ်

တစ်လျှောက်သို့ သွားရောက်ရန်ဖြစ်သော်လည်း "ဝ" နယ်သို့တပ်မတော်မှ အခြားအဖွဲ့များရောက်ရှိကာ အစီရင်ခံစာတင်သွင်းပြီးဖြစ်ခြင်း၊ ကျိုင်းတုံနယ်စပ်တွင် တရုတ်ဖြူများရှိနေသေးခြင်းတို့ကြောင့်မသွားဖြစ်တော့ချေ။[၁]

ဤသို့မြန်မာနိုင်ငံအစိုးရသည် တရုတ်တို့နှင့်နယ်နိမိတ်ပြဿနာများ ဖြေရှင်းရန်တစ်ဖက်မှ သက်ဆိုင်ရာဒေသလေ့လာမှုများကို ပြုလုပ်နေစဉ်တွင်ပင် အခြားတစ်ဖက်မှလည်း သံတမန်နည်းဖြင့် နှစ်နိုင်ငံအပြန်အလှန်ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိသည်။ ဖဆပလဥက္ကဋ္ဌဦးနုခေါင်းဆောင်သည့်မစ်ရှင်အဖွဲ့သည် ပီကင်းမြို့သို့၁၉၅၆ခုနှစ်၊အောက်တိုဘာ ၂၄ ရက်နေ့မှ နိုဝင်ဘာလ ၇ ရက်နေ့အထိ သွားရောက်ခဲ့ပြီး တရုတ်–မြန်မာ နယ်နိမိတ်ပြဿနာများကိုဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးချက်များအရ ၊ ၁၉၅၆ခုနှစ်၊ နိုဝင်ဘာလကုန်မှအစပြု၍ ထိုနှစ်မကုန်မီအတွင်း ၁၉၄၁ခုနှစ်၊ မျဉ်းကြောင်း[၂]၏အနောက်ဘက် "ဝ" နယ်များအတွင်း ရောက်ရှိနေသော တရုတ်တပ်များကို ရုပ်သိမ်းပေးရန်၊ ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်တို့တွင်ရှိနေသော မြန်မာတပ်များကို ရုပ်သိမ်းပေးရန်အပြင် နယ်နိမိတ်ပြဿနာနှင့် ပတ်သက်၍ အခြေခံမူတစ်ရပ်ကို ဦးနုနှင့် ချူအင်လိုင်းတို့ သဘောတူနားလည်မှုရခဲ့ကြသည်။[၃]

ဆက်လက်၍ တရုတ်နိုင်ငံအစိုးရနှင့်မြန်မာနိုင်ငံအစိုးရတို့သည် ၁၉၅၇ ခုနှစ်မှ ၅၉ခုနှစ်အတွင်း နယ်နိမိတ်ပြဿနာကို အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်သွားရောက်တွေ့ဆုံဆွေးနွေးကြသည်။

၁၉၅၈ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ အာဏာရယူခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် တရုတ်နှင့်မြန်မာတို့အကြား လိပ်ခဲတင်းလင်း ဖြစ်နေသော နယ်စပ်ပြဿနာကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ပြီး ၁၉၅၉ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် တရုတ်နိုင်ငံအစိုးရထံ အဆိုပြုကမ်းလှမ်းခဲ့သည်။[၄]

---

၁ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ အတွင်းတပ်မဟာ(၆)သည်ဝနယ် အတွင်းစစ်တခွန်လှင့်ခဲ့ပါသည်။

၂ ဝ နယ်နှင့်ပတ်သက်၍ ဗြိတိသျှသံအမတ်ကြီး အာချီဘောကလပ်ကားနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဝမ်ချွန်ဟူးတို့ ၁၉၄၁ခုနှစ်၊ဇွန်လအတွင်း အပြန်အလှန်ပေးသော စာချွန်တော်များအရ ရေးဆွဲထားသော မျဉ်းကြောင်း။

၃ ဝန်ကြီးချုပ်ဦးနု၏အသံလွှင့်မိန့်ခွန်း၊ **ရန်ကုန်သတင်းစာ(၁၁–၁၁–၁၉၅၆)**

၄ Dorothy Woodman- **The Making of Burma** p.535

ယင်းအဆိုပြုချက်မှာ–

(က) အီရူရာဇီတောင်ကြားမှအိန္ဒိယနယ်စပ်ထိဖြစ်သော တရုတ်–မြန်မာနယ်စပ်ကို တရုံမြစ်ဝှမ်းမှအပ ရေဝေကြောတစ်လျှောက် သတ်မှတ်ရေးမူကို ချွင်းချက် မရှိလက်ခံရေး။

(ခ) ဦးဗဆွေအဆိုပြုထားခဲ့သည့် ဖိမော်၊ ဂေါ်လန်၊ ကန်ဖန် ဒေသကိုတရုတ်တို့အားပေးအပ်ရန်နှင့် ထိုဒေသအစား ပြန်လည်ရရှိမည့်ဒေသကို ထည့်သွင်းပြီး နယ်နိမိတ်ပိုင်းခြားသည်မှတစ်ပါး အီရူရာဇီမှ တောင်ထိပ်ချွန်းအထိ မျဉ်းကို သံလွင်နှင့်အင်မိုင်ခ ရေဝေကြောတစ်လျှောက် ရေးဆွဲရေး။

(ဂ) ၁၉၄၁ခုနှစ်နယ်နိမိတ်မျဉ်း၏ အနောက်ဘက်ရှိ ပန်ဟုန်နှင့်ပန်လောင်လူမျိုးစုများ နေထိုင်ရာဒေသကို မိုင်းမောတြိဂံဒေသနှင့် လဲလှယ်ရေးအတွက် မူအားဖြင့်သဘောတူရန်နှင့် ပန်ဟုန်–ပန်လောင် ဒေသများကို တရုတ်တို့အားလွှဲအပ်ပေးခြင်းကြောင့် ပြုပြင်ရေးဆွဲရမည့်နယ်နိမိတ်မျဉ်းမှ တစ်ပါး နှစ်ဘက်စလုံးမှ ၁၉၄၁ခုနှစ်မျဉ်းကိုလက်ခံရေး။

(ဃ) ၁၉၄၁ခုနှစ်၊ စာချွန်တော်လဲလှယ်ခဲ့ရာ၌ သဘောတူညီခဲ့သည့်တရုတ်တို့၏ ကူဖန်ဒေသသတ္တုတွင်း တူးဖော်ခွင့်ကိုစွန့်လွှတ်ရေး

တို့ဖြစ်သည်။

ယင်းအဆိုပြုကမ်းလှမ်းချက်များနှင့် စပ်လျဉ်း၍ တရုတ်အစိုးရက တိကျသော အဖြေမပေးခဲ့ချေ။ ထို့ကြောင့်ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့၌ ဝန်ကြီးချုပ် ချူအင်လိုင်းထံသို့ သဝဏ်လွှာပေးပို့ရာတွင် ယခုကမ်းလှမ်းချက်များသည် နှစ်နိုင်ငံချစ်ကြည်မှုကို အရင်းခံပြီး မြန်မာနိုင်ငံအစိုးရက အစွမ်းကုန်လိုက်လျောထားချက်များ ဖြစ်သည့်အပြင် မိမိအနေဖြင့်လည်း အလွန်ညီညွတ်မျှတသည်ဟု ယူဆကြောင်း၊ နယ်စပ်ကိစ္စကို နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ များဖြင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးနေပါက ဖင့်နွှဲကြန့်ကြာနေဦးမည်ဖြစ်ရာ မိမိကိုယ်တိုင် ပီကင်းမြို့သို့ လာရောက်ရှင်းပြလိုကြောင်း စသည့်အချက်များပါဝင်သည်။

ဤသို့ဖြင့် ဝန်ကြီးချုပ်ချူအင်လိုင်းသည် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအား ပီကင်းမြို့သို့ လာရောက်ရန် ဖိတ်ကြားခဲ့သည်။ ၁၉၆၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံခြားရေးဝန်ကြီး ဦးချန်ထွန်းအောင်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး၊ နိုင်ငံတော်ရှေ့နေချုပ် ဦးဘစိန်၊ နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်မှူးကြီးဇောမြင့် အစရှိသည့်ပုဂ္ဂိုလ်များနှင့်အတူ ပီကင်းမြို့သို့ သွားရောက်ခဲ့သည်။

ဤသို့သွားရောက်ခဲ့သည့်ရလာဒ်မှာ၁၉၆၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းတို့ချုပ်ဆိုခဲ့သည့် တရုတ်–မြန်မာ နယ်နိမိတ်သတ်မှတ်မှုသဘောတူစာချုပ်၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မကျူးကျော်ရေး သဘောတူစာချုပ်များဖြစ်လေသည်။[၁] တရုတ်–မြန်မာနယ်နိမိတ်သတ်မှတ်မှု သဘောတူစာချုပ်အရ၊ နှစ်နိုင်ငံမှ ကိုယ်စားလှယ်ဦးရေအညီအမျှပါဝင်သော ပူးတွဲကော်မတီတစ်ရပ်ကို ချက်ချင်းဖွဲ့စည်း၍ နယ်နိမိတ်ပြဿနာ အရပ်ရပ်ကို နီးနှောဆွေးနွေးဖြေရှင်းရန် အတွက်လည်းကောင်း၊ထိုနယ်နိမိတ်ကိုတိုင်းထွာပြီးနယ်ခြားမှတ်တိုင်များစိုက်ထူရန်အတွက် လည်းကောင်း၊ တရုတ် – မြန်မာ နယ်နိမိတ် စာချုပ် တစ်ရပ် ရေးဆွဲရန် အတွက်လည်းကောင်း တာဝန် ပေးအပ်ရန် သဘောတူညီခဲ့ကြသည်။[၂]

၁၉၆၀ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် တရုတ်–မြန်မာ နယ်နိမိတ် ဆိုင်ရာ ပူးတွဲကော်မတီ တရုတ်ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုသည့်အခမ်းအနားကို ရန်ကုန်မြို့၌ ကျင်းပပြီး ပူးတွဲကော်မတီပထမအစည်းအဝေး၏ ပထမအကြိမ်အစည်းအဝေးကို ဇွန်လ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ မြန်မာတို့ဘက်မှ ပူးတွဲကော်မတီဝင်များအပြင် အကြံပေးအဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးကြီးလှအောင် (မြေတိုင်းဌာန)၊ ဗိုလ်မှူးကြီးဘသန်း (တပ်မတော်ပညာရေးနှင့်စိတ်ဓါတ်စစ်ဆင်ရေးဌာန)၊ ဦးခင်ညွန့်(နယ်ခြားဒေသအုပ်ချုပ်ရေးဌာန)နှင့် ဦးစောရှိန်(နိုင်ငံခြားရေး ဝန်ကြီးဌာန)တို့ပါဝင်တက်ရောက်ခဲ့ကြသည်။ တရုတ်အကြံပေးအဖွဲ့ဝင်များမှာ မစ္စတာတင်ရှန်းချန်၊ မစ္စတာ တန်တင်မင်းနှင့် မစ္စတာကျန်းကိုကြီး တို့ဖြစ်ကြသည်။

---

၁ Dorothy Woodman- **The Making of Burma** Appendix to Chapter **XIX**. pp562-566

၂ ပူးတွဲကော်မတီတွင် မြန်မာတို့ဘက်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး ၊ မြန်မာသံအမတ်ကြီးဗိုလ်မှူးချုပ်သရေစည်သူမောင်မောင်ကျော်ဝင်း၊ ကချင်ပြည်နယ်အတွင်းဝန် မဟာသရေစည်သူဦးရှန်းလုံ၊နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ် ဗိုလ်မှူးကြီးသီရိပျံချီစည်သူစောမြင့် ၊ ရှမ်းပြည်နယ် မြောက်ပိုင်း တိုင်းမင်းကြီး သီရိပျံချီဇွန်အုံကြာ၊တရုတ်တို့ဘက်မှ Mr.Yao Chung Ming, Director of Treaties & Laws Dept., Mr. Cheng Chih-ping, Dy.Director of First & Asian Dept., Colonel Cheng Hsueh-yu, Lt-col. Cheng Yeh-pin, Mr.Huang Fen Lin, Dy Director of The Bureau of Foreign Affairs ,Yunan Province တို့ပါဝင်ပါသည်။

အစည်းဝေးတွင်ပူးတွဲကော်မတီဝင်များသည် တရုတ်–မြန်မာနယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းစဉ်များ ကိုညှိနှိုင်းခဲ့ကြရာ ကွင်းဆင်းလုပ်ငန်းအဖွဲ့များအနေဖြင့် ပူးတွဲမြေတိုင်းအဖွဲ့များနှင့် ပူးတွဲစုံစမ်းရေးအဖွဲ့များကို နှစ်နိုင်ငံမှအဖွဲ့ဝင်ဦးရေ အညီအမျှပါဝင်ဖွဲ့စည်းခြင်း၊[၁] နယ်နိမိတ်များ တိုင်းထွာပြီး နယ်ခြားမှတ်တိုင်များ စိုက်ထူခြင်း၊ ကောင်းကင်မြေတိုင်း ဓါတ်ပုံ များကို အခြေခံ၍ လူသူမရောက်နိုင်သည့် ဒေသများအား မြေပုံများထုတ်လုပ်ခြင်း၊ ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ဒေသမှ တရုတ်တို့အား ပေးအပ်မည့် နယ်အကျယ်အဝန်းကို ညှိနှိုင်းဆုံးဖြတ်ပြီး တိုင်းထွာသတ်မှတ်ခြင်း၊ ပန်ဟုန်လူမျိုးစုများ နေထိုင်ရာအရပ်ဒေသကို ပိုင်းခြားနိုင်ရန် စုံစမ်းစစ်ဆေးခြင်း စသည်များဆောင်ရွက်ရန် ဆုံးဖြတ်သည်။ ထို့ပြင် ပူးတွဲမြေတိုင်းအဖွဲ့နှင့် ပူးတွဲစုံစမ်းရေးအဖွဲ့များမှ အဖွဲ့ဝင်များ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများ၊ကုန်ကျစရိတ်များ၊ လိုက်နာရမည့်စည်းကမ်းများ ၊ လုံခြုံရေး၊ ခရီးသွားလာရေး၊ ရိက္ခာထောက်ပံ့ရေး၊ အခါအားလျော်စွာ အစည်းအဝေးများ ကျင်းပရေး စသည်တို့ကိုလည်း ညှိနှိုင်းဆုံးဖြတ်ကြသည်[၂]။ တစ်ဆက်တည်းတွင်ပင် ၁၉၆၀ပြည့်နှစ်၊ အောက်တိုဘာလ လဦးပိုင်းတွင် တရုတ်–မြန်မာ နယ်နိမိတ်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေး အတွက် ပူးတွဲကော်မတီ၏ ပြင်ဆင်ရေးလုပ်ငန်းများကို စက်တင်ဘာလလယ်ခန့်တွင် ပြီးစီးအောင် ဆောင်ရွက်ရန်သတ်မှတ်ခဲ့သည်။

ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်အောင်ကြီးသည် လုပ်ငန်းများအားလုံး အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လုပ်ငန်းများကို စစ်ဆင်ရေးတစ်ရပ် အဖြစ် သတ်မှတ်ကာ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် "ဘဘစစ်ဆင်ရေး" [၃] ဟုအမည်ပေးခဲ့သည်။[၄]

ကာကွယ်ရေးဝန်ကြီးဌာနတွင် ဘဘစစ်ဆင်ရေးဌာနချုပ်ကို ဖွဲ့စည်းပြီးနောက် စစ်ဆင်ရေးတာဝန်ခံ အရာရှိချုပ်အဖြစ် ဗိုလ်မှူးချုပ်အောင်ကြီး၊ စစ်ဦးစီးအရာရှိကြီးများအဖြစ်

---

၁ ပူးတွဲမြေတိုင်းအဖွဲ့တွင် ဗိုလ်မှူးကြီးလှအောင်၊ ဗိုလ်မှူးကြီးစောမြင့်၊ ဦးစဝ်ခွန်အုံကြာ၊ ဦးခင်ညွန့်၊ ဦးလှခင်မောင်၊ ဦးလှကျော်၊ ဦးအုန်းမောင်တို့ပါဝင်ပြီး ပူးတွဲစုံစမ်းရေးအဖွဲ့တွင် ဗိုလ်ချုပ်တင်ယုချွန်း၊ ဗိုလ်မှူးကြီး ချန်ရှုယု၊ ဒုတိယ ဗိုလ်မှူးကြီး ချန်လေပင်း၊ ဒုတိယဗိုလ်မှူးကြီး ကိုကို၊ ဦးထွန်းလွင်၊ ဗိုလ်မှူးချုပ် စောယင်း၊ ဗိုလ်ကြီးတုန်စွိရီ၊ မစ္စတာချန်ကိုချီ၊ ဗိုလ်သန်းလှိုင်၊ မစ္စတာဖန်စိန်လီ၊ မစ္စတာကျိုတင်ဆွန်း၊ ဦးကိုကြီး၊ ရိန်ရှယင် (စကားပြန်တို့) ပါဝင်သည်။

၂ CD.641 ၈(၃) Notes on the first meeting of the First Session of the Chinese-Burmese Joint Committee

၃ Operation Burma Boundary

၄ CD.646 (ခ+၄)၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ(၁)ရက် ရက်စွဲပါ ဘဘစစ်ဆင်ရေး အတွက် စစ်ဆင်မှုညွှန်ကြားချက်အမှတ်(၁)

ဗိုလ်မှူးကြီးလှအောင်၊ ဗိုလ်မှူးကြီးခင်ညို၊ ဗိုလ်မှူးကြီး ဘသန်း၊ ဗိုလ်မှူးကြီးထွန်းမြင့် နှင့်ဗိုလ်မှူး မောင်မောင်တို့က အသီးသီးတာဝန်ထမ်းဆောင်ခဲ့ကြသည်။

"ဘဘ" စစ်ဆင်ရေးစစ်ဆင်မှု ညွှန်ကြားချက် အမှတ်(၁)အရ၊ တရုတ် မြန်မာ နယ်နိမိတ်နှင့် စပ်လျဉ်းသည့် သဘောတူစာချုပ်ကို အကောင်အထည်ဖေါ်ရာတွင် နယ်နိမိတ် ကျောက်တိုင်များစိုက်ထူရေးအတွက် မြန်မာတို့ဘက်မှ မြေတိုင်းဌာနအမှုထမ်း ၂၅၀ ခန့်၊ နယ်ခြား ဒေသအုပ်ချုပ်ရေးဌာနနှင့် စစ်ဘက်မှအပါအဝင် အမှုထမ်း ၂၅၀ ခန့်၊ စုစုပေါင်း အမှုထမ်းအင်အား ၅၀၀ မျှနှင့်တရုတ်တို့ဘက်မှ အမှုထမ်းအင်အား ၁၀၀၀ မျှကို အသုံးပြုဆောင်ရွက်ရန်၊ ယင်းသို့ ဆောင်ရွက်ရာတွင် ၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်မှစ၍ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျောက်တိုင်စိုက်ထူနိုင်ရေးအတွက် နေရာသတ်မှတ် ပြီးစီးစေရန်တို့ဖြစ်သည်။ ထိုရည်မှန်းချက်ကို ပြီးမြောက်အောင်မြင်စေရန် နယ်မြေဒေသနှစ်ခု ခွဲခြားဆောင်ရွက်သွားရမည်ဖြစ်ရာ မြောက်ပိုင်း နယ်မြေဒေသတွင် အနောက်ဘက်အစွန်ဆုံးဖြစ်သည့် ဒီဖူလခတောင်ကြား[၂] မှ တောင်ထိပ်ချွန်[၃] အထိဖြစ်ပြီး တောင်ပိုင်းနယ်မြေဒေသတွင် ကွမ်းလုံဖယ်ရီ[၄] မှ ပန်ဆိုင်း[၅] အထိဖြစ်သည်။ ဗမာ့ တပ်မတော် ဝပ်မဟာ(၇)မှတပ်မှူး ဒုတိယဗိုလ်မှူးကြီးချစ်ခိုင်သည် မြောက်ပိုင်းနယ်မြေဒေသကို လည်းကောင်း၊ တပ်မဟာ(၆)မှ တပ်မှူး ဒုတိယဗိုလ်မှူးကြီး ကိုကိုသည် တောင်ပိုင်းနယ်မြေ ဒေသ ကိုလည်းကောင်း တာဝန်ယူကြရသည်။ ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်းသည် ထိုဒေသနှစ်ခု အတွက် အုပ်ချုပ်မှုနှင့်ထောက်ပံ့မှု တာဝန်ကို ထမ်းဆောင်ရသည်။

ဘဘဌာနချုပ်သည် ဘဘစစ်ဆင်ရေးဆင်နွှဲရန် စစ်ဆင်ရေးအမိန့်အမှတ်(၁)ကို ၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ထုတ်ပြန်သည်။ထိုအမိန့်အရ၊ မြောက်ပိုင်းနယ်မြေဒေသ တွင် မြေတိုင်းအဖွဲ့ငယ်ပေါင်း ၁၂ ဖွဲ့ကို ဦးစီးကြီးကြပ်ရန် ပူးတွဲမြေတိုင်းအဖွဲ့ အမှတ်(၁)ကို လည်းကောင်း၊တောင်ပိုင်းနယ်မြေဒေသတွင်မြေတိုင်းအဖွဲ့ငယ် ၆ ဖွဲ့ကိုဦးစီးကြီးကြပ်ရန်ပူးတွဲမြေ တိုင်း အဖွဲ့အမှတ်(၂) ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။ ထို့ပြင် မြောက်ပိုင်းနယ်မြေဒေသတွင် ဗမာ့

---



၁ **ဘဘ စစ်ဆင်ရေး**

၂ Diphul L Kha Pass

၃ High Conical Peak

၄ Kunglong Ferry

၅ Pangeng ( I.k. 0583)

တပ်မတော်မှတပ်ခွဲ(၂)ခွဲ[၁] နှင့် တောင်ပိုင်းနယ်မြေဒေသတွင် တပ်ရင်း(၁)ရင်း[၂]တို့ကိုအထွေထွေ လုံခြုံရေး အတွက် အသီးသီးအသုံးပြုရန်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် ၊ ဇွန်လ ၂၉ ရက်နေ့တွင် ပူးတွဲမြေတိုင်း အဖွဲ့အစည်းအဝေး ဘစ်ရပ်ကျင်းပပြီး ယင်းအစည်းအဝေးက မြေတိုင်းအဖွဲ့ယ် အသီးသီးတို့သွားရောက်တာဝန်ယူ တိုင်းတာရမည့်နယ်မြေများကို အသေးစိတ်ညှိနှိုင်းသတ်မှတ်သည်။ထိုပြင်အဖွဲ့ငယ်များ၏ လုပ်ငန်း တာဝန်များ၊ တရုတ်တို့ဘက်မှအဖွဲ့ငယ်များနှင့် ဆုံရပ်သတ်မှတ်ခြင်း၊ သက်ဆိုင်ရာ နယ်မြေ များသို့ သွားရောက်ရန် ခရီးလမ်းကြောင်းရွေးချယ်ခြင်း၊ အဖွဲ့ငယ်ခေါင်းဆောင်များ အစည်းအဝေးကျင်းပ ရေး၊ ရိက္ခာထောက်ပံ့ရေး၊ လုံခြုံရေးစသည်များကိုလည်း အသေးစိတ် အစီအစဉ် များပြုလုပ်ကြ သည်။[၃]

၁၉၆၀ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် တရုတ်–မြန်မာ နယ်နိမိတ်ဆိုင်ရာပူးတွဲ ကော်မတီ ပထမအစည်းအဝေး၏ ဒုတိယအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့၌ပင်ကျင်းပသည်။ ယင်းအစည်းအဝေးက မြေတိုင်းလုပ်ငန်းဆိုင်ရာ ပူးတွဲကော်မတီခွဲမှတင်ပြသည့် လုပ်ငန်းအသေး စိတ်များကိုအတည်ပြုခြင်း၊ လုံခြုံရေးပူးတွဲအဖွဲ့ငယ်တစ်ခုနှင့်ပန်ဟုန်ဒေသ စုံစမ်းရေးအဖွဲ့ငယ် တစ်ခုတို့တွင် ပါဝင်မည့် တရုတ်နှင့်မြန်မာနှစ်ဘက်စလုံးမှ အဖွဲ့ဝင်အမည် စာရင်းပေးခြင်း စသည် တို့ကိုဆောင်ရွက်သည်။[၄]

ဆက်လက်၍ ၁၉၆၀ပြည့်နှစ် ၊ ဇူလိုင်လ၄ ရက်နေ့တွင် ပထမအစည်းအဝေး၏ တတိယအကြိမ်အစည်းအဝေးကိုကျင်းပသည်။ ထိုအစည်းအဝေး၌ ပူးတွဲမြေတိုင်းအဖွဲ့နှင့် ပူးတွဲ စုံစမ်းရေးအဖွဲ့များတွင် ပါဝင်သူများတပ်ဆင်ရန် တံဆိပ်အမှတ်အသားများ၊ ၁၉၄၁ခုနှစ် မျဉ်းကြောင်းပေါ်ရှိနှစ်ဘက်ခွကျေးရွာများကိစ္စ၊ ရန်ကုန်တွင်ကျင်းပလျက်ရှိသော ပထမ အစည်း အဝေး နှင့် စပ်လျဉ်း၍ သတင်းစာများသို့ ကြေညာချက်များအပြင် ပူးတွဲမြေတိုင်းအဖွဲ့ ခေါင်းဆောင် များ အစည်းအဝေးကို ၁၂–၇–၆၀ ရက်နေ့တွင် ဝမ်တင်၌လည်းကောင်း၊ ၁၇–၇–၆၀ ရက်နေ့တွင် ဟိုပန်၌ လည်းကောင်း ၊ ပန်ဟုန်ဒေသ စုံစမ်းရေးအဖွဲ့အစည်းအဝေးကို ၁၄–၇–၆၀ ရက်နေ့တွင် တရုတ် ပြည်ဘက်ရှိ ဝမ်ထန်တွင်လည်းကောင်း၊ ပူးတွဲကော်မတီ၏ ဒုတိယအစည်းအဝေးကို ပီကင်း

---

၁ အမှတ်(၂၄)ခြေလျင်တပ်ရင်းမှတပ်ခွဲ၂ခွဲ

၂ အမှတ်(၁၇)ခြေလျင်တပ်ရင်း

၃ CD.641 (၀+၆)၂ ၂၉–၆–၆၀ နေ့နံနက် ဇနာရီအချိန်တွင် ကျင်းပသော မြေတိုင်းလုပ်ငန်းဆိုင်ရာ တရုတ်–မြန်မာ ပူးတွဲကော်မတီ အစည်းအဝေး၌ နှစ်ဦးသဘောတူ မှတ်စုများ

၄ CD.541 (၀+၂)၇ တရုတ်–မြန်မာ နယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏ဒုတိယအကြိမ်အစည်းအဝေး မှတ်စု

၌ လည်းကောင်း ကျင်းပရေးစသည်တို့ကိုဆွေးနွေးသဘောတူညီကြသည်[၁]။

၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ပထမအစည်းအဝေး၏စတုတ္ထအကြိမ်အစည်းအဝေးနှင့်နောက်ဆုံးအကြိမ်အစည်းအဝေးကိုကျင်းပသည်။ထိုအစည်းအဝေးကမြောက်ပိုင်းနယ်မြေဒေသတွင် မြေတိုင်းအဖွဲ့ငယ် အမှတ်၁၀၊ ၁၁နှင့်၁၂တို့သွားရောက် တိုင်းထွာရမည့်အရပ်ဒေသ၏ ပွင့်လင်းရာသီမှာ စက်တင်ဘာလကုန်ခန့်မှစမည်ဖြစ်ရာ ဘာဘစစ်ဆင်ရေး ပထမပိုင်းပြီးစီးရမည့်အချိန်ကိုမီနိုင်မည်မဟုတ်ချေ။ထို့ကြောင့် နယ်နိမိတ်စာချုပ်ချုပ်ဆိုရာတွင် ရေဝေကြောတစ်လျှောက် နယ်နိမိတ်ကြောင်းကို တောင်ကြားလမ်းများအတိုင်း ဖေါ်ပြထားရန်သာဖြစ်ပြီးသက်ဆိုင်ရာ မြေပေါ်တွင် လက်တွေ့ တိုင်းထွာမှုလုပ်ငန်းကိုမူ နယ်နိမိတ်စာချုပ်ချုပ်ဆိုပြီးမှပြုလုပ်ရန်သဘောတူညီကြသည်။[၂]

ဤသို့ ပူးတွဲကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အညီ "ဘာဘ" စစ်ဆင်ရေး ဌာနချုပ်သည် စစ်ဆင်ရေးပထမပိုင်းကို သတ်မှတ်ထားသော အချိန်အတွင်းထမြောက် ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုညွှန်ကြားချက် အမှတ်(၁)ကို ၁၉၆၀ ပြည့်နှစ်ဇူလိုင်လ ၄ ရက်နေ့တွင် လည်းကောင်း၊ စစ်ဆင်ရေးအမိန့်အမှတ် (၁) ကိုဇူလိုင်လ ၅ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့သည်။ထိုညွှန်ကြားချက်နှင့် အမိန့်များတွင်သုံးစွဲရန် ငွေကြေးသတ်မှတ်ပေး ခြင်း၊ ဆက်သွယ်ရေး၊ အင်ဂျင်နီယာ၊ ထောက်/ပို့၊ လျှပ်/စက် အင်ဂျင်နီယာ ၊ ဆေးအစရှိသည့်တပ်ဖွဲ့များမှ ပါဝင်ဆောင်ရွက်ခြင်း၊ တပ်မတော်(လေ)မှ လေယာဉ်အကူပေးခြင်း၊ ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၁၂)ကို ၁-၇-၆၀ ရက်နေ့မှစတင်ပြီး (၃)လရပ်ဆိုင်းကာ နည်းပြနှင့်သင်တန်းသားအရာရှိများကို "ဘာဘ" စစ်ဆင်ရေးတွင် ပါဝင်ဆောင်ရွက်သွားစေခြင်း စသည်တို့ပါဝင်သည်။[၃]

ထို့ပြင်စစ်ဆင်ရေးအမှတ်(၁)တွင် အမှတ်(၁)နှင့်(၂) တရုတ်-မြန်မာ ပူးတွဲမြေတိုင်းအဖွဲ့ဝင်များ ၊ အဖွဲ့ငယ်များ၏ခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များ၊ အဖွဲ့အသီးသီးတွင်ပါဝင်ရမည့် မြေတိုင်းဌာနအရာထမ်းများ၊ အမြောက်တပ်ဖွဲ့၊ ဆက်သွယ်ရေးတပ်ဖွဲ့နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ အကြပ်တပ်သားများ၊ အစားအစာတာဝန်ခံ၊ စကားပြန်၊ လမ်းပြ အစရှိသည်တို့၏ဦးရေများကိုလည်းကောင်း၊မြေတိုင်းအဖွဲ့ငယ်အသီးသီးတို့တာဝန်ယူရမည့်နယ်မြေများ၊နယ်ခြားကျောက်တိုင် စိုက်ထူရေး၊ လုံခြုံရေး၊ ခရီးသွားလာရေးနှင့် လုပ်ငန်းအစီအစဉ် အသေးစိတ် များကိုလည်းကောင်း ဖေါ်ပြထားသည်။

---

၁ CD. 641 (ဝ+၆)၅ တရုတ်-မြန်မာ နယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏တတိယအကြိမ်အစည်းအဝေး မှတ်စု

၂ CD. 641 (စ+၁၁)၁၃ တရုတ်-မြန်မာ နယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏စတုတ္ထအကြိမ်အစည်းအဝေးမှတ်စု

၃ CD. 641 (စ+၁၁)၁၅ " ဘာဘ" စစ်ဆင်ရေးထုတ်ပြန်ကြေညာချက်များ

၁၉၆၀ ပြည့်နှစ်ဇူလိုင်လ ၂၅ ရက်နေ့တွင် တရုတ်–မြန်မာနယ်နိမိတ် ဆိုင်ရာ ပူးတွဲကော်မတီ ဒုတိယအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ဩဂုတ်လ ၁ ရက်နေ့ အထိကျင်းပပြုလုပ်သည်။ ထိုကာလအတွင်း ဇူလိုင် ၂၆၊ ၂၈ နှင့်ဩဂုတ်လ ၁ရက်နေ့များတွင် အစည်းအဝေး သုံးကြိမ်ပြုလုပ်ခဲ့ပြီး တရုတ်တို့အား ပေးအပ်ရန်ဖြစ်သော ဖီမော်၊ဂေါ်လန်၊ ကန်ဖန်ဒေသ အကျယ်အဝန်း၊ ပန်ဟုန်လူမျိုးစုများနေထိုင်ရာဒေသအကျယ်အဝန်း၊ ထိုသတ်မှတ်ချက်အရ၊ တရုတ်တို့ပိုင်နက်တွင် ရောက်ရှိသွားမည့် ဒေသများ မှ လူမျိုးစုများအနေဖြင့် ၎င်းတို့၏ဆန္ဒအတိုင်း မြန်မာပိုင်နက်သို့ပြောင်းရွှေ့နေထိုင်ရေး တို့ကို ညှိနှိုင်းသဘောတူညီခဲ့သည်။[၁] ထို့ပြင် နယ်နိမိတ်မျဉ်းကြောင်းပေါ်ရှိ နှစ်ဘက်ခွကျေးရွာများကိစ္စ၊ အောက်တိုဘာလတွင် ချုပ်ဆိုမည့် နှစ်နိုင်ငံ နယ်နိမိတ် စာချုပ်မူကြမ်း ရေးဆွဲရေးကိစ္စ၊ ပူးတွဲ ကော်မတီတတိယအစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပရေးကိစ္စများကိုလည်း ဆွေးနွေးသဘော တူခဲ့ကြသည်။[၂]

၁၉၆၀ပြည့်နှစ် ၊ ဩဂုတ်လအတွင်း တရုတ်–မြန်မာနယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏တတိယအစည်းအဝေးကိုရန်ကုန်မြို့၌ဆက်လက်ကျင်းပပြီး[၃] တရုတ်–မြန်မာ နှစ်နိုင်ငံ အသီးသီးမှ ရေးဆွဲကြသော နယ်နိမိတ်စာချုပ်မူကြမ်းများကို အပြန်အလှန်လေ့လာသုံးသပ် ညှိနှိုင်းကြသည်။ ပူးတွဲကော်မတီသည် ပူးတွဲမြေတိုင်းအဖွဲ့များ၏ အစီရင်ခံစာများကို စိစစ်သုံးသပ်ကာ စာချုပ်တွင် ထည့်သွင်းရေးသားနိုင်ရန် ဆွေးနွေးခြင်း၊ ပူးတွဲမြေတိုင်းအဖွဲ့များ၏ ရှေ့လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ရေးသားခြင်း၊ နယ်နိမိတ်မျဉ်းကြောင်း တစ်ဘက်ရှိလယ်ယာများကို သွားရောက်ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ခြင်းနှင့် ပတ်သက်သောအခွင့်အရေးများ သတ်မှတ်ခြင်း အစရှိသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။[၄]

---

၁ CD.643(စ+၃၀)၉ Notes on the first Meeting of the Second Session of the Chinese-Burmese Joint Boundary Committee

၂ (က) CD.643(စ+၃၁)၁ တရုတ်–မြန်မာနယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကြီး၏ ဒုတိယအစည်းအဝေးတွင် ပြောကြားသော မှတ်တမ်းများ

(ခ) CD.643(စ+၃၄)၁ တရုတ်–မြန်မာနယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေး၏ တတိယအစည်းအဝေးဆိုင်ရာမှတ်စုများ

၃ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၂၅ရက်မှ စက်တင်ဘာလ ၄ရက်နေ့အထိ အစည်းအဝေးနှစ်ကြိမ်ကျင်းပခဲ့ပါသည်။

၄ (က) CD.645 (စ+၆၀)၁၃ Notes on the First Meeting of the Third session of the Chinese-Burmese joint Boundary Committee (25-8-60)

(ခ) CD 646 (စ+၇၃)၁၂ Notes on the First Meeting of the Third session of the Chinese-Burmese joint Boundary Committee (4-9-60)

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် တရုတ်–မြန်မာနယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏ စတုတ္ထအစည်းအဝေး၊ ပထမအကြိမ်အစည်းအဝေးပွဲကို ပီကင်းမြို့၌ ကျင်းပသည်။ထိုအစည်းအဝေးတွင် စတုတ္ထအစည်းဝေး အစီအစဉ်များရေးဆွဲခြင်း၊ တရုတ်–မြန်မာနယ်နိမိတ်စာချုပ် မူကြမ်းကိုလေ့လာသုံးသပ်ရန် အဖွဲ့ဖွဲ့စည်းခြင်းနှင့်စာချုပ်တွင် တွဲဖက်ထည့်သွင်းမည့် မြေပုံများရေးဆွဲရန်တို့ကို ညှိနှိုင်းခဲ့ကြသည်။၁၉၆၀ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် နောက်ဆုံးအကြိမ်အစည်းအဝေးပွဲကိုကျင်းပပြီးနောက် ပူးတွဲကော်မတီသည် ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ၁ရက်နေ့တွင်နှစ်နိုင်ငံဝန်ကြီးချုပ်တို့လက်မှတ်ရေးထိုးကြမည့် နယ်နိမိတ်စာချုပ်ရေးဆွဲရေးလုပ်ငန်းကို စက်တင်ဘာလ ၃၀ ရက်နေ့တွင် အပြီးသတ်ဆောင်ရွက် နိုင်ခဲ့ကြသည်။

၁၉၆၀ပြည့်နှစ်အောက်တိုဘာလ ၁ရက်နေ့တွင်တရုတ်–မြန်မာနယ်နိမိတ်စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ပီကင်းမြို့၌ ကျင်းပခဲ့ရာ ယင်းအခမ်းအနားသို့နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စန်းယု စသောပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။စာချုပ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ချူအင်လိုင်း ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။[၁] လက်မှတ်ရေးထိုးသည့် အောက်တိုဘာလ ၁ရက်နေ့သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ထူးမြတ်သောအမျိုးသားနေ့ ဖြစ်သည့် အလျောက် ထိုနေ့၌ နှစ်ပေါင်းများစွာ မပြတ်မသားတည်ရှိခဲ့သည့် နယ်နိမိတ်ပြဿနာကို နှစ်နိုင်ငံချစ်ကြည်လေးစားမှုအပေါ်တွင် အခြေခံ၍ ခိုင်မာသော စာချုပ်ကြီးတစ်ရပ် တရားဝင်ချုပ်ဆို လက်မှတ်ထိုးနိုင်ခဲ့ခြင်းမှာ တရုတ်–မြန်မာ နှစ်နိုင်ငံအတွက် မွန်မြတ်လှသော အနာဂတ်ကို ရှေ့ရှုသည့် နိမိတ်ကောင်းတစ်ရပ်ပင်ဖြစ်သည်။

ယင်းသို့စာချုပ်လက်မှတ်ရေးထိုးပွဲကို ပီကင်းမြို့တွင် စည်းကားသိုက်မြိုက်စွာကျင်းပခဲ့ရာ စာချုပ်လက်မှတ်ရေးထိုးမှုအောင်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမှ ယဉ်ကျေးမှုအနုပညာသည်များအဖွဲ့၊ အားကစားအဖွဲ့၊ ကုန်သန်းရောင်းဝယ်မှုကိုယ်စားလှယ်အဖွဲ့ နှင့်စစ်ဘက်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်ခဲ့သည်။[၂]ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်နေထိုင်ကြသော တရုတ်နိုင်ငံသားတစ်သန်းခန့်အတွက် မြန်မာနိုင်ငံက " သဟာယစစ်ဆင်ရေး" အမည်ဖြင့်ဆန် တန်ချိန်၂၀၀၀ နှင့်

---

[၁] CD.648· Boundary Treaty between the Union of Burma and Peoples's Republic of China.

[၂] ယဉ်ကျေးမှုအနုပညာသည်များအဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီးစောမြင့်၊ အားကစားအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးမောင်ဝင်း၊ ကုန်သန်းရောင်းဝယ်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြ (ဟသ်ာတ)၊ စစ်ဘက်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်မောင်မောင် တို့ပါဝင်ပါသည်။

ဆားတန်ချိန် ၁၀၀၀ လက်ဆောင်ပေးခဲ့သည်။တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကလည်း မြန်မာနိုင်ငံ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်နေထိုင်ကြသော မြန်မာတိုင်းရင်းသား တစ်သန်းနှစ်သိန်းခန့် အတွက် " မေတ္တာစစ်ဆင်ရေး" အမည်ဖြင့် ပွင့်ရိုက်ပိတ်စ မီတာပေါင်း ၂.၄ သန်းနှင့် ကြွေပန်းကန် ၆ သိန်းတို့ကို လက်ဆောင်ပေးအပ်ခဲ့သည်။[၁]

ဤသို့ဖြင့် "ဘဘစစ်ဆင်ရေး" ဟူသောတရုတ်–မြန်မာ နယ်နိမိတ် တိုင်းထွာ သတ်မှတ်ရေးလုပ်ငန်း၏ ပထမအဆင့်မှာ အောင်မြင်စွာပြီးဆုံးခဲ့သည်။ ယင်းလုပ်ငန်းကိုဆောင် ရွက် ခဲ့ရာ၌ မြန်မာနိုင်ငံဘက်မှ တပ်မတော်အရာရှိ ၁၂၈ဦး၊ အကြပ်တပ်သား ၁၆၅၀ ဦး၊ နယ်ခြား အုပ်ချုပ်ရေးဌာနမှ အမှုထမ်း၊ အရာထမ်း ၈၄၀ ဦး၊ မြေတိုင်းအရာရှိ ၂၀ဦး၊ မြေတိုင်းအမှုထမ်း ၂၅၀ဦး၊ အထမ်းသမား ၅၆၀၀ဦး၊ လားထိန်း ၃၀၀ဦး၊ စုစုပေါင်း ၈၇၈၈ဦး ပါဝင်ခဲ့သည်။တောအလျှို လျှိုတောင်အထပ်ထပ် ကြမ်းတမ်းလှသော နယ်ခြားခရီးသွားလာရေးတွင် တပ်မတော်မှ လုံခြုံရေး တပ်ဖွဲ့များ၊ အင်ဂျင်နီယာ၊ ဆက်သွယ်ရေး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး၊ မော်တော်ယာဉ်တပ်ဆွယ်၊ ဆေးတပ်ဖွဲ့၊ လေကြောင်းထောက်ပံ့ရေးတပ်ဖွဲ့ အစရှိသည်တို့နှင့် ဝန်တင်လားပေါင်း ၂၄၀၀ခန့် ပါဝင်သုံးစွဲခဲ့ရသည်။[၂]

၁၉၆၁ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၊ သမ္မတအိမ်တော်၌ တရုတ်– မြန်မာနယ်နိမိတ်စာချုပ်ကြီးကို ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် ဝန်ကြီးချုပ်ဦးနုတို့ စာချွန် တော် အပြန်အလှန်လဲလှယ်ပြီး အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဘဘ စစ်ဆင်ရေး ဒုတိယအဆင့်ကို ပြန်လည် စတင်ခဲ့သည်။ ဘဘစစ်ဆင်ရေး ဒုတိယအဆင့်သည် တရုတ်–မြန်မာ နယ်နိမိတ်တစ်လျှောက် အမြဲတမ်း နယ်ခြားကျောက်တိုင်များ စိုက်ထူရေးလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ရာ ယင်းလုပ်ငန်းကို ၁၉၆၁ခုနှစ် ဇွန်လ ၁ရက်နေ့မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက် နိုင်ရန်အလို့ငှာ မြေတိုင်းအဖွဲ့ ၄ ဖွဲ့သည် ဒီဖူးတောင်ကြားလမ်းမှ နမ့်လ နှင့် မဲခေါင်မြစ်ဆုံထိ တရုတ်–မြန်မာ နယ်ခြား တစ်လျှောက်အပိုင်းများခွဲကာ တာဝန်ယူထမ်းဆောင်ကြရသည်။ မြေတိုင်းအဖွဲ့(၁)နှင့် (၂)တို့တွင်အဖွဲ့ခွဲပေါင်း သုံးဖွဲ့စီပါဝင်ပြီး မြေတိုင်းအဖွဲ့(၃)တွင်အဖွဲ့ခွဲ ခြောက်ဖွဲ့နှင့် မြေတိုင်း အဖွဲ့(၄)တွင်အဖွဲ့ခွဲလေးဖွဲ့ပါဝင်ကြသည်။ မြေတိုင်းအဖွဲ့များနှင့် အဖွဲ့ခွဲ များတွင် တပ်မတော် အရာရှိများနှင့် မြေတိုင်းဌာနအရာရှိများသည် ခေါင်းဆောင်၊ ဒုတိယ

---

[၁] (က) အမှတ်(၆)ခြေလျင်တပ်မဟာဌာနချုပ်၊လားရှိုး၏ ၁၉–၈–၆၀ ရက်စွဲပါ စာအမှတ်၊ ၁၀၀၀/၁/ဦး ၁

(ခ) ချူအင်လိုင်းမှ ဦးနုထံပေးပို့သော ၂၇–၈–၆၀ ရက်စွဲပါ၊ ကြေးနန်းအမှတ်၊ ပီဘီအီး ၄၁၈/ဂျီအေ။

[၂] CD.644(D+45) တရုတ်–မြန်မာ နယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ၏ မြန်မာကိုယ်စားလှယ်အဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည်များ အစီရင်ခံစာ

ခေါင်းဆောင်များအဖြစ် တာဝန်ယူကြရသည်။ အဖွဲ့ခွဲတိုင်းတွင် ခေါင်းဆောင် ၁ဦး၊ ဒုတိယ ခေါင်းဆောင် ၂ဦးနှင့် မြေတိုင်းဌာန အမှုထမ်း၁၅ဦး၊ အမြောက်တပ်မှ မြေတိုင်းပညာရှင်စစ်သည် ၂ဦး၊ အင်ဂျင်နီယာတပ်မှ ပန်းရံ စစ်သည် ၂ဦး၊ လမ်းပြ ၂ဦးနှင့် စကားပြန်တစ်ဦး တို့ပါဝင်ကြသည်။[၁]

ဘဘစစ်ဆင်ရေး၊ ဒုတိယအဆင့်အမြဲတမ်းနယ်ခြားကျောက်တိုင်များစိုက်ထူရေးလုပ်ငန်း လုပ်ဆောင်ရာတွင် မြေတိုင်းအဖွဲ့များ၏လုံခြုံရေးကို ခြေလျင်တပ်မဟာ အမှတ်(၆)၊(၇)နှင့်(၉)တို့က အသီးသီးတာဝန်ယူပြီး အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၁)နှင့်(၁၃)ပြည်စောင့်ရဲတပ်ရင်း၊ အမှတ်(၁)ထောက်ပံ့ရေးတပ်၊ အမှတ်(၁)လေယာဉ်ထောက်ပံ့ရေးတပ်ဆွယ်နှင့် အမှတ်(၇)ဆက်သွယ်ရေးတပ်စုတို့လည်း ပါဝင်တာဝန်ထမ်းဆောင်ခဲ့ကြသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် စစ်ဆင်ရေးကြီး တစ်ခုလုံးအတွက် ထောက်ပံ့ရေး၊ အုပ်ချုပ်မှုတာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၆၀ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ရက်နေ့တွင် တရုတ်-မြန်မာ နယ်နိမိတ်ဆိုင်ရာပူးတွဲကော်မတီဝင်များနှင့်မြေတိုင်းအဖွဲ့များမှခေါင်းဆောင်များ၏ အစည်းအဝေးတစ်ရပ်ကို တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပပြီး ယင်းအစည်းအဝေးက ဘဘစစ်ဆင်ရေး ဒုတိယအဆင့် အမြဲတမ်း နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူရေးလုပ်ငန်းများကို ဆွေးနွေး ညှိနှိုင်းကြသည်။

ဆက်လက်၍ ပူးတွဲကော်မတီ၏ ပဋ္ဌမအစည်းအဝေးကို ၁၉၆၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၅ ရက်နေ့ထိ၊ မေမြို့တွင်ကျင်းပသည်။ထိုအစည်းအဝေးတွင် မြေတိုင်းအဖွဲ့များက တင်ပြသော အစီရင်ခံစာများအပေါ် စိစစ်သုံးသပ်ခြင်း၊ အမြဲတမ်းကျောက်တိုင်စိုက်ထူရေးကို အသေးစိတ်ညွှန်ကြားခြင်း၊ မြေပုံများအသေးစိတ်ရေးဆွဲခြင်း၊ အခြေပြစာချုပ်[၂] ရေးသားရန် ညှိနှိုင်းခြင်း၊ မြေတိုင်းအဖွဲ့များ၏လုံခြုံရေးစသည့်ကိစ္စများကိုဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။[၃]

ဘဘစစ်ဆင်ရေး ဒုတိယအဆင့်တွင် အမြဲတမ်းနယ်နိမိတ် ကျောက်တိုင်များ စိုက်ထူခြင်း လုပ်ငန်းကို ၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ မြောက်ဘက်စွန်းရှိ ဒီဖူးတောင်ကြားမှ ချိမလိတောင်ကြားအထိ နယ်နိမိတ်အလျားမိုင်ပေါင်း နှစ်ရာငါးဆယ်ကျော်ခန့်မှာ ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေခဲ့သဖြင့် ထိုနေရာကို ချန်လှပ်၍ ချိမလိ

---

[၁] CD.645(ခ+၁၂၃)၃ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၁-၁၀-၆၀ ရက်စွဲပါ၊ စာအမှတ်ဦး၁ဖြင့် ထုတ်ပြန်သော ဘဘ စစ်ဆင်ရေးအမိန့်အမှတ်(၂)

[၂] Protocol

[၃] CD.659 (စ+၂၀၂) ၁- တရုတ်-မြန်မာ နယ်နိမိတ်ဆိုင်ရာ ပူးတွဲကော်မတီ ( မြန်မာ ကိုယ်စားလှယ်အဖွဲ့ )၏ ၁၄-၁-၆၁ ရက်စွဲပါ၊ စာအမှတ်၃၅-နပက-၆၁။

တောင်ကြားမှ တောင်ဘက် မြန်မာ–တရုတ်–လောသုံးနိုင်ငံ နယ်နိမိတ်များဆုံရာ မဲခေါင်မြစ်အထိ၊ မိုင်ပေါင်း ၈၇၁ မိုင်ရှည်လျားသော နယ်နိမိတ်ကို အသေးစိတ်တိုင်းတာခြင်း၊ အမြဲတမ်းကျောက်တိုင်များ စိုက်ထူခြင်းစသည်များ ကိုသာ ပြုလုပ်နိုင်ခဲ့သည်။

ဘာဘစစ်ဆင်ရေး တတိယအဆင့်တွင် နွေရာသီကျရောက်လာပြီး ရာသီဥတု ပွင့်လင်းလာသောအခါ မြန်မာနိုင်ငံမြောက်ဘက်စွန်းရှိ ဒီဖူးတောင်ကြားမှ ချိမလိတောင်ကြားအထိ၊ မိုင်ပေါင်း ၂၅၀ကျော်ရှည်လျားသည့် နယ်နိမိတ်ကို အသေးစိတ်တိုင်းထွာပြီး အမြဲတမ်းကျောက်တိုင်များစိုက်ထူရေးလုပ်ငန်းကို ၁၉၆၁ခုနှစ်၊ မေလမှ စတင်လုပ်ဆောင်ခဲ့သည်။ဘာဘစစ်ဆင်ရေး တတိယအဆင့်တွင်ပထမနှင့်ဒုတိယအဆင့်များ၌ ပါဝင်ခဲ့သော တပ်မတော်အရာရှိများနှင့် မြေတိုင်းဌာန အမှုထမ်းများကိုပင် မြေတိုင်းအဖွဲ့ခွဲ(၈)ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ[၁] ယင်းလုပ်ငန်းများကို ၁၉၆၁ခုနှစ် ဇူလိုင်လကုန်တွင်ပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်သည်။

၁၉၆၁ခုနှစ်တွင် တရုတ်–မြန်မာ နယ်နိမိတ်ဆိုင်ရာပူးတွဲကော်မတီ၏ ဆဋ္ဌမအစည်းအဝေးကို ပီကင်းမြို့၌ မေလ၂ ရက်နေ့မှ ၈ ရက်နေ့အထိကျင်းပခဲ့သည်။ထိုအစည်းအဝေးတွင် ၁၉၆၀ပြည့်နှစ်၊ အောက်တိုဘာလ ၁ရက်နေ့က နှစ်နိုင်ငံဝန်ကြီးချုပ်တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည့် တရုတ်–မြန်မာ နယ်နိမိတ် စာချုပ်အပိုဒ်(၁၀)အရ၊ နောက်ထပ်ချုပ်ဆိုရန်ရှိသော အခြေပြစာချုပ်မူကြမ်းရေးဆွဲရေး၊ အသေးစိတ်မြေပုံများ ရေးဆွဲပြုလုပ်ရေး၊ လုပ်ငန်းတိုးတက်မှုကို စိစစ်ရေး၊ နယ်နိမိတ်ကျောက်တိုင် စိုက်ထူရေးလုပ်ငန်းတွင် မြေတိုင်းအဖွဲ့များ မပြေမလည်ဖြစ်နေသည့် ကိစ္စရပ်များကို ဖြေရှင်းရေး စသည်များဆွေးနွေးညှိနှိုင်းကြသည်။ထို့ပြင် တစ်ဖက်နိုင်ငံရှိ လယ်မြေများ သွားရောက်ထွန်ယက်စိုက်ပျိုးရေးကိစ္စကို မူလသဘောတူထားပြီး ဖြစ်သည့်အတိုင်း ၃နှစ်အတွင်း ပြီးပြတ်စေရေးအတွက် နည်းလမ်းရှာဖွေရေးနှင့် တရုတ်နိုင်ငံသို့ လွှဲအပ်ပေးရမည့် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်နယ်၊ ပန်လောင်၊ ပန်ဟုန်နှင့် ယောင်ဟုတ်ရွာ၊ယောင်နီရွာများကို ၁၉၆၁ခုနှစ်၊ ဇွန်လ ၄ရက်နေ့တွင် လွှဲအပ်ပေးရေးကိစ္စများကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။[၂]

တရုတ်–မြန်မာ နယ်နိမိတ်တစ်လျှောက် အမြဲတမ်းကျောက်တိုင်များ စိုက်ထူရေးလုပ်ငန်းကို ဘာဘစစ်ဆင်ရေး ဒုတိယအဆင့်နှင့် တတိယအဆင့်ဟူ၍ သတ်မှတ်လုပ်ဆောင်ခဲ့ရာတွင် ဒုတိယအဆင့်သည် ၁၉၆၁ခုနှစ်၊ ဇွန်လလယ်၌လည်းကောင်း၊ တတိယ အဆင့်သည် ၁၉၆၁ခုနှစ်၊ ဇူလိုင်လကုန်၌လည်းကောင်း ပြီးစီးသွားခဲ့ပြီး နယ်နိမိတ်ကြောင်းအလျား ၁၃၅၇.၃ မိုင်

---

[၁] CD.1095(စ+၃၀၀)၆–ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ပြေ/၆၁၊၂၂၁၃၅၀နေ့စွဲအချိန်ပါ ကန–၇ဦး၁

[၂] CD 1095 (စ+၃၁၉)၁ Notes on the Sixth Session of the Sino-Burmese Joint Boundary Committee

တစ်လျှောက်တွင် ကျောက်တိုင်ပေါင်း ၄၀၂ တိုင်ကို စိုက်ထူခဲ့သည့်အနက် တစ်တိုင်မှာ သဘာဝ ကျောက်နံရံတွင် ထွင်းထုပြုလုပ်ထားခဲ့သည်။

အခြေပြစာချုပ်ရေးဆွဲရေးအဖွဲ့ငယ်နှင့် မြေပုံအသေးစိတ်ရေးဆွဲပြုစုရေးအဖွဲ့ငယ်တို့သည်လည်း ၁၉၆၁ခုနှစ်၊ဇွန်လမှစ၍ စက်တင်ဘာလအတွင်း ညှိနှိုင်းဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ပြီးနောက် စက်တင်ဘာလကုန်တွင် လုပ်ငန်းများအားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ထိုကြောင့် ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်နေ့၊ ပီကင်းစံတော်ချိန် ညနေ ၆နာရီတွင် တရုတ်–မြန်မာ နှစ်ပြည်ထောင်အကြား နယ်နိမိတ်နှင့်စပ်လျဉ်းသည့် အခြေပြစာချုပ်ကို မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုနှင့် တရုတ်နိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းတို့သည် ပီကင်းမြို့ရှိ ပြည်သူ့လွှတ်တော်ခန်းမဆောင်ကြီး၌လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။[၁] ဤသို့အားဖြင့် ဘာဘစစ်ဆင်ရေးဟူ၍ အမည်ပေးထားသော တရုတ်–မြန်မာနယ်နိမိတ် သတ်မှတ်ပိုင်းခြားရေးလုပ်ငန်းကြီးသည်လည်း ဆုံးခန်းတိုင်သို့ရောက်ရှိခဲ့သည်။

ဘာဘစစ်ဆင်ရေးသည် ဗမာ့တပ်မတော်၏ လုပ်ရိုးလုပ်စဉ် စစ်ဆင်ရေးမျိုးနှင့်မတူ တမူထူးခြားစွာ ဆောင်ရွက်ရသော စစ်ဆင်ရေးဖြစ်သည်။ထူးခြားဆန်းသစ်သော စစ်ဆင်ရေးဖြစ်သည့်အားလျော်စွာ စစ်ဆင်ရေးတစ်ရပ်လုံးတွင်၊ ပါဝင်ခဲ့သော တပ်မတော်သားအားလုံးသည် အထူးခက်ခဲပင်ပန်းစွာ တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ ဤမျှကြီးကျယ်ထူးခြားလှသော စစ်ဆင်ရေးကြီးတွင်တပ်မတော်မှအရာရှိနှစ်ဦးနှင့် အခြားအဆင့်ငါးဦးတို့သည် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကြသည်။[၂] အရာရှိနှင့်အခြားအဆင့် အများအပြားတို့မှာထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့်အလျောက် နိုင်ငံတော်က ဂုဏ်ထူး၊ ဘွဲ့ထူး၊ ဆုတံဆိပ်နှင့် စစ်မှုထမ်းကောင်းမှတ်တမ်းဝင်လက်မှတ်များကို ချီးမြှင့်ခဲ့ လေသည်။

---

၁ DR. 2182 ဘာဘစစ်ဆင်ရေး မျက် ၁၅

၂ DR 2182 ဘာဘစစ်ဆင်ရေး မျက် ၁၂

# အခန်း( ၁၂ )

# အိမ်စောင့်အစိုးရဖွဲ့စည်းခြင်း

**ဖဆပလ အဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲခြင်း**

ဖဆပလအဖွဲ့ကြီးသည် ၁၉၄၆ခုနှစ်မှ ၁၉၅၈ပြည့်နှစ်ပတ်ဝန်းကျင်အထိစည်းလုံးမှုပြိုကွဲရခြင်းမှာ ဝါဒရေးရာ ကွဲပြားမှုအပေါ်တွင် အခြေခံသည်။ ၁၉၅၀ပြည့်နှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဖြစ် တည်ဆောက်ရန် တူညီသည့် နိုင်ငံရေးခံယူချက်ရှိကြသော်လည်း အာဏာအခွင့်အရေး ရယူပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေး၊ ဂိုဏ်းဂဏရေး ပဋိပက္ခများကြောင့် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲသွားခဲ့ရသည်။[၁]

ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း ပထမအကွဲအပြဲမှာ ဖဆပလအဖွဲ့ချုပ်ကြီးအတွင်းမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ခြင်းဖြစ်ပြီး ဒုတိယအကွဲအပြဲမှာ ဖဆပလအဖွဲ့ကြီးကို လွှမ်းမိုးထားသော ဆိုရှယ်လစ်ပါတီအတွင်းမှ သခင်လွင်၊ သခင်လှကျော် နှင့်သခင်ချစ်မောင်တို့ ခေါင်းဆောင်သည့် ဆိုရှယ်နီများ ခွဲထွက်သွားခြင်းဖြစ်သည်။ ဆိုရှယ်နီများသည် ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီကို သီးခြားထူထောင်ခဲ့သည်။ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (ဗတလစ) နှင့် အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ) (တီယူစီဘီ)[၂] ဟူ၍ရှိခဲ့သော်လည်း ဆိုရှယ်နီများ ဖဆပလအဖွဲ့မှ ခွဲထွက်သွားသောအခါ သခင်လွင် ဦးဆောင်သည့် ဗမာပြည်အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ်(ဘီတီယူစီ)[၃]နှင့် သခင်ချစ်မောင် ဦးဆောင်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားညီညွတ်ရေးအစည်း အရုံး(တလညစ)ကို စင်ပြိုင်ထူထောင်ခဲ့ကြသည်။[၄] ထို့ပြင် ဖဆပလ အဖွဲ့ချုပ်ကြီးအတွင်းရှိ ဆိုရှယ်လစ်ပါတီဝင်များအနက် ဦးဗဆွေနှင့် ဦးကျော်ငြိမ်း ခေါင်းဆောင်သည့် အုပ်စုနှင့် သခင်တင်၊ သခင်ကျော်ထွန်း ခေါင်းဆောင်သည့်အုပ်စုတို့ နှစ်စုကွဲရာမှ စည်းရုံးရေးအားပြိုင်မှု ပဋိပက္ခများ ကြီးထွားခဲ့ရသည်။ သို့သော် ယင်းပဋိပက္ခများသည် ပုဂ္ဂိုလ်ရေးရာပဋိပက္ခအဖြစ်သို့ ပြောင်းလဲခြင်း မရှိသေးသောကြောင့် ပုဂ္ဂိုလ်ရေးဆက်ဆံမှု အခြေအနေမှာ တင်းမာခြင်းမရှိသေးပေ။ သို့သော် နောက်ပိုင်းတွင်

---

၁ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့.- **၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး၊ ပထမတွဲ** မျက် ၁၂၅

၂ T.U.C( B )- Trade Union Congress (Burma)

၃ B.T.U.C. - Burma Trade Union Congress

၄ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့.- **၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး၊ ပထမတွဲ** မျက် ၁၂၉

စည်းရုံးရေးလုပ်ငန်းများ၌အားနည်းချက်များကြောင့်ဆိုရှယ်လစ်ပါတီတွင်းအကွဲအပြဲများပေါ်ပေါက်လာပြီး နောက်ဆုံးတွင် ဖဆပလအဖွဲ့ချုပ်ကြီးပြိုကွဲသည်အထိဂယက်ရိုက် ခတ်ခဲ့ပေသည်။

မူလက ဝန်ကြီးချုပ် ဦးနုသည် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း ဂိုဏ်းဂဏပဋိပက္ခများမှ လုံးဝကင်းရှင်းပြီး ယင်းပဋိပက္ခများ ရပ်တန့်သွားရန် မကြာခဏ ဖိအားပေးခဲ့သည်။ ထို့ပြင် ဦးနုသည် ဖဆပလအဖွဲ့ချုပ်ကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားမည်ကိုလည်း မလိုလားခဲ့ပေ။

## အုပ်စုပဋိပက္ခအတွင်းသို့ဦးနုပါဝင်လာခြင်း

အုပ်စုပဋိပက္ခအတွင်းသို့ ဦးနုပါဝင်ပတ်သက်ခဲ့ရခြင်းမှာ ဦးနု နှင့် ဦးကျော်ငြိမ်းတို့၏ တစ်ဦးအပေါ်တစ်ဦး သံသယပဋိပက္ခမှ စတင်ခဲ့လေသည်။ ယင်းသံသယပဋိပက္ခမှာ ၁၉၅၄ ခုနှစ်တွင် ဆန်ဟောင်းများ ရောင်းချသောကိစ္စမှ စတင်ခဲ့သည်။ ဦးနုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်နေခိုက် ဆန်ကက်ဘိနက်ဆပ်ကော်မတီက ပင်လုံဒေါ်နယဉ် နှင့် ပင်လုံ ဒေါ်ကြည်ကြည်တို့ကို ဆန်ဟောင်းတန်နှစ်သိန်း ရောင်းချခဲ့သည်။ ဤသို့ရောင်းချရာတွင် အာမခံငွေ ၅ရာခိုင်နှုန်းသတ်မှတ်ထားရာမှ ၂½ရာခိုင်နှုန်းသို့ လျှော့ချ၍ရောင်းချခဲ့သည်။ တစ်ချိန်တည်းမှာပင် ဦးနုကလည်း တရုတ်နိုင်ငံတွင် ဆန်ဟောင်းများရောင်းချရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။ ယင်းဆွေးနွေးချက်အရ တရုတ်မစ်ရှင်အဖွဲ့တစ်ဖွဲ့အား မြန်မာနိုင်ငံသို့စေလွှတ်ကာ ဆန်ဟောင်းများကို ကြည့်ရှုလေ့လာပြီး ပျက်စီးမှုနည်းပါးပါက ဝယ်ယူရန် ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် သဘောတူညီချက်ရယူခဲ့သည်။ ထို့နောက်ဆန်ဟောင်းတန်ချိန် မည်မျှရှိသည်၊ မည်သည့်အမျိုးအစားရှိသည်ကို မြန်မာနိုင်ငံသို့ ဝန်ကြီးချုပ်ဦးနုက တရုတ်နိုင်ငံမှ လှမ်းမေးခဲ့သော်လည်း မေးမြန်းချက်ကို မြန်မာနိုင်ငံမှ ပြန်လည်ဖြေကြားခြင်း မပြုဟုဆိုသည်။ ဤသို့မေးမြန်းချက်ကိုလည်း ဝန်ကြီးဦးကျော်ငြိမ်းက မသိဟုဆိုသည်။ သို့သော် ယင်းကိစ္စနှင့်ပတ်သက်၍ ဦးနုက ဦးကျော်ငြိမ်း အပေါ်သံသယဖြစ်ခဲ့သည်။[၁]

ဆန်ရောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ဦးနုက–

(က) ဆန်ကက်ဘိနက် အစည်းအဝေးသို့ ဦးကျော်ငြိမ်းသည် ဦးနုမရှိပါက တက်ရောက်လေ့မရှိဘဲ ယခုအစည်းအဝေးကျမှ တက်ရောက်ခြင်း၊

(ခ) ဦးနုကတရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့ဆန်တန်ချိန် မည်မျှရှိသည်ကို သံကြိုးရိုက် မေးမြန်းပြီးနောက် ဆန်ရောင်းရန်ဆုံးဖြတ်သည့်အခါ အတွင်းဝန်

---

[၁] (က) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့– **၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး၊ ပထမတွဲ** မျက် ၁၄၀–၁၄၂

(ခ) ဂါ့ဒီးယန်ဦးစိန်ဝင်း– **အကွဲအပြဲဇာတ်လမ်း** မျက် ၃၅–၃၆

ဦးဘစန်းက ဦးနုထံ အကြောင်းကြားရန် သတိပေးတင်ပြခြင်းကို ဦးကျော်ငြိမ်း က ငြင်းပယ်ခြင်း၊

(ဂ) နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့တွင် ဆန်ကုန်သည်များ၊ မွေးထားသောအရာရှိများ မှ တစ်ဆင့်တရုတ်နိုင်ငံသို့ဆန်ရောင်းမည့်ကိစ္စကိုဆန်ကုန်သည်များက သိရှိကာ ဆန်ဝယ်ယူရန်အလောတကြီး တင်ဒါသွင်းခြင်း ဖြစ်သည်ဟုယူဆခြင်း၊

(ဃ) ဝန်ကြီးချုပ်ကိုယ်တိုင် သတ်မှတ်ထားသော အာမခံငွေကို ယင်းမသိဘဲ လျှော့ပေးခြင်းများအတွက်အထူးမကျေမနပ်ဖြစ်ခြင်း၊

ဟိုကြောင့် ဦးကျော်ငြိမ်းအား သံသယဝင်ခဲ့ခြင်းဖြစ်သည်။ ဦးကျော်ငြိမ်းကလည်း ဦးနုကမိမိကို သက်သက်သိက္ခာချသည်ဟု ယူဆသည်။ ဆိုရှယ်လစ်ရန်ပုံငွေအတွက် ဦးကျော်ငြိမ်းက လာဘ်စား၍ စပါးရောင်းခြင်းဖြစ်သည်ဟု ဦးနုကစွပ်စွဲ၍ သိက္ခာကျရခြင်း ဖြစ်သည်ဟုလည်း ဦးကျော်ငြိမ်းက ခံယူသည်။ ဤပြဿနာမှာ သံသယပဋိပက္ခအဆင့်တွင်သာရှိနေပြီး နောင်တစ်ချိန် ဖဆပလ ပြိုကွဲစေမည့် မျိုးစေ့တစ်စေ့ပင် ဖြစ်ခဲ့သည်။ ဤမကျေနပ်ချက်များကို ၁၉၅၆ခုနှစ်ကျမှသာ ထုတ်ဖော်ကာ စာဖြင့်ရေးသား တိုက်ခိုက်ခဲ့ကြသည်။[၁]

ဦးနုသည် ဝန်ကြီးချုပ်ရာထူးမှ ခေတ္တအနားယူပြီးနောက် ဖဆပလဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ၁၉၅၇ခုနှစ်၊ နှစ်ဦးပိုင်းတွင် သီဟိုဠ်နိုင်ငံ၌ကျင်းပသော ဗုဒ္ဓဇယန္တီပူဇော်ပွဲသို့ တက်ရောက်ခဲ့သည်။ ထိုအချိန်တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဗဆွေ နေအိမ်၌ အောင်မာဃစစ်ဆင်ရေးမှ ဖမ်းဆီးရမိသည့် စာရွက်စာတမ်း အထောက်အထားများအရ ဗိုလ်မှူးချုပ်ကျော်ဇောနှင့်ကွန်မြူနစ်များ ဆက်သွယ်သည့်ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ရန်ကုန်မြို့သို့ရောက်ရှိနေသော တရုတ်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်တို့ တက်ရောက်ခဲ့သည်။ အစည်းအဝေး၌အဓိကကိစ္စများကိုဆွေးနွေးကြပြီးနောက် သံအမတ်ကြီးဦးလှမောင်ကဦးနုအား ဖဆပလဥက္ကဋ္ဌအဖြစ် ထားရှိပြီး တရုတ်ပြည်မှ မော်စီတုန်းကဲ့သို့ အမျိုးသားရေး ခေါင်းဆောင် အဖြစ် ထားရှိသွားရန်အကြံပြုတင်ပြခဲ့သည်ဟုဆိုသည်။[၂]

သံအမတ်ကြီး ဦးလှမောင်က ဦးနုသည် ပြည်တွင်းနိုင်ငံရေး၌ ပါဝင်ခြင်းမပြုဘဲ ဖဆပလဥက္ကဋ္ဌ အဖြစ်ထားရှိမည်ဆိုပါက နိုင်ငံအတွက်အကျိုးရှိစေမည့် ဩဇာသိက္ခာ ကြီးမားသော

---

[၁] မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.–၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ) မျက် ၁၄၁–၁၄၂

(က) ဂါးဒီးယန်းဦးစိန်ဝင်း၊**အကွဲအပြဲစာတ်လမ်း** မျက် ၄၂

(ခ) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.–၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ)မျက် ၁၅၇

အပြည်ပြည်ဆိုင်ရာ ခေါင်းဆောင်အဖြစ် ဆက်လက်တည်ရှိ သွားလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာသူအားလုံးက ယင်းအဆိုပြုချက်ကို သဘောကျကြသည်။ ထို့ကြောင့် ဆေးရုံတက်လျက်ရှိသော ဆိုရှယ်လစ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် သခင်တင်ထံ ဦးလှမောင်က သွားရောက်၍ ယင်းအကြံပြုချက်ကို ရှင်းလင်းတင်ပြခဲ့သည်။ သခင်တင်ကလည်း ဦးနု သီဟိုဠ်မှပြန်ရောက်လျှင် ရှင်းလင်းတင်ပြရန် သဘောတူသည်။ ရှင်းလင်းတင်ပြရန် တာဝန်ကို ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဦးလှမောင်တို့အား တာဝန်ပေးအပ်ခဲ့သည်။[၁]

ဦးနု သီဟိုဠ်နိုင်ငံမှ ပြန်လာသောအခါ လေဆိပ်တွင် သခင်ကျော်ထွန်းက လေယာဉ်ပေါ်သို့ တက်သွားပြီး ဦးနုအား အရေးပေါ်ကိစ္စတစ်ခု ပေါ်ပေါက်နေ၍ မည်သူနှင့်မျှ တွေ့ဆုံ ခြင်းမပြုမီ ဆေးရုံသို့လာရောက်တွေ့ဆုံရန် သခင်တင်က မှာကြားကြောင်း သတင်းပို့ သည်။ ဦးနုဆေးရုံသို့ ရောက်ရှိလာသောအခါ သခင်တင်က ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့သည် ဦးနုကို ဝန်ကြီးချုပ်ရာထူးမှ အမြဲတမ်းဖြုတ်ချရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း တင်ပြခဲ့သည်။

ဦးနုသည် ယင်းအားဖယ်ထုတ်ရန် ကြံစည်နေသည်ဆိုသည့် သခင်တင်၏ တစ်ဖက်သတ်ပြောကြားချက်ကို နားယောင်ကာ ဦးဗဆွေနှင့်ဦးကျော်ငြိမ်းတို့အား မုန်းတီးမှုလွန်ကဲ ပြင်းထန်လာပြီး မူလကဝန်ကြီးချုပ်အဖြစ် တစ်နှစ်ဆိုင်းငံ့ကာလ ထားရှိခြင်းကို မစောင့်ဆိုင်း တော့ဘဲ ရာထူးပြန်လည်ရယူရန် ဆုံးဖြတ်ခဲ့သည်။ သံအမတ်ကြီးဦးလှမောင်နှင့် ဗိုလ်ချုပ်ကြီး နေဝင်းတို့က နောက်ပိုင်းတွင် ဦးနုထံသွားရောက်၍ ဦးနုအားဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားရေး အစီအစဉ်ဆိုသည်မှာ လုံးဝမဟုတ်ကြောင်း၊ ဦးနုဝန်ကြီးချုပ်အဖြစ် ပြန်လည်ဆောင်ရွက်လိုသည့် အချိန်တွင် လက်ခံရန် မိမိတို့အားလုံး အဆင်သင့်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့သော်လည်း ဦးနုက လက်ခံခြင်းမရှိပေ။ ဤအစီအစဉ်မှာ မိမိကိုဖြုတ်ချရန် ဦးကျော်ငြိမ်း၏ လက်ချက်ဖြစ်သည်ဟု ယူဆခဲ့သည်။[၂] ၁၉၅၇ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဦးနုသည် ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရယူ ခဲ့သည်။

၁၉၅၈ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ကမ္ဘာအေး ကုန်းမြေတွင် ပြုလုပ်သော တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ဖဆပလညီလာခံတွင်လည်း အထွေထွေအတွင်းရေးမှူး ခန့်အပ်ရေးကိစ္စနှင့် ပတ်သက်၍ ဦးဗဆွေ၊ ဦးကျော်ငြိမ်း အုပ်စုနှင့် သခင်တင်၊ သခင်ကျော်ထွန်းအုပ်စုတို့ မပြေ မလည်ဖြစ်ခဲ့ရသည်။

ညီလာခံတွင် ဦးနုက ဖဆပလအထွေထွေအတွင်းရေးမှူး အဖြစ် သခင်ကျော်ထွန်း ကို ပြန်လည်ခန့်အပ်လိုပြီး ဦးကျော်ငြိမ်းတို့အုပ်စုက ဦးဗဆွေကို သခင်ကျော်ထွန်း၏ နေရာတွင်

---

၁ ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၄၃

၂ ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၄၄–၄၅

အစားထိုးခန့်ထားရန် ဆန္ဒရှိကြသည်။ ဦးနုကယင်းအား ဝန်ကြီးချုပ်အဖြစ်မှ ဖယ်ရှားရေး အစီအစဉ်ကို အချိန်မီသတိပေးသည့် သခင်ကျော်ထွန်းကို အထွေထွေအတွင်းရေးမှူးအဖြစ် မလွဲမသွေ ခန့်ထားရန် ခေါင်းမာစွာ အတင်းအကြပ်တောင်းဆိုခဲ့သည်။ အထွေထွေအတွင်းရေးမှူး ရွေးချယ်ရေးကိစ္စကို စေ့စပ်မရသဖြင့် ညီလာခံ၌ အကွဲအပြဲများ ပေါ်ထွက်ခဲ့သည်။ ထိုအခါ ဦးဗဆွေက သခင်ကျော်ထွန်းသည် အထွေထွေအတွင်းရေးမှူး ဖြစ်လိုပါက ၄၅ ရက်ကြာမြင့်ပြီးသောအခါ ရာထူးမှ နုတ်ထွက်ပေးမည်ဟု ကတိပြုရန် ကြားဝင်ဖျန်ဖြေခဲ့သည်။ သခင်ကျော်ထွန်းကလည်း ဦးဗဆွေက တောင်းဆိုလာပါက၄၅ ရက်ကြာမြင့်ပြီးနောက်အထွေထွေအတွင်းရေးမှူးရာထူးမှ နုတ်ထွက်ပေးမည်ဟု ကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ယာယီပြေလည်မှုရရှိကာ ညီလာခံမှာ ချောမောစွာပြီးဆုံးခဲ့သည်။ [၁]

ထိုအချိန်တွင် ရန်ကုန်နှင့် အင်းစိန်နယ်မြေများ၌ ရာဇဝတ်မှုများတိုးတက်ထူပြောလာခဲ့ရာ နေ့စဉ်နေ့တိုင်း လူသတ်မှုနှင့် ပြန်ပေးဆွဲမှုများ ဖြစ်ပွားခဲ့သည်။ သတင်းစာများကလည်း အစိုးရအပေါ်ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့သည်။ ရန်ကုန်မြို့လယ်ခေါင်၌ပင် အသက်နှင့် ပစ္စည်းလုံခြုံမှုမရှိ သည့်အထိ တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားရေး ယိမ်းယိုင်လာခဲ့သည်။ [၂]

ထို့ကြောင့် ဝန်ကြီးချုပ်ဦးနုဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော အမျိုးသားကာကွယ်ရေးကောင်စီ အစည်းအဝေးကိုကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်က ပြည်တွင်းငြိမ်ဝပ်ပိပြားမှု အခြေအနေကိုအစီရင်ခံခဲ့သည်။ ယင်းအစီရင်ခံချက်တွင် လူဆိုးအတော်များများအား သြဇာရှိနိုင်ငံရေးသမားများက အကာအကွယ်ပေးထားသောကြောင့်အာဏာပိုင်များက အရေးမယူနိုင်ကြောင်း တင်ပြသည်။ ထို့ကြောင့် ဦးနုကမည်သူမဆို နိုင်ငံရေးသမားများထဲမှ အကာအကွယ်ပေးလျှင် ချက်ချင်းအရေးယူမည်ဟု အမိန့်ထုတ်ခဲ့သည်။ [၃] ထို့ပြင်ရာဇဝတ်မှုနှင့် ပတ်သက်၍ သင်္ကာမကင်းဖြစ်သူများကို မည်သည့်ပါတီဝင်ပင် ဖြစ်စေကာမူ ဖမ်းဆီးရန်အမိန့်ပေးခဲ့သည်။ ၁၉၅၈ခုနှစ်၊ မတ်လကုန်ခါနီးတွင် မသင်္ကာသူများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးသောအခါ ဦးကျော်ငြိမ်း၏ လူဖြဦးသာပါဝင်ပြီး သခင်ကျော်ထွန်း၏ လူ၂၀၀ကျော် အဖမ်းခံခဲ့ရသည်။ [၄] ဤကိစ္စနှင့်ပတ်သက်၍ အဖမ်းအဆီးများကို သခင်သာခင်၏ ပြည်ထဲရေးဌာနက ဆောင်ရွက်ခြင်းဖြစ်၍လည်းကောင်း၊ ဦးကျော်ငြိမ်းတို့က ပြည်ထဲရေးနှင့်တပ်မတော်အရာရှိအချို့၏ မတရားသြဇာသုံး၍လည်းကောင်း သခင်ကျော်ထွန်း၏ လူအများစုအဖမ်းခံခဲ့ရသည်ဟု သခင်တင်နှင့်သခင်ကျော်ထွန်း

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲဇာတ်လမ်း** မျက် ၄၇–၄၈

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲဇာတ်လမ်း** မျက် ၄၈–၄၉

[၃] သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့– **၁၉၅၈–၁၉၆၂ မြန်မာနိုင်ငံရေး၊ (ပထမတွဲ)** မျက် ၁၆၇

[၄] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲဇာတ်လမ်း** မျက် ၅၀

တို့ကယူဆခဲ့ကြသည်။[၁] ဧပြီလကုန်ခန့်တွင် ဦးနုသည် နယူးဒေလီမြို့သို့ ကုန်သွယ်ရေးကိစ္စအတွက် ခရီးထွက်ခွာသွားသော ပြည်ထဲရေးဝန်ကြီး သခင်သာခင်အား လမ်းတစ်ဝက်မှပြန်လာရန် သံကြိုးရိုက်ခေါ်ယူကာပြန်လည်ရောက်ရှိလာပြီး နောက်တစ်နေ့တွင် သခင်သာခင်ထံမှ ပြည်ထဲရေးဝန်ကြီး ဌာနကို ဦးနုက လွှဲပြောင်းယူခဲ့သည်။

ထို့စဉ် ဧပြီလ ၂၀ ရက်နေ့တွင် အင်းစိန်ဖဆပလ လူငယ်ညီလာခံကျင်းပသည်။ ညီလာခံသို့ ဖဆပလဌာနချုပ်မှ ခေါင်းဆောင်အချို့လည်း တက်ရောက်ခဲ့သည်။ ယင်းလူငယ်ညီလာခံတွင် ဆုံးဖြတ်ချက်သုံးခုကို ချမှတ်ရာ ဆုံးဖြတ်ချက်အမှတ်(၃)မှာ ကိုယ်ကျိုးရှာနေကြသော လူထုခေါင်းဆောင်အမည်ခံ လူသတ်၊ ဓါးပြတိုက်၊ မီးရှို့၊ ပြန်ပေးဆွဲ၊ မုဒိမ်းကျင့်နေကြသည့် အမိုက်တရားတွေကို ရေလိုက်မမျှောမိရန် တိုက်တွန်းခြင်းဟူ၍ဖြစ်သည်။ ထိုအချိန်ကဦးနုမှာ မော်လမြိုင်သို့လည်းကောင်း၊ ဦးကျော်ငြိမ်းမှာရခိုင်တိုင်းသို့လည်းကောင်း၊ ဦးဗဆွေမှာလည်း သားများရှင်ပြုရန် မြိတ်၊ထားဝယ်သို့လည်းကောင်း ရောက်ရှိနေခိုက်ဖြစ်သည်။ ဦးနုမော်လမြိုင်မှ ပြန်လည်ရောက်ရှိလာချိန်တွင် အင်းစိန် ဖဆပလလူငယ်ညီလာခံနှင့် ပတ်သက်သော သတင်းကိုသိရသည်။ အင်းစိန်သည် သခင်ကျော်ထွန်း၏ စည်းရုံးရေးနယ်မြေဖြစ်၍ ဤကဲ့သို့ညီလာခံတွင် စွပ်စွဲခြင်းမှာ သခင်ကျော်ထွန်းတို့အား ဦးကျော်ငြိမ်းတို့က စစ်ကြေညာခြင်းဖြစ်သည်ဟု ဦးနုကယူဆခဲ့သည်။ ထို့ကြောင့် ဤပြဿနာ၏အဖြေကိုတစ်ဦးတည်းစဉ်းစားဆုံးဖြတ်ကာ သခင်တင်၊ သခင်ကျော်ထွန်းတို့အုပ်စုနှင့်ပေါင်း၍ ဦးကျော်ငြိမ်းအုပ်စုနှင့်လမ်းခွဲရန် ဦးနုကဆုံးဖြတ်ခဲ့သည်။ဧပြီလ၂၃ရက်နေ့တွင် သခင်တင်၊သခင်ကျော်ထွန်းတို့နှင့်တွေ့ဆုံကာ စကားနည်းရန်စဲ လမ်းစဉ်အရဖဆပလအဖွဲ့ကို ခွဲရန်ဆုံးဖြတ်ခဲ့သည်။[၂]

ဤသို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ဦးဆောင်ကြိုးပမ်းခဲ့သည့် ဖဆပလ အဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲရပုံကို လေ့လာသုံးသပ်ပါက သဘောတရားရေးအရ၊ နိုင်ငံရေးအရ သဘောတူညီမှု မရရှိ၍ ကွဲရခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသံသယများ၊ အာဃာတများကြောင့်လည်းကောင်း၊ ဖဆပလအဖွဲ့ချုပ်အတွင်း အာဏာလုရာမှလည်းကောင်း ပေါ်ပေါက်ခဲ့ရသည့် အကွဲအပြဲဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဖဆပလအဖွဲ့ချုပ်ကြီးသည် ဦးနု နှင့် သခင်တင်တို့ ဦးဆောင်သည့် နု-တင် သန့်ရှင်း ဖဆပလ နှင့် ဦးဗဆွေနှင့်ဦးကျော်ငြိမ်းတို့ ဦးဆောင်သည့် ဆွေ-ငြိမ်းတည်မြဲဖဆပလ ဟူ၍ ၁၉၅၈ခုနှစ် မေလတွင် အတိအလင်းနှစ်ခြမ်းကွဲခဲ့သည်။ ဤသို့ ဖဆပလအဖွဲ့ချုပ်ကြီးနှစ်ခြမ်းကွဲခဲ့ပြီးနောက် ပေါ်ပေါက်ခဲ့သည့် ရလာဒ် များမှာ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ခေါင်းဆောင်များ၏

---

[၁] သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့. - ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး(ပထမတွဲ) မျက် ၁၆၈

[၂] သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့. - ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး (ပထမတွဲ) မျက် ၁၆၈-၁၆၉

နိုင်ငံရေး သိက္ခာထိပါးခံရမှု၊ သိက္ခာကျဆင်းမှု များပင်ဖြစ်ပေသည်။ အုပ်စုနှစ်စုသည် တစ်ဖက်နှင့် တစ်ဖက်စွပ်စွဲပုတ်ခတ်မှုများပြုလုပ်ခဲ့ကြသည်။တစ်ယောက်နှင့်တစ်ယောက်လာဘ်ပေးလာဘ်ယူမှု၊ ငါ့တူ၊ ငါ့သား၊ ငါ့မယားကောင်းစားအောင် ဆောင်ရွက်မှု၊ မျက်နှာလိုက်မှု၊ အာဏာမက်မှု၊ကြာခိုမှု၊ ပြန်ပေးဆွဲမှုနှင့် လူသတ်မှုကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း အပြန်အလှန် စွပ်စွဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အုပ်စုနှစ်စုစလုံးမှ ခေါင်းဆောင်များ၏ ဂုဏ်သိက္ခာထိပါးခဲ့ရသည်။ အချို့သောစွပ်စွဲပြောဆိုချက်များသည် အခြေအမြစ်မရှိသော်လည်း ဝါးလုံးရှည်နှင့်သိမ်းကျုံး၍ ရမ်းသောသဘောဖြင့် ဖဆပလအဖွဲ့ကြီးမှ ထိပ်ပိုင်းခေါင်းဆောင်များလည်း စွပ်စွဲပြောဆိုခံရခြင်းမှ ကင်းလွတ်ခြင်းမရှိခဲ့ ပေ။[၁]

## နု–တင်၏ သန့်ရှင်းဖဆပလအနိုင်ရရှိခြင်း

ဖဆပလအဖွဲ့ချုပ်ကြီးနှစ်ခြမ်းကွဲခဲ့ပြီးနောက်အထူးအရေးပေါ်ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူရမည်ဖြစ်ရာ လွှတ်တော်အစည်းအဝေးကျင်းပရန် ရက်နီးကပ်လာသည်နှင့် အမျှ နု–တင် အုပ်စုနှင့် ဆွေ–ငြိမ်း အုပ်စုနှစ်ခုစလုံးသည် ယင်းတို့အားထောက်ခံမည့် အမတ်များကို အပြိုင်အဆိုင် စည်းရုံးခဲ့ကြသည်။ ဝန်ကြီးအဖွဲ့တွင် နု–တင် အုပ်စု၌ ဝန်ကြီး ၁၅ဦးနှင့် ဆွေ–ငြိမ်း အုပ်စု၌ ဝန်ကြီး၁၅ဦးစီဖြင့် အားချင်းပြိုင် ညီမျှလျက်ရှိပြီး ဆွေ–ငြိမ်းအုပ်စုက ကျင်းပမည့်အထူးအရေးပေါ်လွှတ်တော် အစည်းအဝေးတွင် ဦးနုအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းပြီး ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရမည်ဖြစ်သည်။ ဇွန်လ ၉ ရက်နေ့တွင် လွှတ်တော်အစည်းအဝေးကျင်းပပြီး ဆွေ–ငြိမ်းအုပ်စုက ဦးနုအစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းပြီး မဲခွဲသောအခါ အဆိုကို ထောက်ခံမဲ ၁၁၉မဲ၊ ကန့်ကွက်မဲ ၁၂၇မဲဖြင့် ဦးနုနှင့်သခင်တင်အုပ်စုက ၈ မဲအသာဖြင့် အနိုင်ရရှိသွား ခဲ့သည်။ ဦးနုနှင့်သခင်တင်အုပ်စုက ဤသို့အနိုင်ရရှိခြင်းမှာ ပမညတ[၂] အမတ်များ၏မဲ၄၄ မဲဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဦးနု၏သန့်ရှင်းဖဆပလအစိုးရသည် အုပ်ချုပ်ခဲ့သည် ၃လနှင့် ၁၇ ရက်ကာလအတွင်းတွင် လက်နက်ကိုင်သောင်းကျန်းသူများအား ထူးကဲသော အလျှော့ပေးမှုများကို ဆောင်ရွက်ခဲ့သည်။[၃]

ဖဆပလအဖွဲ့ကြီးအတွင်း အုပ်စုနှစ်ခု အကွဲအပြဲ မပေါ်ထွက်မီက ချုပ်ငြိမ်းကာနီးဖြစ်နေသည့် ရောင်စုံသောင်းကျန်းသူများသည် အစိုးရကို ငြိမ်းချမ်းရေးနှင့် သက်ညှာစွာစဉ်းစားရေးတို့အတွက် အသနားခံ တင်ပြခဲ့ကြသော်လည်း နောက်ပိုင်းတွင် ယင်းတို့၏ သဘောထားများ

---

၁ ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၅၈–၅၉

၂ ပြည်သူ့အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု

၃ ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၀၄

ပြောင်းလဲလာကာ အသနားခံခြင်းမှ တောင်းဆိုခြင်းများ ပြောင်းလဲပြုလုပ်လာခဲ့ကြသည်။ ဤသို့ သောင်းကျန်းသူများ၏ ရပ်တည်ချက်ပြောင်းလဲ လာရခြင်းမှာ နေ–တင်သန့်ရှင်းဖဆပလအုပ်စုကို ထောက်ခံသော မြေပေါ်ကွန်မြူနစ်မဟာမိတ်များက အကြံပေးခဲ့ခြင်းကြောင့် ဖြစ်သည်ဟုဆို သည်။ [၁]

ဦးနုက ၁၉၅၈ခုနှစ်၊ ဇွန်လ ၂၄ရက်နေ့တွင် အသံလွှင့်မိန့်ခွန်းပြောကြားရာ၌ အမျိုးသားညီလာခံတစ်ရပ် ခေါ်ယူရန်၊ အမျိုးသားညီလာခံ မကျင်းပမီ တောခိုသောင်းကျန်းသူများ အလင်းဝင်ရန်တိုက်တွန်းပြီး ကျူးလွန်ခဲ့သမျှအပြစ်များကို သင်ပုန်းချေပေးမည့် လွတ်ငြိမ်းချမ်းသာ ခွင့်ဥပဒေ ပြဌာန်းပေးရန်နှင့် လက်နက်ချအဖွဲ့ အစည်းများအား တရားဝင်ထူထောင်ခွင့် ပေးရန် ကတိပေးခဲ့သည်။ အတိုက်အခံ ပမညတ များကလည်း အစိုးရကပေးသည့် အခွင့်အရေးကို လက်မလွှတ်ဘဲ လက်နက်ကိုင်တိုက်ပွဲမှ လူထုတိုက်ပွဲသို့ ပြောင်းလဲပါဟူ၍ ဇွန်လ ၂၈ရက်နေ့တွင် ကြေညာခဲ့သည်။ အင်အား ၂၀၀၀ခန့်သာကျန်တော့သော ဗမာပြည်ကွန်မြူနစ်ပါတီသည်ထိုအချိန် မှစ၍ မူလတောင်းဆိုချက်များထက် ပိုမိုတောင်းဆိုလာခဲ့သည်။

အစိုးရ၏ အားနည်းချက်ကိုမြင်တွေ့နေရသော ဗမာပြည်ကွန်မြူနစ်ပါတီသည် ဝန်ကြီးချုပ်ဦးနု၏ အလျှော့ပေးထားသော ငြိမ်းချမ်းရေးကမ်းလှမ်းချက်များအပေါ် သဘောထား ရတ်တရက် ပြောင်းလဲကာ အစိုးရနှင့် ယင်းတို့တွေ့ဆုံဆွေးနွေးရေးနှင့် ယင်းတို့၏ လက်နက်ကိုင် တပ်ဖွဲ့များအား တရားဝင်လက်ခံဖွဲ့စည်းရေးစသော မောက်မာသည့် တောင်းဆိုချက်များကို တောင်းဆို လာခဲ့သည်။ [၂] ဤသို့ တောတွင်းသောင်းကျန်းသူ အဖွဲ့အစည်းများကို အလျှော့ပေးခြင်း၊ သောင်းကျန်းသူအဖွဲ့အစည်းများက မူလသဘောထားနှင့် ပြောင်းလဲကာ မောက်မာစွာတောင်းဆို ချက်များ ကိုတောင်းဆိုလာရခြင်းမှာ ဦးနုသည် လွှတ်တော်အစည်းအဝေး၌ အယုံအကြည်မရှိ အဆို ကို မဲခွဲကြရာတွင် ပမညတအမတ်များ၏ မဲကို အားကိုးခဲ့ရသောကြောင့်ဖြစ်သည်။

ဤသို့ သောင်းကျန်းသူများ မူပြောင်းသွားရခြင်းနှင့်ပတ်သက်၍ အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၅၈ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၌ပြည်သူ့ လွှတ်တော် တွင် ပထမအကြိမ် မူဝါဒမိန့်ခွန်းပြောကြားရာ၌ –

> " – – – – – – ဒီသောင်းကျန်းသူတွေဟာဆိုရင်၁၀နှစ်၁၀မိုးထက်ကြာ သောင်းကျန်း လာခဲ့ကြတာမှာ ပြည်ထောင်စုအစိုးရရဲ့ နှိမ်နင်းတိုက်ခိုက်မှု ဒဏ်ကြောင့် နိုင်ငံရေးအရလည်းကောင်း ၊ စစ်ရေးအရလည်းကောင်း မရှုမလှကျဆုံးခဲ့လေ တော့ ၁၉၅၇ခုနှစ်နောက်ပိုင်းနဲ့ ၁၉၅၈ခုနှစ်နှစ်ဦးပိုင်းမှာ

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတတ်လမ်း** မျက် ၁၀၄–၁၀၅

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတတ်လမ်း** မျက် ၁၀၆

အချို့ကလည်း မိမိတို့ ထကြွသောင်းကျန်းမိတာ မှားကြောင်းသိလို့၊ အချို့ကအခြေအနေမလှလို့ ပရိယာယ်နဲ့ အလင်းကို အစုလိုက်အပြုံလိုက် ဝင်ရောက်လာနေကြတာကို အမတ်မင်းများ အသိပါပဲ၊ အဲဒီလိုသောင်းကျန်းမှု အစိုင်အခဲကြီးပြိုကွဲပြီး အလင်းကို အစုလိုက်အပြုံလိုက် ဝင်လာနေခဲ့ကြတဲ့ အချိန်အတွင်းမှာပဲ အာဏာရ နိုင်ငံရေးလောကမှာ နိုင်ငံရေးလှုပ်ရှားမှုတွေ၊ နိုင်ငံရေးကစားမှုတွေ အပြင်းအထန် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဖွန်လအတွင်းမှာ အာဏာရနိုင်ငံရေး အဖွဲ့အစည်းကြီး အတိအလင်းကွဲသွားပြီဆိုတာ သိတာနဲ့တပြိုင်နက်တည်း အလင်းကို ဝင်တော့မဲ့ဆဲဆဲရှိနေကြတဲ့ သူပုန်တွေရဲ့ခြေလှမ်းဟာ . သိသိ သာသာကြီးတန့်ရပ်သွားခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဆိုရင်သူတို့ဆီက ကိုယ်စားလှယ်တစ်ယောက်ကို စေလွှတ်ပြီး အလင်းဝင်ဖို့ စကားကမ်းလှမ်း စေ့စပ်နေဆဲတန်းလန်းမှာ ပါတီတစ်ရပ်လုံးအနေနဲ့ အလင်းဝင်လာဖို့ အစစ အရာရာ သဘောတူညီမှု ရသလောက်ဖြစ်လာပြီးမှ အာဏာရ နိုင်ငံရေးအဖွဲ့ အစည်းအတွင်းမှာ အကျဉ်းအကျပ်တွေ့ပြီဆိုတာနဲ့ တပြိုင်နက် ချက်ချင်း လေသံပြောင်းသွားခဲ့ ပါတယ်။ဥပဒေအတွင်းကို ဝင်လာမဲ့ခြေလှမ်းဟာချက်ချင်း တန့်သွားပြီးတော့ အစိုးရကိုအကြပ်ကိုင်တဲ့ တောင်းဆိုချက်အသစ်တွေကို ထပ်ပြီး ပေါ်ထုတ်လာ ကြပြန်တယ်"

ဟူ၍မိန့်ကြားခဲ့သည်။ [၁]

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုချိုးဖေါက်ခြင်း

ဝန်ကြီးချုပ်ဦးနုသည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် လုပ်ရပ်များကိုလည်းဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပေသည်။ ယင်းလုပ်ရပ်များမှာ ပြည်နယ်ဝန်ကြီးများ ခန့်ထားခြင်းကိစ္စနှင့် သမ္မတအမိန့်ဖြင့် ဘတ်ဂျက်ကို အတည်ပြုရန်ကြိုးစားခြင်း၊ ကိစ္စများပင် ဖြစ်သည်။

၁၉၅၈ခုနှစ်၊ ဖွန်လ၄ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုဝင် ဝန်ကြီး ၁၅ဦးအစိုးရအဖွဲ့မှနုတ်ထွက်ကြရာတွင် ကရင်ပြည်နယ်ဝန်ကြီး ဒေါက်တာစောလှထွန်းနှင့်ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထားဆင်တို့ ပါဝင်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနုသည် ကရင်ပြည်နယ်ဝန်ကြီးအဖြစ် ဦးစောလှလှ

---

[၁] ဒေါက်တာမောင်မောင်– **မြန်မာနိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၆၈–၃၆၉

ကိုလည်းကောင်း၊ ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ဒူးဝါးဇော်ရစ်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့သည်။ ဤသို့ခန့်အပ်ရာ၌ ဝန်ကြီးချုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသော သက်ဆိုင်ရာပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ရန်ဆိုသောအချက်ကိုဆောင်ရွက်ခြင်းမပြုခဲ့ပေ။

ဆွေ-ငြိမ်းအုပ်စုက ဤကိစ္စကိုအကြောင်းပြုကာ ဦးနုသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စက္ကူစုတ်သဖွယ်သဘောထားကာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်သူဟုစွပ်စွဲခဲ့သည်။ ဦးနုက ဒေါက်တာစောလှထွန်းနှင့်ဦးဇန်ထားဆင်တို့နှစ်ဦး ပြည်နယ်ဝန်ကြီးများ ရာထူးမှနုတ်ထွက်သွားပြီးနောက်စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် အလျင်အမြန် လိုအပ်နေသောကြောင့် ပြည်နယ်ကောင်စီများနှင့် ညှိနှိုင်းခြင်းမပြုဘဲ ခန့်အပ်ခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ ဤသို့ခန့်ထားခဲ့ခြင်းမှာလည်း ယာယီမျှသာဖြစ်ပြီး ၊ ပြည်နယ်ကောင်စီ အစည်းအဝေးကျင်းပသောအခါ ဝန်ကြီးများရာထူးမှ နုတ်ထွက်ကြမည်ဖြစ်ကြောင်းရှင်း လင်းပြောကြားခဲ့သည်။[၁]

ထို့ပြင် ပြည်နယ်ဝန်ကြီးများ ခန့်အပ်ရာ၌ ပြည်နယ်ကောင်စီများနှင့်ညှိနှိုင်းရန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လိုအပ်သော်လည်း ကောင်စီကရွေးချယ်သူကိုဝန်ကြီးချုပ်က လက်ခံရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိ၍ လက်ခံခြင်းနှင့်ငြင်းပယ်ခြင်းမှာ ဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက်အရသာဖြစ်ကြောင်းချေပခဲ့သည်။သို့သော်ယင်း၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုရှိမရှိကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများကို ပြည်နယ်ကောင်စီနှင့် တိုင်ပင်ခြင်းမရှိဘဲ ခန့်အပ်ခြင်းမှာ ဥပဒေနှင့် ညီမညီကိုလည်းကောင်း တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက်ကိုတောင်းခံသွားမည်ဟု ကတိပြုခဲ့သည်။[၂]

ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်ကောင်စီ နှစ်ခုစလုံးတွင် ဆွေ-ငြိမ်း၏ တည်မြဲဖဆပလအုပ်စုက အများစုရရှိထားသည်။ ကချင်ပြည်နယ်ကောင်စီဝင်၁၉ဦးရှိသည့်အနက် ၁၀ဦး မှာ ဆွေ-ငြိမ်း၏ တည်မြဲဖဆပလမှဖြစ်ပြီး ကရင်ပြည်နယ်ကောင်စီဝင် ၂၂ဦးအနက် ၁၂ဦးမှာ လည်း ဆွေ-ငြိမ်း၏ တည်မြဲဖဆပလမှပင်ဖြစ်သည်။ အကယ်၍ဦးနုသည် ပြည်နယ် ကောင်စီဝင် အများစု၏ ဆုံးဖြတ်ချက်ကို လက်ခံမည်ဆိုပါက ယင်း၏ ဝန်ကြီးအဖွဲ့၌ ဆွေ-ငြိမ်း အုပ်စုမှ ပြည်နယ်ဝန်ကြီးများကိုထည့်သွင်းဖွဲ့စည်းရမည်ဖြစ်သည်။

၁၉၅၈ခုနှစ်၊ ဇူလိုင်လ၄ရက်နေ့တွင် ကရင်ပြည်နယ်ကောင်စီအစည်းအဝေးကို ဦးနု၏နေအိမ်၌ကျင်းပသောအခါဦးနုက ကောင်စီအဖွဲ့ဝင်များအား ယင်း၏ ဝန်ကြီးအဖွဲ့၌ ရဲဘော် ရဲဘက်အဖြစ်လက်ခံနိုင်မည့်ပုဂ္ဂိုလ်ကိုသာ ရွေးချယ်တင်မြှောက်ကြရန်သတိပေးခဲ့သည်။ ဇူလိုင်လ

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– အကွဲအပြဲစာတမ်း မျက် ၁၁၂–၁၁၇

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– အကွဲအပြဲစာတမ်း မျက် ၁၁၃

၄ရက်နေ့ပြည်နယ်ကောင်စီအစည်းအဝေးအစီအစဉ်၌ ဝန်ကြီးချုပ်ထံ တင်ပြရမည့် ပြည်နယ်ကောင်စီခေါင်းဆောင်များလျာထားမှုအစီအစဉ်ပါဝင်ခဲ့သည်။ကရင်နှင့်ကချင်ပြည်နယ်ကောင်စီဝင်အများစုမှာ ဆွေ–ငြိမ်း၏ တည်မြဲဖဆပလက လွှမ်းမိုးထားသော်လည်း ကောင်စီဥက္ကဋ္ဌနှစ်ဦးစလုံးမှာ နု–တင်၏ သန့်ရှင်းဖဆပလမှဖြစ်သည်။

ပြည်နယ်ကောင်စီရှိ ဆွေ–ငြိမ်း၏ တည်မြဲဖဆပလအဖွဲ့ဝင်များက ပြည်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ပုဂ္ဂိုလ်တစ်ဦးတည်းကိုမတင်ပြဘဲ ပုဂ္ဂိုလ်နှစ်ဦးကို ဝန်ကြီးချုပ်အားတင်ပြ၍ ဝန်ကြီးချုပ်က နှစ်သက်ရာပုဂ္ဂိုလ်ကို ရွေးချယ်ခြင်းမှာ ဒီမိုကရေစီမကျကြောင်းထောက်ပြခဲ့သည်။ ဝန်ကြီးချုပ်ဦးနုသည်ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့်ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ဒူးဝါးဇော်ရစ်နှင့် ဦးဒိန်ရတန်တို့နှစ်ဦးကို အမည်စာရင်းတင်သွင်းရာတွင် နု–တင်၏ သန့်ရှင်းဖဆပလအဖွဲ့ဝင် ဒူးဝါးဇော်ရစ်ကို ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးအဖြစ်ရွေးချယ်ပြီး ကရင်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်ဝန်ကြီးအဖြစ် ဦးစောလူလူနှင့် ဦးအေးစိုးမြင့်တို့ကို အမည်စာရင်းတင်သွင်းရာ၌ နု–တင် သန့်ရှင်းဖဆပလအဖွဲ့ဝင် ဦးစောလူလူကို ကရင်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးအဖြစ်ရွေးချယ်ခဲ့သည်။ [၁]

ယင်းပြည်နယ်ကောင်စီဥက္ကဋ္ဌ ခန့်ထားခြင်းကိစ္စနှင့် ပတ်သက်၍ တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ကို ရယူရာတွင် တရားဝန်ကြီးချုပ်ဦးမြင့်သိန်း ၊ တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်းအောင်နှင့် ဦးဘိုကြီးတို့ပါဝင်သော ခုံအဖွဲ့က "ပြည်နယ်ဝန်ကြီးများ ခန့်ထားရာ၌ ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဟု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားခြင်းမှာမလွှဲမသွေလုပ်ရမည့်သဘောမပါဝင်ဘဲ လမ်းညွှန်မှုသဘောသာရှိနေခြင်းကြောင့် ပြည်နယ်ဝန်ကြီးများအား ပြည်နယ်ကောင်စီနှင့်မတိုင်ပင်ဘဲ ခန့်အပ်ခဲ့ခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ကိုချိုးဖောက်ရာမရောက် "ဟုသဘောထားပေးခဲ့သည်။ [၂]

အလားတူပင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အညီဆောင်ရွက်ခဲ့ခြင်းမရှိသော ကိစ္စရပ်မှာ ဘတ်ဂျက်အစည်းအဝေးခေါ်ယူခြင်းကိစ္စဖြစ်သည်။ ၁၉၅၈ခုနှစ်၊ ဇွန်လ၉ရက်နေ့တွင်ဆွေ–ငြိမ်း တည်မြဲဖဆပလက လွှတ်တော်အစည်းအဝေး၌ ဦးနုအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရာ နု–တင် သန့်ရှင်းဖဆပလက ဂမဲအသာဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်ကြားဖြတ်လလယ်ခန့်တွင် ကျင်းပလေ့ရှိသော ဘတ်ဂျက်အစည်းအဝေး အောင်မြင်စွာပြီးစီးရန်လိုအပ်နေသေးသည်။ ဦးနု၏ နု–တင်သန့်ရှင်းဖဆပလသည် ပမညတအဖွဲ့၏ ကူညီမှုကြောင့် မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ရာ ဘတ်ဂျက်အစည်းအဝေးခေါ်ယူရန် စဉ်းစားရမည့်

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၁၆

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၁၇

အခြေအနေတွင် ရောက်ရှိနေသည်။ ဘတ်ဂျက်အစည်းအဝေးဆိုသည်မှာ အယုံအကြည်မရှိ အဆို တင်သွင်းသကဲ့သို့ တစ်ကြိမ်တည်းနှင့် ပြီးပြတ်ခြင်းမရှိဘဲ အဆင့်ဆင့်ခုခံချေပရမည့် လုပ်ငန်းဖြစ်သည်။ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုမှန်သမျှကို အတည်ပြုနိုင်ရန် အကြိတ်အနယ်ဆောင်ရွက်ရမည့် အပြင်နိဂုံးချုပ်အားဖြင့် ဘတ်ဂျက်ဥပဒေကြမ်းကို အတည်ပြုရန်လည်းရှိသေးသည်။ သုံးစွဲခြင်းဆိုင်ရာကဏ္ဍတစ်ခု၌ ရှုံးနိမ့်ခြင်းသည် အစိုးရအဖွဲ့ပြုတ်ကျခြင်းပင်ဖြစ်သည်။[၁] ထို့ကြောင့် ဦးနုဖြေရှင်းရမည့်ကိစ္စမှာ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာ ဘတ်ဂျက်အစည်းအဝေး ကျင်းပမည်လော သို့မဟုတ် လွှတ်တော်ကို ဖျက်သိမ်းကာ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုမည်လောဆိုသော ပြဿနာပင်ဖြစ်သည်။ လွှတ်တော်ဖျက်သိမ်းရေးကို ပမညတအဖွဲ့ကလည်း ဆန့်ကျင်သည်။ ပမညတအနေဖြင့် လွှတ်တော်အတွင်း အုပ်စုတိုက်ပွဲများရှိနေမှသာလျှင် ယင်းတို့အတွက် အစိုးရကို ကြိုးကိုင်နိုင်မည်ဖြစ်သည် ။အစိုးရကိုဤသို့ နိုင်ကွက်ရရှိထားခြင်းကြောင့် တောတွင်းဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူများနှင့် ပတ်သက်၍ အလျှော့ပေးမှုများ ရရှိအောင်ဆောင်ရွက်နိုင်မည်။ ထို့ပြင်ဖဆပလအဖွဲ့အတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသောကြောင့် ပမညတ၏အနေအထားမှာ ပြောင်းလဲလာခဲ့သည်။ အစိုးရက ယင်းတို့အပေါ်မှီခိုနေရခြင်းကြောင့် နိုင်ငံရေးအရ လွှတ်တော်တွင် သာမန်နိုင်ငံရေးပါတီဘဝမှ သော့ချက်ကျသော အင်းအားစုဖြစ်လာခဲ့သည်။[၂]

ဦးနုသည် လွှတ်တော်၌ ဘတ်ဂျက်အစည်းအဝေး ကျင်းပပါက ရှုံးနိမ့်ရန် သေချာသလောက်ရှိနေသောအခြေအနေနှင့် ကြုံတွေ့နေရပြီး တစ်ဖက်တွင်လည်း ပမညတအဖွဲ့က ကြိုးကိုင်စပြုလာသည်။ဤကဲ့သို့သောအခြေအနေတွင် ဦးနုက ဘတ်ဂျက်အစည်းအဝေးကို ဇူလိုင်လ ၂၈ရက်နေ့တွင်လည်းကောင်း၊လူမျိုးစုလွှတ်တော်ကိုစက်တင်ဘာလ ၁၅ ရက်နေ့တွင် လည်းကောင်း ခေါ်ယူမည်ဖြစ်ကြောင်းကြေညာသည်။ သို့သော်ဦးနုသည် ဇူလိုင်လ ၁၉ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ဇူလိုင်လ ၂၈ ရက်နေ့တွင်ကျင်းပရန်ခေါ်ယူထားသော ဘတ်ဂျက်အစည်းအဝေးကိုပယ်ဖျက်လိုက်ကြောင်းကြေညာပြီးဤကဲ့သို့ဆောင်ရွက်ရခြင်းမှာ အလင်းဝင်လာသောသူများ များပြားလာသည့်နှင့်အမျှယင်းတို့အား ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လာစေရေးအတွက် အထွေထွေရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်ရန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။[၃]

ဦးနု၏လုပ်ရပ်နှင့်ပတ်သက်၍ဆွေ– ငြိမ်း တည်မြဲ ဖဆပလ ကဘတ်ဂျက် အစည်းအဝေး ကိုဖျက်သိမ်းလိုက်ခြင်းမှာ သူ့ရဲဘောကြောင်ခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း ဖြစ်ကြောင်း၊

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၂၁

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၁၉

[၃] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၂၄–၁၂၅

နိုင်ငံရေးအကျိုးစီးပွားအတွက် လွှတ်တော်ကို အလွဲသုံးစားပြုခြင်းမှာ ဘေးအန္တရာယ် များပြားသည့် နမူနာပြလုပ်ရပ် ဖြစ်သည့်အပြင် ပါလီမန်ဒီမိုကရေစီကိုလည်းဖျက်ဆီးရာရောက်ကြောင်း စွပ်စွဲပြောကြားသည်။ ဦးနုသည်ဩဂုတ်လ ၂ ရက်နေ့တွင် ဆွေ-ငြိမ်း ဖဆပလ ခေါင်းဆောင်များဖြစ်သော ဦးဗဆွေ၊ဦးကျော်ငြိမ်းနှင့်ဦးထွန်းတင်တို့ကို ခေါ်ယူတွေ့ဆုံကာ ဘတ်ဂျက်ကို သမ္မတအမိန့်ဖြင့် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ကြောင်းပြောကားခဲ့သည်။ ဆွေ-ငြိမ်း ဖဆပလ ခေါင်းဆောင်များကလည်း ဘတ်ဂျက်ကိုသမ္မတအမိန့်ဖြင့် အတည်ပြုမည့် ကိစ္စကို ပြင်းထန်စွာကန့်ကွက်ပြီး ပါလီမန်ဒီမိုကရေစီရှင်သန်ရေးအတွက် ဘတ်ဂျက်အစည်းအဝေးကို ပြန်လည်ခေါ်ယူရန် ဦးနုအားတိုက်တွန်းခဲ့သည်။ သို့ရာတွင် ဦးနုက လိုက်လျော ခြင်းမရှိဘဲဘတ်ဂျက်ကို သမ္မတ၏အမိန့်ဖြင့် အတည်ပြုရန်ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ အထွေထွေ ရွေးကောက်ပွဲအသစ် တစ်ရပ်ကျင်းပနိုင်ရေးအတွက် လွှတ်တော်ကို ဖျက်သိမ်းမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။[၁]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၀ (၁) တွင် –

> " ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏ ညီလာခံမရှိခိုက် မည်သည့်အခါမျိုးမဆိုနိုင်ငံတော်သမ္မတသည် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သောကိစ္စများပေါ်ပေါက်လာသည်ဟုယူဆလျှင် ထိုကိစ္စများ ပေါ်ပေါက်လာသည့်အလျောက် လိုအပ်သည်ဟုထင်မြင်သော တစ်ချက်လွှတ်ဥပဒေများကိုထုတ်ပြန်ကြေညာနိုင်သည်။ ဤပုဒ်မအရထုတ်ပြန်ကြေညာသွားသော တစ်ချက်လွှတ်ဥပဒေသည်နိုင်ငံတော်သမ္မတက သဘောတူပြီးဖြစ်သော ပါလီမန်၏ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်၍ အတည့်ဖြစ်စေရမည် "

ဟုဖော်ပြပါရှိရာ ဥပဒေပြဋ္ဌာန်းရာ၌လည်းကောင်း၊ ဝန်ကြီးချုပ်၏ အကြံပြုချက်အရ ပါလီမန်ကိုဖျက်သိမ်းရာ၌ လည်းကောင်းသမ္မတသည် မိမိဆန္ဒအတိုင်း ဆုံးဖြတ်ဆောင်ရွက်နိုင်သည့်အခွင့်အာဏာ ရှိသည်။

ဩဂုတ်လ၂၇ရက်နေ့တွင်ဆွေ-ငြိမ်းတည်မြဲဖဆပလ အမတ်များက ဝန်ကြီးချုပ်ဦးနုထံပါလီမန်ဘတ်ဂျက်အစည်းအဝေးပြန်လည်ခေါ်ယူကျင်းပပေးပါရန်အမှာစာတစ်စောင်ပေးပို့ခဲ့သည်။ ဆွေ-ငြိမ်းတည်မြဲဖဆပလအမတ်များက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ၁၂၅(၁) ကို ရည်ညွှန်းလျက် ဘတ်ဂျက်ကိုပါလီမန်လွှတ်တော်သို့တင်ပြရေးမှာမလွဲမသွေ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ကြောင်း၊ ဘတ်ဂျက်ကိုသမ္မတ၏ အမိန့်ဖြင့်အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက်ဘတ်ဂျက်အစည်းအဝေးကို ပယ်ဖျက်ခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချိုးဖောက်ရာရောက်ပြီး

---

[၁] ဂါးဒီးယန်း၊ဦးစိန်ဝင်း– **အကွဲအပြဲစာတတ်လမ်း** မျက် ၁၂၆–၁၂၇

ပါလီမန်ဒီမိုကရေစီ ကိုဖျက်ဆီးပစ်ရာရောက်ကြောင်းဖြင့်ထောက်ပြခဲ့သည်။ သို့ရာတွင် ဝန်ကြီးချုပ် ဦးနု က အရေးယူဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ပေ။

ဦးနု၏သန့်ရှင်းဖဆပလ အစိုးရသည် ပါလီမန်ကို စက်တင်ဘာလ ၂၉ရက်နေ့တွင် ဖျက်သိမ်းပြီး၊ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် စက်တင်ဘာလ ၃၀ရက်နေ့တွင် ပြဋ္ဌာန်းကာ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလအတွင်း ကျင်းပမည်ဟု စက်တင်ဘာလ ၂၂ရက်နေ့တွင် ဆုံးဖြတ် ခဲ့သည်။ ဦးနု၏ သန့်ရှင်းဖဆပလ အစိုးရပြုလုပ်ခဲ့သောအမှားများအနက် ပါလီမန်တွင် အမတ် အများစုမရရှိပါက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ပုဒ်မ (၅၇)အရ ပါလီမန်ဖျက်သိမ်းရေး အစီအစဉ်နှင့် ကျင်းပရန်ခေါ်ယူထားသောဘတ်ဂျက်အစည်းအဝေးကိုဖျက်သိမ်းခဲ့ခြင်း၊ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့်အတည်ပြုပြဋ္ဌာန်းရန်စီစဉ်ခဲ့ခြင်း တို့မှာ အကြီးမားဆုံးသော အမှားများဖြစ်သည်[၁] ဟုဆိုကြသည်။

သို့ရာတွင် ဆုံးဖြတ်ထားသော ပါလီမန်ဖျက်သိမ်းရေးသည် လည်းကောင်း၊ နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန်စီစဉ်ထားခြင်းသည်လည်းကောင်း အကောင် အထည် မပေါ်ခဲ့ပေ။ ဦးနု၏သန့်ရှင်းဖဆပလ အစိုးရလက်ထက်တွင် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးမှာယိုယွင်းလာပြီး နယ်များရှိအခြေအနေမှာ နိုဝင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေတွင် မရှိသောကြောင့် ဝန်ကြီးချုပ် ဦးနု က ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရထံ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် အေးချမ်း သာယာရေးကို ပြန်လည်ဖေါ်ဆောင်ပေးရန် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အာဏာ လွှဲပြောင်း ပေးအပ်ခဲ့သောကြောင့်ဖြစ်သည်။

## တပ်မတော်သို့ဂယက်ရိုက်ခတ်ခြင်း

ဖဆပလအဖွဲ့ချုပ်ကြီးနှစ်ခြမ်းကွဲခဲ့ရသည့် ဂယက်သည် တပ်မတော်အတွင်းသို့ လည်းရိုက်ခတ်ခဲ့သည်။ တပ်မတော်အတွင်း၌ ပြည်သူ့အရေးတော်ပုံပါတီ ထူထောင်စကပင် ဦးဗဆွေ၊ ဦးကျော်ငြိမ်း တို့နှင့်ရင်းနှီးခင်မင်ခဲ့သည့် ပုဂ္ဂိုလ်များဖြစ်သော ဗိုလ်မှူးကြီးအောင်ကြီး၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ရွှေ၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးချစ်ခိုင်တို့ သည် တပ်မတော်အတွင်း၌ အရာရှိကြီးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

တပ်မတော်သည် ဖဆပလအစိုးရ၏ ခေါင်းဆောင်မှုကိုခံယူကာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာမှ ဖဆပလအဖွဲ့ချုပ်ကြီး နု– တင်သန့်ရှင်းဖဆပလ

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၂၈–၁၂၉

နှင့် ဆွေ-ငြိမ်းတည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲသွားသောအခါ တပ်မတော်ကအုပ်စုတစ်ခုခုကို ထောက်ခံအားပေးမည်ဟူသော ကောလာဟလပေါ်ပေါက်ခဲ့သည်။ ယင်းကောလာဟလများ နှင့် ပတ်သက်၍ ၁၉၅၈ ခုနှစ်မေလ၇ ရက်နေ့တွင်ဝန်ကြီးချုပ်ဦးနုကသတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာ၌ တပ်မတော် သည် နိုင်ငံရေးသမားများအရှုတ်အရှင်းတွင် မည်သည့်ဘက်မှပါမည်မဟုတ်ကြောင်း၊ ပြည်သူ့ဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အစိုးရအဖွဲ့ကို ထောက်ခံကြလိမ့်မည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့၏လုပ်ငန်းစဉ်ကိုမနှစ်သက်၍မထောက်ခံနိုင်လျှင် စစ်တပ်ထဲတွင်မနေဘဲ အပြင်ထွက်နေမည်ဟု စစ်ဘက်ခေါင်းဆောင်များက မိမိအားပြောကြားထားကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ [၁]

တည်မြဲဖဆပလနှင့် ပတ်သက်၍လည်းဦးဗဆွေမှာ ကာကွယ်ရေးဝန်ကြီးဖြစ်၍ တပ်မတော် ကျောထောက် နောက်ခံ ရှိသည်။ ဦးကျော်ငြိမ်း နောက်တွင် စစ်ရဲရှိသည်။ ထို့ကြောင့် ဦးဗဆွေတို့ဘက်ကရှုံးလျှင်စစ်တပ်နှင့်စစ်ရဲကကူညီမည်ဟုသတင်းများပေါ်ပေါက်ခဲ့သည်။ အဆိုပါ သတင်းစာများနှင့် ပတ်သက်၍မေလ ၉ ရက်နေ့တွင် ဦးဗဆွေကယင်း၏နေအိမ်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး အုပ်စုနှစ်စုဖြစ်နေချိန်တွင်စစ်တပ်များအားမည်သည့်အုပ်စု ကိုမျှဘက်မလိုက်ရဟု ကာကွယ်ရေးဝန်ကြီးအနေဖြင့် ညွှန်ကြားထားကြောင်း၊ စစ်တပ်သည်တိုင်းပြည်၏အန္တရာယ်ကိုသာ ကာကွယ်ရမည်၊ မိမိတို့ကသွေးထွက်သံယိုမှုကို မည်သည့်အခါမျှမလုပ်ဟုပြောကြားခဲ့သည်။ [၂]

သန့်ရှင်းဖဆပလအစိုးရတွင် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒုတိယဝန်ကြီးချုပ်ရာထူးကို လက်ခံလိမ့်မည်ဟုလည်း သတင်းလွှင့်ကြရာ တပ်မတော်သတင်းပြန်ကြားရေးဌာနက မေလ ၃၀ ရက်နေ့တွင်ဖြေရှင်းထုတ်ပြန်ရာ၌ ဗိုလ်ချုပ်ကြီးနေဝင်းအား ဦးနုအုပ်စုကသော်လည်းကောင်း၊ ဦးဗဆွေအုပ်စုကသော်လည်းကောင်း ဝန်ကြီးအဖွဲ့၌ပါဝင်ရန် ချဉ်းကပ်တောင်းဆိုချက် လုံးဝမရှိကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းကလည်းဝန်ကြီးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန်လုံးဝဆန္ဒမရှိကြောင်း၊ တပ်မတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရသာ တာဝန်ဝတ္တရားများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေရှင်းခဲ့သည်။ [၃]

ဗိုလ်ချုပ်ကြီးနေဝင်းက လည်းတပ်မတော်မှပုဂ္ဂိုလ်များ အုပ်စုသံယောဇဉ်မကင်းသောတပ်မှူးများအားတာဝန်ဝတ္တရားထမ်းဆောင်ရာတွင် ယင်းသံယောဇဉ်ကိုမေ့ကြ၊ တပ်မတော်သည်တိုင်းပြည်အတွက်ဖြစ်သည်၊ ဘယ်အုပ်စုခေါင်းဆောင်အတွက်မှအဖြစ်စေရ၊ သံယောဇဉ်

---

[၁] မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.– ၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ) မျက် ၂၁၄

[၂] မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.– ၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ) မျက် ၂၁၄

[၃] မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.– ၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ) မျက် ၂၁၄

နှင့်တာဝန်ကိုခွဲခြားမထားနိုင်သောတပ်မတော်သားတို့သည် တပ်မှနုတ်ထွက်ကြဟု တပ်မှူးများညီလာခံတွင်အတိအလင်းကြေညာခဲ့သည်။ တပ်မတော်သည် ဥပဒေကိုလေးစားမည်၊ အခြေခံဥပဒေကိုစောင့်ရှောက်မည်၊ တရားဝင်တက်လာသော အစိုးရ၏ တရားဝင်ညွှန်ကြားချက်တို့ကို တစ်သဝေမတိမ်းလိုက်နာမည်၊ အုပ်စုတိုက်ပွဲတွင်မပါဝင်၊ အသုံးမခံ ၊ အစိုးရကလည်းတပ်မတော်ကိုတရားဥပဒေ၊အခြေခံဥပဒေတို့နှင့်အညီသာလျှင်တာဝန်ပေးပါဟု မိန့်ကြားခဲ့သည်။ တပ်မတော်က နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရန် အတတ်နိုင်ဆုံး ဟန့်တားခဲ့သည်။ သို့သော် အုပ်စုသံယောဇဉ်ကို အချို့သောတပ်မှူးများက မဖြတ်နိုင်ခဲ့ကြပေ၊ တပ်တွင်းမှာလည်း သန့်ရှင်းကိုလိုလားသူနှင့်တည်မြဲကိုလိုလားသူများ ကွဲပြားလာခဲ့သည်။ [၁]

တပ်မတော်အတွင်းမှတပ်မှူးအချို့သည်ဦးနု၏ သန့်ရှင်းဖဆပလ အစိုးရက လက်နက်ကိုင်သောင်းကျန်းသူများအပေါ် အလျှော့ပေးလွန်းသည့် လုပ်ရပ်များကို လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည့်လုပ်ရပ်များဖြစ်သည့် ပြည်နယ်ဝန်ကြီး ခန့်အပ်ခြင်းကိစ္စ၊ ဘတ်ဂျက်ကို လွှတ်တော်အစည်းအဝေး မခေါ်ဘဲ သမ္မတအမိန့်ဖြင့် အတည်ပြုရန်ကြိုးပမ်းသည့် လုပ်ရပ်များကိုလည်းကောင်း မနှစ်မြို့ကြပေ။ ဦးနုသည် ပမညတ ၏ ထောက်ခံမဲဖြင့် အနိုင်ရရှိ သည့်အတွက် ကွန်မြူနစ်သောင်းကျန်းသူများ အပေါ် လိုက်လျောလွန်းသည်၊ အလျှော့ပေးလွန်းသည်ဟု တပ်မတော်အတွင်းမှ တပ်မှူးအချို့က ထင်မြင်ယူဆခဲ့သည်။ သန့်ရှင်းဖဆပလ ကလည်း တပ်မတော်အတွင်းမှ အရာရှိများသည် ဆွေ–ငြိမ်း ဘက်တော်သားများဖြစ်ကြောင်း၊ ဆွေ–ငြိမ်းအုပ် စုကို ပိုမိုသံယောဇဉ်ရှိပြီး လိုလားသူများဖြစ်ကြောင်း ယူဆခဲ့ကြသည်။ [၂]

၁၉၅၈ ခုနှစ်ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့ အထိ နု–တင် သန့်ရှင်းဖဆပလ၏ မြန်မာနိုင်ငံလုံးဆိုင်ရာ သန့်ရှင်းဖဆပလညီလာခံကို ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်ဦးနု၏နေအိမ်ဝင်းအတွင်း၌ကျင်းပခဲ့သည်။ ညီလာခံဒုတိယနေ့တွင် သန့်ရှင်းဖဆပလနယ်ကိုယ်စားလှယ်များက မြို့ပြနှင့်တပ်မတော်အရာရှိများသည် အတိုက်အခံ ဆွေ–ငြိမ်း အုပ်စုအတွက် ဘက်လိုက်ဆောင်ရွက်နေကြကြောင်း၊ ယင်းတို့အားအခြားနေရာများသို့ပြောင်းရွှေ့ပေးရန် တပ်မတော်အရာရှိများ၏အမည်ကို တင်ပြခဲ့ကြသည်။ ဟံသာဝတီခရိုင်မှကိုယ်စားလှယ်က တပ်မတော်ကိုပြည်သူ၏အမှတ်တစ်ရန်သူအဖြစ်ကြေညာကာဆွေ–ငြိမ်းအုပ်စုကိုလိုလားသော မြို့ပြဝန်ထမ်းများအား ပြည်သူ့ရန်သူအမှတ်နှစ်အဖြစ် ထုတ်ဖော်စွပ်စွဲခဲ့သည်။ လက်နက်ကိုင်သောင်းကျန်းသူများကို ပြည်သူ့ရန်သူအမှတ်သုံးအဖြစ် သတ်မှတ်ခဲ့သည်။ ဤသို့တပ်မတော်ကို ပြည်သူလူထု၏အမှတ်

---

[၁] (က)မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့– **၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ပထမတွဲ)** မျက် ၂၁၆
(ခ)ဒေါက်တာမောင်မောင်–**မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၆၁

[၂] ဂါးဒီးယန်း ဦးစိန်ဝင်း–**အကွဲအပြဲစာတတ်လမ်း** မျက် ၁၅၄

တစ်ရန်သူအဖြစ် ရှုတ်ချပြစ်တင်ခဲ့ခြင်းကြောင့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး အတွက်သက်စွန့်ကြိုးပမ်း ထမ်းဆောင်နေကြသော တပ်မတော်သားများ အနေဖြင့် နာကြည်းစေခဲ့သည်။[၁]

စက်တင်ဘာလ ၃ ရက်နေ့တွင် တပ်မတော်ခေါင်းဆောင်အချို့ သည်ဝန်ကြီးချုပ်ဦးနုထံသွားရောက်ကြပြီး သန့်ရှင်းဖဆပလညီလာခံမှ တပ်မတော်၏ဂုဏ်သိက္ခာကိုညိုးနွမ်းစေသော စွပ်စွဲချက်များ ပြောဆိုခဲ့သဖြင့် တပ်မတော်နှင့်နိုင်ငံရေးသမားများအကြား ဆက်ဆံရေးအခြေအနေ၊ အထူးသဖြင့် နယ်များရှိ တပ်မတော်အရာရှိများနှင့်နိုင်ငံရေးသမားများ၏ ဆက်ဆံရေးအခြေအနေကို ဆိုးဝါးစေခဲ့ကြောင်း တိုင်တန်းခဲ့ကြသည်။ မမှန်မကန် စွပ်စွဲခြင်း ခံရသော တပ်မတော်အရာရှိများက ယင်းတို့အား စွပ်စွဲပြောဆိုခဲ့သူများကို တစ်ဦးချင်းအလိုက် ဥပဒေကြောင်းအရ တရားစွဲ ဆိုပိုင်ခွင့်ပြုရန် ဝန်ကြီးချုပ်အား တင်ပြခဲ့ကြသည်။ ဝန်ကြီးချုပ်ဦးနုက ယင်းကဲ့သို့ စွပ်စွဲပြောဆိုမှု များကို မိမိမသိရှိကြောင်း ငြင်းဆိုခဲ့သည်။[၂]

### ပြည်သူ့စစ်/ပြည်ထောင်စုထိန်း (ပြည်သူ့ရဲ) — 

**ပြုစောထီးများဖျက်သိမ်းရေး**

ဦးနု၏ သန့်ရှင်းဖဆပလအစိုးရသည် ဘတ်ဂျက်လွှတ်တော် အစည်းအဝေးဖျက်သိမ်း၍ ပြဿနာများနှင့်ရင်ဆိုင်နေရချိန်မှာပင် ပြုစောထီး ပြဿနာမှာလည်းထပ်မံပေါ်ပေါက်လာပြန်သည်။ ပြုစောထီးတပ်များကို ၁၉၅၅ ခုနှစ်အောက်တိုဘာလတွင် ဝန်ကြီးချုပ်ဦးနုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အမျိုးသားကာကွယ်ရေး ကောင်စီ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အစိုးရကပြုစောထီးတပ်များဖွဲ့စည်းတော့မည်ဟုကြေညာစဉ်ကပင်အတိုက်အခံပါတီအဖွဲ့အစည်းများက ပြင်းထန်စွာကန့်ကွက်ခဲ့ကြသည်။

အချို့သောပြုစောထီးတပ်များသည်ပြည်သူများကိုကာကွယ်စောင့်ရှောက်ရမည့်အစားလက်နက်အားကိုးဖြင့်ပြည်သူများကိုညှဉ်းပမ်းနှိပ်စက်လာကြသည်။တစ်စတစ်စဖြင့်မိမိတို့ကိုဖွဲ့စည်းပေးခဲ့သော ပါတီအုပ်စုများ၏ခါးပိုက်ဆောင်တပ်များသဖွယ်ပြုကျင့်လာကြသည်။ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင်ကပင် ပြုစောထီးများ၏ ရမ်းကားမှုများ ပေါ်ပေါက်လာသည်။ သာယာဝတီခရိုင်၊ မင်းလှ ရွေးကောက်ပွဲ လေးလောင်းပြိုင်သတ်မှု၊ ၁၉၅၇ ခုနှစ်မေလ ၂ ရက်နေ့တွင် မြိတ်ခရိုင်ဆီတောင်အိုင်ရွာ လူသတ်မှုများမှာ ပြုစောထီးများ၏ ရမ်းကားမှုများဖြစ်သည်။ အလားတူပင် အနယ်နယ်အရပ်ရပ်၌လည်း ပြုစောထီးများ၏ ရမ်းကားမှုများပေါ်ပေါက်ခဲ့သည်။ ဖဆပလ နှစ်ခြမ်းကွဲပြီးချိန်တွင် ပြုစောထီးများသည် ပြည်သူလူထုကိုအစုလိုက်အပြုံလိုက်

---

[၁] ဂါးဒီးယန်း ဦးစိန်ဝင်း–**အကွဲအပြဲဇာတ်လမ်း** မျက် ၁၅၈– ၁၆၀

[၂] ဂါးဒီးယန်း ဦးစိန်ဝင်း–**အကွဲအပြဲဇာတ်လမ်း** မျက် ၁၆၀–၁၆၁

သတ်ဖြတ်ခြင်း၊ ကျေးရွာများတွင် ရွာလုံးကျွတ်ဓါးပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်းတို့အပြင် နိုင်ငံရေး စွက်ဖက်မှုများကိုပါ ကျူးလွန်လာကြသည်။ ဤသို့ပြည်သူ့စောတီးများ၏ အပြစ်အနာအဆာများကို ပမညတအဖွဲ့မှ ကန့်ကွက်ပြီး ပြည်သူများတွေ့မြင်လာကြသည်။ ပြည်သူ့စောတီးဖျက်သိမ်းရေးကိစ္စ များကိုအာဏာပိုင်များ က စဉ်းစားလာကြသည်။[၁]

ဝန်ကြီးချုပ်ဦးနုသည် ၁၉၅၈ခုနှစ် ဇူလိုင်လ၃၀ ရက်နေ့တွင် တပ်မတော်အာဏာ ပိုင်များနှင့် ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီး တို့အားနေရာတိုင်းတွင်ပြည်သူ့စောတီးများကို ၅၀ ရာခိုင်နှုန်း လျှော့ပစ်ပြီး၊ ယင်းနေရာများတွင် နိုင်ငံရေးသမားများ အလျှင်းမပါဘဲ နယ်လုံခြုံရေး အဖွဲ့များကကိုယ်တိုင် ကြီးကြပ်ရွေးချယ်သော ပြည်သူ့စောတီးများခန့်ထားရန် ညွှန်ကြားခဲ့ပြီး ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်တို့ကိုလည်း ဗိုလ်ချုပ်ကြီး နေဝင်းတို့နှင့် တိုင်ပင် ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

၁၉၅၈ခုနှစ်၊ဩဂုတ်လ ၈ ရက်နေ့တွင်ပမညတ အဖွဲ့က ပြည်သူ့စောတီးများရှိနေ သရွေ့ တရားမျှတသန့်ရှင်းသော ရွေးကောက်ပွဲမဖြစ်နိုင်ဟုဆိုကာ ပြည်သူ့စောတီးများဖျက်သိမ်းရန် ဝန်ကြီးချုပ်ဦးနုအား ထပ်မံတိုက်တွန်းခဲ့သည်။ ယင်းနေ့မှာပင် မြန်မာပြည်အရပ်ရပ်မှ တပ်မဟာမှူး များ၊ ခရိုင်ရဲဝန်များ အစည်းအဝေးကိုတပ်မတော်ကပွဲရုံ၌ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၊ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူ နှင့်ရဲချုပ်စသောပုဂ္ဂိုလ်ကြီးများ တက်ရောက်ခဲ့သည်။ ထို အစည်းအဝေးတွင် ပြည်သူ့စောတီးနှင့်ပတ်သက်၍ တပ်များအားလုံးမဖျက်ဘဲ မသန့်ရှင်းသော တပ်မှန် သမျှကိုဖျက်ရေး၊ ပါတီသံယောဇဉ်ရှိသူ ပြည်သူ့စောတီးမှန်သမျှ နေ–တင် လူရော၊ ဆွေ–ငြိမ်း လူပါထုတ် ပစ်ရေး အစီအစဉ်များကို ဆွေးနွေးကြသည်။ ယင်းအစည်း အဝေးတွင် စစ်ဘက်အရာရှိများနှင့် ရဲအရာရှိအများစုက ပြည်သူ့စောတီးများသည် တိုင်းပြည် ငြိမ်ဝပ် ပိပြားရေးဆောင်ရွက်ရာ၌များစွာအကူအညီ ရ၍ မဖျက်သိမ်းသင့် သေးကြောင်း ဆွေးနွေးပြောကြား ကြသည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် တပ်မတော်ကပွဲရုံ၌ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်သည် တပ်မတော်အရာရှိကြီးများ၊ ခရိုင်ရဲဝန်များနှင့် တွေ့ဆုံဆွေးနွေးရာ၌ မြန်မာ တစ်ပြည်လုံးရှိ ပြည်သူ့စောတီးတပ်ဖွဲ့များအား ဖျက်သိမ်း၍ ရဲအဖွဲ့လက်အောက်တွင် အရန်ရဲအဖြစ် ပြောင်းလဲရန် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးအောင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်တို့နှင့်

---

[၁] မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့–၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ဒုတိယတွဲ) [illegible]

တပ်မတော်အရာရှိကြီးများ၊ ခရိုင်ရဲဝန်များ က သဘောတူဆုံးဖြတ်ကြသည်။[၁]

**သန့်ရှင်းဖဆပလကတပ်မတော်အပေါ်သံသယဖြစ်ခြင်း**

သန့်ရှင်းဖဆပလ ခေါင်းဆောင်များသည် တပ်မတော်ခေါင်းဆောင်များအပေါ် ဆွေ–ငြိမ်း တည်မြဲဖဆပလ ကိုလိုလားပြီး လာမည့်ရွေးကောက်ပွဲ၌ ဆွေ–ငြိမ်းအုပ်စုကိုအကူအညီ ပေးလိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ တပ်မတော်ခေါင်းဆောင်များကလည်း နု-တင် ၏ သန့်ရှင်းဖဆပလအစိုးရအားကွန်မြူနစ်များ အာဏာရရှိလာအောင်အလွန်အမင်း အလျှော့ပေးလာသည် ဟုသင်္ကာမကင်းဖြစ်ခဲ့ကြသည်။

နယ်များတွင်တပ်မတော်အရာရှိအချို့က ဆွေ–ငြိမ်း၏တည်မြဲဖဆပလကို အကူအညီပေးခဲ့ဘူးသော သာဓကများရှိခဲ့သည်။ ဤသို့ဘက်လိုက်သော တပ်မတော်အရာရှိအချို့ကို အရေးယူခြင်းဖြင့် နိုင်ငံရေးတွင်စွက်ဖက်မှုမှ ဖယ်ရှားပစ်ရေးကိုဆောင်ရွက်ရမည့်အစား နု–တင် သန့်ရှင်း ဖဆပလခေါင်းဆောင်များသည် မလိုလားအပ်သောခြေလှမ်းတစ်ရပ် ကိုလှမ်းခဲ့ကြသည်။ နု–တင်သန့်ရှင်းဖဆပလသည် တပ်မတော်တစ်ခုလုံး၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်နှင့်မိမိတို့၏ ဘက်တော်သားများကို တပ်မတော်အတွင်း တာဝန်ပေးခြင်းဖြင့် တပ်မတော်၏ ညီညွတ်ရေးကို ပျက်ပြားစေပြီး တပ်မတော်ကိုနိုင်ငံရေးသမားများ၏ အလိုကျချယ်လှယ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။[၂]

သန့်ရှင်းဖဆပလအစိုးရသည် ဇွန်လ ၉ ရက်နေ့တွင် အာဏာရရှိလာပြီးနောက် လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်မှူး အောင်အားကာကွယ်ရေးဝန်ကြီးအဖြစ်ခန့်ထားခဲ့သည်။ သန့်ရှင်းဖဆပလ အစိုးရသည် ဗိုလ်မှူး အောင်ကိုကာကွယ်ရေးဝန်ကြီးခန့်ထားခြင်းဖြင့် တပ်မတော်အပေါ်သြဇာ ညောင်းလိမ့်မည်ဟုထင်မြင်ယူဆခဲ့ဟန်တူသည်။ သို့သော်ဗိုလ်မှူးအောင်မှာ တပ်မတော်နှင့်ကင်းကွာနေသည်မှာ ကြာပြီဖြစ်၍တပ်မတော်အပေါ်သြဇာညောင်းခြင်း မရှိပေ။

သန့်ရှင်းဖဆပလ အစိုးရသည် ဆွေ–ငြိမ်းတည်မြဲဖဆပလ ကိုလိုလားသူဟုသင်္ကာ မကင်းဖြစ်နေသူများအား အရေးပါသောရာထူးများမှ ဖယ်ရှားကာ ယင်းတို့ယုံကြည်စိတ်ချသော ပုဂ္ဂိုလ်များဖြင့်အစားထိုးခန့်ထားခဲ့သည်။ ယင်းအစီအစဉ်ကိုရဲနှင့်မြို့ပြဝန်ထမ်းများအတွင်းစတင် ဆောင်ရွက်လာသည်။ စစ်ရဲတပ်ဖွဲ့တွင်လည်း ယင်းအစီအစဉ်အတိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက်တပ်မတော်အတွင်း၌လည်း ယင်းသို့အစားထိုးနိုင်ရန် ပထမခြေလှမ်း အဖြစ်တပ်မတော်၏ဂုဏ်သိက္ခာညှိုးနွမ်းစေရေးအတွက်တပ်မတော်အပေါ်မဟုတ်မမှန်သတင်းများ

---

[၁] မြန်မာသမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့–**၁၉၅၈–၆၂မြန်မာနိုင်ငံရေး(ဒုတိယတွဲ)** မျက် ၈၃

[၂] ဂါ:ဒီ:ယန်:ဦ:စိန်ဝင်:– **အကွဲအပြဲဇာတ်လမ်း** မျက် ၁၅၄–၁၅၅

တိုးတိုးပြောကြားခြင်းဖြင့် စတင်ထိုးနှက်လာသည်။ နောက်ပိုင်းတွင်သတင်းစာများ၊ ကွန်မြူ
လားသော နိုင်ငံရေးအဖွဲ့အစည်းများမှတစ်ဆင့် ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၅၈ခု၊ ဩဂုတ်လ
ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိကျင်းပသော သန့်ရှင်းဖဆပလ ပြည်လုံးကျွတ်ညီလာခံတွင်
တပ်မတော်ကိုဂုဏ်သိက္ခာညှိုးနွမ်းအောင်ပုတ်ခတ်စော်ကားကြသည်။[1]

သန့်ရှင်းဖဆပလခေါင်းဆောင်များသည် တပ်မတော်ကိုဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဝါဒဖြန့်ချိယုံမက တပ်မတော်ခေါင်းဆောင်များအကြား ယင်းတို့၏သြဇာခံများ မွေးထုတ်ရန်အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ထိုအတောအတွင်းယင်းတို့ယုံကြည်စိတ်ချသော စစ်ရဲတပ်ရင်းနှစ်ရင်းခွဲခန့်ကို မန္တလေးမြို့တွင်စုဆောင်းကာ ရန်ကုန်သို့ပထမပတ်မတိုင်မီတစ်သုတ်ပြီးတစ်သုတ်စေလွှတ်နိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

စစ်ရဲတပ်ရင်းများမှာ ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်၏ လက်အောက်တွင်ရှိသည်။ စစ်ရဲတပ်ရင်း ၂၀ ကျော်ရှိသည့်အနက် တပ်ရင်း၆ခု၊ ၇ခု ခန့်မှာ ဗိုလ်မင်းခေါင်၏သြဇာခံများဖြစ်ပြီး အင်အား၅၀၀၀ကျော်ခန့်ရှိသည်ဟုဆိုသည်။ အင်းစိန်၊ သာယာဝတီ၊ ပြည်ခရိုင်များရှိ သန့်ရှင်း ဖဆပလ၏ပြူစောထီးအင်အား ၁၀၀၀၀ ကျော်နှင့်ပေါင်းလျှင် အင်အား ၁၅၀၀၀ ခန့်ရှိသည်။ ဤကဲ့သို့အင် အားစုရာတွင် ဗိုလ်မင်းခေါင်က ယင်းသြဇာသက်ရောက်သည့် တပ်ရင်းများကိုရန်ကုန်အနားသို့ရွှေ့သည်။ စစ်ရဲတပ်ရင်းရုံးစိုက်ရာကိုရွှေ့သည်။ ထို့နောက်ရန်ကုန်ဦးဝိစာရလမ်းနှင့် ပြည်လမ်းကြားရှိ စစ်ရဲလက်နက်တိုက်မှ လက်နက်ခဲယမ်းများကိုထုတ်ယူသည်။ ထုတ်ယူသောလက်နက်များမှာ ၂လက်မစိန်ပြောင်း၆လက်၊ ဘရင်းဂန်း၈လက် ၊စတင်းဂန်း၂၉လက်၊ ရိုင်ဖယ် ၁၄၅လက်၊ ၃၈ဘို့ ခြောက်လုံးပြူး၈လက်၊ လောင်ချာအမ်နိုင်းအေဝမ်း၆လက်၊ ၃၀၃ကျည်ဆန် ၇၄၇၅၆တောင့်၊စတင်း ကျည်ဆန်၂၃၆၀၀တောင့်၊ လေးစက္ကန့်လက်ပစ်ဗုံး ၂၈၉လုံး မျှရှိသည်ဟုဆိုသည်။[2]

ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း လုံခြုံရေးအကြောင်းပြချက်ဖြင့်လူမျိုးစုများပါဝင်သောစစ်ရဲတပ်ရင်းအချို့ကိုရန်ကုန်မြို့သို့လွှဲပြောင်းပေးပို့ရန်အကြံပြုခဲ့သည်။ ယင်းအကြံပြုချက်ကိုတပ်မတော်က နည်းဗျူဟာနှင့်စစ်ဆင်ရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် ကန့်ကွက်ခဲ့သည်။ သို့သော် နု–တင် သန့်ရှင်းဖဆပလခေါင်းဆောင်များသည်လက်ရွေးစဉ်ပြူစောထီးတပ်ဖွဲ့အများအပြားကိုရန်ကုန်မြို့သို့ခေါ်ယူထားကာအရေးပေါ်အခြေအနေတွင် အသုံးပြုရန်စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနဝန်ကြီး သခင်ကျော်ထွန်း၏

---

[1] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၅၆–၁၆၀

[2] (က) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်_**၁၉၅၈–၁၉၆၂ မြန်မာနိုင်ငံရေး(ဒုတိယတွဲ)** မျက် ၁၀၇–၁၀၈

(ခ) အထောက်တော်အုန်းမြင့်–**ခက်ဖွယ်ရယ်ကြုံပါတယ်၊လက်နက်ကယ်စုံအညီနဲ့.** မျက် ၂၈ – ၂၉

သစ်တောကာကွယ်ရေးတပ်ဖွဲ့များကို တပ်လှန့်ထားခဲ့သည်။ ထိုပြင်ပြန်လည်ထူထောင်ရေးတပ် ပြည်သူ့ ရဲဘော်ပါတီဝင်များကိုလည်း အရေးပေါ်အခြေအနေများအတွက် အသင့်ပြင်ဆင်ထား သည်။ [၁]

သန့်ရှင်း ဖဆပလအစိုးရ၏ အစီအစဉ်များမှာ တပ်မတော်အတွင်း ရာထူး အပြောင်းအရွှေ့များပြုလုပ်ပြီး အရေးပါသောခေါင်းဆောင်များကို နယ်များသို့ပြောင်းကာ စစ်ဌာနချုပ်မှ ဖယ်ရှားပစ်မည်ဖြစ်သည်။ ထက်မြက်သောတပ်မတော်ခေါင်းဆောင်အချို့နှင့် နိုင်ငံရေးပြိုင်ဘက်များ ကို လုပ်ကြံသတ်ဖြတ်ရေး အစီအစဉ်လည်းပါဝင်သည်ဟုဆိုသည်။ အဆိုပါ အစီအစဉ်များကို တပ်မတော်မှသတင်းရရှိပြီးဖြစ်ရာ အဆိုးဝါးဆုံးအခြေအနေဖြစ်ပေါ်လာပါက အသင့်ရှိရန်အစီအစဉ် များချမှတ်ဆောင်ရွက်ခဲ့သည်။ နယ်များရှိစစ်ရဲတပ်ရင်းများသည် ယင်း နယ်မြေတွင် ကွပ်ကဲအုပ်ချုပ် နေသည့် တပ်မှူးများကိုအသိမပေးဘဲ ယင်းတို့တပ်စွဲထားသော နေရာ များမှ ပြောင်းရွှေ့ထွက်ခွာ သွားကြသည်ကိုလည်း စခန်းချရာနေရာများသို့ သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်သော အခါမှ သိရှိရသည်။ [၂]

တပ်မတော်မှလုံခြုံရေးအစီအစဉ်များကို ချမှတ်ကာစက်တင်ဘာလ ၂၂ ရက်နေ့ တွင်လက်နက်ကိုင်တပ်ဖွဲ့များအားလုံး၏ လှုပ်ရှားမှုများကိုတားဆီးကာကွယ်ရန်စတင်ဆောင်ရွက် ခဲ့သည်။ထို့ကြောင့်ရန်ကုန်မြို့နယ်နိမိတ် အဝင်ထောက်ကြံ့ဂိတ်၌ ခရီးသွားလာခွင့်အမိန့်မပါဘဲ ရန်ကုန်မြို့သို့ ဝင်ရောက်လာသောစစ်ရဲတပ်သားများ လက်နက်သိမ်းဆည်းခြင်းခံရပြီး မူလနေရာ သို့ပြန်သွားခဲ့ရသည်။ ယင်းစစ်ရဲတပ်ရင်းများမှာ ပြည်ထဲရေးဝန်ကြီးဗိုလ်မင်းခေါင်၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင်ရှိကာ စောစောပိုင်းကဝါယာလက်စက် ၄၂ လုံးကိုတရားမဝင်ထုတ်ပေးထားပြီး အရေးကြုံလာပါကလိုအပ်သောလက်နက်များကိုအသုံးပြုရန်စစ်ရဲလက်နက်တိုက်မှထပ်မံ ထုတ်ပေး ထားပြီးဖြစ်သည်။ ဤသို့တပ်မတော်မှလုံခြုံရေးအစီအမံများ တင်းတင်းကြပ်ကြပ်ဆောင်ရွက် သကဲ့သို့ န–တင် သန့်ရှင်းဖဆပလခေါင်းဆောင်များကလည်း သစ်တောကာကွယ်ရေးတပ်ဖွဲ့၊ ကယားတပ် နှင့်နယ်များမှခေါ်ယူထားသောပြူစောထီး တပ်သားများဖြင့်လုံခြုံရေးကို တိုးချဲ့ ချထားခဲ့သည်။ ထို့ကြောင့်တပ်မတော်နှင့် န–တင်သန့်ရှင်းဖဆပလအစိုးရ၏ ဆက်ဆံရေး အခြေ အနေမှာတင်းမာခဲ့ ရသည်။

ဝန်ကြီးချုပ်ဦးနုသည် နယ်သို့ခရီးထွက်ရာမှအပြန်တွင် ဤကဲ့သို့တပ်မတော်နှင့် သန့်ရှင်းဖဆပလအကြား တင်းမာနေသောအခြေအနေများကြောင့်လည်းကောင်း၊ ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင်ဗိုလ်မှူးအောင်နှင့်ဗိုလ်မင်းခေါင်တို့ကတပ်မတော်မှ အာဏာသိမ်းယူရန်ကြံစည်

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၆၄–၁၆၅

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတ်လမ်း** မျက် ၁၆၅–၁၆၇

နေကြောင်းပြောကြားသဖြင့် လည်းကောင်း၊ ဗိုလ်မှူးအောင်နှင့်ဗိုလ်မင်းခေါင်တို့အား ဗိုလ်ချုပ်ကြီး နေဝင်းနှင့်တွေ့ဆုံရန် စေလွှတ်လိုက်သည်။ ယင်းသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မတော်က အာဏာသိမ်းရန် အစီအစဉ်ရှိသည်ကို မိမိမသိရကြောင်းပြောကြားပြီး အခြေအနေ ကို ရှင်းလင်းတင်ပြရန်ဝန်ကြီးချုပ် ဦးနုထံ ဗိုလ်မှူးကြီးမောင်မောင်ကို စေလွှတ် လိုက်သည်။

ဗိုလ်မှူးကြီး မောင်မောင် က ရှင်းလင်းတင်ပြရာတွင် သန့်ရှင်းဖဆပလ အတွင်း လျှို့ဝှက်ကြံစည်မှုများကြောင့် တပ်မတော်နှင့်သန့်ရှင်းဖဆပလတို့အကြား တင်းမာမှုများ ပေါ်ပေါက်ခဲ့ရကြောင်း၊ သန့်ရှင်းဖဆပလမှခေါင်းဆောင်အချို့သည် တပ်မတော်ခေါင်းဆောင် များကိုလုပ်ကြံ သတ်ဖြတ်ရန် စီစဉ်နေကြကြောင်း၊ အခြေအနေမှာ ထိမ်းသိမ်းမရလောက်အောင် ဆိုးဝါးနေပြီး တပ်မတော်အနေဖြင့် သန့်ရှင်းဖဆပလအုပ်စု၏ အတိုက်အခိုက်မခံရစေရန်နှင့် ကွန်မြူနစ်များ၏ အန္တရာယ်ကိုကာကွယ်နိုင်ရန်ကြိုတင်ပြင်ဆင်ထားရကြောင်း ရှင်းလင်းတင်ပြ ခဲ့သည်။ [၁]

စက်တင်ဘာလ၂၄ရက်နေ့တွင်ပြည်ပသို့ခရီးထွက်နေရာမှ ပြန်လည်ရောက်ရှိလာ သော ဗိုလ်မှူးကြီး အောင်ကြီးနှင့်ဗိုလ်မှူးကြီး မောင်မောင်တို့ကဝန်ကြီးချုပ်ဦးနုထံသွားရောက်ပြီး ပေါက်ကွဲလုနီးပါးအခြေအနေကို ထပ်မံရှင်းလင်း တင်ပြခဲ့သည်။ ဗိုလ်မှူးကြီး မောင်မောင်တို့က နိုင်ငံတော်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ယူထားရသော တပ်မတော်အရာရှိများသည် သန့်ရှင်းဖဆပလမှယင်းတို့၏ နိုင်ငံရေးအကျိုးစီးပွား အတွက် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြသည့် အတွက် စိတ်မချမ်းမြေ့ကြကြောင်း၊ အကြမ်းဖက်မှုများဖြစ်ပွားမည်ကို တပ်မတော်က တားဆီး ကာကွယ် နေချိန်တွင် ဘတ်ဂျက် ဥပဒေကြမ်းတင်သွင်းရေးအတွက် လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပ ခြင်းသည်နိုင်ငံရေးတင်း မာမှုကိုလျော့ပါးစေမည့် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်နိုင်သည်ဟု ဦးနုအား အကြံပြုတင်ပြခဲ့သည်။ [၂]

ထို့ကြောင့် ဦးနုသည် လက်ရှိဖြစ်ပွားနေသောအခြေအနေများအရ နိုဝင်ဘာလ တွင်ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲများမှာ ကျင်းပ၍ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း နှင့် အခြေအနေမှာပိုမိုယိုယွင်းလာပါက သွေးချောင်းစီးစေမည့် ဆိုးဝါးသောအကျိုးဆက်များပေါ်ပေါက် လာမည်ကိုသိမြင်လာသည်။ ထို့ကြောင့်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းအားနိုင်ငံတော် အတွင်း ငြိမ်ဝပ်ပိပြားမှုပြန်လည်ရရှိရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ လွတ်လပ် ၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးအတွက်လည်းကောင်း အာဏာလွှဲပြောင်းပေးအပ်ရန်

---

[၁] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတတ်လမ်း** မျက် ၁၇၂-၁၇၃

[၂] ဂါးဒီးယန်းဦးစိန်ဝင်း– **အကွဲအပြဲစာတတ်လမ်း** မျက် ၁၇၄-၁၇၅

ဆုံးဖြတ်ခဲ့သည်။ ၁၉၅၈ခုနှစ်၊အောက်တိုဘာလ၂၈ရက်နေ့တွင်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရက သန့်ရှင်းဖဆပလအစိုးရထံမှနိုင်ငံတော်အာဏာကိုလွှဲပြောင်း လက်ခံယူခဲ့လေသည်။

**အိမ်စောင့်အစိုးရ၏ ဆောင်ရွက်ချက်များ**

၁၉၅၈ခုနှစ်၊အောက်တိုဘာလ၂၈ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရက သန့်ရှင်းဖဆပလအစိုးရထံမှ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ပြီးနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် အောက်တိုဘာလ ၂၉ရက်နေ့တွင်နိုင်ငံတော်သမ္မတ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုကြသည်။

အိမ်စောင့်အစိုးရအဖွဲ့ဝင်များမှာ –

| | | |
|---|---|---|
| (၁) | သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်ကြီးနေဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် ကာကွယ်ရေးဌာန၊ အမျိုးသားစီမံကိန်းဌာန။ |
| (၂) | အဂ္ဂမဟာသရေစည်သူသတိုးသီရိ သုဓမ္မဦးသိန်းမောင် | ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးဌာန၊ သာသနာရေးဌာန၊ ကျန်းမာရေးဌာန၊ ပြည်သူ့ဝန်ထမ်းဌာန။ |
| (၃) | မဟာသရေစည်သူဦးခင်မောင်ဖြူ | ပြည်ထဲရေးဌာန၊ ပြန်ကြားရေးဌာန၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး နှင့်ဒေသန္တရအဖွဲ့များဌာန နှင့်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာန ဝန်ကြီး။ |
| (၄) | သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင် | တရားရေးဌာနဝန်ကြီး။ |

| | |
|---|---|
| (၅) ဦးကျော်ငြိမ်း | ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန ဝန်ကြီး |
| (၆) စည်သူဦးဘကြား | ကုန်သွယ်မှုတိုးတက်ရေးဌာန၊ သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေး ဌာနနှင့်ပစ္စည်းထောက်ပံ့ရေးဌာန ဝန်ကြီး။ |
| (၇) သရေစည်သူဦးစံညွန့် | သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေးဌာနနှင့်ပြည်သူ့လုပ် ငန်းနှင့်အိမ်ရာဆောက်လုပ်ရေး ဌာန ဝန်ကြီး။ |
| (၈) ဦးကာ | ပညာရေးဌာန၊လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးဌာန နှင့်လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဌာန ဝန်ကြီး။ |
| (၉) သီရိပျံချီဦးချစ်သောင်း | စက်မှုလက်မှုဌာန၊ သတ္တုတွင်း ဌာနနှင့် အလုပ်သမားဌာနဝန်ကြီး။ |
| (၁၀) သတိုးမဟာသရေစည်သူ စဝ်ဟုံဖ | ရှမ်းပြည်နယ်ဝန်ကြီး ။ |
| (၁၁) ဦးထန်လျန်း | ချင်းပြည်နယ်ဝန်ကြီး |
| (၁၂) ဒေါက်တာစောလှထွန်း | ကရင်ပြည်နယ်ဝန်ကြီး |
| (၁၃) ဒူးဝါးဇော်လွန်း | ကချင်ပြည်နယ်ဝန်ကြီး |
| (၁၄) စဝ်ဝဏ္ဏ | ကယားပြည်နယ်ဝန်ကြီး |

တို့ဖြစ်ကြသည်။

အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်အာဏာကို လက်ခံရယူစဉ်က တိုင်းပြည်၏ အခြေအနေကိုကြည့်ပါက တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုအခြေအနေမှာ အဆိုးဆုံးအခြေ အနေသို့ ရောက်ရှိနေသည်ကို တွေ့ရှိရပေသည်။ လွတ်လပ်ရေးရရှိပြီး (၁၀)နှစ်အတွင်း အုပ်ချုပ် ရေးယန္တရား လျော့ရဲလာခြင်းသည် လူမှုရေးနှင့်စီးပွားရေးအခြေအနေ အရပ်ရပ်ကို ယိမ်းယိုင်စေ၍ ပြည်တွင်း၌ ဆူပူသောင်းကျန်းနေသော ကွန်မြူနစ်များနှင့် အခြားလက်နက်ကိုင် သောင်းကျန်းသူ များအား အခွင့်အလမ်းပေးရာ ရောက်ခဲ့ပေသည်။ ဤသို့တရားဥပဒေစိုးမိုးရေး အားနည်းလာခဲ့ရာမှ

နိုင်ငံရေးလောကအတွင်းအုပ်စုဂိုဏ်းပဋိပက္ခပြင်းထန်လာသောအခါ၌ အခြေအနေသည် ပိုမိုဆိုးရွားလာခဲ့လေသည်။[၁]

ပြည်တွင်း၌ ငြိမ်ဝပ်ပိပြားရေး ကျဆင်းလာသည်နှင့်အမျှ လူသတ်မှု၊ ဓါးပြမှု၊ ပြန်ပေးဆွဲမှု စသည့်ရာဇဝတ်မှုများ တစ်ပြည်လုံး၌ အနှံ့အပြားတိုးပွားလာလေသည်။ဤရာဇဝတ်မှုကြီးများကိုမြို့ကြီးပြကြီးများ၌ပင် နေ့ခင်းကြောင်တောင် ကျူးလွန်ဝံ့အောင် အတင့်ရဲလာကြသည်။ တရားခံအများအပြားပင် ဥပဒေ၏ လက်ခုပ်အတွင်းသို့ ရောက်ရှိမလာသည်ကို တွေ့ကြရသောအခါ ပြည်သူလူထုမှာ လုံခြုံရေးအတွက် စိတ်အေးနိုင်ခြင်းမရှိတော့ပေ။ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူဆောင်ရွက်ရသောအာဏာပိုင်များ၏ အာဏာစူးရှသင့်သလောက် မစူးရှနိုင်သည့်အခြေအနေသို့ ရောက်ရှိနေခြင်းသည် သောင်းကျန်းသူများ ၊ လူသတ်သမားများ၊ ပြန်ပေးဆွဲသမားများနှင့် ဓါးပြများအတွက် အခွင့်ကောင်းအခါကောင်းပင်ဖြစ်တော့သည်။

ထို့ကြောင့်လည်းလွှတ်တော်တွင်ဗိုလ်ချုပ်ကြီးနေဝင်းအား တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးနှင့် လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေရောက်အောင်ဖန်တီးပေးရန် တာဝန်အပ်နှင်းသောအခါ လွှတ်တော်က တညီတညွတ်တည်း ထောက်ခံခဲ့ကြခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် အိမ်စောင့်အစိုးရသည် တိုင်းပြည်၏အခြေအနေ အဆိုးဝါးဆုံးဖြစ်နေသော အချိန်တွင် ထိုအခြေနေဆိုးများကို ထိမ်းပေးရန်တာဝန်ယူခဲ့ရသောအစိုးရ အဖွဲ့ပင်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏အိမ်စောင့်အစိုးရသည်ပြည်တွင်းငြိမ်ဝပ်ပိပြားရေးအတွက် ဆူပူသောင်းကျန်းနေသော အင်အားစုများကို တိုက်ဖျက်နှိမ်နင်းရန် အစီအစဉ်သုံးရပ် ချမှတ်ခဲ့သည်။ ထိုအစီအစဉ်သုံးရပ်မှာ ပြည်တွင်း၌ ပျံ့နှံ့လျက်ရှိသော လက်နက်ပုန်းများကို ပြန်လည်သိမ်းပိုက်နိုင်ရန် ချက်ခြင်းဆောင်ရွက်ခြင်း၊ သောင်းကျန်းသူများအား လူထု၏အကူအညီဖြင့် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ခြင်းနှင့် ဥပဒေအတိုင်း တိတိကျကျလိုက်နာကျင့်သုံးစေရန် မည်သူကိုမျှ ထောက်ထားငဲ့ညှာခြင်းမရှိဘဲ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ခြင်းများဖြစ်သည်။[၂]

အိမ်စောင့်အစိုးရ၏ မူလတာဝန်တစ်ရပ်မှာ ဖလအတွင်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီး ကျင်းပပေးရန်ဖြစ်သည်။သို့သော် ဖလဆိုသော အချိန်ကာလမှာ လွန်စွာတိုတောင်းလှ၍ ထိုကာလအတွင်း လုံခြုံမှုနှင့်ငြိမ်ဝပ်ပိပြားမှုပြန်လည်ရရှိရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပနိုင်သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိလာအောင် ဖန်တီးပေးရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် အချိန်မလုံလောက်ပေ။ထို့ကြောင့် ၁၉၅၉ခုနှစ်

---

၁ ပြန်ကြားရေးဌာန – ဆယ်မိုးပြီး ဇူလခရီး မျက် ၁–၂

၂ ပြန်ကြားရေးဌာန – ဆယ်မိုးပြီး ဇူလခရီး မျက် ၂

ဖေဖေါ်ဝါရီလ၁၃ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အစိုးရအဖွဲ့ နုတ်ထွက်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ အရ ဝန်ကြီးချုပ်ရာထူးကို ပြည်သူ့လွှတ်တော်အမတ်မဟုတ်လျှင် ၆လထက်ပို၍ ထမ်းရွက်ခွင့်မရှိကြောင်း အကယ်၍ မိမိကို ဆက်လက်တာဝန်ယူစေလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၁၆ကို သင့်လျော်သလို ပြင်ဆင်ပေးရန်လိုကြောင်း၊ သို့မှသာ လွှတ်တော်အမတ်မဟုတ်သောမိမိသည် အခြေခံဥပဒေကို မဆန့်ကျင်ဘဲ ၆လကာလကိုကျော်၍ ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်ဟု လွှတ်တော်တွင်တင်ပြသည်။[၁] ဗိုလ်ချုပ်ကြီးနေဝင်း၏ တင်ပြချက်ပေါ်မူတည်၍ လွှတ်တော်က အိမ်စောင့်အစိုးရ၏ သက်တမ်းအတွင်း ပုဒ်မ ၁၁၆ကို ဆိုင်းငံသည့် အခြေခံဥပဒေပြင်ဆင်ချက်ကို ပြဋ္ဌာန်းပေးခဲ့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရအဖွဲ့သည် ဆက်လက်တည်ရှိခဲ့ပြီးလျှင် အစိုးရအဖွဲ့ကိုလည်း အနည်းငယ်ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုရာထူးဝန် ဦးလွန်းဘော်၊ ဝတ်လုံဦးထွန်းတင်တို့အား ဝန်ကြီးအဖွဲ့တွင်ခန့်အပ်ခဲ့သည်။ကာကွယ်ရေးဌာနမှ ပုဂ္ဂိုလ်များကို မလွဲမရှောင်သာမှ ဝန်ကြီးခန့်အပ်မည်ဟူသောမူကို ချွင်းချက်ပြုကာ ဗိုလ်မှူးချုပ်တင်ဖေ၊ စစ်ပစ္စည်းဝယ်ယူရေးဌာန ညွှန်ကြားရေးဝန် ဦးသီဟန်တို့အား ဝန်ကြီးအဖွဲ့တွင် တာဝန်ပေးအပ်ခဲ့သည်။[၂] ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်ကြီးနေဝင်း — နိုင်ငံတော်ဝန်ကြီးချုပ်
ကာကွယ်ရေးဌာန၊
အမျိုးသားစီမံကိန်းဌာန။

(၂) သတိုးမဟာသရေစည်သူမဟာသီရိ သုဓမ္မဦးလွန်းဘော် — ဒုတိယဝန်ကြီးချုပ်
သာသနာရေးဌာန၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဌာန။

(၃) သတိုးမဟာသရေစည်သူ ဦးခင်မောင်ဖြူ — ပြည်ထဲရေးဌာန၊
ပြန်ကြားရေးဌာန၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့်

---

[၁] ဒေါက်တာမောင်မောင် **မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၇၈

[၂] ဒေါက်တာမောင်မောင် **မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၈၀

| | |
|---|---|
| | ဒေသန္တရ အဖွဲ့ များဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဌာနဝန်ကြီး။ |
| (၄) သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင် | နိုင်ငံခြားရေးဌာန တရားရေးဌာနဝန်ကြီး။ |
| (၅) ဦးကျော်ငြိမ်း | ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန ဝန်ကြီး |
| (၆) သရေစည်သူဦးစံညွန့် | သယ်ယူပို့ဆောင်ရေး၊ တတိုက်နှင့်ကြေးနန်းဌာန၊ ရေကြောင်းနှင့်မြို့ပြလေကြောင်း ဌာန ဝန်ကြီး |
| (၇) ဦးကာ | ပညာရေးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးဌာန နှင့်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ် ရေး ဌာနဝန်ကြီး |
| (၈) သီရိပျံချီဦးချစ်သောင်း | ပြည်ထောင်စုယဉ်ကျေးမှုဌာန ဝန်ကြီး |
| (၉) သီရိပျံချီဦးထွန်းတင် | ကျန်းမာရေးဌာနဝန်ကြီး |
| (၁၀) သီရိပျံချီဦးသိဟန် | ကုန်သွယ်မှုတိုးတက်ရေးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေး ဌာန၊ ပစ္စည်းထောက်ပံ့ ရေးဌာန နှင့်စက်မှုလက်မှုဌာနဝန်ကြီး။ |
| (၁၁) စည်သူဗိုလ်မှူးချုပ်တင်ဖေ | သတ္တုတွင်းနှင့်အလုပ်သမားဌာန၊ ပြည်သူ့ လုပ်ငန်းအိမ်ယာ ဆောက်လုပ်ရေးနှင့် ပြန်လည် ထူထောင်ရေးဌာနဝန်ကြီး။ |
| (၁၂) သတိုးမဟာသရေစည်သူ စဝ်ဟုံဖ | ရှမ်းပြည်နယ်ဝန်ကြီး။ |
| (၁၃) ဒေါက်တာစောလှထွန်း | ကရင်ပြည်နယ်ဝန်ကြီး။ |

(၁၄) ဒူးဝါးဇော်လွန်း ကချင်ပြည်နယ်ဝန်ကြီး။
(၁၅) စဝ်ဝဏ္ဏ ကယားပြည်နယ်ဝန်ကြီး။
(၁၆) ဦးရာမှုန်း ချင်းရေးရာဝန်ကြီး။

ထို့ပြင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရ၏ လုပ်ငန်းတာဝန်များကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် တပ်မတော်(ကြည်း)၊ (ရေ)၊ (လေ) မှ အရာရှိများကို ဝန်ကြီး ဌာနများ၊ ဘုတ်၊ ကော်ပိုရေးရှင်းများတွင် တာဝန်ထမ်းဆောင်စေခဲ့သည်။

အိမ်စောင့်အစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း လုံခြုံမှုနှင့် ငြိမ်ဝပ်ပိပြားမှု ရရှိစေရန်လည်းကောင်း၊ အုပ်ချုပ်မှုစက်ယန္တရားကြီး ထိရောက်စွာလည်ပတ်နိုင်စေရန်လည်းကောင်း စီးပွားရေး သောင်းကျန်းသူများအား နှိပ်ကွပ်နိုင်ရန်လည်းကောင်း၊ ပြည်ထောင်စုမြန်မာ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်လည်းကောင်း၊ လုပ်ငန်းအမျိုးမျိုး တီထွင်ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။

အိမ်စောင့်အစိုးရအဖွဲ့သည်ပြစ်မှုကျူးလွန်သူအမျိုးမျိုးနှင့်ပတ်သက်၍ စည်းကမ်းတင်းကြပ်ပေးခဲ့သည့် အပြင် နိုင်ငံတော်၏ တရားဥပဒေအာဏာစက် ပျံ့နှံ့ထိရောက် စေရန်လည်း နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုစက်ယန္တရား တစ်ခုလုံးကို ပြန်လည်ပြုပြင်တည် ဆောက်ပေးခဲ့သည်။ လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်သည် သောင်းကျန်းသူများအား အပြင်းအထန် စစ်ဆင်တိုက်ခိုက် ချေမှုန်းခဲ့ရာ စစ်ဆင်မှုထိရောက်သည်နှင့်အမျှ သောင်းကျန်းသူတို့ဘက်မှ အကျဆုံးများပြားကာ အစုလိုက်အပုံလိုက် လက်နက်ချအလင်းဝင်ရောက်သူများ များပြားလာသည်။ စီးပွားရေးသောင်းကျန်းမှုကိုလည်း အတော်အသင့်ထိရောက်စွာ နှိမ်နင်းခဲ့ပြီး ကုန်ဈေးနှုန်းများကို လည်းထိန်းသိမ်းထားနိုင်ခဲ့သည်။ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကိုလည်း အတော်အသင့် ထုတ်လုပ်အသုံးချနိုင်ခဲ့သည်။[၁]

**စစ်ဆင်ရေးများ**

အိမ်စောင့်အစိုးရတင်သည့်၁၉၅၈ခုနှစ်၊ နိုဝင်ဘာလဆန်း၌ မြန်မာနိုင်ငံအတွင်း တွင် လက်နက်ကိုင်သောင်းကျန်းသူရောင်စုံသူပုန် ၉၀၀၀ ခန့်ရှိပြီး ယင်းတို့ကို အားပေးကူညီသူများ နှင့် အဖွဲ့အစည်းများပါဆိုလျှင် ၁၅၀၀၀ ခန့်ရှိလေသည်။

ယင်းသောင်းကျန်းသူများအား နယ်မြေ အလိုက် တပ်မတော်က စစ်ဆင်ရေးများ ဆင်နွှဲချေမှုန်းခဲ့လေသည်။မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သောမန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်ရှိ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်များအား တပ်မ(၁)မှ

[၁] ပြန်ကြားရေးဌာန– ဆယ်မိုးပြီးဇာလခရီး မျက် –၁

တိုက်ပွဲပေါင်း ၅၁ ကြိမ်တိုက်ခိုက်ကာ နယ်မြေငြိမ်ဝပ်ပိပြားရေးနှင့် အေးချမ်းရေးကို ရရှိစေခဲ့သည်။[၁]

**စစ်ကိုင်း ၊ မုံရွာ၊ ရွှေဘိုခရိုင်များရှိ အလံဖြူကွန်မြူနစ်နှင့် အလံနီကွန်မြူနစ်များ** အား တပ်မဟာ (၁) မှတိုက်ပွဲပေါင်း ၈၀ ကြိမ်တိုက်ခိုက်ကာ ကွန်မြူနစ်တို့၏ တိုင်း(၃) တစ်ခုလုံးကို ပြိုကွဲသွားစေခဲ့သည်။ တောင်ပိုင်းရှမ်းပြည် ၊ ကယားပြည်နယ်နှင့် မော်ချီးဒေသတို့တွင် ကြီးစိုးလျက်ရှိကြသောအလံဖြူကွန်မြူနစ်၊ကေအင်ဒီအို၊တရုတ်ဖြူနှင့် ရှမ်းသောင်းကျန်းသူများအား တပ်မဟာ (၄) မှ တိုက်ပွဲပေါင်း ၇၁ကြိမ် တိုက်ခိုက်ကာ နှိမ်နင်းပြီး နယ်မြေအေးချမ်းရေးကို ရယူပေးခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်းနှင့် ကိုးကန့်နယ်၊ ဝနယ်များတွင်သောင်းကျန်းလျက်ရှိကြသော အလံဖြူကွန်မြူနစ်များ၊ အလံနီကွန်မြူနစ်အချို့၊ ရှမ်းသောင်းကျန်းသူများနှင့် တရုတ်ဖြူကျူးကျော်ရေးတပ်များကို တပ်မဟာ(၆)မှ တိုက်ပွဲပေါင်း ၉၅ကြိမ်တိုက်ခိုက်ကာ နယ်မြေလုံခြုံအေးချမ်းရေးကို ရယူပေးခဲ့သည်။

မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်ခရိုင်များနှင့် ကချင်ပြည်နယ်တို့တွင် အလံဖြူကွန်မြူနစ်နှင့် အလံနီကွန်မြူနစ်တို့အား တပ်မဟာ(၇)မှ **စကြာမောင်** စစ်ဆင်ရေးဖြင့် အဆက်မပြတ် နှိမ်နင်းတိုက်ခိုက်ရာ တိုက်ပွဲပေါင်း(၇၁)ကြိမ်တိုက်ခိုက်ခဲ့ပြီးနောက် သောင်းကျန်းသူများကို ပြိုကွဲပျက်စီး သွားစေခဲ့သည်။ [၂]

ကျိုင်းတုံဒေသနှင့်သံလွင်မြစ်အရှေ့ဘက်ကမ်းဒေသတို့တွင် မြန်မာနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်နေသော တရုတ်ဖြူတပ်များနှင့် ရှမ်းသောင်းကျန်းသူများအား တပ်မဟာ(၉)မှ တိုက်ပွဲပေါင်း ၈၁ကြိမ်တိုက်ခိုက်နှိမ်နင်းရာ တရုတ်ဖြူဗိုလ်ချုပ်ကြီး လျှိုထမ်းမင် ကျဆုံးသွားခဲ့သည်။

ပခုက္ကူ၊ မြင်းခြံ၊ မင်းဘူး၊ မကွေးခရိုင်ရှိ အလံနီကွန်မြူနစ်များအား တပ်မဟာ (၁၀) မှတိုက်ပွဲပေါင်း ၁၄၅ကြိမ်တိုက်ခိုက်နှိမ်နင်းရာ နစ်ဖြူအရန်ကော်မတီဝင် အောင်နိုင်ကိုဖမ်းဆီးရမိခဲ့သည်။အလံနီကွန်မြူနစ်များလည်း ပြိုကွဲပြီးအချို့လက်နက်ချခဲ့ကြသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သော တောင်ငူခရိုင်၊ ကရင်ပြည်နယ်သံတောင်ဒေသရှိ ကေအင်ဒီအိုနှင့်အလံဖြူကွန်မြူနစ်များအား တပ်မဟာ(၂)မှ တိုက်ပွဲပေါင်း ၃၁၇ ကြိမ်တိုက်ခိုက်ကာ ချေမှုန်းပြီး နယ်မြေငြိမ်းချမ်းသာယာရေးကို ရရှိစေခဲ့သည်။

ကရင်ပြည်နယ်၊ ဖာပွန်၊ ဖားအံခရိုင်များနှင့် သထုံခရိုင်များရှိ ကေအင်ဒီအိုများနှင့် အလံနီကွန်မြူနစ်အချို့တို့အား တပ်မဟာ(၃)မှ တိုက်ပွဲပေါင်း ၃၈၆ကြိမ်တိုက်ခိုက်ကာ ချေမှုန်းခဲ့

---

[၁] ပြန်ကြားရေးဌာန – **ပြည်ရေးရှာမှု**

[၂] ပြန်ကြားရေးဌာန – **ပြည်ရေးရှာမှု**

သဖြင့် တောခိုပါလီမန်အမတ်ဖေညွန့်ကျဆုံးသည့်အပြင် သောင်းကျန်းသူအများအပြားလက်နက်ချခြင်း၊ ယင်းတို့အချင်းချင်းသွေးကွဲပြီး သတ်ဖြတ်ကြခြင်းအဆင့်အထိ အောင်မြင်မှုများရရှိသည့်အပြင် နယ်မြေလုံခြုံရေး၊ ငြိမ်းချမ်းရေးကိုလည်း ရရှိစေခဲ့သည်။

မြိတ်၊ ထားဝယ်၊ ကျိုက္ကမီခရိုင်နှင့် ကရင်ပြည်နယ်ကော့ကရိတ် ဒေသရှိ ကေအင်ဒီအို၊ အမ်အင်ဒီအိုခေါ် မွန်သောင်းကျန်းသူများ၊ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်များအား တပ်မဟာ(၅)မှ တိုက်ပွဲပေါင်း အကြိမ်၂၈၀ တိုက်ခိုက်ချေမှုန်းကာ နယ်မြေငြိမ်ဝပ်ပိပြားရေး နှင့် အေးချမ်းသာယာရေးကို ဆောင်ရွက်ခဲ့သည်။

ဟင်္သာတ၊ ပုသိမ်နှင့်မြောင်းမြခရိုင်များရှိ ကေအင်ဒီအို မြစ်ဝကျွန်းပေါ်ဌာနချုပ်နှင့် အလံဖြူကွန်မြူနစ်မြစ်ဝကျွန်းပေါ်တိုင်းဌာနချုပ်များအား တပ်မဟာ(၈)မှ **အောင်စကြာ** စစ်ဆင်ရေး၊ **ရန်လင်း** စစ်ဆင်ရေးနှင့် ဒေသန္တရစစ်ဆင်ရေးများဖြင့် တိုက်ပွဲပေါင်း ၄၅၃ကြိမ် တိုက်ခိုက်ချေမှုန်းခဲ့ရာ ကေအင်ဒီအို ပေါလစ်ဗျူရိုဝင် စောမောင်တိုးနှင့် အခြားခေါင်းဆောင်များဖြစ်ကြသော စောဖိုးစီ၊စောမောင်အိ၊နေဝင်း၊ သက်ပြင်းတို့လက်နက်ချခဲ့ပြီး ဟင်္သာတခရိုင် တပ်မှူး : နစ်ဖြူ ထွန်းကြည်နှင့်နောက်လိုက်များလက်နက်ချခဲ့ကြသည်။

ပဲခူးခရိုင်နှင့် ရွှေကျင်မြို့နယ်ရှိ ကေအင်ဒီအိုတို့၏ ရိုးမတိုင်းဌာနချုပ်နှင့် နစ်ဖြူတို့၏အောက်ဗမာပြည်တိုင်းဌာနချုပ်များအားတပ်မဟာ(၁၁)မှတိုက်ပွဲပေါင်း ၂၆၈ကြိမ် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် နစ်ဖြူအောက်ဗမာပြည် တိုင်းကော်မတီဝင် လွင်မောင်၊ တိုင်းကော်မတီဝင်ဗိုလ်ညွှန့်မောင်နှင့်နောက်လိုက်၁၅၀ကျော် လက်နက်ချခဲ့ကြပြီး ကေအင်ဒီအို ဗဟိုကော်မတီဝင်ရိုးမတိုင်းဥက္ကဋ္ဌဆရာ ဗာဟုကို ဖမ်းဆီးရမိခဲ့သည်။

မအူပင်နှင့် ဖျာပုံခရိုင်ရှိ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်နှင့်ကေအင်ဒီအိုသောင်းကျန်းသူများအား တပ်မဟာ(၁၂)မှ **တာတပေါ** စစ်ဆင်ရေးဖြင့် တိုက်ပွဲပေါင်း ၂၅၅ကြိမ် တိုက်ခိုက်နှိမ်နင်းခဲ့သဖြင့် ကေအင်ဒီအိုတိုင်းကော်မတီဝင် စောထွန်းနေနှင့် တပ်ရင်းမှူးများ၊ တပ်ခွဲမှူး များ၊ ခရိုင်ကော်မတီဝင်များ လက်နက်ချခဲ့ကြပြီး ဖျာပုံခရိုင် နစ်ဖြူအဖွဲ့အစည်းတစ်ခုလုံး လက်နက်ချခဲ့ကြသည်။

သရက်၊ ပြည်နှင့်သာယာဝတီခရိုင်ရှိ အလံဖြူကွန်မြူနစ်များနှင့်ကေအင်ဒီအိုတို့အား တပ်မဟာ(၁၃)မှ တိုက်ပွဲပေါင်း အကြိမ်၁၈၀တိုက်ခိုက်နှိမ်နင်းခဲ့သဖြင့် နစ်ဖြူအနောက်တိုင်းဥက္ကဋ္ဌ၊ ဗဟိုကော်မတီဝင်ကိုယောနှင့်အများအပြားလက်နက်ချခဲ့ကြပြီးအနောက်တိုင်းမှ အမျိုးသမီးသမဂ္ဂတာဝန်ခံ မနေခိုင်ကိုလည်း ဖမ်းဆီးရမိခဲ့သည်။ထို့ပြင် ယင်းဒေသမှ လက်နက်အများအပြားသိမ်းဆည်းရမိခဲ့ပြီး နယ်မြေငြိမ်ဝပ်ပိပြားရေးကို ရရှိစေခဲ့သည်။

ရခိုင်တိုင်းရှိ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်နှင့်မူဂျာဟစ်သောင်းကျန်းသူများအား တပ်မတော်နှင့်အကောက်တော်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ နယ်ခြားဌာနများနှင့် ရဲအဖွဲ့တို့ပူးပေါင်းဖွဲ့စည်းထားသော ရခိုင်တပ်ပေါင်းစုမှ တိုက်ပွဲပေါင်း ၂၅၇ကြိမ် တိုက်ခိုက်နှိမ်နင်းပြီး ယင်းတို့၏လှုပ်ရှားမှုများကို လျော့နည်းသွားစေခဲ့သည်။

နေပြည်တော်စစ်ဌာနချုပ်နယ်မြေဖြစ်သော အင်းစိန်ခရိုင်ရှိ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်နှင့် ကေအင်ဒီအိုများအား တပ်မတော်မှ ပြင်းထန်စွာတိုက်ခိုက် နှိမ်နင်းသဖြင့် ဟံသာဝတီခရိုင် နစ်ဖြူရန်ရှင်းနှင့်ရဲမြင့်တို့တစ်ဖွဲ့လုံး လက်နက်ချခဲ့ကြသည်။ ကေအင်ဒီအိုများလည်း ပဲခူးရိုးမသို့ဆုတ်ခွာ ထွက်ပြေးကြသဖြင့် နယ်မြေငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းရေးကောင်းစွာရရှိ ခဲ့သည်။

ဟံသာဝတီခရိုင်ရှိ အလံဖြူကွန်မြူနစ်၊ အလံနီကွန်မြူနစ်နှင့် ကေအင်ဒီအိုများအားတပ်မတော်မှ အဆက်မပြတ်ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် တွံတေးတောကြီးတန်းတွင် နှစ်ရှည်ကြာစွာ ကြီးစိုးနေသော ကေအင်ဒီအိုဖိုးခိုနှင့်အဖွဲ့သည်လည်းကောင်း၊ နစ်နီထွန်းစိန်နှင့်အဖွဲ့သည်လည်းကောင်း၊ ဟံသာဝတီခရိုင်အရှေ့ပိုင်း ပင်လယ်ကမ်းခြေတွင် ကြီးစိုးနေသော နစ်နီဗဟိုကော်မတီဝင်ထွန်းဦးနှင့် ခရိုင်ကော်မတီဝင်များဖြစ်ကြသော အောင်ကြီး၊ ကျော်စိုးလွင် နှင့် အဖွဲ့သည်လည်းကောင်း လက်နက်ချခဲ့ကြသည်။ ဤသို့ဖြင့် နေပြည်တော်စစ်ဌာနချုပ်နယ်မြေတစ်ခုလုံးတွင် တပ်မတော်မှတိုက်ပွဲပေါင်း ၁၄၀ ဆင်နွှဲတိုက်ခိုက်ပြီး ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ပေးခဲ့လေသည်။

အိမ်စောင့်အစိုးရလက်ထက်တွင် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးတို့အတွက် တပ်မဟာများ၊ တပ်ရင်းများမှ စစ်ဆင်ရေးကြီး ၁၀၈ကြိမ်နှင့် ဒေသန္တရစစ်ဆင်ရေး ၃၂၃ကြိမ်ဆင်နွှဲခဲ့ပြီး တိုက်ပွဲကြီးပေါင်း ၃၈၆ပွဲနှင့် တိုက်ပွဲငယ်၂၇၄၃ပွဲ တိုက်ခိုက်ခဲ့ရ သည်။[၁]

တပ်မတော်ထိုးစစ်ကြောင့် နစ်ဖြူ၊ နစ်နီ၊ ကေအင်ဒီအို၊ အမ်အင်ဒီအို၊ ရှမ်းသောင်းကျန်းသူ၊ မူဂျာဟစ် စသည့်သောင်းကျန်းသူ ၁၈၇၂ဦးကျဆုံးခဲ့ပြီး ၁၉၅၉ဦး ဒဏ်ရာရရှိကာ ၁၂၃၈ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ထို့ပြင် သောင်းကျန်းသူ ၃၆၁၈ဦး လက်နက်ချအလင်းဝင်ခဲ့သည်။[၂] လက်နက်မျိုးစုံ ၅၆၅၃၈ လက်ကိုလည်း သိမ်းဆည်းရမိခဲ့သည်။အိမ်စောင့်အစိုးရ စတင်တာဝန်ယူသည့် အချိန်မှစ၍ တပ်မတော်သည် ပြည်သူတို့၏ သတင်းပေး ကူညီမှုများဖြင့်

---

၁ ပြန်ကြားရေးဌာန– **ပြည်ရေးရာမှု**

၂ ပြန်ကြားရေးဌာန– **ပြည်ရေးရာမှု**

သောင်းကျန်းသူအဖွဲ့ အစည်းများအား ပြင်းထန်စွာထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူတို့ ၏ အင်အားသည် ၁၅၀၀၀ကျော်မှ ၅၀၀၀ကျော်အထိ လျော့ကျဆုတ်ယုတ်သွားခဲ့သည်။

အိမ်စောင့်အစိုးရ လက်ထက်တွင်သောင်းကျန်းမှုနှိမ်နင်းရေးအတွက် စစ်ဆင်မှုကို ယခင်အခါများကကဲ့သို့ ခြောက်သွေ့သောရာသီတွင် စစ်ဆင်ပြီး မိုးရာသီတွင် ရပ်နားသောစနစ်ကို မသုံးတော့ဘဲ နွေ၊ မိုး၊ ဆောင်း ရာသီအားလုံးတွင် ဆက်တိုက်မရပ်မနားစစ်ဆင်သည့် စနစ်ကို ကျင့်သုံးခဲ့သည်။စစ်ဆင်မှုပြုလုပ်ရာတွင်လည်း ပိုမိုတိုးတက်ကောင်းမွန်သော နည်းစနစ်များကို အသုံးပြုခဲ့သည်။ စစ်လက်ရုံးတပ်များဖြစ်သော ရေတပ်၊လေတပ်၊ အမြောက်တပ်၊ သံချပ်ကာတပ် များအပြင် ရဲ၊ စစ်ရဲ၊ အရံရဲ၊ကာကွယ်ရေးနှင့်ပြည်သူ့အထောက်တော် ဒူးလေး၊ ဝါးချွန်တပ်များနှင့်ပါ ပူးပေါင်း၍ ပြည်သူအားကို အသုံးပြုပြီး သောင်းကျန်းမှုကို အမြစ်မှလှန်၍ ဖြိုဖျက်ခဲ့သည်။ သောင်းကျန်းမှု နှိမ်နင်းရာတွင် စစ်ဆင်မှုတစ်ခုတည်းသာ မဟုတ်ဘဲ စိတ်ဓာတ်စစ်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးစသည့် လူမှုဝန်ထမ်းလုပ်ငန်းများကိုလည်း ပူးပေါင်း ဆောင်ရွက်ခဲ့သည်။[၁]

## သန့်ရှင်းဖဆပလသို့အာဏာလွှဲပြောင်းပေးအပ်ခြင်း

အိမ်စောင့်အစိုးရသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကိုကျင်းပ ပေးရန် အဓိကတာဝန်ယူခဲ့သည်။ ကုန်ဈေးနှုန်းချပေးရန်ကိုလည်း ရည်မှန်းခဲ့သည်။ ရန်ကုန်မြို့ ကြီး၏သန့်ရှင်းရေး၊ ကွက်သစ်နေလူထုအား ဘဝသစ်ထူထောင်ပေးရေးကိုလည်း ဆောင်ရွက်ပေးခဲ့ သည်။ ထို့ထက်ပို၍ နိုင်ငံတော်၏ အနာဂတ်အတွက် သော့ချက်ကျသော ကိစ္စကြီးနှစ်ရပ်ကိုလည်း ပြီးပြတ်အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည်။ ပထမကိစ္စရပ်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် ကြွင်းကျန်နေသော ပဒေသရာဇ်စနစ်ကို ဥပဒေဖြင့်ဖယ်ရှားပေးခြင်းဖြစ်ပြီး ဒုတိယကိစ္စမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်သတ်မှတ်ရေးကိုပြေလည်စွာ သဘောတူစာချုပ် ချုပ်ဆို နိုင်ခဲ့ခြင်း ဖြစ်သည်။[၂]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄ နှင့် ပုဒ်မ ၁၈၁ တွင် ရှမ်းနှင့် ကယား ပြည်နယ်တို့မှ စော်ဘွား၊ စောဖျာများအတွက် လူမျိုးစုလွှတ်တော်တွင် သီးသန့်ထားသောအမတ် နေရာများရှိပြီး စော်ဘွား၊ စောဖျာ များသည် ရွေးကောက်ပွဲဝင်ရန်မလိုချေ။ လူမျိုးစုလွှတ်တော်တွင် ရှမ်းစော်ဘွား၂၅ဦး၊ ကယားစော်ဘွား၊ စောဖျာ၃ဦး စုစုပေါင်း၂၈ဦးသည် ပဒေသရာဇ်အမွေခံများ အဖြစ် နေရာရကြသလို ဖြစ်နေသည်။ ဒီမိုကရေစီစနစ်ကို ကိုယ်စားပြုနေသော ပါလီမန်တွင်

---

[၁] ပြန်ကြားရေးဌာန – **ပြည်ရေးရွာမှု**

[၂] ဒေါက်တာမောင်မောင် – **မြန်မာ့နိုင်ငံရေးစရိုက်နှင့် ဗိုလ်ချုပ်ကြီးနေဝင်း** မျက် ၃၈၆

စော်ဘွား၊ စောဖျာတို့အား သီးသန့်နေရာပေးထားရခြင်းသည် တင့်တယ်သင့်မြတ်ခြင်းမရှိသလို ဖြစ်နေသည်။[၁] ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲစဉ်က လွတ်လပ်ရေးရရှိပြီးနောက် ၃နှစ်အတွင်း ဤအချက်ကို ပြန်လည်သုံးသပ်ပြင်ဆင်မည်ဟု ပြည်နယ်ဆိုင်ရာကော်မတီငယ်က ဆုံးဖြတ်ခဲ့သည်။ ပမညတ တို့ကသာ ပြည်သူ့လွှတ်တော်တွင် ပဒေသရာဇ်အကြွင်းကျန်တို့အား အခြေခံဥပဒေပြင်ဆင်၍ ဖယ်ရှားရန် အတန်တန် အဆိုပြုခဲ့ကြသော်လည်း ဖဆပလ အစိုးရလက်ထက်တွင် ဤကိစ္စကိုပြီးပြတ်အောင် မဆောင်ရွက်ခဲ့ချေ။

အိမ်စောင့်အစိုးရ လက်ထက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီမိုကရေစီထွန်းကားရေး ကိစ္စကိုပိုင်နိုင်နိုင်ဆောင်ရွက်ရာ စော်ဘွား၊ စောဖျားများကလည်း ပူးပေါင်းဆောင်ရွက်ကြသည်။ ၁၉၅၉ခုနှစ်၊ မတ်လတွင် စော်ဘွား၊ စောဖျာများက ပဒေသရာဇ်အာဏာစွန့်လွှတ်ရေးအတွက် အခြေခံမှုများတွင် သဘောတူညီချက်ရသည်။ မတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ လူမျိုးစုလွှတ်တော်အဆောက်အဦ၌ ကျင်းပသော ရှမ်းပြည်နယ်ကောင်စီ အရေးပေါ်ညီလာခံတွင် ရှမ်းပြည်နယ်အစိုးရ၊ ပြည်ထဲရေးဝန်ကြီး မိုင်းရှူးစော်ဘွားကြီး စဝ်မန်ဖက " ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ၁၅၄၊ပုဒ်မခွဲ(၂) ကိုပြင်ဆင်ပေးရန် ပါလီမန်အား တိုက်တွန်းနိုးဆော်ရေး အဆိုကို ရှမ်းပြည်နယ်ကောင်စီက လေးနက်စွာထောက်ခံကြရန်" ဟူသော အဆိုကို တင်သွင်းရာ ကောင်စီက အတည်ပြုခဲ့သည်။[၂]

ဤသို့အတည်ပြုပြီးနောက် ၁၉၅၉ခုနှစ်၊ မတ်လ၁၂ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းဝေး၌ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ဟုံဖက ၁၉၅၉ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ဒုတိယပြင်ဆင်ချက်) ဥပဒေကြမ်းကို တင်သွင်းသည်။ ပြည်သူ့လွှတ်တော်က ယင်းအဆိုကို အတည်ပြုခဲ့သဖြင့် မတ်လ ၁၆ ရက်နေ့တွင် လူမျိုးစုလွှတ်တော်အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီး စဝ်ဝဏ္ဏက တင်သွင်းရာ လွှတ်တော်မှ ဆက်လက်အတည်ပြုခဲ့သည်။ တစ်ဖန် မတ်လ၁၇ ရက်နေ့တွင် လွှတ်တော်နှစ်ရပ် အစည်းအဝေးမှ ယင်းပြင်ဆင်ချက် အဆိုကို ထပ်မံအတည်ပြုခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ၁၅၄၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မ၁၈၁(၁) ပြင်ဆင်ချက်ဥပဒေကြမ်းကို အတည်ပြုခဲ့ကြပြီးနောက်ရှမ်းပြည်နယ်ကောင်စီအရေးပေါ်ညီလာခံတစ်ရပ်ကို တောင်ကြီးမြို့၌ ၁၉၅၉ခုနှစ်၊ဧပြီလ ၂၄ရက်နေ့တွင်ကျင်းပသည်။ ယင်းအရေးပေါ်ညီလာခံမှ စော်ဘွားများအာဏာစွန့်ရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှမ်းပြည်နယ်ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်ကြသည်။[၃]

---

[၁] ဒေါက်တာမောင်မောင် – မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း မျက် ၃၈၆

[၂] ပြန်ကြားရေးဌာန – ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပ္ပ ၁၉၅၉ခု၊ ဧပြီလ(၂၉)ရက်

[၃] ပြန်ကြားရေးဌာန–ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပ္ပ ၁၉၅၉ခု၊ ဧပြီလ(၂၉)ရက်

၁၉၅၉ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချမင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့၌ ခမ်းနားစွာကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ပြည်နယ်အသီးသီးနှင့် ပြည်မမှ ဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့သည်။ ထိုအခမ်းအနားတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက မိမိတို့၏အာဏာကို ရက်ရောစွာစွန့်လွှတ်ကြသော စော်ဘွားများအား ချီးကျူးကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ပြုစုပျိုးထောင်ပေးခဲ့သည့် ပင်လုံစိတ်ဓာတ်ကို ထိန်းသိမ်းကြရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ပွားများကြရန်၊ ပြည်ထောင်စုသွေးခွဲရေးသမား၊ ပြည်ထောင်စုသစ္စာဖောက်များကို တိုက်ဖျက်ကြရန်၊ ကျဉ်းမြောင်းသောလူမျိုးရေးစိတ်ဓာတ်ကို စွန့်လွှတ်ပြီးပြည်ထောင်စုတစ်ဝှမ်းလုံး၏ တိုးတက်ရေးနှင့်စည်ပင်ဝပြောသာယာရေးကို ရှေးရှုကြရန် ပြောကြား ခဲ့သည်။[၁] ဤသို့ အခြေခံဥပဒေ ပြင်ဆင်ချက်ကြောင့် နောင်ကျင်းပမည့်ရွေးကောက်ပွဲမှစ၍ စော်ဘွား၊စောဖျာများအတွက် လူမျိုးစုလွှတ်တော်တွင် သီးသန့်နေရာများမရှိတော့ပေ၊ သို့သော်ယခင်က စော်ဘွား၊စောဖျာများသည် ပြည်သူ့လွှတ်တော်သို့ ရွေးကောက်ခြင်းခံနိုင်ခွင့် မရှိခဲ့ချေ၊ ယခုအခါတွင်မူ စော်ဘွား၊စောဖျာများသည် ကြိုက်ရာလွှတ်တော်သို့ ပြည်ထောင်စုသားများအဖြစ် ဒီမိုကရေစီ နည်းကျကျ ယှဉ်ပြိုင်အရွေးခံနိုင်ခွင့် ရှိကြသည်။ ပဒေသရာဇ်အခွင့်အရေးများကို စွန့်လွှတ်သောကြောင့် နိုင်ငံတော်အစိုးရက သင့်လျော်သော လျော်ကြေးများကို သတ်မှတ်၍ ထုတ်ပေးခဲ့လေသည်။[၂]

ထို့ပြင် အိမ်စောင့်အစိုးရလက်ထက်တွင် ၁၉၆၀ပြည့်နှစ်၊ ဇန်နဝါရီလ၂၈ရက်နေ့၌ မြန်မာ–တရုတ် နယ်နိမိတ်စာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်အောင် ဆောင်ရွက်ခဲ့လေသည်။

အိမ်စောင့်အစိုးရ လက်ထက်တွင် တပ်မတော်မှ အရာရှိကြီးများ ဦးစီးပြီး ကြံ့ခိုင်ရေးအသင်းများကို မြန်မာတစ်နိုင်ငံလုံးတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ကြံ့ခိုင်ရေးအသင်း၏ဆောင်ပုဒ်မှာ " သတ္တိ " ဖြစ်ပြီး ကတိသစ္စာ(၅)ချက်နှင့် ကျင့်ဝတ်(၈)ပါး ပြဋ္ဌာန်းထားသည်။ ကြံ့ခိုင်ရေးအသင်းကြီး၏ ရည်ရွယ်ချက်မှာ–

(က) နိုင်ငံတော်အခွန့်ရှည်ရေး၊ ဒီမိုကရေစီကြံ့ခိုင်ရေး၊ တိုင်းသူပြည်သားများချမ်းသာစွာနေနိုင်ရေး၊ လွတ်လပ်စွာ စီးပွားကုန်သွယ်ရေးမပျက်ရန်၊

(ခ) ပညာပေးဟောပြောခြင်းနည်း၊ မိမိတို့အခွင့်အရေးရှိသမျှတိုက်ဖျက်နည်းနှင့်အစိုးရအား အမျိုးမျိုးကူညီခြင်းဖြင့် မသမာသူများကို ထိရောက်စွာ အရေးယူနိုင်ရန် ၊

---

[၁] ပြန်ကြားရေးဌာန–ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ ၁၉၅၉ခု၊ ဧပြီလ(၂၉)ရက်

[၂] ဒေါက်တာမောင်မောင်– မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း မျက် ၃၈၇–၃၈၈

(ဂ) နိုင်ငံတော်အတွင်း သောင်းကျန်းသူများ၊ မသမာသော စီးပွားရှာမှုများနှင့် ရာဇဝတ်ကျူးလွန်မှုများကို အစိုးရသာမဟုတ်ဘဲ လူတိုင်းက အစိုးရနှင့် အတူလက်တွဲကာ ဖိနှိပ်ခြင်း၊ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ သောင်းကျန်းမှုကိုအားပေးသူများအား တရားဥပဒေဘက်သို့ သိမ်းသွင်း၍ တရားဥပဒေ တည်တံ့ခိုင်မြဲရေးအတွက်ဆောင်ရွက်ရန်၊

တို့ဖြစ်သည်။ ကြံ့ခိုင်ရေးအသင်းများ၏ နီးကြားတက်ကြွသော ကူညီရိုင်းပင်းမှုများကြောင့် နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေးနှင့်ငြိမ်းချမ်းသာယာရေး လုပ်ငန်းများတွင် အထူးပင်တိုးတက် အောင်မြင်ခဲ့လေသည်။[၁]

အိမ်စောင့်အစိုးရ လက်ထက်တွင် ပြည်သူလူထု သက်သာချောင်ချိရေးအတွက် ကုန်ဈေးနှုန်းများ ကျဆင်းလာစေရန် မတရားသိုလှောင်ထားသော ကုန်ပစ္စည်းများကို သိမ်းယူခြင်း၊ လူထုသုံး အဓိကကုန်ပစ္စည်းများကို ဈေးနှုန်းကန့်သတ်ခြင်း၊ ပစ္စည်းများကို လူထုအားမျှတစွာဝေငှ နိုင်ရေးအတွက် အဓိကသွင်းကုန်ဌာနများဖြစ်သော ထောက်ပံ့ရေးဌာန၊ သမဝါယမနှင့်ဖက်စပ် ကော်ပိုရေးရှင်းများ၏ မူနှင့်လုပ်ငန်းစဉ်များကို ပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ သည်။ ၁၉၅၉ခုနှစ်အတွင်းတွင် နိုင်ငံခြားကုန်တင်ပို့ရေး၊ တင်သွင်းရေးအတွက် ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ ငွေကြေးရင်းနှီးမှုပြေလည် စေရန် အင်းဝဘဏ်လုပ်ငန်း၊ အစိုးရနှင့်ကုန်သည်များ၏ သွင်းကုန်နှင့်ထုတ်ကုန်များကို စစ်ဆေး ပေးသော ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ပြည်သူလူထုသွားလာမှု အဆင်ပြေရေးအတွက် နေပြည်တော်ပို့ဆောင်ရေးလုပ်ငန်း၊ ရိုးကုမ္ပဏီလုပ်ငန်း၊မြန်မာပြည်ဟိုတယ်များလီမိတက်၊လျှပ်စစ် နှင့်စက်မှုလက်မှုကုမ္ပဏီ စသည်တို့ကိုလည်းကောင်း၊ ၁၉၆၀ပြည့်နှစ်တွင် ကျောက်မီးသွေးနှင့် အထွေထွေ ကူးသန်းရောင်းဝယ်ရေးသမဂ္ဂ ကုမ္ပဏီလီမိတက်ကိုလည်းကောင်း လုပ်ဆောင်ခဲ့သည်။

ရန်ကုန်မြို့တော်ကြီးကိုလည်း မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင် ဆောင်ရွက် ရေးအတွက် မြူနီစီပါယ်လူကြီးများကို နုတ်ထွက်စေပြီး ဗိုလ်မှူးကြီးထွန်းစိန်ဦးစီးသည့် မြူနီစီပါယ် အုပ်ချုပ်ရေးအဖွဲ့သစ်တစ်ခုကို ၁၉၅၈ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်ဖွဲ့စည်းကာ မြို့တော် အင်္ဂါရပ်နှင့် ညီညွတ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတမြို့သစ်များကို တည်ထောင်ပြီး ရန်ကုန်မြို့တွင်းမှ ကျူးကျော် တဲအိမ်များကိုဖယ်ရှားကာ မြို့သစ်များသို့ ရွှေ့ပြောင်း နေထိုင်စေခြင်းဖြင့် လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းများ ကိုဆောင်ရွက်ခဲ့သည်။[၂]

---

[၁] နိုင်ငံတော်ကြံ့ခိုင်ရေးအသင်းဖဟိုကာင်စီညီလာခံ၊ ကြံ့ခိုင်ရေးသတင်းစဉ်

[၂] ပြန်ကြားရေးဌာန– ပြည်ရေးရွာမှု

အိမ်စောင့်အစိုးရသည် နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်မှု၊ တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုရရှိစေရန် ဖြူစင်မှန်မြတ်သော စိတ်စေတနာ၊ မလျော့သောဇွဲလုံ့လ၊ ခိုင်မာသောဆုံးဖြတ်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၉၆၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ရက်နေ့တွင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲတွင်အနိုင်ရရှိသော သန့်ရှင်းဖဆပလအဖွဲ့သို့ ၁၉၆၀ပြည့်နှစ်၊ ဧပြီလ ၄ရက်နေ့တွင် အာဏာလွှဲပြောင်းပေးအပ်ခဲ့ပေသည်။

---

၁ (၄၈)နှစ်မြောက် တပ်မတော်(လေ) နှစ်လည်မဂ္ဂဇင်း၊ အမှတ် ၃

# အခန်း(၁၃)
# တော်လှန်ရေးကောင်စီကနိုင်ငံတော်အာဏာကိုထိန်းသိမ်းစောင့်ရှောက်ခြင်း

## ပြည်ထောင်စုပါတီ(ပထစ)တွင်းအုပ်စုပဋိပက္ခပေါ်ပေါက်ခြင်း

သန့်ရှင်းဖဆပလအဖွဲ့သည် ဦးနုအားဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ထို့ပြင်သန့်ရှင်း ဖဆပလအဖွဲ့ကိုလည်း " ပြည်ထောင်စုပါတီ " ဟုအမည်ပြောင်းလိုက်သည်။ ဝန်ကြီးချုပ် ဦးနုသည်ငွေရေးကြေးရေး အကုန်အကျသက်သာစေရန် အတွက်ဟုဆိုကာ အစိုးရအဖွဲ့ကို ဝန်ကြီးဦးရေ နည်းနိုင်သမျှနည်းပြီး ဖွဲ့စည်းခဲ့ရာ ရာထူးခန့်ထားရေး နှင့်ပတ်သက်၍ ပါတီတွင်းမကျေနပ်မှုများ ဖြစ်ပေါ်လာသည်။ နယ်ချဲ့ဆန့်ကျင်ရေး ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့သည့်ခေါင်းဆောင်များက "ဗိုလ်" များ အဖြစ် အုပ်စုဖွဲ့လာသည်။တက္ကသိုလ်ဘွဲ့ရ အစိုးရအရာရှိဟောင်းများနှင့်ရှေ့နေများက "ဦး" ဟူ၍ အုပ်စုဖွဲ့သည်။ အချို့က သခင်ဘဝကတည်းက နိုင်ငံရေးလုပ်လာသည်ဟုဆိုကာ "သခင်" အုပ်စုဖွဲ့ကြသည်။ ပြည်ထောင်စုပါတီ(ပထစ) အစိုးရသည် အုပ်ချုပ်မှု သက်တမ်းတစ်နှစ်မပြည့်မီ မှာပင် ဦး၊ ဗိုလ်၊ သခင် ဟူ၍အုပ်စုသုံးစုဖြစ်လာကာအုပ်စုတိုက်ပွဲများ ဆင်နွှဲလာကြသောအခါ "ဦး" အုပ်စုနှင့် "ဗိုလ်"အုပ်စုတို့ကပူးပေါင်းသွားပြီး "ဦး–ဗိုလ်"အုပ်စုနှင့် "သခင်"အုပ်စုတို့ပဋိပက္ခ ဖြစ်လာကြသည်။[၁]

"သခင်"အုပ်စုတွင် သခင်တင်၊ သခင်ကျော်ထွန်း၊ သခင်ပန်းမြိုင်၊ သခင်တင်မောင်၊ သခင်သိမ်းမောင်၊ ဗိုလ်တင်မောင်ကြီး၊ သခင်ချွန်ထွန်း၊ ဦးအုန်းမြင့်၊ ဦးစောလူလူ၊ ဦးတင်ဦး၊ သခင် ထွန်းအုံ၊ သခင်ထွန်းစိန်၊ ဦးဘဇံ၊ ဦးလွမ်ပုံး အစရှိသူများပါဝင်ကြသည်။" ဗိုလ်" အုပ်စုတွင်ရဲဘော်သုံးကျိပ်ဝင်များဖြစ်ကြသောဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်ဗလ၊ ဗိုလ်တာရာ၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်ဇင်ယော်တို့နှင့်အတူ ဗိုလ်ဗတင်၊ ဗိုလ်မှူးသောင်းထိုက်၊ ဗိုလ်မှူးထင်ပေါ် အစရှိသူတို့ပါဝင်ကာ "ဦး" အုပ်စုတွင် ဦးဝင်း၊ ဦးချစ်မေ၊ ဦးချမ်းသာ၊ မိုးကြိုးဦးအုန်းခင်၊ ဦးပျို့ငြိမ်း နှင့် ဦးလှကျော်အစရှိသူ တို့ပါဝင်ကြသည်။[၂]

၁၉၆၂ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ၌ ပြည်ထောင်စုပါတီညီလာခံကျင်းပရာ "ဦးဗိုလ်" အုပ်စုနှင့် "သခင်" အုပ်စုတို့သည် ပါတီတွင်း ခေါင်းဆောင်မှုနေရာ၊ အရေးပါသောနေရာများကို မိမိတို့အုပ်စုမှ ရရှိရေးအတွက် အပြိုင်အဆိုင်

---

[၁] ဒေါက်တာမောင်မောင်–မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း မျက် ၄၁၁–၄၁၇

[၂] စည်သူအောင်၊ မောင်မှတ်– ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၁၃၆

နေရာလုကြရာမှ အုပ်စုစွဲ ဆန္ဒများ ပြင်းထန်လာပြီး မသင့်မတင့်ဖြစ်မှုများပေါ်ပေါက်ခဲ့ရသည်။[၁] ထို့ကြောင့်ပြည်ထောင်စုပါတီ (ပထစ) သည် စည်းလုံးမှုပျက်ပြားလာက အာဏာရှိနေသော်လည်း အာဏာစက်မစူးရှတော့ချေ။ ယင်းသို့အာဏာရပါတီ၏ မတည်မငြိမ်ဖြစ်မှုသည် အစိုးရအဖွဲ့မှ တစ်ဆင့် အုပ်ချုပ်ရေးယန္တရားကို ရိုက်ခတ်လာသဖြင့် အုပ်ချုပ်ရေးများ ပျက်ပြားလာခဲ့ရသည်။ ထိုအချက်ကိုအခွင့်ကောင်းယူကာ လက်ျာသမားများ၊ အရင်းရှင်လက်ဝေခံများ၊ ပဒေသရာဇ်များ နှင့် ဗျူရိုကရက်ဟောင်းများက တစ်စခန်းထလာခဲ့သည်။[၂]

## ဗုဒ္ဓဘာသာကိုနိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းခြင်း

ပထစအစိုးရလက်ထက်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရန် ကြိုးပမ်းမှုသည်လည်း နိုင်ငံရေးမတည်ငြိမ်မှုများကိုပေါ်ပေါက်စေခဲ့သည်။ ဦးနုသည် အထွေထွေ ရွေးကောက်ပွဲယှဉ်ပြိုင်ရန်မဲဆွယ်တရားဟောစဉ်ကပင် မိမိတို့ပါတီအာဏာရရှိလာလျှင် ဗုဒ္ဓဘာသာ ကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းပေးမည်ဟု ကတိပေးကြွေးကြော်ခဲ့သည်ကို အကောင်အထည် ဖော်ရန် ကြိုးပမ်းလေသည်။

ဝန်ကြီးချုပ်ဦးနုသည် မိမိပေးထားသည့်ကတိအတိုင်း ၁၉၆၀ပြည့်နှစ် ၊ ဧပြီလ ၄ရက်နေ့တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်း သတ်မှတ်ရေးဆိုင်ရာ အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အကြံပေးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံတစ်ဝှန်းသို့ လှည့်လည်သွားရောက်ခဲ့ သည်။ အကြံပေးအဖွဲ့သွားရောက်ရာဒေသများအနက် ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့တွင် အကြမ်းဖက် ဆန္ဒပြမှုနှင့်တွေ့ကြုံခဲ့သည်။ ကချင်ပြည်နယ်တွင် ခရစ်ယာန်ဘာသာ ကိုးကွယ်သူ များနှင့်နတ် ကိုးကွယ်သူများ နေထိုင်ကြသဖြင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်အသိ အမှတ်ပြုရေးကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည်။ ဆန္ဒပြသူများသည် ပိုစတာများကိုကိုင် ဆောင်ထားကြပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်အသိအမှတ်ပြုရေးအဆိုကို ဆန့်ကျင် သည့်ကြွေးကြော်သံများ ကို ကြွေးကြော်ခဲ့ကြသည်။[၃]

ထို့ပြင် ပြည်တွင်း၌လည်း ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဟူ၍ပြဋ္ဌာန်းသင့် သလောဟူသည့် ဝါဒငြင်းခုံမှုများ ၊ ထောက်ခံသူများ၊ ကန့်ကွက်သူများစသည်ဖြင့် ဆူပူလှုပ်ရှားလာ ခဲ့ သည်။၁၉၆၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြည်မနှင့်ပြည်နယ်များမှ ခရစ်ယာန်ဘာသာ ဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့်နတ်ကိုးကွယ်သူဗမာ၊ ကချင်၊ချင်း၊ကရင် အစရှိသော ဘာသာ

---

၁ ဒေါက်တာမောင်မောင်– **မြန်မာနိုင်ငံရေးခရီးနှင့်မိုလ်ချုပ်ကြီးနေဝင်း** မျက် ၄၂၄

၂ သံတွဲဥသြ– **မိုလ်ချုပ်ကြီးနေဝင်းအစိုးရ** မျက် ၉၃–၉၄

၃ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များပြုစုရေးအဖွဲ့.– **၁၉၅၈–၁၉၆၂ မြန်မာနိုင်ငံရေး (တတိယတွဲ)**မျက်၉၉–၁၀၀

ဝင်များစုဝေးတိုင်ပင်ကြပြီး တိုင်းရင်းသားဘာသာရေးလူနည်းစုပေါင်းစုံမဟာမိတ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ကာဆန္ဒပြကန့်ကွက်ပွဲများကျင်းပကြသည်။နောက်ဆုံးတွင်ပထစအစိုးရအဖွဲ့အတွင်းရှိ ဗုဒ္ဓဘာသာဝင် မဟုတ်သော ဝန်ကြီးများအတွင်းတွင်ပင် ကန့်ကွက်မှုများ ဖြစ်လာကြသည်။[၁] သို့ရာတွင် ပထစအစိုးရသည် ၁၉၆၁ခုနှစ်၊ ဩဂုတ်လ၂၆ရက်နေ့တွင်ပါလီမန်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ဆင်ကာဗုဒ္ဓဘာသာ ကို နိုင်ငံတော် ဘာသာအဖြစ်ပြဋ္ဌာန်းလိုက်သည်။

တပ်မတော်အနေဖြင့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းသည့် ကိစ္စနှင့်ပတ်သက်၍ လိုလိုလားလားမရှိခဲ့ပေ။တပ်မတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်၍ ဘာသာရေးကို အကြောင်းပြုပြီး တပ်မတော်အတွင်း စည်းလုံးညီညွတ်ရေး ပြိုကွဲမည်ကို တပ်မတော်ခေါင်းဆောင်များက စိုးရိမ်မကင်းဖြစ်ခဲ့သည်။ တပ်မတော်အရာရှိကြီးများသည် ဝန်ကြီးချုပ်ဦးနုအား နိုင်ငံတော်ဘာသာဥပဒေကြမ်းကိုပြဋ္ဌာန်းမည်ဟု ဆိုလျှင် မြန်မာပြည်မအတွက်သာ ကန့်သတ်ပြဋ္ဌာန်းရန် တိုက်တွန်းခဲ့သော်လည်း ဝန်ကြီးချုပ်ဦးနုက လက်ခံခြင်း မရှိခဲ့ပေ။[၂]

ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော တိုင်းရင်းသားများအတွင်း မကျေနပ်၍ ဆူပူမှုများ ပေါ်ပေါက်ခဲ့ရပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးကို ထိခိုက်ခဲ့ရသည်။ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ပြည်သူများ၏ စိုးရိမ်ထိတ်လန့်မှု၊ မကြေနပ်မှုများ ပပျောက်စေရန် ပထစ အစိုးရသည် ပါလီမန်တွင် စတုတ္ထပြင်ဆင်ချက်ဥပဒေကို ထပ်မံပြဋ္ဌာန်းပေးရသည်။ ၎င်းဥပဒေအရ ဗုဒ္ဓဘာသာဝင် မဟုတ်သော အခြားဘာသာဝင်များ၏ လွတ်လပ်စွာကိုးကွယ်ခွင့်၊ လွတ်လပ်စွာသင်ကြားနိုင်ခွင့်တည်းဟူသော ရှိပြီးဖြစ်သည့် ဘာသာရေးနှင့်ပတ်သက်သည့်အခြေခံ အခွင့်အရေးများကို ဖြည့်စွက်ပေးသည်။ ၎င်းတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ဝန်ကြီးချုပ်ဦးနုအိမ်နှင့် လွှတ်တော်၊ အတွင်းဝန်ရုံးစသည်တို့ကို ဝိုင်းသည့် ကိစ္စ၊ မြောက်ဥက္ကလာပ ဗလီအရေးအခင်း စသည်တို့ ပေါ်ပေါက်ခဲ့သည်။

မြောက်ဥက္ကလာပ ဗလီအရေးအခင်းမှာ မြောက်ဥက္ကလာပမြို့သစ်တွင် ဗလီတည်ဆောက်ရန်အတွက် မြေနေရာပေးသည်ကို သံဃာတော်များက မကြေနပ်၍ ဗလီတည်ဆောက် မည့်နေရာ၌ ဆန္ဒပြရာမှ ရဲနှင့်သံဃာတော်၊ လူထုတို့ ပဋိပက္ခဖြစ်ပွားပြီး ပုဒ်မ(၁၄၄) ထုတ်ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။[၃] အခြားအကျိုးဆက်တစ်ခုမှာ ကချင်ပြည်နယ်တွင်

---

[၁] (က) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များပြုစုရေးအဖွဲ့.- ၁၉၅၈-၁၉၆၂ မြန်မာနိုင်ငံရေး (တတိယတွဲ) မျက်၁၀၆
(ခ) ဝိဇ္ဇုရသခင်ချစ်မောင်-လွတ်လပ်ရေးရပြီးနောက်မြန်မာပြည် မျက် ၄၄

[၂] စည်သူအောင်၊ မောင်မှတ်- ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၁၄၅

[၃] မိုးကြိုးသတင်းစာ၊ ၁၉၆၁ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်

ကချင်လွတ်မြောက်ရေးတပ်မတော်[၁] ရုတ်တရက် ကျယ်ပြန့်များပြားလာခဲ့ရခြင်းပင်ဖြစ်သည်။[၂]

**ဖက်ဒရယ်မူနှင့်ပြည်နယ်ခွဲထွက်ခွင့်တောင်းဆိုခြင်း**

ဤသို့နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုမရှိသော ကာလအတွင်းတွင် ပဒေသရာဇ် အင်အားစုများက တစ်စခန်းထလာကြပြန်သည်။၁၉၆၂ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှမ်းပဒေသရာဇ် အနွယ်များသည်" ဖက်ဒရယ်မူ" ကိုပြင်းထန်စွာ တင်ပြဆွေးနွေးခြင်း ပြုလာကြသည်။ ယင်း ဖက်ဒရယ်မူကို ပါလီမန်တွင် တင်သွင်းဆုံးဖြတ်မည်။ အကယ်၍ အများ၏သဘောတူညီချက် မရလျှင် အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ခွဲထွက်မည်ဟု ရဲတင်းစွာ ကြုံးဝါးစည် လာကြသည်။ ပြည်လုံးအသံလွှင့်ရုံအသစ်ကြီးတွင် ပထစခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင် များ တက်ရောက်သည့်အစည်းအဝေး၌ ပြည်နယ်များ၏နောင်ရေး တင်ပြချက်ကိုဆွေးနွေးကြရာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ (၁၀)နှစ်ကြာလျှင် ခွဲထွက်လိုက ခွဲထွက်နိုင်သည် ဟူသော အခန်း(၁၀)ပါ "ခွဲထွက်နိုင်သောအခွင့်အရေး" ကိုပြင်းထန်စွာပြောဆိုလာကြသည်။ ခွဲထွက်မည့်အခြေအနေများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပစ်ပယ်ထားတော့မည့် အခြေအနေများ ပေါ်လွင်လာခဲ့သည်။[၃]

ဖက်ဒရယ်မူသည် ၁၉၆၁ခုနှစ် ဖေဖော်ဝါရီလ အတွင်း၌ တောင်ကြီးမြို့တွင် ရှမ်း စော်ဘွားများ ပြည်လုံးကျွတ်ညီလာခံမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ယင်းညီလာခံတွင် ဖေဖော် ဝါရီလ ၂၅ ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲ ရေး ရှမ်းပြည်နယ်ဆိုင်ရာကြိုးကိုင်ကော်မတီက တင်သွင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်းကို အတည်ပြုခဲ့သည်။ ယင်းစာတမ်းသည် ဖက်ဒရယ်မူပင်ဖြစ်ပေသည်။ ဖက်ဒရယ်မူတွင် –

(၁) ဗမာပြည်နယ်ဖွဲ့စည်းရေး

(၂) ပြည်ထောင်စုပါလီမန်လွှတ်တော်နှစ်ရပ်အားအာဏာတူပေးရေး

(၃) လူမျိုးစုလွှတ်တော်သို့ပြည်နယ်တိုင်းညီမျှသောကိုယ်စားလှယ်စေလွှတ်ရေး

(၄) ဗဟိုပြည်ထောင်စုအားအောက်ပါဌာနများလွှဲအပ်ပြီး ကျန်ရှိသောအာဏာ များနှင့်အခွင့်အရေးများကို ပြည်နယ်များသို့လွှဲအပ်ရန်–

(က) နိုင်ငံခြားဆက်သွယ်ရေး

---

[၁] K.I.A (Kachin Independence Army)

[၂] စည်သူအောင်၊ မောင်မှတ်၊ ရွှေပြည်တော်မျှော်မဝေးပြီမို — မျက် ၁၄၆

[၃] သံတွဲဥသြ– မိုလ်ချုပ်ကြီး နေဝင်းအစိုးရ — မျက် ၉၃-၉၄

(ခ) ပြည်ထောင်စုကာကွယ်ရေး
(ဂ) ပြည်ထောင်စုဘဏ္ဍာရေး
(ဃ) ငွေဒင်္ဂါးနှင့်ငွေစက္ကူထုတ်လုပ်ရေး
(င) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး
(စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး
(ဆ) ပြည်ထောင်စုတရားစီရင်ရေး
(ဇ) ပင်လယ်ဆိပ်ကမ်းခွန်ကောက်ရေး

(၅) ပြည်ထောင်စုဘဏ္ဍာတော်မျှတစွာခွဲဝေရေး

စသည့်မူများကိုချမှတ်ထားသည်။

ဖက်ဒရယ်မူကို အပိုင်း(၄)ပိုင်းဖြင့် ခွဲခြားရေးသားထားသည်။ အပိုင်း(၁)တွင် ရှမ်းလူမျိုးများသည် သီးခြားလွတ်လပ်သောလူမျိုးများဖြစ်ကြောင်းနှင့် ရှမ်းပြည်သည်လည်း သီးခြားလွတ်လပ်သော ဒေသဖြစ်ကြောင်းကို ထင်ရှားပေါ်လွင်အောင် ဘီစီ–၆၅၀ခန့်မှ နောက်ခံသမိုင်းဖြင့် ဖော်ပြထားသည်။အပိုင်း(၂)တွင် စစ်ပြီးစအခြေအနေများနှင့်အောင်ဆန်း–အက်တလီ စာချုပ်အပိုဒ်(၈)ပါ ရှမ်းပြည်နှင့်ဗမာပြည်မ ပူးပေါင်းရေးကိစ္စနှင့် ပင်လုံညီလာခံ ဆုံးဖြတ်ချက်များကို ဖော်ပြထားပြီးပြည်ထောင်စုမှခွဲထွက်ရေးကို ရည်ညွှန်းထားသည်။အပိုင်း(၃)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရှမ်းပြည်နယ်၌ လက်တွေ့ကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြည်နယ်နှင့်ပြည်မအခွင့်အရေး မတူညီပုံ၊ အစိုးရသည်ရှိသားသော ပြည်ထောင်စုစိတ်ဓာတ်ရှိပါက ပြည်နယ်များကိုပိုမိုစောင့်ရှောက်ရမည်။ ပြည်မကိုသာ ဗမာပြည်နယ်အဖွဲ့. ဖွဲ့စည်းပါက ပြည်နယ်များ၏အခွင့်အရေးကို မည်မျှချုပ်ချယ်ထားကြောင်း လက်တွေ့သိလိမ့်မည် စသည်တို့ကိုရေးသား ဖော်ပြထားသည်။ အခြေခံဥပဒေပါပုဒ်မအများအပြားကို ပြင်ဆင်သင့်ကြောင်း အရေးဆိုထားသည့်အပြင် မြန်မာပြည်မှ အစိုးရကပြည်နယ်များအား လွှမ်းမိုးအုပ်ချုပ်နေသည်ဟုလည်း ဖော်ပြထားသည်။ အပိုင်း(၄)တွင် ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေးခေါင်းစဉ်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်(၁) ဖွဲ့စည်းပုံစနစ်(၂) အာဏာနှင့်အခွင့်အရေးခွဲဝေနည်း(၃) ပါလီမန်ဖွဲ့စည်းပုံ (၄) ပြည်ထောင်စုအခွန်တော်နှင့်ဘဏ္ဍာတော်ခွဲဝေရေးတို့တွင် ချွတ်ယွင်းနေသဖြင့် ပြင်ဆင်သင့်ကြောင်းဖော်ပြထားပြီး ပြည်နယ်များ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် ရေးသားတောင်းဆိုထားသည်။[၁]

ထိုအတောအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ် တည်ထောင်ရေးပြဿနာများပေါ်ပေါက်လာသည်။ ပဒေသရာဇ်အင်အားစုများ၏ တောင်ကြီးကွန်ဖရင့်ကလည်း

[၁] D.R 2934 **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေးစာတမ်း**

ပြည်ထောင်စုကြီးအင်အားလျော့ပါးစေမည့် ပြည်နယ်သစ်များဖွဲ့စည်းရေးကို တောက်ခံခဲ့သည်။ ထိုပြင်ပဒေသရာဇ်အင်အားစုများသည် မိမိတို့၏လိုလားချက်များရရှိရေးအတွက် နိုင်ငံခြားနယ်ချဲ့ အင်အားစုများ၏အကူအညီကိုပင်ရယူရန် ကြိုးပမ်းအားထုတ်လာကြသည်။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်း အသံလွှင့်ရုံသစ်ကြီးတွင် ပြုလုပ်သည့် ဆွေးနွေးပွဲ၌ ရှမ်းပြည်နယ်မှ ပဒေသရာဇ်အနွယ်ဝင်အင်အားစုများက ဖက်ဒရယ်မူအရ ခွဲထွက်နိုင်ခွင့်ရှိသည်ဆိုကာခွဲထွက်ရန် ပြောဆိုကြိုးစားလာသည်။ ဖက်ဒရယ်မူကို အမှန်တကယ် အကောင်အထည်ဖော်တော့မည်မှာသေချာသောအခြေနေသို့ရောက်ရှိနေသည်။ဤသို့ပြုလုပ်လာပါက ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပင် ဆုံးရှုံးတော့မည် မှာမလွဲပေ။

ဤကဲ့သို့ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ယိမ်းယိုင်လာခြင်း၊ လူမျိုးရေးပဋိပက္ခပိုမိုကြီးထွားလာခြင်း၊သောင်းကျန်းသူများပိုမိုထကြွလာခြင်း၊ ပြည်ပအားကိုးသော ပဒေသရာဇ်တို့က ပြည်ထောင်စုကြီးကိုဖြိုခွဲရန်ကြိုးပမ်းလာကြခြင်းများကြောင့် တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရလေသည်။

# အခန်း(၁၄)
## မြန်မာနိုင်ငံ၏ စစ်ကြိုခေတ်မှ၁၉၆၂ခုနှစ်အထိ ဖြစ်ပေါ်ခဲ့သော စီးပွားရေးအခြေအနေနှင့် နိုင်ငံတော်က စီးပွားရေး ဦးဆောင်လုပ်ကိုင်ရန် လိုအပ်ချက် အခြေအနေများ

၁၉၆၂ခုနှစ် မတ်လ(၂)ရက်နေ့တွင် တပ်မတော်က တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းမှာ အကြောင်းသုံးချက် အပေါ်တွင် မူတည်ခဲ့လေသည်။

(၁) ရှမ်းပဒေသရာဇ်များက ဦးစီးပြီး ဖယ်ဒရယ်မူကို တင်ပြတောင်းဆိုရာတွင် ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်သာ ခွဲထွက်ခွင့်ရှိရာမှ ကျန်တိုင်းရင်းသားများကပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုစုစည်းတောင်းဆိုလာသောကြောင့် ပြည်ထောင်စုကြီးပြိုကွဲမှာဖြစ်သည့်အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရခြင်း၊

(၂) ဖက်ဒရယ်မူမရခဲ့လျှင် ရှမ်းပဒေသရာဇ်များက ဦးစီးပြီး ခွဲထွက်ရန် လျှို့ဝှက်စီမံချက်များ ပြုလုပ်ကြပြီး အကယ်၍ တပ်မတော်ကဟန့်တားခဲ့လျှင် အကြမ်းဖက်နည်းများနှင့် ဆောင်ရွက်နိုင်ရန် ပြင်ပအင်အားစုများနှင့်ညှိနှိုင်း ဆောင်ရွက်ထားရာ အရှေ့တောင်အာရှတွင် အရှိန်မြင့်လာသည့် အင်ဒိုချိုင်းနားစစ်ပွဲမှာ မြန်မာနိုင်ငံသို့ပါ ကူးစက်လာနိုင်ခြင်း၊

(၃) မြန်မာနိုင်ငံ၏ စီးပွားရေးကို ဆိုရှယ်လစ်စနစ်နှင့် မဖြစ်မနေ ပြန်လည်တည်ဆောက်ရန် အခြေအနေများ ပေါ်ပေါက်လာခြင်း၊

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့်အချိန်တွင် စီးပွားရေးအခြေအနေမှာ ကိုလိုနီခေတ်က အင်္ဂလိပ်တို့ သွေးစုပ်ချယ်လှယ်ခဲ့၍ လည်းကောင်း၊ ၁၉၄၂ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားရာတွင် မြေလှန်စနစ်ကို ကျင့်သုံးပြီး စီးပွားရေး အဆောက်အအုံများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ သင်္ဘောဆိပ်များနှင့် သင်္ဘောများ၊ လမ်း၊ တံတားများစသည်တို့ကို ဖျက်ဆီးခဲ့၍လည်းကောင်း အကြီးအကျယ် နစ်နာဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးနစ်နာမှုများမှာ ကုဋေ ၅၀၀၀ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ ထို့နောက် မြန်မာနိုင်ငံ ဂျပန်လက်အောက်ကျရောက်ခဲ့ရသည့် ကာလများအတွင်းတွင်လည်း ဂျပန်တို့၏ စီးပွားရေးအမြတ်ထုတ် သွေးစုပ်မှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရပြန်သည်။ အလားတူပင်

မဟာမိတ်တပ်များ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်ရာတွင်လည်း မြန်မာနိုင်ငံ အနေနှင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပြန်သည်။ ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် နုနယ်လှသေးသည့် အချိန်ကာလအတွင်းမှာပင် ပြည်တွင်းဆူပူသောင်းကျန်းမှု ဟူသည့် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးထူထောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုနိုင်မီ ပျက်စီးဆုံးရှုံးမှုများနှင့် ထပ်မံရင်ဆိုင်ရပြန်ကာ တောင်သူ လယ်သမား၊ အလုပ်သမားများအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံး ဆင်းရဲဒုက္ခရောက်ခဲ့ကြရ သည်။

### ကိုလိုနီခေတ်စီးပွားရေးပုံစံ

မြန်မာနိုင်ငံ၏ စီးပွားရေးဘဝကို ပြန်လည်သုံးသပ်ပါက ကိုလိုနီခေတ်မှ စတင် ရမည်ဖြစ်ပေသည်။ မြန်မာတို့သည် ပဒေသရာဇ်ခေတ်က လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ရှေးရိုးစီးပွားရေးပုံစံ[၁] ကိုကျင့်သုံးခဲ့ပြီး လယ်ယာစိုက်ပျိုးရေးစနစ်မှာလည်း ရှေးရိုးစိုက်ပျိုးရေးစနစ်[၂] သာဖြစ်ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေးပမာဏမှာ နည်းပါးခဲ့ပြီး သာမန်အားဖြင့် မိမိဖာသာ စားဝတ်နေရေးဖူလုံအောင် ဆောင်ရွက်ကြသဖြင့်[၃] များများစားစားပိုလျှံအောင် ထုတ်လုပ်ခြင်း မရှိကြောင်း တွေ့ရမည်ဖြစ်ပြီး ပြည်တွင်းကူးသန်းရောင်းဝယ်မှုကို လုပ်ကိုင်ခဲ့ကြ သည့် တိုင်းရင်းသားဦးရေမှာလည်း အလွန်ပင် နည်းပါးခဲ့ပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို စစ်ပွဲများဖြစ်အောင် ဖန်တီးကာ ၁၈၂၄ ခုနှစ် တွင် ရခိုင်နှင့်တနင်္သာရီကိုလည်းကောင်း၊ ၁၈၅၂ခုနှစ်တွင်အောက်မြန်မာနိုင်ငံကိုလည်းကောင်း၊ ၁၈၈၅ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကိုလည်းကောင်း သိမ်းပိုက်ကျွန်ပြုခြင်းမှာ စီးပွားရှာ အမြတ် ထုတ်ရန်ပင်ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်သည် ကိုလိုနီ ကျွန်ပြုရေးမူအရ မြန်မာနိုင်ငံကို ကုန်ကြမ်း ထုတ်ယူရေး၊ ကုန်ချော တင်သွင်းရောင်းချရေးနှင့် အလုပ်သမား များကို ဈေးပေါပေါဖြင့် ငှားရမ်း စေခိုင်းရေးအတွက် ငွေရင်းမြှုပ်နှံခြင်းဖြင့် အဆိုပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖေါ်ခဲ့ ကြလေသည်။ မြန်မာတိုင်းရင်းသားလူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေကြသူများဖြစ်ရာ နယ်ချဲ့အင်္ဂလိပ်သည် ကုန်ကြမ်းပစ္စည်း ထုတ်လုပ် ရန်အတွက်ဆန်စပါးကို အဓိကထားခဲ့လေသည်။ ထို့ပြင် ကျွန်းသစ်၊ ရေနံ၊ သတ္တုစသော သယံဇာတ

---

[၁] Primitive Economy

[၂] Primitive Agriculture

[၃] Self sustaining . Economy

ပစ္စည်းများ တူးဖော်ခြင်းကိုလည်း ဦးတည်ခဲ့ သည်။ ထို့ကြောင့်ပင် အဆိုပါ ကုန်ကြမ်း ပစ္စည်းများကို စရိတ်သက်သာလွယ်ကူစွာ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသယ်ယူပို့ဆောင်နိုင်ရန် မီးရထား၊မီးသင်္ဘောနှင့်ကြေးနန်းစသည့်လမ်းပန်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများကိုတစ်ဆက်တည်း ထူထောင်ဖွင့်လှစ်ခဲ့ကြလေသည်။ ထိုသို့နယ်ချဲ့ အရင်းရှင်ကြီးများ ငွေရင်းမြှုပ်နှံခဲ့ကြခြင်းသည် မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းကြီး များ ထူထောင်ရန်မဟုတ်ဘဲ ကုန်ကြမ်းပစ္စည်းများကို ပြုပြင်သည့် ဆန်စက်၊ သစ်စက်နှင့် ဝါစက် အများအပြားကို စတင်ထူထောင်ရေးအတွက် မြှုပ်နှံခြင်းသာဖြစ်သည်။[၁]

နယ်ချဲ့အင်္ဂလိပ်က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့် ၁၈၅၂ခုနှစ် နောက်ပိုင်းမှစ၍ စီးပွားရေးပုံစံ ပြောင်းလဲခဲ့သည်။ အင်္ဂလိပ်က စိုက်ပျိုးထုတ်လုပ်မှုကို အိမ်သုံးထက် ပိုလျှံစွာ စိုက်ပျိုးစေပြီး ဈေးကွက်တွင် ရောင်းချရန်အားပေးခဲ့သည်။ ၁၈၆၉ခုနှစ်တွင် စူးအက်တူးမြောင်း[၂]ကိုဖွင့်လှစ်နိုင်ခဲ့ပြီးနောက်ပိုင်းမှစ၍ လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှုကြောင့်လယ်ယာထွက်ကုန် ပစ္စည်းဖြစ်သည့် ဆန်စပါးကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် လွယ်ကူချောမောလာသဖြင့် အင်္ဂလိပ်က ယင်းတို့အမြတ်အစွန်း ရရှိရေးအတွက် အလွန်အကျိုးပြုသည့် စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နိုင်ရန် ငွေပင်ငွေရင်းမြှုပ်နှံကြခြင်းဖြစ်သည်။ အင်္ဂလိပ်တို့သည် မြန်မာ့ဆန်ကို အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းသို့ စားသုံးရန်ရောင်းချခြင်း၊ ဥရောပသို့ အထည်အလိပ်စက်မှုလုပ်ငန်းတွင် အသုံးပြုရန်ကုန်ကြမ်းများ ရောင်းချခြင်းများကြောင့် အမြတ်အစွန်း များစွာရရှိခဲ့သည်။ ထို့ကြောင့် ဆန်စပါးများများ တိုးချဲ့စိုက်ပျိုးရန် လယ်သမားများအား ငွေပင်ငွေရင်းအတွက် ချစ်တီးများမှတစ်ဆင့် ချေးငှားခဲ့သည်။ လုပ်အားမလုံလောက်သောအခါ အိန္ဒိယမှဈေးချိုသော ကုလားအလုပ်သမားများကို တင်သွင်းခဲ့သည်။ ဥပဒေကြောင်းအရ လယ်ယာတိုးချဲ့လုပ်ကိုင်နိုင်ရန် စကွာတာစနစ်[၃]၊ ပတ္တာစနစ်[၄]၊ မြေငှားစနစ်[၅]၊ ဂရန်စနစ်[၆] များဖြင့် ခွင့်ပြုလုပ်ကိုင်စေခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးရေးတွင်သိသိသာသာ တိုးတက်ထွန်းကားလာခဲ့ရာ နှစ်အလိုက် စိုက်ပျိုးလယ်ဧကကိုနှိုင်းယှဉ်လေ့လာပါက ၁၈၅၂-၅၃ခုနှစ်တွင် ဧက ၆သိန်းမျှသာရှိသော်လည်း စူးအက်တူးမြောင်းဖွင့်လှစ်ပြီးနောက် သုံးနှစ်ခန့်အကြာ ၁၈၇၂-၇၃ ခုနှစ်တွင် ဧက ၁၅သိန်းရှိလာခဲ့သည်။ ၁၉၃၅ခုနှစ်

---

[၁] သခင်လွင်- **မြန်မာနိုင်ငံအလုပ်သမားလှုပ်ရှားမှုသမိုင်း** မျက်-၄၀၃

[၂] Suez Canal

[၃] Squatter System

[၄] Patter System

[၅] Lease System

[၆] Grant System

သို့ရောက်ရှိသောအခါ ကော၁၂သန်းကျော် အထိရှိလာခဲ့ကြောင်းတွေ့ရှိရပါသည်။ စပါးစိုက်ပျိုးတိုးတက်မှုကို ဇယားဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်းတွေ့မြင်နိုင်ပေသည်–

**စပါးစိုက်ပျိုးရေးတိုးတက်မှုဇယား**[၁]

| ခုနှစ် | လယ်ဧကသန်းပေါင်း |
|---|---|
| ၁၈၉၆ | ၅.၅ |
| ၁၉၀၆ | ၉.၃ |
| ၁၉၁၆ | ၁၀.၆ |
| ၁၉၂၆ | ၁၁.၆ |
| ၁၉၂၉ | ၁၂.၁ |

ဤသို့လယ်ဧက ၁၂သန်းကျော်အထိ တိုးချဲ့စိုက်ပျိုးသောကြောင့် ၁၉၄၀–၄၁ ခုနှစ်တွင် စပါးတန်ချိန် ၇.၅ သန်းကျော်ခန့်ထွက်ရာ နိုင်ငံခြားတိုင်းပြည်များသို့ တန်ချိန် ၃.၂ သန်းတင်ပို့ရောင်းချခြင်းဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ အမြတ်အစွန်းများစွာ ရရှိခဲ့လေသည်။[၂] ၁၉၁၁ခုနှစ်မှ ၁၉၄၀ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထွက်ရှိခြင်းနှင့် ပြည်ပတင်ပို့ခြင်းကို ဇယားဖြင့်ဖော်ပြရလျှင် –

| ခုနှစ် | စိုက်ပျိုးထွက်ရှိသောဆန် (မက်ထရစ်တန်)သန်းပေါင်း | ပြည်ပပို့သော ဆန် (မက်ထရစ်တန်)သန်းပေါင်း | ပြည်ပပို့သည့် ဆန်ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၁၁–၁၅ | ၃.၇၄ | ၂.၃၁ | ၆၂ |
| ၁၉၁၆–၂၀ | ၄.၃၁ | ၂.၂၃ | ၆၃ |
| ၁၉၂၁–၂၅ | ၄.၅၈ | ၂.၉၆ | ၆၅ |
| ၁၉၂၆–၃၀ | ၅ | ၂.၈၄ | ၅၇ |
| ၁၉၃၁–၃၅ | ၄.၈၇ | ၃.၁၇ | ၆၅ |
| ၁၉၃၆–၄၀ | ၄.၉၄ | ၂.၉ | ၅၉ |

---

၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်– မြန်မာလယ်ယာမြေသမိုင်း၊ အတွဲ(၁) မျက် ၁၁၃

၂ သခင်လွင် – မြန်မာနိုင်ငံအလုပ်သမား လှုပ်ရှားမှုသမိုင်း မျက် ၄၀၇

တို့ဖြစ်လေသည်။[၁]

နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးမှုကို တိုးချဲ့လုပ်ကိုင်ပြီး နိုင်ငံခြားသို့ တိုးတက်တင်ပို့ခြင်းဖြင့် အမြတ်အစွန်းများရရှိနေသော်လည်း မြန်မာတောင်သူလယ်သမားများမှာမူ အကျိုးအမြတ်မခံစားရပေ။ အဘယ်ကြောင့်ဆိုသော် နယ်ချဲ့အင်္ဂလိပ်အရင်းရှင်ကြီးများ၏ အစွယ်အပွားများက သွေးစုပ်အမြတ်ထုတ် နှိပ်စက်မှုကြောင့်ဖြစ်သည်။ ပဒေသရာဇ်လက်ထက်က မြန်မာလယ်သမားများသည် ဓါးမဦးချ ကိုယ်ပိုင်လယ်ယာမြေများဖြင့် လုပ်ကိုင်စားသောက်နိုင်ခဲ့ကြသည်။ အင်္ဂလိပ်လက်ထက်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို တစ်မုဟုတ်ခြင်း တိုးချဲ့ခဲ့ရာ ငွေပင်ငွေရင်းလိုအပ်လာသည်။လိုအပ်နေသော ငွေပင်ငွေရင်းအတွက် ချစ်တီးများထံမှ ချေးငှားကြရသည်။ မိုးတွင်းစိုက်ပျိုးရာသီ လုပ်ငန်းသုံး ကုန်ကျစရိတ်အတွက် စပါးပေးချေကြွေးများယူ၍ လုပ်ကိုင်ကြရသည်။ ချစ်တီးများသည် နိုင်ငံခြားသားဘဏ်များမှ ငွေတစ်ရာကိုတစ်နှစ်လျှင်၆ကျပ်မှ၁၂ကျပ်နှုန်းဖြင့် ငွေများချေးယူပြီး လယ်သမားများသို့ ၄၅ကျပ်မှ ၆၀ ကျပ်နှုန်းအတိုးများယူကာငွေထုတ်ချေးခဲ့သည်။ ဤသို့ငွေတိုးချေးစနစ်များကြောင့်တောင်သူလယ်သမားများမှာကြွေးပိလာခဲ့ကြသည်။ စစ်ကိုင်ခေတ် စာရင်းဇယားများအရ ၁၉၁၀မှ ၁၉၃၀ ပြည့်နှစ်များတွင် ကြွေးတင်ခဲ့သော လယ်သမားများမှာ လယ်သမားဦးရေ၏ ၈၀မှ ၉၀ ရာခိုင်နှုန်းခန့်အတွင်း ရှိလာခဲ့ပြီး လယ်သမားများတင်ရှိနေသော ကြွေးမြီပမာဏမှာ ကုဋေ (၅၀)ခန့် ရှိသည်ဟုဆိုသည်။

လယ်သမားများ ကြွေးထူနေစဉ် ကမ္ဘာ့စပါးဈေးမှာလည်း ကျဆင်းလာပြီး ၁၉၃၀ ပြည့်လွန်နှစ်များတွင် စီးပွားရေးပျက်ကပ်[၂] စိုက်ခဲ့သည် ။ ယခင်ကမြန်မာနိုင်ငံတွင် ဆန်စပါးတင်ပို့ရောင်းချမှုကို လက်ဝါးကြီးအုပ် ရောင်းဝယ်ကြသည့် ဥရောပတိုက်သား ကုမ္ပဏီကြီးခြောက်ခုရှိလေသည်။ ယင်းကုမ္ပဏီများမှာ–

(၁) စတီးဘရားသားကုမ္ပဏီ[၃]

(၂) ဗလုတ်ဘရားသားကုမ္ပဏီ[၄]

(၃) အဲလ်လာမင် အာရကန်ဆန်နှင့်ရောင်းဝယ်ရေးကုမ္ပဏီ[၅]

(၄) အင်္ဂလိုဘားမားဆန်ကုမ္ပဏီ[၆]

---

[၁] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်– **မြန်မာလယ်ယာမြေသမိုင်း၊ အတွဲ(၁)** မျက် ၁၁၅

[၂] World Depression

[၃] Steel Brothers Co.

[၄] Bullock Brothers co.

[၅] Ellermans Arakan Rice Trading co.

[၆] Anglo-Burma Rice Trading co.

(၅) ဖယ်ယာဝယ်သာရစ်ချတ်ကုမ္ပဏီ[၁]နှင့်

(၆) အိစ်အေရှတစ်ကုမ္ပဏီ[၂]

တို့ဖြစ်လေသည်။[၃]

၁၉၂၁ ခုနှစ်တွင် ယင်းကုမ္ပဏီ ၆ခုအနက်မှ စတီးဘရားသားကုမ္ပဏီ၊ ဗလုတ်ဘရားသားကုမ္ပဏီ၊ အဲလ်လာမန်အာရကန် ဆန်နှင့်ရောင်းဝယ်ရေးကုမ္ပဏီ နှင့်အင်္ဂလိုဘားမားဆန်ကုမ္ပဏီတို့သည် ဗူလင်ဂျာပူးလ်[၄]လက်ဝါးကြီးအုပ် ဆန်ရောင်းဝယ်ရေးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းပြီး ဆန်ရောင်းဝယ်ရေးလုပ်ငန်းကို အကြီးအကျယ်ချယ်လှယ် အမြတ်ထုတ်ခဲ့ကြသည်။ သို့သော်ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီး ဆိုက်ရောက်သောအခါ ဆုံးရှုံးရသည့် အဆုံးအရှုံးများကို မြန်မာလယ်သမားများအပေါ်ပုံချပြီး စပါးများကို အဆမတန်ဈေးနှိမ်၍ ဝယ်ယူခဲ့သောအခါ လယ်သမားများမှာ ကြွေးတင်ကျွန်ဖြစ် ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ အောက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေအားလုံး၏ ၅၉ ရာခိုင်နှုန်း အထက်မြန်မာနိုင်ငံတွင် ၃၂ ရာခိုင်နှုန်းမျှ သီးစားမြေ ဖြစ်ကုန်ကြသည်။ မြန်မာလယ်သမားများအနေဖြင့် လယ်သီးစားဘဝ၊ လယ်ကူလီဘဝသို့ ရောက်ရှိရသည့်အခါ၌ပင် အိန္ဒိယမှ တင်သွင်းလာသော ကုလားလယ်လုပ်သားများက ဈေးပေါပေါနှင့် ဝင်ရောက်ပြိုင်ဆိုင် လုပ်ကိုင်လာကြသဖြင့် အလုပ်လက်မဲ့ဘဝသို့ အများအပြားရောက်ရှိလာကာ စားဝတ်နေရေး အကြပ်အတည်းဖြင့်ရင်ဆိုင်လာရသည်။ ထိုကာလတွင် အင်္ဂလိပ်အစိုးရက လူခွန်တော်ကိုလည်း အတင်းအကြပ်ကောက်ခံခဲ့သဖြင့် နောက်ဆုံးတွင် မခံမရပ်နိုင်တော့သည့်အလျောက် ဆရာစံဦးဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို စီးပွားရေး အကျိုးအမြတ်အရ ကုန်ကြမ်းဈေးပေါပေါဖြင့် ရရှိရေး၊ ကုန်ချောများကို ရောင်းချရန် ဈေးကွက်ရရှိရေးအတွက် နယ်ချဲ့သိမ်းပိုက်ခဲ့ကြခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင် ကုန်ချောထုတ်လုပ်၍ စားသုံးစေနိုင်မည့် စက်မှုလုပ်ငန်းများကို ထူထောင်ပေးခြင်း မရှိကြပေ။ စက်မှုလုပ်ငန်းအဖြစ် မြန်မာနိုင်ငံ၏ ထွက်ကုန်သီးနှံနှင့်စက်မှုကုန်ကြမ်း စွမ်းအင်လောင်စာများဖြစ်သည့် စပါး၊ ပဲ၊ ဝါဂွမ်း၊ သစ်၊ ရေနံ၊ သတ္တုနှင့်သယံဇာတပစ္စည်းများကို တစ်ဝက်ကုန်ချော သို့မဟုတ် ကုန်ကြမ်းသန့်စင် ထုတ်လုပ်သည့် စက်ရုံများသာ တည်ထောင်ခဲ့ကြသည်။ ဥပမာအားဖြင့် ဘုံဘေဘားမားကုမ္ပဏီမှ ဆန်စက်၊ ဝါကြိတ်ဘေထုတ်စက်များ၊ ဘီအိုစီကုမ္ပဏီမှ ရေနံချက်လုပ်ငန်း၊ မြန်မာ့သတ္တုတွင်းကော်ပိုရေးရှင်းမှ နမ္မတူဘော်တွင်းနှင့် မော်ချီးသတ္တုတွင်း စသည်တို့ဖြစ်ကြသည်။ နိုင်ငံခြားအရင်းရှင်ကုမ္ပဏီများက မြန်မာနိုင်ငံမှ သယံဇာတ

---

[၁] Fairweather Richards co.

[၂] East Asiatic Co.

[၃] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်– **လယ်ယာမြေသမိုင်း၊ အတွဲ(၁)** မျက် ၃၀၁

[၄] Bullinger Pool(1921)

များကို ထုတ်ယူသွေးစုပ်မှုပမာဏများကို လေ့လာကြည့်လျှင် ကျွန်းသစ်နှင့်သစ်မျိုးစုံ နှစ်စဉ်တန်ချိန် ၂ သိန်းကျော်၊ တွင်းထွက်သတ္တုများဖြစ်သည့် ငွေသတ္တုအောင်စ သိန်း၆၀၊ ခဲတန်ချိန် ၇၇၀၀၀၊ သံနှင့်သွတ် တန်ချိန်၆သောင်းခန့် နှစ်စဉ်တူးဖော် ထုတ်ယူကြပြီး မော်ချီးမိုင်းတစ်ခုတည်းမှပင်ကမ္ဘာ့ ဈေးကွက်တွင် ဂူးဖရန့်၊ သံ စုစုပေါင်း၁၀ရာခိုင်နှုန်းကို ရောင်းချခဲ့သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်ထိ ပျမ်းမျှနှစ်စဉ် ရေနံဂါလံပေါင်းသန်း၃၀၀ ထုတ်ယူခဲ့၍ ပြည်တွင်းသုံးမှပိုလျှံသော ဓါတ်ဆီဂါလံပေါင်းသန်း၆၀ခန့်နှင့်ရေနံဆီဂါလံပေါင်းသန်း၁၄၀ခန့်ကိုအိန္ဒိယပြည်သို့ တင်ပို့ရောင်းချ ခဲ့ကြသည်။ [၁] သစ်လုပ်ငန်းမှ နှစ်စဉ်ဝင်ငွေ ၃ကုဋေမှ၄ကုဋေကျော်၊ ရေနံမှ နှစ်စဉ် ဝင်ငွေ ၁၅ကုဋေ ကျော် ရရှိခဲ့သည်။

သို့သော်လည်း ထိုလုပ်ငန်းများမှရရှိသော အမြတ်ငွေကို မြန်မာတိုင်းရင်းသားများ အကျိုးခံစားခွင့် မရှိခဲ့ကြပေ။ ကိုလိုနီခေတ်အတွင်း သွင်းကုန်ထုတ်ကုန်နှင့် ကုန်သွယ်ရောင်းဝယ်မှု အခြေအနေကို လေ့လာလျှင် ပြည်ပနိုင်ငံခြားသား အရင်းရှင်များ လက်ဝါးကြီးအုပ် လွှမ်းမိုးနေမှုကို တွေ့ရှိရပေသည်။ ငွေရင်းကြီးမားသော သွင်းကုန်ထုတ်ကုန် လုပ်ငန်းကုမ္ပဏီကြီးများကို ဥရောပ တိုက်သားများက လက်ဝါးကြီးအုပ်ပိုင်ဆိုင်ခဲ့ပြီး အလယ်အလတ်တန်းစား လက္ကားကုန်သည်များမှာ အိန္ဒိယနှင့်တရုတ် နိုင်ငံခြားသားများဖြစ်သည်။ လက်လီဒေသန္တရ ရောင်းဝယ်မှု၌ပင် နိုင်ငံခြားမှ ဝင်ရောက်လာသော ကုလား၊ တရုတ်များကသာ လွှမ်းမိုးထားခဲ့သည်။ ထိုအဆင့်များတွင် တိုင်းရင်းသားများမှာ အနည်းစုသာဖြစ်သည်။ မြို့နေ မြန်မာတိုင်းရင်းသား အများစုအနေဖြင့် လက်လုပ် လက်စား ခေါင်း၅က်ဗျတ်ထိုး လူတန်းစားများသာဖြစ်ကြသည်။

သို့ဖြစ်၍ ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ စီးပွားရေးဘဝကိုလေ့လာသုံးသပ်ပါက ငွေကြေးရင်းနှီးမှု၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်မှု၊ စီးပွားရေးကဏ္ဍအားလုံး တွင် ထိပ်ဆုံးမှအောက်ဆုံးအထိ နိုင်ငံခြားသားများက လွှမ်းမိုးလျက်ရှိပြီး၊ တိုင်းရင်းသားအများစုမှာ လက်လုပ်လက်စား၊ ခေါင်း၅က်ဗျတ်ထိုး ဈေးသည်များနှင့် လယ်သီးစား၊ လယ်ကူလီဘဝဖြင့် စားသုံးသူလူတန်းစား အဖြစ်နှင့်သာရပ်တည်နေရကြောင်း တွေ့ရှိရပေသည်။ ဤအကျိုးဆက် ကြောင့် တိုင်းရင်းသားများအကြားတွင် စက်မှုလက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ နည်းပညာ နှင့် အတွေ့အကြုံများနည်းပါးကာ နောင်တွင် တိုင်းပြည်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ အားနည်းချက်များ ဖြစ်ပေါ်ခဲ့ရပေသည်။

---

[၁] သခင်လွင်- မြန်မာနိုင်ငံအလုပ်သမား လှုပ်ရှားမှုသမိုင်း မျက် ၄၀၄-၄၀၅

## ဒုတိယကမ္ဘာစစ်အတွင်းကာလစီးပွားရေး

၁၉၄၂ခုနှစ်မှ ၁၉၄၅ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်၏ စစ်မြေပြင်တစ်ခုဖြစ်ခဲ့ရပြီး စစ်ဘေးစစ်ဒဏ်ကို နှစ်ကြိမ်တိုင်တိုင် ခံစားခဲ့ရသည်။ စစ်အတွင်းကာလ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ အကြပ်အတည်းများ ၊ ဆုတ်ယုတ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ စိုက်ပျိုးရေး လုပ်ငန်းများမှာလည်း စစ်ဘေးစစ်ဒဏ်ကြောင့် ထိခိုက်နစ်နာခဲ့ရသည်။

စစ်ကာလအတွင်း မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးပင် မိမိတို့၏ မူလလုပ်ငန်းကိုင်ငန်းများကို စိတ်ချလက်ချ လုပ်ကိုင်နိုင်သောအခြေအနေတွင် မရှိချေ၊ ထိုအထဲတွင် တောင်သူလယ်သမားတို့၏ အခြေအနေမှာ ပို၍ပင်ဆိုးဝါးနေသေးသည်။ စစ်အတွင်းဖြစ်၍ တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်သည့် စပါးအစရှိသော ပို့လျှံသည့်ကောက်ပဲသီးနှံများကိုလည်း ပြည်ပသို့လုံးဝမရောင်းချနိုင်သဖြင့် ထိုကာလတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအကြီးအကျယ်ကျဆင်းခဲ့လေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် စစ်ဘေးစစ်ဒဏ်ထူပြောခြင်း၊ဆင်းရဲကြပ်တည်းခြင်း၊ လယ်ယာလုပ်အားခကြီးမြင့်ခြင်း၊ အစားအသောက် အဝတ်အထည် ရှားပါးခြင်းများကြောင့် ကောက်ပဲသီးနှံစိုက်ပျိုးသည့် ဧရိယာများလည်းအကြီးအကျယ် လျော့နည်းကျဆင်းလာလေသည်။[၁] ထို့မျှသာမက ဆန်စပါးအရောင်းအဝယ် ညံ့ဖျင်းခြင်း၊ နိုင်ငံမငြိမ်မသက် ဖြစ်နေခြင်းများကြောင့် လယ်ယာလုပ်လိုသူလည်း ရှားပါးခဲ့လေသည်။ ထို့ကြောင့် မစ္စတာဘီအိုဘင်း[၂]က မြန်မာနိုင်ငံ၏ လယ်ယာစီးပွားရေး[၃] စာအုပ်တွင် ဂျပန်ခေတ် မြန်မာလယ်သမားများသည် စိတ်အားလျော့၍ စိတ်ဓါတ်ပျက်ပြားနေကြကြောင်း လယ်သမားများစိုက်ပျိုးသည့် စပါးသီးနှံများကို ဝယ်မည့်သူမရှိ၍ စပါးကျီထဲတွင်ဆွေးမြေ့လျက်ရှိကြောင်း၊ လယ်သမားများလိုချင်သည့် ပစ္စည်းများကိုလည်း ဝယ်၍မရနိုင်ကြောင်း၊ လယ်လုပ်ရန် ကျွဲနွားများလည်းမရှိ၊ လယ်လုပ်ကိရိယာများလည်း ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ကြောင်း နေထိုင်စားသောက်စရိတ်နှင့် လယ်လုပ်စရိတ်များမှာလည်း အလွန်ကြီးမြင့်၍ ငွေကြေးလုံလောက်စွာ မရှိဖြစ်နေကြကြောင်း၊ တိုင်းပြည်အနှံ့အပြားတွင်ဓါးပြဂိုဏ်းကြီးများကလည်း သောင်းကျန်းနေသဖြင့် လယ်သမားများ၏ အခြေအနေမှာ ဆိုးဝါးလှကြောင်း စသဖြင့် ဂျပန်ခေတ် တောင်သူလယ်သမားများ၏ အခြေအနေမှန်ကို ရေးသားဖေါ်ပြခဲ့သည်။

လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းနွားများ၊ ကျွဲများနှင့် လယ်လုပ်ကိရိယာများရှားပါးမှုသည်လည်း စိုက်ပျိုးရေးကျဆင်းမှု၏ အကြောင်းအချက်တစ်ခုဖြစ်ပေသည်။ ဂျပန်ခေတ်က စစ်မြေပြင်နှင့်နီးစပ်နေသော မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် တောင်သူလယ်သမားများ၏

---

၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်-**မြန်မာလယ်ယာမြေသမိုင်း၊ အတွဲ(၁)** မျက် ၃၆၃–၃၆၄

၂ Mr. B.O. Binns

၃ Agricultural Economy in Burma

ကျွဲ၊ နွားများကို စစ်ဖက်သယ်ယူပို့ဆောင်ရေးနှင့် စစ်ဖက်ရိက္ခာအတွက် ဖက်ဆစ်ဂျပန်တပ်မတော်က အမြောက်အမြား သိမ်းယူကြလေသည်။ ဂျပန်စစ်အရာရှိများက မြို့နယ်အရာရှိတစ်ဦးနှင့် ရွာသူကြီးများအား တာဝန်ပေးလျက် တစ်ရွာလျှင် ကျွဲ၊ နွားဦးရေမည်မျှ ပေးအပ်ရမည် စသည်ဖြင့် အတင်းအကျပ်ဆင့်ဆို တောင်းခံစေရာ အရာရှိများနှင့် ရွာသူကြီးများလည်း မလွှဲမရှောင် သာသဖြင့် ဖက်ဆစ်တို့အလိုကျ ဆောင်ရွက်ပေးရလေသည်။ သို့ဖြစ်၍မြောက်ပိုင်းဒေသများတွင် စစ်မဖြစ်မီက ရှိရင်းစွဲ ကျွဲ၊ နွားဦးရေသည် အစွန်းထွက်ကလေးများသာ ကြွင်းကျန်တော့အောင် လျော့နည်းသွားခဲ့လေသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် စစ်မြေပြင်နှင့်ဝေးကွာခြင်း၊ ချောင်းမြောင်းပေါများ၍ ကုန်းလမ်းအသွားအလာ ခက်ခဲခြင်းများကြောင့် အထက်မြန်မာနိုင်ငံလောက် မဆိုးရွားလှပေ၊ သို့သော် စစ်ဒဏ်ကို အချိုးကျခံစားရသောကြောင့် စစ်မဖြစ်မီက ကျွဲ၊ နွားဦးရေ၏ ၇၅ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့သည်။ ဂျပန်ခေတ်တွင် အထက်ဖော်ပြခဲ့သည့်အတိုင်း ကျွဲ၊နွားများကို ဂျပန်စစ်ဘက်က အတင်းအကျပ်မြောက်မြားစွာ သိမ်းယူခြင်း၊ သတ်ဖြတ်စားသုံးခြင်း၊ ကျွဲ၊နွားရောဂါ ရောကြောင့် သေကြေခြင်း၊ လူဆိုးများ လုယက်သတ်ဖြတ်ကြခြင်းများကြောင့် နိုင်ငံတစ်ဝှမ်းလုံးတွင် ကျွဲ၊ နွားဦးရေမှာ များစွာ ဆုတ်ယုတ်ရလေသည်။ [၁]

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးတွင် စစ်မဖြစ်မီက ဧက၁၂သန်းစိုက်ပျိုးရာမှ ၁၉၄၃–၄၄နှစ်တွင် ဧက၇သန်းသာ စိုက်ပျိုးနိုင်ခဲ့သည်။ စိုက်ပျိုးလုပ်ကိုင်သည့်မြေယာဧရိယာမှာ ၁၉၄၀–၄၁ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၉၄၃ခုနှစ်တွင် မြောင်းမြခရိုင်၌ ဧကပေါင်း ၂၅၀၀၀ ကျော်၊ ပဲခူးခရိုင်၌ ဧကပေါင်း ၁၆၀၀၀၀၊ ရွှေဘိုခရိုင်၌ ဧကပေါင်း ၁၀၀၀၀၀ကျော်၊ ဟံသာဝတီ၊ အင်းစိန်၊ ပုသိမ်၊ မအူပင်၊ ဖျာပုံ၊ တောင်ငူ၊ ရေနံချောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ ပျဉ်းမနားနှင့်စစ်ကိုင်းခရိုင်များ၌ ဧကပေါင်း ၅၀၀၀၀ကျော်စီ လျော့နည်းခဲ့လေသည်။ မြန်မာတစ်နိုင်ငံလုံးခြုံ၍ ကြည့်လျှင် ၁၉၄၃ခုနှစ်တွင် မစိုက်ပျိုးဘဲ ချန်လှပ်ထားသည့် မြေယာဧရိယာ ဧကစုစုပေါင်းမှာ ၅၃၂၈၆၆၃ (၅သန်းကျော်) ဖြစ်လေသည်။ ယင်းသို့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများစွာ ကျဆင်းလာသဖြင့် ဂျပန်ခေတ်သုံးနှစ်တွင် စပါးစိုက်ပျိုးဧကနှင့် စပါးထွက်တန်ချိန် မည်မျှလောက်သာ ကျန်ရှိထားကြောင်းကို အောက်ပါဇယားတွင် တွေ့မြင်နိုင်ပေသည်။ [၂]

---

[၁] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်–**မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)** မျက် ၃၇၆–၃၇၇

[၂] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်–**မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)** မျက် ၃၆၇–၃၆၈

၁၉၄၀–၄၁ခုနှစ်မှ ၁၉၄၄–၄၅ခုနှစ်အထိ စပါးစိုက်ပျိုးဧရိယာနှင့် စပါးထွက်ဇယား

| ခုနှစ် | စိုက်ဧက | အောင်ဧက | စပါးထွက်တန် | မှတ်ချက် |
|---|---|---|---|---|
| ၁၉၄၀–၄၁ | ၁၂၅၁၈၄၉၉ | ၁၂၁၀၉၉၃၅ | ၇၉၁၀၃၅၆ | စစ်မဖြစ်မီ နောက်ဆုံးနှစ်နှစ် |
| ၁၉၄၁–၄၂ | ၁၂၃၂၆၅၀၀ | ၁၂၀၀၀၀၀၀ | ၇၆၀၀၀၀၀ | ကို နှိုင်းယှဉ်နိုင်ရန် ထည့်သွင်း |
| ၁၉၄၂–၄၃ | ၁၀၆၉၆၈၃၅ | ၁၀၄၅၈၄၂၃ | ၅၆၄၉၂၉၆ | ပြခြင်းဖြစ်ပါသည်။ |
| ၁၉၄၃–၄၄ | ၇၆၃၅၇၂၁ | ၇၀၀၅၁၀၂ | ၂၉၉၈၈၄၀ | |
| ၁၉၄၄–၄၅ | ၆၅၀၀၀၀၀ | ၆၂၀၀၀၀၀ | ၂၅၀၀၀၀၀ | |

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကျဆင်းရသည့်အထဲမှာပင် ဖက်ဆစ်ဂျပန်တို့က စစ်ရိက္ခာအတွက် ဆန်စပါးတစ်တင်းလျှင် ဂျပန်ငွေစက္ကူ တစ်ကျပ်၊ ဆယ်ဆင့်ခန့်နှုန်းဖြင့် စပါးတင်းသန်း (၅၀) ကျော်ကို ၁၉၄၂–၄၃ခုနှစ်က ဒိုင်များဖွင့်၍ ဝယ်ယူခဲ့သည်။ တန်ဖိုးမရှိသလောက် ငွေဖောင်းပွနေသော ဂျပန်ငွေစက္ကူဖြင့်တစ်တင်းကိုတစ်ကျပ်မျှပေးဝယ်သည်ဆိုခြင်းမှာငွေမပေးဘဲရယူသည်နှင့် မခြားလှပေ၊ ဂျပန်တို့သည် စပါးသာမက သစ်၊ ဝါဂွမ်း၊ ရေနံနှင့် တွင်းထွက်သတ္တုများကို လုယက် သိမ်းဆည်းရယူကာ ဂျပန်ပြည်သို့ ပြန်လည်တင်ပို့ခဲ့သည်။ ဂျပန်တို့သည် စစ်ရေးလိုအပ်ချက်အရ မြန်မာနိုင်ငံမှ သယံဇာတများကို ဂျပန်သို့ ထုတ်ယူတင်ပို့ခဲ့သော်လည်း ဂျပန်နိုင်ငံမှ လူသုံးကုန် ပစ္စည်းများကိုမူ ပြန်လည်တင်ပို့ခြင်းမပြုခဲ့ပေ၊ ထို့ကြောင့် မြန်မာနိုင်ငံပြည်သူများအတွက် စားသုံး ကုန်ပစ္စည်းများ အလွန်ရှားပါးကာ စားဝတ်နေရေးအထူးပင် ကြပ်တည်းခဲ့သည်။

စစ်အတွင်းကာလ ဂျပန်ခေတ်ကူးသန်းရောင်းဝယ်ရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းများတွင်မူ ၊ မူလက လက်ဝါးကြီးအုပ်ထားသော တရုတ်၊ ကုလားများအလုံးအရင်းနှင့် ပြန်လည်ထွက်ပြေးသွားကြသောကြောင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားများ၊ မြန်မာများ ဝင်ရောက်လုပ်ကိုင်လာနိုင်ခဲ့ကြသည်။ လူသုံးကုန်ပစ္စည်းရှားပါးပြတ်လပ်မှု အခက်အခဲများကို ဖြည့်ဆည်းနိုင်ရန် မြန်မာတိုင်းရင်းသားတို့ ကြံရည်ဖန်ရည်ဖြင့် လက်မှုလုပ်ငန်းများ ထူထောင် လာနိုင်ခဲ့ကြသည်။ သို့သော်စစ်အတွင်းကာလ၌ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံ အဆောက်အအုံများ ပျက်စီးယိုယွင်းခဲ့ရပေသည်။

## လွတ်လပ်ရေးခေတ်စီးပွားရေးပုံစံ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဧကပေါင်း ၁၈သန်းကျော်ခန့် စိုက်ပျိုးခဲ့ကြသော်လည်း စစ်ကြီးအပြီးတွင်မူ မြေယာဧကပေါင်း ၁၂သန်းခွဲ

ကျော်ခန့်သာ စိုက်ပျိုးနိုင်ခဲ့သည်။ စပါးစိုက်ပျိုးသည့်ဧကမှာ ၁၉၄၀–၄၁ခုနှစ်တွင် ဧရိယာစုစုပေါင်း ၁၂သန်းခွဲကျော်ခန့်ဖြစ်ခဲ့သော်လည်း စစ်ကြီးပြီးစပထမနှစ်ဖြစ်သော ၁၉၄၅–၄၆ခုနှစ်တွင် ဧရိယာ စုစုပေါင်း ဧက ၆သန်း၆သိန်းကျော်ခန့်သာ စပါးစိုက်ပျိုးနိုင်သည်ကို ကြည့်ရှုခြင်းဖြင့် စစ်အတွင်း ဂျပန်ခေတ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မည်မျှပျက်ပြားသွားသည်ကို ကောင်းစွာသိရှိနိုင်ပေသည်။

စစ်ကြီးပြီးဆုံးပြီးနောက်ဗြိတိသျှအစိုးရတို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသောအခါ စစ်ကြီးပြီးစတွင် တစ်ကမ္ဘာလုံးစားနပ်ရိက္ခာရှားပါး၍ ဆန်စပါးဈေးများအလွန်မြင့်တက်နေချိန်တွင်ရေးကမြန်မာနိုင်ငံတွင်အမြတ်ထုတ်ခဲ့ကြသော ဗြိတိသျှအရင်းရှင်ကုမ္ပဏီကြီးများ အချိန်မီ ဆန်စပါးကိုဝယ်ယူ၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် အမြတ်ကြီးစွာရရှိစေရန် လယ်ယာ တိုးချဲ့စိုက်ပျိုးလာအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့လေသည်။

ယင်းသို့ လယ်ယာလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဗြိတိသျှအစိုးရက အဖက်ဖက်မှ အားပေး လုပ်ဆောင်နေကြခြင်းသည် မြန်မာတောင်သူလယ်သမားများအပေါ် စေတနာမေတ္တာကြီးမား၍မဟုတ်ပေ။ အမှန်မှာ စစ်အတွင်းက ပျက်စီးခဲ့သော ဗြိတိသျှကုမ္ပဏီကြီးများ အနေဖြင့် ဆန်စပါးလုပ်ငန်းတွင် အခြေပြု၍ ပြန်လည်ထူထောင်နိုင်စေရန်နှင့် ကမ္ဘာ့ရိက္ခာ ပြဿနာကို ဖြေရှင်းရင်း အကြီးအကျယ်အမြတ်ထုတ်နိုင်စေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုကာလ၌ မြန်မာနိုင်ငံအစိုးရက ပြည်ပသို့ ဆန်အမြောက်အမြားတင်ပို့ခဲ့သဖြင့် ပြည်တွင်း ဆန်မလုံမလောက်ဖြစ်၍ အငတ်ပြဿနာပေါ်ခဲ့ခြင်း၊ စစ်ပြီးလျှင် ပြီးချင်းအင်္ဂလိပ် အစိုးရက မြန်မာတောင်သူလယ်သမားများလက်ဝယ်ရှိဂျပန်ငွေစက္ကူများကို လုံးဝတန်ဘိုးမရှိကြောင်း ကြေညာလိုက်သဖြင့် တောင်သူလယ်သမားတစ်ရပ်လုံး အတိဒုက္ခ ရောက်ခဲ့ရခြင်းများကြောင့် တောင်သူလယ်သမားများ စီးပွားရေးအလွန်ကြပ်တည်းလာသဖြင့် အချို့ဒေသများတွင် ဆန်လုပွဲများပင် ပေါ်ပေါက်လာခဲ့ရသည်။ သို့သော် ဆန်စပါးစိုက်ပျိုးမှု အခြေအနေမှာ ၁၉၄၆–၄၇ခုနှစ်မှ ၁၉၄၈–၄၉ခုနှစ်အတွင်း သိသိသာသာ ပြန်လည်ထူထောင်နိုင်ခဲ့သည်။ [၁]

စစ်ပြီးစ လွတ်လပ်ရေးအကြိုခေတ်တွင် ဖဆပလအစိုးရဦးစီးပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြန်လည်ထူထောင်မှု လုပ်ငန်းများကို လုပ်ဆောင်ရန် စီမံကိန်းချခဲ့ကြသည်။ ၁၉၄၇ခုနှစ်ဇွန်လတွင် ဆိုရန်တိုဗီလာ [၂]ကွန်ဖရင့် ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ၏ စီးပွားရေးကို စစ်မဖြစ်မီအဆင့်ရောက်အောင် ပြန်လည်ထူထောင်ရေး ရည်မှန်းထားကြောင်း

---

၁ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်–မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၂) မျက် ၁၅–၁၈

၂ Sorento Villa

ပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် မြန်မာနိုင်ငံတွင် ကိုလိုနီစီးပွားရေးစနစ် ချုပ်ငြိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရန် ရည်မှန်းထားခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းထားသော ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ၁၉၄၈ခုနှစ်၊ ဧပြီလတွင် စီးပွားရေးနှစ်နှစ်စီမံကိန်း ရေးဆွဲခဲ့ကြသည်။ ထိုစီမံကိန်းတွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး၊ နိုင်ငံခြားသို့ ဆန်ပိုမိုတင်ပို့ရေး၊ နိုင်ငံခြားအရင်းရှင်များ လွှမ်းမိုးချယ်လှယ်နေသည့် စီးပွားရေး၊ကုန်သွယ်ရေးလုပ်ငန်းနှင့်စက်ရုံ၊ အလုပ်ရုံများကိုနိုင်ငံပိုင်ပြုလုပ်ရေးစသည့် လုပ်ငန်းစဉ်များပါရှိခဲ့သည်။ ၁၉၄၈ခုအောက်တိုဘာလတွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ သို့သော် လွတ်လပ်ရေးခေတ်ဦးတွင် ထိုဥပဒေကို ထိရောက်စွာ အကောင်အထည်မဖော်နိုင်ပေ၊ မြန်မာနိုင်ငံ၌ရောင်စုံသောင်းကျန်းသူများ၏ ဆူပူအုံကြွသောင်းကျန်းမှုကြောင့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ၊ လယ်တောရိုင်းစားကျက်မြေများဖြစ်ခဲ့ရသည်။တောင်သူလယ်သမားမိသားစုများမှာ အသက်အိုးအိမ်လုံခြုံရေးအတွက် စစ်ဘေးကင်းလွတ်ရာမြို့ကြီးများသို့ တိမ်းရှောင်ထွက် ပြေးပြောင်းရွှေ့လာကြသဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်အားလျော့ကျလာကာ မြို့ပြအလုပ်လက်မဲ့ ပျံကျလူတန်းစားတစ်ရပ်ပေါ်ထွန်းခဲ့သည်။

၁၉၄၈ခုနှစ်တွင် ဖဆပလအစိုးရက ရေးဆွဲခဲ့သည့် စီးပွားရေးနှစ်နှစ်စီမံကိန်းမှာ အရှိန်အဟုန်ပြင်းထန်နေသည့် ပြည်တွင်းဆူပူသောင်းကျန်းမှု မီးလျှံကြောင့် အကောင်အထည်မဖော်နိုင်ဘဲ စီးပွားရေးအခြေအနေမှာ ဆုတ်ယုတ်ခဲ့ရသည်။ ထိုအချိန်က စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ၁၉၄၉ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်သည့် စီးပွားရေးကောင်စီအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ အလွန်စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း၊ ကုန်ထုတ်လုပ်မှုမှာ စစ်ကြိုခေတ်ပမာဏ၏ ထက်ဝက်ခန့်ပင် မရှိတော့ဘဲ ပို့ကုန်အဖြစ်တင်ပို့နိုင်မည့် ပမာဏမှာလည်း စစ်ကြိုခေတ်၏ ⅓ ခန့်သာရှိကြောင်း ဖော်ပြထားသည်။[၁]

၁၉၄၈မှ ၁၉၅၀ပြည့်နှစ်အတွင်း ပြည်တွင်းဆူပူသောင်းကျန်းမှုများ၏ ရလာဒ်မှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၃၅ရာခိုင်နှုန်းပလပ်သွားရခြင်း ၊ လူဦးရေသုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားရခြင်း၊ပြည်သူ၂၂၀၀၀ နှင့်အစိုးရ၏စစ်ဘက်နှင့်မြို့ပြဘက်အမှုထမ်း ၅၇၀၀ အသက်ဆုံးရှုံးရခြင်း၊ အစိုးရပစ္စည်းတန်ဖိုးဒေါ်လာ ၅သန်းဖိုး၊ ပြည်သူများ၏ပစ္စည်းတန်ဖိုး ဒေါ်လာ၉၅သန်းဖိုးဆုံးရှုံး ခဲ့ကြောင်းမှတ်တမ်းများအရ သိရှိရပေသည်။[၂]

---

[၁] စည်သူအောင်၊ မောင်မှတ်– ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၁၆၂

[၂] စည်သူအောင်၊ မောင်မှတ်– ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၁၆၂

၁၉၅၀ပြည့်လွန်နှစ်များတွင် နိုင်ငံတော်အခြေအနေ ပြည်လည်တည်ငြိမ် အေးဆေးလာသည်နှင့်အမျှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာခဲ့ရာ ကိုးရီးယားစစ်ပွဲကြောင့် ကမ္ဘာ့ဆန်ဈေးတက်နေသည့်အချိန်နှင့် ကြုံကြိုက်၍ နိုင်ငံဝင်ငွေမြင့်မားလာခဲ့သည်။ ထိုဝင်ငွေကို အရင်းတည်၍ နိုင်ငံစီးပွားပြန်လည်ထူထောင်ရန် အမေရိကန်မှ KTA[၁] အကြံပေးကုမ္ပဏီကို ငှားရမ်း၍ ပြည်တော်သာစီမံကိန်းကို ရေးဆွဲခဲ့သည်။ ပြည်တော်သာစီမံကိန်းမှာ ဆန်ရောင်းရမည်ဟု ခန့်မှန်းထားသည့် ငွေကုဋေ၅၀၀ခန့်နှင့်ပြည်ပမှ ချေးငှားထောက်ပံ့ငွေ၊ ဂျပန်စစ်လျော်ကြေး တို့ပေါင်းစပ်ကာ စုစုပေါင်းကုဋေ ၇၅၀ခန့်ဖြင့် ရင်းနှီးလုပ်ဆောင်ရန် ရည်မှန်းထားသော စီမံကိန်း ဖြစ်သည်။ သို့ရာတွင် မြန်မာတိုင်းရင်းသားများ၌ နည်းပညာအားနည်းချက်ရှိပြီး နိုင်ငံခြားသားပါရဂူ များက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး လက်တွေ့အခြေအနေကို သဘောပေါက်ခြင်းမရှိသော အခါ အစီအမံများ၊ ခန့်မှန်းချက်များလွဲမှားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၌ အနည်းအကျဉ်းသာ မြှုပ်နှံခဲ့သည်။ ကျေးလက် ဒေသရှိလယ်ယာမြေများမှာ ဆူပူသောင်းကျန်းမှု လုံးဝအေးငြိမ်းခြင်း မရှိသေးသဖြင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများကို ထိရောက်စွာ လုပ်ဆောင်ပေးနိုင်ခြင်းမရှိပေ။ စက်မှုလုပ်ငန်းများကို ဦးစားပေး ထူထောင်ခဲ့သော်လည်း နိုင်ငံရေးခေါင်းဆောင်ချင်း မညီညွတ်မှုကြောင့် အကျိုးရှိသင့်သလောက်မရှိခဲ့ပေ။ စီမံကိန်းမှ သုံးစွဲမှုအချိုးအစား အတော်များများကို ကုန်ဈေးနှုန်း တည်ငြိမ်စေရေးကို အကြောင်းပြလျက် ပြည်ပမှ လူသုံးကုန်များ မှာယူတင်သွင်းခဲ့သဖြင့် ရင်းနှီး မြှုပ်နှံမှုတွင် နည်းပါးခဲ့ရသည်။ ထို့အပြင် ဒေသန္တရ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ဒေသန္တရနိုင်ငံရေးခေါင်းဆောင်များ၏ အကျင့်ပျက်ခြစားမှုကြောင့် အဟောသိကံ ဖြစ်မှုများပြားခဲ့ သည်။ ပြည်တော်သာစီမံကိန်းကို ကုဋေ ၇၅၀ လျာထားခဲ့သည်ဟုဆိုသော်လည်း လက်တွေ့၌ စီမံကိန်းစတင်သည့် ၁၉၅၃ခုနှစ်တွင် နိုင်ငံခြားငွေ ၁၂၆.၈၇ ကုဋေရှိခဲ့သော်လည်း ဆန်ဈေးကျဆင်း လာမှုကြောင့် ၁၉၅၅ခုနှစ်တွင် ၃၆.၆ကုဋေသာ ရှိတော့သည်။ အမေရိကန်မှအကူအညီများမှာလည်း တရုတ်ဖြူအရေးအခင်းကြောင့် ရယူခြင်းမရှိတော့သဖြင့် စီမံကိန်းရန်ပုံငွေ ပြတ်တောက်မှုဖြစ်ကာ ပြည်တော်သာစီမံကိန်း ပျက်ပြားခဲ့ရသည်။

လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလအစိုးရ၏ ဆိုရှယ်လစ်ဆန်သော စီးပွားရေးလုပ်ရပ်တစ်ခုမှာ နိုင်ငံခြားသားများကြီးစိုးချယ်လှယ်နေသော စီးပွားရေးလုပ်ငန်းကြီးများနှင့် စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံပိုင်သိမ်းခြင်းဖြစ်သည်။ ကိုလိုနီဘဝက မြန်မာနိုင်ငံကို သွေးစုပ်နေခဲ့ကြသည့် ဧရာဝတီဖလိုတီလာ သင်္ဘောကုမ္ပဏီ[၂]၊ ဘုံဘေဘားမား သစ်ရောင်းဝယ်ရေးကုမ္ပဏီ၊ သရက်

---

[၁] Knappen, Tippetts and Abbott Engineeering Company

[၂] Irrawaddy Flotilla Co

ဘိလပ်မြေစက်၊ မဖယ့်ဝတီသကြားစက်များကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည်။ ဘီအိုစီနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းအချို့ကိုလည်း နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် စစ်ပြီးခေတ်နောက်ပိုင်း ရေနံအထွက်ကျဆင်းခဲ့၍ အကျိုးမရှိလှတော့ပေ။ နိုင်ငံပိုင်စက်ရုံ လုပ်ငန်းကြီးများအဖြစ် သမိုင်းချည်မျှင်စက်၊ ဂုန်နီစက်ရုံ၊ အုတ်နှင့်အုတ်ကြွပ်စက်၊ သံမဏိစက်ရုံ၊ ဆေးဝါးလုပ်ငန်း၊ ဆပ်ပြာစက်ရုံ စသည်တို့ကိုထူထောင်ခဲ့သည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် အလုပ်ရုံတို့မှာ စစ်မဖြစ်မီက ၁၀၀၀ကျော်ရှိခဲ့ရာမှ ၁၉၅၆–၅၇ခုနှစ်တွင် ၃၀၀၀ခန့်ရှိခဲ့သည်။ အများစုမှာဆန်စက်၊ ဆီစက်၊ ပဲခွဲစက် စသည့်စိုက်ပျိုးရေးနှင့် ဆက်နွယ်သော ကြိတ်ခွဲစက်များဖြစ်ပြီး ကျန်လုပ်ငန်းများမှာ စားသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ကြသည်။ထိုစက်မှုလုပ်ငန်းများတွင်လွတ်လပ်ရေးနောက်ပိုင်း၌ မြန်မာပိုင်လုပ်ငန်းအများစုဖြစ်ကြသော်လည်း လက်တွေ့၌မြန်မာတိုင်းရင်းသားအမည်ပေါက် နိုင်ငံခြားနွယ်ဖွား တရုတ်၊ ကုလားများသာ ဖြစ်ကြသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုလေ့လာကြည့်လျှင် နိုင်ငံခြားသားများနေရာတွင် တိုင်းရင်းသားများကို အစားထိုးရန် ရည်ရွယ်ထားခဲ့သော်လည်း လက်တွေ့၌နိုင်ငံခြားသားများသာ နောက်ဆုံး၌ ထိန်းချုပ်ချယ်လှယ်ထားနိုင်ခဲ့သည်ကိုတွေ့ရှိရသည်။တိုင်းရင်းသားများ၌ငွေအရင်းအနှီးမရှိ၍လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေး၌ မကျွမ်းကျင်သဖြင့်လည်းကောင်း နိုင်ငံခြားသားအရင်းရှင်များကိုသာ အားထားခဲ့ရပြီး သွင်းကုန်ထုတ်ကုန်လိုင်စင်များကို နိုင်ငံခြားသားများကိုသာ ရောင်းချခဲ့ကြသည့်အဖြစ်များကိုတွေ့ရသည်။ လက္ကားရောင်းဝယ်ဖြန့်ချီရေးတွင်လည်း နိုင်ငံခြားသားများသာ ကြီးစိုးထားခဲ့ပြီး ငွေရင်းနည်းပါးသော တိုင်းရင်းသားများအနေဖြင့် လက်လီကုန်သယ်ငယ်များအပိုင်းတွင် အနည်းအကျဉ်းနှင့် ခေါင်းရွက်ဗျတ်ထိုးဈေးသည်အဆင့်တွင်သာ အများစုရပ်တည်လုပ်ကိုင်ခဲ့ ကြရသည်။

၁၉၅၆ခုနှစ်မှစ၍ နိုင်ငံရေးတည်ငြိမ်မှု ယိုယွင်းလာပြီးသည့်နောက် ၁၉၅၈ခု နှစ်မှ ၁၉၆၀ပြည့်နှစ်အတွင်း အိမ်စောင့်အစိုးရ တာဝန်ယူခဲ့ရသည်။ အိမ်စောင့်အစိုးရ လက်ထက်တွင် ဖဆပလခေတ် လယ်ယာစိုက်ပျိုးရေး၌ အားနည်းချက်များကို ပြုပြင်အားဖြည့် ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးပညာပေးရေး၊မျိုးကောင်းမျိုးသန့်ရရှိရေး၊စိုက်ပျိုးစရိတ်ပိုမိုရရှိရေးနှင့် စက်မှုလယ်ယာကဏ္ဍ၊ ဆည်မြောင်းကဏ္ဍများတွင် ပိုမိုရင်းနှီးအကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။ လယ်လုပ်သူလယ်ပိုင်ရေးအတွက် မြေယာဝေခြမ်းရေးကို ထိရောက်စွာ ဆောင်ရွက်ပေးခဲ့သည်။ စက်မှုလက်မှုကဏ္ဍတွင်လည်း ၁၉၅၅–၅၆ခုနှစ်တွင် ၆၃.၆ သန်း၊ ၁၉၅၇–၅၈ခုနှစ်တွင် ၈၀.၇ သန်းအထိ တိုးတက်သုံးစွဲခဲ့သည်ကိုတွေ့ရသည်။ ၁၉၆၀ပြည့်နှစ် ရွေးကောက်ပွဲနောက်ပိုင်း အာဏာရရှိလာသော ပထစ အစိုးရသည် တရုတ်နိုင်ငံမှ ငွေကျပ်ကုဋေ၄၀ချေးငှားပြီး စက်မှုလက်မှုနှင့် စီးပွားရေးပြန်လည်

ထုထောင်ရန် ကြိုးစားခဲ့သော်လည်း နိုင်ငံရေးအကွဲအပြဲများကြောင့် အောင်မြင်မှုမရရှိခဲ့ဘဲ အဆုံးသတ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလခေတ် စီးပွားရေးပုံစံကို ခြုံ၍သုံးသပ်ကြည့်ပါက စိုက်ပျိုးရေးနှင့် တွင်းထွက်သတ္တုများ ထုတ်လုပ်ရေးတွင် စစ်ကြိုခေတ်စံချိန်ကို မပြည့်မီဘဲ နောက်ကျဆုတ်ယုတ်နေခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် တင်ပြရလျှင် မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ပျမ်းမျှအသားတင် စိုက်ပျိုးသည့်ဧရိယာပေါင်းမှာ ဧက ၁၇သန်းခွဲခန့်ရှိပြီး စုစုပေါင်းစိုက်ပျိုးသည့်ဧရိယာ[၁]ပေါင်းမှာ(၁၈၆၈၄၀၀၀) ရှိလေသည်။ ၁၉၆၁–၆၂ခုနှစ်တွင် အသားတင်စိုက်ပျိုးသည့် ဧရိယာပေါင်းမှာ (၁၇၆၉၈၀၀၀)ကေရှိ၍ စုစုပေါင်းစိုက်ပျိုးသည့်ဧရိယာပေါင်းမှာ (၁၉၀၁၃၀၀၀) ကေရှိလေသည်။ ဆန်စပါးစိုက်ပျိုးသည့်ဧရိယာကို သီးသန့်ထုတ်နုတ်တင်ပြရလျှင် ၁၉၃၆ခုနှစ်မှ၁၉၄၁ခုနှစ်အတွင်း ပျမ်းမျှစိုက်ပျိုးသည့်ဧရိယာမှာ (၁၂၃၉၈၀၀၀)ကေရှိ၍ ၁၉၆၁–၆၂ခုနှစ်တွင် (၁၁၃၅၀၀၀၀)ကေသာရှိသည်ကို တွေ့ရသည်။ ရေသွယ်စိုက်ပျိုးသည့် ဧရိယာအနေဖြင့် ၁၉၃၆–၄၁ခုနှစ်အတွင်း ပျမ်းမျှဧရိယာမှာ (၁၅၀၃၀၀၀)ကေရှိ၍ ၁၉၆၁–၆၂ခုနှစ်တွင် (၁၃၂၄၀၀၀)ကေသာရှိလေသည်။ မြန်မာတစ်နိုင်ငံလုံးမှထွက်သောစပါးမှာ ၁၉၃၆–၄၁ခုနှစ်အတွင်း ပျမ်းမျှခြင်းတန်ပေါင်း (၇၄၂၆၀၀၀)ထွက်ရှိ၍ ၁၉၆၁–၆၂ခုနှစ်တွင် စပါးတန်ပေါင်း( ၆၇၉၈၀၀၀ )သာထွက်လေသည်။[၂]

စက်မှုလက်မှုကဏ္ဍတွင်လည်း စက်ရုံအလုပ်ရုံများတိုးချဲ့ထူထောင်ခဲ့သော်လည်း စွမ်းအားပြည့် ထုတ်လုပ်နိုင်စွမ်းမရှိခဲ့ပေ။ နိုင်ငံပိုင်လုပ်ငန်းများဖြစ်သည့် စက်ရုံအလုပ်ရုံများနှင့် ပို့ဆောင်ရေးလုပ်ငန်းများတွင် အောင်မြင်မှုနှင့် ဆုံးရှုံးမှုများမှာ ထွေးရောယှက်တင်ဖြစ်ကာ လုံးလည်လိုက်နေခဲ့သည်ကိုတွေ့ရသည်။ သာဓကအားဖြင့် ဖေါ်ပြရလျှင် ၁၉၆၀–၆၁ခုနှစ်နိုင်ငံပိုင်လုပ်ငန်း

---

[၁] စုစုပေါင်းစိုက်ပျိုးသည့်ဧရိယာဆိုသည်မှာ အသားတင်စိုက်ပျိုးသည့်မြေဧရိယာနှင့် သီးထပ်စိုက်ပျိုးသည့်မြေဧရိယာနှစ်ရပ်ပေါင်းဖြစ်သည်။

[၂] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်–**မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၂)** မျက် ၃၀

များ၏ အခြေအနေကို အောက်ပါအတိုင်းတွေ့မြင်ရပေသည် [၁] –

| နိုင်ငံပိုင်လုပ်ငန်းများ | ငွေရင်း | အရှုံးအမြတ် |
|---|---|---|
| အင်းစိန်ရှာမသံရည်ကြိုစက် | ၄၃၅.၅၀ | ၉၀.၆၇ ရှုံး |
| အုတ်ကျင်းဂုန်လျှော်စက် | ၃၄၆.၅၀ | ၁၂၄.၅ ရှုံး |
| မယ်ဗမာသွက်ခြောက်စက် | ၂၄.၂၉ | ၂၃.၈၃ ရှုံး |
| ဇေယျဝတီသကြားစက် | ၇၂.၂၅ | ၄၃.၈၈ မြတ် |
| သရက်ဘိလပ်မြေစက် | ၇၃.၄၉ | ၅၉.၉၆ မြတ် |
| မန္တလေးအရက်ချက်စက်ရုံ | ၁၈.၁၀ | ၈၉.၇၆ မြတ် |
| သမိုင်းချည်မျှင်နှင့်အထည်စက် | ၃၄၂.၇၀ | ၄၂.၆၇ ရှုံး |
| အလေးဝကျောက်မီးသွေးတွင်း(၁၉၅၂–၅၃မှ | ၈၀.၀၉ | ၈၀.၄၄ ရှုံး |
| ယူဘီအေလေကြောင်းပို့ဆောင်ရေး (၁၉၅၆–၆၀) | ၂၁၇၀.၈၀ | ၉၅.၀၀ ရှုံး |
| ရွှေဘိုအုတ်ကြွပ်စက် | ၈.၀၀ | လုံးဝရှုံး |
| ပင်လယ်ရေကြောင်းပို့ဆောင်ရေး (၁၉၅၂–၅၈) | ၄၈၀.၀၀ | ၂၇.၀၃ ရှုံး |
| မီးရထားအုပ်ချုပ်ရေး(က) ၁၉၄၇–၅၄ | ၅၄၁၅.၀၀ | ၁၂၈၁.၇၀ ရှုံး |
| (ခ) ၁၉၅၄–၅၉ | | ၂၈၅.၅၀ မြတ် |
| ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (က) ၁၉၄၉–၅၆ | ၁၀၀.၀၀ | ၃၁၀.၄၉ မြတ် |
| (ခ) ၁၉၅၆–၅၈ | | ၄၄.၁၆ ရှုံး |

စီးပွားရေးပိုင်ဆိုင်မှုကဏ္ဍတွင် နိုင်ငံခြားသားများသာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လွှမ်းမိုးခြယ်လှယ်နေဆဲဖြစ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မူလကရည်ရွယ်ခဲ့သည့်တိုင်အောင် အကောင်အထည်ဖေါ်နိုင်စွမ်းမရှိဘဲ အရင်းရှင်စီးပွားရေးစနစ်ဘက်သို့သာ ယိမ်းယိုင်လာခဲ့ကြောင်းတွေ့မြင်ရပြီး တောင်သူလယ်သမား၊ အလုပ်သမားများနှင့် ပြည်သူများမှာ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်ခြင်းခံရသည့် ဘဝမှာပင်ရပ်တည်နေရပေသည်။

---

[၁] သခင်လွင်– **မြန်မာနိုင်ငံအလုပ်သမားလှုပ်ရှားမှုသမိုင်း**

**တပ်မတော်နှင့်အချုပ်အခြာအာဏာထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်**

တပ်မတော်သည် အမျိုးသားရေးလှုပ်ရှားမှုသမိုင်းမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ရာ သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်၏ ဦးတည်ချက်ဆောင်ပုဒ်များရှိခဲ့ပေသည်။ ယင်းဦးတည်ချက်ဆောင်ပုဒ်များနှင့် အညီလည်း တပ်မတော်က မမိုတ်မသုံကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ တပ်မတော်၏ ဦးတည်ချက်ဆောင်ပုဒ်များမှာ လွတ်လပ်ရေးကြိုးပမ်းမှုအကြိုကာလများတွင် လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊ လွတ်လပ်ရေးသည်တတိယဖြစ်ပြီး စစ်ပြီးကာလ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တပ်မတော်၏ဆောင်ပုဒ်မှာ လွတ်လပ်ရေးသည်ပထမ၊ ဒီမိုကရေစီရေးသည်ဒုတိယ၊ ဆိုရှယ်လစ်အရေးသည်တတိယဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရသောအခါတွင် တပ်မတော်၏ဆောင်ပုဒ်မှာ တရားဥပဒေစိုးမိုးရေးသည်ပထမ၊ ဒီမိုကရေစီရေးသည်ဒုတိယ၊ ဆိုရှယ် လစ်ရေးသည်တတိယဖြစ်သည်။

တပ်မတော်၏အဓိကတာဝန်မှာ နိုင်ငံတော်မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးပင်ဖြစ်ပေသည်။သမိုင်းစဉ်တစ်လျှောက် နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်တို့၏ သွေးစုပ်ချယ်လှယ်ခဲ့သည့်အမွေဆိုးများကို ဆက်ခံခဲ့ရသောဖဆပလအစိုးရသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် တောင်သူလယ်သမား၊ အလုပ်သမားများ၏ဘဝ၊ စီးပွားရေးဖွံ့ဖြိုးမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ယုံမကမိမိအုပ်စုအာဏာရရှိရေးအတွက် ပါတီတွင်းအကွဲအပြဲများ၊ အာဃာတများ၊ အမုန်းတရားများ၊ အုပ်စုအားပြိုင်မှုများကို အလေးထား ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးမှု အပိုင်းကိုဆောင်ရွက်ရန် အားနည်းခဲ့သည်။ အလားတူပင် တိုင်းရင်းသားစည်းလုံးညီ ညွတ်မှုအပိုင်းတွင်လည်း အားနည်းခဲ့သည်ကိုတွေ့ရသည်။

ဖဆပလအဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲသွားပြီးသည့်နောက်ပိုင်းတွင် စုစည်းညီညွတ်မှုပြိုကွဲသည်ကိုအခွင့်ကောင်းယူကာ ရှမ်းပဒေသရာဇ်များက ဖက်ဒရယ်မူကို တောင်းဆိုခဲ့သည်။ အလားတူပင် ကျန်ပြည်နယ်များကလည်း သီးခြားပြည်နယ်ရရှိရေးကိုတောင်းဆိုလာခဲ့ကြသည်။ ဖဆပလနှစ်ခြမ်းကွဲခြင်းကြောင့် ပြည်ထောင်စုမှခွဲထွက်လိုသော ရှမ်းစော်ဘွားများအဖို့ ဖဆပလ၏ နိုင်ငံရေးအားနည်းချက်ကိုအကြောင်းပြု၍ လက်နက်ကိုင်လမ်းစဉ်ဖြင့် တော်လှန်ပုန်ကန်ရန် အသင့်ပြင်ဆင်ခွင့်ရရှိခဲ့ကြောင်း၊ ၁၉၅၉ခုနှစ်၊ ဧပြီလအတွင်း ရှမ်းပြည်နယ်ရှိစော်ဘွားများ အာဏာစွန့်လွှတ်ခဲ့ရကြောင်း၊ဤသို့အာဏာစွန့်ခဲ့ရသောစော်ဘွားများကို အစိုးရကလျော်ကြေးများပေးခဲ့သော်လည်း အချို့စော်ဘွားများက မကျေနပ်ကြကြောင်း၊ အာဏာမစွန့်လွှတ်မီကပင် အချို့သောစော်ဘွားများသည် မိမိတို့၏ နယ်အုပ်ချုပ်ရေးအရာရှိကြီးငယ်များနှင့် လျှို့ဝှက်စွာတိုင်ပင်၍ လက်နက်များဝှက်ခြင်း၊ လူစုခြင်းတို့ကို ပြင်ဆင်ထားခဲ့ကြကြောင်း၊ စော်ဘွားများ အာဏာစွန့်ပြီးနောက်

၁၉၅၉ခုနှစ်၊နိုဝင်ဘာလတွင်ရှမ်းသောင်းကျန်းသူများစတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ရှမ်းသောင်းကျန်းသူများကလည်း ဖက်ဒရယ်မူကို ထောက်ခံခဲ့ကြောင်း[၁] အချို့သောစော်ဘွားများသည် ဖက်ဒရယ်မူရရှိပြီးသည့်နောက်တွင် ပြည်ထောင်စုကြီးမှခွဲထွက်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ ဖက်ဒရယ်မူရရှိပြီးသောအခါတွင် တောင်ကြီးနှင့်တာချီလိတ်ဆက်သွယ်သည့် လမ်းမကြီးဖေါက်မည်။ ထိုလမ်းဖြင့် ရှမ်းပြည်နယ်၏ ထွက်ကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချမည်၊ ရသည့်ငွေဖြင့် လက်နက်အပါအဝင် လိုအပ်သည့် ပစ္စည်းဟူသမျှကိုဝယ်မည်။ ငွေကြေးအကူအညီ ရရှိရန် ထိုင်းအစိုးရ နှင့်လည်းကောင်း၊ ဆီးတိုးစာချုပ်အဖွဲ့နှင့်လည်းကောင်း ဆက်သွယ်ထားမည်။ ခွဲထွက်ခွင့်ရ၍ ရှမ်းပြည်နယ်မှ တပ်မတော်ထွက်ခွာသွားခဲ့လျှင် ရှမ်းသောင်းကျန်းသူများက တာဝန်ယူ၍ ရှမ်းပြည်နယ်ကို ကာကွယ်မည်ဟူသော အစီအစဉ်များရှိကြောင်း[၂]ကိုလည်းသိရှိရသည်။

ဤကဲ့သို့အခြေအနေများပေါ်ပေါက်ရခြင်းမှာထိုအချိန်က အာဏာရအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုပါတီနှင့် ပထစအစိုးရ၏ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေနှင့် စည်းရုံးရေးလှုပ်ရှားမှုအခြေအနေများမှာ အားနည်းလာပြီး အဖွဲ့အစည်း၏ညီညွတ်ရေးမှာ ပြိုကွဲပျက်ပြားလာသောကြောင့်ဖြစ်သည်။ အာဏာရအဖွဲ့အစည်း၏ မတည်မငြိမ်ဖြစ်ပျက်မှုများသည် အစိုးရအဖွဲ့သို့ ရိုက်ခတ်လာသဖြင့်ညီညွတ်ရေးပျက်ပြားလာကာအစိုးရ၏ယန္တရားမှာလည်း ချောမောစွာလည်ပတ်နိုင်ခြင်းမရှိတော့သဖြင့် တိုင်းပြည်၏စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးအခြေအနေတို့သည် အဖက်ဖက်မှယိုယွင်းပျက်ပြားလာခဲ့ရသည်။[၃] နိုင်ငံရေးအခြေအနေများမငြိမ်မသက်ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံတော်၏စည်းလုံးညီညွတ်ရေးနှင့်အုပ်ချုပ်ရေးယန္တရားတို့လည်း ချွတ်ယွင်းအားနည်းလာခဲ့ရသည်။ ထိုအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကိုဆုံးရှုံးစေရန်နှင့် ပြည်ထောင်စုကြီးပြိုကွဲစေရန် အမြဲကြံရွယ်လျက်ရှိကြသော နယ်ချဲ့လက်ပါးစေသစ္စာဖေါက်များနှင့် ပဒေသရာဇ်အကြွင်းအကျန်များက ပြည်ထောင်စုကြီးပြိုကွဲစေမည့် ဖက်ဒရယ်မူကို တင်ပြတောင်းဆိုလာခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အချို့သောပြည်နယ်တို့သည် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့်ပြည်ထောင်စုကြီးပြိုကွဲပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးတော့မည့် အခြေအနေမျိုးပေါ်ပေါက်လာခဲ့သဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ပထမ၊ ဒီမိုကရေစီရေးသည်ဒုတိယ၊ ဆိုရှယ်လစ်ရေးသည်တတိယဟူသည့် ဦးတည်ချက်ဖြင့်ဆောင်ရွက်နေသော တပ်မတော်သည် ပြည်ထောင်စုကြီးပြိုကွဲပြီး လွတ်လပ်ရေး

---

၁ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.–၁၉၅၈–၁၉၆၂မြန်မာနိုင်ငံရေးစတုတ္ထတွဲ မျက် ၂၂၇

၂ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့.–၁၉၅၈–၁၉၆၂မြန်မာနိုင်ငံရေးစတုတ္ထတွဲ မျက် ၂၃၆

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ – တောင်လှန်ရေးကောင်စီ၏ လုပ်ဆောင်ချက်သမိုင်းအကျဉ်းချုပ် မျက်– ယ

ဆုံးရှုံးရမည့်အခြေအနေကို ကာကွယ်ရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးအခြေအနေနှင့်စီးပွားရေးအခြေအနေများ၏ လိုအပ်ချက်အရ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရခြင်းဖြစ်သည်။[၁]

တော်လှန်ရေးကောင်စီသည် ဤကဲ့သို့နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းစောင့်ရှောက်ပြီးနောက် နိုင်ငံတော်လွတ်လပ်ရေး အစွန့်ရှည်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ လူလူချင်းခေါင်းပုံဖြတ်ခြင်းကင်း၍ တရားမျှတမှုရှိသော သာယာဝပြောသည့် ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးဟူသော ရည်မှန်းချက်များဖြင့် အောက်ဖော်ပြပါ ယုံကြည်ချက်ကို ဦးတည် ၍ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ကိုဆင်နွှဲရလေသည်–

## ကျွန်ုပ်တို့၏ယုံကြည်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏တိုင်းရင်းသားလုပ်သားပြည်သူများဖြစ်ကြကုန်သော ကျွန်ုပ်တို့သည်–

ဤကမ္ဘာ၌ လူတို့၏အားနည်းချက်များကို အမြတ်ထုတ်၍ မသိနားမလည်သော လူများစုအပေါ်တွင် စာနာမှု၊ ညှာတာထောက်ထားမှုစသည့် ကောင်းမြတ်သော တရားများကို မျက်ကွယ်ပြု၍ မတရားသဖြင့်ခြယ်လှယ်နိုင်ကြသော ဝိသမလောဘသမားများ၏ ဝိသမစီးပွားရေးစနစ်ဆိုးများ တည်ရှိနေသရွေ့ကာလပတ်လုံး လူသားအပေါင်းသည် လူမှုဒုက္ခများမှ မလွတ်မြောက်နိုင်ဟု အလေးအနက်ယုံကြည်သည်။ ထို့ကြောင့် ဤပြည်ထောင်စုမြန်မာနိုင်ငံတွင် လူလူချင်းမတရားခြယ်လှယ်၍ မတရားစီးပွားရှာစားသော ဝိသမစနစ်များကို ချုပ်ငြိမ်းစေပြီး တရားမျှတမှုကို အခြေခံသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားပြည်သူလူထုအပေါင်းသည် လူ့ပယောဂကြောင့်ပေါ်ပေါက်ရသော လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ဖြဟ္မစိုရ်တရားများ ထွန်းကားနိုင်မည့် သာယာဝပြောသော လူ့ဘောင်သစ်ကြီးသို့ ရောက်ရှိနိုင်မည်ဟုအလေးအနက်ယုံကြည်သည်။ဤသို့ယုံကြည်သည့်အတိုင်း ဆိုရှယ်လစ်ပန်းတိုင်သို့ မရောက်ရောက်အောင် ချီတက်ကြမည်ဟု အလေးအနက်အဓိဋ္ဌာန်ပြုသည်။

---

[၁] ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ– တော်လှန်ရေးကောင်စီ၏လုပ်ဆောင်ချက်သမိုင်းအကျဉ်းချုပ် မျက်– ဃ

109

8439

IMMEDIATE.

No.92D(A)47.
GOVERNMENT OF THE UNION OF BURMA.
WAR OFFICE.

Dated Rangoon, the 14 May 1948.

Copy to:-

C.M.A., Burma.
Min. of F & R.

MEMORANDUM.

To

HQ., Burma Army.

Subject:- Establishment for HQ., Burma Army - Organisation of the War Office.

Reference:- Correspondence ending with Memorandum No.3/70/G(SD) dated 19/26th March 1948 from the HQ., Burma Army.

The establishment for Army personnel (officers) in the War Office has been carefully considered and the Hon'ble Minister for Defence has approved of the issue of an amendment to the W.E. No.BA 100/1/47 - Headquarters, Burma Army, substituting for the existing establishment of officers the establishment shown in the annexure to this Memo.

The staff required for local administration i.e. Camp Comdt., M.T.O. and Asst. Camp Comdt. and Q.M. will be kept on.

2. The establishment as on a whole will be reviewed after six months.

3. The expenditure involved by the sanction is debitable to the relevant heads in the Defence Services Estimates.

4. A copy of the W.E. as amended up-to-date may please be furnished for record in this office.

Sd/-(S.M.Joseph)
for Permanent Secretary,
War Office.

THROUGH THE DEPUTY SECRETARY(FINANCE).

A copy is forwarded to the Controller of Military Accounts, Burma, for information.

Sd/- x x x
(S.M.Joseph)
Deputy S e c r e t.
(Admin.)
War Office.

106

| | |
|---|---|
| WAR OFFICE | BA 100 / 1 / 48 |
| WAR ESTABLISHMENT | Effective Date - 14 May 48 |
| ARMY PERSONNEL | |

| Amdt No | |
|---|---|
| Date | |
| Offrs | 8[illegible] |
| ORs | 41[illegible] |
| Total | 49[illegible] |
| Bicycles | 6 |
| MCs | 6 |
| Vehs | 3[illegible] |

(i) Personnel

| Detail | Officers | Warrant Officers Class I | Warrant Officers Class II | Staff Sergeants and Sergeants | Corporals | Lance Corporals and Privates | Total Other Ranks | Total War Office |
|---|---|---|---|---|---|---|---|---|
| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) |
| **General Staff Department** | | | | | | | | |
| General Officer Commanding Burma Army and Chief of the General Staff (Major General) | 1 | - | - | - | - | - | - | 1 |
| Vice Chief of the General Staff (Brigadier) | 1 | - | - | - | - | - | - | 1 |
| Aide de Camp (Captain or Subaltern) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade I | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade II (Ops & Trg) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade II (SD & Plans) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade II (Int) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade III (Ops) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade III (Trg) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade III (SD) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade III (Plans) | 1 | - | - | - | - | - | - | 1 |
| General Staff Officer Grade III (Int) | 3 | - | - | - | - | - | - | 3 |
| Intelligence Officer | 1 | - | - | - | - | - | - | 1 |
| Clerks | - | 1 | 4 | 18(a)(c) | - | - | 23 | 23 |
| Total General Staff Department | 15 | 1 | 4 | 18 | - | - | 23 | 38 |
| **Adjutant General Department** | | | | | | | | |
| Adjutant General (Colonel) | 1 | - | - | - | - | - | - | 1 |
| Assistant Adjutant General (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Adjutant General (Major) | 2 | - | - | - | - | - | - | 2 |
| Staff Captain (Org & Rfts) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Posting & Promotions ORs & Recruiting) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Adm) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Discipline, Pro & Legal) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Welfare & Voc Trg) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Pay & Allce) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Reg & Policy) | 1 | - | - | - | - | - | - | 1 |
| Clerks | - | 1 | 2 | 20(b) | - | - | 23 | 23 |
| Total Adjutant General Department | 11 | 1 | 2 | 20 | - | - | 23 | 34 |

| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) |
|---|---|---|---|---|---|---|---|---|
| **Quartermaster General Department** | | | | | | | | |
| Quartermaster General (Colonel) | 1 | - | - | - | - | - | - | 1 |
| Assistant Quartermaster General (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Quartermaster General (Org) (Major) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Quartermaster General (Maint) (Major) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Quartermaster General (Requirements, Procurement, Estimates and Budget) (Major) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Quartermaster General (Wks & Accn) (Major) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Org) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Maint) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Requirement, Procurement, Estimates and Budget) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Wks & Accn) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Mil Land & Cantt) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Mov) | 1 | - | - | - | - | - | - | 1 |
| Clerks | - | 1 | 4 | 22(b)(c) | - | - | 27 | 27 |
| 'Q' Movement Staff | - | - | 1 | 2 | - | - | 3 | 3 |
| Total Quartermaster General Department | 12 | 1 | 5 | 24 | - | - | 30 | 42 |
| **ATTACHED GENERAL STAFF** | | | | | | | | |
| Engineers | | | | | | | | |
| Staff Officer Grade II (Ops, Org & Persl Trg) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Adjutant) | 1 | - | - | - | - | - | - | 1 |
| Total Engineers | 2 | - | - | - | - | - | - | 2 |
| Signals | | | | | | | | |
| Chief Signal Officer (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Staff Officer Grade II | 1 | - | - | - | - | - | - | 1 |
| Clerks | - | - | 1 | 2 | - | - | 3 | 5 |
| Total Signals | 2 | - | 1 | 2 | - | - | 3 | 5 |
| **'A' SERVICES** | | | | | | | | |
| Medical | | | | | | | | |
| Director Medical Services (Colonel) | 1 | - | - | - | - | - | - | 1 |
| Assistant Director Medical Services (Med & Hosp Service) (Major) | 1 | - | - | - | - | - | - | 1 |
| Assistant Director Medical Services (Hyg & San) (Major) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Adm) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Stores) | 1 | - | - | - | - | - | - | 1 |
| Clerks | - | - | 1 | 6 | - | - | 7 | 7 |
| Total Medical | 5 | - | 1 | 6 | - | - | 7 | 12 |
| Education | | | | | | | | |
| Staff Officer Grade II | 1 | - | - | - | - | - | - | 1 |
| Staff Officer Grade III | 1 | - | - | - | - | - | - | 1 |
| Clerks | - | 1 | 1 | 4 | - | - | 6 | 6 |
| Total Education | 2 | 1 | 1 | 4 | - | - | 6 | 8 |
| **'Q' SERVICES** | | | | | | | | |
| Engineers | | | | | | | | |
| Commander Burma Engineers (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Staff Officer Grade II (Wks & Stores) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Stores) | 1 | - | - | - | - | - | - | 1 |
| Staff Captain (ME) | 1 | - | - | - | - | - | - | 1 |

| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) |
|---|---|---|---|---|---|---|---|---|
| **Engineers (contd)** | | | | | | | | |
| Staff Captains (Works) | 2 | - | - | - | - | - | - | 2 |
| Deputy Senior Surveyor of Works (Captain or Major) | 1 | - | - | - | - | - | - | 1 |
| Officer-in-charge Barracks (Captain) | 1 | - | - | - | - | - | - | 1 |
| Assistant Officer-in-charge Barracks (Lieutenant) | 1 | - | - | - | - | - | - | 1 |
| Staff Lieutenant (Stores) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Survey) (Captain or Lieutenant) (d) | 1 | - | - | - | - | - | - | 1 |
| Staff Captain (Tn) (Captain or Lieutenant) (d) | 1 | - | - | - | - | - | - | 1 |
| MES personnel for CRE's Office (e) | - | - | - | 31 | - | - | 31 | 31 |
| Total Engineers | 12 | - | - | 31 | - | - | 31 | 43 |
| **Supply and Transport** | | | | | | | | |
| Director Supply and Transport (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Assistant Directors Supply and Transport (Major) | 2 | - | - | - | - | - | - | 2 |
| Staff Captains | 2 | - | - | - | - | - | - | 2 |
| Clerks | - | - | 1 | 6 | - | - | 7 | 7 |
| Total Supply and Transport | 5 | - | 1 | 6 | - | - | 7 | 12 |
| **Ordnance** | | | | | | | | |
| Director Ordnance Services (Lieut Colonel) | 1 | - | - | - | - | - | - | 1 |
| Assistant Director Ordnance Services (Major) | 1 | - | - | - | - | - | - | 1 |
| Staff Captains (Ordnance) | 2 | - | - | - | - | - | - | 2 |
| Clerks | - | - | 2 | 5 | - | - | 7 | 7 |
| Total Ordnance | 4 | - | 2 | 5 | - | - | 7 | 11 |
| **Electrical and Mechanical Engineers** | | | | | | | | |
| Director Electrical and Mechanical Engineers (Lieut Colonel) (f) | 1 | - | - | - | - | - | - | 1 |
| Assistant Director Electrical and Mechanical Engineers (Major) | 1 | - | - | - | - | - | - | 1 |
| Staff Captains (Electrical and Mechanical Engineers) | 2 | - | - | - | - | - | - | 2 |
| Assistant Inspector Armaments(Captain) | 1 | - | - | - | - | - | - | 1 |
| Clerks | - | - | 1 | 6 | - | - | 7 | 7 |
| Total Electrical and Mechanical Engineers | 5 | - | 1 | 6 | - | - | 7 | 12 |
| **Departments directly under the Hon'ble Minister for Defence** | | | | | | | | |
| **Military Secretary's Department** | | | | | | | | |
| Military Secretary (Major) | 1 | - | - | - | - | - | - | 1 |
| Staff Captains | 2 | - | - | - | - | - | - | 2 |
| Clerks | - | - | 1 | 9 | - | - | 10 | 10 |
| Total Military Secretary's Department | 3 | - | 1 | 9 | - | - | 10 | 13 |
| **Judge Advocate General's Department** | | | | | | | | |
| Judge Advocate General (Lt Col) | 1 | - | - | - | - | - | - | 1 |
| Assistant Judge Advocate General(Major) | 1 | - | - | - | - | - | - | 1 |
| Deputy Assistant Judge Advocate General (Captain) | 1 | - | - | - | - | - | - | 1 |
| Staff Captains (Legal) | 2 | - | - | - | - | - | - | 2 |
| Clerks | - | - | 1 | 3 | - | - | 4 | 4 |
| Total Judge Advocate General's Department | 5 | - | 1 | 3 | - | - | 4 | 9 |

| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) |
|---|---|---|---|---|---|---|---|---|
| **Miscellaneous** | | | | | | | | |
| Central Registry | | | | | | | | |
| Officer Supervisor | 1 | - | - | - | - | - | - | 1 |
| Clerks | - | - | 1 | 4 | - | - | 5 | 5 |
| Total Central Registry | 1 | - | 1 | 4 | - | - | 5 | 6 |
| **Camp** | | | | | | | | |
| Camp Commandant (Captain) | 1 | - | - | - | - | - | - | 1 |
| Assistant Camp Commandant and Transport Officer (Lieutenant) | 1 | - | - | - | - | - | - | 1 |
| Quartermaster (Lieutenant) | 1 | - | - | - | - | - | - | 1 |
| Regimental Sergeant Major | - | 1 | - | - | - | - | 1 | 1 |
| Company Quartermaster Sergeant | - | - | - | 1 | - | - | 1 | 1 |
| Clerks | - | - | 1 | 4 | - | - | 5 | 5 |
| Sergeant Pay Duties | - | - | - | 1 | - | - | 1 | 1 |
| Regimental Police | - | - | - | 1 | 1 | 13 | 15 | 15 |
| Officers Mess NCOs | - | - | - | 2 | - | - | 2 | 2 |
| Warrant Officers and Sergeants Mess NCOs | - | - | - | 2 | - | - | 2 | 2 |
| Postal Orderly | - | - | - | - | 1 | - | 1 | 1 |
| Office Orderlies | - | - | - | - | - | 22 | 22 | 22 |
| Storemen | - | - | - | - | 1 | 3 | 4 | 4 |
| Cooks DAOR | - | - | - | - | 1 | 5 | 6 | 6 |
| Batmen | - | - | - | - | - | 60 | 60 | 60 |
| Water Duties | - | - | - | - | - | 5 | 5 | 5 |
| Sanitary Duties | - | - | - | - | - | 3 | 3 | 3 |
| Bootmakers | - | - | - | - | - | 2 | 2 | 2 |
| Tailor | - | - | - | - | - | 1 | 1 | 1 |
| Washermen | - | - | - | - | - | 5 | 5 | 5 |
| General Duties | - | - | - | - | - | 10 | 10 | 10 |
| **Officers Mess Staff (85)** | | | | | | | | |
| Cooks Special Grade I | - | - | - | - | - | 3 | 3 | 3 |
| Cooks Mess Grade III | - | - | - | - | - | 6 | 6 | 6 |
| Kitchen Hands | - | - | - | - | - | 3 | 3 | 3 |
| Waiters Mess Grade III | - | - | - | - | - | 11 | 11 | 11 |
| Waiters Wine Grade II | - | - | - | - | - | 3 | 3 | 3 |
| **Warrant Officers and Sergeants Mess Staff (178)** | | | | | | | | |
| Cooks Mess Grade II | - | - | - | - | - | 4 | 4 | 4 |
| Cooks Mess Grade III | - | - | - | - | - | 8 | 8 | 8 |
| Kitchen Hands | - | - | - | - | - | 5 | 5 | 5 |
| Waiters Mess Grade III | - | - | - | - | - | 9 | 9 | 9 |
| **Transport Section** | | | | | | | | |
| Transport Sergeant | - | - | - | 1 | - | - | 1 | 1 |
| Transport Corporals | - | - | - | - | 2 | - | 2 | 2 |
| Fitter Sergeant REME | - | - | - | 1 | - | - | 1 | 1 |
| Fitters REME | - | - | - | - | - | 2 | 2 | 2 |
| Drivers IC | - | - | - | - | - | 49 | 49 | 49 |
| Total Camp and Transport Section | 3 | 1 | 1 | 13 | 6 | 232 | 253 | 256 |
| Total Army Personnel War Office | 85 | 5 | 22 | 151 | 6 | 232 | 416 | 501 |

(ii) Transport

| | | |
|---|---|---|
| Bicycles | .. .. | 6 |
| Motor Cycles | .. .. | 6 |
| Cars 6 seaters 4 x 2 | .. .. | 2 |
| Cars light 4 x 2 | .. .. | 4 |
| Cars 4 x 4 Heavy Utility | .. .. | 18 |
| Trucks 15 cwt Water (220 gals) | .. | 2 |
| Trucks 15 cwt 4 x 4 GS | .. .. | 6 |
| Lorries 3 ton | .. .. | 7 |
| Trailer Firepump | .. .. | 1 |
| Total vehicles (excluding Bicycles, Trailer and Motor Cycles) | | 39 |

(iii) Table of Weapons and Ammunition (h)

| Weapons | | Ammunition (Rounds) | | | |
|---|---|---|---|---|---|
| Detail | Number | On man or with weapons | Reserve Scale | Reserve Amount | Total |
| Pistols | 90 | 12 | 6 | 540 | 1620 |
| Carbines Machine | 86 | 64 | 64 | 5504 | 11008 |
| Rifles | 325 | 30 | 20 | 6500 | 16250 |

NOTES

(a) Includes two Stenographers.
(b) Includes one Stenographer.
(c) Includes one draughtsman Topographer.
(d) Will be implemented only in time of war.
(e) Appointments within office of CRE as follows:-

| | |
|---|---|
| Sub-divisional Officer FOS | 1 |
| Sub-divisional Officer BOR | 1 |
| Clerks BMES Upper Division @ | 7 |
| Draughtsman Upper Division | 1 |
| Clerks BMES Lower Division @ | 17 |
| Draughtsman Lower Division | 3 |
| Superintendent E and M | 1 |
| Total | 31 |

@ includes Barrack Service increment of 3 UDCs and 6 LDCs.

(f) Not to be implemented until further orders.
(g) The existing establishment is being kept on pending a review of the position.
(h) Personnel are armed as follows:-

| | |
|---|---|
| Pistols | .. Officers and WOs I |
| Carbines Machine | .. WOs II, Regimental Police and Drivers IC |
| Rifles | .. Remaining combatant personnel |

GENERAL NOTES

1. Of rank and file under Camp and Transport Section
Three may be Corporals;
Six may be Lance Corporals.

2. Clerks


| BACC | BACC (Non-British Wing) | BTF/BMP | Civilian Clerks |
|---|---|---|---|
| WO I | UDC | Branch Clerks | Class I |
| WO II | LDC | UDC | Class II |
| Sgts | | LDC | Class III |

## EQUIVALENT APPOINTMENTS

| Appointment shown on WE | Alternative grades who would be held against appointment |
|---|---|
| WO I | Branch Clerks and Senior UD Clerks BFF/EMP, or locally employed Class I, or Senior UDC (Non-British Wing). |
| WO II | UDC(BACC), UDC(BFF/EMP). |
| Sgts | UDC(BACC), LDC(BFF/EMP), locally employed Class II & III. |

Senior UDCs BFF/EMP and UDCs of BACC(Non-British Wing) appointed against WO I vacancies will receive special Branch Clerks pay prescribed in para 2 of AI(B) 61/39.

FMA.22/G



# တပ်မတော်(ရေ)
# စတင် ဖွဲ့စည်းမိန့်

THE BURMA GAZETTE DECEMBER 27, 1947.
DEFENCE DEPARTMENT
ARMY BRANCH
Rangoon, the 16th December 1947

**No.424 - In exercise of the powers conferred on him the Governor authorises the raising in Burma of the following Naval Force with effect from, the 24th December 1947: -**

**The Burma Navy.**

By order,

BA TINT,
Secretary to the Govt. of Burma,
Defence Department

REGISTERED No. R.—30.

# The Burma Gazette

No. 51 · RANGOON, SATURDAY, DECEMBER 20, 1947

## DEFENCE DEPARTMENT

### ARMY BRANCH

### Rangoon, the 15th December 1947

No. **409.** -- In exercise of the powers conferred by subsection (2) of section (1) of the Burma Air force (Discipline) Act, 1947 (Burma Act No. XLV of 1947), the Governor appoints the **15th day of December 1947** as the date on which the said Act shall come into force in the whole of British Burma

By order,

**BA TINT,**
Secretary to the Govt. of Burma,
Defence Department.

**Agreement between the Government of the Union of Burma and the Government of the People's Republic of China on the question of the boundary between the two countries.**

The Government of the Union of Burma and the Government of the People's Republic of China.

With a view to promoting an overall settlement of the Burmese-Chinese boundary question and to consolidating and further developing friendly relations between Burma and China.

Have agreed to conclude the present Agreement under the guidance of the Five Principles of Peaceful Co-existence and have agreed as follows:

**Article I**

The Contracting Parties agree to set up immediately a joint committee composed of an equal number of delegates from each side and charge it, in accordance with the provisions of the present Agreement, to discuss and work out solutions on to the concrete question regarding the Burmese-Chinese boundary enumerated. In Article II of the present Agreement, conduct surveys of the boundary and set up boundary markers, and draft a Burmese-Chinese boundary treaty. The joint committee shall hold regular meetings in the capitals of the two countries or at any other places in the two countries.

**Article II**

The Contracting Parties agree that the existing issues concerning the Burmese-Chinese boundary shall be settled in accordance with the following provisions:

(1) With the exception of the area of Hpimaw, Gawlum and Kangfang, the entire undelimited boundary from the High Conical Peak to the western extremity of the Burmese-Chinese boundary shall be delimited along the traditional customary line, that is to say, from the High Conical Peak northward along the watershed between the Taiping, the Shweli, the Nu (Salween) and the Tulung (Taron) Rivers on the one hand and the Nmai Hka River on the other, up to the place where it crosses the Tulung (Taron) River between Chingdam and Nhkunkang, and then along the watershed between the Tulung ( Taron and the Tsayul (Zayul)Rivers on the one

hand and all the upper tributaries of the Irrawaddy River, except for the Tulung( Taron)River,on the other, up to the western extremity of the Burmese-Chinese boundary. The joint committee shall send out joint survey teams composed of an equal number of persons from each side to conduct surveys along the above-mentioned watersheds so as to determine the specific alignment of this section of the boundary line and to set up boundary markers.

(2) The Burmese Government has agree to return to China the area of Hpimaw, Gawlum and Kangfang which belongs to China. As to the extent of this area to be returned to China, it is to be discussed and determined by the joint committee in accordance with the proposals put forward and marked on maps by the Governments of Burma and China on 4 February 1957 and 26 July 1957 respectively. After determining the extent of this area to be returned to China, the joint committee shall send out joint survey teams composed of an equal number of persons from each side to conduct on-the-spot survey of the specific alignment of this section of the boundary line and to set up boundary markers.

(3) In order to abrogate the 'perpetual Iease' by Burma of the Meng-Mao triangular area(Namwan Assigned Tract)at the junction to the Namwan and the Shweli Rivers, which belongs to China, the Chinese Government has agreed to turn over this area to Burma to become part of the territory of the Union of Burma.In exchange, The Burmese Government has agreed to turn over to China to become part of Chinese territory the areas under the jurisdiction of the Panhung and Panlao Tribes, which are west of the boundary line from the junction of the Nam Ting and the Nampa Rivers to the No.I marker on the Southern delimited section of the boundary as defined in the note exchanged between the Chinese and the British Governments on 18 June 1941. As to the extent of these areas to be turned over to China, the Chinese and the Burmese Governments put forward proposals marked on maps on 26 July 1957 and 4 June 1959 respectively. The area where the proposals of the two Governments coincide will definitely be turned over to China. Where the proposals of the two Governments differ as to the area under the jurisdiction of the Panhung tribe, the joint committee

will send out a team composed of an equal number of persons from each side to ascertain on the spot as to whether it is under the jurisdiction of the Panhung tribe, so as to determine whether it is to be turned over to China. After the extent of the areas under the jurisdiction to the Panhung and Panlao tribes to be turned over to China has been thus determined, the joint committee will send out joint survey teams composed of an equal number of persons from each side to conduct on-the-spot survey of the specific alignment of this section of the boundary line and to set up boundary markers.

(4)Except for the adjustment provided for in paragraph(3)of this article, the section of the boundary from the junction of the Nam Ting and the Nampa Rivers to the No.1 marker on the Southern delimited section of the boundary shall be delimited as defined in the notes exchanged between the Chinese and the British Government on 18 June 1941. The joint committee shall send out joint survey teams composed of an equal number of persons from each side to carry out delimitation and demarcation along this section of the boundary line and set up boundary marker.

**Article III**

The Contracting Parties agree that the joint committee, after working out solutions for the existing issues concerning the Burmese-Chinese boundary as enumerated in Article II of the present agreement, shall be responsible for drafting a Burmese-Chinese Boundary Treaty, which shall cover not only all the section of the boundary as mentioned in Article II of the present Agreement, but also the section of the boundary which were already delimited in the past and need no adjustment. After being signed by the Government of the two countries and coming into effect,the new boundary treaty shall replace all old treaties and notes exchanged concerning the boundary between the two countries. The Chinese Government, in line with its policy of being consistently opposed to foreign prerogatives and respecting the sovereignty of other countries, renounces China's right of participation in mining enterprises at Lufang of Burma as provided in the notes exchanged between the Chinese and the British Governments on 18 June 1941.

**Article IV**

(1) The Present Agreement is subject to ratification and the instruments of ratification will be exchanged in Rangoon as soon as possible.

(2) The present Agreement will come into force immediately on the exchange of the instruments of ratification and shall automatically cease to be in force when the Burmese Chinese Boundary Treaty to be signed by the two Governments comes into force.

Done in duplicate in Peking on the twenty-eighth day of January 1960, in the Chinese and English languages, both texts being equally authentic.

For the Government of the Union of Burma:

(Signed) Ne Win.

For the Government of the People's Republic of China:

(Signed) Chou En-Lai.

နိုင်ငံတော်တော်လှန်ရေးကောင်စီ
ကြေညာချက်အမှတ် – ၁။
( ၂-၃-၆၂ )

ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်
တော်လှန်ရေးကောင်စီဖွဲ့စည်းခြင်း။

၁၉၆၂ – ခု မတ်လ ၂– ရက်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ကြောင်းကြေညာအပ်ပါသည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်း။

အဖွဲ့ဝင်များ

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးချုပ် | အောင်ကြီး |
| (၂) | ။ | သန်းဖေ |
| (၃) | ။ | တီကလစ် |
| (၄) | ။ | တင်ဖေ |
| (၅) | ။ | စန်းယု |
| (၆) | ။ | စိန်ဝင်း |
| (၇) | ဗိုလ်မှူးကြီး | သောင်းကြည် |
| (၈) | ။ | ကြည်မောင် |
| (၉) | ။ | မောင်ရွှေ |
| (၁၀) | ။ | သန်းစိန် |
| (၁၁) | ။ | ကျော်စိုး |
| (၁၂) | ။ | စောမြင့် |
| (၁၃) | ။ | ချစ်မြိုင် |
| (၁၄) | ။ | ခင်ညို |
| (၁၅) | ။ | လှဟန် |
| (၁၆) | ။ | တန်ယုဆိုင် |

## ကိုးကားသောစာအုပ်စာတမ်းများ


၁။ ချစ်မောင်၊ **သခင်**(ဝိဇ္ဇာ-) – **လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်**။ ရန်ကုန်၊ ပုဂံစာအုပ်တိုက် ၊ ၁၉၆၉ ။

၂။ စောမြသိန်း – **ကရင်ပြည်နယ်ပြဿနာ**။ ရန်ကုန်၊ ဗမာ့ရောင်ခြည်ပုံနှိပ်တိုက်၊ ၁၉၄၈ ။

၃။ စည်သူအောင်နှင့်မောင်မှတ် – **ရှေ့ပြည်တော်မှျော်မဝေးပြီမို့** ။ ရန်ကုန် ၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ၁၉၉၃။

၄။ စိန်တင်(တက္ကသိုလ်–) – **ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို** ။ ရန်ကုန်၊ ညောင်ရမ်းစာအုပ်တိုက်၊ ၁၉၈၀ ။

၅။ စိန်တင်(တက္ကသိုလ်–) – **ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း** ၊ ပဌမအကြိမ်။ ရန်ကုန်၊ တောက်တောက်ဝင်းပုံနှိပ်တိုက်၊ ၁၉၉၀။

၆။ စိန်ဝင်း၊**ဦး**(ဂါးဒီးယန်း–) – **အကွဲအပြဲစာတတ်လမ်း** ။ ရန်ကုန်၊ အောင်စစ်သည်စာပေ၊ ၁၉၈၉။

၇။ တို့ဗမာအစည်းအရုံးသမိုင်း ပြုစုရေးအဖွဲ့ – **တို့ဗမာအစည်းအရုံးသမိုင်း** ၊ ဒုတိယတွဲ ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆ ။

၈။ တင်မောင်၊ **ဗိုလ်မှူးကြီး**(ဟောင်း–)– **တိုင်းပြည်ကနေ့ မှန်တိုင်းကထန်ထန်** ။ ရန်ကုန်၊ စာပေမွန်စာအုပ်တိုက်၊ ၁၉၇၃ ။

၉။ ပုကလေး၊ **ဦး** – **သခင်နုအရေးတော်ပုံ** ။

၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံတော် **အစိုးရပြန်ကြားရေးဌာန** – **ကေအင်ဒီအိုပုန်ကန်သောင်းကျန်းမှု** ။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၄၉ ။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် **အစိုးရပြန်ကြားရေးဌာန** – **ဒါလားပြည်သူ့လွတ်မြောက်ရေး** ။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၁ ။

၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် **အစိုးရပြန်ကြားရေးဌာန** – **ဆယ်မိုးပြီး ၉ လခရီး** ။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၁ ။

၁၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော် **အစိုးရပြန်ကြားရေးဌာန** – **ပြည်ရေးရွာမှု**။ ရန်ကုန်၊ **စာပေဗိမာန်**၊ ၁၉၆၀ ။

၁၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ပြန်ကြားရေးဌာန – **မြန်မာနိုင်ငံနှင့်ရှေ့ပွဲသောင်းကျန်းမှုများ**။ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၄၉ ။

၁၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ပြန်ကြားရေးဌာန – **ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချုပ်ပွဲ**။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၉ ။

၁၆။ မိုးမိုးတာရောစန် – **မှန်တိုင်းကိုမမှုအန်တုလေသော်**။ ရန်ကုန်၊ မြဝတီပုံနှိပ်တိုက်၊ ၁၉၉၄။

၁၇။ မောင်ထူး၊**တပ်ကြပ်** – **အောင်ဆန်းသူရိယလှသောင်း** ။ ရန်ကုန် ၊ မြတ်နိုးသူစာပေ ၊ ၁၉၇၇ ။

၁၈။မောင်မောင်၊ **ဒေါက်တာ** – **မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း**။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉ ။

၁၉။မောင်မောင်၊ **ဒေါက်တာ** – **သားမောင်စစ်သည်သို့** ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၃ ။

၂၀။ မြဝင်း – **တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း (၁၉၄၁ခုနှစ်မှ၁၉၉၀ပြည့်နှစ်အထိ)** ။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀ ။

၂၁။ မြသွေး၊ **ဗိုလ်** – **ဗမာ့ရန်သူတရုတ်ဖြူ** ။ ရန်ကုန် ၊ အောင်မျိုးစာပုံနှိပ်တိုက် ၊ ၁၉၆၁ ။

၂၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ် – **တော်လှန်ရေးကောင်စီ၏လုပ်ဆောင်ချက်သမိုင်း အကျဉ်းချုပ်**။ ရန်ကုန် ၊ ပါတီဌာနချုပ်၊ ၁၉၇၀ ။

၂၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ် – **မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)** ။ ရန်ကုန်၊ ပါတီဌာနချုပ်၊ ၁၉၇၀ ။

၂၄။မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ် – **မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၂)** ။ ရန်ကုန်၊ ပါတီဌာနချုပ်၊ ၁၉၇၂ ။

၂၅။မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့ – **၁၉၅၈–၁၉၆၂မြန်မာ့နိုင်ငံရေး၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ** ။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၉၁ ။

၂၆။ လွင်၊ **သခင်** – **မြန်မာနိုင်ငံအလုပ်သမားလှုပ်ရှားမှုသမိုင်း** ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၀ ။

၂၇။ သစ်မောင်၊ ရဲဘော် - ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း - ၂ ။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀ ။

၂၈။ သိန်းဖေမြင့် - ကျော်ငြိမ်း ။ ရန်ကုန်၊ ရွှေပြည်တန်စာပုံနှိပ်တိုက်၊ ၁၉၆၁။

၂၉။ သိန်းဖေမြင့် - ကော်လုန်ရေးကာလနိုင်ငံရေးခတွေ့အကြုံများ။ ရန်ကုန်၊ ၁၉၆၇၊ ယမုံနာစာပေ။

BOOKS

1. Butwell, Richard - **U Nu of Burma.** Stanford, Stanford University Press, 1963.

2. Cady, John F. - **A History of Modern Burma.** New York, Cornell University Press, 1958.

3. Cady, John F. - **The United States and Burma.** Cambridge, Harvard University Press, 1976.

4. Johnstone, William C. - **Burma's Foreign Policy.** Cambridge, Harvard University Press, 1963.

5. Maung Maung. - **Burma and General Ne Win.** Bombay, Asia Publishing House, 1969.

6. Ministry of Information - **Kuomintang Aggression Against Burma.** Rangoon, Ministry of Information, 1955.

7. Morrison, Ian - **Grandfather Longlegs.** London, Faber & Faber Ltd, 1946.

8. Nu, U - **U Nu, Saturday's Son.** Translated by U Law Yone, Bombay Bharatiya Vidya Bhavan, 1976.

9. Smeaton, Donald Mackenzie - **The Loyal Karens of Burma.** London, Kegan Paul, trench & Co., 1887.

10. Tinker, Hugh - **Burma: The Struggle for Independence, 1944-1948. VolI.** London, Her Majesty's Stationary Office, 1984.

11. Tinker, Hugh - **The Union of Burma: A Study of the First Years of Indepedence.** London, Oxford University Press, 1957.

12. Trager, F.N. - **Burma From Kingdom to Republic.** New York, Frederick A. Praeger, 1966.

13. Woodman, Dorothy - **The Making of Burma.** London. Cresset Press, 1962.

## စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ စစ်မော်ကွန်းဌာနမှစာအုပ်များ (လက်နှိပ်စက်မှု)၊ဂျာနယ်များ၊ စာစောင်များ၊ သတင်းစာများနှင့်စာရွက်စာတမ်းများ

### စာအုပ်များ(လက်နှိပ်စက်မှု)

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံးများနှင့် တပ်ရင်း/တပ်ဖွဲ့များသမိုင်းစာမူများ။

၂။ တပ်မတော်(ရေ)သမိုင်း။

၃။ တပ်မတော်(လေ)သမိုင်း။

၄။ An Adiministrative History of the Armed Forces in Burma, Vol II.

### သတင်းစာများ

၁။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် သတင်းစာများ။

### ဂျာနယ်နှင့် မဂ္ဂဇင်းများ

၁။ ဂျာနယ်ကျော်၊ (၃၁-၇-၁၉၄၈)

၂။ မြဝတီ၊ ၁၉၅၃ခုနှစ်( နိုဝင်ဘာလ )

၃။ မြဝတီ၊ ၁၉၅၃ခုနှစ်( အောက်တိုဘာလ )

၄။ ရှုမဝ၊ ၁၉၅၂ ခုနှစ် ( ဇန်နဝါရီလ )

၅။ (၄၈)နှစ်မြောက်တပ်မတော်(လေ)နှစ်လည်မဂ္ဂဇင်း၊ အမှတ်-၃

**DOCUMENTS**

၁။ CD.11,31,48,99,105,167,169,171,173,184,202,206,341,349, 350,351,617,876, DR.768 (၁၉၅၀ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျင်းပပြုလုပ် ခဲ့သည့် တပ်မှူး ညီလာခံမှတ်တမ်းများ)။

၂။ CD.641,643,644,645,646,648,659,1095,DR.2182 (ဘာဘစစ်ဆင်ရေး ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ )။

၃။ CD.1493 ဘန်ကောက်ဆွေးနွေးပွဲအစီရင်ခံစာ ။

၄။ DR.267 ကေအင်ဒီအိုလက်ရောက် ဗိုလ်မှူးရဲမြင့်၏မှတ်တမ်း။

၅။ DR.303 ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ဗမာ့ခေတ်သတင်းစာအုပ်တွဲ။

၆။ DR.859 ၁၉၅၆ ခုနှစ် ၊ ဇွန်လအတွင်းမေမြို့ ဗိုလ်သင်တန်းခန်းမ၌ ဗိုလ်မှူးချုပ်ကျော်ဇော ၏ ဗမာပြည်ဆူပူသောင်းကျန်းမှုသမိုင်းဟောပြောချက်။

၇။ DR.957 တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အထွေထွေစစ်ရေးသုံးသပ်ချက် ။

၈။ DR.971 ကြို့ကုန်းစစ်မျက်နှာရှိဗိုလ်မှူးကြီးကျော်ဇောကဝန်ကြီးချုပ်သခင်နု၏ ညွှန်ကြားချက်အရ အကြောင်းပြန်ကြားစာ။

၉။ DR.973 အစ္စရေးပြည်သွားစစ်မစ်ရှင်အဖွဲ့အစီရင်ခံစာ။

၁၀။ DR.1793 သောင်းကျန်းမှုစုံစမ်းရေးကောင်မရှင်၏အစီရင်ခံစာ။

၁၁။ DR.1909 ပြည်ထောင်စုနှင့် The Nation သတင်းစာဖြတ်ပိုင်းများ ။

၁၂။ တိုင်းပြုပြည်ပြုလွှတ်တော်စတုတ္ထ၊ ဆဋ္ဌမ နှင့် ဒသမ ညီလာခံမှတ်တမ်းများ ။

၁၃။ DR.279 People's Age စာစောင် ။

၁၄။ စစ်ရုံး – ကာကွယ်ရေးဌာနကောင်စီ နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာများ၊ အစည်းအဝေးမှတ်တမ်းများ၊ ညွှန်ကြားချက်များ။

၁၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက် မြန်မာစစ်ဖက်ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့၏မှတ်တမ်း။

၁၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပစ္စည်းအဝယ်တော်အဖွဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့ဝင်များ၏အစီ ရင်ခံစာ၊ အနောက်နိုင်ငံသွားစစ်မစ်ရှင်အဖွဲ့အစီရင်ခံစာ(၁၉၅၂ခုနှစ်)။

၁၇။ ဥရောပသွားစစ်မစ်ရှင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဇောထံ စစ်ဦးစီးချုပ်မှ (၃-၇-၅၂)နေ့စွဲဖြင့် ပေးစာ ။


**တွေ့ဆုံမေးမြန်းချက်မှတ်တမ်း**

၁။ ဗိုလ်မှူးချုပ်မောင်မောင်(အငြိမ်းစား)အားတပ်မတော်သမိုင်းနှင့်ပတ်သက်၍တွေ့ဆုံမေးမြန်းချက်မှတ်တမ်း။

၂။ ဗိုလ်မှူးကြီးချစ်မြိုင်(အငြိမ်းစား)အားတပ်မတော်သမိုင်းနှင့်ပတ်သက်၍တွေ့ဆုံမေးမြန်းချက်မှတ်တမ်း။

# ၁၉၄၈–၁၉၆၂ ခုနှစ် အတွင်း

# တပ်မတော်သမိုင်းဝင် ဓာတ်ပုံမှတ်တမ်းများ



**Burma Army Staff College Course No.(1)(1948)**

ဗမာ့တပ်မတော်၊ စစ်ဦးစီးတက္ကသိုလ်သင်တန်းအပတ်စဉ်(၁)၊ (၁၉၄၈)



အင်းစိန်တိုက်ပွဲတွင် ဗမာ့တပ်မတော်မှ တိုက်ပွဲဝင်နေစဉ် (၁၉၄၉)




အင်းစိန်တိုက်ပွဲတွင် စော်ဘွားကြီးကုန်းဘက် ရှေ့တန်းတစ်နေရာကို တွေ့ရစဉ်(၁၉၄၉)




အင်းစိန်တိုက်ပွဲတွင် ဦးစက္ကိန်ကျောင်းမှ ဖိုးကုန်းဘက်သို့ ပစ်ခတ်တိုက်ခိုက်နေစဉ် (၁၉၄၉)



အင်းစိန်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည့် စတူးဝပ်တင့်ကား(၁၉၄၉)



ပြည်တွင်းဆူပူသောင်းကျန်းမှုကာလတွင်ပေါင်းတည်မြို့နှင့်
နတ္တလင်းမြို့ အကြားရှိ ဘိုးသာအောင်ကုန်းတံတားကို
သောင်းကျန်းသူများကချိုးဖျက် ထားစဉ် (၁၉၄၉)



သထုံတိုက်ပွဲ (၁၉၄၉)



သထုံတိုက်ပွဲ (၁၉၄၉)




ပြည်တွင်းဆူပူသောင်းကျန်းမှုကာလတွင်ဖေယျဝတီမြို့ကို တပ်မတော်
မှ တိုက်ခိုက်သိမ်းပိုက်စဉ်(၁၉၅၁)



ဗမာ့တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော
စစ်မစ်ရှင်အဖွဲ့ အမေရိကန်နိုင်ငံသို့ လေ့လာရေးရောက်ရှိစဉ်



လစ်ဘရေတာစစ်ဆင်ရေးတွင် "မ" သုံးလုံး နယ်မြေသို့ ချီတက်ရန်
လက်နက်ကြီးများကို သယ်ယူနေစဉ် (၃၀–၁၀–၅၁မှ ၁၂–၁–၅၂)



လစ်ဘရေတာစစ်ဆင်ရေးတွင်ကွန်မြူနစ်များထံမှသိမ်းဆည်းရမိသည့်
သံချပ်ကာကား (၃၀–၁၀–၅၁မှ၁၂–၁–၅၂)



ရန်ရှင်းစစ်ဆင်ရေးတွင် အလံဖြူကြွန်မြူနစ်ပါတီဌာနချုပ်ကို တိုက်ခိုက်
ရန် အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ ရဲဘော်များချီတက်စဉ်
(၁၉၅၂ ခုနှစ်၊ မေလ)



နဂါးနိုင်စစ်ဆင်ရေး (၁၉၅၃)



ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)




ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)




ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း စိတ်ဓာတ်ရေးရာသင်တန်း
အမှတ်စဉ် (၁) တွင် မိန့်ခွန်းပြောကြားနေစဉ်




နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဦးဆောင်သင်တန်းတွင်
တပ်မတော်အရာရှိကြီးများအား တွေ့ရစဉ်



၁၉၅၇ခုနှစ်တွင် ရတနာပုံရေတပ်စခန်း၌ ကျင်းပပြုလုပ်သည့်
တပ်မှူးညီလာခံ



မင်းရန်အောင်စစ်ဆင်ရေး (၁–၅–၅၇မှ၃၁–၅–၅၈)




ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့်
အိမ်စောင့်အစိုးရအဖွဲ့ဝင်များ (၂၉–၁၀–၅၈)




ဘာဘာစစ်ဆင်ရေး၊ တောင်ပိုင်းနယ်မြေဌာနချုပ် တွင် ပါဝင်ခဲ့သူများ




ကူမင်တန်တရုတ်ဖြူကျူးကျော်သူများကို တပ်မတော်မှ ချေမှုန်း
တိုက်ခိုက်နေစဉ်



မဲခေါင်စစ်ဆင်ရေးတွင် တရုတ်ဖြူတပ်များထံမှ သိမ်းဆည်းရမိသည့်
လက်နက်ခဲယမ်းပစ္စည်း များ (၁၉၆၁)




တပင်ရှေ့ထိုးစစ်ဆင်ရေး (၁၉၆၂)



တပ်မတော်(ရေ)တွင် အသုံးပြုခဲ့သည့် စစ်ရေယာဉ် "မေယု"




ရခိုင်စစ်မျက်နှာတွင် သောင်းကျန်းသူများအား စစ်ရေယာဉ် "မေယု"မှ
အမြောက်ဖြင့် ပစ်ခတ် တိုက်ခိုက်နေစဉ်



တပ်မတော်(လေ)တွင်အမောင်းသင်လေယာဉ်များဖြင့် လေ့ကျင့်ပျံသန်း
နေစဉ်



တိုက်ဂါးမောက်သ်(**Tiger Moth**)လေယာဉ်နှင့်လေသူရဲများ



တပ်မတော်(လေ)မှ ဆီးဖါးယား (**Sea Fire**) တိုက်လေယာဉ်များ



ကြည်း/၅၁၈၀ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
အမှတ်(၂၁)ပြည်ထောင်စုစစ်ရဲတပ်ရင်း

## ကြည်း/၅၁၈၀ ဗိုလ်မှူး အောင်ဆန်းသူရိယ အေးချို

## ပြည်ထောင်စုစစ်ရဲတပ်ရင်း(၂၁)

၁၉၄၈ခုနှစ် ဩဂုတ်လအတွင်း၌ သောင်းကျန်းသူကွန်မြူနစ်တပ်များသည် အင်အားအလုံးအရင်းဖြင့် ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ပြည်–ရန်ကုန်ကားလမ်းအတိုင်း **ချီတက်လာသည်။ ၁၉–၈–၄၈ရက်နေ့၊ ည ၇နာရီခန့်တွင် နတ္တလင်းမြို့အနီးရှိ ဖိုးသာအောင်ကုန်းတံတားတစ်ဘက်သို့ ရောက်ရှိရာ နတ္တလင်း၌ တပ်စွဲထားသော ပြည်ထောင်စုစစ်ရဲတပ်ရင်း(၂၁)၏ တပ်ရင်းမှူး ဗိုလ်မှူးအေးချိုသည် အင်အားအဆမတန်များပြားသော ရန်သူတို့အား မိမိအသက်ကို** ပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်နိုင်ခဲ့သဖြင့် သောင်းကျန်းသူကွန်မြူနစ်တပ်များ ဆက်လက်မချီတက်နိုင်တော့ဘဲ ပြန်လည်ဆုတ်ခွါသွားခဲ့ရသည်။

ဗိုလ်မှူးအေးချိုသည် ယင်းသို့ ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ကြံ့ခိုင်သော စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ရာတွင် ပြင်းထန်စွာဒဏ်ရာရရှိကာ ၁၉၄၈ခုနှစ်၊ **ဩဂုတ်လ ၂၁ရက်နေ့၌** နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ အသက်ပေးလှူသွားသူ ဖြစ်သည့် **အလျောက်** နိုင်ငံတော်၏ရဲစွမ်းသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော "**အောင်ဆန်း သူရိယဘွဲ့**" ကို ပထမဆုံး ချီးမြှင့်ခြင်း ခံရသူဖြစ်သည်။



ကြည်း/၇၂၈၈ ဗိုလ်အောင်ဆန်းသူရိယတိုက်ချုန်း (ခေါ် )တိုင်ကောင်း
အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်း

## ကြည်း/၇၂၈၈ ဗိုလ် အောင်ဆန်းသူရိယ တိုက်ချွန်း (ခေါ်) တိုင်ကောင်း

## အမှတ် (၄) ဗမာ့သေနတ်ကိုင်တပ်ရင်း

၁၉၄၉ခုနှစ်၊ ဧပြီလအတွင်း အင်းစိန်မြို့ကို အခိုင်အမာ စိုးမိုးထားသည့် ကရင်သောင်းကျန်းသူများအား ဗမာ့တပ်မတော်က တိုက်ထုတ်ချေမှုန်းရာတွင် ၁၆–၄–၄၉ရက်နေ့ နံနက်ပိုင်း၌ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း စစ်မျက်နှာရှိ တပ်ခွဲတစ်ခွဲသည် ရန်သူတို့၏ ဝိုင်းဝန်းပစ်ခတ်ခြင်း ခံနေရသည်။ ထိုစဉ် ဗိုလ်တိုက်ချွန်းသည် ရန်သူများအတွင်း ဝင်ရောက်ကာ ရန်သူအများအပြားကျဆုံးအောင် သူရသတ္တိပြောင်မြောက်စွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။

ဗိုလ်တိုက်ချွန်းသည် ယင်းသို့စံတင်လောက်သည့် ရဲစွမ်းသတ္တိ၊ ဂုဏ်ယူလောက်သည့် စွန့်စားခြင်းတို့ဖြင့် ၁၀–၄–၄၉ရက်နေ့တွင် ဇော်ဘွားကြီးကုန်းတိုက်ပွဲ၊ ၁၆–၄–၄၉ရက်နေ့တွင် ဦးစက္ကိန်ကျောင်းတိုက်ပွဲ၊ ၁၈–၄–၄၉ရက်နေ့တွင် ရန်သူ့ခံကတုတ်ကို တိုက်ခိုက်ချေမှုန်းသည့် တိုက်ပွဲများ၌ အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းရွက်ခဲ့သည့်အတွက် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်သတ္တိဘွဲ့ဖြစ်သော **"အောင်ဆန်းသူရိယဘွဲ့"** ကို ချီးမြှင့်ခြင်းခံရသည်။

ဗိုလ်တိုက်ချွန်းသည် ယခင်တိုက်ပွဲများတွင်လည်း ရဲစွမ်းသတ္တိ ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်က **"သူရဘွဲ့"** ချီးမြှင့်ခြင်းခံရသူ ဖြစ်သည်။



ကိုယ်ပိုင်အမှတ် ၈၈၈၆၅ တပ်သားအောင်ဆန်းသူရိယလှသောင်း
အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း

## ကိုယ်ပိုင်အမှတ်၊ ၈၈၈၆၅ တပ်သား အောင်ဆန်း သူရိယ လှသောင်း

## အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း

၁၉၄၉ခုနှစ် ဧပြီလ ၂၈ ရက်နေ့၊ ၀၃၀၀နာရီတွင် ဒိုက်ဦးစစ်မျက်နှာ၌ အင်အားအဆမတန်များပြားသော ကရင်သောင်းကျန်းသူများက အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း၏ နောက်တန်းကွပ်ကဲမှုဌာနချုပ်ကို ဝိုင်းရံတိုက်ခိုက်သည်။ တပ်သားလှသောင်းသည် အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ ရန်သူအများအပြားကျဆုံးအောင် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ခြင်းဖြင့် ရန်သူ၏ထိုးစစ်ကို ဟန့်တားနိုင်ခဲ့သည်။ ထို့ပြင် မိမိဘက်မှ တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိ ဆုတ်ခွါပေးနိုင်အောင် နောက်ချန်၍ ဘရင်းသေနတ်ဖြင့် ကာပစ် ပစ်ပေးနေစဉ် ရန်သူ့လက်ချက်ဖြင့် နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သူဖြစ်သည့်အလျောက် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်သတ္တိဘွဲ့ဖြစ်သော **"အောင်ဆန်းသူရိယဘွဲ့."** ကို ချီးမြှင့်ခြင်းခံရသည်။

တပ်သားလှသောင်းသည် ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ ဇီးကုန်း၊ ဝက်ကော်နှင့် အင်းစိန်တိုက်ပွဲတို့တွင်လည်း အသက်ကို ပဓာနမထားဘဲ ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ကြံ့ခိုင်ထက်မြက်သော စိတ်ဓာတ်တို့ဖြင့် ထူးချွန်စွာတာဝန်ထမ်းရွက်ခဲ့သူဖြစ်သည်။



ကိုယ်ပိုင်အမှတ် ၀၁၉၁၄ တပ်သားအောင်ဆန်းသူရိယ
စွတ်(က်)ဗဟာဒူးရိုင်း၊ အမှတ်(၄)ခြေလျင်တပ်ရင်း

## ကိုယ်ပိုင်အမှတ် ၀၁၉၁၄ တပ်သား အောင်ဆန်းသူရိယ စွတ်(က်)ဗဟာဒူးရိုင်း အမှတ်(၄)ခြေလျင်တပ်ရင်း

၁၉၅၀ပြည့်နှစ်၊ ဇွန်လ ၁၇–၁၈ ရက်နေ့များတွင် အမှတ်(၄)ခြေလျင်တပ်ရင်း၏ (ဃ)တပ်ခွဲသည် ရှမ်းပြည်တောင်ပိုင်း တာလေမှ ပန်ခိဟက်သို့ ချီတက်ရာ မိမိထက်အင်အား အဆမတန်များပြားသော ရန်သူတရုတ်ဖြူသောင်းကျန်းသူများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ တပ်သားစွတ်(က်)ဗဟာဒူးရိုင်းသည် မိမိတပ်ခွဲ၏ ရိက္ခာတင် ထရပ်ကား ၇ စီးကိုရန်သူ၏ ဝိုင်းဝန်းပစ်ခတ်မှုမှ ရှပ်ရှပ်ချွံချွံခုခံကာကွယ်နိုင်ခဲ့သည့်အပြင် မိမိတပ်ခွဲအား ရန်သူအင်အားကြီးမားစွာ ဝိုင်းဝန်းပစ်ခတ်နေသည့်ကြားမှ ဘရင်းသေနတ်ဖြင့် ရန်သူအများအပြားကျဆုံးအောင် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့သည်။ ဤသို့စွတ်(က်)ဗဟာဒူးရိုင်းသည် မိမိအသက်ကို ပဓာနမထားဘဲ ရန်သူများအတွင်းသို့ ရဲဝံ့စွန့်စားစွာ ဝင်ရောက်ပစ်ခတ်ရင်း ရန်သူ၏လက်ပစ်ဗုံးထိမှန်ကာ နိုင်ငံတော် အတွက် အသက်ပေးလှူခဲ့သူ ဖြစ်သည့်အလျောက် နိုင်ငံတော်၏ အမြင့်ဆုံး စွမ်းရည်သတ္တိဘွဲ့ ဖြစ်သော **"အောင်ဆန်းသူရိယဘွဲ့ "** ကို ချီးမြှင့်ခြင်းခံရသည်။

စွတ်(က်)ဗဟာဒူးရိုင်းသည်ယခင်ကလည်းရဲစွမ်းသတ္တိအတွက်စစ်သေနာပတိချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခဲ့သည်။




ကိုယ်ပိုင်အမှတ် ၀၀၆၀၃ တပ်သားအောင်ဆန်းသူရိယ စောမြင့်
အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း

## ကိုယ်ပိုင်အမှတ် ၀၀၆၀၃ တပ်သား အောင်ဆန်းသူရိယစောမြင့်
## အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း

တပ်သားစောမြင့်သည် သံတောင်မြို့နယ် ရေသိုးကြီးရွာ၌ ကေအင်ဒီအိုများ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရသော ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား ကယ်တင်ရန် အရပ်သား စောဘရီနှင့်အတူ ၈-၆-၅၁ ရက်နေ့တွင် သွားရောက်ပြီး ဗိုလ်မှူးကြီးမောင်မောင် နှင့်အဆက်အသွယ် ရယူနိုင်ခဲ့သည်။ နောက်တစ်ကြိမ် စောဘရီနှင့်အတူ အရပ်သား(၄)ဦး ပါဝင်သည့်အဖွဲ့ငယ်ကို ဦးဆောင်လျက် ၂၄-၆-၅၁ နေ့အရုဏ်တက်အချိန်တွင် ရန်သူနယ်မြေ အတွင်းသို့ ထိုးဖောက်ဝင်ရောက် နိုင်ခဲ့သည်။

တပ်သားစောမြင့်နှင့်အဖွဲ့သည် ၂၈-၆-၅၁ ရက်နေ့ ညနေတွင် အခက်အခဲ အမျိုးမျိုးတို့ကို ဖြတ်ကျော်ကာ ဗိုလ်မှူးကြီးမောင်မောင်တို့အား ချုပ်နှောင်ထားရာ အခန်းအနီးသို့ ရောက်ရှိခဲ့ပြီးနောက် သန်းကောင်ကျော်အချိန်တွင် အချုပ်ခန်းအတွင်းသို့ ရဲဝံ့စွန့်စားစွာ ဝင်ရောက် စီးနင်း တိုက်ခိုက်ပြီး ဗိုလ်မှူးကြီး မောင်မောင်နှင့် အဖွဲ့အား အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။ ယင်းသို့ကယ်ထုတ်စဉ် ရန်သူတို့က ပြင်းထန်စွာဝိုင်းဝန်း ပစ်ခတ်သောကြောင့် ခြေထောက်၌ ဒဏ်ရာရရှိခဲ့သော်လည်း မိမိဒဏ်ရာကို ဂရုမထားဘဲ ဗိုလ်မှူးကြီး မောင်မောင် နှင့်အဖွဲ့ ဘေးကင်းရာသို့ ရောက်ရှိသည့်တိုင် ရန်သူများကို ခုခံတိုက်ခိုက်ပြီး မိမိအတွက် ဝန်မလေး စေလိုသဖြင့် ကျန်ရှိသည့် လက်ပစ်ဗုံးဖြင့် မိမိအသက်ကို စတေးကာ နိုင်ငံတော်အတွက် အသက်ပေး လှူခဲ့သည်။

တပ်သားစောမြင့်၏ ယင်းသို့ မိမိရဲဘော်များအတွက် ကိုယ်ကျိုးမဖက်အသက်စွန့် ဆောင်ရွက်ချက်သည် အလွန်မြင့်မြတ်ဂုဏ်ယူဖွယ်ရာ ဖြစ်သည့်အလျောက် **နိုင်ငံတော်၏** ရဲစွမ်း သတ္တိဆိုင်ရာအမြင့်ဆုံးဘွဲ့ဖြစ်သော **“ အောင်ဆန်းသူရိယဘွဲ့ ”** ကို ချီးမြှင့်ခြင်းခံရသည်။



အရပ်သားအောင်ဆန်းသူရိယစောဘရီ

## အရပ်သား အောင်ဆန်းသူရိယစောဘရီ

စောဘရီသည် သံတောင်မြို့နယ် ရေသိုးကြီးရွာ၌ ကေအင်ဒီအိုများ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေရသော ဗိုလ်မှူးကြီးမောင်မောင်နှင့် အဖွဲ့ကို ကယ်ထုတ်ရန် တပ်သားစောမြင့်နှင့်အတူ ၈–၆–၅၁ ရက်နေ့တွင် သွားရောက်ခဲ့ပြီး ဗိုလ်မှူးကြီးမောင်မောင်နှင့် အဆက်အသွယ်ရယူနိုင်ခဲ့သည်။ ထို့ပြင် ၂၄–၆–၅၁ ရက်နေ့တွင် ရန်သူ့နယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

စောဘရီဦးဆောင်သော အဖွဲ့ငယ်သည် ၂၈–၆–၅၁ ရက်နေ့ညနေတွင် ဗိုလ်မှူးကြီးမောင်မောင်တို့အား ချုပ်နှောင်ထားသည့် အချုပ်ခန်းအနီးသို့ အခက်အခဲအမျိုးမျိုးတို့ကို ဖြတ်ကျော်ကာ ရောက်ရှိခဲ့သည်။ သန်းကောင်ကျော်အချိန်တွင် အချုပ်ခန်းသို့ ရဲဝံ့စွန့်စားစွာဝင်ရောက်စီးနင်းတိုက်ခိုက်ပြီးနောက်ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အားအောင်မြင်စွာ **ကယ်ထုတ်နေစဉ်** ရန်သူများ၏ပြင်းထန်စွာ ဝိုင်းဝန်းပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိကာ **နိုင်ငံတော်အတွက်** အသက်ပေးလှူခဲ့သည်။

စောဘရီသည် မိမိအားပေးအပ်သည့်တာဝန်ကို ပြီးမြောက်အောင်မြင်သည်အထိ ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိ၊ ဇွဲစိတ်ဓါတ်တို့ဖြင့် ရှပ်ရှပ်ချွံချွံတိုက်ခိုက်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သူဖြစ်သည့်အလျောက် နိုင်ငံတော်၏ ရဲစွမ်းသတ္တိဆိုင်ရာအမြင့်ဆုံးဘွဲ့ဖြစ်သော **"အောင်ဆန်းသူရိယဘွဲ့ "** ကို ချီးမြှင့်ခြင်းခံရသည်။

ပထမအကြိမ်
၁၉၉၆ ခု – မတ်လ၊ အုပ်ရေ – ၁၅၀၀၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ဦးလှကြင်၊ ပုံနှိပ်ကင်းလွတ်ခွင့် အမှတ်–၄၁၉ နှင့်
ထုတ်ဝေခွင့် အမှတ်–၂၈၆ အရ ပုံနှိပ်ထုတ်ဝေသည်။